မနောဓာတု စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည်လည်းကောင်း။ပ။ (အထက်အတိုင်း ဆိုလေ)

## ကာယဝိညာဏဓာတ်နှင့် မနောဓာတ်

ကာယဝိညာဏဓာတု စ၊ ထိသိစိတ် 'ကာယဝိညာဏဓာတ်' သည်လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထို ကာယဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက်တရား ခုနစ်ပါး

တို့သည်လည်းကောင်း။ မနောဓာတုယာ စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား ဆယ်ပါးတို့အားလည်းကောင်း။ အနန္တရပစ္စယေန၊ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မနောဓာတု စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည်လည်းကောင်း။ပ။ (အသက်အတိုင်း ဆိုပါလေ။)

ကုသိုလ်ပိုင်း

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### အကုသိုလ်ပိုင်း

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ် တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### အဗျာကတပိုင်း

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ ကုသိုလ် အကုသိုလ်ဟု မဆိုအပ်ကုန်သော ဝိပါက်ကြိယာ တည်းဟူသော အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊

နောက်နောက်၌ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ယေသံ ယေသံ၊ အကြင်အကြင် ရှေးရှေး၌ဖြစ်ကုန်သော။ ဓမ္မာနံ၊ စိတ် စေတသိက်တရားတို့၏။ အနန္တရာ၊ အခြားမဲ့၌ ဖြစ်ကုန်သော။ ယေ ယေ ဓမ္မာ၊ အကြင်အကြင် နောက်နောက်၌ ဖြစ်ကုန်သော။ စိတ္တစေတသိကာ ဓမ္မာ၊ စိတ်, စေတသိက်

တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထို ရှေးရှေး၌ဖြစ်ကုန်သော တရားတို့သည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုနောက်နောက်၌ ဖြစ်ကုန်သော စိတ်,စေတသိက်တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၅-သမနန္တရပစ္စည်း

### စက္ခုဝိညာဏဓာတ်နှင့် မနောဓာတ်

သမနန္တရပစ္စယောတိ၊ သမနန္တရပစ္စည်းဟူသည်ကား—

စက္ခုဝိညာဏဓာတု၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' သည်လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက်တရား ခုနစ်ပါးတို့သည်လည်းကောင်း။ မနောဓာတုယာ စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား ဆယ်ပါးတို့အားလည်းကောင်း။ သမနန္တရပစ္စယေန၊ ကောင်းစွာအခြားမဲ့ သမနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

တနည်း။ ။သမနန္တရပစ္စယေန၊ စကြဝတေးမင်း၏ အရည်ဝါသီ တောထွက်တော်မူ၍ ရဟန်းပြုခြင်းသည် သားကြီး ရတနာအား မင်းအဖြစ်ကို ရစေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ကောင်းစွာအခြားမဲ့ အခြားမရှိ သမနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရတော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မနောဓာတု စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည်လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုမနောဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက်တရားတို့သည်လည်းကောင်း။ မနောဝိညာဏဓာတုယာ စ၊ သန္တီရဏဟု ဆိုအပ်

သော မနောဝိညာဏဓာတ်အား လည်းကောင်း။ တံသမ္ပ-ယုတ္တကာနံ၊ ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ-နဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ သမနန္တရပစ္စ-ယေန၊ ကောင်းစွာအခြားမဲ့ သမနန္တရပစ္စယသတ္တိဖြင့်။ ' ပစ္စ-ယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၆-သဟဇာတပစ္စည်း

သဟဇာတပစ္စယောတိ၊ သဟဇာတပစ္စည်း ဟူသည် ကား—

စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်တရား ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါ-ရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတပစ္စယေန၊ အတူတကွ ဖြစ်ဖော်ဖြစ်ဖက် အထောက် အပံ့အားဖြင့် ကျေးဇူးပြုတတ်သော သဟဇာတပစ္စယသတ္တိ ဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာ ဘုတ်ရုပ် လေးပါးတို့သည်။ အညမညံ၊ အချင်းချင်း။ သဟ-ဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပ-ကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်။ အညမညံ၊

အချင်းချင်း။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စိတ္တစေတသိကာ၊ စိတ် စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရား လေးပါးတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနံ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မဟာဘူတာ၊ မဟာဘုတ်ရုပ်တို့သည်။ ဥပါဒါရူပါနံ၊ ဥပါဒါရုပ်တို့အား။ သဟဇာတပစ္စယေန၊ သဟ ဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဟဒယဝတ္ထုရုပ်တို့သည်။ အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့အား။ ကိဉ္စိ ကာလေ၊ ပဋိသန္ဓေကာလ၌။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ကိဉ္စိ ကာလေ၊ ပဝတ္တိကာလ၌။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ န ဟောတိ၊ မဖြစ်။

## ၇-အညမညပစ္စည်း

အညမညပစ္စယောတိ၊ အညမညပစ္စည်းဟူသည်ကား—

စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညပစ္စယေန၊ အချင်းချင်း အသောက်အပံ့ဖြစ်သည့် အညမညပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာဘုတ်ရုပ် လေးပါးတို့သည်။ အညမညပစ္စယေန၊ အချင်းချင်း အညမညပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေစိတ်ဖြစ်သော နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်။ အညမညပစ္စယေန၊ အချင်းချင်း အညမညပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၈-နိဿယပစ္စည်း

### (က) သဟဇာတနိဿယ

နိဿယပစ္စယောတိ၊ နိဿယပစ္စည်းဟူသည်ကား—

စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ နိဿယ ပစ္စယေန၊ မှီရာ တည်ရာ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယေ

ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာဘုတ်ရုပ် လေးပါးတို့သည်။ အညမညံ၊ အချင်းချင်း။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေနေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေစိတ် နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်။ အညမညံ၊ အချင်းချင်း။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စိတ္တစေတသိကာ၊ စိတ် စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရား လေးပါးတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့် ဖြစ်ကုန်သော။ ရူပါနံ၊ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မဟာဘူတာ၊ မဟာဘုတ်ရုပ် လေးပါးတို့သည်။ ဥပါဒါရူပါနံ၊ ဥပါဒါ ရုပ်တို့အား။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ခ) ပုရေဇာတနိဿယ

စက္ခာယတနံ၊ စက္ခုပသာဒရုပ် မျက်စိအကြည်သည်။ စက္ခု-ဝိညာဏဓာတုယာ စ၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို စက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

သောတာယတနံ၊ သောတပသာဒရုပ် နားအကြည်သည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိစိတ် 'သောတ-ဝိညာဏဓာတ်'အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို သောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတ-သိက် တရားတို့အားလည်းကောင်း။ နိဿယပစ္စယေန၊ မှီရာ တည်ရာ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဃာနာယတနံ၊ ဃာနပသာဒရုပ် နှာခေါင်း အကြည်သည်။ ဃာနဝိညာဏဓာတုယာ စ၊ နံသိစိတ် 'ဃာနဝိညာဏဓာတ်'အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဃာန-ဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဇိဝှါယတနံ၊ ဇိဝှါပသာဒရုပ် လျှာအကြည်သည်။ ဇိဝှါ-ဝိညာဏဓာတုယာ စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်း ကောင်း။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ကာယာယတနံ၊ ကာယပသာဒရုပ် ကိုယ်အကြည်သည်။ ကာယဝိညာဏဓာတုယာ စ၊ ထိသိစိတ် 'ကာယဝိညာဏ ဓာတ်'အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကာယ ဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား တို့အားလည်းကောင်း။ နိဿယပစ္စယေန၊ မှီရာ တည်ရာ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ယံ ရူပံ၊ အကြင် ဟဒယဝတ္ထုရုပ်ကို။ နိဿာယ၊ အမှီ ပြု၍။ မနောဓာတု စ၊ အာရုံကို သိရုံမျှ ဝိုးဝါးဝါး သိတတ် သောစိတ်'မနောဓာတ်'သည်လည်းကောင်း။ မနောဝိညာဏ-ဓာတု စ၊ အာရုံကို အထူး သိတတ်သော ကြံသိစိတ် 'မနော-ဝိညာဏဓာတ်'သည်လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံ ရူပံ၊ ထိုရုပ်သည်။ မနောဓာတုယာ စ၊ မနောဓာတ်အား လည်းကောင်း။ မနောဝိညာဏဓာတုယာ စ၊ မနောဝိညာဏ-ဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနော-ဓာတ် မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ နိဿယပစ္စယေန၊

မှီရာတည်ရာ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၉-ဥပနိဿယပစ္စည်း

### ကုသိုလ်ပိုင်း

ဥပနိဿယပစ္စယောတိ၊ ဥပနိဿယပစ္စည်းဟူသည်ကား –

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာတည်ရာ အထောက်အပံ့ ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ ကေသဉ္စိ၊ အချို့။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာတည်ရာ အထောက်အပံ့ အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာတည်ရာ

အထောက် အပံ့ အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ **ဖြစ်၏**။

## အကုသိုလ်ပိုင်း

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ **အကုသလာ** ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ **နောက်** နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ **အကုသိုလ်** **တရားတို့အား**။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ **တည်ရာ** အထောက် အပံ့ အကြောင်း ဥပနိဿယပစ္စယ **သတ္တိ**ဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက် နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရား တို့အား။ ကေသဉ္စိ၊ အချို့။ ဥပနိဿယပစ္စယေန၊ အားကြီး သော မှီရာတည်ရာ အထောက်အပံ့ အကြောင်း ဥပနိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ် သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက် နောက်၌ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ တည်ရာ အထောက်အပံ့ အကြောင်း ဥပနိဿယပစ္စယသတ္တိ

ဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### အဗျာကတတိုင်း

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာတည်ရာ အထောက်အပံ့ အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာတည်ရာ အထောက်အပံ့ အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာတည်ရာ အထောက်အပံ့ အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဥတုဘောဇနမ္ပိ၊ ဥတုနှင့်ဘောဇဉ်သည်လည်း။ ဥပနိဿယ-ပစ္စယေန၊ အားကြီးသော မှီရာတည်ရာ အထောက်အပံ့ အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရ-ကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုဂ္ဂလောပိ၊ ပုဂ္ဂိုလ်သည်လည်း။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာတည်ရာ အထောက်အပံ့ အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

သေနာသနမ္ပိ၊ အိမ် ကျောင်း အိပ်ရာ နေရာသည်လည်း။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ တည်ရာ အထောက် အပံ့ အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပ-ကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### ၁၀-ပုရေဇာတပစ္စည်း

စက္ခာယတန (စက္ခုဝတ္ထု၊ စက္ခုပသာဒ)

ပုရေဇာတပစ္စယောတိ၊ ပုရေဇာတပစ္စည်း မည်သည် ကား—

စက္ခာယတနံ၊ စက္ခုပသာဒ ဝတ္ထုရုပ် မျက်စိ အကြည် သည်။ စက္ခုဝိညာဏဓာတုယာ စ၊ မြင်သိစိတ် 'စက္ခုဝိညာဏ-ဓာတ်'အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခု-ဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား တို့အားလည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေ့ဖြစ်နှင့် သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဂန္ဓာယတန (ဂန္ဓာရုံ)

ဂန္ဓာယတနံ၊ အနံ့'ဂန္ဓာရုံ'ရုပ်သည်။ ဃာနဝိညာဏ-ဓာတုယာ စ၊ နံ့သိစိတ် 'ဃာနဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ရသာယတန (ရသာရုံ)

ရသာယတနံ၊ အရသာ'ရသာရုံ'ရုပ်သည်။ ဇိဝှါဝိညာဏ-ဓာတုယာ စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်'အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဖောဋ္ဌဗ္ဗာယတန(ဖောဋ္ဌဗ္ဗာရုံ)

ဖောဋ္ဌဗ္ဗာယတနံ၊ တွေ့ထိမှု ‘ဖောဋ္ဌဗ္ဗာရုံ’ ရုပ်သည်။ ကာယဝိညာဏဓာတုယာ စ၊ထိသိစိတ် ‘ကာယဝိညာဏဓာတ်’ အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ကာယဝိညာဏ ဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့ အားလည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ပဉ္စာရုံနှင့်မနောဓာတ်

ရူပါယတနံ၊ အဆင်း‘ရူပါရုံ’သည်လည်းကောင်း။ သဒ္ဒါယတနံ၊ အသံ‘သဒ္ဒါရုံ’သည်လည်းကောင်း။ ဂန္ဓာယတနံ၊ အနံ့‘ဂန္ဓာရုံ’သည် လည်းကောင်း။ ရသာယတနံ၊ အရသာ ‘ရသာရုံ’သည် လည်းကောင်း။ ဖောဋ္ဌဗ္ဗာယတနံ၊ အတွေ့ ‘ဖောဋ္ဌဗ္ဗာရုံ’သည်လည်းကောင်း။ မနောဓာတုယာ စ၊ မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို မနောဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**ဟဒယဝတ္ထုရုပ်နှင့် မနောဓာတ်, မနောဝိညာဏဓာတ်**

ယံ ရူပံ၊ အကြင်ဟဒယဝတ္ထုရုပ်ကို။ နိဿာယ၊ အမှီပြု၍။ မနောဓာတု စ၊ မနောဓာတ်သည်လည်းကောင်း။ မနော-ဝိညာဏဓာတု စ၊ မနောဝိညာဏဓာတ်သည်လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံ ရူပံ၊ ထိုဟဒယဝတ္ထုရုပ်သည်။ မနော-ဓာတုယာ စ၊ မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တ-ကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**အချို့**

မနောဝိညာဏဓာတုယာ စ၊ မနောဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို မနောဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ကိဉ္စိ ကာလေ၊ အချို့သော ကာလဟု ဆိုအပ်သော ပဝတ္တိကာလ၌။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ကိဉ္စိ ကာလေ၊ အချို့သော ကာလဟု ဆိုအပ်သော ပဋိသန္ဓေကာလ၌။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ န ဟောတိ၊ မဖြစ်။

## ၁၁ – ပစ္ဆာဇာတပစ္စည်း

ပစ္ဆာဇာတပစ္စယောတိ၊ ပစ္ဆာဇာတ ပစ္စည်းဟူသည်ကား—

ပစ္ဆာဇာတာ၊ နောက်နောက်၌ ဖြစ်ကုန်သော။ စိတ္တ-စေတသိကာ ဓမ္မာ၊ စိတ် စေတသိက်တရားတို့သည်။ ပုရေ-ဇာတဿ၊ ရှေးရှေး၌ဖြစ်သော။ ဣမဿ ကာယဿ၊ ဤကေဝ ဒိဋ္ဌ တိင စတုဇကာယအား။ ပစ္ဆာဇာတပစ္စယေန၊ နောက်မှဖြစ်၍ ကျေးဇူးပြုသည့် ပစ္ဆာဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၁၂-အာသေဝနပစ္စည်း

အာသေဝနပစ္စယောတိ၊ အာသေဝနပစ္စည်း ဟူသည်ကား—

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ အာသေဝနပစ္စယေန၊ အဖန်တလဲလဲ ထုံအပ်ဖြစ်အပ်သည့် အာသေဝနပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ အာသေဝနပစ္စယေန၊ အဖန်တလဲလဲ ထုံအပ်

သော အာသေဝနပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကြိယာဗျာကတာ ဓမ္မာ၊ ကြိယာအဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကြိယာဗျာကတာနံ၊ ကြိယာအဗျာကတဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့အား။ အာသေဝနပစ္စယေန၊ အဖန်တလဲလဲ ထုံအပ်သော အာသေဝနပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၁၃-ကမ္မပစ္စည်း

ကမ္မပစ္စယောတိ၊ ကမ္မပစ္စည်းဟူသည်ကား —

ကုသလာကုသလံ၊ ကုသိုလ် အကုသိုလ် ဖြစ်သော။ ကမ္မံ၊ နာနာက္ခဏိက စေတနာကံသည်။ ဝိပါကာနံ၊ အကျိုးဝိပါက် ဖြစ်ကုန်သော။ ခန္ဓာနဉ္စ၊ နာမက္ခန္ဓာတို့အားလည်းကောင်း။ ကဋတ္တာရူပါနဉ္စ၊ ကမ္မဇ ရုပ်တို့အားလည်းကောင်း။ ကမ္မပစ္စယေန၊ မျိုးစေ့သဘာဝ ကမ္မပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏။

စေတနာ၊ စိတ်တခုယုဟ် ကိုးဆယ်၌ရှိသော စေတနာ တခုယုတ် ကိုးဆယ်သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်ဘက်ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ် စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထို စေတနာကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ ကမ္မ-

ပစ္စယေန၊ မျိုးစေ့သဘာဝ ကမ္မပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၁၄-ဝိပါကပစ္စည်း

ဝိပါကပစ္စယောတိ၊ ဝိပါကပစ္စည်းဟူသည်ကား----

ဝိပါကာ၊ အကျိုး ဝိပါက် ဖြစ် ကုန် သော။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ပဝတ္တိပဋိသန္ဓေနှစ်ခွခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ ဝိပါက-ပစ္စယေန၊ အကျိုးဝိပါက ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာ-ရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၁၅-အာဟာရပစ္စည်း

### ရုပ်အာဟာရ

အာဟာရပစ္စယောတိ၊ အာဟာရပစ္စည်းဟူသည်ကား—

ကဗဠီကာရော၊ အလုပ်အလွေးကို ပြုတတ်သကဲ့သို့သော။ အာဟာရော၊ အာဟာရသည်။ ဣမဿ၊ ဤသို့သဘော ရှိသော။ ကာယဿ၊ ရုပ် ရူပကာယအား။ အာဟာရပစ္စ-ယေန၊ ထောက်ပံ့ ခိုင်ခံ့စေခြင်း အာဟာရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### နာမ်အာဟာရ

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ အာဟာရာ၊ ဖဿ, စေတနာ, ဝိညာဏ်တည်းဟူသော နာမ်အာဟာရသုံးပါးတို့ သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်ဘက်ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊

ဝိတ် စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုနာမ်အာဟာရသုံးပါးတို့ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း။ အာဟာရပစ္စယေန၊ ထောက်ပံ့ခြင်း အာဟာရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၁၆-ဣန္ဒြိယပစ္စည်း

### စက္ခုန္ဒြေ (စက္ခုပသာဒ)

ဣန္ဒြိယပစ္စယောတိ၊ ဣန္ဒြိယပစ္စည်းဟူသည်ကား—

စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေပသာဒရုပ် မျက်စိအကြည်သည်။ စက္ခုဝိညာဏဓာတုယာ စ၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရသော ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### သောတိန္ဒြေ (သောတပသာဒ)

သောတိန္ဒြိယံ၊ သောတိန္ဒြေပသာဒရုပ် နားအကြည်သည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိစိတ် 'သောတဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရ

သည်၏အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဃာနိန္ဒြေ (ဃာနပသာဒ)

ဃာနိန္ဒြိယံ၊ ဃာနိန္ဒြေပသာဒရုပ် နှာခေါင်းအကြည်သည်။ ဃာနဝိညာဏဓာတုယာ စ၊ နံသိစိတ် 'ဃာနဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရသည်၏အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဇိဝှိန္ဒြေ (ဇိဝှါပသာဒ)

ဇိဝှိန္ဒြိယံ၊ ဇိဝှိန္ဒြေပသာဒရုပ် လျှာအကြည်သည်။ ဇိဝှါဝိညာဏဓာတုယာ စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဇိဝှါဝိညာဏဓာတ်နှင့်ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရသည်၏အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### ကာယိန္ဒြေ (ကာယပသာဒ)

ကာယိန္ဒြိယံ၊ ကာယိန္ဒြေပသာဒရုပ် ကိုယ်အကြည်သည်။ ကာယဝိညာဏဓာတုယာ စ၊ ထိသိစိတ်'ကာယဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ကာယဝိညာဏဓာတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရသည်၏ အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### ရုပ်ဇီဝိတိန္ဒြေ (ဇီဝိတရုပ်)

ရူပဇီဝိတိန္ဒြိယံ၊ ရုပ်ဇီဝိတိန္ဒြေသည်။ ကဋတ္တာရူပါနံ၊ ကမ္မဇရုပ်တို့အား။ ဣန္ဒြိယပစ္စယေန၊ အစိုးရသည်၏အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### နာမ်ဣန္ဒြေ ၈-ပါး

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဣန္ဒြိယာ၊ နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ-ဟုဆိုအပ်သော ဣန္ဒြေတို့သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဣန္ဒြေတို့ကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ ဣန္ဒြိယ-ပစ္စယေန၊ အစိုးရသည်၏အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စ-ယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၁၇-ဈာနပစ္စည်း

ဈာနပစ္စယောတိ၊ ဈာနပစ္စည်းဟူသည်ကား-—

ဈာနင်္ဂါနိ၊ ဒွေပဉ္စဝိညာဏ်တဆယ်ကြဉ်သော စိတ်တခုယုတ် ရှစ်ဆယ်တို့၌ရှိသော ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ-တည်းဟူသော ဈာန်အင်္ဂါငါးပါးတို့သည်။ ဈာနသမ္ပယုတ္တကာနံ၊ ဈာန်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဈာန်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ ဈာနပစ္စယေန၊ ကပ်၍ရှုတတ်သော ဈာနပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၁၈-မဂ္ဂပစ္စည်း

မဂ္ဂပစ္စယောတိ၊ မဂ္ဂပစ္စည်းဟူသည်ကား—

မဂ္ဂင်္ဂါနိ၊ သဟိတ်စိတ်၌ရှိသော ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, မိစ္ဆာဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရားကိုးပါးတို့သည်။ မဂ္ဂသမ္ပယုတ္တကာနံ၊ မဂ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုမဂ္ဂင်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ မဂ္ဂပစ္စယေန၊ ဘဝတခုမှ ဘဝတခုသို့ ဆောင်ပို့ ထွက်မြောက်ကြောင်း မဂ္ဂပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၁၉-သမ္ပယုတ္တပစ္စည်း

သမ္ပယုတ္တပစ္စယောတိ၊ သမ္ပယုတ္တပစ္စည်းဟူသည်ကား—

စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ သမ္ပယုတ္တပစ္စယေန၊ ယှဉ်ခြင်း သမ္ပယုတ္တပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၂၀-ဝိပ္ပယုတ္တပစ္စည်း

ဝိပ္ပယုတ္တပစ္စယောတိ၊ ဝိပ္ပယုတ္တပစ္စည်းဟူသည်ကား—

ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဝတ္ထုရုပ်ခြောက်ပါးတို့သည်။ အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ နောက်နောက်၌ဖြစ်သော အရူပဝိပါက် ၄-ခုကြဉ်သော စိတ် ၈၅-ပါး, ပဋ္ဌိသန္ဓေ နာမက္ခန္ဓာတို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ မယှဉ်ခြင်း ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာ၊ အတူတကွဖြစ်သော ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ, ပဋ္ဌိသန္ဓေ၌ ဖြစ်ခိုက် အရူပဝိပါက်စိတ် ၄-ခုကြဉ်သော ပဉ္စဝေါကာရဘုံ၌ရှိသော နောက်နောက်၌ဖြစ်သည့် စိတ် ၈၅-ပါး နာမက္ခန္ဓာတို့သည်။ ရူပီနံ၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တကွဖြစ်ကြသည့် စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်, ရှေးစိတ္တက္ခဏတချက်နှင့်အတူ ဥပါဒ်ပြိုင်သော ကာယ, ဥတုဇကာယ, တိဇကာယ, စတု-ဇကာယတို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ မယှဉ်ခြင်း ဝိပ္ပယုတ္တ-

ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၂၁-အတ္ထိပစ္စည်း

အတ္ထိပစ္စယောတိ၊ အတ္ထိပစ္စည်းဟူသည်ကား—

စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာဘုတ်ရုပ်လေးပါးတို့သည်။ အညမညံ၊ အချင်းချင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်။ အညမညံ၊ အချင်းချင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စိတ္တစေတသိကာ၊ စိတ်, စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရား လေးပါးတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနံ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်

တို့အား။ အတ္ထိပစ္စယေန၊ ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မဟာဘူတာ၊ ပထဝီ့တေဇော့အာပေါ့ဝါယောဟုဆိုအပ်သော မဟာဘုတ်ရုပ်တို့သည်။ ဥပါဒါရူပါနံ၊ ဥပါဒါရုပ်တို့အား။ အတ္ထိပစ္စယေန၊ ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### စက္ခာယတန (စက္ခုပသာဒ)

စက္ခာယတနံ၊ စက္ခုပသာဒရုပ် မျက်စိအကြည်သည်။ စက္ခုဝိညာဏဓာတုယာ စ၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသော အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### သောတာယတန (သောတပသာဒ)

သောတာယတနံ၊ သောတပသာဒရုပ် နားအကြည်သည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိစိတ် 'သောတဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်

ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဃာနာယတန (ဃာနပသာဒ)

ဃာနာယတနံ၊ ဃာနပသာဒရုပ် နှာခေါင်းအကြည်သည်။ ဃာနဝိညာဏဓာတုယာ စ၊ နှာသိစိတ် 'ဃာနဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဇိဝှါယတန (ဇိဝှါပသာဒ)

ဇိဝှါယတနံ၊ ဇိဝှါပသာဒရုပ် လျှာအကြည်သည်။ ဇိဝှါ-ဝိညာဏဓာတုယာ စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်'အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ကာယာယတန (ကာယပသာဒ)

ကာယာယတနံ၊ ကာယပသာဒရုပ် ကိုယ်အကြည်သည်။ ကာယဝိညာဏဓာတုယာ စ၊ ထိသိစိတ် 'ကာယဝိညာဏဓာတ်'

အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ကာယဝိညာဏ ဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိခြင်း အတ္ထိပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ရူပါယတန (ရူပါရုံ)

ရူပါယတနံ၊ ရူပါရုံ အဆင်းရုပ်ဓာတ်သည်။ စက္ခုဝိညာဏ-ဓာတုယာ စ၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို စက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## သဒ္ဒါယတန (သဒ္ဒါရုံ)

သဒ္ဒါယတနံ၊ သဒ္ဒါရုံ အသံရုပ်ဓာတ်သည်။ သောတ-ဝိညာဏဓာတုယာ စ၊ ကြားသိစိတ် 'သောတဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို သောတဝိညာ-ဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့ အားလည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြု တတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဂန္ဓာယတန (ဂန္ဓာရုံ)

ဂန္ဓာယတနံ၊ ဂန္ဓာရုံ အနံ့ ရုပ်ဓာတ်သည်။ ဃာနဝိညာဏ-ဓာတုယာ စ၊ နံသိစိတ် 'ဃာနဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ရသာယတန (ရသာရုံ)

ရသာယတနံ၊ ရသာရုံ အရသာ ရုပ်ဓာတ်သည်။ ဇိဝှါ-ဝိညာဏဓာတုယာ စ၊ လျှက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဖောဋ္ဌဗ္ဗာယတန (ဖောဋ္ဌဗ္ဗာရုံ)

ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့ ရုပ်ဓာတ်သည်။ ကာယဝိညာဏဓာတုယာ စ၊ ထိသိစိတ် 'ကာယဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပဥ္စာရုံ

ရူပါယတနံ၊ အဆင်း 'ရူပါရုံ'သည်လည်းကောင်း။ သဒ္ဒါ-ယတနံ၊ အသံ 'သဒ္ဒါရုံ'သည်လည်းကောင်း။ ဂန္ဓာယတနံ၊ အနံ့ 'ဂန္ဓာရုံ'သည်လည်းကောင်း။ ရသာယတနံ၊ အရသာ 'ရသာရုံ' သည်လည်းကောင်း။ ဖောဋ္ဌဗ္ဗာယတနံ၊ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' သည်လည်းကောင်း။ မနောဓာတုယာ စ၊ မနောဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို မနောဓာတ်နှင့်ယှဉ် ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသည်၏အဖြစ်အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ယံ ရူပံ၊ အကြင်ဟဒယဝတ္ထုရုပ်ကို။ နိဿာယ၊ အမှီပြု၍။ မနောဓာတု စ၊ မနောဓာတ်သည်လည်းကောင်း။ မနော-ဝိညာဏဓာတု စ၊ မနောဝိညာဏဓာတ်သည်လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံ ရူပံ၊ ထိုဟဒယဝတ္ထုရုပ်သည်။ မနော-ဓာတုယာ စ၊ မနောဓာတ်အားလည်းကောင်း။ မနောဝိညာ-ဏဓာတုယာ စ၊ မနောဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ် မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်း ကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိ ဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၂၂-နတ္ထိပစ္စည်း

နတ္ထိပစ္စယောတိ၊ နတ္ထိပစ္စည်းဟူသည်ကား—

သမနန္တရနိရုဒ္ဓါ၊ မိမိအခြားမဲ့၌ ကောင်းစွာ ချုပ်ကုန်ပြီးသော။ စိတ္တစေတသိကာ၊ စိတ် စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ ရဟန္တာတို့၏ စုတိကြဉ်သော နာမက္ခန္ဓာ တရားတို့သည်။ ပစ္စုပ္ပန္နာနံ၊ နောက်ဆက်တဖန် ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နာမက္ခန္ဓာတို့အား။ နတ္ထိပစ္စယေန၊ မရှိသော နတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၂၃-ဝိဂတပစ္စည်း

ဝိဂတပစ္စယောတိ၊ ဝိဂတပစ္စည်းဟူသည်ကား—

သမနန္တရဝိဂတာ၊ မိမိအခြားမဲ့၌ ကောင်းစွာ ကင်းကုန်ပြီးသော။ စိတ္တစေတသိကာ၊ စိတ် စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ ရဟန္တာတို့၏ စုတိကြဉ်သော နာမက္ခန္ဓာတရားတို့သည်။ ပစ္စုပ္ပန္နာနံ၊ နောက်ဆက်တဖန် ဖြစ်ကုန်သော။ စိတ္တစေတသိကာနံ၊ စိတ် စေတသိက် ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ ဖြစ်သော နာမက္ခန္ဓာတို့အား။ ဝိဂတပစ္စယေန၊ ကင်းချုပ်သည်၏အဖြစ် ဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ၂၄-အဝိဂတပစ္စည်း

အဝိဂတပစ္စယောတိ၊ အဝိဂတပစ္စည်းဟူသည်ကား—

စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်တရား

ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါ-ရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် ထင်ရှားရှိနေခြင်း အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာဘုတ်ရုပ်တို့သည်။ အညမညံ၊ အချင်းချင်း။ အဝိဂတပစ္စယေန၊ မကင်းသောအဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပ-ကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်။ အညမညံ၊ အချင်းချင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စိတ္တစေတသိကာ၊ စိတ် စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရားလေးပါးတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနံ၊ စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အား။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတ-ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စက္ခာယတန(စက္ခုပသာဒ)

စက္ခာယတနံ၊ စက္ခုပသာဒရုပ် မျက်စိအကြည်သည်။ စက္ခုဝိညာဏဓာတုယာ စ၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'

အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏ ဓာတ်နှင့် ယှဉ်ကုန်သော။ ခန္ဓာနဉ္စ၊ စေတသိက်တရားတို့ အားလည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## သောတာယတန (သောတပသာဒ)

သောတာယတနံ၊ သောတပသာဒရုပ် နားအကြည်သည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိစိတ် 'သောတဝိညာဏ ဓာတ်'အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုသောတ- ဝိညာဏဓာတ် နှင့်ယှဉ်ကုန်သော။ ခန္ဓာနဉ္စ၊ စေတသိက်တရား တို့အားလည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏ အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဃာနာယတန (ဃာနပသာဒ)

ဃာနာယတနံ၊ ဃာနပသာဒရုပ် နှာခေါင်းအကြည်သည်။ ဃာနဝိညာဏဓာတုယာ စ၊ နံသိစိတ် 'ဃာနဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဃာနဝိညာဏ ဓာတ် နှင့်ယှဉ်ကုန်သော။ ခန္ဓာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### ဇိဝှါယတနံ (ဇိဝှါပသာဒ)

ဇိဝှါယတနံ၊ ဇိဝှါပသာဒရုပ် လျှာအကြည်သည်။ ဇိဝှါဝိညာဏဓာတုယာ စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### ကာယာယတနံ (ကာယပသာဒ)

ကာယာယတနံ၊ ကာယပသာဒရုပ် ကိုယ်အကြည်သည်။ ကာယဝိညာဏဓာတုယာ စ၊ ထိသိစိတ် 'ကာယဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### ရူပါယတနံ (ရူပါရုံ)

ရူပါယတနံ၊ ရူပါရုံ အဆင်းရုပ်သည်။ စက္ခုဝိညာဏဓာတုယာ စ၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတ-

ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### သဒ္ဒါယတန (သဒ္ဒါရုံ)

သဒ္ဒါယတနံ၊ သဒ္ဒါရုံ အသံရုပ်သည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိစိတ် 'သောတဝိညာဏဓာတ်'အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### ဂန္ဓာယတန (ဂန္ဓာရုံ)

ဂန္ဓာယတနံ၊ ဂန္ဓာရုံ အနံ့ရုပ်သည်။ ဃာနဝိညာဏဓာတုယာ စ၊ နံသိစိတ် 'ဃာနဝိညာဏဓာတ်'အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဃာနဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### ရသာယတန (ရသာရုံ)

ရသာယတနံ၊ ရသာရုံ အရသာရုပ်သည်။ ဇိဝှါဝိညာဏဓာတုယာ စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်'အားလည်း

ကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်း ကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတ-ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဖောဋ္ဌဗ္ဗာယတန (ဖောဋ္ဌဗ္ဗာရုံ)

ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့ရုပ်သည်။ ကာယ-ဝိညာဏဓာတုယာ စ၊ ထိုသိစိတ် 'ကာယဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကာယဝိညာဏဓာတ် နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်း ကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတ-ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ် သည်။ ဟောတိ၊ ဖြစ်၏။

ရူပါယတနံ၊ အဆင်း 'ရူပါရုံ'သည်လည်းကောင်း။ သဒ္ဒါ-ယတနံ၊ အသံ 'သဒ္ဒါရုံ'သည်လည်းကောင်း။ ဂန္ဓာယတနံ၊ အနံ့ 'ဂန္ဓာရုံ'သည်လည်းကောင်း။ ရသာယတနံ၊ အရသာ 'ရသာရုံ' သည်လည်းကောင်း။ ဖောဋ္ဌဗ္ဗာယတနံ၊ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' သည်လည်းကောင်း။ မနောဓာတုယာ စ၊ မနောဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန် သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတ ပစ္စယ-သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ယံ ရူပံ၊ အကြင် ဟဒယဝတ္ထုရုပ်ကို။ နိဿာယ၊ အမှီပြု၍။ မနောဓာတု စ၊ မနောဓာတ်သည်လည်းကောင်း။ မနောဝိညာဏဓာတု စ၊ မနောဝိညာဏ ဓာတ်သည်လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံ ရူပံ၊ ထိုဟဒယဝတ္ထုရုပ်သည်။ မနောဓာတုယာ စ၊ မနောဓာတ်အားလည်းကောင်း။ မနောဝိညာဏဓာတုယာ စ၊ မနောဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို မနောဓာတ်, မနောဝိညာဏဓာတ် နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏ အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပစ္စယနိဒ္ဒေသ ပါဠိနိဿယ ပြီး၏။

# အခန်း (၁)

# ပန့်ကိုးက်၍ အုတ်မြစ်ချခြင်း

## စိတ်၊ စေတသိက်၊ ရုပ်

ယခုတင်ပြသည့်အကြောင်းခြင်းရာတို့မှာ အချို့ပုဂ္ဂိုလ်တို့အဖို့ လိုအပ်သည် မဟုတ်သော်လည်း၊ အချို့ပုဂ္ဂိုလ်တို့ အတွက် အထောက်အပံ့ရစေရန် ရည်ရွယ်၍ တင်ပြခြင်းဖြစ်ပါသည်။

## ပညတ်နှင့် ပရမတ်

အန္ဓပုထုဇဉ်အဖြစ်မှ လွတ်ကင်း၍ ကလျာဏ ပုထုဇဉ်အစ၊ ကိလေသာစင် ရဟန္တာအရှင်မြတ်အထိ ဖြစ်ကြရလေအောင် လေ့ကျက်မှတ်သား ဆောင်ထားပွားများရမည့် တရားတို့ကား ပရမတ္ထ အားဖြင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူ၍ လေးပါးရှိသည်။

ဤပရမတ် (ပရမတ္ထ) ဟူသည်မှာ အာရုံကို သိစေခြင်း စသော မိမိ၏ပင်ကို သဘောသဘာဝ တရားဖြစ်သည်။ ဤ တရားတို့သည် ထင်ရှားရှိသည်။ တကယ်ရှိသည့် အရှိတရားဖြစ်သည်။

သို့သော် ပညတ် (ပညတ္တိ) ဟူသည်မှာကား သိစေလိုသော အရာကို သိစိမ့်သောငှာ ခေါ်ဝေါ်ထားသည်၊ သမုတ်ထားသည်ကို ဆိုလိုသည်။ သိစေလိုသော အရာကို ထုတ်ဖော်ညွှန်ပြသိစေခြင်း သဘော ဖြစ်သည်။ ယင်းပညတ်သည် တကယ်မရှိ၊ ထင်ရှားမရှိ၊ အရှိတရားမဟုတ်။

ပညတ်သည် ဝေါဟာရစကားသာ ဖြစ်သည်။
ပရမတ်သည် သဘာဝတရားသာ ဖြစ်သည်။

ပရမတ္ထတရားလေးပါး၏ အဓိပ္ပာယ်မှာ–

၁။ စိတ် (စိတ္တ) = အာရုံကိုသိသော သဘောတရား၊
၂။ စေတသိက်(စေသသိက) = စိတ်၌ယှဉ်သော သဘောတရား၊
၃။ ရုပ် (ရူပ) = အပူ အအေးစသော ဆန့်ကျင်ဘက် အကြောင်းများကြောင့် ဖောက်ပြန်သော သဘောတရား၊
၄။ နိဗ္ဗာန် (နိဗ္ဗာန) = တဏှာမှ လွတ်မြောက်၍ ဒုက္ခ ခပ်သိမ်း အေးငြိမ်းရာ ဖြစ်သော သဘောတရား ဖြစ်သည်။

## စိတ်နှင့်စေတသိက်

စိတ်သည် မိမိချည်း သန့်သန့်မဖြစ်နိုင်။ သက်ဆိုင်ရာ စေတသိက်တို့နှင့် အတူတကွ ဖြစ်ရ၏။ အနည်းဆုံး စေတသိက် ၇–ပါးနှင့် အတူတကွ ဖြစ်သည်။

စေတသိက်သည်လည်း မိမိတစ်ခုတည်း သန့်သန့် မဖြစ်နိုင်။ သက်ဆိုင်ရာ စေတသိက်တို့နှင့်လည်းကောင်း၊ စိတ်နှင့်လည်းကောင်း အတူတကွ ဖြစ်ရသည်။ ဤသည်တို့က ဇကန်မုချ ဖြစ်မြဲဓမ္မတာ ပေတည်း။

## နာမ်

ပရမတ်တရားလေးပါးတွင် ရုပ်မဟုတ်သောစိတ်၊ စေတသိက်၊ နိဗ္ဗာန်ကို နာမ်ဟုခေါ်သည်။

'ရုပ်၊ နာမ်ဓမ္မသင်္ခါရ' ဟုဆိုရာ၌ အကြောင်းအမျိုးမျိုးတို့ကြောင့် ဖြစ်ခြင်းကို သင်္ခါရဟုခေါ်သည်။

## (က) စိတ်

### စိတ်တို့ကိုအမျိုးအစားခွဲခြားပြခြင်း

စိတ်သည် အာရုံသိခြင်း သဘောအားဖြင့် တစ်မျိုးတည်းသာ ဖြစ်သော်လည်း မိမိကိုယ်မှီတွယ်၍ စေတသိက် တရားတို့က ခြယ်လှယ်သောကြောင့် စိတ်အမျိုးအစားကွဲပြားသွားသည်။ ပုထုဇဉ်၊ အရိယာ၊ လူ၊ နတ်၊ ဗြဟ္မာတို့နှင့် တိရစ္ဆာန်များပါမကျန် သက်ရှိ သတ္တဝါအားလုံးတွင် ဖြစ်နိုင်သောစိတ်တို့ကို တစ်ခုမကျန် ရေတွက်၍ တူရာတို့ကိုစုလိုက်လျှင် စိတ် ၈၉ ပါး (စိတ်တစ်ခုယုတ် ကိုးဆယ်) သာ ရနိုင်သည်။

စိတ် ၈၉-ပါးကို ဘုံအားဖြင့်ခွဲသော်-

၁။ ကာမာဝစရစိတ် (ကာမစိတ်) ၅၄ - ပါး
(ယင်းစိတ်တို့သည် ကာမဘုံတွင် အဖြစ်များသည်။)

၂။ ရူပါဝစရစိတ် (ရူပစိတ်) ၁၅ - ပါး
ယင်းစိတ်တို့သည် ရူပဘုံတွင် အဖြစ်များသည်။)

၃။ အရူပါဝစရစိတ် (အရူပစိတ်) ၁၂ - ပါး
ယင်းစိတ်တို့သည် အရူပဘုံတွင် အဖြစ်များသည်။)

၄။ လောကုတ္တရာစိတ် ၈ - ပါး
(ယင်းစိတ်တို့သည် ဘုံသုံးပါးတို့မှ လွတ်မြောက်သည်။)

လောကုတ္တရာစိတ်မဟုတ်သော စိတ်တို့ကို လောကီစိတ်ဟု ခေါ်သည်။

ကာမဘုံသည် အပါယ်လေးဘုံ၊ လူ့ဘုံနှင့် နတ်ပြည် ခြောက်ထပ် ဖြစ်သည်။ ရူပဘုံဆိုသည်မှာ ရုပ်ရှိသောဗြဟ္မာတို့ ဖြစ်သည်။ ဘုံအားဖြင့် ၁၆-ဘုံရှိသည်။ အရူပဘုံသည် ရုပ်မရှိသော ဗြဟ္မာဘုဖြစ်၍၊ ဘုံအားဖြင့် ၄-ဘုံရှိသည်။

ကာမာဝစရစိတ် (ကာမစိတ်) ၅၄-ပါးတွင်-

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂ - ပါး |
| အဟိတ်စိတ် | ၁၈ - ပါး |
| ကာမသောဘနစိတ် | ၂၄ - ပါး |

တို့ပါဝင်ပါသည်။

အကုသိုလ်စိတ်သည် အပြစ်နှင့်တကွ မကောင်းကျိုးကို ပေးတတ်သော စိတ်မျိုးဖြစ်၏။ အကုသိုလ်စိတ် ၁၂-ပါးတွင် လောဘမူစိတ် ၈၊ ဒေါသမူစိတ် ၂ နှင့် မောဟမူစိတ် ၂ တို့ ပါဝင်သည်။

အဟိတ်စိတ်သည် အကြောင်းခံ (ဟိတ်) မရှိသောစိတ်မျိုး ဖြစ်သည်။ အဟိတ်စိတ် ၁၈-ပါးတွင် -

| | |
|---|---|
| အကုသလဝိပါက်စိတ် | ၇ - ပါး |
| ကုသလဝိပါက်စိတ် | ၈ - ပါး |
| အဟိတ်ကြိယာစိတ် | ၃ - ပါး |

တို့ပါဝင်သည်။

(အကုသိုလ်၏ အကျိုးဖြစ်သောစိတ်ကို အကုသလဝိပါက်စိတ်ဟု ခေါ်သည်။ ကုသိုလ်အကျိုးဖြစ်သောစိတ်ကို ကုသလဝိပါက်စိတ်ဟု ခေါ်သည်။ ယှဉ်ဖက်ဟိတ်မရှိ။ ပြုကာမျှသာဖြစ်သော စိတ်ကို အဟိတ် ကြိယာစိတ်ဟု ခေါ်သည်။)

ကာမသောဘနစိတ် ၂၄-ပါး တို့မှာ-

၁။ ကာမာဝစရကုသိုလ်စိတ်(မဟာကုသိုလ်စိတ်) ၈-ပါး
၂။ သဟိတ်ကာမာဝစရဝိပါက်စိတ်(မဟာဝိပါက်စိတ်) ၈-ပါး
၃။ သဟိတ်ကာမာဝစရကြိယာစိတ်(မဟာကြိယာစိတ်) ၈-ပါး

တို့ဖြစ်သည်။ ယှဉ်ဖက်ဟိတ်ရှိသည်ကို သဟိတ်ဟုဆိုသည်။

ရူပါဝစရ (ရူပစိတ်) ၁၅-ပါးကား

၁။ ရူပကုသိုလ်စိတ် ၅-ပါး

၂။ ရူပဝိပါက်စိတ် ၅-ပါး

၃။ ရူပကြိယာစိတ် ၅-ပါး

တို့ဖြစ်သည်။

အရူပါဝစရစိတ် (အရူပစိတ်) ၁၂ ပါးမှာ-

၁။ အရူပကုသိုလ်စိတ် ၄-ပါး

၂။ အရူပဝိပါက်စိတ် ၄-ပါး

၃။ အရူပကြိယာစိတ် ၄-ပါး

တို့ဖြစ်သည်။

(ရူပစိတ် ၁၅-ပါးနှင့် အရူပစိတ် ၁၂-ပါး၊ ပေါင်း ၂၇-ပါးသည် မြတ်သောအဖြစ်သို့ ရောက်ခြင်းကြောင့် မဟဂ္ဂုတ် (မဟဂ္ဂတ) မည်၏။ ဤမဟဂ္ဂုတ်စိတ်ကို မဟဂ္ဂုတ်ကုသိုလ်စိတ် ၉-ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါး၊ မဟဂ္ဂုတ်ကြိယာစိတ် ၉-ပါး ဟုခွဲထား နိုင်သည်။)

လောကုတ္တရာစိတ် ၈ ပါးမှာ-

၁။ မဂ်စိတ် (ကုသိုလ်စိတ်) ၄-ပါး

၂။ ဖိုလ်စိတ် (ဝိပါက်စိတ်) ၄-ပါး

တို့ဖြစ်သည်။

စိတ် ၈၉-ပါးကို ဇာတ်အားဖြင့်ခွဲသော်-

၁။ အကုသိုလ်ဇာတ်မှာ အပြစ်နှင့်တကွ မကောင်းကျိုးကို ပေးတတ်သော စိတ်မျိုးဖြစ်သည်။ အကုသိုလ်စိတ် ၁၂-ပါး ကိုဆိုလိုသည်။

၂။ ကုသိုလ်ဇာတ်မှာ အပြစ်ကင်း၍ ကောင်းကျိုးကိုပေးတတ်သော စိတ်မျိုးဖြစ်သည်။ ကုသိုလ်စိတ် ၂၁-ပါး ဖြစ်သည်။

၃။ ဝိပါက်စိတ်မှာ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့ကြောင့် ဖြစ်လာရသော စိတ်မျိုးဖြစ်သည်။ ဝိပါက်စိတ် ၃၆–ပါးကို ဆိုလိုသည်။

၄။ ကြိယာစိတ်မှာ ဖြစ်ကာမျှသာဖြစ်သော စိတ်မျိုးဖြစ်သည်။ ကြိယာစိတ် ၂၀–ကိုဆိုလိုသည်။

ဝိပါက်စိတ်နှင့် ကြိယာစိတ်မှာ ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်းမဟုတ်သောကြောင့် အဗျာကတစိတ်ဟု ခေါ်သည်။ ဝိပါက်အဗျာကတနှင့် ကြိယာအဗျာကတဟု ခွဲခြား၍ခေါ်သည်။

## (ခ) စေတသိက်

### စေတသိက်တို့ကို အမျိုးအစားခွဲခြားခြင်း

စေတသိက်သည် စိတ်နှင့်ယှဉ်သော သဘောတရားဖြစ်သည်။ စိတ်နှင့်အတူဖြစ်ခြင်း၊ အတူချုပ်ခြင်း၊ မှီရာတူခြင်း၊ အာရုံတူခြင်းဟူသော အင်္ဂါ ၄–ရပ်အားဖြင့် စိတ်နှင့်တွဲဖက်နေ၍ စိတ်ကို ခြယ်လှယ်သဖြင့် စိတ်သည် သိခြင်းသဘောတရား တစ်ခုတည်းဖြစ်သော်လည်း စိတ် ၈၉–ပါးဟူ၍ ကွဲပြားသွားခြင်း ဖြစ်သည်။ ဤသို့ ခြယ်လှယ်တတ်သော စေတသိက်သည် ၅၂–ပါးရှိသည်။ ယင်းတို့ကို အုပ်စု (ရာသိစု) လေးမျိုးခွဲခြားထားသည်။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်–

### ၁။ သဗ္ဗစိတ္တသာဓာရဏ စေတသိက်

စိတ်သည် စေတသိက်နှင့် ယှဉ်တွဲ၍ဖြစ်ရာတွင် အနည်းဆုံး စေတသိက် ၇–ပါးနှင့်ယှဉ်၍ ဖြစ်ရသည်။ ဤစေတသိက် ၇–ပါးသည် စိတ်အားလုံးနှင့်ဆက်ဆံသော (ယှဉ်တွဲနေသော) စေတသိက်များဖြစ်၍ ယင်းတို့ကို သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဟု ခေါ်သည်။ ယင်းစေတသိက်တို့မှာ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ တို့ဖြစ်သည်။

## ၂။ ပကိဏ်းစေတသိက် ၆–ပါး

ရောရောပြွမ်းပြွမ်း ယှဉ်တွဲသော စေတသိက်ကို ပကိဏ်းစေတသိက်ဟု ခေါ်သည်။ ယင်းတို့မှာ–
ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝိရိယ၊ ပီတိ၊ ဆန္ဒ တို့ဖြစ်သည်။

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါးနှင့် ပကိဏ်းစေတသိက် ၆–ပါး၊ ပေါင်း ၁၃–ပါးတို့ကို တစ်မျိုးတည်းအနေဖြင့် အညသမာန်းစေတသိက်ဟု ခေါ်သည်။ မည်သည့်စေတသိက်မျိုးကို မဆို လိုက်လျောတူစွာ ဆက်ဆံနိုင်သောကြောင့် အညသမာန်းဟူသော အမည်ကို ရသည်။

## ၃။ အကုသိုလ်စေတသိက် ၁၄–ပါး

အပြစ်ငြိစွန်း၍ မကောင်းကျိုးကို ပေးတတ်သောကြောင့် အကုသိုလ်စေတသိက်ဟု ခေါ်ခြင်းဖြစ်သည်။ ယင်းစေတသိက်တို့မှာ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ၊ ဝိစိကိစ္ဆာ တို့ဖြစ်သည်။

## ၄။ သောဘနစေတသိက် ၂၅–ပါး

အပြစ်ကင်း၍ ကောင်းကျိုးကို ပေးတတ်သဖြင့် တင့်တယ်သောကြောင့် သောဘနစေတသိက်ဟု ခေါ်သည်။ ယင်းစေတသိက် ၂၅–ပါးတွင် (က) သောဘနသာဓာရဏ စေတသိက် ၁၉–ပါး၊ (ခ)ဝိရတီစေတသိက် ၃–ပါး၊ (ဂ) အပ္ပမညာစေတသိက် ၂–ပါး၊ (ဃ) ပညိန္ဒြေစေတသိက် ၁-ပါး ပါဝင်သည်။

(က) သောဘနသာဓာရဏစေတသိက် တို့မှာ– သဒ္ဓါ၊ ဟိရီ၊ သြတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြမဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယဇုကတာ၊ စိတ္တုဇုကတ္တာ။

(အထက်ပါစေတသိက် ၁၉–ပါးသည် သောဘနစိတ် အားလုံးနှင့် ယှဉ်သည်။ ကျန်သောစေတသိက် ၆–ပါးမှာ ရံခါသာ ယှဉ်သည်။)

(ခ) ဝိရတီစေတသိက် ၃–ပါးမှာ– သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ တို့ဖြစ်သည်။

(ဂ) အပ္ပမညာစေတသိက် ၂–ပါးမှာ ကရုဏာနှင့် မုဒိတာတို့ ဖြစ်သည်။

## (ဂ) ရုပ်

ရုပ်သည် အပူအအေး စသော ဆန့်ကျင်ဘက် အကြောင်း များကြောင့် ဖောက်ပြန်ခြင်းသဘော တစ်ခုတည်းသာဖြစ်သော်လည်း သီးခြားဂုဏ်သတ္တိများကြောင့် ရုပ်အမျိုးအစား ကွဲပြားသွားသည်။ အကျဉ်းအားဖြင့်ဆိုသော် မဟာဘုတ်ရုပ်နှင့် ဥပါဒါရုပ်ဟူ၍ နှစ်မျိုးရှိ၏။

မဟာဘုတ်ရုပ်မှာ အခြားရုပ်များထက် သဘောတရားအားဖြင့် လည်းကောင်း၊ အထည်ဒြပ်အားဖြင့်လည်းကောင်း ထင်ရှားသော ရုပ်မျိုးဖြစ်သည်။

ဥပါဒါရုပ်သည် မဟာဘုတ်ကို အမှီပြု၍ဖြစ်သော ရုပ်မျိုး ဖြစ်သည်။ မဟာဘုတ် ၄–ပါးနှင့် ဥပါဒါရုပ် ၂၄–ပါးဟူ၍ ၂၈– ပါး ရှိသည်။

မဟာဘုတ် ၄–ပါးမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော တို့ ဖြစ်သည်။ ဥပါဒါရုပ် ၂၄–ပါးတွင်–

ပသာဒရုပ် ၅–ပါး၊ ဂေါစရရုပ် ၄–ပါး၊ ဘာဝရုပ် ၂–ပါး၊ ဟဒယရုပ် ၁–ပါး၊ ဇီဝိတရုပ် ၁–ပါး၊ အာဟာရရုပ် ၁–ပါး၊ ပရိစ္ဆေဒရုပ် ၁–ပါး၊ ဝိကာရရုပ် ၅–ပါး၊ လက္ခဏာရုပ် ၄–ပါး တို့ဖြစ်သည်။

## ရုပ်အဖွဲ့အစည်း (ရုပ်ကလာပ်)

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသောဓာတ်ကြီး၄-ပါးသည် တစ်ခုစီတစ်ခုစီ သီးခြားမဖြစ်။ ဓမ္မတာအတိုင်း အတူတူဖြစ်ကြရသည်။ ဤဓာတ်ကြီး ၄-ပါသည် အတူတကွစုစည်းဖြစ်ကြရာတွင် ထိုလေးပါးအပေါင်းအစု၌ ဝဏ္ဏ (အဆင်းရုပ်)၊ ဂန္ဓ (အနံ့ရုပ်)၊ ရသ (အရသာရုပ်)၊ ဩဇာ (အာဟာရရုပ်)ဟူသောရုပ်လေးပါ သည် အလိုလိုပါရှိနေသည်သာဖြစ်၏။ ယင်း ရုပ် ၈-ပါ.သည် တစ်စုတစ်စည်းသာ ဖြစ်သည်။ တစ်ခုစီခွဲခြားမရသောကြောင့် အဝိနိဗ္ဘောဂရုပ်ဟု ခေါ်သည်။ ဤ ရုပ် ၈-ပါအဖွဲ့အစည်းသည် ရုပ်လောကတွင် အခြေခံ ဖြစ်သည်။ ရုပ်အဖွဲ့အစည်း တစ်ခုတွင် အနည်းဆုံး ရုပ် ၈-ခု၊အများဆုံးရုပ် ၁၃-ခုပါဝင်သည်။ ဤသို့သော ရုပ်အဖွဲ့အစည်းကို ရုပ်ကလာပ်ဟု ခေါ်သည်။ ရုပ်ကလာပ် အမျိုးအစားများမှာ ၂၁-မျိုးရှိသည်။

## စိတ်သက်နှင့် ရုပ်သက်

စိတ်တို့သည် တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ ဖြစ်လိုက်ပျက်လိုက်နှင့် အစဉ်မပြတ် ဆက်တိုက်ဖြစ်နေကြသည်။ အဖြစ်အပျက်က အလွန်လျင်မြန်ရကား. မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်၌ပင် အကြိမ်ပေါင်း ကုဋေတစ်သိန်း ရှေ့နောက်ဆက်တိုက်ဖြစ်နိုင်ပျက်နိုင် ကြသည်။ ထို့ကြောင့် စိတ်တစ်ခု၏သက်တမ်းအချိန်ကာလမှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အချိန်ကာလ၏ ကုဋေတစ်သိန်းပုံ တစ်ပုံသာ ဖြစ်သည်။

ယင်းစိတ်၏ သက်တမ်းကိုဖြစ်ပေါ်ချိန် (ဥပ္ပါဒ)၊ တည်နေချိန် (ဌီတိ)၊ ပျက်ချိန် (ဘင်္ဂ) ဟူ၍ ဖြစ် (ဥပါဒ်)၊ တည် (ဋ္ဌီ)၊ ပျက် (ဘင်) အခိုက်အတန့် သုံးမျိုးဖြင့် သတ်မှတ်ထားသည်။ ဤအခိုက်အတန့် သုံးခုပေါင်း အချိန်ကာလအပိုင်းအခြား ကို စိတ်၏

တစ်ခဏ (ဝါ) စိတ္တက္ခဏတစ်ချက်ဟု ခေါ်သည်။ ခဏကြီးတစ်ခု ဟုလည်း ခေါ်သည်။ ဤစိတ္တက္ခဏ (စိတ်ခဏ) တစ်ခုသည် ဥပါဒ်ခဏ (ဖြစ်ခဏ)၊ ဌီခဏ (တည်ခဏ)၊ ဘင်ခဏ (ပျက်ခဏ) ဟူသောခဏငယ် သုံးခုတို့၏ အပေါင်းဖြစ်သည်။

(စိတ်သည် ဓမ္မတာအားဖြင့် သက်ဆိုင်ရာစေတသိက်တို့နှင့် ယှဉ်၍ ဖြစ်ရမြဲဖြစ်သောကြောင့် စိတ်ဟုသာမန်မျှသာဆိုသော်လည်း သက်ဆိုင်ရာစေတသိက်တို့ကိုလည်း ဆိုပြီးသားဖြစ်သည်ဟု မှတ်ယူပါ။)

စိတ္တက္ခဏ ၁၇–ခု၏ အချိန်ကာလသည် ရုပ်၏အသက်ရှည်ရာ အချိန်ကာလ ဖြစ်သည်။ ရုပ်၏သက်တမ်းသည် စိတ်၏သက်တမ်း၏ ၁၇–ဆ ကြာသည်ဟုဆိုလိုသည်။ ရုပ်တရားတို့မှာလည်း ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏ ဟူ၍ အခိုက်အတန့် သုံးမျိုးပင်ရှိသည်။ ဤတွင် ရုပ်၏ဥပါဒ်ခဏနှင့် ဘင်ခဏသည် စိတ်၏ဥပါဒ်ခဏ၊ ဘင်ခဏတို့နှင့် အသီးသီး အချိန်တူသည်။ ရုပ်၏ ဌီခဏသည် စိတ်၏ခဏငယ် ၄၉–ခုနှင့်အချိန်တူသည်။

ရုပ်တို့သည် (ရုပ်ကလာပ်တို့သည်) စိတ်၏ခဏတိုင်း· ခဏတိုင်း (ဥပါဒ်တိုင်း၊ ဌီတိုင်း၊ ဘင်ဟိုင်း) တွင် ဖြစ်နိုင်သည်။ ဖြစ်ပြီးနောက် သက်တမ်းကုန်သောအခါ ပျက်သွားကြသည်။ ရုပ်တို့သည် တစ်ခုသာမက ရုပ်အများတို့ တစ်ပြိုင်နက်ဖြစ်နိုင်ကြသည်။

ရုပ်တို့သည်ဖြစ်သည့်ရုပ်ကဖြစ်၊ တည်သည့်ရုပ်ကတည်၊ ပျက်သည့်ရုပ်ကပျက်ကာ ဖြစ်ပေါ်ချုပ်ပျောက်နေကြသည်။

## ပဋ္ဌာန်းတရားတော်နှင့်အကြောင်းအကျိုး

ဗုဒ္ဓရှင်တော်မြတ်သည် ပဋ္ဌာန်းတရား တော်ကို ဟောတော်မူရာ၌ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တည်·ဟူသော သဘာဝတရား တို့၏

အကြောင်းအကျိုး ဆက်သွယ်နေပုံကိုလည်းကောင်း၊ အကျိုးတရားများ ဖြစ်မြောက်အောင် အကြောင်းတရားတို့၌ သတ္တိစွမ်းပကား ရှိနေပုံကို လည်းကောင်း ဟောတော်မူခဲ့သည်။

ဤကဲ့သို့သောအကြောင်းတရားကို "ပစ္စည်း"၊ အကျိုးတရားကို "ပစ္စယုပ္ပန်"၊ အကြောင်းတရား၏သတ္တိကို "ပစ္စယသတ္တိ" ဟူ၍ ခေါ်ဝေါ်သုံးစွဲထားသဖြင့် ယင်းအခေါ်အဝေါ် ဝေါဟာရတို့၏ အဓိပ္ပာယ်ကို တင်ပြပါမည်။

## ပစ္စည်း

"ပစ္စည်း" ဟူသော စကားသည် ပါဠိစကား "ပစ္စယ"ကို ပြုပြင်ကာ မြန်မာစကားအဖြစ်အသုံးထားခြင်း ဖြစ်သည်။ "ပစ္စယ" ဟူသော ပါဠိစကားကို "အကြောင်းတရား" ဟု အကျဉ်းအားဖြင့် မြန်မာပြန် ကြသည်။ ဤပစ္စယ သို့မဟုတ် ပစ္စည်းဟူသောစကားသည် အကျိုးတရားတို့၏ မိမိကိုအစွဲပြု၍ ဖြစ်ပေါ်နိုင်ကြဖို့ရန်၊ တည်တံ့ နေနိုင်ကြဖို့ရန် ဖြစ်သော အကြောင်းတရားကို ဆိုလိုခြင်း ဖြစ်သည်။

ဥပမာကား သစ်ပင်တည်းဟူသောအကျိုးတရားမှာ မျိုးစေ့သည် ပစ္စယ (ပစ္စည်း) မည်၏။ မြေသည်လည်းကောင်း၊ ရေသည် လည်းကောင်း၊ လေသည်လည်းကောင်း၊ ဥတုဟူသော တေဇော (မီးဓာတ်) သည်လည်းကောင်း ပစ္စယ (ပစ္စည်း) မည်၏။ ထိုပစ္စယ ငါးပါးတို့ကို အစွဲပြု၍ သစ်ပင်တို့သည်ပေါက်ကြကုန်၏။ ကြီးပွားကြ ကုန်၏။ ကြီးပွားပြီးနောက် အမျိုးဇာတိအားလျော်စွာ ကာလမြင့်ရှည်စွာ တည်နေကြကုန်၏။

ဤဥပမာ၌ သစ်ပင်တို့၏ ပေါက်ရောက်ကြီးပွားကြရန် အကြောင်းတရားငါးပါးကဲ့သို့ ကံ၊ စိတ်၊ ဥတု စသောအကြောင်း တရားတို့က ပြုပြင်စီမံအပ်သော ခပ်သိမ်းသောရုပ်နာမ် တရားတို့၏

ဖြစ်ပေါ်ရန်၊ ကြီးပွားရန်၊ အစဉ်ဆက်အား·ဖြင့် ကာလမြင့်ရှည် တည်နေနိုင်ကြရန်ဖြစ်သော အကြောင်းတရားမျိုး·တို့သည် ပစ္စယ (ပစ္စည်း) ဟုဆိုရမည်။

## ပစ္စယုပ္ပန်

"ပစ္စယုပ္ပန်"ဟူသည်မှာ "ပစ္စယုပ္ပန္န" ဟူသော ပါဠိစကားမှ ဆင်းသက်လာသော ပါဠိသက်မြန်မာစကားဖြစ်သည်။ ယင်းပါဠိစကားကို "အကျိုးတရား"ဟု မြန်မာပြန်ကြသည်။ အကြောင်း (ပစ္စည်း) တရားများကြောင့် ဖြစ်ပေါ်သောအကျိုးတရားဟု ဆိုလိုသည်။

## ပစ္စယသတ္တိ

ပစ္စယသတ္တိဆိုသည်မှာ အကြောင်း (ပစ္စည်း) တရားတို့က အကျိုးတရားများဖြစ်အောင် စွမ်းဆောင်နိုင်စေခြင်းငှာ အကြောင်း ပစ္စည်း တရားတို့၌ပါရှိသော သတ္တိစွမ်းပကားဖြစ်သည်။

## ပစ္စနိုက်

"ပစ္စနိုဂ်" သည် ပစ္စယုပ္ပန်တွင် မပါဝင်ဘဲ ပစ္စယုပ္ပန်၏ ဆန့်ကျင်ဘက်တရားဖြစ်သည်။ ပါဠိစကား "ပစ္စနိက"ကို မြန်မာစကားအဖြစ် ပြုပြင်ထားခြင်း ဖြစ်သည်။

ပစ္စည်း = ပစ္စယ ဆိုင်ရာအကျိုးကိုဖြစ်သောအကြောင်းတရား။

ပစ္စယုပ္ပန်= ပစ္စယုပ္ပန္န (ပစ္စယ+ဥပ္ပန္န) အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာသောအကျိုးတရား။

ပစ္စယသတ္တိ= အကြောင်းတရားတို့မှာပါရှိသော သတ္တိစွမ်းပကား။

ပစ္စယုပ္ပန်တရားမှန်လျှင် ကံ၊ စိတ်၊ ဥတု၊ အာဟာရနှင့် အာရုံ အစရှိသောအကြောင်းတရားတို့က ပြုစီမံအပ်သော စိတ် စေတသိက်နှင့် ရုပ်တရားများသာဖြစ်သည်။ နိဗ္ဗာန်နှင့် ပညတ်တရား

မှုကား ထိုကဲ့သို့အကြောင်းတရားတို့က မပြုစီမံနိုင်။ ပြုပြင်စီမံ၍ မဖြစ်နိုင်သောကြောင့် ပစ္စယုပ္ပန်တွင် မပါဝင်ချေ။

ပစ္စည်းတရားတွင်မူကား စိတ်စေတသိက် ရုပ်တို့သာမက နိဗ္ဗာန်နှင့် ပညတ်လည်းပါဝင်သည်။

## ကျေးဇူးပြု

"ပစ္စယ"ကိုအကြောင်းတရားဟူ၍ မြန်မာပြန်ကြောင်းကို အထက်တွင် ဆိုခဲ့ပြီ။ ပစ္စယသဒ္ဒါ၏ အဓိပ္ပာယ်ကို ပါဠိဘာသာဖြင့် "ဥပကာရကော" ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုကြသည်။ ယင်းဥပကာရက ကို ကျေးဇူးပြုသည်ဟု မြန်မာပြန်ဆိုကြသည်။ ပစ္စည်းတရားတို့က ပစ္စုပ္ပန် တရားတို့အား ကျေးဇူးပြုသည်ဟု ဆိုလိုသည်။

"ကျေးဇူးပြုသည်" ဆိုသည်မှာ–

၁။ မဖြစ်သေးသော ပစ္စယုပ္ပန်တရားတို့ကိုဖြစ်စေခြင်း၊

၂။ ဖြစ်ပြီးသောပစ္စယုပ္ပန်တရားတို့ကို တည်တံ့အောင် ထောက်ပံ့ခြင်း၊

ဤနှစ်မျိုးကိုဆိုလိုသည်။ ထို့ကြောင့် ပစ္စည်းတရားဟူသည်မှာ မဖြစ်သေးသော ပစ္စယုပ္ပန်တရားကို ဖြစ်စေတတ်သော အကြောင်း တရားကိုသော်လည်းကောင်း၊ ဖြစ်ပြီးသော ပစ္စယုပ္ပန်တရားကို တည်တံ့ခိုင်မြဲအောင် ထောက်ပံ့တတ်သော အကြောင်းတရားကိုသော် လည်းကောင်း ဆိုလိုသည်။

အမှတ် (၁) ပါ ဖြစ်စေခြင်းမျိုးကို "ဇနကသတ္တိ" ဟူ၍ လည်းကောင်း၊ အမှတ် (၂) ပါ ထောက်ပံ့ခြင်းမျိုးကို "ဥပတ္ထမ္ဘက သတ္တိ"ဟူ၍လည်းကောင်း ခေါ်သည်။

ဤသတ္တိနှစ်မျိုးလုံးပင် "ပစ္စယသတ္တိ" ဖြစ်သည်။

အထက်ပါတင်ပြချက်တို့မှာ ဤနိဿယအဖွင့်တည်းဟူသော ဗိမာန်တော်ကြီး တည်ဆောက်ရန်အတွက် "ပန္နက်ရိုက်၍ အုတ်မြစ်

ချခြင်း" ဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းဗိမာန်တော်ကြီးကို ဆက်လက် တည်ဆောက်သွားပါတော့မည်။ ဤကဲ့သို့ တည်ဆောက် ရာတွင် လိုအပ်သောနေရာတို့၌ လိုအပ်သော အချက်အလက်တို့ကို သင့်လျော်သလို ဖြည့်စွက်မွမ်းမံ ခြယ်လှယ်၍ ရုပ်လုံးဖော်ပါမည်။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# အခန်း (၂)

## ဟေတုပစ္စည်း

ဟေတုပစ္စည်းကို ရှေးဦးစွာဟောတော်မူခြင်း။ ဤ ဟေတုပစ္စည်းနှင့် ဆိုင်သော တရားဒေသနာတော်တို့သည် သုတ္တန်ပိဋကတ်တွင် အလွန်များပြားစွာ ပါဝင်သည်။ ယင်း သုတ္တန်ပိဋကတ်တွင် လောဘကြောင့်၊ တဏှာရာဂကြောင့် ဘယ်အပြစ်ဖြစ်သည်၊ ဒေါသကြောင့်၊ ဗျာပါဒကြောင့် ဘယ်အပြစ်ဖြစ်သည်၊ မောဟကြောင့်၊ အဝိဇ္ဇာကြောင့် ဘယ်အပြစ်ဖြစ်သည်ဟု ဟောတော်မူသမျှသည် ဤဟေတုပစ္စည်းနှင့်ဆိုင်သော တရားဒေသနာများ ဖြစ်သည်။

လောဘကိုပယ်လျှင် ဘယ်အကျိုးဖြစ်သည်၊ ဒေါသကိုပယ်လျှင် ဘယ်အကျိုးဖြစ်သည်၊ မောဟကိုပယ်လျှင် ဘယ်အကျိုးဖြစ်သည်ဟူ၍ ဟောတော်မူသမျှသည်လည်း ဤဟေတုပစ္စည်းနှင့် ဆိုင်သော တရားဒေသနာများပင် ဖြစ်သည်။

လောဘ၊ ဒေါသ၊ မောဟသုံးပါးသည် အလုံးစုံသော အကုသိုလ်တရားတို့၏ အရင်းအမြစ် ဖြစ်သည်။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ရန်အတွက် ပယ်အပ်သောတရားများ ဖြစ်သည်။ ယင်းတရားသုံးပါးတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော အလောဘ၊ အဒေါသ၊ အမောဟဟူသော တရားသုံးပါးသည် ကုသိုလ်တရားတို့၏ အရင်းအမြစ်ဖြစ်၍ ကျင့်ကြံပွားများအပ်သော တရားများဖြစ်သည်။

သဗ္ဗညုမြတ်စွာဘုရားသည် ဤအရင်းအမြစ် အခြေခံတရား ခြောက်ပါးကို အဓိကအနေဖြင့် အရေးအကြီးဆုံးထား၍ ရှေ့တန်းတင်ကာ သုတ္တန်ဒေသနာတော်တွင် အလွန်တရာ မြောက်မြားစွာ ဟောတော်မူခဲ့သည်။

ပြဆိုခဲ့သည့်အတိုင်း ဤတရား ခြောက်ပါးသည် အလွန်အရေးကြီးသော တရားများဖြစ်သဖြင့် ၂၄–ပစ္စည်းတွင်လည်း ဤတရားခြောက်ပါးနှင့်ဆိုင်သော ဟေတုပစ္စည်းကို အလေးအနက်ထား၍ ရှေးဦးစွာဟောတော်မူခဲ့သည်ဟု ယူဆဖွယ်သာဖြစ်ပါသည်။

## ဟေတုပစ္စည်းအဓိပ္ပာယ်

"ဟေတုပစ္စည်း" ဟူသော အမည်နာမတွင် ပါဝင်သော "ပစ္စည်း"ဟူသောစကားသည် အကျိုး (ပစ္စယုပ္ပန်)ကို ကျေးဇူးပြုသော အကြောင်းတရားဖြစ်သည်။ "ဟေတု" ဆိုသည်ကား အကြောင်း (ပစ္စည်း) တရား၏ အလုပ်ကိစ္စတာဝန်ကို ခေါ်ဝေါ်သော အမည်နာမဖြစ်သည်။ထို့ကြောင့် ဟေတုပစ္စည်းဆိုသည်မှာ ဟေတုကိစ္စဖြင့် အကျိုး(ပစ္စယုပန်) တရားကိုကျေးဇူးပြုသော အကြောင်းတရားဖြစ်သည်။

"ဟေတု"ဟူသောပါဠိစကားသည် "အရင်းအမြစ်" ဟု အဓိပ္ပာယ်ကို ဆိုလိုသည်။ အချို့သော နာမ်တရားတို့သည် အရင်းအမြစ်သဖွယ် လုပ်ကိုင်ဆောင်ရွက်တတ်ကြသည်။ ယင်းသို့သော နာမ်တရားတို့ကို "ဟေတု" အမည်တတ်ကာ ဟေတုပစ္စည်းဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။

ထို့ကြောင့် ဟေတုပစ္စည်း ဆိုသည်မှာ အရင်းအမြစ်သဖွယ် ကျေးဇူးပြုသောတရားဖြစ်သည်။ (ဝါ) အရင်းအမြစ်ဖြစ်၍ ကျေးဇူးပြုသောတရားဖြစ်သည်။ ထို့ကြောင့် ဟေတုပစ္စည်း ဆိုသည်မှာ ဟေတုကိစ္စဖြင့် ပစ္စယုပန်တရားကို ကျေးဇူးပြုသော အကြောင်းတရားဖြစ်သည်ဟု ဆိုလိုသည်။

ဟေတုကဲ့စွဖြင့် ကျေးဇူးပြုသည်ဟူသော စကားကို ရှင်းပါဦးမည်။

## ဟိတ်

အထက်တွင်ပြဆိုခဲ့သော အရင်းအမြစ်ဟူသော အဓိပ္ပာယ်ရှိသည့် "ဟေတု" ဟူသော ပါဠိစကားကို ဟိတ်ဟုပြပြင်ကာ မြန်မာစကားအဖြစ် သုံးစွဲထားသည်။ ထို့ကြောင့် ဟေတုပစ္စည်းဆိုသည်မှာ ဟိတ်အဖြစ်ဖြင့် ကျေးဇူးပြုသော တရားဖြစ်သည်ဟုလည်းဆိုကြသည်။ ထို့အပြင် ဟိတ်တရားမှာ ၆–ပါးရှိသဖြင့် ဟေတုပစ္စည်းဆိုသည်မှာ ဟိတ် ၆–ပါးဖြစ်၍ ကျေးဇူးပြုသောတရား ဟူ၍လည်းဆိုကြသည်။

## ဟိတ် ၆–ပါး

ဟိတ် ၆–ပါးမှာ လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်တို့ ဖြစ်သည်။ ယင်းတို့၏ တရားကိုယ်မှာ (အစဉ်အလိုက်) လောဘစေတသိက်၊ ဒေါသစေတသိက်၊ မောဟစေတသိက်၊ အလောဘစေတသိက်၊ အဒေါသစေတသိက်၊ ပညိန္ဒြေစေတသိက်တို့ ဖြစ်သည်။ ယင်းစေတသိက်တို့ကို ဟိတ်ဟုခေါ်ကြောင်း ရှင်းပြပါမည်။

## လောဘဟိတ်

ကျွန်ုပ်တို့သည် မိမိတို့ကြိုက်နှစ်သက်သော အရာဝတ္ထုတစ်ခုခုကို တွေ့ရသောအခါ လောဘဖြစ်လာသည် ဆိုကြသည်။ ထို့ပြင် ထိုအရာဝတ္ထုကိုရအောင် စိတ်ကူးကြံစည်မှု အမျိုးမျိုးလည်းဖြစ်လာသည်။ တစ်နည်းအားဖြင့်ဆိုသော် ထိုအရာဝတ္ထုကို ရယူလိုသောစိတ်အမှုအရာ အမျိုးမျိုးဖြစ်လာသည်ဟု ဆိုရသည်။ ဤကဲ့သို့ကြံစည်စိတ်ကူးမှုမျိုး (ဝါ) စိတ်အမှုရာမျိုးကို (သုတ္တန်တွင်) မနောကံဟု ခေါ်သည်။

အဘိဓမ္မာတွင်မူကား လိုချင်သောသဘောတရားကို လောဘစေတသိက်ဟု ခေါ်သည်။ လိုချင်မှု ဖြစ်လာသည်ကို လောဘစေတသိက် ဖြစ်လာသည်ဟု ခေါ်သည်။ လောဘစေတသိက်သည် မိမိချည်း သန့်သန့်မဖြစ်။ ထိုက်သင့်သော စေတသိက်တို့နှင့်လည်းကောင်း၊ စိတ်နှင့်လည်းကောင်း ဓမ္မတာအတိုင်း ယှဉ်တွဲဖြစ်လာသည်။

ဤသို့ယှဉ်တွဲပုံမှာ တစ်ခုမက များစွာဖြစ်သည်။ ဤသို့ယှဉ်တွဲနေသောစိတ်နှင့် စေတသိက်တို့ကို နာမ်တရားဟုခေါ်သည်။

လောဘစိတ်ကို မချုပ်တည်းနိုင်ခဲ့သော် သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ ထိုအရာဝတ္ထုကို နှုတ်ဖြင့် ဖွင့်ဟပြောဆို တောင်းခံပေတော့သည်။ ဤကဲ့သို့သော နှုတ်ဖြင့်ပြောဆိုခြင်း (နှုတ်အမူအရာ)ကို သုတ္တန်တွင် ဝစီကံဟု ခေါ်သည်။

အဘိဓမ္မာတွင်မူကား ယင်းနှုတ်ဖြင့်ပြောဆိုခြင်းတည်းဟူသော နှုတ်အမူအရာကို "ရုပ်တရား"ဟုခေါ်သည်။

ထို့ပြင် လိုချင်တာကိုရအောင် အနုနည်းဖြင့် ဖြစ်စေ၊ အကြမ်းနည်းဖြင့် ဖြစ်စေ ခိုးယူခြင်း၊ လုယူခြင်း စသည်တို့ဖြင့် ကိုယ်ထိလက်ရောက် ကျူး လွန်ကြတော့မည်။ ဤကဲ့သို့သော ကျူးလွန်ခြင်းကို သုတ္တန်တွင် "ကာယကံ" ဟုခေါ်သည်။

အဘိဓမ္မာတွင်မူကား ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းဟူသော ကိုယ်အမူအရာကို "ရုပ်တရား" ဟုခေါ်သည်။

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း မနောကံဟု ဆိုအပ်သော "စိတ်အမူအရာ" (နာမ်တရား)၊ ဝစီကံဟုဆိုအပ်သော နှုတ်အမူအရာ (ရုပ်တရား)၊ ကာယကံဟုဆိုအပ်သော ကိုယ်အမူအရာ (ရုပ်တရား)။ နာမ်တရား၊ ရုပ်တရားဆိုသည့် လောဘကြီး လျှင် ကြီးသည့်အလိုက်

လောဘငယ်လျှင် ငယ်သည့်အလိုက် အရှိန်အဝါ စွမ်းအားသတ္တိနှင့် လိုက်လျောညီညွတ်စွာ အမျိုးမျိုးအဖုံဖုံ ဖြစ်ပေါ်နေကြသည်။

ဤသို့နာမ်တရားနှင့် ရုပ်တရားတို့ အမျိုးမျိုးအဖုံဖုံ ဖြစ်နေရခြင်း ၏ အကြောင်းဓာတ်မြစ်မှာ လောဘစေတသိက် ဖြစ်သည်။

ထို့ကြောင့် လောဘစေတသိက်ကို လောဘဟိတ်ဟု ခေါ်သည်။

## ဒေါသဟိတ်

စိတ်ဆိုးလျှင်၊ ဒေါသဖြစ်လျှင်၊ စိတ်ကြမ်း၊ နှုတ်ကြမ်း၊ ကိုယ်ကြမ်း ဖြစ်ကြရတော့သည်ဟုဆိုကြသည်။

ဒေါသဖြစ်လျှင် ဝေါက်ငမ်းလိုခြင်း၊ ကြိမ်းမောင်းလိုခြင်း၊ ထိုးကြိတ်ရိုက်နှက်လိုခြင်း စသည့်ကြမ်းတမ်းသော စိတ်များ ဖြစ်ပေါ်လာသည်။ ဤကဲ့သို့ကြမ်းတမ်းသောစိတ်များ၊ စိတ်အမူအရာများကို သုတ္တန်တွင် မနောကံဟုခေါ်၍ ထို့ပြင် ယုတ်မာကြမ်းတမ်းစွာ ပြောဆိုခြင်း၊ မခံသာအောင် ပြောဆိုခြင်းစသောနှုတ်ကြမ်းမှု ဝစီကံ။ ထိုမျှသာမက ထိုးကြိတ်ရိုက်နှက်ခြင်းဟူသော ကိုယ်ကြမ်းမှု ကာယကံအထိ ဖြစ်နိုင်သည်။

ဒေါသကြောင့် စိတ်ခက်ထန်ကြမ်းတမ်းခြင်း ဖြစ်လာသည်ကို အဘိဓမ္မာတွင် စေတသိက်က သက်ဆိုင်သော စေတသိက်တို့နှင့်လည်း ကောင်း၊ စိတ်နှင့်လည်း ကောင်း၊ ဓမ္မတာအတိုင်း ယှဉ်တွဲခြင်း ဖြစ်သည်ဟုဆိုသည်။ ဤကဲ့သို့ စိတ်နှင့် စေတသိက်တို့ ယှဉ်တွဲနေသည်တို့ကို နာမ်တရားဟုခေါ်သည်။

ယုတ်မာကြမ်းတမ်းသည့် ပြောဆိုခြင်းဟူသော နှုတ်အမူအရာ၊ ကိုယ်ထိလက်ရောက် လွန်ကျူးခြင်းဟူသော ကိုယ်အမူအရာတို့မှာ အဘိဓမ္မာအလို ရုပ်တရားများဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း ဒေါသစေတသိက်ကြောင့် နာမ်တရား၊ ရုပ်တရားတို့သည် အမျိုးမျိုးအဖုံဖုံ ဖြစ်ပေါ်နေရသဖြင့် ဒေါသစေတသိက်ကို ဒေါသဟိတ်ဟုခေါ်သည်။

## မောဟဟိတ်

ကြိုက်လျှင်လောဘ၊ မကြိုက်လျှင်ဒေါသ၊ မသိလျှင် မောဟ ဆိုစကားရှိကြသည်။ မသိခြင်း ၊ အမှန်တရားကို မသိခြင်း ဟူသော မောဟကြောင့် စိတ်သည်တွေတွေဝေဝေ ကိုင်းကိုင်း ရိုင်းရိုင်း ဖြစ်လာ၍ များများယွင်းယွင်း စိတ်ကူး ကြံစည်မိခြင်း (မနောကံ)၊ မှန်မကန် ဖောက်လွဲဖောက်ပြန် ပြောဆိုခြင်း (ဝစီကံ)၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း (ကာယကံ) များ ဖြစ်လာတတ်သည်။

အဘိဓမ္မာတွင် အမှန်ကိုမသိခြင်း သဘောတရားသည် မောဟ စေတသိက် ဖြစ်သည်။ မောဟစေတသိက် ဖြစ်လာသောအခါ ယင်း စေတသိက်သည် ဖြစ်မြဲဓမ္မတာအတိုင်း သက်ဆိုင်သော စေတသိက် တို့နှင့်လည်းကောင်း၊ စိတ်နှင့်လည်းကောင်း ယှဉ်တွဲ၍ဖြစ်ရသည်။ ယင်းယှဉ်တွဲနေသော စိတ်စေတသိက် နာမ်တရားသည် မောဟ စေတသိက်၏ အခြေအနေအလိုက် အမျိုးမျိုး ဖြစ်ကြရသည်။

ထို့ပြင် ဤစေတသိက်ကြောင့် ဖောက်လွဲဖောက်ပြန် ပြောဆိုခြင်း ဟူသော နှုတ်အမူအရာ၊ ပြုလုပ်ခြင်း ဟူသော ကိုယ် အမူအရာတို့လည်း ဖြစ်လာကြသည်။ ယင်းနှုတ်အမူအရာ၊ ကိုယ်အမူအရာ တို့သည် ရုပ်တရားများဖြစ်သည်။

ယင်းနာမ်တရားနှင့် ရုပ်တရားတို့သည် အမျိုးမျိုးအဖုံဖုံ ဖြစ်နေရခြင်းမှာ မောဟစေတသိက်ကြောင့် ဖြစ်သည်။

ထို့ကြောင့် မောဟစေတသိက်ကို မောဟဟိက်ဟု ခေါ်သည်။

အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်၊ (အလောဘ စေတသိက်၊ အဒေါသစေတသိက်၊ ပညိန္ဒြေစေတသိက်) တို့ကြောင့် နာမ်တရား၊ ရုပ်တရားတို့ ဖြစ်လာပုံမှာ အထက်နည်းတူဖြစ်သည်။

လောကီဆိုင်ရာ ဝတ္ထုအာရုံကို မလိုချင်မှု၊ မတပ်မက်မှု တရားသည် အလောဘ စေတသိက် ဖြစ်သည်။ ယင်း

စေတသိက်ဖြစ်လာလျှင် ထိုဝတ္ထုအာရုံမှ၊ ထိုစွဲလမ်းကပ်ငြိခြင်းမှ လွတ်ကင်းနေသဖြင့် ထိုဝတ္ထုအာရုံအတွက် ဖြစ်လာသော စိုးရိမ်ပူပန်ခြင်းသောကမှ ကင်းလွတ်နေသည်ဖြစ်ရကား ယင်းစေတသိက်နှင့်အတူဖြစ်ရသောစိတ်၊ စေတသိက်၊ နာမ်တရားသည်လည်းကောင်း၊ ယင်းစေတသိက်ကြောင့် ဖြစ်လာသော ကိုယ်အမူအရာ၊ နှုတ်အမူအရာ ရုပ်တရားသည်လည်းကောင်း၊ ငြိမ်းချမ်းကြည်လင် ရွှင်ပျသော အသွင်အပြင်ကို ဆောင်နေတော့၏။

မခက်ထန်မကြမ်းတမ်းမှု၊ စိတ်မဆိုးမှုဟူသော သဘောတရားသည် အဒေါသစေတသိက် ဖြစ်သည်။ ယင်းစေတသိက် ဖြစ်ပေါ်လာသော် ယင်းစေတသိက်နှင့်အတူ ဖြစ်လာသော နာမ်တရား၊ ယင်းစေတသိက်ကြောင့် ဖြစ်လာသော ရုပ်တရားသည် (ခက်ထန်ကြမ်းတမ်းခြင်း ဒေါသမှကင်းနေသဖြင့်) သိမ်မွေ့နူးညံ့သောအသွင်ကို ဆောင်နေတော့၏။

အမှန်ကိုသိသမှု သဘောတရားသည် ပညိန္ဒြေ စေတသိက်ဖြစ်၏။ မောဟနှင့်ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အမောဟဟုခေါ်သည်။ ဤစေတသိက်ကို ဉာဏ်ပညာဟုလည်း ခေါ်သည်။ ထိုပညိန္ဒြေစေတသိက် (ဝါ) အမောဟဖြစ်လာလျှင် ယင်းနှင့်ယှဉ်ဖက်နာမ်တရား၊ ဖြစ်ဖက် ရုပ်တရားတို့သည် သွက်လက်ဖျတ်လတ်လျင်မြန်သောအသွင်ကို ဆောင်နေတော့သည်။

ဆိုခဲ့သောနာမ်တရား၊ ရုပ်တရားတို့သည် ကြမ်းခြင်း၊ နုခြင်း၊ ထက်ခြင်း၊ နုံ့ခြင်း အစရှိသည့် သက်ဆိုင်ရာ စေတသိက်တို့၏ သတ္တိစွမ်းအား အသွင်အပြင် အမျိုးမျိုးဖြစ်နေကြသည်။ ဤသို့ဖြစ်နေခြင်းမှာ သက်ဆိုင်ရာ အလောဘစေတသိက်၊ အဒေါသစေတသိက်၊ ပညိန္ဒြေစေတသိက်တို့ကို အကြောင်းခံ၍ ဖြစ်သည်။

ထို့ကြောင့် ယင်းစေတသိက်တို့သည် သက်ဆိုင်ရာနာမ်နှင့် ရုပ်တို့ကို အမျိုးမျိုး ဖြစ်ခြင်း၏ အရင်းအမြစ်ပင်ဖြစ်သည်။ ထို့ကြောင့် ယင်းစေတသိက် တို့ကို အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟ ဟိတ် ဟုခေါ်သည်။

## ရေသောက်မြစ်ပမာ

ဟိတ် ၆-ပါးတို့သည် ဆိုခဲ့သည့်အတိုင်း နာမ်တရား၊ ရုပ်တရားတို့ အမျိုးမျိုးဖြစ်အောင် ဖန်တီးသည့်အရင်းအမြစ် တရား ဖြစ်သည်ကို ထင်ရှားအောင် ရှေးဆရာတို့က ဟိတ် ၆-ပါးသည် ရေသောက်မြစ်နှင့် တူသည်ဟု မိန့်ဆိုမှု ပြုကြသည်။ ယင်းမိန့်ဆိုချက်ကို ရှင်းပြပါမည်။

သစ်ပင်ကြီးတို့မှာ ရေသောက်မြစ်ဟူ၍ရှိ၏။ ယင်း ရေသောက် မြစ်တို့သည် မြေထဲမှာခိုင်မြဲစွာ တည်နေကြပြီး ရေမြေတို့၏ အဆီအနှစ် (သြဇာ)ကို စုပ်ယူကြ၍ သစ်ပင်များသို့ ပို့ဆောင်နေကြသည်။ ထို့ကြောင့် သစ်ပင်တို့သည်ရှင်သန်ကာ စည်ပင်နေကြသည်။ သစ်ပင် တို့သည် မြေကြီးထဲ၌ တွဲရိုက်ထားသကဲ့သို့ ဖြစ်နေရကား သစ်ပင် တို့သည် မယိုင်မလဲခိုင်မြဲစွာ တည်နေကြသည်။ သစ်မြစ်တို့သည် အသက်ရှည်၍ ခိုင်မြဲစွာတည်နေသမျှ ကာလပတ်လုံး သစ်ပင်တို့သည် စိမ်းလန်းရှင်သန် စည်ကား ပေါက်ရောက်နေကြသည်။

ဤသို့လျှင် သစ်မြစ်တို့သည် မိမိကိုမှီ၍ ဖြစ်နေရသော သစ်ပင်တို့အား တည်တံ့ဖို့ရာ၊ ခိုင်မြဲဖို့ရာ အခြေအမြစ်ဖြင့် ထောက်ပံ့ သမှု ကျေးဇူးပြုနေကြသည်။

ဤအတူပင် ဟိတ် ၆-ပါးတရားတို့သည် မိမိတို့နှင့်အတူ ယှဉ်ဖက် နာမ်တရားတို့အားလည်းကောင်း၊ မိမိတို့ကြောင့်ဖြစ်သော ရုပ်တရားတို့အားလည်းကောင်း၊ တည်တံ့ခိုင်မြဲဖို့ရာ၊ ကြီးပွားစည်ပင်

ဖို့ရာ အရင်းခံမူလအနေဖြင့် ထောက်ပံ့သမှု ပြုနေကြသည်။ ထိုကြောင့် ဟိတ်တရားတို့သည် သစ်မြစ်နှင့် တူသည်ဟု မိန့်ဆိုကြသည်။

စာမျက်နှာ (၁၅) တွင် ဟေတုပစ္စည်း၏ အဓိပ္ပာယ်ကို တင်ပြပြီး ဖြစ်သော်လည်း အထက်တွင်တင်ပြချက်အရ ဟေတုပစ္စည်း အဓိပ္ပာယ်နှင့် ဟေတုပစ္စယ သတ္တိတို့ကို တင်ပြပါမည်။

## ဟေတုပစ္စည်းအဓိပ္ပာယ်

လောဘဟိတ် စသောဟိတ် ၆-ပါး တရားတို့သည် မိမိတို့နှင့်ယှဉ်ဖက် နာမ်တရားတို့အား လည်းကောင်း၊ မိမိတို့ကြောင့် ဖြစ်သော ရုပ်တရားတို့အား လည်းကောင်း ခိုင်မြဲစွာတည်တံ့ဖို့ရာ၊ စည်ကားကြီးပွားဖို့ရာ အရင်းအမြစ် အနေဖြင့် ထောက်ပံ့သမှုကျေးဇူး အထူးပြုကြသည်။ ဤသို့ထောက်ပံ့သောတရားကို ဟေတုပစ္စည်း ဟုခေါ်သည်။

## ဟေတုပစ္စယသတ္တိ

(ပစ္စယသတ္တိဆိုသည်မှာ အကြောင်း(ပစ္စည်း) တရားတို့က အကျိုး တရားများ ဖြစ်အောင် စွမ်းဆောင်နိုင်စေခြင်းငှာ အကြောင်း ပစ္စည်း တရားတို့ရှိသော သတ္တိစွမ်းပကားဖြစ်ကြောင်းကို စာမျက်နှာ (၁၃) တွင် ပြခဲ့ပြီး။)

ရေသောက်မြစ်ပမာ သက်ဆိုင်ရာ ယှဉ်ဖက်ဖြစ်သော တရားတို့ကို စွဲမြဲခိုင်ခံ့ တည်တံ့ဖို့ရာ၊ စွမ်းအားကြီးပွားဖို့ရာ ထောက်ပံ့ အားပေးနိုင်သော သတ္တိထူးကို ဟေတုပစ္စယသတ္တိ ဟုခေါ်သည်။ ဟေတုသတ္တိစွမ်းအား ခေါ်သည်။

အကြောင်း (ပစ္စည်း) တရားကအကျိုး (ပစ္စယုပ္ပန်) တရားအား ကျေးဇူးပြုပုံကို ပြဆိုရာဖြစ်သောကြောင့် အကျိုးဆက်စပ်ပုံ။

(ပစ္စယနိဒ္ဒေသနိဿယတွင် "ဟေတုပစ္စည်း" ဟူ၍ ခေါင်းစည်း တပ်ထားသော စာပိုဒ်ကို ရှေးဦးစွာ ဖတ်ပါ။ ဤအကျိုး ကြောင်းကျိုး

ဆက်စပ်ပုံဟု ခေါင်းစည်းတပ်ထားသော နေရာတို့တွင်လည်း သက်ဆိုင်ရာ နိဿယကို ရှေးဦး စွာဖတ်ပါ။)

## ဟေတုပစ္စယောတိ

ဟေတုပစ္စယောတိ၊ ဟေတုပစ္စည်း ဟူသည်ကား-ဟူ၍ ပြဆိုထားသည်မှာ ဟေတုပစ္စည်း၏ အဓိပ္ပာယ်ကို ပြလိုသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မနံ-စသည်ဖြင့် ဟေတုပစ္စည်းအဓိပ္ပာယ်ကို ဆက်လက်ပြဆိုထားသည်။

## ဟိတ်ကိုးပါး

"ဟေတု" ကို "ဟိတ်တရားတို့သည်" ဟု မြန်မာမပြန်ဘဲ "လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ဟိတ် ၆-ပါးတရားတို့သည်" ဟုအဓိပ္ပာယ်နှင့် ဖွင့်ပြထားသည်။ ဟိတ် ၆-ပါးဆိုသည်မှာ တူရာကိုပေါင်း၍ ဆိုခြင်းဖြစ်သည်။ ဇာတ်အားဖြင့်ခွဲခြား၍ဆိုလျှင် ၉-ပါးရသည်။ ယင်းတို့မှာ (က) အကုသိုလ်စိတ်တို့မှာ ယှဉ်သော လောဘ၊ ဒေါသ၊ မောဟ၊ စေတသိက်သည် အကုသိုလ်ဟိတ် မည်၏။ (ခ) ကုသိုလ်စိတ်နှင့် ယှဉ်သော အလောဘ၊ အဒေါသ၊ အမောဟ (ပညိန္ဒြေ)စေတသိက်သည် ကုသိုလ်ဟိတ် မည်၏။ (ဂ) ဝိပါက်စိတ်၊ ကြိယာစိတ်ဟု ဆိုအပ်သော အဗျာကတစိတ်မှာယှဉ်သော အလောဘ၊ အဒေါသ၊ အမောဟ (ပညိန္ဒြေ) စေတသိက်သည် အဗျာကတ ဟိတ်မည်၏။ ဤတွင် အလောဘ၊ အဒေါသ၊ အမောဟ သုံးပါးသည် ကုသိုလ်ဟိတ်လည်းဖြစ်၊ အဗျာကတဟိတ်လည်း ဖြစ်သဖြင့် တူရာကိုပေါင်းပြီး ဟိတ် ၆-ပါးဟု ဆိုခြင်းဖြစ်သည်။

## ဟိတ်နှင့်ယှဉ်သောနာမ်

"ဟေတုသမ္ပယုတ္တကာနံ" ကို "ဟိတ်နှင့်ယှဉ်ကုန်သော" ဟု မြန်မာပြန်ထားသည်။ "ဟိတ်နှင့်ယှဉ်" ဆိုသည်မှာ ဆိုခဲ့သော စေတသိက် ၆-ပါးနှင့် ယှဉ်သည်ကို ဆိုလိုသည်။

စေတသိက်တို့မည်သည် သက်ဆိုင်ရာ စေတသိက်တို့နှင့်လည်းကောင်း၊ စိတ်နှင့်လည်းကောင်း ယှဉ်မြဲဓမ္မတာဖြစ်သောကြောင့် "ဓမ္မာနံ" ကို "တရားတို့အား" ဟုမြန်မာပြန် မပြန်ဘဲ "စေတသိက်" တို့အာ ဟု အဓိပ္ပာယ်ဖွင့်ကာ မြန်မာပြန်ထားသည်။

## သဟိတ်နှင့်အဟိတ်

ဟိတ်နှင့်ယှဉ်သည်ကို "သဟိတ်"၊ ဟိတ်နှင့်မယှဉ်သည်ကို "အဟိတ်"ဟု ခေါ်ဆိုကြသည်။ ဟိတ်နှင့်ယှဉ်သော စိတ်ကို "သဟိတ်စိတ်"၊ ဟိတ်နှင့်မယှဉ်သော စိတ်ကို "အဟိတ်စိတ်"ဟု ခေါ်သည်။ စိတ် ၈၉–ပါးတွင် သဟိတ်စိတ် ၇၁–ပါးနှင့် အဟိတ်စိတ် ၁၈–ပါး ပါဝင်သည်။

သဟိတ်စိတ် ၇၁–ပါးတွင် စေတသိက် ၅၂–ပါးယှဉ်သည်။ ထို့ကြောင့် "ဟေတုသမ္ပယုတ္တကာနံဓမ္မာနံ" ဟိတ်နှင့်ယှဉ်သောတရားတို့မှာ သဟိတ်စိတ် ၇၁–ပါးနှင့် ၅၂–ပါး ဖြစ်သည်။

## ဟိတ်နှင့်ဖြစ်ပက်ရုပ်

"တံသမုဋ္ဌာနာနံ" ကို "ထိုဟိတ်ကြောင့် ဖြစ်ကုန်သော" ဟူ၍ မြန်မာပြန်သည်။ "ရူပါနံ" ကို "ရုပ်တို့အား" ဟုမြန်မာပြန်ရာ "ဟိတ်ကြောင့်ဖြစ်ကုန်သော" ဟူသည် ရှေးစကားကိုထောက်၍ "စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား" ဟုအဓိပ္ပာယ်ဖွင့်ပြထားသည်။ ဤရုပ်တို့နှင့် ပတ်သက်၍ ရှေးဦးစွာ ရုပ် ၄–ပါးကို တင်ပြပါမည်။

## ရုပ် ၄–ပါး

### ၁။ ကမ္မဇရုပ်

ကံကြောင့်ဖြစ်သောရုပ်ကို ကမ္မဇရုပ်ဟု ခေါ်သည်။ အကုသိုလ်ကံ ၁၂၊ ကာမာဝစရကုသိုလ်ကံ ၈၊ ရူပါဝစရကုသိုလ်ကံ ၅၊ ပေါင်း ၂၅ ပါးကသာ ကမ္မဇရုပ်ကို ဖြစ်စေနိုင်သည်။ မိမိ၏သန္တာန်၌

ပြုစီမံပြီးသော ယင်းကုသိုလ်ကံ၊ အကုသိုလ်ကံက အဇ္ဈတ္တသန္တာန် (ခန္ဓာကိုယ်အတွင်း) ၌ပဋိသန္ဓေ စိတ်၏ ဥပါဒ်ခဏမှစ၍ စိတ်တို့၏ ခဏတိုင်း (ဥပါဒ်တိုင်း၊ ဌီတိုင်း၊ ဘင်တိုင်း) တွင် ကမ္မဇရုပ်ကို ဖြစ်ပေါ်စေနိုင်သည်။

## ၂။ စိတ္တဇရုပ်

စိတ်ကြောင့်ဖြစ်သော ရုပ်သည် စိတ္တဇရုပ်ဖြစ်သည်။ အရူပ ဝိပါက်စိတ် ၄၊ ပဉ္စဝိညာဏ ၁၀– ကြဉ်သောစိတ် ၇၅–ပါး ကသာ စိတ္တဇရုပ်ကို ဖြစ်စေသည်။ သတ္တဝါဟူသမျှ ပဋိသန္ဓေစိတ်မှ အစ ပြု၍ စိတ်တို့သည် တစ်စိတ်ပြီးတစ်စိတ် ဖြစ်ပေါ်ချုပ်၍ပျောက် နေသည်။ ပထမ ဘဝင်စိတ်၏ ဥပါဒ်ခဏမှ စ၍ စိတ်တို့၏ ဥပါဒ်တိုင်း၊ ဥပါဒ်တိုင်းတွင် စိတ်တို့သည် ရုပ်ကိုဖြစ်ပေါ်စေနိုင်သည်။

## ၃။ ဥတုဇရုပ်

ဥတုကြောင့်ဖြစ်သောရုပ်ကို ဥတုဇရုပ်ဟုခေါ်သည်။ ဤနေရာ၌ "ဥတု"ဟူသည်မှာ ရုပ်ကလာပ်ဟူသမျှတွင် ပါဝင်သော "တေဇော" ဓာတ်ကို ဆိုလိုသည်။ ဤတေဇောဓာတ်တည်းဟူသော ဥတုသည် မိမိ၏ဌီသို့ ရောက်မှသာလျှင် အတွင်း အဇ္ဈတ္တသန္တာန် (ခန္ဓာကိုယ် အတွင်း)၌ လည်းကောင်း၊ ဗဟိဒ္ဓသန္တာန် (ခန္ဓာကိုယ်ပြင်ပ) ၌ လည်းကောင်း ရုပ်ကိုဖြစ်စေနိုင်သည်။

အဇ္ဈတ္တသန္တာန်၌ ဥတုဇရုပ်ဖြစ်ပုံကို ရှင်းပြပါမည်။ ပဋိသန္ဓေ စိတ် ဥပါဒ်သည်နှင့်တစ်ပြိုင်နက် ပဋိသန္ဓေကမ္မဇရုပ်တည်းဟူသော ရုပ်ပေါင်း ၃၀၊ (ဘာဝဒသက၊ ကာယဒသက၊ ဝတ္ထုဒသက) တည်းဟူသော ကလာပ်စည်းသုံးစည်းသည်လည်း အတူတကွ ဥပါဒ်သည်။ ဤကလာပ်စည်းအသီးသီးတွင် တေဇောတည်း ဟူသော ဥတုလည်းပါဝင်သည်။ ယင်းဥတုသည် ပဋိသန္ဓေစိတ်၏ ဌီခဏ၌ မိမိ၏ဌီသို့ ရောက်သည်ဖြစ်၍ အားရှိသောကြောင့် ရုပ်ကိုဖြစ်စေသည်။

ဤကဲ့သို့ပင် ရုပ်ကလာပ်များတွင်ပါသော တေဇောဓာတ်ခေါ် ဥတုသည် ဠီတိ၏ ငြီသို့ အရောက်တွင် နောက်နောက်သော ရုပ်တို့ကို အစဉ်မပြတ် ဖြစ်စေသည်။

## ၄။ အာဟာရဇရုပ်

အာဟာရကြောင့်ဖြစ်သောရုပ်ကို အာဟာရဇရုပ်ဟု ခေါ်သည်။ စားစရာဟူသမျှ့ကို အာဟာရဟုခေါ်လေ့ရှိသော်လည်း ဤနေရာ၌ အာဟာရဟူသည်မှာ အဆီ၊ အနှစ်၊ အစေး တည်းဟူသော "ဩဇာ" ဓာတ်ကို အာဟာရဟုဆိုလိုသည်။ ဥတုဇရုပ်ကလာပ် ဖြစ်သော စားဖွယ်သောက်ဖွယ်တို့တွင်ပါရှိသော ဩဇာသည် မည်သည့် နည်းဖြင့်မဆို ခန္ဓာကိုယ်တွင်းသို့ ရောက်ရှိသွားသောအခါ ရောက်လေရာ အရပ်တို့၌ အသစ်အသစ် ဥပါဒ်ပြီးနောက် ငြီသို့ အရောက်တွင် ရုပ်ကိုဖြစ်စေသည်။

ထိုသို့ဖြစ်စေရာ၌ အစာအာဟာရတွင်ပါသော ဩဇာသည် ခန္ဓာကိုယ်အတွင်း၌ရှိသော အဇ္ဈတ္တဩဇာ၏ အထောက်အပံ့ကို ရ၍ ရုပ်ကိုဖြစ်စေသည်။ ဤရုပ်တို့ကို ဩဇာတည်းဟူသော အာဟာရ ကြောင့် ဖြစ်သဖြင့် အာဟာရဇရုပ်ဟု ခေါ်သည်။

ကမ္မဇရုပ်နှင့် စိတ္တဇရုပ်သည် ဟိတ်ကြောင့်လည်း ဖြစ်နိုင်သည်။ ဟိတ်မပါဘဲလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် သဟိတ်ကမ္မဇရုပ်၊ သဟိတ်စိတ္တဇရုပ်ဟူ၍လည်းကောင်း၊ အဟိတ်ကမ္မဇရုပ်၊ အဟိတ် စိတ္တဇရုပ် ဟူ၍လည်းကောင်း နှစ်မျိုးစီခွဲထားသည်။

ဥတုဇရုပ်နှင့် အာဟာရဇရုပ်သည် မည်သည့်ဟိတ်ကြောင့်မျှ မဖြစ်။ ထို့ကြောင့် ယင်းရုပ်နှစ်မျိုးသည် ဟေတုပစ္စည်းနှင့်မသက်ဆိုင်။

## ပဋိသန္ဓေအခါ ပဝတ္တိအခါ

သတ္တဝါတစ်ဦး ပဋိသန္ဓေနေသည် (ပဋိသန္ဓေစိတ် ဥပါဒ်သည်) ကစ၍ စုတေသည်အထိကာလတစ်ခုလုံးကို အဘိဓမ္မာနည်းအရ

နှစ်မျိုးခွဲခြားထားသည်။ ပဋိသန္ဓေဥပါဒ် (ဖြစ်) ခဏကို ပဋိသန္ဓေအခါ ဟုခေါ်သည်။ ပဋိသန္ဓေစိတ်သည် (ဌီ) ခဏမှ စ၍ စုတိစိတ် ကျသည်အထိကာလကို "ပဝတ္တိအခါ" ဟုခေါ်သည်။ ကမ္မဇရုပ်သည် ပဋိသန္ဓေစိတ် ဥပါဒ် (ဖြစ်) ခဏမှ စ၍ စုတေသည်အထိ ဖြစ်ပျက်လျက် မပြတ်ဖြစ်ပေါ်နေသောကြောင့် ပဋိသန္ဓေခါ ပဝတ္တိအခါ နှစ်မျိုးလုံးနှင့် သက်ဆိုင်နေသည်။ ထို့ကြောင့် ကမ္မဇရုပ်ကို ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် ဟူ၍ နှစ်မျိုးခွဲခြားခေါ်သည်။ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇ ရုပ်တို့မှာ ပဝတ္တိအခါမှာသာ ဖြစ်နိုင်သောကြောင့် ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ ဟု နှစ်မျိုးခွဲခြား ခေါ်ရန်မလို။

အထက်ပါစကားရပ်များအရ "တံသမုဋ္ဌာနာနဥ္စရူပါနံ"တွင် "ရူပါနံ" ကို "ရုပ်ကိုသာ" ဟု မြန်မာမပြန်ဘဲ လိုအပ်သမျှသာ "စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်"ဟု မြန်မာပြန်ခြင်းဖြစ်သည်။ (ပဝတ္တိ အခါမှာဖြစ်သော) သဟိတ်စိတ္တဇရုပ်နှင့် (ပဋိသန္ဓေအခါမှာဖြစ်သော) သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ကို ဆိုလိုသည်။

## ကျေးဇူးပြုခြင်း

ဟေတုပစ္စယေနပစ္စယော (ရင်းမြစ်မူလ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်) ဟုပြဆိုထားရာတွင် ကျေးဇူးပြုသောတရားတို့မှာ (ဟေတု) ဟိတ် ၆–ပါးတို့ ဖြစ်သည်။ ဤသို့ဟိတ် ၆–ပါး ဟူ၍ သိမ်းကျုံးပေါင်းစုဆိုထားသည်ကို ဟိတ်တစ်ခုစီ၊ တစ်ခုစီ ခွဲခြားတင်ပြ ပါမည်။

ဤတွင် အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါးကို ကုသိုလ်ဟိတ်၊ အဗျာကတဟိတ်ဟု ခွဲခြားတင်ပြပါမည်။

## (က) အကုသိုလ်ဟိတ် ၃–ပါး

### ၁။ လောဘဟိတ်

(စာမျက်နှာ ၁၆ တွင် လောဘဟိတ်ဟု ခေါင်းစဉ်တပ်ထားသော စာပိုဒ်ကို တင်ကြိုဖတ်ပါ။ ဤအတူ ကျန်သောဟိတ်တို့တွင် သက်ဆိုင်ရာတင်ကြိုဖတ်နှင့်ပါ။)

လောကီဝတ္ထုအာရုံကို လိုချင်သော သဘောတရားသည် လောဘစေတသိက် ဖြစ်သည်။ (ဝါ) လောဘဟိတ် ဖြစ်သည်။ ဤလောဘစေတသိက် ဖြစ်လာသောအခါ ယင်းစေတသိက်သည် ဖြစ်မြဲဓမ္မတာအတိုင်း သက်ဆိုင်ရာစေတသိက်အချို့နှင့်လည်းကောင်း၊ စိတ်နှင့်လည်းကောင်း ယှဉ်တွဲ၍ ဖြစ်ရသည်။

ဖြစ်ပေါ်လာသော လိုချင်မှု သဘောတရား (လောဘစေတသိက်) ၏ သတ္တိစွမ်းအားထက်ခြင်း၊ နုံ့ခြင်းအခြေအနေကိုလိုက်၍ ဤအတွဲ မျိုး ၈–တွဲအထိ ဖြစ်လာနိုင်သည်။ ဤအတွဲ ၈–တွဲကို လောဘမူစိတ် ၈–ပါးဟု ခေါ်သည်။ ထိုလောဘမူစိတ် ၈–ပါး အသီးသီးတွင် ပါဝင်သော စေတသိက်တို့ကို စုပေါင်းယူလျှင် လောဘစေတသိက် အပါအဝင် စေတသိက် ၂၄–ပါး ရသည်။ ထို့ကြောင့် လောဘစေတသိက် (လောဘဟိတ်) နှင့်ယှဉ်သော စေတသိက်တို့မှာ ၂၃–ပါး၊ စိတ်မှာ ၈–ပါး ဖြစ်သည်။

လောဘစေတသိက် ဖြစ်လာသောအခါ ဆိုခဲ့သောစိတ်သိမ်းကျုံးပေါင်းစုဆိုထားသည်ကို ဟိတ်တစ်ခုစီ၊ တစ်ခုစီ ခွဲခြားတင်ပြဖြစ်လာသည်။ ယင်းရုပ်သည် စိတ်စေတသိက်တို့ကြောင့် ဖြစ်လာ၍ ယင်းရုပ်ကို စိတ္တဇရုပ်ဟု ခေါ်သည်။ လောဘစေတသိက် (လောဘဟိတ်) နှင့်ယှဉ်သောစိတ်စေတသိက်ကြောင့် ဖြစ်လာသဖြင့် သဟိတ်စိတ္တဇရုပ်ခေါ်သည်။

အထက်ပါ ပြဆိုခဲ့သော နာမ်တရားနှင့် ရုပ်တရားတို့ ဖြစ်ပေါ်လာခြင်း၏ အကြောင်းမူလမှာ လောဘစေတသိက်ဖြစ်သည်။

ထို့ကြောင့် လောဘစေတသိက် (ဝါ) လောဘဟိတ်သည် လောဘမူစိတ် ၈-ပါးနှင့် စေတသိက် ၂၃-ပါး ဟူသော နာမ်တရားကိုလည်းကောင်း၊ သဟိတ်စိတ္တဇရုပ်ဟူသော ရုပ်တရားတို့ကိုလည်းကောင်း ရင်းမြစ်မူလ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

**၂။ ဒေါသဟိတ်**

မနှစ်သက်စရာ အာရုံတစ်ခုခုနှင့် တွေ့ရသောအခါ စိတ်မသက်မသာဖြစ်ခြင်း၊ စိတ်တိုခြင်း၊ စိတ်ဆိုးခြင်းဖြစ်လာသည်။ ဤသို့ဖြစ်လာသည်မှာ ဒေါသစေတသိက် ဖြစ်လာခြင်းဖြစ်သည်။

ဤသို့ဒေါသစေတသိက် ဖြစ်လာသောအခါ (အထက်ပါ လောဘဟိတ်တွင် ပြခဲ့သကဲ့သို့ပင်) သက်ဆိုင်ရာစေတသိက်တို့နှင့် စိတ်သည်လည်း ယင်းအဒေါသ စေတသိက်နှင့်အတူ ဖြစ်လာသည်။ ဤသို့ဖြစ်လာသော စေတသိက်နှင့် စိတ်တည်းဟူသောနာမ်တရားကို ဒေါသမူစိတ်ဟု ခေါ်သည်။

ဒေါသစေတသိက်၏ သတ္တိစွမ်းအားကိုလိုက်၍ ဒေါသမူစိတ်မျိုးမှာ ၂-ပါးရှိသည်။ ထိုနှစ်ပါးတွင် ဒေါစေတသိက်အပါအဝင် စေတသိက် ၂၂-ပါးယှဉ်သည်။

ဒေါသစေတသိက်ဖြစ်လာသောအခါ သဟိတ်စိတ္တဇရုပ်လည်း ဖြစ်လာသေးသည်။

ဤသို့နာမ်တရားနှင့် ရုပ်တရားကို ဖြစ်လာကြရာ၌ ဒေါသစေတသိက်သည် အကြောင်းခံရင်းမြစ် တရားဖြစ်သည်။ ထို့ကြောင့် ဒေါသဟိတ်သည် ဒေါသမူစိတ် ၂-ပါး၊ စေတသိက်၂၀-ပါး တည်းဟူသော နာမ်တရားကိုလည်းကောင်း၊ သဟိတ်စိတ္တဇရုပ်ဟူသော ရုပ်တရားကိုလည်းကောင်း ရင်းမြစ်မူလ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## ၃။ မောဟဟိတ်

အမှန်ကိုမသိမှု သဘောတရားသည် မောဟစေတသိက်ဖြစ်သည်။ (လောဘဟိတ်တွင် ပြခဲ့သကဲ့သို့ပင်) မောဟစေတသိက်ကြောင့် မောဟမူစိတ် ၂-ပါးနှင့် မောဟအပါအဝင် စေတသိက် ၁၆-ပါးတည်းဟူသော နာမ်တရားသည်လည်းကောင်း၊ သဟိတ်စိတ္တဇရုပ်တည်းဟူသော ရုပ်တရားသည်လည်းကောင်း ဖြစ်လာသည်။ ဤသို့နာမ်နှင့်ရုပ် ဖြစ်လာရခြင်းမှာ မောဟစေတသိက် (မောဟဟိတ်) အကြောင်းခံ၍ ဖြစ်ရသည်။ ထို့ကြောင့် မောဟဟိတ်သည် မောဟမူစိတ် ၂-ပါး၊ စေတသိက် ၁၅-ပါးနှင့် သဟိတ်စိတ္တဇရုပ်ကို ရင်းမြစ်မူလ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

အထက်ပါကျေးဇူးပြုပုံကား မောဟဟိတ်၊ မောဟစေတသိက်ကိုသာ ပဓာနပြု၍ဆိုထားခြင်းဖြစ်သည်။

အမှန်စင်စစ်မှာ မောဟသည်သူ့ချည်း သန့်သန့်မဖြစ်၊ မောဟဖြစ်လျှင် လောဘဖြစ်စေ၊ ဒေါသဖြစ်စေ ဖြစ်နိုင်သည်။ ဤသို့ဖြစ်နိုင်သောကြောင့် မောဟဟိတ်သည် အကုသိုလ်စိတ် ၁၂-ပါး (လောဘမူစိတ် ၈၊ ဒေါသမူစိတ် ၂၊ မောဟမူစိတ် ၂) နှင့် မောဟကြဉ်သော အကုသိုလ်စိတ် ၁၂-ပါးမှာ ယှဉ်သော စေတသိက် ၂၇-ပါး ကိုလည်းကောင်း၊ သဟိက်စိတ္တဇရုပ်ကိုလည်းကောင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

### စုပေါင်းယူခြင်း

ရှင်းပြခဲ့သော လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်တို့၏ ကျေးဇူးပြုပုံကို စုပေါင်းယူလိုက်လျှင်-

အကုသိုလ်ဟိတ် သုံးပါးသည် အကုသိုလ်စိတ် ၁၂-ပါး (မောဟမွေး၌ မောဟကြဉ်သော) အကုသိုလ်စိတ် ၁၂-ပါးယှဉ်သည့်

စေတသိက် ၂၇–ပါး၊ သဟိတ်စိတ္တဇရုပ်ကိုရင် မြစ်မူလ ဟေတုပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်ဟု ရနိုင်သည်။

(ဤတွင် စေတသိက် ၂၇–ပါးမှာ အညသမာန် စေတသိက် ၁၃–ပါးနှင့် အကုသိုလ်စေတသိက် ၁၄–ပါး တို့ဖြစ်သည်။)

## (ခ) ကုသိုလ်ဟိတ် ၃–ပါး

အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် ဟူသော ကုသိုလ်သုံးပါးရှိရာတွင် လောကီအာရုံကို မလိုချင်မှုသဘောသည် အလောဘစေတသိက်ဖြစ်သည်။ စိတ်မခက်ထန်မှု၊ မကြမ်းတမ်းမှု သဘောသည် အဒေါသစေတသိက်ဖြစ်သည်။ အမှန်ကိုသိမှု သဘောသည် ပညိန္ဒြေစေတသိက် (အမောဟ) ဖြစ်သည်။ ယင်းစေတသိက် အသီးသီးသည် ကုသိုလ်စိတ်မှာယှဉ်လျှင် ယင်းတို့ကို အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်ဟု ခေါ်သည်။

အလောဘနှင့် အဒေါသ နှစ်ပါးသည် သောဘနစေတသိက် ၅၉–ပါးနှင့် ယှဉ်သည်။ ဤ ၅၉–ပါးတွင် (အညသမာန်းစေတသိက် ၁၃–ပါးနှင့် သောဘနစေတသိက်၂၅–ပါးဟူသော) စေတသိက် ၃၈–ပါးယှဉ်သည်။ ထို့ကြောင့် သောဘနစိတ် ၅၉–ပါး၊ အလောဘ၊ အဒေါသအသီးသီးမှ တစ်ပါးသော စေတသိက် ၃၇–ပါးသည် အလောဘ၊ အဒေါသအသီးသီးနှင့် ယှဉ်သော စိတ်စေတသိက် နာမ်တရား ဖြစ်သည်။

အမောဟသည် သောဘနစိတ် ၅၉–ပါးထဲက သောဘန ဝိပ္ပယုတ်စိတ် ၁၂–ပါးမှတစ်ပါး ကျန်သောစိတ် ၄၇–ပါး၊ (ဝါ) တိဟိတ်စိတ် ၄၇–ပါးနှင့်ယှဉ်သည်။ ဤစိတ် ၄၇–ပါးတွင် အထက်က ဆိုခဲ့သော စေတသိက် ၃၈–ပါးယှဉ်သည်။ ထို့ကြောင့် ယင်းစိတ်

၄၇–ပါး၊ အမောဟမှတစ်ပါးသော စေတသိက် ၃၇–ပါးသည် အမောဟနှင့် ယှဉ်သောစေတသိက် ဖြစ်သည်။

ဆိုခဲ့ပြီးသော အလောဘ၊ အဒေါသ၊ အမောဟ၊ ဤကုသိုလ်ဟိတ် ၃–ပါးနှင့် ယှဉ်သောစိတ်စေတသိက်တို့ကို ပေါင်းယူလျှင် သောဘနစိတ် ၅၉–ပါးနှင့် စေတသိက် ၃၈–ပါး ဖြစ်သည်။

ဤဟိတ်အသီးသီးကြောင့် သဟိတ်စိတ္တဇရုပ်လည်း ဖြစ်လာသေးသည်။

သို့ဖြစ်၍ ကုသိုလ်ဟိတ် ၃–ပါးသည် ယှဉ်ဖက် သောဘနစိတ် ၅၉–ပါး၊ စေတသိက် ၃၈–ပါး အားလည်းကောင်း၊ ဖြစ်ဖက် သဟိတ်စိတ္တဇရုပ်အားလည်းကောင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## (ဂ) အဗျာကတဟိတ် ၃–ပါး

အလောဘစေတသိက်၊ အဒေါသစေတသိက်၊ ပညိန္ဒြေစေတသိက် အသီးသီးသည် အဗျာကတစိတ် ၃–ပါးနှင့်ယှဉ်သောအခါ ယင်းတို့ကို အဗျာကတဟိတ်ဟု ခေါ်သည်။ အဗျာကတဟူသည်မှာ ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်းမဟုတ်သော တရားဖြစ်သည်။ ယင်းတို့မှာ (က) ဝိပါက်စိတ် ၃၆၊ (ခ) ကြိယာစိတ် ၂၇၊ (ဂ) ယင်း ဝိပါက်စိတ်နှင့်ကြိယာစိတ်တို့မှာယှဉ်သော စေတသိက် ၃၆၊ (ဃ)ရုပ် ၂၈၊ (င) နိဗ္ဗာန် ဖြစ်သည်။

အဗျာကတဟိတ်မှာ ဝိပါက်အဗျာကတနှင့် ကြိယာအဗျာကတ ဟူ၍ နှစ်မျိုးကွဲသည်။ ကြိယာအဗျာကတဟိတ်မှာ ကုသိုလ်ဟိတ်နှင့် အတူတူဖြစ်သည်။ ပုဂ္ဂိုလ်ကွဲ၍ ကွဲရခြင်း ဖြစ်သည်။ ဘုရား၊ ရဟန္တာတို့ သန္တာန်မှာဖြစ်သော အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်သည် ကြိယာအဗျာကတဟိတ်ဖြစ်သည်။ သို့ဖြစ်၍ ကြိယာအဗျာကတဟိတ်ကို ရှင်းပြရန်မလိုပါ။

ဝိပါက်အဗျာကတကို ရှင်းပြပါမည်။ ဝိပါက်အဗျာကတဟိတ်ကို ပဋိသန္ဓေအခါမှသာရသည်။ ယင်းဝိပါက် အဗျာကတဟိတ်တို့မှာ (က) ဒွိဟိတ်ပုဂ္ဂိုလ်၏ ပဋိသန္ဓေ (ဝိပါက်) စိတ်မှာယှဉ်သော အလောဘဟိတ်နှင့် အဒေါသဟိတ်၊ (ခ) တိဟိတ်ပုဂ္ဂိုလ်၏ ပဋိသန္ဓေ (ဝိပါက်)စိတ်မှာ ယှဉ်သောအလောဘဟိတ်၊ အဒေါသဟိတ်နှင့် အမောဟဟိတ်တို့ဖြစ်သည်။

ကမ္မဇရုပ်နှစ်မျိုးအနက် ပဋိသန္ဓေကမ္မဇ ရုပ်များသည် စိတ်နှင့် အတူဖြစ်ရ၊ တည်ရသဖြင့် တကွဖြစ်ဖက် ဟိတ်တရား၏ ကျေးဇူးပြုခြင်းကို ခံရသည်။ ပဝတ္တိကမ္မဇရုပ်များက စိတ်နှင့်ဆက်သွယ်ခြင်း မရှိ။ ရှေးကံနှင့်သာဆက်သွယ်ခြင်း ရှိသဖြင့် ဖြစ်ဖက်ဟိတ်တို့၏ ကျေးဇူးပြုခြင်းကို မခံရချေ။

ပဋိသန္ဓေအခါမှာ ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေကမ္မဇရုပ်သည် တစ်ပြိုင်နက် အတူတကွ ဖြစ်ကြသည်။ ထိုတစ်ပြိုင်နက်ဖြစ်သဖြင့် ပဋိသန္ဓေ (ဝိပါက်)စိတ်၏ ပဋိသန္ဓေကမ္မဇရုပ်ကို သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ သဟဇာတသတ္တိဆိုသည်မှာ မိမိဖြစ်သည်နှင့် တစ်ပြိုင်နက် အတူတကွဖြစ်နိုင်သည့် တရားတို့ကို ပေါ်လာအောင် ကျေးဇူးပြုသော သတ္တိဖြစ်သည်။ (ဤသဘောတရားကို သဟဇာတပစ္စည်း ကြောင်းကျိုးသက်ဝင်ပုံတွင် ရှင်းပြပါမည်။)

အလောဘဟိတ်နှင့် အဒေါသဟိတ်။ ဒွိဟိတ်ပုဂ္ဂိုလ်ဟူသည်မှာ အလောဘဟိတ်နှင့် အဒေါသဟိတ် တည်းဟူသော ဟိတ်၂-ပါးနှင့် ယှဉ်သော ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေနေသူဖြစ်သည်။ ပဋိသန္ဓေအခါတွင် ပဋိသန္ဓေစိတ်က ပဋိသန္ဓေကမ္မဇရုပ်အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ အထက်ကစာပိုဒ်တွင် ပြခဲ့သည့်အတိုင်း ဒွိဟိတ်ပုဂ္ဂိုလ်မှာ အလောဘဟိတ်၊ အဒေါသဟိတ်နှင့်ယှဉ်သော

ပဋိသန္ဓေ (ဝိပါက်) စိတ်က ပဋိသန္ဓေကမ္မဇရုပ်အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ထို့ကြောင့် အလောဘဟိတ်နှင့် အဒေါသဟိတ် ၂-ပါး(ဝိပါက်အဗျာကတဟိတ်)က ပဋိသန္ဓေကမ္မဇရုပ်အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ (ဝါ) ပဋိသန္ဓေကမ္မဇရုပ်ကို ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသည်။ ထို့ကြောင့် ယင်းပဋိသန္ဓေကမ္မဇရုပ်သည် အလောဘဟိတ်၊ အဒေါသဟိတ် တည်းဟူသော အဗျာကတဟိတ်ကြောင့် ဖြစ်လာသော ပဋိသန္ဓေကမ္မဇရုပ် ဖြစ်သည်။

အလောဘ၊ အဒေါသ၊ အမောဟ (ဟိတ် ၃-ပါး)။

တိဟိတ်ပုဂ္ဂိုလ်ဆိုသည်မှာ အလောဘ၊ အဒေါသ၊ အမောဟဟိတ် ၃-ပါးနှင့်ယှဉ်သော ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေနေသူ ဖြစ်သည်။ ဒွိဟိတ်ပုဂ္ဂိုလ်မှာကဲ့သို့ပင် ပဋိသန္ဓေအခါတွင် တိဟိတ်ပုဂ္ဂိုလ်၏ အလောဘ၊ အဒေါသ၊ အမောဟ(ဝိပါက်အဗျာကတ) ဟိတ်တို့က ပဋိသန္ဓေကမ္မဇရုပ်ကိုသဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ထို့ကြောင့် တိဟိတ်ပုဂ္ဂိုလ်၏ ပဋိသန္ဓေကမ္မဇရုပ်သည် အလောဘ၊ အဒေါသ၊ အမောဟဟူသော ဟိတ် ၃-ပါးကြောင့် ဖြစ်လာသော သဟိတ် ပဋိသန္ဓေကမ္မဇရုပ်ဖြစ်သည်။

အထက်ပါရှင်းပြချက်အရ နိဿယတွင် "ဓမ္မာနံ=စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား"ဟု ပြဆိုထားရာတွင် ပါသော ပဋိသန္ဓေကမ္မဇရုပ်သည် ဝိပါက် အဗျာကတဟိတ်ကြောင့် ဖြစ်လာသော ပဋိသန္ဓေကမ္မဇရုပ်၊ (ဝါ) သဟိတ်ကမ္မဇရုပ်ဟု ဆိုနိုင်သည်။

## (ဝိပါက်) အဗျာကတဟိတ်က ကျေးဇူးပြုပုံ

ဒွိဟိတ်ပုဂ္ဂိုလ် (လူ)၏ ပဋိသန္ဓေစိတ်မှာ အလောဘ၊ အဒေါသ၊ ဟိတ် ၂-ပါးနှင့်ယှဉ်သော ဉာဏဝိပ္ပယုတ်၊ မဟာဝိပါက်စိတ် ၄-ပါးထဲက တစ်ပါးဖြစ်သည်။ ဉာဏဝိပ္ပယုတ် မဟာဝိပါက်စိတ် ၄-ပါးတွင် အညသမာန်း စေတသိက် ၁၃-ပါးနှင့် သောဘနသာဓာရဏ

စေတသိက် ၁၉-ပါး၊ ပေါင်း ၃၂-ပါး ယှဉ်သည်။ ထို့ကြောင့် (ကုသိုလ်ဟိတ်တွင် ပြခဲ့သည့်နည်းအတိုင်း) အလောဘနှင့် အဒေါသ ဟိတ်ကိုပေါင်း၍ယူလျှင် အလောဘဟိတ်နှင့် အဒေါသဟိတ်သည် ဉာဏဝိပ္ပယုတ်မဟာဝိပါက်စိတ် ၄-ပါး၊ ယင်းတို့နှင်ယှဉ်သည့် စေတသိက် ၃၂-ပါး သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား ဟေတုပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

တိဟိတ်ပုဂ္ဂိုလ် (လူနှင့်နတ်)၏ ပဋိသန္ဓေ စိတ်သည် အလောဘ၊ အဒေါသ၊ အမောဟစိတ် ၃-ပါးနှင့် ယှဉ်သော ဉာဏသမ္ပယုတ် စိတ် ၄-ပါးထဲက တစ်ပါးပါးဖြစ်သည်။ ဉာဏ သမ္ပယုတ်မဟာဝိပါက်စိတ် ၄-ပါးတွင် အညသမာန်းစေတသိက် ၁၃-ပါး၊ သောဘနသာဓာရဏ စေတသိက် ၁၉-ပါး၊ ပညိန္ဒြေ စေတသိက် တစ်ပါး၊ ပေါင်း ၃၃-ပါး ယှဉ်သည်။

ထို့ကြောင့် ဟိတ်၃-ပါးတို့ကိုပေါင်းယူသော် အလောဘ၊ အဒေါသ၊ အမောဟဟိတ် ၃-ပါးသည် ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ် ၄-ပါး၊ ယင်းတို့နှင်ယှဉ်သော စေတသိက် ၃၃-ပါး၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသည်။

အထက်ပါ ကဲ့သို့ပင် တိဟိတ် (ရူပဗြဟ္မာ) တို့အဖို့ ရူပ ဝိပါက်စိတ် ၅၊ ယှဉ်ဖက်စေတသိက် ၃၅၊ သဟိတ်ပဋိသန္ဓေကမ္မဇ ရုပ်ကို ဟေတုသတ္တိဖြင့် ကျေးဇူးပြုသည်။ အရူပဗြဟ္မာတို့အဖို့မှကား အရူပစိတ် ၄-ပါး၊ ယှဉ်ဖက်စေတသိက် ၃၅-တို့အား ကျေးဇူးပြုသည်။ (ရူပဝိပါက်စိတ် ၅-ပါး၌ အညသမာန်းစေတသိက် ၁၃-ပါး ဝိရတီကြဉ်သော သောဘနစေတသိက် ၂၂-ပါး၊ ပေါင်း ၃၅-ပါး ယှဉ်သည်။ အရူပဝိပါက်စိတ် ၄-ပါး၌ ဝိတက် ဝိစာရ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၀-ပါး၊ ဝိရတိ အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၀-ပေါင်း ၃၀-ယှဉ်သည်။)

ဒွိဟိတ် တိဟိတ် ပုဂ္ဂိုလ် အားလုံးအဖို့ စုပေါင်းယူသော် အလောဘ၊ အဒေါသ၊ အမောဟဟူသော (ဝိပါက်) အဗျာကတ ဟိတ်သုံးပါးသည် မဟာဝိပါက်စိတ် ၈၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉၊ ယင်းတို့နှင့်ယှဉ်သော စေတသိက် ၃၅ နှင့် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ကို ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ယူနိုင်သည်။

အကုသိုလ်ဟိတ် ၃-ပါး၊ ကုသိုလ်ဟိတ် ၃-ပါး၊ အဗျာကတဟိတ် ၃-ပါးတို့က ကျေးဇူးပြုပုံကို စုပေါင်းယူလျှင်-

လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ဟိတ် ခြောက်ပါးသည် သဟိတ်စိတ် ၇၁-ပါး၊ မောဟမူ့ခွေး၌ မောဟကြဉ်သော စေတသိက် ၅၂-ပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေကမ္မဇရုပ်တို့သည် ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ (ဟေတုပစ္စည်းတွင် နာမ်က နာမ်ရုပ်ကို ကျေးဇူးပြုသည်။)

အထက်ပါကျေးဇူးပြုပုံကို ပစ္စည်းပစ္စယုပ္ပန်အဖြစ်ဖြင့် အောက်ပါ အတိုင်းယူနိုင်သည်။

## ဟေတုပစ္စည်းပစ္စယုပ္ပန်

၁။ လောဘဟိတ်၊ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်ဟူသော ဟိတ် ၆-ပါးသည် ဟေတုပစ္စည်းတရားဖြစ်သည်။

၂။ သဟိတ်စိတ် ၇၁၊ မောဟမူ့ခွေး၌ မောဟကြဉ်သော စေတသိက် ၅၂၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်သည် ဟေတုပစ္စယုပ္ပန်တရားဖြစ်သည်။ (ပစ္စယုပ္ပန်တွင် မောဟမူ့ခွေး၌ မောဟ ကြဉ်သော်လည်း လောဘမူ့ခွေး၊ ဒေါသမူ့ခွေး၌ ယှဉ်သော မောဟရှိသေးသည်။ ထို့ကြောင့် စေတသိက် ၅၂- ဟု ဆိုလိုသည်။)

## ပြန်လည်သုံးသပ်ချက်

ဤဟေတုပစ္စည်း၌ ဟိတ်ခြောက်ပါးတည်းဟူသော နာမ်တရားသည် မိမိနှင့်ယှဉ်သောနာမ်တရားတို့အားလည်းကောင်း၊ မိမိကြောင့်ဖြစ်သော ရုပ်တရားတို့အားလည်းကောင်း ကျေးဇူးပြုနေရာ သတ္တဝါတို့နေထိုင်ရာ ၃၁–ဘုံအလုံးစုံတွင် ဤပစ္စည်းကိုရနိုင် မရနိုင်ကိုဆင်ခြင်သုံးသပ်သင့်သည်။

သတ္တဝါနေထိုင်ရာ ၃၁–ဘုံတွင် ကာမ ၁၁–ဘုံ၊ ရူပ၁၆–ဘုံ၊ အရူပ ၄–ဘုံတို့ပါဝင်သည်။ လူ့ပြည်နှင့် နတ်ပြည် ၆–ထပ်သည် သုဂတိဘုံဖြစ်၍ အပါယ်ဘုံသည် ဒုဂ္ဂတိဘုံဖြစ်၍ ရူပ ၁၆–ဘုံတွင်ပါဝင်သော အသညသတ်ဘုံခေါ် ဗြဟ္မာဘုံ၌ ရှိသောသတ္တဝါတို့မှာ ရူပက္ခန္ဓာဟူသော ရုပ်ခန္ဓာသာ ရှိသောကြောင့် ထိုဘုံကို ဧကဝေါကာရဘုံဟု ခေါ်သည်။ အရူပခေါ် ရုပ်မရှိသောဗြဟ္မာဘုံ ၄–ဘုံတွင်ဖြစ်သောသတ္တဝါတို့မှာ နာမ်ခန္ဓာ ၄–ပါးသာရှိ၍ စတုဝေါကာရဘုံဟု ခေါ်သည်။ ယင်းတို့မှကြွင်းသော ရူပ ၁၆–ဘုံနှင့် ကာမ ၁၁–ဘုံတို့၌ ဖြစ်သောသတ္တဝါတို့မှာ ခန္ဓာငါးပါးလုံးရှိသဖြင့် ပဉ္စဝေါကာရဘုံဟု ခေါ်သည်။

အသညသတ်ဘုံ၌ ဟိတ် (နာမ်) မရှိရကား ဟေတုပစ္စည်း မရနိုင်။ ဟိတ်(နာမ်) တရားတို့သည် အရူပ ၄–ဘုံ၌ နာမ်တရားကိုသာ ကျေးဇူးပြုနိုင်သည်။ ပဉ္စဝေါကာရဘုံကား ရုပ်နာမ်နှစ်ပါးကို ကျေးဇူးပြုနိုင်သည်။

# အခန်း (၃)

# အာရမ္မဏပစ္စည်း

## အာရုံ

အာရုံပြုသည်၊ အာရုံပြတ်သည်၊ အာရုံခံစားသည်၊ အာရုံခံတန်ဆောင်း၊ အာရုံ ၆-ပါး စသည်ဖြင့် "အာရုံ"ဟူသော စကားကို သုံးစွဲနေကြသည်။ ထို သုံးစွဲနေကြသူတို့အား "အာရုံဆိုသည်မှာ အဘယ်နည်း"ဟု မေးမြန်းခဲ့ပါလျှင် သဘောပေါက် နားလည်အောင် ဖြေဆိုနိုင်ဖို့ရန် လွယ်ကူမည် မဟုတ်ပေ။ သို့သော် ရှေးရှေးသော ဆရာ အဆက်ဆက်တို့က မိန့်ဆို ရှင်းလင်းခဲ့သည့်အတိုင်း ဖြေပါလျှင် မှားယွင်းနိုင်မည် မဟုတ်ပေ။ ရှေးဆရာတို့ မိန့်ဆိုခဲ့သော အာရုံ၏ အဓိပ္ပာယ်ကို ယခုတင်ပြမည့် အာရမ္မဏပစ္စည်း၏ အဓိပ္ပာယ်တွင် တွေ့ရပါလိမ့်မည်။

## အာရမ္မဏပစ္စည်း၏အဓိပ္ပာယ်

ဟေတုပစ္စည်းကို စာမျက်နှာ ၁၅-တွင် ပြထားသကဲ့သို့ "အာရမ္မဏပစ္စည်း"ဟူသော အမည်နာမတွင် "အာရမ္မဏ"ဟူသော ပါဠိစကားသည် ယင်းပစ္စည်း၏ အလုပ်ကိစ္စ၏ အမည်နာမ ဖြစ်သည်။ မြန်မာဘာသာအားဖြင့် "မွေ့လျော်ဖွယ်ရာ"ဟု အဓိပ္ပာယ်ရှိသည်။ ထို့ကြောင့် အာရမ္မဏပစ္စည်း ဆိုသည်မှာ အာရမ္မဏ ကိစ္စဖြင့် (ပစ္စယုပ္ပန်တရားကို) ကျေးဇူးပြုသော အကြောင်းတရား ဖြစ်သည်။ (ဝါ) မွေ့လျော်ဖွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုသော တရား ဖြစ်သည်။

ဤသို့ဆိုရာတွင် ၂၄-ပစ္စည်းတရားတို့သည် ပရမတ်တရားတို့၏ သဘာဝကို ဟောကြားထားသော တရားဒေသနာတော်

ဖြစ်သဖြင့် "အာရမ္မဏ"ကို စိတ်၏ မွေ့လျော်ဖွယ်ရာဟု အဓိပ္ပာယ် ကောက်ယူပြီး အာရမ္မဏပစ္စည်း ဆိုသည်မှာ စိတ်၏ မွေ့လျော်ဖွယ်ရာ ဖြစ်၍ (ဝါ) စိတ်၏ မွေ့လျော်ဖွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုသော တရားဖြစ်သည်ဟု ဆိုကြသည်။

## အာရမ္မဏ မှ အာရုံ

အာရမ္မဏ ဟူသော ပါဠိစကားကို "အာရုံ"ဟု ပြုပြင်ကာ မြန်မာဘာသာအဖြစ်ဖြင့် သုံးစွဲနေကြသောကြောင့် "အာရုံ"ဟူသော စကားသည် မွေ့လျော်ဖွယ်ရာ (ဝါ) စိတ်၏ မွေ့လျော်ဖွယ်ရာဟု အဓိပ္ပာယ်ရသည်။

ထို့ကြောင့် အာရမ္မဏပစ္စည်း ဆိုသည်မှာ အာရုံအဖြစ်ဖြင့် ကျေးဇူးပြုသောတရား ဖြစ်သည်ဟု ဆိုကြသည်။ အာရုံမှာ ၆-ပါး ရှိသဖြင့် အာရုံ ၆-ပါးဖြစ်၍ ကျေးဇူးပြုသော တရားဖြစ်သည် ဟုလည်း ဆိုကြသည်။

ဤပစ္စည်း၏ အဓိပ္ပာယ်ကို နားလည်အောင် ရှေးဆရာတို့က ဤ အာရမ္မဏပစ္စည်းသည် ဥယျာဉ်ကြီးနှင့်တူသည်ဟု ဥပမာပြ ကြသည်။

## ဥယျာဉ်ပမာ

အာရုံဟူသည် အလွန် သာယာလှသာ ဥယျာဉ်ကြီးနှင့် တူသည်။ အမျိုးမျိုးသော အသီးအပွင့်တို့ဖြင့် သီးနေ ပွင့်နေသော ဥယျာဉ်ကြီးသည် လူအပေါင်းတို့၏ မွေ့လျော်ဖွယ်ရာ ဖြစ်သည်။ ဤအတူ အာရုံသည်လည်း စိတ်စေတသိက်တို့၏ မွေ့လျော်ဖွယ်ရာ ဖြစ်သည်။ ထို့ကြောင့် အာရုံသည် ဥယျာဉ်ကြီးနှင့် တူသည်ဟု ရှင်းပြကြသည်။

အာရုံ၏ အဓိပ္ပာယ်ကို ဆရာတို့က နောက်တစ်နည်း မိန့်ဆို

ကြသေးသည်။

## အာလမ္ဗဏ မှ အာရုံ

အာရုံဟူသော စကားသည် အာလမ္ဗဏ ဟူသော ပါဠိစကား မှ ဆင်းသက်လာသည်။ အာလမ္ဗဏ ဟူသည်မှာ တောင်ဝှေး ကြိုးတန်း စသည်တို့ကဲ့သို့ ဆွဲမှီရာ ဆွဲကိုင်ရာ ဝတ္ထုပစ္စည်းမျိုး ဖြစ်သည်။ တောင်ဝှေး ကြိုးတန်း စသည်တို့သည် မစွမ်းမသန်သူတို့၏ ကိုင်တွယ်ရာ၊ ဆွဲမှီရာ ဖြစ်သကဲ့သို့ အာရုံသည်လည်း စိတ်စေတသိက်တို့၏ ဆွဲမှီရာ ဖြစ်သည်။

## အာရမ္မဏပစ္စယသတ္တိ

အလွန်တရာ လှပတင့်တယ်သော ဥယျာဉ်ကြီးသည် လူအပေါင်းတို့၏ မွေ့လျော်ဖွယ်ရာကိုဆောင်သော သတ္တိရှိသကဲ့သို့လည်းကောင်း၊ တောင်ဝှေး ကြိုးတန်း စသည်တို့သည် မသန်မစွမ်းသူတို့၏ ဆွဲမှီရာ ကိုင်စွဲရာကို ဆောင်သောသတ္တိ ရှိသကဲ့သို့လည်းကောင်း အာရုံမှာလည်း စိတ်စေတသိက်တို့ မွေ့လျော်ဖွယ်ရာ၊ ဆွဲကိုင် မှီခိုရာကိုဆောင်သော သတ္တိရှိသည်။ ယင်း သတ္တိထူးကို အာရမ္မဏပစ္စယ သတ္တိဟု ခေါ်သည်။

## ပြန်လည်သုံးသပ်ချက်

### အာရုံနှင့်အရုဏ်

အထက်တွင် တင်ပြခဲ့ပြီးသော အာရုံ၏ အဓိပ္ပာယ်နှင့် ပတ်သက်၍ သတိပြုဖွယ်ရာ တစ်ချက်ကို တင်ပြလိုပါသည်။ အာရုံတက်သည်။ အာရုံဆွမ်းကပ်သည်။ အာရုံတော် ဟူ၍ ပြောနေကြသည်။ ဤအတိုင်း ရေးလည်း ရေးနေကြသည်။ ဤသို့ သုံးနေကြသော အာရုံသည် အထက်တွင် ရှင်းပြခဲ့ပြီးသော အာရုံမျိုး မဟုတ်ပါ။ အဓိပ္ပာယ် ကွဲပြားပါသည်။

နံနက်အချိန် နေထွက်လုနီးနီး နေထွက်စအချိန်တွင် ပေါ်ထွက်လာသော ရောင်ခြည်နုနုလေးကို ပါဠိဘာသာတွင် "အရုဏ"ဟုခေါ်သည်။ ယင်း"အရုဏ"ကို ပြုပြင်ကာ မြန်မာစကားအဖြစ် သုံးစွဲခြင်းဖြစ်သည်။ ထို့ကြောင့် ဆိုခဲ့သော စကားလုံးကို "အရုဏ် တက်သည်၊ အရုဏ်ဆွမ်း ကပ်သည်၊ အရုဏ်တော်" ဟု ပြောမှ ရေးမှသာ သတ်ပုံ မှန်ပါလိမ့်မည်။

## အာရုံရှိမှစိတ်ရှိသည်

အာရုံ၏ အဓိပ္ပာယ် ရှင်းလင်းချက်တို့တွင် အာရုံသည် ဥယျာဉ်နှင့်တူကြောင်း၊ တောင်ဝှေး ကြိုးတန်း စသည်တို့နှင့် တူကြောင်းကို ပြဆိုထားခဲ့သည်။ ယင်း ဥပမာတို့၏ ဆိုလိုရင်း အဓိပ္ပာယ်ကို အောက်ပါအတိုင်း ထုတ်ယူနိုင်သည်။

ဥယျာဉ်ကြီးသည် အလွန် သာယာလှပသောကြောင့် လူတို့၏ မွေ့လျော်ဖွယ်ရာဖြစ်သဖြင့် လူအပေါင်းတို့အား မလာဘဲ မနေနိုင်အောင် စွမ်းဆောင် ဖန်တီးနိုင်သကဲ့သို့ လည်းကောင်း၊ တောင်ဝှေး ကြိုးတန်း စသည်တို့သည် မစွမ်းမသန်သူတို့က ထခြင်း၊ ထိုင်ခြင်း၊ သွားခြင်း ကိစ္စတို့ကို ပြီးမြောက်စေအောင် လုပ်ဆောင်ပေးသကဲ့သို့ လည်းကောင်း၊ အာရုံသည် စိတ်စေတသိက်တို့ကို ဖြစ်ပေါ်လာအောင် စွမ်းဆောင် ဖန်တီးနိုင်သည် ဟူ၍ ဆိုလိုရင်း အဓိပ္ပာယ် ပေါ်လာသည်။

ထိုသို့အားဖြင့် အာရုံသည် စိတ်စေတသိက်တို့ ဖြစ်ပေါ်လာအောင် စွမ်းဆောင်နိုင်၊ ဖန်တီးနိုင်သော တရားဖြစ်ရကား အာရုံနှင့်ကင်း၍ စိတ်မဖြစ်နိုင်။ အာရုံမရှိဘဲ စိတ်မဖြစ်နိုင်။ စိတ်စေတသိက်တို့သည် အာရုံကို အကြောင်းပြု၍ ဖြစ်ပေါ်လာကြသည်။ အာရုံကြောင့် စိတ်စေတသိက်တို့ ဖြစ်ပေါ်လာကြသည်။ သတ္တဝါအားလုံး

ပ၍ ဖြစ်ပေါ်လာသော စိတ်တို့သည် အာရုံကြောင့် ဖြစ်လာကြသည်။ ထို့ကြောင့် အာရုံရှိမှ စိတ်ရှိသည်။ အာရုံမရှိ စိတ်မရှိဟု ဆိုလေ့ရှိသည်။

### အာရုံနှင့်အာရမ္မဏိက

အာရမ္မဏိက ဟူသော ပါဠိစကားသည် အာရုံနှင့် စပ်ဆိုင်သော စကားဟု ဆိုလိုသည်။ စိတ်စေတသိက်ကို ဆိုလိုရင်း ဖြစ်သည်။ ယင်းစကားကို အာရုံနှင့် တွဲဖက်၍ "အာရုံ-အာရမ္မဏိက" ဟု ဆိုလေ့ရှိကြသည်။

### အာရမ္မဏပစ္စည်းကိုဟောထားပုံ

အာရုံကို အမှီပြု၍ အကြောင်းပြု၍ စိတ်စေတသိက်တို့ ဖြစ်ပေါ်လာသည်ကို အထက်တွင် ရှင်းလင်းတင်ပြခဲ့ပြီ။ ဤသဘောတရားကို နားလည်စေရန် ဗုဒ္ဓရှင်တော်မြတ်သည် ရှိရှိသမျှသော အာရုံ အားလုံးကို အာရုံ ၆-ပါးဟူ၍ လည်းကောင်း၊ ရှိရှိသမျှ စိတ်တို့ကို ဝိညာဏဓာတ် ၇-ပါးဟူ၍ လည်းကောင်း ပိုင်းခြားကာ မည်သည့် အာရုံကြောင့် မည်သည့် ဝိညာဏဓာတ် (စိတ်စေတသိက်) တို့ ဖြစ်ပေါ်လာသည်ကို ဤအာရမ္မဏပစ္စည်းတွင် ဟောတော်မူခဲ့သည်။

သို့ဖြစ်၍ အာရုံ ၆-ပါးနှင့် ဝိညာဏဓာတ် ၇-ပါးတို့ကို ယခု တင်ပြပါမည်။

## အာရုံ ၆–ပါး

၁။ ရူပါရုံ ဟူသည်မှာ အဆင်း(ရူပ) ဟူသမျှဖြစ်သည်။
၂။ သဒ္ဒါရုံ ဟူသည်မှာ အသံ(သဒ္ဒ) ဟူသမျှဖြစ်သည်။
၃။ ဂန္ဓာရုံ ဟူသည်မှာ အနံ့(ဂန္ဓ) ဟူသမျှဖြစ်သည်။
၄။ ရသာရုံ ဟူသည်မှာ အရသာ(ရသ) ဟူသမျှဖြစ်သည်။
၅။ ဖောဋ္ဌဗ္ဗာရုံ ဟူသည်မှာ အတွေ့အထိ(ဖောဋ္ဌဗ္ဗ)ဟူသမျှ ဖြစ်သည်။ (ပထဝီ၊ တေဇော၊ ဝါယော ဟူသော မဟာဘုတ် သုံးပါးကို တွေ့ထိအပ်သည်ဖြစ်၍ ဖောဋ္ဌဗ္ဗဟု ခေါ်သည်။

ပြဆိုခဲ့ပြီးသော အာရုံငါးပါးသည် လူအသိများသော၊ အပြော များသော အာရုံငါးပါး ဖြစ်သည်။ ယင်းအာရုံငါးပါးကို ပဉ္စာရုံဟု ခေါ်လေ့ရှိသည်။ ယင်းအာရုံငါးပါးမှာ ရုပ်တရားများဖြစ်၍ ရုပ်အာရုံ ဟုလည်း ခေါ်ကြသည်။

၆။ ဓမ္မာရုံသည် အာရုံငါးပါးမှတစ်ပါး ကျန်သော အာရုံဟူသမျှ ဖြစ်သည်။ ယင်း ဓမ္မာရုံတွင် ပသာဒရုပ် ငါးပါး၊ သုခုမရုပ် ၁၆–ပါး၊ စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါး၊ နိဗ္ဗာန်နှင့် ပညတ်ဟူ၍ ခြောက်ပါး ပြားသည်။ ရုပ် ၂၈–ပါးအနက် ပဉ္စာရုံ ဖြစ်သော ရုပ် ၇–ပါး၊ ပသာဒရုပ် ၅–ပါး၊ နှစ်ရုပ်ပေါင်း ရုပ် ၁၂ – ပါးကို ဩဠာရိကရုပ်ဟု ခေါ်သည်။ ကျန်သော ရုပ် ၁၆–ပါးကို သုခုမရုပ်ဟု ခေါ်သည်။

## ဝိညာဏဓာတ် ၇–ပါး

ဝိညာဏစိတ်(ဝိညာဏဓာတု) ဆိုသည်မှာ သိတတ်သော သဘောတရား ဖြစ်သည်။ သိသောစိတ် (အသိစိတ်) ဖြစ်သည်။ ဝိညာဏ ဟူသော ပါဠိစကားကို ပြုပြင်ကာ ဝိညာဏ် ဟူ၍ လည်းကောင်း၊ ဝိညာဉ် ဟူ၍လည်းကောင်း ခေါ်ကြသည်။ ဝိညာဏ

ဓာတ်ကို ဝိညာဏ်စိတ် ဟုလည်းခေါ်သည်။ ဝိညာဏဓာတ် ၇-ပါးမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ စက္ခုဝိညာဏဓာတ် - မြင်၍သိသောစိတ် - မြင်စိတ်၊
၂။ သောတဝိညာဏဓာတ် - ကြား၍သိသောစိတ် - ကြားစိတ်၊
၃။ ဃာနဝိညာဏဓာတ် - နံ၍သိသောစိတ် - နံစိတ်၊
၄။ ဇိဝှါဝိညာဏဓာတ် - စား၍သိသောစိတ် - စားစိတ်၊
၅။ ကာယဝိညာဏဓာတ် - တွေ့ထိ၍သိသောစိတ် - ထိသိစိတ်၊
၆။ မနောဓာတ် - အာရုံကို သာမန်မျှ ဝိုးဝါးမျှ သိတတ်သော သဘောတရား၊
၇။ မနောဝိညာဏဓာတ် - စက္ခုဝိညာဏ် စသော ဝိညာဏ် ငါးပါးထက် ပို၍သိတတ်သော သဘောတရား

**ဓာတ်သုံးပါး**

ပြဆိုခဲ့သော ဝိညာဏဓာတ်(၇)ပါး၊ စိတ် ၈၉-ပါးကို မနောဓာတ်၊ ဝိညာဏဓာတ်၊ မနောဝိညာဏဓာတ် ဟူ၍ ဓာတ်သုံးပါး အနေဖြင့်လည်း ပြဆိုနိုင်သည်။

၁။ မနောဓာတ်တွင် ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းနွေး ပေါင်း ၃-ပါး ပါဝင်သည်။ ယင်းသုံးပါးကို မနောဓာတ် သုံးပါးဟု ခေါ်ကြသည်။

ပဉ္စဒွါရာဝဇ္ဇန်းသည် အာရုံငါးပါးကို ဆင်ခြင်သောစိတ် ဖြစ်သည်။ အဟိတ်ကြိယာစိတ် ၃-ပါးတွင် ပါဝင်သည်။ သမ္ပဋိစ္ဆိုင်းစိတ်သည် အာရုံကိုခံယူသော စိတ်ဖြစ်သည်။ အကုသလဝိပါက်စိတ် ၇-ပါးတွင် ပါဝင်သော ဥပေက္ခာ သဟဂုတ်သမ္ပဋိစ္ဆိုင်းစိတ်နှင့် ကုသလဝိပါက် ၈-ပါးတွင် ပါဝင်သော ဥပေက္ခာ သဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် ဖြစ်သည်။ ဤစိတ်နှစ်ပါးကို သမ္ပဋိစ္ဆိုင်းနွေးဟု

ခေါ်သည်။

၂။ ဝိညာဏဓာတ် ဆိုသည်မှာ သိတတ်သော သဘောတရား ဖြစ်သည်။ စက္ခုဝိညာဏဓာတ် အစရှိသည်ဖြင့် ဝိညာဏဓာတ် ငါးပါးရှိသည်။

**ဒွေးပဉ္စဝိညာဏ်**

စက္ခုဝိညာဏဓာတ်သည် အကုသလဝိပါက်စိတ် ၇-ပါးတွင် ပါဝင်သော စက္ခုဝိညာဏဓာတ်နှင့် ကုသလဝိပါက်စိတ် ၈-ပါးတွင် ပါဝင်သော စက္ခုဝိညာဏဓာတ် ဟူ၍ နှစ်ပါးရှိသည်။ ယင်းနှစ်ပါးကို စက္ခုဝိညာဏ်ဒွေးဟု ဆိုကြသည်။ ဤနည်းအတူ သောတဝိညာဏ်ဓာတ် စသည်တို့မှာလည်း ၂-ပါးစီ ရှိကြသောကြောင့် သောတဝိညာဏ်ဒွေး၊ ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး၊ ကာယဝိညာဏ်ဒွေး ဟုဆိုကြသည်။

ဤသို့ ဝိညာဏဓာတ်၊ ဝိညာဏ် ၅-ပါးတွင် (ပဉ္စဝိညာဏ်တွင်)နှစ်ပါးစီ ရှိကြသောကြောင့် စိတ်ပေါင်း တစ်ဆယ်ကို ဒွေးပဉ္စဝိညာဏ်တစ်ဆယ် ဟုဆိုကြသည်။

၃။ မနောဝိညာဏဓာတ်သည် ဝိညာဏဓာတ်ထက်ပို၍ သိသော သဘောတရား ဖြစ်သည်။ မနောဓာတ် ၃-ပါးနှင့် ဒွေးပဉ္စဝိညာဏ် ၁၀၊ နှစ်ရပ်ပေါင်း စိတ် ၁၃-ပါးကို စိတ် ၈၉-ပါးမှနုတ်လျှင် ကျန်သော စိတ် ၇၆-ပါးသည် မနောဝိညာဏဓာတ် ဖြစ်သည်။

**ကြောင်းကျိုးဆက်စပ်ပုံ**

**(တပိုဒ် ၁၊ ၂၊ ၃၊ ၄ နှင့် ၅)**

တပိုဒ်(၁)တွင် "ရူပါရုံအဆင်းဓာတ်သည် စက္ခုဝိညာဏဓာတ်အား လည်းကောင်း၊ ယင်း စက္ခုဝိညာဏဓာတ်နှင့် ယှဉ်သော စေတသိက် ၇-ပါးအား လည်းကောင်း အာရမ္မဏပစ္စယသတ္တိဖြင့်

ကျေးဇူးပြုသည် ဟူ၍ ပြဆိုထားသည်။

နိဿယ မြန်မာပြန်တွင် "ဓမ္မာနံ" ကို "တရားတို့အား" ဟု မြန်မာမပြန်ဘဲ "စေတသိတ် ရ-ပါးအား"ဟု အဓိပ္ပာယ်ဖွင့်ဆိုကာ မြန်မာပြန်ထားသည်။

စေတသိက် ရ-ပါးမှာ သဗ္ဗစိတ္တသာဓာရဏစေတသိက်များ ဖြစ်သည်။ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယ ဝိညာဏ် အသီးသီးတို့လည်း သဗ္ဗစိတ္တသာဓာရဏစေတသိတ် ရ-ပါး သာ ယှဉ်သည်။

## ကျေးဇူးပြုပုံ

အာရမ္မဏပစ္စယေန ပစ္စယော (အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်)ဟူသော စကားကို ရှင်းပါမည်။

အာရုံဟူသူရွေ့မှာ စိတ်စေသိက်တို့ကို မွေ့လျော်ရာ၊ စွဲမှီရာ ကို ဆောင်သော သတ္တိရှိသည်။ ယင်းသတ္တိသည် အာရမ္မဏပစ္စယ သတ္တိ ဖြစ်သည်။ အာရုံတို့သည် မိမိမှာရှိသော သတ္တိဖြင့် စိတ် စေတသိက် တို့ကို ဖြစ်ပေါ်လာအောင် စီမံ ဖန်တီး ပြုလုပ်နိုင်သည်။

ရှင်းရှင်းဆိုရသော် နဂိုက မရှိသေးသော စိတ်စေတသိက်တို့ ဖြစ်ပေါ်လာအောင် အာရုံက စိတ်စေတသိက်တို့ကို စီမံ ဖန်တီးသည်။ တစ်နည်းဆိုသော် အာရုံကြောင့် စိတ်စေတသိက်(ဝိညာဏဓာတ်)တို့ ဖြစ်လာရသည်ဟု ဆိုလိုသည်။

အထက်တွင် ရှင်းပြခဲ့သော ရူပါရုံက စက္ခုဝိညာဏဓာတ်နှင့် စေတသိက် ရ-ပါးအား ကျေးဇူးပြုသကဲ့သို့ပင် သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ အသီးသီးတို့သည်လည်း သက်ဆိုင်ရာ သောတ ဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ် တို့အား လည်းကောင်း၊ စေတသိက် ရ-ပါးအား လည်းကောင်း အာရမ္မဏ

ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် ဟုဆိုသော အပိုဒ် ၂၊ ၃၊ ၄၊ ၅တို့ကို နားလည် သဘောပေါက်နိုင်သည်။

**စာပိုဒ်(၆)**

ဤစာပိုဒ်တွင် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ အသီးသီးသည် သာမန်မျှ၊ ဝိုးတဝါးမျှသိသော မနောဓာတ်အား လည်းကောင်း၊ ယင်း မနောဓာတ်နှင့်ယှဉ်သော စေတသိက် ၁ဝ-ပါး တို့အား လည်းကောင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုထားသည် ဟု ပြဆိုထားသည်။

ဤပြဆိုချက်တွင် မနောဓာတ်မှာ ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေး ဟူ၍ သုံးပါးပြားသည်။

စေတသိက် ၁ဝ-ပါးမှာ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးနှင့် ဝိတက်၊ ဝိစာရ၊ အဓိမောက္ခတို့ ဖြစ်သည်။

ကျေးဇူးပြုပုံမှာ အပိုဒ် ၁၊ ၂၊ ၃၊ ၄၊ ၅ တွင် ရှင်းပြခဲ့ပြီး သည်နှင့် တူသည်ဖြစ်၍ ရှင်းပြရန် မလိုပါ။

**ပစ္စုပ္ပန်အာရုံ**

အထက်ပါ စာပိုဒ် ၆-တွင် "အာရုံက စိတ်စေတသိက် (ဝိညာဏဓာတ် ၇-ပါး) တို့ ဖြစ်ပေါ်လာသည် ဟုဆိုရာ၌ ယင်း စိတ်စေတသိက်တို့ ဖြစ်ပေါ်ခိုက်မှာ ယင်းအာရုံမှာ မချုပ်ပျောက်သေး။ ထင်ရှား ရှိနေဆဲပင်ဖြစ်သည်။ ထို့ကြောင့် ထိုအာရုံကို ပစ္စုပ္ပန်အာရုံဟု ခေါ်သည်။ ဤစကားအရ ရှင်းပြခဲ့ပြီးသော စာပိုဒ် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ တို့တွင်ပါသော အာရုံတို့မှာ ပစ္စုပ္ပန်ရူပါရုံ၊ ပစ္စုပ္ပန် သဒ္ဒါရုံ၊ ပစ္စုပ္ပန် ဂန္ဓာရုံ၊ ပစ္စုပ္ပန် ရသာရုံ၊ ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံတို့ ဖြစ်သည်။ ဤစကားနှင့် ပတ်သက်၍ ကာလသုံးပါးကို တင်ပြပါမည်။

## ကာလသုံးပါး

အဘိဓမ္မာ အလိုအားဖြင့် ဖြစ်ပေါ်၍ မချုပ်ခင် ဥပါဒ်-ဌီ-ဘင် အားဖြင့် အထင်အရှားရှိခိုက် အာရုံကို ပစ္စုပ္ပန်အာရုံဟု ခေါ်သည်။ ဥပါဒ်-ဌီ-ဘင်စေ့၍ ချုပ်လေပြီးသော အာရုံကို အတိတ်အာရုံဟု ခေါ်သည်။ အကြောင်းညီညွတ်လျှင် ဧကန် ဖြစ်ပေါ်လာမည့် အာရုံကို အနာဂတ်အာရုံဟု ခေါ်သည်။ ဤကာလသုံးပါးနှင့် ဆက်ဆံနိုင်သော တရားတို့မှာ စိတ်စေတသိက်နှင့် ရုပ်တရားတို့ ဖြစ်သည်။ ယင်းတရား တို့ကို ဓောကာလိကဟု ခေါ်သည်။ နိဗ္ဗာန်နှင့် ပညတ်ကား ဖြစ်မှု ပျက်မှု မရှိသောကြောင့် ကာလသုံးပါးမှ လွတ်ကင်းသော တရား ဖြစ်၍ ကာလဝိမုတ် ဟုခေါ်သည်။

## စာပိုဒ်(ရ)

ဤစာပိုဒ်တွင် "သဗ္ဗေဓမ္မာ"ဟူသော စကား၌ပါသော "ဓမ္မာ" ကို အာရုံခြောက်ပါး အကြောင်းပစ္စည်းတို့သည် ဟူ၍ အဓိပ္ပာယ်ဖွင့်ကာ မြန်မာပြန်ထားသည်။ "မနောဝိညာဏဓာတုယာ" ကိုလည်း "ကြံသိ စိတ်-မနောဝိညာဏဓာတ်တို့အား" ဟု အဓိပ္ပာယ် ဖွင့်ပြ ထားသည်။ မနောဝိညာဏဓာတ်သည် မနောဓာတ် ၃-ပါးနှင့် ဒွေး ပဉ္စဝိညာဏ် ၁၀၊ နှစ်ရပ်ပေါင်း ၁၃-ပါးကို စိတ် ၈၉-ပါးထဲမှ နုတ်၍ရသော စိတ် ၇၆-ပါး ဖြစ်သည်။ တစ်နည်းဆိုသော် သန္တီရဏ ၃၊ မနော ဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်၊ သဟိတ်စိတ် ၇၁၊ ပေါင်း ၇၆-ပါး ဖြစ် သည်။

မနောဝိညာဏဓာတ်နှင့် ယှဉ်သောတရားမှာ စေတသိက် ၅၂-ပါး ဖြစ်သည်။

ဤစာပိုဒ်တွင် အာရုံခြောက်ပါးက မနောဝိညာဏဓာတ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ ပြဆိုထားရာ ကျေးဇူး

ပြုပုံမှာ အထက်က စာပိုဒ် ၆-ပိုဒ်ပါ ကျေးဇူးပြုပုံနှင့် အတူတူပင် ဖြစ်၍ ရှင်းပြရန် မလိုပါ။

ပစ္စည်းတရားသည် အာရုံခြောက်ပါး(၀ါ)ရှိရှိသမျှ တရားတို့ ဖြစ်သည်။ (တနည်းဆိုသော်) အတိတ်ရုပ်နာမ်၊ အနာဂတ်ရုပ်နာမ်၊ ပစ္စုပ္ပန်ရုပ်နမ်၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်နှင့်ပညတ်တို့ ဖြစ်သည်။ ပစ္စယုပ္ပန်တရားမှာ မနောဝိညာဏဓာတ် ရ၆-ပါးနှင့် စေတသိက် ၅၂-ပါး ဖြစ်သည်။ ကျေးဇူးပြုပုံသည် အလွန်ကျယ်ဝန်းသည်။

**စာပိုဒ်(၈)**

ဤစာပိုဒ်ကား ပြဆိုခဲ့ပြီးသော စာပိုဒ်(ရ)ပိုဒ်၏ အကျဉ်းချုပ် ဖြစ်သည်။ ဤစာပိုဒ်၏ ဆိုလိုရင်းမှာ -

အာရုံပြုသောအခိုက်၌ အာရုံ ၆-ပါး တရားတို့သည် ဝိညာဏဓာတ် ရ-ပါးတည်းဟူသော စိတ်စေတသိက် တရားတို့အား ကျေးဇူး ပြုသည်။ ထိုသို့ ကျေးဇူးပြုရာ၌ သူ့အာရုံ(အာရမ္မဏ)နှင့် သူ့အာရမ္မဏိက အသီးသီး ဖြစ်ကြသည်ဟူ၍ ဖြစ်သည်။

ဤဆိုလိုရင်းကို နားလည်နိုင်စေရန် နိဿယမြန်မာပြန်ကို ရေးဦးစွာ ရှင်းပြပါမည်။

**နိဿယမြန်မာပြန်ပုံ ရှင်းပြချက်**

ယံယံဓမ္မံ အာရဗ္ဘ၊ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တ စေတသိကာဓမ္မာ (အကြင်အကြင် တရားကို အာရုံပြု၍ စိတ်စေတသိက်တို့ ဖြစ်ကုန်သော အကြင်အကြင် တရားတို့သည် ဖြစ်ကုန်၏)ဟုဆိုရာ ၌ "အာရဗ္ဘ (အာရုံပြု၍)ဟူသော စကားအရ အာရုံပြုသော တရားတို့သည် စိတ်စေတသိက် တရားတို့ဖြစ်သည်။ စိတ်စေတသိက်တို့၏ အာရုံ ပြုခြင်းခံရသော တရားတို့မှာ အာရုံ ၆-ပါး ဖြစ်သည်။ ထို့ ကြောင့် ယံယံဓမ္မံတွင် ဓမ္မကို အာရုံ ၆-ပါးဟု ဖွင့်ဆိုထားသည်။

အာရုံ ၆-ပါးကို အာရုံပြု၍(အကြောင်းပြု၍) စိတ်စေတသိက်တို့ ဖြစ်ပေါ်လာသောကြောင့် အာရုံ ၆-ပါးသည် အကြောင်း (ပစ္စည်း)တရား ဖြစ်သည်။ စိတ်စေတသိက်တို့သည် အကျိုး(ပစ္စယုပ္ပန်) တရားဖြစ် သည်။ ထို့ကြောင့် "ယံယံဓမ္မံ" တွင် "ဓမ္မံ" ကို အာရုံခြောက်ပါး အကြောင်း ပစ္စည်းတရားကို ဟူ၍ အဓိပ္ပာယ် ဖွင့်ပြထားသည်။

တေတေဓမ္မာ၊ တေသံ တေသံ ဓမ္မာနံ၊ အာရမ္မဏပစ္စယေန ပစ္စယော(ထိုထို တရားတို့ဖြင့် ကျေးဇူးပြုသည်)ဟုဆိုရာ၌ တေတေ (ထိုထို) တေသံ တေသံ(ထိုထို) ဟူသော စကားတို့သည် ရှေးကညွှန် ပြခဲ့ပြီး ဖြစ်သည်တို့ကို ပြန်လည် ထုတ်ဖော်ပြဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် "တေတေဓမ္မာ"တွင် "ဓမ္မာ" ကို "အာရုံခြောက်ပါး ပစ္စည်းတရား"ဟူ၍လည်းကောင်း၊ "တေသံ တေသံ ဓမ္မာနံ"ကို "စိတ်စေတသိက် ပစ္စယုပ္ပန်တရားတို့"ဟူ၍လည်းကောင်း အဓိပ္ပာယ် ဖွင့်ကာ မြန်မာပြန်ထားသည်။

ဤစာပိုဒ်(၈)၏ အဓိပ္ပာယ်ကို နားလည်အောင် ပါဝင်သော စကားအသုံးအနှုန်းကို ဆက်လက် ရှင်းပြပါမည်။

## ပါဠိဘာသာအသုံးအနှုန်း

မြန်မာလို "အကြင်"ဟူ၍ ပြန်ဆိုသော ယံ ယေ ယေသံ အစ ရှိသော ပါဠိဘာသာ စကားတို့သည် မည်သည့်အရာဟူ၍ တိကျ သေချာစွာ ထုတ်ဖော်ညွှန်ပြခြင်း မပြု။ သာမန်မျှသာ တစ်စုံတစ်ခုကို ညွှန်ပြခြင်း ဖြစ်သည်။

မြန်မာလို "ထို"ဟူ၍ ပြန်ဆိုသော "တံ တေ တေသံ စသော ပါဠိစကားတို့သည် ယခင်က "ယံ ယေ ယေသံ"စသည့် ပါဠိ ဘာသာစကားတို့ဖြင့် ညွှန်ပြခဲ့ပြီးသည်တို့ကို ပြန်လည်ဖော်ထုတ် ညွှန်ပြခြင်းဖြစ်သည်။

တစ်ဖန် "ယံ ယံ(အကြင်အကြင်)၊ တံတံ(ထိုထို) "ယေသံ ယေသံ(အကြင်အကြင်) တေသံတေသံ(ထိုထို) စသည်ဖြင့် စကား နှစ်လုံးစီ နှစ်လုံးစီ တွဲကာတွဲကာ (ပါဠိဝါကျဖွဲ့စည်းနည်းအရ) ပြဆို ထားရာ၌ သက်ဆိုင်သလို သူ့ဟာနှင့်သူ အတွဲလိုက် ကောက်ယူရသည်။

အထက်ပါ ရှင်းပြချက်အရ ဤစာပိုဒ်(၈)၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ထင်ရှားအောင် အောက်တွင် ပြထားပါသည်။

၁။ ပစ္စုပ္ပန်ရူပါရုံသည် စက္ခုဝိညာဏဓာတ်နှင့် မနောဓာတ်အား
၂။ ပစ္စုပ္ပန်သဒ္ဒါရုံသည် သောတညာဏဓာတ်နှင့် မနောဓာတ်အား
၃။ ပစ္စုပ္ပန်ဂန္ဓာရုံသည် ဃာနညာဏဓာတ်နှင့် မနောဓာတ်အား
၄။ ပစ္စုပ္ပန်ရသာရုံသည် ဇိဝှါညာဏဓာတ်နှင့် မနောဓာတ်အား
၅။ ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံသည် ကာယညာဏဓာတ်နှင့် မနောဓာတ်အား
၆။ အာရုံ ၆-ပါးသည် မနောဝိညာဏဓာတ်အား အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။ ထိုက်သင့်သော စေတသိက်တို့ကိုလည်း ကျေးဇူးပြုသည်။

ဤသို့ အာရုံက ဝိညာဏဓာတ်(စိတ်စေတသိက်)အား ကျေးဇူး ပြုသည်ကို အာရမ္မဏပစ္စည်းဟု ခေါ်သည်။

အထက်ပါ ကျေးဇူးပြုပုံတို့အရ အောက်ပါပစ္စည်း ပစ္စယုပ္ပန် ကို ကောက်ယူနိုင်သည်။

**အာရမ္မဏပစ္စည်း – ပစ္စယုပ္ပန်**

၁။ ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်နှင့် ပညတ်သည် အာရမ္မဏပစ္စည်းတရား ဖြစ်သည်။
၂။ စိတ် ၈၉၊ စေတသိက် ၅၂ တည်းဟူသော ဝိညာဏဓာတ် ၇-ပါးသည် အာရမ္မဏပစ္စယုပ္ပန်တရား ဖြစ်သည်။

(ဤပစ္စည်းတွင် ပညတ်၊ နာမ်၊ ရုပ်က နာမ်ကို ကျေးဇူးပြု သည်။)

## ပြန်လည်သုံးသပ်ခြင်း

ဤအာရမ္မဏပစ္စည်းတွင် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူး ပြုခြင်းမှာ မရှိသေးသော ပစ္စယုပ္ပန်တရားကို ဖြစ်ပေါ်အောင် ပြုလုပ် ခြင်းဖြစ်၍ ဇနကသတ္တိ ဖြစ်သည်။

ဟေတုပစ္စည်းတွင်မူကား ဖြစ်ပေါ်ပြီးသော ပစ္စယုပ္ပန်တရား ကို တည်တံ့ခိုင်မြဲအောင် ထောက်ပံ့ခြင်းဖြစ်၍ ဥပတ္ထမ္ဘကသတ္တိ ဖြစ်သည်။

အာရုံ ၆-ပါး အသီးသီးသည် မိမိနှင့်သက်ဆိုင်သော ဝိညာဏ စိတ်ကို အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ (ဝါ) အာရုံ ၆-ပါး အသီးသီးကြောင့် သက်ဆိုင်ရာ ဝိညာဏစိတ် ဖြစ်ပေါ်လာသည် ကို အထက်တွင် ပြခဲ့ပြီ။

ယင်းပြဆိုချက်မှာ အာရုံဟူသော အကြောင်း တစ်ခုတည်း ကြောင့်သာ ဝိညာဏစိတ် ဖြစ်ပေါ်သည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ အာရုံဟူသော အကြောင်း တစ်ခုတည်းကြောင့် ဝိညာဏစိတ် မဖြစ် နိုင်ပါ။ အခြား အကြောင်းတစ်ခု ပါဝင်မှသာ ဖြစ်နိုင်ပါသည်။ ဤသို့ အာရုံကြောင့် ဝိညာဏစိတ် ဖြစ်လာသည်ဟု ဆိုခြင်းမှာ အာရုံကို ထင်ရှားစေလို၍ အာရုံကို ပဓာနထားပြီး ဆိုခြင်းဖြစ်သည်။ အာရုံကို ဦးစားပေးပြီး ဝကွက်ပြီး ဆိုခြင်းဖြစ်သည်။ အခြား အရေးကြီးသော အကြောင်းတစ်ခု ရှိသေးသည်။

ဝိညာဏစိတ် ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းကို ပိုမို တိကျစွာ ပြဆိုရသော် အာရုံနှင့်ဒွါရတို့၏ တိုက်ဆိုင်မှသာ ဝိညာဏ စိတ် ဖြစ်ပေါ်လာသည်ဟု ဆိုရပေမည်။ ဤအဆိုကို နားလည်နိုင်စေရန်

ဒွါရ အကြောင်းကို ဦးစွာ တင်ပြပါမည်။

ဒွါရ ၆-ပါး

"ဒွါရ"ဟူသော ပါဠိစကားသည် "တံခါးပေါက်"ဟု ဆိုလိုသည်။ ဤနေရာ၌ ပသာဒရုပ် ၅-ပါးနှင့် ဘဝင်စိတ်သည် စိတ်စေတသိက်တို့၏ ဖြစ်ရာဖြစ်ကြောင်းဖြစ်၍ လူတို့ ဝင်ထွက်ရာပကတိ တံခါးပေါက်နှင့် တူသောကြောင့် ယင်းတို့ကို ဒွါရဟုခေါ် ခြင်း ဖြစ်သည်။ ဒွါရ ၆-ပါးမှာ -

၁။ စက္ခုပသာဒ(မျက်စိအကြည်)သည် စက္ခုဒွါရ မည်၏။
၂။ သောတပသာဒ(နားအကြည်)သည် သောတဒွါရ မည်၏။
၃။ ဃနပသာဒ(နှာအကြည်)သည် ဃာနဒွါရ မည့်၏။
၄။ ဇိဝှါပသာဒ(ကိုယ်အကြည်)သည် ကာယဒွါရ မည်၏။
၅။ ဘဝင်စိတ်ပသာဒ(ဘဝင်အကြည်)သည် မနောဒွါရ မည်၏။

အာရုံနှင့် ဒွါရတို့ တိုက်ဆိုင်မှသာ ဝိညာဏဓာတ် ဖြစ်ပေါ်လာသည်ကို ထင်ရှားအောင် အောက်တွင်ပြထားသည်။

**(၁) စက္ခုဝိညာဏဓာတ်ဖြစ်ပေါ်လာပုံ**

အဆင်းရူပါရုံ(ရူပ)သည် မျက်စိအကြည်ဓာတ်ဟူသော စက္ခုပသာဒ(ရုပ်)နှင့် တိုက်ဆိုင်မိသောအခါ (ရူပါရုံသည် စက္ခုပသာဒဟူသော စက္ခုဒွါရ၌ ထင်လာသောအခါ) နာမ်စိတ်တစ်ခု ဖြစ်ပေါ်လာသည်။

ဤသို့ ဖြစ်ပေါ်လာခြင်းသည် ကျောက်တုံးနှစ်တုံးကို တစ်ခုနှင့်တစ်ခု တိုက်ခတ်လိုက်သောအခါ မီးပွင့်ပေါ်ထွက်လာသည်နှင့်တူသည်။ တစ်နည်းဆိုရသော် သစ်သားမီးခြစ်မှ မီးခြစ်ဆံအိမ်၏ဘေးတစ်ဘက်ကို မီးခြစ်ဆံနှင့် ထိခတ်လိုက်သောအခါ မီးပွင့်လာသည်နှင့် တူသည်။ ဤသို့ ရူပါရုံနှင့် စက္ခုအာရုံတို့ တိုက်ဆိုင်မိသော

အခါ ဖြစ်ပေါ်လာသော နာမ်ဓာတ်ကို စက္ခုဝိညာဏဓာတ်(မြင်စိတ်) ဟုခေါ်သည်။ စက္ခုပသာဒရုပ်သည် ယင်းနာမ်ဓာတ်၏ မှီရာတည်ရာ သဘောမျိုးဖြစ်၍ ယင်းနာမ်ဓာတ်ကို စက္ခုဝိညာဏဓာတ်ဟု ခေါ်ခြင်း ဖြစ်သည်။

ဤမြင်သိစိတ်(စက္ခုညာဏဓာတ်)သည် သူ့အလိုလို ပေါ်လာသည်မဟုတ်။ တန်ခိုးရှင် တစ်ဦးတစ်ယောက်က ဖန်ဆင်း၍ ဖြစ်ပေါ်လာသည်လည်း မဟုတ်၊ စက္ခုပသာခေါ် မျက်စိအကြည် ဓာတ်သည် ရူပါရုံ အဆင်းဓာတ်နှင့် တိုက်ဆိုင်မိသောအခါ (ဝါ) စက္ခုဒွါရ ဟု ခေါ်သော စက္ခုပသာဒ-မျက်စိအကြည်ဓာတ်၌ အဆင်းရူပါရုံ ထင်ခြင်းကြောင့်သာ မြင်သိစိတ်ခေါ် စက္ခုဝိညာဏဓာတ် ဖြစ်ပေါ် လာခြင်းဖြစ်သည်။ ရူပါရုံသာ မရှိခဲ့လျှင် ( ရူပါရုံမထင်ခဲ့လျှင် ) မြင်စိတ် ဖြစ်ပေါ်လာမည် မဟုတ်ဟု သဘောပေါက်ရာ၏။

ဤသို့ သဘောပေါက်လျှင် စက္ခုဝိညာဏဓာတ်ကသာ မြင် သည်။ ငါမြင်သည် မဟုတ်။ စက္ခုဝိညာဏဓာတ်ကသာ သိသည်။ ငါသိသည် မဟုတ်။ မျက်စိနဲ့ မြင်သည်မဟုတ်။ မျက်စိက မြင်သည် မဟုတ်။

မှတ်ချက်။ ။ အာရုံနှင့် ဒွါရတို့ တိုက်ဆိုင်မိ ထိမိ ဟပ်မိသည်ကို [illegible] အာရုံထင်သည်ဟု ဆိုရ၏။ မှန်ထဲ၌ အရိပ်ထင်သလို၊ တံဆိပ်ရိုက်ရာ၌ တံဆိပ်ရာထင်သလို ထိုထို ဒွါရတို့၌ ဆိုင်ရာ အာရုံ ရုပ်၏ အရိပ်နိမိတ်တို့ ထင်လာသည်ဟု ဆိုလိုခြင်းမဟုတ်။ စိတ်အချင်း ချင်း တိုက်ဆိုင်ခြင်း ထိခြင်း တွေ့ခြင်း ဟပ်မိခြင်း သဘောမျိုးကို ဆိုလိုသည်။

## (၂) သောတဝိညာဏဓာတ်ဖြစ်ပေါ်လာပုံ

အသံ(သဒ္ဒါရုံ)ရုပ်သည် သောတပသာဒရုပ် (နားအကြည်)

ဓာတ်နှင့်တိုက်ဆိုင်မိသောအခါ (သဒ္ဒါရုံသည် သောတပသာဒ ခေါ်သော တဒွါရ၌ ထင်လာသောအခါ) နာမ်ဓာတ်တစ်ခု ဖြစ်ပေါ်လာသည်။ သောတပသာဒရုပ်သည် ထိုနာမ်ဓာတ်၏ တည်ရာ မှီရာ သဘောမျိုး ဖြစ်၍ ယင်းနာမ်ဓာတ်ကို သောတဝိညာဏဓာတ်ဟု ခေါ်သည်။

အကယ်၍ အသံသဒ္ဒရုပ်ကသာ မရှိခဲ့လျှင်(မထင်ခဲ့လျှင်) သောတဝိညာဏဓာတ်(ကြားသိစိတ်) ဖြစ်ပေါ်လာမည်မဟုတ်။ အသံ သဒ္ဒါရုံကို အကြောင်းပြု၍(သဒ္ဒါရုံကိုစွဲမှီ၍) သောတညာဏ်(ကြား သိစိတ်) ဖြစ်ပေါ်လာသောကြောင့် သောတဝိညာဏ်ကသာ ကြားသိ သည်။ နားက ကြားသည်မဟုတ်။ ငါက ကြားသည်မဟုတ်။

## (၃) ဃာနဝိညာဏဓာတ်ဖြစ်ပေါ်လာပုံ

အနံ့(ဂန္ဓာရုံ)ရုပ်သည် ဃာနပသာဒခေါ် ဃာနဒွါရနှင့် တိုက်ဆိုင် မိသောအခါ (ဃာနဒွါရ၌ ဂန္ဓာရုံ ထင်လာသောအခါ) နာမ်ဓာတ်တစ်ခု ဖြစ်ပေါ်လာသည်။ ယင်းနာမ်ဓာတ်ကို (အထက်နည်းတူ) ဃာန ဝိညာဏဓာတ်ဟု ခေါ်သည်။ အကယ်၍ ဃာနဒွါရ၌ ဂန္ဓာရုံ မထင်ခဲ့သော် နံသိစိတ် ဃာနဝိညာဏဓာတ် ဖြစ်လာမည် မဟုတ်။ သို့ဖြစ်၍ ဃာနဝိညာဏ်ကသာ နံသည်။ သိသည်။ ငါနံသည် မဟုတ်။ ငါသိသည် မဟုတ်။

## (၄) ဇိဝှါဝိညာဏဓာတ်ဖြစ်ပေါ်လာပုံ

အရသာ(ရသာရုံ)ရုပ်သည် ဇိဝှါပသာဒ-(လျှာအကြည်)တည်း ဟူသော ဇိဝှါဒွါရနှင့် တိုက်ဆိုင်မိသောအခါ (ဇိဝှါဒွါရ၌ ရသာရုံ ထင်လာသောအခါ) အထက်ပါနည်းတူ ဇိဝှါဝိညာဏ်(လျှာအသိစိတ်) ဖြစ်ပေါ်လာသည်။ သို့ဖြစ်၍ ဇိဝှါဝိညာဏဓာတ်ကသာ အရသာကို သိသည်။ ငါသိသည် မဟုတ်။

## (၅) ကာယဝိညာဏဓာတ်ဖြစ်ပေါ်လာပုံ

အတွေ့အထိ(ဖောဋ္ဌဗ္ဗာရုံ)ရုပ်သည် (ကိုယ်အကြည်) ကာယ ပသာဒနှင့် တိုက်ဆိုင်မိသောအခါ (ကာယဒွါရ၌ ဖောဋ္ဌဗ္ဗာရုံ ထင်လာ သောအခါ) ထိသိစိတ် ကာယဝိညာဏ် ဖြစ်လာသည်။ ထို့ကြောင့် ကာယဝိညာဏဓာတ်ကသာ ထိတွေ့မှုကို သိသည်။ ငါသိသည် မဟုတ်။

## (၆) မနောဓာတ်ဖြစ်ပေါ်လာပုံ

ရူပါရုံသည် စက္ခုဒွါရနှင့် တိုက်ဆိုင်မိသောအခါ စက္ခုဝိညာဏဓာတ် ဖြစ်ပေါ်လာကြောင်းကို အထက်တွင် ပြခဲ့ပြီ။ ရူပါရုံသည် စက္ခုပသာဒရုပ်နှင့် တိုက်ဆိုင်မိသောအခါ စက္ခုဝိညာဏဓာတ် မဖြစ်ပေါ်မီ ယင်းစက္ခုဝိညာဏဓာတ်၏အလျင် ရှေ့အခြားမဲ့၌ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်လာခဲ့ပြီး ဖြစ်သည်။ ယင်း စက္ခုဝိညာဏဓာတ်၏ နောက်အခြားမဲ့၌လည်း သမ္ပဋိစ္ဆိုင်းစိတ် ဖြစ်ပေါ်လာသေးသည်။ ယင်း ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းသည် မနောဓာတ်များ ဖြစ်သည်။

သို့ဖြစ်၍ ရူပါရုံကြောင့် မနောဓာတ် ဖြစ်လာသည်ဟု သိရမည်။ ဤနည်းအတူ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ တို့ကြောင့် မနောဓာတ် ဖြစ်ပေါ်လာသည်ကို သိနိုင်သည်။

## (၇) မနောဝိညာဏဓာတ်ဖြစ်ပေါ်လာပုံ

ဓမ္မာရုံသည် သဘောတရား အာရုံဖြစ်သည်။ မနောဒွါရသည် စက္ခုဒွါရတို့ကဲ့သို့ ရုပ်တရားမဟုတ်။ ဘဝင်စိတ် ၁၉-ပါး တည်းဟူသော နာမ်တရား ဖြစ်သည်။ ဓမ္မာရုံသည် မနောဒွါရ၌ ထင်လာသောအခါ ကြံသိစိတ်ခေါ် မနောဝိညာဏဓာတ် ဖြစ်ပေါ်လာသည်။

အထက်တွင် ပြဆိုခဲ့ပြီးသော အာရုံ ၆-ပါးကြောင့် ဝိညာဏဓာတ် ၇-ပါး ဖြစ်ပေါ်လာပုံတို့မှာ အကြမ်းအားဖြင့် တင်ပြခြင်းဖြစ်သည်။

## သုတ္တန်နည်းနှင့်အဘိဓမ္မာနည်း

ဗုဒ္ဓရှင်တော်မြတ်သည် တရားဟောတော်မူရာ၌ သုတ္တန်နည်းဖြင့်ဖြစ်စေ၊ အဘိဓမ္မာနည်းဖြင့်ဖြစ်စေ ဟောကြားတော်မူသည်။ သုတ္တန်နည်း ဟူသည်မှာ တရားနာပရိသတ်ကို နားလည်စေရုံမျှ၊

ယင်းတို့နှင့် သင့်တင့်ရုံမျှသာ အကြမ်းအားဖြင့် ဟောကြားသောနည်း ဖြစ်သည်။ အဘိဓမ္မာနည်း ဟူသည်မှာ တရားနာသူတို့၏ စရိုက်နှင့် အသိဉာဏ် အနုအရင့်ကိုမလိုက်ဘဲ အသေးစိတ်အားဖြင့် ပြည့်ပြည့် စုံစုံ ဟောကြားသောနည်း ဖြစ်သည်။

ဝိညာဏဓာတ် ရ-ပါး ဖြစ်ပေါ်လာပုံကို အထက်တွင် သုတ္တန် နည်းဖြင့် တင်ပြခဲ့ပြီ။ ယခု အဘိဓမ္မာနည်းဖြင့် တင်ပြပါမည်။

ဤနည်းဖြင့် ရှင်းလင်းချက်ကို နားလည်နိုင်အောင် သိထား သင့်သည့် အခေါ်အဝေါ် ဝေါဟာရတို့ အဓိပ္ပာယ်ကို ရှင်းပြပါမည်။

**ဝီထိစိတ်**

အာရုံနှင့် ဒွါရ တိုက်ဆိုင်၍ ဖြစ်လာသော စိတ်တို့မှာ အရမ်းကာရော ဖြစ်ချင်သလို ဖြစ်နေကြသည် မဟုတ်။ "ဝီထိ" ခေါ် လမ်းကြောင်း (ဝါ) စိတ္တနိယာမ ခေါ် စိတ်၏ဖြစ်စဉ် နိယာမသဘော အတိုင်းသာ စိတ်တို့သည် တစ်စိတ်ပြီး တစ်စိတ် စီကာစဉ်ကာ ဖြစ်ပေါ်ချုပ်ပျောက် နေကြသည်။ ဤစိတ်တို့ကို ဝီထိစိတ်ဟု ခေါ်သည်။

**ဘဝင်စိတ်**

ဝီထိစိတ် မဖြစ်သောအခါ ဖြစ်ပေါ်လာသောစိတ်ကို ဘဝင် စိတ်ဟု ခေါ်သည်။ သတ္တဝါတို့၏ ကံအရှိန် ရှိသမျှ ဘဝမပြတ် ရအောင် ဘဝ၏ အင်္ဂါအနေဖြင့် ဖြစ်ပေါ်လာသော စိတ်ဖြစ်၍ ဘဝင်စိတ်ဟု ခေါ်ခြင်းဖြစ်သည်။(ဘဝ + အင်္ဂ = ဘဝင်္ဂ = ဘဝင်)

ဘဝင်စိတ်သည် ငြိမ်သက်ခြင်း သဘောတရားရှိသော ဝိပါက်စိတ် အမျိုးအစားတွင် ပါဝင်သည်။ ဘဝင်စိတ် ဖြစ်နေသော အခါ ဘာကိုမျှ ထူးထူးထွေထွေ မသိ။ အခြားမဲ့ လွန်ခဲ့ပြီးသော ဘဝဟောင်း၌ စုတေခါနီး မရဏာသန္နဇောက ယူခဲ့သော ကံ၊ ကမ္မ နိမိတ်၊ ဂတိနိမိတ်ဟု ခေါ်သော အာရုံသုံးပါးတွင် တစ်ပါးပါးကို

အာရုံပြုသည်။

အိပ်ပျော်နေသောအခါတွင်လည်း ဤဘဝင်စိတ်မျိုးချည်း ဖြစ်နေသည်။ ဘဝင်စိတ်မဖြစ်သောအခါ ထင်လာသည့် အာရုံသစ်ကို အစွဲပြု၍(အကြောင်းပြု၍) ထိုက်သင့်သော ဝီထိစိတ်အစဉ် ဖြစ်ပေါ် လာကြသည်။ ဤကဲ့သို့ ဖြစ်ပေါ်လာကြသော ဝီထိစိတ်အစဉ်တို့ သည် အမျိုးပေါင်း မြောက်မြားစွာရှိသည်။ ယင်းတို့အနက် စက္ခုဒွါရ ဝီထိကို ရွေးကောက်၍ နမူနာပုံစံအဖြစ်ဖြင့် တင်ပြပါမည်။

**စက္ခုဒွါရဝီထိ(မြင်ဝီထိ)**

စက္ခုဒွါရဝီထိ ဟူသည်မှာ စက္ခုဒွါရ၌ ထင်လာသော အာရုံကို အကြောင်းပြု၍(အာရုံပြု၍) ဖြစ်ပေါ်လာသော စိတ်အစဉ် ဖြစ်သည်။ ပဋ္ဌာန်းမှာ ဝီထိက အရေးကြီးသည်ဖြစ်၍ အောက်ပါစာပိုဒ် တို့ကို တစ်ပိုဒ်စီ ဂရုစိုက်၍ ဖတ်ပါ။ တစ်ဖန် ပြန်လည် သုံးသပ်ပါ။

ရုပ်ဟူသည် စိတ်၏ (ဖြစ်–တည်–ပျက်) ခဏတိုင်း ခဏတိုင်း မပြတ် ဖြစ်နေသည်။ စိတ်၏ခဏ ၁၇–ချက် အသက် ရှည်သော ရုပ်တို့သည်လည်း ခဏမစဲ ချုပ်ပျောက်နေကြသည်။ မြစ်ထဲ ချောင်းထဲက ရေတို့သည် အသစ်အဟောင်း ပြောင်းလဲပြီး အစဉ်မပြတ် စီးဆင်း နေသည်နှင့် တူသည်။

ဤသို့ အစဉ်မပြတ် ဖြစ်ပျက်နေကြသော (တစ်ခုသော (ဝါ) တစ်စုသော)ရူပါရုံနှင့် စက္ခုပသာဒရုပ်သည် ဘဝင်အစဉ် ဖြစ်နေခိုက် မှာ (ဘဝင်စိတ်တစ်ခု၏ ဥပါဒ်အခိုက်မှာ) တိုက်ဆိုင်မိသည်ဆိုပါစို့။

(ဘဝင်စိတ်၊ ရူပါရုံ၊ စက္ခုပသာဒရုပ်။ နာမ်နှင့်ရုပ်သဘာဝ သုံးခုသည် တစ်ချိန်တည်း တစ်ပြိုင်နက် ဥပါဒ်(ဖြစ်)လာသည်ဟု ဆိုလိုပါသည်။)

ဤအခိုက်မှစ၍ စိတ်တို့သည် တစ်စိတ်ပြီးတစ်စိတ် ဖြစ်ပျက်

သွားသော စိတ်အစဉ်ကို တင်ပြပါမည်။

(၁) ရုပ်သည် ဖြစ်ဆဲခဏ (ဥပါဒ်ခဏ)သည် အားမရှိသောကြောင့် ရူပါရုံသည် စက္ခုပသာဒရုပ်၌ မထင်နိုင်သေး။ အလွန်ထင်ရှားသော ရူပါရုံသည် အကြည်လင်ဆုံးသော ပသာဒရုပ်နှင့် တိုက်ဆိုင်သော်လည်း စိတ်ခဏတစ်ချက် အလွန်တွင်မှ စက္ခုပသာဒရုပ်၌ ရူပါရုံ ထင်ခြင်းသို့ ရောက်၏။ ဤသို့ မထင်သေးမီ ဘာမျှ မထူးခြားဘဲ ချုပ်သွားသော ဘဝင်စိတ်ကို "အတိတ်ဘဝင်" (လွန်သောဘဝင်) ဟု ခေါ်သည်။

(ရူပါရုံသည် စက္ခုပသာဒရုပ်၌ ထင်သည်နှင့် တစ်ပြိုင်နက်ပင် ဘဝင်ဟု ဆိုအပ်သော မနောဒွါရ၌လည်း ထင်သေးသည်ဖြစ်၏။ ဤသို့ မနောဒွါရ(ဘဝင်အကြည်)၌ ရူပါရုံ ထင်ခြင်းကြောင့် ဘဝင်သည် နှစ်ကြိမ်လှုပ်ရှား၍ ဘဝင် အစဉ်ပြတ်သွားသည်။ ဤ သဘောကို အောက်ပါနံပါတ်စဉ် ၂ နှင့် ၃ တွင် ဖော်ပြထားသည်။

(၂) အတိတဘဝင် ချုပ်သွားပြီးနောက် ဖြစ်ပေါ်လာသော ဘဝင်စိတ်သည် မိမိ အာရုံပြုနေကျ ဖြစ်သော အာရုံ (ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ခုခုကို အာရုံ ပြုနေသော အခြေအနေ လှုပ်ရှားသွားသည်။ ဤ ဘဝင်စိတ်ကို "ဘဝင်္ဂစလန" (လှုပ်ရှားသော ဘဝင်) ဟု ခေါ်သည်။

(၃) ထို ဘဝင်္ဂစလန ချုပ်သွားပြီးနောက် နောက်ထပ် ဘဝင်စိတ်တစ်ခု ဖြစ်ပေါ်လာသည်။ ဤ ဘဝင်စိတ်သည် ပို၍ အခြေပျက် လှုပ်ရှားသွား၍ ဘဝင်္ဂစလန ဟုခေါ်သည်။ သို့သော် နောက်ထပ် ဘဝင်စိတ် ဖြစ်မလာတော့ဘဲ ဘဝင် အစဉ် ပြတ်သွားသောကြောင့် ဘဝင်္ဂုပစ္ဆေဒ ဟု ခေါ်သည်။ ဤဘဝင်ကို ဘဝင်္ဂုပစ္ဆေဒ (ဝါ)ဥပစ္ဆေဒဘဝင် (ပြတ်သောဘဝင်) ဟု အများအားဖြင့် ခေါ်သည်။

(၄) ဤသို့ ဘဝင် အစဉ်ပြတ်သွားပြီးနောက် ပထမဦးဆုံး ဖြစ်သော စိတ်သည် အတိတဘဝင်နှင့်အတူ ဖြစ်(ဥပါဒ်)ခဲ့၍ စက္ခုပသာဒရုပ်၌ ထင်ဟပ်နေသော ရူပါရုံကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည်။ ထင်လာသော အာရုံသစ်ကို ဘာပါလိမ့်ဟု ဆင်ခြင် သကဲ့သို့သော သဘောရှိ၍ အာဝဇ္ဇန်း ဟု ခေါ်သည်။
(အာဝဇ္ဇန = ဆင်ခြင်ခြင်း)။

အာဝဇ္ဇန်းစိတ်သည် ရူပါရုံကို ဆင်ခြင်သကဲ့သို့ပင် သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဒွါရတို့၌ ထင်ဟပ်လာသော သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံကို ဆင်ခြင်သည်။ ဤသို့ ငါးပါးကို ဆင်ခြင်သောကြောင့် "ပဉ္စဒွါရာဝဇ္ဇန်း"ဟု ခေါ်သည်။

(၅) အာဝဇ္ဇန်းစိတ် ချုပ်သွားပြီး နောက်ဆက်တိုက် ဖြစ်ပေါ်လာသော စိတ်သည် ဆိုခဲ့ပြီးသော ရူပါရုံကို အာရုံပြု၍ ဖြစ်ပေါ်လာသည်။ သိထင်သော သဘောလက္ခဏာ ရှိ၏။ စက္ခုပသာဒရုပ်ကို အမှီပြု၍ ဖြစ်ပေါ်လာ၏။ ထို့ကြောင့် စက္ခုဝိညာဏ်စိတ် ဟုခေါ်၏။ ( အထက်ပါ စကားရပ်အစဉ်ကား စက္ခုဝိညာဏစိတ် ဖြစ်ပေါ်လာပုံ အဆင့်ဆင့်ကို အသေးစိတ် ဖော်ပြထားခြင်း ဖြစ်သည်။ ဤ စကားရပ်တို့တွင် ရူပါရုံ၊ စက္ခုပသာဒရုပ်၊ စက္ခုဝိညာဏ်တို့အစား သဒ္ဒါရုံ၊ သောတပသာဒရုပ်၊ သောတဝိညာဏ် စသော စကားအသီးသီးကို အစားသွင်းလိုက်လျှင် သောတဝိညာဏ် ဖြစ်ပေါ်လာပုံ အဆင့်ဆင့်ကို ရနိုင်ပါလိမ့်မည်။ ဤနည်းအတူ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ် ဖြစ်ပေါ်လာပုံ အဆင့်ဆင့်ကို ရပါလိမ့်မည်။ )

(၆) စက္ခုဝိညာဏ်စိတ် ချုပ်သွားပြီး နောက်ဖြစ်ပေါ်လာသော စိတ်သည် မချုပ်သေးသော ရူပါရုံကို ဆက်၍ လက်ခံဆောင်ယူသော

သဘောလက္ခဏာရှိ၍ သမ္ပဋိစ္ဆိုင်းစိတ်ဟု ခေါ်သည်။
(သမ္ပဋိစ္ဆိုင်း = ကောင်းစွာခံယူခြင်း)

(၇) သမ္ပဋိစ္ဆိုင်းစိတ် ပျက်သွားပြီး နောက်ဆက်လက် ဖြစ်ပေါ်လာသော စိတ်သည် (ဆိုခဲ့ပြီးသော) ရူပါရုံကိုပင် စူးစမ်းသကဲ့သို့သော သဘောလက္ခဏာ ရှိသောကြောင့် သန္တီရဏစိတ် ဟုခေါ်သည်။
(သန္တီရဏ = စူးစမ်းခြင်း)

(၈) ထိုစိတ်နောက်တွင် ဆက်လက် ဖြစ်ပေါ်လာသော စိတ်သည် (အထက်တွင် ဆိုခဲ့ပြီးသော ရူပါရုံကိုပင် ကောင်း မကောင်း စသည်ဖြင့် ဆုံးဖြတ်သကဲ့သို့ သဘောလက္ခဏာရှိ၍ ဝုဋ္ဌောစိတ်ဟု ခေါ်သည်။(ဝေါဋ္ဌဗ္ဗန = ဆုံးဖြတ်ခြင်း)

(၉-၁၅) ဝုဋ္ဌောစိတ် ချုပ်သွားပြီးနောက် ဆိုခဲ့ပြီးသော ရူပါရုံကို အာရုံပြု၍ နောက်ထပ် စိတ်တစ်မျိုးတည်း (၇)ကြိမ် ဆက်ကာဆက်ကာ ဖြစ်လာသည်။ ယင်းစိတ်ကို "ဇောစိတ်" ဟုခေါ်သည်။ ပါဠိဘာသာတွင် " ဇဝန " ဟူသည်မှာ "လျင်မြန်ခြင်း"ကို ဆိုလိုသည်။ လျင်မြန်သဖြင့် အရှိန်အဟုန်ရှိသောစိတ်ကို ဇဝနစိတ်ဟု ခေါ်သည်။ ယင်း ဇဝနကို ဇောဟုပြင်၍ ဆိုခြင်းဖြစ်သည်။ ဤ ဇောစိတ်သည် အကြောင်းအားလျော်စွာ ကုသိုလ်ဇော၊ အကုသိုလ်ဇော၊ ကြိယာဇော သုံးပါးတွင် တစ်ပါးပါးဖြစ်သည်။

(၁၆-၁၇) ဇောစိတ်ချုပ်သွားပြီးနောက် အခြား စိတ်တစ်မျိုးသည် (၂)ကြိမ်ဆက်တိုက် ဖြစ်လာသည်။ ယင်းစိတ်သည် ဇောစိတ်က ခံစားသော အာရုံကိုပင် ဆက်လက်ခံစားသောကြောင့် တဒါရုံ(တဒါရမ္မဏ)ဟု ခေါ်သည်။

အတိတဘဝင်နှင့် အတူတကွ တစ်ပြိုင်နက် ဥပါဒ်ခဲ့သော

ရူပါရုံနှင့် စက္ခုပသာဒရုပ်သည် ဒုတိယ တဒါရုံ၏ ဘင်နှင့်အတူ (၁၇–ချက် ရုပ်သက်စေ့သဖြင့်) ချုပ်၏။ ထို့နောက် ဘဝင်စိတ်များ ဖြစ်လာသည်။ ဤသို့ ဘဝင်စိတ်များ တစ်ဖန် ပြန်ဖြစ်လာသည်ကို "ဘဝင်ကျသည်"ဟု ခေါ်သည်။

အထက်ပါ စက္ခုဒွါရ ဝီထိစိတ်အစဉ်ကို အောက်ပါအတိုင်း အကျဉ်းချုပ် မှတ်သားသင့်၏။

## စက္ခုဒွါရဝီထိ ( မြင်ဝီထိ )

ရူပါရုံနှင့် စက္ခုပသာဒခေါ် စက္ခုဒွါရသည် ရှေးရှုအတူ ဥပါဒ် သည်ကစ၍ "အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာ ဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်ဟု ဖြစ်သည်။

## ပဉ္စဒွါရဝီထိ ( ဒွါရငါးပါးနှင့်ဆိုင်သောဝီထိ )

စက္ခုဒွါရဝီထိအကြောင်း ရှင်းပြခဲ့သော စာမျက်နှာ(၄၄)တွင် ပါဝင်သော "ရူပါရုံ၊ စက္ခုပသာဒရုပ်၊ စက္ခုဝိညာဏ်"ဟူသော စကားသုံးလုံး နေရာသို့ အသီးသီးတွင် "သဒ္ဒါရုံ၊ သောတပသာဒ၊ သောတဝိညာဏ်" စသည်ဖြင့် အာရုံ၊ ဒွါရ၊ ဝိညာဏ်တို့ကို သက်ဆိုင် သလို ထည့်သွင်းလျှင် သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရ ဝီထိ၊ ကာယဒွါရဝီထိ ဟူသော ဝီထိလေးပါးကို ရနိုင်သည်။

ထိုအခါ စက္ခုဒွါရဝီထိနှင့်တကွ ပေါင်းယူသော် ဝီထိ ငါးပါး ရလာသည်။ ယင်းငါးခုလုံးကို အကျုံးဝင်သော ပဉ္စဒွါရဝီထိကို ရသည်။

## ပဉ္စဒွါရဝီထိ

"အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်"

(ပြဆိုခဲ့ပြီးသော ဝီထိတို့မှာ အလွန်ထင်ရှားသော အာရုံအတွက်သာ ဖြစ်သည်။)

## ဝီထိလွတ်

အတိတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒတို့မှာ ဝီထိမဟုတ်။ ဝီထိမှ အလွတ်ဖြစ်သည်။ ထို့ကြောင့် ဝီထိလွတ်စိတ်ဟု ခေါ်သည်။ သို့သော် ရူပါရုံစသော အာရုံငါးပါး အသီးသီးသည် ဥပါဒ်(ဖြစ်)သည်ကစ၍ ရုပ်အသက် ၁၇–ချက်ကို ရေတွက်လျှင် အတိတဘဝင်က စ၍ ရေတွက်ရသောကြောင့် ယင်း စိတ်သုံးပါးကို ဝီထိစိတ်ပုံစံတွင် ထည့်သွင်းထားသည်။ စင်စစ်မှာ ပဉ္စဒွါရာဝဇ္ဇန်းက တဒါရုံတိုင်အောင်သာ ဝီထိစိတ်များ ဖြစ်သည်။

## ဓမ္မာရုံနှင့် မနောဒွါရ

ဓမ္မာရုံသည် မနောဒွါရနှင့်ဆိုင်သော အာရုံဖြစ်သည်။ မနောဒွါရဟူသည်မှာ စက္ခုဒွါရ စသည်ကဲ့သို့ ရုပ်တရားမဟုတ်။ ဘဝင်စိတ် ၁၉–ပါး ဖြစ်သည်။ ဘဝင်စိတ်များ၌ အာရုံထင်လာလျှင် ထိုအာရုံကို ယူ၍ ဝီထိစိတ်အစဉ် ဖြစ်လာသောကြောင့် ဘဝင်စိတ်ကို မနောဒွါရဟု ခေါ်သည်။

ထိုမနောဒွါရ ကင်းနိုင်သော အာရုံတို့ကား အလွန်များပြား၏။ ပဉ္စဒွါရ၌မူကား ပစ္စုပ္ပန်အာရုံငါးပါးသည် ထင်သည်။ ဤမနောဒွါရ၌ အတိတ်ရုပ်နမ်၊ အနာဂတ်ရုပ်နမ်၊ ပစ္စုပ္ပန်ရုပ်နမ်၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်နှင့်ပညတ် ထင်နိုင်၏။ အာရုံ ၆–ပါး (ဝါ) ရှိသမျှတရားအားလုံး ထင်နိုင်၏။

အမျိုးမျိုးသော သဘောတရား (ဓမ္မာရုံ) သည် မနောဒွါရဝယ် ထင်လာရာတွင် စိတ်အစဉ်အမျိုးမျိုး ဖြစ်လာသည်ကို မနော ဒွါရဝီထိဟု ခေါ်သည်။ နမူနာ အနေဖြင့် မနောဒွါရတစ်မျိုးကို တင်ပြပါမည်။

## မနောဒွါရဝီထိ

ဘဝင်စိတ်ဟူသော မနောဒွါရတွင် ဓမ္မာရုံတစ်ခုခု ထင်လာအံ့။ (သို့မဟုတ်) ယခုလောလောဆယ် မြင်ရကြားရသော အာရုံသော်လည်းကောင်း၊ ရှေးက မြင်ခဲ့ ကြားခဲ့ တွေ့ခဲ့ဖူးသော အာရုံသော်လည်းကောင်း တစ်ခုခု ထင်လာအံ့။ အကယ်၍ ထင်ရှားသော အာရုံဖြစ်ခဲ့သော် ထိုသို့ထင်လာသည့်အတွက် ဘဝင်လှုပ်ရှားသည်။(ဘဝင်္ဂစလန)၊ နောက်ဘဝင်တစ်ကြိမ် ဖြစ်လာ၍ ထိုဘဝင် ပြတ်သွားသည်။ (ဘဝင်္ဂုပစ္ဆေဒ)၊ ထို့နောက် ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်လာသည်။ ထိုစိတ်သည် ပဉ္စဒွါရဝီထိတွင်ပါသော ဆုံးဖြတ်သော ဝုဋ္ဌောစိတ်နှင့်တူသည်။ ထို့နောက် ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ် ဖြစ်၍ ဘဝင်ကျသည်။ ဤမနောစိတ်ကို အောက်ပါအတိုင်း အကျဉ်းမှတ်နိုင်သည်။

"ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်"

## စိတ္တနိယာမ

ဝီထိစိတ်တို့သည် တစ်စိတ်ပြီးတစ်စိတ် စီကာစဉ်ကာ ဖြစ်ကြသည်မှာ ပြုပြင်စီမံ ဖန်တီးနိုင်သူ လူနတ်ဗြဟ္မာ တစ်စုံတစ်ယောက်မျှ မရှိဘဲ သဘာဝအတိုင်း အလွန်တရာ ဆန်းကြယ်စွာ ဖြစ်နေသည်။ ဤသို့ ဖြစ်နေသည်မှာ စိတ္တနိယာမ ဖြစ်သည်။

ဤဝီထိစိတ်တို့သည် တစ်ခုပြီးတစ်ခု စီကာစဉ်ကာ ဖြစ်နေကြရာ၌ မိမိတို့နှင့် သက်ဆိုင်သော အလုပ်ကို လုပ်ကိုင် ဆောင်ရွက်ကြသွားကြသည်။ ဤ လုပ်ကိုင်ဆောင်ရွက်မှုကို ကိစ္စ ဟုခေါ်သည်။ ဝီထိစဉ်တွင် ပါဝင်သော အခေါ်အဝေါ် ဝေါဟာရတို့မှာ သက်ဆိုင်ရာ ကိစ္စကို အစွဲပြု၍ ခေါ်ဝေါ်ထားခြင်းဖြစ်သည်။

## ကိစ္စ ၁၄-ပါး

စိတ်တို့၏ လုပ်ကိုင် ဆောင်ရွက်သောအလုပ် (ကိစ္စ)မှာ ၁၄-ပါးရှိသည်။ ယင်းတို့မှာ -

၁။ ပဋိသန္ဓေကိစ္စ = ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်း
၂။ ဘဝင်ကိစ္စ = ကံအရှိန်ရှိသမျှ တစ်ဘဝလုံး ခန္ဓာအစဉ်မပြတ် မစဲစေခြင်း
၃။ အာဝဇ္ဇန်း = အာရုံကို ဆင်ခြင်ခြင်း
၄။ ဒဿနကိစ္စ = ရူပါရုံကိုမြင်ခြင်း
၅။ သဝနကိစ္စ = သဒ္ဒါရုံကိုကြားခြင်း
၆။ ဃာယနကိစ္စ = ဂန္ဓာရုံကိုနံခြင်း
၇။ သာယနကိစ္စ = ရသာရုံကိုလျက်ခြင်း
၈။ ဖုသနကိစ္စ = ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်း
၉။ သမ္ပဋိစ္ဆိုင်းကိစ္စ = အာရုံကိုခံယူခြင်း
၁၀။ သန္တီရဏကိစ္စ = အာရုံကိုစူးစမ်းခြင်း
၁၁။ ဝုဋ္ဌောကိစ္စ = အာရုံငါးပါးကို ပိုင်းခြားသတ်မှတ်ခြင်း၊ ဆုံးဖြတ်ခြင်း
၁၂။ ဇောကိစ္စ = အာရုံကိုခံစားခြင်း
၁၃။ တဒါရုံကိစ္စ = ဇော၏အာရုံကို ဆက်လက်ခံစားခြင်း
၁၄။ စုတိကိစ္စ = ဖြစ်ဆဲဘဝမှ ရွေ့လျားခြင်း

### ကိစ္စတပ်သောစိတ်

စိတ်တို့သည် သက်ဆိုင်ရာ အလုပ်ကိစ္စကို ဆောင်ရွက်လုပ်ကိုင်သည်ကို "ကိစ္စတပ်သည်"ဟု ခေါ်သည်။ ဥပမာ - ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် အာရုံကို ဆင်ခြင်ခြင်း(အာဝဇ္ဇန်းကိစ္စ)ကို လုပ်ကိုင်ဆောင်

ရှက်သည်ဖြစ်၍ ပဋ္ဌဒွါရာဝဇ္ဇန်းကို အာဝဇ္ဇနကိစ္စ တပ်သည်ဟု ဆိုရပေမည်။

၁။၂။၃။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ တပ်သောစိတ်တို့မှာ ဥပေက္ခာသန္တီရဏစိတ် ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ပါး၊ ပေါင်း ၁၉-ပါးဖြစ်သည်။ (ဥပေက္ခာသန္တီရဏစိတ် ၂-ပါးမှာ အကုသလဝိပါက်စိတ် ၇-ပါးတွင် ပါဝင်သော ဥပေက္ခာ သဟဂုတ်သန္တီရဏစိတ်နှင့် ကုသလဝိပါက်စိတ် ၈-ပါးတွင် ပါဝင်သော ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ဖြစ်သည်။)

၄။ အာဝဇ္ဇန်းကိစ္စ တပ်သောစိတ်မှာ ပဋ္ဌဒွါရာဝဇ္ဇန်းစိတ်နှင့် မနောဒွါရဝဇ္ဇန်း စိတ်ဖြစ်သည်။(ယင်းစိတ်တို့သည် အဟိတ်ကြိယာစိတ် ၃-ပါးတွင် ပါဝင်သည်။)

၅။ ဒဿနကိစ္စ တပ်သောစိတ်မှာ စက္ခုဝိညာဏ်ဒွေး ဖြစ်၏။

၆။ သဝနကိစ္စ တပ်သောစိတ်မှာ သောတဝိညာဏ်ဒွေး ဖြစ်၏။

၇။ ဃာယနကိစ္စ တပ်သောစိတ်မှာ ဃာနဝိညာဏ်ဒွေး ဖြစ်၏။

၈။ သာယနကိစ္စ တပ်သောစိတ်မှာ ဇိဝှါဝိညာဏ်ဒွေး ဖြစ်၏။

၉။ ဖုသနကိစ္စ တပ်သောစိတ်မှာ ကာယဝိညာဏ်ဒွေး ဖြစ်၏။

၁၀။ သမ္ပဋိစ္ဆိုင်းကိစ္စ တပ်သောစိတ်မှာ သမ္ပဋိစ္ဆိုင်းဒွေး ဖြစ်၏။ ယင်းတို့မှာ ကုသလဝိပါက် သမ္ပဋိစ္ဆိုင်းနှင့် အကုသလဝိပါက် သမ္ပဋိစ္ဆိုင်းနှင့် အကုသလဝိပါက်သမ္ပဋိစ္ဆိုင်း ဖြစ်၏။

၁၁။ သန္တီရဏကိစ္စ တပ်သောစိတ်မှာ သန္တီရဏစိတ် ၃-ပါး ဖြစ်၏။ ယင်းတို့မှာ အကုသလဝိပါက်စိတ် ၇-ပါးမှာ ပါဝင်သော ဥပေက္ခာသဟဂုတ်သန္တီရဏ၊ ကုသလဝိပါက်စိတ်၈-ပါးတွင် ပါဝင်သော ဥပေက္ခာသဟဂုတ်သန္တီရဏ၊ သောမနဿသဟဂုတ်သန္တီရဏတို့ ဖြစ်သည်။

၁၂။ ဝုဋ္ဌောကိစ္စ တပ်သောစိတ်မှာ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။
၁၃။ ဇောကိစ္စ တပ်သောစိတ်မှာ အကုသိုလ်စိတ် ၁၂-ပါး၊ ကုသိုလ်စိတ် ၂၁-ပါး၊ ဖိုလ်စိတ် ၄-ပါး၊ အာဝဇ္ဇန်းဒွေးကြဉ်သော ကြိယာစိတ် ၁၈-ပါး၊ ပေါင်း ၅၅-ပါး ဖြစ်၏။
၁၄။ တဒါရုံကိစ္စ တပ်သောစိတ်မှာ အဟာဝိပါက်စိတ် ၈-ပါး၊ သန္တီရဏစိတ် ၃-ပါး၊ ပေါင်း ၁၁-ပါး ဖြစ်၏။
(အထက်ပါ စိတ်တို့မှ တူရာကိုနုတ်၍ ပေါင်းလျှင် စိတ် ၈၉-ပါး ရသည်။)

အာရမ္မဏပစ္စယောသတ္တိဖြင့် ကျေးဇူးပြုပုံကို အကျဉ်းတင်ပြပါမည်။

ပဉ္စဒွါရဝီထိမှာ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော (၇) ကြိမ်၊ တဒါရုံ(၂)ကြိမ်ဟူ၍ ပြခဲ့ပြီ။

ဤဝီထိတွင် ပါဝင်သော စိတ်အဆင့်ဆင့်သည် ပဉ္စာရုံနှင့် ပဉ္စဒွါရတို့ တိုက်ဆိုင်မိ၍ ဖြစ်ပေါ်လာသော စိတ်များဖြစ်သည်။ သို့ဖြစ်၍ ပဉ္စာရုံက ယင်းစိတ်အသီးသီးကို အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

သို့ဖြစ်ရာ ဤဝီထိစဉ်တွင်ပါသော ပဉ္စဝိညာဏ်ကို ပဉ္စရုံက အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(ဤဝီထိစဉ်တွင်ပါသော စိတ်၏အမည်တို့မှာ စိတ်၏ အလုပ်ကိစ္စကို အစွဲပြု၍ (အကြောင်းပြု၍) မှည့်ခေါ်ထားသော အမည်များ ဖြစ်ကြောင်း သတိပြုပါ။)

ဤဝီထိအစဉ်တွင်ပါသော ပဉ္စဒွါရာဝဇ္ဇန်းကိစ္စ တပ်သောစိတ်သည် ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်၍ သမ္ပဋိစ္ဆိုင်းဒွေး ဖြစ်သည်။ ယင်း ပဉ္စ

ဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်း ၂-ပါးသည် မနောဓာတ် ဖြစ်သည်။ ထို့ကြောင့် ပဋ္ဌရုံက မနောဓာတ်ကို အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

သန္တီရဏကိစ္စ တပ်သောစိတ်မှာ သန္တီရဏ ၃-ပါး ဖြစ်သည်။

ဝုဋ္ဌောကိစ္စ တပ်သောစိတ်မှာ မနောဒွါရာဝဇ္ဇန်း ဖြစ်သည်။

ဇောကိစ္စ တပ်သောစိတ်မှာ အကုသိုလ်စိတ် ၁၂-ပါး၊ ကုသိုလ်စိတ် ၂၁-ပါး၊ ဖိုလ်စိတ် ၄-ပါး၊ အာဝဇ္ဇန်းဒွေးကြဉ်သော ကြိယာစိတ် ၁၈-ပါး၊ ပေါင်း ၅၅-ပါး ဖြစ်သည်။

တဒါရုံကိစ္စ တပ်သောစိတ်မှာ မဟာဝိပါက်စိတ် ၈-ပါးနှင့် သန္တီရဏစိတ် ၃-ပါး ဖြစ်သည်။

အထက်တွင် ပြခဲ့ပြီးသော သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ ဟူသော ကိစ္စအသီးသီးတပ်သော စိတ်အားလုံးသည် မနောဝိညာဏဓာတ် ဟုခေါ်ဆိုသော စိတ် ၇၆-ပါးတွင် ပါဝင်သည်။

သို့ဖြစ်၍ ပဋ္ဌာရုံသည် မနောဝိညာဏဓာတ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

မနောဒွါရဝီထိမှာ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ် ဟူ၍ဖြစ်သည်။

ဤဝီထိစဉ်တွင် ပါဝင်သော မနောဒွါရာဝဇ္ဇန်း၊ ဇော၊ တဒါရုံ ကိစ္စတပ်သော စိတ်မျိုးမှာ မနောဝိညာဏဓာတ် ဖြစ်သည်။ မနောဒွါရတွင် အာရုံ ၆-ပါးဟူသော ရှိရှိသမျှအာရုံတို့ ထင်နိုင်သဖြင့် အာရုံ ၆-ပါးက မနောဝိညာဏဓာတ်ကို အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

# အခန်း (၄)
# အဓိပတိပစ္စည်း

လိုရာပြီးမြောက်လိုပါက ဆင်းရဲသားဘဝမှ သူဌေးကြီးဖြစ်သွားသောသူ တောသားဘဝမှ တိုင်းပြည်ခေါင်းဆောင်ကြီးဖြစ်သွားသူတို့ကအစ၊ သာမညပုဂ္ဂိုလ်အဖြစ်မှ ရဟန္တာအရှင်သူမြတ် ဖြစ်သွားသူတို့အထိ ထူးထူးချွန်ချွန်ဖြစ်သွားသူတို့မှာ ထူခြားသော အရည်အချင်းနှင့် ပြည့်စုံကြသည်။ ယင်းအရည်အချင်းတို့ကား (၁)ပြင်းပြသောဆန္ဒ၊ (၂) ကြီးမားလုံးလဝီရိယ၊ (၃) ကြံ့ခိုင်မြဲမြံသောစိတ်ဓာတ်၊ (၄) ထက်မြက်သော ဉာဏ်ပညာတို့ဖြစ်သည်။

ဤအရည်အချင်း တရားလေးပါးကို ထူးထူးချွန်ချွန် ပေါက်ပေါက်ရောက်ရောက် ပြီးမြောက်အောင် လုပ်ဆောင်အားပေးသည့် အခြေခံတရားကို ဣဒ္ဓိပါဒ်လေးပါးဟူ၍ ဗုဒ္ဓရှင်တော်မြတ်ဟောကြားတော်မူခဲ့ပြီး ဖြစ်ပါသည်။

### ၁။ ပြင်းပြသောဆန္ဒ

မိမိမှာဆန္ဒာ တစ်ခုခုရှိပါက မိမိဆန္ဒမပြည့်မချင်း၊ မိမိဖြစ်ချင်သော ပန်းတိုင်သို့မရောက်မချင်း နောက်မဆုတ်ဘဲ လုပ်ရဲကိုင်ရဲ

သော အလွန်ပြင်းပြသော ဆန္ဒမျိုးဖြင့်ပြုလုပ်ပါက မည်သည့်ကိစ္စ မဆို ပြီးစီးအောင်မြင်သည်သာ ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓရှင်တော် မြတ်က "ဆန္ဒဝတော/ကိံ နာမကမ္မံ/နသိဇ္ဈတိ" "ပြင်းပြသော အလိုဆန္ဒရှိသူအား အဘယ်မည်သော အမှုကိစ္စဟူသမျှသည် မပြီးစီးဘဲရှိနိုင်ပါအံ့နည်း၊ မုချအမှန်ပြီးစီးအောင်မြင်သည်သာတည်း" ဟုဟောတော်မူခဲ့သည်။

## ၂။ ကြီးမားသောလုံ့လဝီရိယ

"ဝီရိယဝတော/ကိံ နာမကမ္မံ/နသိဇ္ဈတိ" ကြီးမားသောလုံ့လဝီရိယရှိသောသူအား မပြီးစီးသော အမှုကိစ္စမရှိ" ဟူ၍ ဗုဒ္ဓရှင်တော် မြတ်ဟောတော်မူခဲ့သည်။ ယင်းဟောထားချက်နှင့်အညီ ဝီရိယထုတ် လျှင် ပြီးစီးကောင်သော အလုပ်အကိုင်မျိုးကို လုပ်ကိုင်ရသော အခါ ကိုယ်စိတ်နှစ်ပါးဆင်းရဲကြီးလည်း ဂရုမထား၊ ဝီရိယထုတ်မှုကို မည် မျှလောက်မှ ဝန်းမလေးဘဲ မပြီးပြီးအောင် ခွဲကောင်းကောင်းနှင့် လုပ် တတ်သူအား အမှုကိစ္စဟူသမျှသည် ပြီးစီးအောင်မြင်သည်သာဖြစ်၏။

## ၃။ ထက်သန်ကြံခိုင်နိုင်သောစိတ်ဓာတ်

"စိတ္တဝတော/ကိံ နာမကမ္မံ/နသိဇ္ဈတိ" ထက်မြက်ကြံ့ခိုင် သော စိတ်ဓာတ်ရှိသူအား မပြီးစီးသောအမှုကိစ္စမရှိဟု ဗုဒ္ဓရှင်တော် ဟောတော်မူခဲ့သည်။ ထို့ကြောင့်တစ်ခုခုကို ပြုလုပ်လိုသော စိတ်မျိုး ဖြစ်ပေါ်လာပါက ပျော့ညံ့အားနည်းဆုတ်နစ်သောစိတ်မျိုးဖြင့် မပြုလုပ် ဘဲ ထိုအလုပ်ကိုသာ စွဲစွဲလမ်းလမ်း စူးစူးစိုက်စိုက်ဖြစ်ပြီး မည်မျှလောက် ပင် ကြံ့ကြာစေကာမူ အဆင်းရဲခံကာ မတုန်မလှုပ်တည်တံ့မြဲမြံသော ထက်သန်ကြံ့ခိုင်သောစိတ်ဖြင့်လုပ်ကိုင်ပါက ထိုအလုပ်သည်ဧကန် မုချ ပြီးစီးအောင်မြင်သည်သာ ဖြစ်၏။

## ၄။ ထက်မြက်သောပညာ

အလုပ်ကိစ္စတို့ကို လုပ်ကိုင်ဆောင်ရွက်ရသောအခါ ဆင်ကန်း

တောတိုးအရမ်းကာရော မလုပ်ဆောင်ရ။ ဉာဏ်စွမ်း၊ ပညာစွမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့လျှင် လွယ်ကူချောမောစွာ ပြီးစီးတတ်သည်။ မိမိလုပ်ကိုင်ဆောင်ရွက်ရမည့် အလုပ်ကိစ္စ၏ အကြောင်းအကျိုးအခြေအနေ အရပ်ရပ်ကို ဝေဖန်သုံးသပ်ရမည်။ စဉ်းစားဆင်ခြင်ရမည်။ ဆွေးနွေး မေးမြန်းရမည်။ စူးစမ်းစစ်ဆေးရမည်။ ဤသို့ဉာဏ်အား၊ ပညာအား စိုက်ထုတ်ပြီး အချက်ကျကျတစ်မျိုးပြီးတစ်မျိုး မဖြစ်မနေ ဆောင်ရွက်ပါက လိုရာကိစ္စပြီးမြောက်ရသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်က "ပညာဝတော/ကိံ နာမကမ္မံ/နသိဇ္ဈတိ" တို့ ထက်မြက်သော ပညာ ရှိသူအား ကိစ္စမရှိဟုဟောတော်မူခဲ့ခြင်းဖြစ်သည်။

ယခုပြဆိုခဲ့သော ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ပညာ ဤတရားလေးပါးသည် မိမိတို့လိုရာကိစ္စပြီးမြောက်အောင် လုပ်ဆောင်အားပေးသော အခြေခံတရားများဖြစ်သည်ဟူ၍ သုတ္တန်ဒေသနာတော်တွင် ဟောတော်မူခဲ့သည်။ အဘိဓမ္မာနည်းဖြင့်မူကား ဤတရားလေးပါးကို အဓိပတိပစ္စည်းတွင် ဟောတော်မူခဲ့သည်။

## အဓိပတိပစ္စည်းအဓိပ္ပာယ်

ဟေတုပစ္စည်းနှင့် အာရမ္မဏပစ္စည်းတို့တွင် ပြခဲ့သကဲ့သို့ပင် အဓိပတိပစ္စည်းဆိုသည်မှာ အဓိပတိကိစ္စဖြင့် ကျေးဇူးပြုသော တရားဖြစ်သည်။ အဓိပတိအလုပ်ကို လုပ်သောတရားဖြစ်သည်။ ဤတွင် အဓိပတိဟူသောစကားကို ရှင်းပြရန်လိုအပ်သည်။

အဓိပတိဟူသောပါဠိစကားကို "အကြီးအမှူး၊ အကြီးအကဲ" ဟူ၍ အများအားဖြင့် မြန်မာပြန်ကြသည်။ တိကျသေချာသောသူတို့ကမူ အတုမရှိသောအကြီးအကဲဟု မြန်မာပြန်ကြသည်။ မိမိတစ်ဦးတည်းကသာ ပိုင်ပိုင်နိုင်နိုင် လွှမ်းမိုးအုပ်စိုးနိုင်သော အစိုးရမျိုးကိုသာ ပါဠိဘာသာတွင် အဓိပတိဟုခေါ်သည်။

## စကြာမင်းပမာ

ဤအဓိပတိဟူသော စကား၏အဓိပ္ပာယ်ကို ထင်ရှားအောင် ဆရာတို့က စကြာမင်း၊ ဧကရာဇ်မင်းတို့နှင့် ပုံဆောင်ကာပြကြသည်။ စကြာမင်း၊ ဧကရာဇ်မင်းတို့ မည်သည် မိမိနိုင်ငံအတွင်း၌ပြိုင်ဘက် မရှိ မိမိတစ်ဦးတည်းကသာ သက်ဦးဆံပိုင်အဖြစ် ပိုင်ပိုင်နိုင်နိုင် လွှမ်းမိုးအုပ်စိုးနိုင်သူ ဖြစ်သည်။ ဤအတူ ပါဠိဘာသာဖြင့် အဓိပတိ ဟုခေါ်ဆိုသော အကြီးအမှူးဆိုသည်မှာ အစိုးတရ အာဏာရှိမှုတွင် မိမိတစ်ဦးတည်းသာ ပိုင်ပိုင်နိုင်နိုင် လွှမ်းမိုးအုပ်စိုးနိုင်သူဖြစ်သည်။ ထို့ကြောင့် အဓိပတိသဘောတရားဆိုသည်မှာ ပြိုင်ဘက်မရှိ လွှမ်းမိုး အုပ်စိုးနိုင်သော သဘောဖြစ်သည်။

သို့ဖြစ်၍ အဓိပတိပစ္စည်းဆိုသည်မှာ စကြာမင်းပမာ ပြိုင်ဘက်မရှိ လွှမ်းမိုးအုပ်စိုးနိုင်သည် အဖြစ်ဖြင့် ကျေးဇူးပြုသောတရား ဖြစ်သည်ဟူ၍ အဓိပ္ပာယ်ပေါ်လွင်အောင်ဆိုနိုင်သည်။

## အဓိပတိ ပစ္စယသတ္တိ

စကြာမင်းပမာ ပြိုင်ဘက်မရှိ ပိုင်ပိုင်နိုင်နိုင်လွှမ်းမိုးအုပ်စိုး နိုင်သော သတ္တိထူးသည် အဓိပတိပစ္စယသတ္တိဖြစ်သည်။

## အဓိပတိလေးပါး

အထက်တွင်ပြဆိုခဲ့သည့် ပြိုင်ဘက်မရှိ လွှမ်းမိုးအုပ်စိုးနိုင် သော (ပါ) အဓိပတိ အလုပ်လုပ်သောတရားသည် အဘိဓမ္မာအလို အားဖြင့် နာမ်ဓာတ်လေးပါးဖြစ်သည်။ ယင်းတို့ကို ရှင်းလင်းပြပါမည်။

သတ္တဝါတို့၏ သန္တာန်တွင် ရုပ်ဓာတ်နှင့် နာမ်ဓာတ်ဟူ၍ နှစ်မျိုးရှိသည်။ ယင်းနှစ်မျိုးတွင် နာမ်ဓာတ်မှာသာ ပြုဝတ်သော သဘောရှိသည်။ ရုပ်ဓာတ်မှာမူကား ပြုတတ်သဘောမရှိ။ ပြုတတ်သော နာမ်တို့တွင် အခြားတရားတို့ကို လွှမ်းမိုးအုပ်စိုးနိုင်သော နာမ်ဓာတ် ...းပါဝင်သည်။ ယင်းနာမ်တို့အနက် အတုမရှိ၊ ပြိုင်ဘက်မရှိ လွှမ်းမိုး

အုပ်စိုးနိုင်သော တရားမှာ လေးပါးသာရှိသည်။ ယင်းနာမ် ဓာတ်လေးပါးမှာ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့ဖြစ်သည်။ ဤလေးပါး တွင် စိတ် (စိတ္တ) မှတစ်ပါး ကျန်သုံးပါးသည် စေတသိက်များ ဖြစ်သည်။ ဝီမံသ ဆိုသည်မှာ ပညိန္ဒြေစေတသိက် ဖြစ်သည်။

ယင်းတရားလေးပါးသည် အဓိပတိဖြစ်သည်ဟု ဆိုရာ၌ မိမိ နှင့် ယှဉ်ဖက်တရား ဖြစ်ဖက်တရားတို့အပေါ် ပြိုင်ဘက်မရှိ လွှမ်းမိုး၊ အုပ်စိုးနိုင်အောင် အားရှိမှသာ အဓိပတိ ဖြစ်သည်။ ဆန္ဒဟူသရွေ့၊ ဝီရိယဟူသရွေ့၊ စိတ္တဟူသရွေ့၊ ဝီမံသ ဟူသရွေ့ကို အဓိပတိဟုဆိုလို ခြင်းမဟုတ်။ ယှဉ်ဖက်ဖြစ်ဖက်တရားတို့အပေါ်မှာ လွှမ်းမိုး အုပ်စိုး နိုင်သော ဆန္ဒမျိုး၊ ဝီရိယမျိုး၊ စိတ္တမျိုး၊ ဝီမံသမျိုးတို့သည်သာ အဓိပတိ ဖြစ်သည်ဟု ဆိုလိုသည်။

အဓိပတိဖြစ်သော (ဝါ) အဓိပတိတိုက်သော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ တို့ကို ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာ ဓိပတိ ဟုခေါ်သည်။

## အဓိပတိမှာ တစ်ပါးတည်းသာ

ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ (ပညာ) တို့သည် အတူတကွ တစ်စုတည်းသာ ဖြစ်နိုင်သော်လည်း အဓိပတိဟူသည် ပြိုင်ဘက်မရှိ အတုမရှိသောသဘောဖြစ်သောကြောင့် ယင်းလေးပါးသည် တစ် ပြိုင်နက် အဓိပတိ မဖြစ်နိုင်။ ယင်းလေးပါးအနက် တစ်ပါးပါးသည် အဓိပတိဖြစ်က ကျန်သုံးပါးသည် အဓိပတိမဖြစ်နိုင်ပေ။ နောက်လိုက် လက်ထောက်ငယ်သားဖြစ်သည်။

ဆန္ဒပြင်းပြသောအခါ ဝီရိယ၊ စိတ္တ၊ ပညာ တို့က ဆန္ဒ၏ ကျေးကျွန်သဖွယ် ဆန္ဒ၏အလိုသို့လိုက်ရမည်။ ဆန္ဒက အရှင်သခင် အဓိပတိ ဖြစ်သည်။ ဆန္ဒတည်းဟူသော ခေါင်းတွဲနောက်သို့ ဝီရိယ၊ စိတ္တ၊ ပညာတည်းဟူသော ရထားသုံးတွဲသည် နောက်ကလိုက်ကြရ

သည်။ ဤအတူ ဝီရိယကြီးမားလာသောအခါ၊ စိတ်ဓာတ်ကြံ့ခိုင်ထက်သန်လာသောအခါ ဉာဏ်ပညာ ဖွံ့ဖြိုးထက်မြက်လာသောအခါ ဝီရိယစသည်တို့၏ နောက်သို့ ဆန္ဒစသည်တို့က လိုက်ပါရသည့်သဘောရှိသည်။

## လောဘကို အဓိပတိပတိ မတပ်

ဆန္ဒ စေတသိက်သည် အာရုံတစ်ခုခုကို လိုလားတောင့်တခြင်း၊ ရယူလိုခြင်း၊ ပြုလိုခြင်းသဘောဖြစ်သည်။ ရယူလိုခြင်း၊ ပြုလုပ်လို ခြင်းဟူရာ၌တဏှာလောဘကဲ့သို့စွဲလမ်းခြင်းမဟုတ်။ ရယူလိုရုံမျှသာ ပြုလုပ်လိုရုံမျှသာဖြစ်သည်။ ဆန္ဒသည် ပကိဏ်းစေတသိက်ထဲတွင် ပါဝင်၍ ကုသိုလ် အကုသိုလ် နှစ်ဖက်ရစေတသိက်ဖြစ်သည်။ ယင်း ဆန္ဒသည် အဓိပတိထိုက်သည်။

လောဘဟူသည်လောကီအာရုံကာမဂုဏ်ကို လိုလားတပ်မက်နှစ်သက်ခြင်းသဘော ဖြစ်သည်။ အစေးဖြင့် ကပ်သကဲ့သို့အာရုံ၌ငြိကပ်တွဲတာသော သဘောပါသည်။ အကုသိုလ် စေတသိက်တွင်ပါဝင်သည်။ ယင်းလောဘကြောင့် လူတိုင်းပင်စည်းစိမ်ချမ်းသာအချမ်းသာ အခြံအရံပေါများသည်ကို အလိုရှိသောကြောင့် မရကရာကြဖွေကြစုဆောင်းဆည်းပူး နေကြ၏။ သို့သော လောဘလက်တွင်းသို့ ရောက်ကုန်းသော ပုဂ္ဂိုလ်အချို့သည်ဘဝ၏ ပြည့်စုံခြင်း၊ဟူသော ဘဝသမ္ပတ္တိ ဘောဂကမ္ပတ္တိကို စွန့်လွှတ်၍ နေက္ခမတရားတို့ကို ဖြည့်ဆည်း၍ ဝဋ်ဆင်းရဲမှ ထွက် မြောက်နိုင်ကြပေသည်။

အထက်ပါအကြောင်းကို အထောက်အထားပြု၍ လောဘ၊ ဒေါသ၊ မောဟ စသော အကုသိုလ်တရားတို့ကို ပယ်လိုပါက ဆန္ဒသာ အားကောင်းမည်ဆိုပါက ထိုလောဘစသည်တို့ကို ပျယ်ဖျက်သုတ်သင် နိုင်ကြောင်းကို သိရပါသည်။ ထိုကဲ့သို့ လောဘ စသည်ဟို့ကို ပယ်ဖျက် သုတ်သင်နိုင်သည်မှာ လောဘထက် ဆန္ဒက အားကြီးသော

ကြောင့် ဖြစ်သည်။

အထက်ပါတင်ပြချက်အရ လောဘထက် ဆန္ဒက ပို၍အား ကြီးသောကြောင့် လောဘကို အဓိပတိမတပ်။ လောဘသည် အဓိပတိ မဖြစ်။ ဆန္ဒသည်သာ အဓိပတိတပ်သည်။ အဓိပတိထိုက်သည်။

အထက်ပါစကားရပ်တို့တွင် အဓိပတိ၏ အဓိပ္ပာယ်ကို အများ သုံးစကားဖြင့် တင်ပြခဲ့သည်။ အဓိပ္ပာယ်ကို အဘိဓမ္မာတွင် မည်သို့ ဖွင့်ဆိုသည်ကို ဆက်လက်ရေးပြပါမည်။

**အဓိပတိလေးပါး**

၁။ ဒွိဟိတ်ဇော ၁၈၊ တိဟိတ်ဇော ၃၄-၌ ရှိသောဆန္ဒသည် ဆန္ဒာဓိ ပတ်မည်၏။

၂။ ဒွိဟိတ်ဇော ၁၈၊ တိဟိတ်ဇော ၃၄-၌ ရှိသောဝီရိယသည် ဝီရိယာ ဓိပတိမည်၏။

၃။ ဒွိဟိတ်ဇော ၁၈၊ တိဟိတ်ဇော ၃၄-သည် စိတ္တာဓိပတိမည်၏။

၄။ တိဟိတ်ဇော ၃၄-၌ ရှိသော ပညာ ခေါ်သော ဝီမံသာ ဓိပတိ မည်၏။

အထက်ပါဖွင့်ဆိုချက်အရ ဇော၌သာ အဓိပတိ ရသည်ကို တွေ့ရသည်။

**ဇော၌အဓိပတိရပုံ**

"ဇော" ဟူသည်မှာပါဠိဘာသာ "ဇဝန" ကို ပြုပြင်ကာ သုံး စွဲထားခြင်းဖြစ်သည်။ "ဇဝန" ၏ အရင်းအမြစ် အဓိပ္ပာယ်မှာ "လျင် မြန်ခြင်း" ဖြစ်သည်။ လျင်မြန်သဖြင့် အရှိန်အဟုန် ရှိလာသည်။ ဤကဲ့သို့ အရှိန်အဟုန်ရှိသောစိတ်ကို ဇော (ဇောစိတ်) ဟုခေါ်သည်။ ယင်းစသည် အရှိန်အဟုန်ဖြင့်လှုပ်ရှားသည်ဖြစ်၍ အားရှိသည်။ ထို့ကြောင့် ဇောစိတ်ဆိုသည်မှာ အားကောင်းသောစိတ်မျိုးဖြစ်သည်။

လောကီ ဝိပါက်စိတ်တို့ကား ကံကြောင့်ဖြစ်ရကား အားထုတ်

လုံ့လဗျာပါ ရရှိသောစိတ်မျိုးမဟုတ်။ နုံးညံ့သိမ်မွေ့သောစိတ်မျိုးဖြစ်၍အားမရှိ။ ထို့ကြောင့်ယင်းစိတ်တို့မှာ အဓိပတိ မတိုက်ဘဲ ဇောစိတ်တို့သာ အဓိပတိထိုက်သည်။

ဇောစိတ်တို့ကို စာမျက်နှာ ၄၉ တွင်ပြခဲ့ပြီ။ ယင်းဇောစိတ်တို့ကို ကာမဇောနှင့် အပ္ပနာဇောဟု ခွဲထားသည်။

**ကာမဇော (၂၉) ပါး**

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂- ပါး |
| ဟသိတုပ္ပါဒ်စိတ် | ၁- ပါး |
| မဟာကုသိုလ်စိတ် | ၈- ပါး |
| မဟာကြိယာစိတ် | ၈- ပါး |

**အပ္ပနာဇော (၂၆) ပါး**

| | |
|---|---|
| မဟဂ္ဂုတ်ကုသိုလ်စိတ် | ၉- ပါး |
| မဟဂ္ဂုတ်ကြိယာစိတ် | ၉- ပါး |
| လောကုတ္တရာစိတ် | ၈- ပါး |

အထက်ပါကာမဇော ၂၉ ပါးတွင်ပါသော အကုသိုလ်စိတ် ၁၂-ပါးထဲက မောဟမူတွင်ပါသောဝိစိကိစ္ဆာစိတ်မှာ သို့လောသို့လော ဟုတ်ပမလား ဟူသောစိတ်ဖြစ်၍ ဥဒ္ဒစိတ်မှာပျံ့လွင့်သော စိတ်ဖြစ်၏ ယင်းမောဟမူစိတ် ၂-ပါးသည် မိမိတို့၏ သဘောတရားအရ အားမထက်သန်နိုင်ပေ။ ထို့ကြောင့် မောဟမူစိတ် ၂-ပါးသည် အဓိပတိမထိုက်။

ဟသိတုပ္ပါဒ်စိတ်မှာ ဇောစိတ်ဖြစ်၍ အရှိန်အဟုန်ရှိသော်လည်း အဟိတ်စိတ်ဖြစ်သဖြင့် အားမကောင်းနိုင်။ ထို့ကြောင့် ဟသိတုပပ္ပါဒ်စိတ်သည် အဓိပတိမထိုက်။ သို့ဖြစ်၍ မောဟမူစိတ် ၂-ပါးနှင့် ဟသိတုပ္ပါဒ်စိတ်ကို ဖယ်ထုတ်လျှင် ကျန်သော ကာမဇော ၂၆-ပါးနှင့် အပ္ပနာဇော ၂၆-ပါး၊ ပေါင်း ၅၂-ပါးသာ အဓိပတိထိုက်သည်။

ထိုဇော ၅၂-ပါးကိုသာ ဓိပတိဇော (အဓိပတိရှိသောဇော (ဝါ) အဓိပတိထိုက်သောဇော) ဟုခေါ်သည်။

## အဓိပတိ အမြဲ ထိုက်မထိုက်

အဓိပတိဇော ၅၂-ပါးတို့အနက် အပ္ပနာဇော ၂၆-ပါးသည် ၂၈ရာန်မဂ်ဖိုလ်တို့နှင့် သက်ဆိုင်သောစိတ်များဖြစ်သဖြင့် အမြဲပင် အား ထက်သန်ကောင်းမွန်၍ အမြဲပင် အဓိပတိထိုက်သည်။ ကျန်သော ကာမဇော ၂၆-ပါးမူကား အားကောင်းထက်သန်သည့် အခါမှသာ အဓိပတိထိုက်သည်။ အားမကောင်း မထက်သန်သောအခါ အဓိပတိမထိုက်။

အဓိပတိဇော ၅၂-ပါးကို ဒွိဟိတ်ဇောနှင့် တိဟိတ်ဇောပြု၍ နှစ်မျိုးခွဲထားပုံကို တင်ပြပါမည်။

ဒွိဟိတ်ဇော ၁၈-ပါးကား လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ မဟာကုသိုလ်ဉာဏ ၄-ပါး၊ မဟာကြိယာဉာဏ ဝိပ္ပယုတ် ၄-ပါးဖြစ်သည်။ တိဟိတ်ဇော ၃၄-ပါးကား မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ပါး၊ မဟာကြိယာဉာဏ သမ္ပယုတ် ၄-ပါး၊ အပ္ပနာဇော ၂၆-ပါးတို့ဖြစ်သည်။

(လောဘမူစိတ် ၈-ပါးတွင် လောဘဟိတ်နှင့် မောဟဟိတ် ယှဉ်သည်။ ဒေါသမူစိတ် ၂-ပါးတွင် ဒေါသဟိတ်နှင့် မောဟဟိတ် ယှဉ်သည်၊ ဉာဏဝိပ္ပယုတ် ၈-ပါးတွင် အလောဘဟိတ်နှင့်အဒေါသ ဟိတ်ယှဉ်သည်။ ဤသို့ဟိတ်နှစ်ပါးစီနှင့် ယှဉ်သဖြင့် ဒွိဟိတ်ဇောဟု ခေါ်သည်။ ဉာဏသမ္ပယုတ် ၈-ပါးနှင့် အပ္ပနာဇော ၂၆-ပါးတွင် အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်ဟူသော ၃-ပါးယှဉ် သဖြင့် တိဟိတ်ဇောဟုခေါ်သည်။)

အထက်တွင်တင်ပြချက်တို့အရ ဒွိဟိတ်ဇော ၁၈-ပါးနှင့် တိဟိတ်ဇော ၃၄-ပါးသာ (အဘိဓမ္မာအလို) အဓိပတိ ထိုက်သော

စိတ်များဖြစ်သည်။ သို့ဖြစ်၍ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသဟူသော အဓိပ္ပါယ် လေးပါးတွင် စိတ္တဟူသည်မှာသာ ဓိပတိဇော၅၂- (ဒွိဟိတ်ဇော ၁၈-နှင့် တိဟိတ်ဇော ၃၄) ကိုဆိုလိုသည်။ စိတ္တမှ တစ်ပါးသော ဆန္ဒ၊ ဝီရိယ၊ ဝီမံသတို့သည် စေတသိက်များဖြစ်ရာ ယင်းစေတသိက် သုံးပါးသည်များစွာသောစိတ်တို့နှင့်ယှဉ်၍ ဖြစ်နိုင်သောလည်း အဓိပတိဇော ၅၂-ပါး နှင့်ယှဉ်မှ ဖြစ်မှသာ အဓိပတိထိုက်သည်။

## တစ်ပါးသာ အဓိပတိ

ဒွိဟိတ်ဇောတို့တွင် အဓိပတိအမည်ခံနိုင်သော တရားသည် ဆန္ဒ၊ ဝီရိယ၊ စိတ္တဟူ၍ သုံးပါးသာရှိသည်။ တိဟိတ်ဇော၌ မူကား ဝီမံသ (ပညာ) နှင့် တကွ လေးပါးရှိသည်။ တစ်ပါးပါးသည် အဓိပတိ ဖြစ်လျှင် ၂-ပါး ၃-ပါး သည်နောက်လိုက်သာဖြစ်သည်။

## ကြောင်းကျိုးဆက်စပ်ပုံ

### စာပိုဒ် (၁)

နိဿယတွင် "ဆန္ဒာဓိပတိ" ကို အကြီးအမှူးဆန္ဒဟု မြန်မာ ပြန်ထားသည်။ ယင်းအဓိပတိထိုက်သောဆန္ဒကို ဆိုလိုခြင်း ဖြစ်သည်။ ယင်းအဓိပတိထိုက်သော ဆန္ဒမှာ(စာမျက်နှာ ၅၆ တွင်ပြခဲ့သော) ဒွိဟိတ်ဇော ၁၈-နှင့် တိဟိတ်ဇော ၃၄-မှာ ယှဉ်သောဆန္ဒဖြစ်သည်။

"ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ" ကိုဆန္ဒနှင့် ယှဉ်ကုန်သော ဟိတ်ဇော ၁၈၊ တိဟိတ်ဇော ၃၄၊ စေတသိက်တို့အားဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ ဤနေရာတွင် ဆန္ဒာနှင့်ယှဉ်သော ဒွိဟိတ်ဇောနှင့် တိဟိတ်ဇော ဆိုသည်မှာ ဒွိဟိတ်ဇော ၁၈ ပါးနှင့် တိဟိတ်ဇော ၃၄-ပါး ဟူသော အဓိပတိဇော ၅၂-ပါးဖြစ်သည်။ ထိုအဓိပတိဇော ၅၂-ပါး၌ ဝိစိကိစ္ဆာနှင့် ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၅၀-ဖြစ်သည်။

"တံ သမုဋ္ဌာနာနဉ္စ ရူပါနံ" ကိုဆန္ဒကြောင့်ဖြစ်သော စိတ္တဇ ရုပ်တို့အားဟုဆိုရာတွင် ယင်းစိတ္တဇရုပ်သည် ဆန္ဒဟူသော အဓိပတိ

ကြောင့် ဖြစ်လာသောရုပ်ဖြစ်သဖြင့် "သာဓိပတိစိတ္တဇရုပ်" ဟုခေါ်သည်။ ဆန္ဒာဓိပတိကြောင့် ဖြစ်လာသောရုပ်သည် သာမညဆန္ဒကြောင့်ဖြစ်သော စိတ္တဇရုပ်ထက် သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်ရှိသည်။

ဆန္ဒာဓိပတိ (အကြီးအမှူးဆန္ဒ)သည် အဓိပတိသဘောတရား အရ မိမိနှင့်ယှဉ်ဖက်ဖြစ်ဖက် တရားတို့ အပေါ်မှပြိုင်ဘက်မရှိ လွှမ်းမိုး အုပ်စိုးနိုင်သဖြင့် အပတိပစ္စယသတ္တိဖြင့်ကျေးဇူးပြုသည်ဟုဆိုသည်။ အထက်တွင်ရှင်းပြချက်အရ ဒွိဟိတ်ဇော ၁၈၊ တိဟိတ်ဇော ၃၄-တည်း ဟူသောသာဓိပတိဇော ၅၂-နှင့်ယှဉ်သော ဆန္ဒသည် သာဓိပတိဇော ၅၂-ဆန္ဒနှင့် ဝိစိကိစ္ဆာကြဉ်သောစေတသိက်၅၀၊ သာဓိပတိစိတ္တဇရုပ် တို့အား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## တပိုဒ် (၂)

နိဿယတွင် ဝီရိယာဓိပတိ (အကြီးအမှူးဝီရိယ)သည် ဟု ပြဆိုထားသည်မှာ အဓိပတိထိုက်သောဝီရိယ (ဝါ) သာဓိပတိဇော ၅၂-၌ ယှဉ်သော ဝီရိယဖြစ်သည်။ .

ယင်းဝီရိယနှင့် ယှဉ်သောစိတ်မှာ သာဓိပတိဇော ၅၂-ဖြစ် သည်။ စေတသိက်မှာ (တပိုဒ် ၁-တွင် ပြထားသကဲ့သို့) ဝီရိယနှင့် ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၅၀-ဖြစ်သည်။

ယင်းဝီရိယကြောင့်ဖြစ်ပေါ်လာသော သာဓိပတိစိတ္တရုပ်သည် အလွန်အလုပ်လုပ်သည်။ ကိုယ်စိတ်နစ်ပါး ဆင်းရဲငြားလည်း ခံနိုင်ရည်ရှိသည်။ အလွန်ဖွံ့ကောင်းသည်။

ဝီရိယသည် အဓိပတိတပ်သော ဝီရိယ (ဝီရိယာဓိပတိ) ဖြစ်သောကြောင့် ယှဉ်ဖက်စိတ်စေတသိက်တို့နှင့် ဖြစ်ဖက်ရုပ်တရား တို့ကို ပြိုင်ဘက်မရှိ လွှမ်းမိုးအုပ်စိုးနိုင်သည်။

ထို့ကြောင့် သာဓိပတိဇော ၅၂-နှင့် ယှဉ်သောဝီရိယသည် မိမိ၌ယှဉ်သော သာဓိပတိဇော ၅၂၊ ဝီရိယနှင့် ဝိစိကိစ္ဆာကြဉ်သော

စေတသိက် ၅၀၊ သာဓိပတိစိတ္တဇရုပ်တို့ကို အဓိပတိပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

## စာပိုဒ် (၃)

စိတ္တာဓိပတိ (အကြီးအမှူးစိတ်) ဆိုသည်မှာ သာဓိပတိဇော ၅၂ ဖြစ်သည်။ ယင်းစိတ်တို့မှာ ဝိစိကိစ္ဆာကြဉ်သော စေတသိတ် ၅၁ ပါးယှဉ်သည်။

ဤစိတ္တာဓိပပတိကြောင့်ဖြစ်သော သာဓိပတိစိတ္တဇရုပ်သည် စိတ်၏အလိုကျဖြစ်နေရသည်။ ယင်း သာဓိပတိ စိတ္တဇရုပ်သည် ပြင်းထန်လျှင် ပြင်ထန်းသလောက် ယင်းစိတ္တသည် (အမှုအရာသည်) ပြင်းထန်သည်။ ဒေါသပြင်းထန်ခဲ့လျှင် ယင်းသာဓိပတိစိတ္တဇရုပ်သည် ကြမ်းတမ်းခက်ထန်လာသည်။

(စာပိုဒ်-၁ နှင့် ၂-တွင် ပြသကဲ့ပင်) သာဓိပတိဇော ၅၂-သည် ဝိစိကိစ္ဆာကြဉ်သောစေတသိက် ၅၁-နှင့် သာဓိပတိစိတ္တဇရုပ်ကို အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## စာပိုဒ် (၄)

ဒွိဟိတ်ဇော ၁၈-ပါးနှင့် တိဟိတ်ဇော ၃၄-ပါးတို့သည် အဓိပတိတိုက်သည်ကို တင်ပြခဲ့ပြီးပြီ။ ယင်း သာဓိပတိဇော ၅၂-ပါးတွင် ဒွိဟိတ်ဇောမှာ ပညာမယှဉ်။ တိဟတ်ဇောမှာသာ ပညာယှဉ်သည်။ ထို့ကြောင့် ဤစာပိုဒ်တွင် ဝီမံသာဓိပတိ (အကြီးအမှူးပညာ) သည် တိဟိတ်ဇော ၃၄-ပါး၌ယှဉ်သော ပညာဖြစ်သည်။

ယင်းပညာနှင့်ယှဉ်သော စေတသိက်မှာ တိဟိတ်ဇော ၃၄-ပါး ဖြစ်သည်။ တိဟိတ်ဇော ၃၄-ပါး၌ အညသမာန်းစေတသိတ် ၁၃-ပါးနှင့် (ပညာပါသော) သောနစေတသိက် ၂၅-ပါးယှဉ်သည်။ ထို့ကြောင့် ပညာနှင့်ယှဉ်သောစေတသိတ်မှာဆိုခဲ့သော စေတသိတ် ၃၈-ပါးဖြစ်သည်။

ဝီမံသာဓိပတိကြောင့် ဖြစ်သော သာဓိပတိစိတ္တဇရုပ်သည် ဆင်းရဲပင်ပန်းသော ရုပ်မျိုးမဟုတ်။ သက်သောင့်သက်သာ ရှိသော ငြိမ်းအေးသော ရုပ်မျိုးဖြစ်သည်။

ကျေးဇူးပြုပုံမှာ (အထက်ပါစာပိုဒ် (၃) ပိုဒ်တွင် ပြခဲ့သကဲ့သို့ပင်) ဝီမံသာဓိပတိ (အဓိပတိတိုက်သောပညာ)သည် မိမိနှင့် ယှဉ်ဖက်ဖြစ်သော တိဟိတ်ဇော ၃၄၊ စေတသိတ် ၃၈-နှင့် မိမိကြောင့်ဖြစ်သော သာဓိပတိစိတ္တဇရုပ်တို့ အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

**သဟဇာတာဓိပတိ။**

အခုပြဆိုပြီးသော အဓိပတိပစ္စည်း စာပိုဒ် (၄) ပိုဒ်တွင် ပစ္စည်းတရား အသီးသီးသည် သက်ဆိုင်ရာ ပစ္စယုပ္ပန်တရားတို့နှင့် အတူတကွလည်း ဖြစ်ကြသည်။ ပါဠိစကား "သဟ"သည် ဖြစ်ခြင်း အနက်ကို ဟောသဖြင့် အတူတကွဖြစ်သည်ကို ပါဠိဘာသာတွင် "သဟဇာတ"ဟုခေါ်သည်။ ဤသို့ အတူတကွ ဖြစ်ကြသော (သဟဇာတ) တရားတို့အပေါ်၌ အဓိပတိဖြစ်သော တရားတို့က ကျေးဇူးပြုနေသောကြောင့် ဤစာပိုဒ် (၄) ပိုဒ် အဓိပတိပစ္စည်းကို သဟဇာတာဓိပတိ ပစ္စည်းဟုခေါ်သည်။

မိမိတို့နှင့် ယှဉ်ဖက်ဖြစ်ဖက်ဖြစ်ကုန်သော တရားတို့အပေါ်၌ စကြာမင်းပမာ တစ်ပါးတည်းလွှမ်းမိုးအုပ်စိုးနိုင်သော သတ္တိထူးကို သဟဇာတ ဓိပတိပစ္စယသတ္တိဟုခေါ်သည်။

ပြခဲ့ပြီးသော အဓိပတိပစ္စည်းစာပိုဒ် (၄) ပိုဒ်မှ ပေါင်းယူလျှင် သဟဇာတာဓိပတိပစ္စည်းပစ္စယုပ္ပန်ကို ရနိုင်သည်။

**သဟဇာတာဓိပတိပစ္စည်းပစ္စယုပ္ပန်။**

၁။ ၅၂-ပါးသော ဓိပတိဇောစိတ် (စိတ္တအရကောက်ယူသည်၊) ယင်းစိတ်တို့ပါသော ဆန္ဒ၊ ဝီရိယ၊ ဝီမံသ (ပညာ)တို့သည် သဟဇာတာ ဓိပတိပစ္စည်းတရားဖြစ်သည်။

၂။ ယှဉ်ဖက်ဖြစ်ဖက် သာဓိပတိဇောစိတ် ၅၂၊ ဝိစိတကိစ္စာကြည်သော စေတသိတ် ၅၁၊ သာဓိပတိဇရုပ်သည် သဟဇာတာ ဓိပတိပစ္စ ယု ပွန်တရားဖြစ်သည်။

## စာပိုဒ် (၅)

ဤအဓိပတိပစ္စည်း စာပိုဒ် (၅) နိဿယနှင့် အာရမ္မဏ ပစ္စည်းစာပိုဒ် (၈) နိဿယကို နှိုင်းယှဉ်ကြည့်ပါ။ ဝါကျဖွဲ့စည်းပုံချင်း တူသည်ကို တွေ့ရလိမ့်မည်။ သို့ဖြစ်၍ အဓိပ္ပာယ်ကောက်ပုံလည်းတူ ရပေလိမ့်မည်။

ဤစာပိုဒ် (၅)နိဿယတွင် "ယံယံဓမ္မံ" ကို မြန်မာပြန်ရာ တွင် "ဓမ္မံ" ကို "တရားကို" ဟု မြန်မာမပြန်ဘဲ "အာရုံကို" ဟူ၍ အဓိပ္ပာယ်ဖွင့်ထားသည်။ ဤသို့ဖွင့်ပြထားခြင်းမှာ ဆက်လက်ပြဆိုထား သောစကားရပ်ကို ထောက်ထား၍ ဖွင့်ပြခြင်းဖြစ်သည်။

ဆက်လက်ပြဆိုထားသည်မှာ "ဂရုံကတွာ အလေးပြု၍၊ စိတ္တစေတသိကာ စိတ်စေတသိက်ဖြစ်ကုန်သော၊ ယေယေဓမ္မာ အကြင် အကြင်တရားတို့သည်၊ ဥပ္ပဇ္ဇန္တိ ဖြစ်ကုန်၏" ဟူ၍ဖြစ်သည်။ ဤစကား ရပ်တွင် "စိတ်စေတသိတ်တို့သည် ဖြစ်ပေါ်လာကြကာ" ဟူသောစကားအရ စိတ်စေတသိက်တို့သည် ဖြစ်ပေါ်လာကြသည်ဟု ပြဆို ထားရာ စိတ်စေတသိတ်တို့မည်သည် အာရုံကိုအစွဲပြု၍ (အကြောင်းပြု၍ အာရုံ၍) ဖြစ်ပေါ်လာ၍ ဓမ္မတာဖြစ်သောကြောင့် "ဓမ္မံ"ကို အာရုံဟူ၍ အဓိပ္ပာယ်ဖွင့်ပြခြင်းဖြစ်သည်။ "ဂရုံကတွာ အလေးပြု၍" ဟုဆိုသည်မှာ အလေးအနက်အာရုံပြုသည်။ အမြတ်တနိုးအာရုံပြုသည်။ တန်းတန်းစွဲစွဲ အာရုံပြုသည်တို့ကို ဆိုလိုသည်။

ဤတွင် စိတ်စေတသိက်တို့က အလေးအနက်ပြုခြင်းကို ခံရသော အာရုံတို့သည်မှာ အဘယ်နည်းဟု မေးစရာပြဿနာပေါ်လာသည်။ ဤပြဿနာကို ဖြေရှင်းပါမည်။

အာရုံသည် ပင်ကိုသဘာဝ အားဖြင့်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ နှစ်သက်အပ်သည်ဖြစ်စေ၊ မနှစ်သက်အပ်သည် ဖြစ်စေ အလိုရှိအပ်သည်ဖြစ်စေ၊ အလိုမရှိအပ်သည်ဖြစ်စေ မည်သို့ပင် မဆိုဖြစ်စေကာမူ အာရုံနှင့်သက်ဆိုင်သောပုဂ္ဂိုလ် (အာရုံသက်ဆိုင်သော စိတ်စေတသိက်) အာရမ္မဏိကတရားတို့ကို ထိုအာရုံကောင်းသည် နှစ်သက်သည်၊ အလိုရှိအပ်သည်၊ မြတ်နိုးအပ်သည်၊ ဣဋ္ဌာရုံဖြစ်သည် ဟူ၍ (ကိုယ်ထိုင်-ခုတင်ရွှေနန်းဆိုသလို) ယူဆတင်မှတ်ထားသော အာရုံဟူသရွေ့သည် "အလေးအမြက်ပြုခြင်းကို ခံရသော အာရုံပင် အလေးအမြတ်ပြုအပ်သောအာရုံ" ဖြစ်သည်။

သာဓကဆောင်ရသော် အသေကောင်ပုပ်သည် သဘာဝအား ဖြင့် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော်လည်း လင်းတတို့အဖို့မူကား အသေ ကောင်ပုပ်၏ အနံ့ (ဂန္ဓာရုံ) သည်လည်းကောင်း၊ အရသာ (ရသာရုံ) သည်လည်းကောင်း အလွန်နှစ်သက်အပ်သော အာရုံဖြစ်တော့သည်။ ဤအသေကောင်ပုပ်သည် လင်းတတို့အတွက် အလွန်းနှစ်သက်မြတ်နိုး အပ်သော အာရုံဖြစ်သည့်အတွက် အသေကောင်ပုပ်ဟူသောအာရုံသည် လင်းတတို့၏ စိတ်ကို မလာဘဲမနေနိုင်အောင် တမ်တမ်းစွဲဖြစ်အောင် ချုပ်ကိုင်ဆွဲဆောင်နေတော့သည်။ ပိုင်ပိုင်နိုင်နိုင် လွှမ်းမိုးချုပ်ကိုင်နေ တော့သည်။

အခြားသာဓက တစ်ခုကို တင်ပြပါဦးမည်။ သုတသောမ ဇာတ်တွင် လူသားစားသော ပေါရိသာဒသည် လူ၏အသားကို နှစ်သက် မြတ်နိုးသည်ဖြစ်၍ (အလေးအမြက်ပြုသည်ဖြစ်၍) လူ၏အသားတည်းဟူ သောအကြောင်းကြောင့် ပြည်စည်းစိမ်ကိုစွန့်ပစ်၍ တောထဲတွင်လှည့် လည်းကျက်စားကာနေတော့မည်ဟူသော စကားတစ်ရပ်ပါရှိသည်။

ဤစကားရပ်သည်ကား လူသား၏အနံ့အရသာ (ဂန္ဓာရုံ၊ ရသာရုံ) တို့သည်မိမိအား အလေးအမြတ်ပြုမြတ်မြတ်နိုးနိုးဖြစ်သော တမ်းတမ်းစွဲဖြစ်သော ပေါရိသာဒ၏ စိတ်အား ပြည်စည်းစိမ်ကို စွန့်

လွှတ်နိုင်သည်အထိကို ထုတ်ဖော်ပြဆိုထားခြင်းဖြစ်သည်။

အထက်ပါသာဓကတို့ကို အထောက်အထားပြု၍ အာရုံတစ်ခုကို သက်ဆိုင်ရာစိတ်စေတသိတ်တို့က သာမညအာရုံပြုခြင်း မဟုတ်ဘဲ အလေးအနက်မြတ်မြတ်နိုးနိုးအာရုံပြုလျှင် ယင်းအာရုံသည် သက်ဆိုင်ရာ စိတ်စေတသိက်တို့ကို ပိုင်နိုင်စွာ လွှမ်းမိုးချုပ်ကိုင် ဆွဲဆောင်နိုင်သောကြောင့် ယင်းအာရုံသည် မိမိကိုအာရုံပြုသော စိတ်စေတသိက်တို့အား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုနိုင်သည်။

ထိုသို့ဆိုခဲ့သည်အတိုင်း အာရုံတစ်ခုခုကို အလေးအနက်ပြုလျှင် ယင်းအာရုံသည် အလေးအနက်အမြတ်တနိုးပြုသော စိတ်စေတသိက်တို့ကို ပိုင်နိုင်စွာလွှမ်းမိုးချုပ်ကိုင်စွဲဆောင်နိုင်သောကြောင့်-

"တေတေ ဓမ္မာ- ထိုထိုသောအာရုံ ၆ ပါး ပစ္စည်းတရားတို့သည် တေသံ တေသံ ဓမ္မာနံ- ထိုသို့သော စိတ်စေတသိက်ပစ္စယုပ္ပန် တရားတို့အား အဓိပတိပစ္စယေနပစ္စယော- အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်" ဟုဆက်လက်ပြဆိုထားသည်။

**အာရမ္မဏာဓိပတိပစ္စည်း**

ဤစာပိုဒ် (၅) တွင် အာရုံ (အာရမ္မဏ) က သက်ဆိုင်ရာစိတ်စေတသိက်တို့ကို အဓိပတိပစ္စယဖြင့် ကျေးဇူးပြုသောကြောင့် ဤအဓိပတိပစ္စည်းကိုပင် အာရမ္မဏာဓိပတိပစ္စည်းဟုခေါ်သည်။ သက်ဆိုင်ရာစိတ်စေတသိက်တို့ကို ပိုင်ပိုင်နိုင်နိုင် လွှမ်းမိုးချုပ်ကိုင်ဆွဲဆောင်နိုင်သော အာရုံက (အဓိပတိထိုက်သောအာရုံက) ယင်းစိတ်စေတသိက်တို့ကို ကျေးဇူးပြုခြင်းဖြစ်သည်။

**အာရမ္မဏာဓိပတိပစ္စယသတ္တိ**

အာရုံတစ်ခုသည် မိမိနှင့်သက်ဆိုင်သော စိတ်စေတသိက်တို့အား မိမိ မြတ်မြတ်နိုးနိုး လွန်လွန်ကဲကဲ တန်းတန်းစွဲဖြစ်အောင်

လွှမ်းမိုးချုပ်ကိုင်နိုင်သော သတ္တိထူးကို အာရမ္မဏာဓိပတိပစ္စယသတ္တိ ဟုခေါ်သည်။

## အာရမ္မဏနှင့် အာရမ္မဏာဓိပတိပစ္စည်း ၂-မျိုးကို နှိုင်းယှဉ်ပြခြင်း

အာရမ္မဏပစ္စည်းတွင် ပါဝင်သော "အာရဗ္ဘ= အာရုံပြုဟူသော စကားသည် မည်သို့အာရုံးပြုသည်ဟူ၍ သက်မှက်ပိုင်ခြားထားခြင်း မရှိသဖြင့် ပေါ့ပေါ့ဆဆလည်းအာရုံပြုနိုင်သည်။ အလေးအနက်လည်း အာရုံပြုနိုင်သည်။ သာမညလည်းအာရုံပြုနိုင်သည်။ မည်သိုမဆိုအာ ရုံပြုနိုင်သည်။ အာရုံပြုသည်သာ ပဓာနဖြစ်သည်။ ထို့ကြောင့် အာရုံ ပြုခြင်းခံရသော တရားတို့ကား ရှိရှိသမျှသော တရားအားလုံးပင် ဖြစ်သည်။ (ဝါ) အာရုံ ၆ ပါးဖြစ်သည်။ ထို့ကြောင့် အာရုံ ၆ ပါး (စိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်) သည် ပစ္စည်းတရား၊ ယင်းတို့ကို အာရုံပြုသော စိတ်စေတသိတ် တရားအားလုံးသည် ပစ္စုပ္ပန် တရားဖြစ်သည်။

အာရမ္မဏာ ဓိပတိပစ္စည်းတွင်ပါသော "ဂရုံကတွာ-အလေး ပြု၍" ဟူသောစကားမှာ အာရုံပြုကာမျှသာမကဘဲ အလေးအနက် အမြတ်တနိုး တမ်းတမ်းစွဲအာရုံပြုခြင်းမျိုးကိုသာ သက်မှက်ပိုင်ခြား ထွက်ပေါ်ကာဆိုခြင်းဖြစ်သည်။ ထို့ကြောင့် အလေးအနက် အာရုံ ပြုခြင်းခံရသောတရား ၂-မျိုးသာပစ္စည်းတရားဖြစ်၍ ယင်းတို့ကို အလေးအနက်အာရုံပြုနိုင်သော စိတ်စေတသိတ်တို့သာ ပစ္စည်းတရား ဖြစ်နိုင်သည်။

ဤသို့ဖြစ်နိုင်သော ပစ္စည်းတရားနှင့် ပစ္စဟုပ္ပန်တရားတို့မှာ အောက်ပါအတိုင်းဖြစ်သည်-

### အာရမ္မဏာဓိပတိပစ္စည်း ပစ္စယုပ္ပန်

၁။ လေးလေးစားစားမြတ်မြတ်နိုးနိုးအာရုံပြုခြင်းခံရသော (ဒေါသ

မှု၊ ဒွေး၊ မောဟမူဒွေး ဒုက္ခသဟယုတ်ကာယဝိညာဏ်ကြဉ်သော)
ဓာတ်၈၄။ (ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ
ကြဉ်သော)စေတသိက်၄၇၊ ဣဋ္ဌရုပ်ဖြစ်သောနိပ္ဖန္နရုပ် ၁၈၊ နိဗ္ဗာန်သည်
အာရမ္မဏာ ဓိပတိပစ္စည်း တရားဖြစ်သည်။

(ဆိုခဲ့သော ပစ္စည်းတရားတွင်ကြဉ်ထားခဲ့သော စိတ် ၅-ပါး၊ စေတသိက် ၅-ပါး၊ သာမန်နိပ္ဖန္နရုပ်နှင့် အနိပ္ဖန္နရုပ် ၁၀-ပါး တို့ကို လေးလေးနက်နက် အာရုံမပြုနိုင်သည့်အတွက်ယင်းတို့ကိုမယူရပါ။)

၂။ လေးလေးစားစား မြတ်မြတ်နိုးနိုး အာရုံပြုတတ်သောလောဘ မူ
စိတ်၈၊ မဟာကုသိုလ်စိတ် ၈၊ မဟာကြိယာဉာဏသမ္ပယုတ် ၄၊
လောကုတ္တရာစိတ် ၈၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိ
ကိစ္ဆာ၊ အပ္ပမညာကြဉ်သော စေတသိက် ၄၅ သည် အာရမ္မဏပစ္စယု
ပ္ပန်တရားဖြစ်သည်။

(ဆိုခဲ့ပြီးသောစိတ် ၂၈-ပါး အနက်လောကုတ္တရာစိတ် ၈-ပါး မှတစ်ပါး၊ ကျန်စိတ် ၂၀ သည်သက်ဆိုင်ရာ အာရုံကို အလေးပြုသည့်အခါလည်းရှိ၏။ သာမန်အာရုံပြုသည့်အခါလည်းရှိ၏။ အလေးအမြတ်ပြုသည့်အခါမှသာ အာရမ္မဏာဓိပတိပစ္စယုပ္ပန်ဖြစ်သည်။)

လောကုတ္တရာစိတ် ၈-ပါးသည် အရိယာပုဂ္ဂိုလ်တို့၏ စိတ်ဖြစ်၍ နိဗ္ဗာန်ကို အမြဲအလေးအမြတ်အာရုံပြုသည်။

ပစ္စယုပ္ပန်တွင် မဟာကြိယာဉာဏသမ္ပယုတ် ၄ ပါးသာပါဝင်ပြီး မဟာကြိယာဉာဏဝိပ္ပယုတ် ၄-ပါးသည် ဘုရားရဟန္တာပုဂ္ဂိုလ်တို့မှာဖြစ်သည်။ စိတ်၏သဘောတရားအားဖြင့် မဟာကြိယာဉာဏဝိပ္ပယုတ် ၄-ပါးသည် လောကီကိုသာ အာရုံပြုနိုင်သည်။ ဘုရားရဟန္တာတို့မှာ လောကီကို လေးလေးနက်နက် အာရုံမပြု။ ထို့ကြောင့် ပစ္စယုပ္ပန်တွင် မဟာကြိယာဉာဏဝိပ္ပယုတ် ၄-ပါး မပါဝင်နိုင်။

ပုထုဇဉ် သောတာပန် သကဒါဂါမ်၊ အနာဂါမ် တည်းဟူသော

သေက္ခပုဂ္ဂိုလ်တို့မှာ မဟာကုသိုလ်ဉာဏ သမ္ပယုတ်နှင့် ဝိပ္ပယုတ် နှစ်မျိုးစလုံးဖြစ်နိုင်သည်။ ပုထုဇဉ်တို့သည် လောကီကို လေးလေး နက်နက်အာရုံပြုနိုင်သဖြင့် မဟာကုသိုလ်ဉာဏဝိပ္ပယုတ်ကို ပစ္စယုပ္ပန်တွင် ထည့်နိုင်သည်။

အာရမ္မဏာဓိပတိပစ္စည်းတွင် နာမ်ရုပ်က နာမ်ကိုကျေးဇူး ပြုသည်။

ဤစာပိုဒ် (၅)တွင် ယံယံ (အကြင်အကြင်သို့သော) တေတေ (ထိုထိုသို့သော) တေတေ (ထိုထိုသို့သော) တေသံတေသံ ဟူ၍ စကားနှစ်လုံး၊ နှစ်လုံးထပ်ကာ ထပ်ကာဖွဲ့စည်းထားသဖြင့် အာရုံနှင့် အာရမ္မဏိက ကို (၀ါ) ပစ္စည်းတရားနှင့် ပစ္စယုပ္ပန် တရားကို သူ့ဟာ နှင့်သူတွဲဖက်၍ တင်ပြပါမည်။

၁။ ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ်ကာယ ဝိညာဏ် ကြဉ်သောလောကီစိတ် ရ၆၊ ထိုစိတ်တို့မှာယှဉ်သော စေတသိက် ၄၇၊ ဣဋ္ဌဖြစ်သောနိပ္ဖန္နရုပ် ၁၈–သည် ပစ္စည်းတရားဖြစ်၍ လောဘ မူစိတ် ၈–ပါးသည် ပစ္စယုပ္ပန်ဖြစ်သည်။

(ပုထုဇဉ်တစ်ယောက်သည် မိမိ၏ အကုသိုလ်တစ်ခုခုကို (ရာဂဟုဆိုပါစို့)။ လေးလေးနက်နက်အာရုံပြုပြီး ထိုရာဂကို ပြန်ပြီး သာယာနှစ်သက်လျှင် ထိုပုထုဇဉ်မှာ လောဘမူစိတ်ဖြစ်လာသည်။ ထိုအခါဖြစ်ခဲ့ပြီးသော အကုသိုလ်အာရုံ (ရာဂ) ကို လေးလေးနက်နက် သာယာသော လောဘမူစိတ်အား အာရမ္မဏာဓိပတိ ပစ္စယသတ္တိ ဖြင့် ကျေးဇူးပြုသည်။)

၂။ မဟာကုသိုလ် ၈၊ အရူပကုသိုလ် ၅၊ အရူပကုသိုလ် ၄ ဟူသော လောကီကုသိုလ် ၁၇–ခု။ ယင်းစိတ်တို့မှာယှဉ်သော စေတသိက် ၃၈ ခုသည် ပစ္စည်းဖြစ်၍ မဟာကုသိုလ်စိတ် ၈၊ ဝိရတီ အပ္ပမညာ ကြဉ်သော စေတသိက် ၃၃ ခုသည် ပစ္စယုပ္ပန်ဖြစ်သည်။ (ပုထုဇဉ်၊

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်သော သေက္ခပုဂ္ဂိုလ်တို့ သည် မိမိဒါန၊ သီလ၊ ဘာဝနာကုသိုလ်ဖြစ်စေ၊ မိမိ၏ရူပ အရူပ ကုသိုလ်ဖြစ်စေ အလေးအမြတ်ပြု၍ ဆင်ခြင်သောအခါ မဟာကု သိုလ်စိတ်ဖြစ်လာသည်။ ထိုအခါ ထိုကုသိုလ်က မဟာကုသိုလ် စိတ်အားအာရမ္မဏာဓိပတိ ပစ္စယသတ္တိဖြင့်ကျေးဇူးပြုသည်။

၃။ လောကုတ္တရာတရား ကိုးပါးသည် ပစ္စည်းဖြစ်၍ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ပါး၊ မဟာကြိယာဉာဏသမ္ပယုတ် ၄-ပါးသည် ပစ္စယုပ္ပန် ဖြစ်သည်။

(သောတာပန်း သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည်မိမိ၊ မိမိနှင့် သက်ဆိုင်သော မဂ်ဖိုလ်နိဗ္ဗာန်ကို အလေးအမြက်အာရုံပြုသည် အခါ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ပါး ဖြစ်လာသည်။ ရဟန္တာပုဂ္ဂိုလ်သည် မိမိ၏အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်ကို အာရုံပြုသည့်အခါ (ရဟန္တာဖြစ်သည့်အတွက်) မဟာကြိယာဉာဏ သမ္ပယုတ်စိတ် ၄-ပါး ဖြစ်လာသည်။

၄။ နိဗ္ဗာန်သည် ပစ္စည်းဖြစ်၍ လောကုတ္တရာစိတ် ၈-ပါး သည် ပစ္စယုပ္ပန် ဖြစ်သည်။

(လောကုတ္တရာစိတ် ၈-ပါးသည် နိဗ္ဗာန်ကို အမြဲလေးအ မြတ် အာရုံပြုသည်။ ဤတွင်လည်း မဂ်ဖိုလ်က မိမိ၏နိဗ္ဗာန်ကို အာရုံ ပြုနိုင်သည်။)

# အခန်း (၅)

# အနန္တရ ပစ္စည်း

## စိတ္တနိယာမ

စိတ်တို့သည် နှစ်ခုသုံးခုစသည်ဖြင့် စိတ်အများတို့ တစ်ပြိုင်နက် မဖြစ်ကြ။ တစ်ခုပြီးတစ်ခု အဆက်မပြတ် ဖြစ်ပေါ်ချုပ်ပျောက် နေသည်။ စိတ်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ဟူသော အလွန်တိုတောင်းလှစွာသော အချိန်ကာလအတွင်း အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပေါ်ချုပ်ပျောက် နေသည်။ ထိုစိတ်တစ်ခု၏ သက်တမ်းမှာ "မျက်စိတစ်မှိတ်လျှပ်တစ်ပြက်"ဟူသော အချိန်ကာလကို အပုံကုဋေတစ်သိန်းပုံလျှင် တစ်ပုံမျှသာဖြစ်သည်။

အထက်ပါကဲ့သို့သော စိတ်၏ဓမ္မတာသဘောတရား (စိတ္တနိယာမ)ကို လူအများက ယုံကြည်ကြသည်မဟုတ်။ လက်ခံလိုကြသည် မဟုတ်။ ထိုသို့မယုံကြည်သည်ကို အပြစ်တင်ရန် မသင့်ပါ။ လူတိုင်းပင် မိမိတို့ဉာဏ်မမီသော၊ ဉာဏ်မသက်ဝင်နိုင်သော အရာတို့ကို မယုံကြည်ခြင်း၊ လက်မခံခြင်းမှာ လူတို့၏ သဘာဝပင် ဖြစ်ကြောင်းကို သတိပြုရာသည်။

စိတ်၏ဓမ္မတာသဘောတရာ (စိတ္တနိယာမ)တို့မှာ သဗ္ဗညုတဉာဏ်တော်၏ အရာသာဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ်က ဖော်ထုတ်ဟောကြား တော်မူခဲ့သောကြောင့်သာ ကျွန်ုပ်တို့သိခွင့်ရရှိကြပေသည်။

ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော စိတ္တနိယာမတို့အနက် "အာရုံကြောင့် စိတ်စေတသိက်တို့ ဖြစ်ပေါ်လာသည်"ဟူသော စိတ်ဖြစ်ပေါ်လာပုံ (စိတ္တနိယာမတစ်မျိုး)ကို အာရမ္မဏပစ္စည်းတွင် ကျွန်ုပ်တို့သိခွင့်ရရှိခဲ့ကြပြီ။ ဤစိတ်ဖြစ်ပေါ်လာပုံ နောက်တစ်မျိုးကို ဤအနန္တရပစ္စယတွင် တွေ့ရပေလိမ့်မည်။

## အနန္တရ

"အနန္တရ"ဟူသော ပါဠိစကားသည် 'အန်'နှင့်'အန္တရ'ဟူသော စကားနှစ်လုံးပေါင်းစပ်ထားခြင်း၊ (အန်+အန္တရ)ဖြစ်သည်။ 'အန်သည် မရှိ' 'အန္တရသည်–အကြား'ဟူသော အဓိပ္ပာယ်ရှိသဖြင့် အနန္တရကို 'အကြားမရှိ'ဟု မြန်မာပြန်ကြသည်။ အကြားဟူ၍ မရှိခြင်း၊ ကြား မလပ်ခြင်း သဘောတို့ဆိုသည်။ ဤအနန္တရကိုပင် 'အခြားမဲ့'ဟု မြန်မာပြန်ကြသေးသည်။ အခြားမရှိခြင်း၊ ခြားထားသော သဘော တရားမရှိခြင်း ကိုဆိုလိုသည်။ ဤ"အကြားမရှိ"နှင့် "အခြားမဲ့" ဟူသော စကားနှစ်လုံး၏ ဆိုလိုရင်းများမှာ အတူတူပင်ဖြစ်သည်။ ယခုခေတ်သုံးစကားနှင့်ဆိုသော် "အဆက်မပြတ်၊ တစ်ဆက်တည်း၊ ဆက်တိုက်"ဟု ဆိုနိုင်သည်။

## အနန္တရပစ္စည်း၏အဓိပ္ပာယ်

အနန္တရပစ္စည်းဆိုသည်မှာ အနန္တရကိစ္စဖြင့် ကျေးဇူးပြုသော တရားဖြစ်သည်။ အနန္တရဟူသောပါဠိစကားကို မြန်မာစကားတွင် သုံး၍ဆိုရသော် အနန္တရပစ္စည်းဟူသည်မှာ အကြားမရှိ၍ (အခြားမဲ့၍) ကျေးဇူးပြုသော တရားဖြစ်သည်ဟုဆိုရပေမည်။ ယင်းစကားရပ်မှာ ပစ္စည်းတရားတို့သည် မိမိ၏အခြားမဲ့၌ အကြားမလပ်စေဘဲ တစ်ဆက်တည်းမှာပင် ပစ္စယုပ္ပန်တရားတို့ကို ကျေးဇူးပြုသောတရား ဖြစ်သည်ဟု ဆိုလိုကြောင်းဖြစ်သည်။

ဤသို့အကြားမလပ်ဘဲ တစ်ဆက်တည်းကျေးဇူးပြုနိုင်သော တရားမှာ "စိတ်"သာလျှင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စိတ်တို့သည် ဓမ္မတာထုံးစံအတိုင်း (စိတ္တနိယာမအတိုင်း) တစ်ခုပြီး တစ်ခု အဆက်မပြတ် ဆက်ကာဆက်ကာ ဖြစ်ပေါ်ချုပ်ပျောက်နေသောကြောင့် ဖြစ်သည်။

အထက်တွင်ပြဆိုခဲ့သော ဆိုလိုရင်းအဓိပ္ပာယ်တွင် "ကျေးဇူးပြု" ဟူသောစကားသည် မဖြစ်သေးသည်ကိုဖြစ်အောင် ကျေးဇူးပြုခြင်း (ဇနက သဘော)ဖြစ်သည်။ ထို့ကြောင့် အနန္တရပစ္စည်းဆိုသည်မှာ ရှေ့စိတ်သည် မိမိပျက်သွားပြီးနောက် အခြားမဲ့တစ်ဆက်တည်းမှာပင် နောက်နောက်စိတ်ကို ဖြစ်ပေါ်လာအောင် ကျေးဇူးပြုခြင်းဖြစ်သည်။

## စကြာမင်းဥပမာ

အနန္တရပစ္စည်း၏ အဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှားအောင် စကြာမင်း နတ်ရွာစံခြင်းသည် သားကြီးရတနာ ဘုရင်မင်းဖြစ်စေခြင်းနှင့် တူသည်ဟု ဆရာတို့က ဥပမာပြကြသည်။ စကြာမင်းသည် လေးကျွန်းလုံးကို ပြိုင်ဘက်မရှိ အစိုးရ၍ ဘုန်းတန်ခိုးအလွန်ကြီးသည်။ စကြာမင်းနတ်ရွာစံသောအခါ သားတော်ကြီးသည် ဘုရင်မင်းအဖြစ်သို့ ရောက်သည်မှာ ဓမ္မတာဖြစ်သည်။ ဤအတူပင် ရှေးရှေးစိတ် ချုပ်သွားပြီးနောက် အခြားမဲ့တစ်ဆက်တည်းမှာပင် နောက်နောက်စိတ် ဖြစ်ပေါ်လာကြပြန်သည်ဟု ရှင်းပြကြသည်။

## အနန္တရပစ္စယ သတ္တိ

ဆိုခဲ့သည့်အတိုင်း စကြာမင်းနတ်ရွာစံသောအခါ သားတော်ကြီးသည် ဘုရင်မင်းအဖြစ်သို့ တစ်ဆက်တည်း ဖြစ်လာရခြင်းမှာ စကြာမင်းသည် မိမိနတ်ရွာစံသောအခါ သားတော်ကြီးဘုရင်မင်း ဖြစ်လာအောင် စွမ်းဆောင်နိုင်သော သတ္တိအစွမ်းမှာ သူ့မှာရှိသောကြောင့်

ဖြစ်သည်။ ဤအတူပင် စိတ်အသီးသီးသည် မိမိချုပ်သွားပြီးနောက် တစ်ဆက်တည်းပင် နောက်စိတ်တစ်ခု ဖြစ်ပေါ်လာအောင် စွမ်းဆောင်နိုင်သောသတ္တိရှိသည်။ ယင်းသတ္တိထူးကို အနန္တရပစ္စယသတ္တိဟု ခေါ်သည်။

## ဖြစ်ထိုက်သောစိတ်

ရှေးရှေးစိတ်က နောက်နောက်စိတ်ကို ဖြစ်စေရန်လည်း အရမ်းမဲ့ ဖြစ်ချင်ရာဖြစ် မည်သည့်စိတ်မဆို စိတ်တစ်ခုခု ဖြစ်လျှင်ပြီးရော ဟူသောအနေမျိုးဖြင့် ဖြစ်ပေါ်စေသည်မဟုတ်။ စိတ်၏ဖြစ်စဉ်ဓမ္မတာ အတိုင်းသာလျှင် ဖြစ်ထိုက်သောစိတ်ကို ဖြစ်စေသည်ကို သိလွယ်အောင် အောက်တွင် အမြွက်မျှပြထားသည်။

၁။ စုတိစိတ်သည် (မိမိ၏အခြားမဲ့၌) ပဋိသန္ဓေစိတ်ကို ဖြစ်စေသည်။

၂။ ပဋိသန္ဓေစိတ်သည် (မိမိ၏အခြားမဲ့၌) ပထမဘဝင်စိတ်ကို ဖြစ်စေသည်။

၃။ ပထမဇောစိတ်သည် (မိမိ၏အခြားမဲ့၌) ဒုတိယဇောစိတ်ကို ဖြစ်စေသည်။

၄။ မဂ်စိတ်သည် (မိမိ၏အခြားမဲ့၌) ဖိုလ်စိတ်ကို ဖြစ်စေသည်။

## စိတ်အစဉ်

ရှေးရှေးစိတ် ချုပ်သွားပြီးနောက် (ဆက်တိုက်) နောက်နောက်စိတ် ဖြစ်ပေါ်လာစေသောကြောင့် စိတ်အစဉ်အဆက်သည် မပြတ်ဘဲ သတ္တဝါတစ်ဦးဦးမှာ အနမတဂ္ဂ သံသရာကာလ၌ တစ်စဉ်တည်း တစ်ဆက်တည်းသာဖြစ်သည်။ ပရိနိဗ္ဗာန်စံဝင်ချိန်မှသာလျှင် စိတ်အစဉ် ပြတ်ပေတော့သည်။

## ကြောင်းကျိုးဆက်စပ်ပုံ

(စိတ်ဟုဆိုလျှင် သက်ဆိုင်ရာစေတသိတ်တို့လည်း ပါဝင်ပြီဖြစ်သည်ဟု မှတ်ယူပါ။)

ပထမစာပိုဒ် ၁၀ ပိုဒ်။ ဤစာပိုဒ်တို့မှ ပထမစာပိုဒ်နှင့် ဒုတိယစာပိုဒ်ကို နမူနာအဖြစ်ဖြင့် ရှင်းပြပါမည်။ ပါဠိတော် ပထမစာပိုဒ် "စက္ခုဝိညာဏဓာတု----မနောဓာတုယာ ----အနန္တရပစ္စယေန ပစ္စယော" တို့တွင်ပါသော "မနောဓာတုယာ" ကို "မနောဓာတ်အား"ဟု နိဿယတွင် မြန်မာ မပြန်ဘဲ "သမ္ပဋိစ္ဆိုင်းဟုဆိုအပ်သော မနောဓာတ်အား"ဟု အဓိပ္ပာယ် ဖွင့်ပြထားသည်။ အဘယ့်ကြောင့် ဤသို့ဖွင့်ပြရသည်ကို ရှင်းပြပါမည်။

ဤစာပိုဒ်တို့မှ ပထမနှင့် ဒုတိယစာပိုဒ်တို့ကို ရှင်းပါမည်။ စက္ခုဒွါရစိတ်မှာ "ဘဝင်သုံးကြိမ်၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇)ကြိမ်၊ ဟဒါရုံ(၂)ကြိမ် ဖြစ်သည်ကို သိခဲ့ပြီ။

ဤဝီထိတွင် စက္ခုဝိညာဏ်သည် ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ဖြစ်ပြီးပျက်သွားလျှင် သမ္ပဋိစ္ဆိုင်းစိတ်သည် စိတ္တနိယာမအားဖြင့် မဖြစ်ဘဲမနေရ။ ဖြစ်ရပါသည်။ ဤသို့မဖြစ်ဘဲ မနေရခြင်းမှာ စက္ခုဝိညာဏ်သည် သူပျက်သွားသော်လည်း ကြားထဲမှာခြားမနေဘဲ တစ်ဆက်တည်းမှာပင် သမ္ပဋိစ္ဆိုင်းစိတ်ကို ဖြစ်စေနိုင်သော သတ္တိ (အနန္တရသတ္တိ) သူ့မှာရှိသောကြောင့် ဖြစ်သည်။

ဤသို့စက္ခုဝိညာဏ်က မိမိ၏အခြားမဲ့၌ သမ္ပဋိစ္ဆိုင်းစိတ် ဖြစ်ပေါ်လာအောင် လုပ်ဆောင်နိုင်သည်ကို စက္ခုဝိညာဏ်က သမ္ပဋိစ္ဆိုင်းအား အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုကြသည်။

ဤ၌တွင် သမ္ပဋိစ္ဆိုင်းသည် မနောဓာတ်ဖြစ်သည်။ ထို့ကြောင့် စက္ခုဝိညာဏ်သည် သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်အား အခြားမဲ့ အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုနိုင်သည်။

တစ်ဖန် ဒုတိယစာပိုဒ်လည်း "မနောဝိညာဏ်ဏဓာတုယာ" အား "သန္တီရဏဟုဆိုအပ်သော မနောဝိညာဏဓာတ်အား" ဟု အဓိပ္ပာယ်ဖွင့်ပြထားသည်ကို ရှင်းပြပါမည်။

စက္ခုဒွါရဝီထိမှာပင် သမ္ပဋိစ္ဆိုင်းသည် ဖြစ်ပြီးပျက်သွားလျှင် သန္တီရဏသည် စိတ္တနိယာမတိုင်း ဖြစ်ပေါ်လာရသည်။ ဤသို့ ဖြစ်ပေါ်လာရခြင်းမှာ သမ္ပဋိစ္ဆိုင်းသည် သူပျက်သွားသော်လည်း ကြားထဲမှာခြားမနေဘဲ တစ်ဆက်တည်းမှာပင် သန္တီရဏကို ဖြစ်စေနိုင်သောသတ္တိ (အနန္တရသတ္တိ) သူ့မှာရှိသောကြောင့် ဖြစ်သည်။

ဤသို့သမ္ပဋိစ္ဆိုင်းက မိမိ၏အခြားမဲ့၌ သန္တီရဏကို ဖြစ်ပေါ်လာအောင် လုပ်ဆောင်နိုင်သည်ကို သမ္ပဋိစ္ဆိုင်းက သန္တီရဏကို အခြားမဲ့ အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုရပေမည်။

ဤကျေးဇူးပြုပုံတွင် သန္တီရဏသည် မနောဝိညာဏဓာတ် ဖြစ်သည်။ သို့ဖြစ်၍ စာပိုဒ် (၂) နိဿယတွင် သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်က သန္တီရဏဟုဆိုအပ်သော မနောဝိညာဏ ဓာတ်အား အခြားမဲ့အနန္တသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

အထက်ပါနည်းအတိုင်းပင် စာပိုဒ် (၃)နှင့်(၄) အတွက် သောတ ဒွါရတိဝီထိကိုယူပြီးလျှင် (၁)။ သောတဝိညာဏ်က သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်အားလည်းကောင်း၊ (၂) သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်က သန္တီရဏဟုဆိုအပ်သော မနောဝိညာဏ ဓာတ်အားလည်းကောင်း အနန္တရပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကြောင်း ပြဆိုနိုင်သည်။

ဤနည်းအတူ ဃာနဒွါရဝီထိကိုယူ၍ စာပိုဒ် (၅)နှင့် (၆) တို့ကို လည်းကောင်း၊ ဇိဝှါဒွါရဝီထိကိုယူ စာပိုဒ် (၇)နှင့် (၈) ကိုလည်းကောင်း၊ ကာယဒွါရဝီထိကိုယူ၍ စာပိုဒ် (၉)နှင့် (၁၀)ကို လည်းကောင်း ရှင်းလင်းနိုင်ပါသည်။

## ပြန်လည်သုံးသပ်ခြင်း

စိတ် ၈၉-ပါး၏ အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်ကို စိတ်တစ်ပါးစီ၊ တစ်ပါးစီခွဲခြား၍ ဟောလျှင် အလွန်ရှည်လျားမည် ဖြစ်သည်။ ထို့ကြောင့် တို့တိုနှင့်လိုရင်းရောက်အောင် စိတ် ၈၉-ပါး ကို စိတ်သုံးပါးအဖြစ်ဖြင့် ခွဲခြားပြီး ယင်းစိတ်သုံးပါးတို့က ကျေးဇူး ပြုပုံကို ဟောလိုသောကြောင့် ဤစာပိုဒ် ၁၀-ပိုဒ်ကို နမူနာ ဟောကြားခြင်း ဖြစ်ပါသည်။ ရှင်းပါဦးမည်။

စက္ခုဒွါရဝီထိမှာ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇) ကြိမ်၊ တဒါရုံ (၂) ကြိမ်ဖြစ်သည်ကို သိခဲ့ပြီ။

ဤဝီထိစဉ်တွင် ပဉ္စဒွါရာဝဇ္ဇန်းကစ၍ ဒုတိယတဒါရုံထိရှိသော စိတ် ၁၄-ပါးသည် တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုနေကြသည်။

ဤသို့ကျေးဇူးပြုနေသော စိတ်တို့တွင် ပဉ္စဒွါရာဝဇ္ဇန်းသည် မနောဓာတ်ဖြစ်သည်။ စက္ခုဝိညာဏ်သည် ဝိညာဏဓာတ်ဖြစ်သည်။ သမ္ပဋိစ္ဆိုင်းသည် မနောဓာတ်ဖြစ်သည်။ သန္တီရဏမှ ဒုတိယတဒါရုံ တိုင်အောင် စိတ်တို့သည် မနောဝိညာဏဓာတ်များ ဖြစ်ကြသည်။

သို့ဖြစ်၍ ပဉ္စဒွါရာဝဇ္ဇန်းက စက္ခုဝိညာဏ်ကို ကျေးဇူးပြုခြင်း သည် မနောဓာတ်က ဝိညာဏဓာတ်ကို ကျေးဇူးပြုခြင်း ဖြစ်သည်။ စက္ခုဝိညာဏ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုခြင်းသည် ဝိညာဏဓာတ်က

မနောဓာတ်ကို ကျေးဇူးပြုခြင်းဖြစ်သည်။ သမ္ပဋိစ္ဆိုင်းက သန္တီရဏကို ကျေးဇူးပြုခြင်းသည် မနောဓာတ်က မနောဝိညာဏဓာတ်ကို ကျေးဇူးပြုခြင်းဖြစ်သည်။ သန္တီရဏ ဝုဋ္ဌောကိုလည်းကောင်း၊ ဝုဋ္ဌောက ပထမဇောကို လည်းကောင်း၊ ပထမဇောက ဒုတိယဇောကို လည်းကောင်း အစရှိသည်ဖြင့် ပထမဒါရုံက ဒုတိယဒါရုံကို လည်းကောင်း ကျေးဇူးပြုခြင်းတို့သည် မနောဝိညာဏဓာတ်က မနောဝိညာဏဓာတ်ကို ကျေးဇူးပြုခြင်းဖြစ်သည်။ ထို့ကြောင့် ဤကျေးဇူး ပြုပုံတို့မှာ အကျဉ်းအားဖြင့်ဆိုသော် မနောဓာတ်၊ ဝိညာဏဓာတ်၊ မနောဝိညာဏဓာတ်တို့က မနောဓာတ်၊ ဝိညာဏဓာတ်၊ မနောဝိညာဓာတ်တို့ကို ကျေးဇူးပြုခြင်းသာဖြစ်သည်။

ဤအတူစက္ခုဝိထိတို့တွင်လည်း စိတ်သုံးပါးက ကျေးဇူးပြုခြင်းသာဖြစ်သည်။

ထို့ကြောင့် ဤစာပိုဒ် ၁၀–ပိုဒ်တွင် သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ ဟူသော အမည်ကို မသုံးဘဲ မနောဓာတ်၊ မနောဝိညာဏဓာတ်ဟု သုံးစွဲထားသည်။

အထက်တွင် ရှင်းလင်းပြသည့်အတိုင်း စိတ် ၈၉–ပါး၏ အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံကို ဓာတ်သုံးခုအနေဖြင့် ဟောတော်မူပြီး နောက်အခြားတစ်နည်းဖြင့် ဟောတော်မူလို၍ နောက်ဆက်တွဲ(၇)ပိုဒ်ကို ဟောတော်မူပြန်သည်။ ထိုသို့ဟောတော်မူပြီးနောက် အခြားတစ်နည်း အားဖြင့် ဟောကြားလိုသေး၍ နောက်ဆုံးအပိုဒ်ကို ဟောတော်မူပြန်သည်။

ဤနည်းတွင် စိတ် ၈၉–ပါးကို ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ ဟူ၍ သုံးမျိုးခွဲခြားပြီး ဟောတော်မူသည်။ စိတ် ၈၉–ပါးတွင် ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်နှင့် ကြိယာဟူ၍ စိတ် လေးမျိုး

ပါဝင်ရာ ဝိပါက်နှင့် ကြိယာမှာ အဗျာကတချည်းသာ ဖြစ်သဖြင့် နှစ်ခုမခွဲခြား ဘဲ တစ်ခုတည်းအနေဖြင့် အဗျာကတဟု ခေါ်ဝေါ်ကာ စိတ် ၈၉-ပါး ကို ကုသိုလ်၊ အကုသိုလ်၊ အဗျာကတဟူ၍ သုံးမျိုး ပိုင်းခြားကာ ဟောတော်မူပြန်သည်။

ဤသို့ ဟောပုံဟောနည်းမှာ နှစ်မျိုးကွဲပြားနေသော်လည်း နှစ်မျိုးစလုံးသည် စိတ် ၈၉-ပါး၏ အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံသာ ပြဆိုထား၍လိုရင်းမှာ အတူတူပင်ဖြစ်သည်။

## နောက်ဆုံးစာပိုဒ် (၇) ပိုဒ်

ဤစာပိုဒ်တွင် (၁) ကုသိုလ်က ကုသိုလ်ကိုလည်းကောင်း၊ အဗျာကတကိုလည်းကောင်း၊ (၂) အကုသိုလ်က အကုသိုလ်ကို လည်းကောင်း၊ အဗျာကတကိုလည်းကောင်း၊ (၃) အဗျာကတ က အဗျာကတကိုလည်းကောင်း၊ ကုသိုလ်ကိုလည်းကောင်း၊ အကုသိုလ်ကို လည်းကောင်း၊ အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

ကုသိုလ်တရားဟူသည်မှာ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉-ပါး၊ လောကုတ္တရာကုသိုလ်စိတ် ၄-ပါး တို့ဖြစ်သည်။

အကုသိုလ်တရားမှာ အကုသိုလ်စိတ် ၁၂-ပါးဖြစ်သည်။ အဗျာကတ တရားဆိုသည်မှာ ကုသိုလ်အကုသိုလ်ဟု မဆိုအပ်သော ဝိပါက်စိတ်နှင့် ကြိယာစိတ်တို့ဖြစ်သည်။ အဟိတ်ဝိပါက်စိတ် ၁၅၊ မဟာဝိပါက်စိတ် ၈၊ မဟဂ္ဂုဝိပါက် စိတ် ၉ နှင့် လောကုတ္တရာ ဝိပါက်စိတ် ၄-ပါးတို့ဖြစ်သည်။ ကြိယာစိတ်တို့မှာ အဟိတ်ကြိယာ ၃၊ မဟာကြိယာ ၈ နှင့် မဟဂ္ဂုတ်ကြိယာ ၉-တို့ဖြစ်သည်။

ကုသိုလ်စိတ် အကုသိုလ်စိတ်နှင့် ကြိယာစိတ်တို့သည် အကြောင်း (ကံ) တရား (အကြောင်းစိတ်) ဖြစ်သည်။ အကြောင်း

(ကံ) တရား စိတ်သုံးမျိုးအနက် ကုသိုလ်အကုသိုလ်ဟူသော အကြောင်း (ကံ) တရားတို့သည် အကျိုး (ဝိပါက်) တရားကို အကြောင်း ညီညွတ်လျှင် ကေန်ဖြစ်လာစေနိုင်သော တရားများဖြစ်သည်။

ကြိယာစိတ်တို့မူကား တစ်စုံတစ်ခုသော အကျိုးတရားကို မပေးတော့သည့် ကံစိတ်များဖြစ်သည်။ ပြုကာမျှဖြစ်သော စိတ်ဖြစ်၍ ကြိယာစိတ်ဟု ခေါ်သည်။

ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့မှတစ်ပါး ကျန်ပုဂ္ဂိုလ်တို့ ဒါနပြုလျှင်၊ သီဆောက်တည်လျှင် ကုသိုလ်စိတ်ဖြစ်သည်။ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ ဒါနပြုလျှင် ကြိယာစိတ်သာဖြစ်သည်။ အလုပ်ခြင်းတူသော်လည်း ပုဂ္ဂိုလ်ခြင်းကွဲ၍ နာမည်ခြင်းကွဲသည်။ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့မှာ ကုသိုလ်စိတ်၊ အကုသိုလ် စိတ် မဖြစ်တော့ပါ။ ဝိပါက်နှင့် ကြိယာစိတ်သာ ဖြစ်ပေါ်နိုင်သည်။ ထိုပုဂ္ဂိုလ်သုံးမျိုးသည် ရဟန္တာမဖြစ်မီ ဇာတိသို့ပို့လိုက်သော ကံ အရှိန်အဟုန် မကုန်ဆုံး၍ စုတိသို့ရောက်သည့်တိုင်အောင် အချိန်ကာလ အတွင်း ပဝတ္တိအကျိုးတရားများကို ခံယူရန် ဝိပါက် စိတ်များဖြစ်ပေါ် လာရသည်။ အရဟတ္တမဂ်စိတ် ဖြစ်ပေါ်လာပြီးနောက် စုတိစိတ် ရောက်သည်အထိ ကိစ္စအမျိုးမျိုးကို ဆောင်ရွက်ရန် ကြိယာစိတ်များ ဖြစ်ပေါ်လာရသည်။

ပဋ္ဌါန်ရာ ဝိထိစိတ်တွင် ဇဝနော နှောင် ဇော (၇) ကြိမ်ကျသည်ကို သိခဲ့ပြီ။ ဇောမှာ ကုသိုလ်ဇော၊ အကုသိုလ်ဇောနှင့် ကြိယာဇောဟူ၍ သုံးမျိုးရှိသည်။ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့မှာ ကြိယာဇောသာ ကျသည်။ ကျန်ပုဂ္ဂိုလ်တို့မှာ ကုသိုလ်လုပ်လျှင် ကုသိုလ်ဇောကျ၍ အကုသိုလ်လုပ်လျှင် အကုသိုလ်ဇောကျသည်။

## စာပိုဒ် (၁၁) နှင့် (၁၂)
## ကုသိုလ်ကကျေးဇူးပြုခြင်း

### (က) မဟာကုသိုလ်

မဟာကုသိုလ်စိတ်တို့သည် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့မှာဖြစ်သော စိတ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်တို့သည် ဒါနစသော ကုသိုလ်ကောင်းမှုကိုပြုလျှင် မဟာကုသိုလ်စိတ် တစ်ပါးပါး ဖြစ်၏။ ဤသို့ကုသိုလ်စိတ် ဖြစ်လာသည်ကို ကုသိုလ်ဇောစောသည်ဟု ဆိုကြသည်။ ထိုအခါ ကျေးဇူးပြုမှုကို ရှင်းပြပါမည်။

ပဉ္စဒွါရဝီထိတွင် (---- ဝုဋ္ဌော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ တဒါရုံ) ဖြစ်သည်ကို ပြခဲ့ပြီ။

ဇော (၇) ကြိမ်တွင် ပထမကုသိုလ်စိတ်ဇော၏ အခြားမဲ့ တစ်ဆက်တည်းမှာ ဒုတိယကုသိုလ်ဇောဖြစ်လာသည်။ ပထမ ကုသိုလ်ဇောက ဒုတိယ ကုသိုလ်ဇောကို အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုရသည်။ ဤဇောနှစ်ခုတွင် ပထမကုသိုလ်ဇောသည် ရှေးကကျသော ကုသိုလ်ဇောဖြစ်၍ ဒုတိယ ကုသိုလ်ဇောသည် နောက်ကျသော ကုသိုလ်ဖြစ်လာသည်။ ထို့ကြောင့် ရှေးကျသော ကုသိုလ်က နောက်ကျသောကုသိုလ်ကို ကျေးဇူးပြုခြင်းဖြစ်သည်။

ဤအတူပင် ဒုတိယဇောနှင့် တတိယဇော (၂) ခုတွင်လည်း ရှေးကျသော ဒုတိယကုသိုလ်က နောက်ကျသော တတိယ ကုသိုလ်ကို ကျေးဇူးပြုသည်။

ဤသို့ဖြင့် ရှေးကျသော ဆဋ္ဌမဇောကုသိုလ်က နောက်ကျသော သတ္တမဇော ကုသိုလ်ကို ကျေးဇူးပြုသည်။

ဤသို့သူ့ဟာနှင့်သူ အတွဲလိုက်ကျေးဇူးပြုနေသည်ကို ရှေးရှေး၌ဖြစ်သော ကုသိုလ်က နောက်နောက်၌ဖြစ်သောကုသိုလ်ကို အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု၍ ဆိုကြသည်။

သတ္တမဇော (အဆုံးကုသိုလ်ဇော)၏ နောင်တွင် ပထမတဒါရုံဖြစ်လာသည်။ တဒါရုံသည် သန္တီရဏ ၃–နှင့် မဟာဝိပါက် (၈) ဖြစ်သည်။ သန္တီရဏ ၃–သည် အဟိတ်ဝိပါက် ၁၅–ပါးတွင် ပါဝင်သည်။ ထို့ကြောင့် သတ္တမဇောက ပထမတဒါရုံကို ကျေးဇူးပြုခြင်းဖြစ်သည်။ အကုသိုလ်က အဗျာကတကို (ဝိပါက်အဗျာကတကို) ကျေးဇူးပြုခြင်းဖြစ်သည်။ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုခြင်း မဟုတ်။ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုရာ၌ သတ္တမဇော (အဆုံးဇော)ကကျေးဇူးမပြုနိုင်။ သတ္တမဇောသည် ပစ္စည်းတရားမဟုတ်။ ထို့ကြောင့် ဆရာတို့က ကုသိုလ်ကိုကျေးဇူးပြုရာတွင် "အဆုံးဇော ကြဉ်သော" ဟု ဝိသေသနပြုခဲ့ကြသည်။

အထက်ပါတင်ပြချက်မှ လိုရင်းအကျဉ်းကို အောက်ပါအတိုင်း ကောက်ယူနိုင်ပါသည်။ (က) မဟာကုသိုလ် ၈–ပါးတွင်–

၁။ ပထမဇောမှ သတ္တမဇောအထိ အဆင့်ဆင့် အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် ရှေးရှေးသောကုသိုလ်က နောက်နောက် ကုသိုလ်ကို ကျေးဇူးပြုခြင်း ဖြစ်သည်။ (ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုရာတွင် သတ္တမဇောသည် ပစ္စည်းတရား မဖြစ်။ ပထမဇောသည် ပစ္စယုပ္ပန်တရားမဖြစ်။)

၂။ သတ္တမဇော (အဆုံးဇော)က ပထမတဒါရုံ (သန္တီရဏ ၃၊ မဟာဝိပါက် ၈)အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် ရှေးကုသိုလ်က နောက် (ဝိပါက်)အဗျာကတကို ကျေးဇူးပြုခြင်း ဖြစ်သည်။

၃။ ဝုဋ္ဌာ (မနောဒွါရာဝဇ္ဇန်း)က ပထမဇောကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် (ကြိယာ) အဗျာကတက နောက်ကုသိုလ်ကို ကျေးဇူးပြုခြင်းဖြစ်သည်။

ထိုပြင် ပထမကုသိုလ်ဇောရှေ့က ဝုဋ္ဌောရှိနေသည်။ ဝုဋ္ဌောသည် အဟိတ်ကြိယာ ၃-ပါးတွင် ပါဝင်သော မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၍ အဗျာကတ (ကြိယာဗျာကတ) ဖြစ်သည်။ ထို့ကြောင့် ပထမဇော ကုသိုလ်သည် ကုသိုလ်တရား၏ ကျေးဇူးပြုခြင်း မခံရသောကြောင့် ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုရာတွင် ပထမဇောကုသိုလ်သည် ပစ္စယုပ္ပန်တရားမဟုတ်။ ကြဉ်ရသည်။

## (ခ) မဟဂ္ဂုတ်ကုသိုလ်

မဟဂ္ဂုတ်ကုသိုလ်သည် ရဟန္တာမဟုတ်သော ဈာန်ရပုဂ္ဂိုလ် တို့၏ ဈာန်ဇောဖြစ်သည်။ မဟဂ္ဂုတ်ကုသိုလ်က အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံကို ဈာနဝီထိဖြင့် ပြပါမည်။

### ဈာနဝီထိ

ဈာန်ရပုဂ္ဂိုလ်တို့၏ စိတ်အစဉ်တည်းဟူသော အာဒိကမ္မက ဝီထိဖြစ်ပုံမှာ-

ကသိုဏ်းအာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် "ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ဈာန်၊ ဇော (၁) ကြိမ်၊ ထို့နောက် ဘဝင်ကျ သည်။

ဈာန်ဝင်စားသူတို့၏ စိတ်အစဉ်တည်းဟူသော မာပဇ္ဇနဝီထိ မှာလည်း အာဒိကမ္မိက ဝီထိများကဲ့သို့ပင် ဖြစ်၏။ သို့သော် ဈာန်ဇော (၁) ကြိမ်သာမက အကြိမ်များစွာ ဇောသည်သာတည်း။

အထက်ပါဝီထိစိတ်အစဉ်တွင်ပါသော ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူတို့မှာ မဟာကုသိုလ်ဇောပင် ဖြစ်သည်။ မဟာကုသိုလ်ဇော၏ အခြေအနေကိုလိုက်၍ အမည်ပေးထားခြင်း ဖြစ်သည်။ ယင်း မဟာကုသိုလ်ဇောသည် ကာမဇောတွင်ပါဝင်သည်။ သို့ဖြစ်၍ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟု ဆိုထားခြင်းဖြစ်သည်။ မဟာကုသိုလ်ဇော ၄-ကြိမ်စောသည်ဟု ဆိုလိုသည်။

ဈာန်ဇောသည် မဟဂ္ဂုတ်ကုသိုလ်ဇောဖြစ်သည်။ မဟဂ္ဂုတ်ကုသိုလ်ဇောသည် အပ္ပနာဇော တွင်ပါဝင်သည်။

ဆိုခဲ့ပြီးသော ဝီထိစိတ်အစဉ်အရ ပရိကံက ဥပစာကို လည်းကောင်း၊ ဥပစာက အနုလုံကို လည်းကောင်း၊ အနုလုံက ဂေါတြဘူကို လည်းကောင်း၊ ဂေါတြဘူက ပထမဦးဆုံး ဈာန်ဇော (မဟဂ္ဂုတ်ကုသိုလ်ဇော)ကို လည်းကောင်း၊ ပထမဦးဆုံး ဖြစ်သော ဈာန်ဇောက ဒုတိယဖြစ်သော ဈာန်ဇောကိုလည်းကောင်း စသည်ဖြင့် ဒုတိယ နောက်ဆုံးဖြစ်သော ဈာန်ဇောက နောက်ဆုံးဖြစ်သော ဈာန်ဇောကိုလည်းကောင်း၊ အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

အထက်ပါတင်ပြချက်မှ အောက်ပါတို့ကို ကောက်ယူနိုင်သည်။

## (က) မဟဂ္ဂုတ်ကုသိုလ်တွင်-

၁။ ပရိကံမှ နောက်ဆုံးဈာန်ဇောအထိ အနန္တရပစ္စယသတ္တိဖြင့် အဆင့်ဆင့် ကျေးဇူးပြုခြင်းသည် ရှေးရှေး၌ဖြစ်သော ကုသိုလ်က နောက်နောက်၌ဖြစ်သော ကုသိုလ်ကို ကျေးဇူးပြုခြင်းဖြစ်သည်။

၂။ နောက်ဆုံးဖြစ်သော ဈာန်ဇောက ဘဝင်ကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် ရှေးကုသိုလ်က နောက်ဝိပါက် အဗျာကတကို ကျေးဇူးပြုခြင်းဖြစ်သည်။ (ဘဝင်သည် ဥပေက္ခာသန္တီရဏစိတ် ၂-ပါး၊ ဝိပါက်စိတ် ၈-ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါး ဖြစ်၍ ဝိပါက်အဗျာကတဖြစ်သည်။)

၃။ မနောဒွါရဝဇ္ဇန်းက ပရိကံကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် ရှေးအဗျာကတက နောက်ကုသိုလ်ကို ကျေးဇူးပြုခြင်း ဖြစ်သည်။

## မဂ္ဂကုသိုလ်

မဂ္ဂကုသိုလ် (မဂ္ဂဇော ၄-ပါး) ဟူသော လောကုတ္တရာ ကုသိုလ်က အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကို မဂ္ဂဝီထိဖြင့် ပြပါမည်။

## မဂ္ဂဝီထိ

တေဘူမကသင်္ခါရတို့၌ အနိစ္စ စသောအခြင်းအရာသည် မရနာဒွါရ၌ ထင်လာသည်ရှိသော်-

"ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဉပစာ၊ အနုလုံ၊ ဂေါတြဘူ (သောတာပတ္တိ) မဂ်ဇော (၁) ကြိမ်၊ (သောတာပတ္တိ) ဖိုလ်ဇော (၂) ကြိမ်၊ (၃) ကြိမ်၊ ထို့နောက် ဘဝင် ကျသည်။

(သကဒါဂါမိစသော အထက်မဂ်၏ မဂ္ဂဝီထိတို့ကို ချရာ၌ ဂေါတြဘူနေရာ၌ ဝေါဒန်ပြုပြင်ရုံသာ ဖြစ်၏။ ကိလေသာကို စင်ကြယ် စေတတ်သောကြောင့် စင်ကြယ်သောနိဗ္ဗာန်၌ အာရုံပြုတတ်သောကြောင့် ဝေါဒန်မည်၏။)

အထက်ပါဝီထိစိတ်အစဉ်တွင် ပါသော ပရိကံ၊ ဉပစာ၊ အနုလုံ၊ ဂေါတြဘူ တို့သည် မဟာကုသိုလ်စိတ်ဖြစ်သည်။ လောကီကုသိုလ်စိတ် ဖြစ်၏။ သောတာပတ္တိမဂ္ဂဇောသည် လောကုတ္တရာ ကုသိုလ်စိတ်ဖြစ်သည်။

အထက်ပါဝီထိစဉ်မှ အောက်ပါတို့ကို ကောက်ယူနိုင်သည်။

### (ဃ) မဂ္ဂကုသိုလ်တွင်-

၁။ ပရိကံမှ သောတာပတ္တိမဂ်အထိ ဇောတစ်ခုက ဇောတစ်ခုကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်ကာဆက်ကာ အနန္တရပစ္စယသတ္တိဖြင့်

ကျေးဇူးပြုခြင်းသည် ရှေးရှေး၌ ဖြစ်ကုန်သော တရားတို့က နောက်နောက်၌ဖြစ်ကုန်သော ကုသိုလ်တရားတို့အား ကျေးဇူးပြုခြင်းဖြစ်သည်။

၂။ သောတာပတ္တိနောင် သောတာပတ္တိဖိုလ်ရှိနေ၍ မဂ်ကကုသိုလ်၊ ဖိုလ်ကဝိပါက် အဗျာကတဖြင့် ရှေးကုသိုလ်က နောက်ဝိပါက် အဗျာကတကို ကျေးဇူးပြုခြင်းဖြစ်သည်။

၃။ မနောဒွါရဝဇ္ဇန်းက ပရိကံကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် ရှေးကြိယာဗျာကတက နောက်ကုသိုလ်ကို ကျေးဇူးပြုခြင်းဖြစ်သည်။

## သဘောတူရာတို့ကို စုပေါင်းယူခြင်း

စာမျက်နှာ ( ၊ )တို့မှ အမှတ်စဉ် (၁)ပါ ကျေးဇူးပြုပုံသုံးချက်ကို ပေါင်းယူလျှင် "အဆုံးကြဉ်သော ရှေးရှေးသော လောကီကုသိုလ် ၁၇–ပါးက ပထမဇောကြဉ်သော နောက်နောက်သော ကုသိုလ် ၂၁–ပါးကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်ဟု၍ ရနိုင်ပါသည်။

ထို့ကြောင့် စာပုဒ်(၁၀) တွင် ရှေးရှေး၌ဖြစ်ကုန်သော ကုသိုလ်တရားတို့က နောက်နောက်၌ဖြစ်ကုန်သောကုသိုလ်တရားတို့ကို အခြားမဲ့အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

တစ်ဖန်အမှတ်စဉ် (၂)ပါ ကျေးဇူးပြုပုံသုံးချက်ကို ပေါင်းယူလျှင် "ရှေးရှေးသော လောကီကုသိုလ် ၁၇–ပါး၊ အဆုံးဇော၊ မဂ်စိတ် ၄–ပါးက (သန္တီရဏ ၃၊ မဟာဝိပါက် ၈၊ မဟဂ္ဂုတ်ဝိပါက် ၉–ဟူသော) နောက်နောက်သောဝိပါက် အဗျာကတ အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်"ဟူ၍ ရနိုင်သည်။

ထို့ကြောင့် စာပိုဒ် (၁၂)တွင် ရှေးရှေး၌ ဖြစ်ကုန်သော ကုသိုလ်တရားတို့က နောက်နောက်၌ ဖြစ်ကုန်သော အဗျာကတ

တရားတို့ကို အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ ပြဆိုထားသည်။

တစ်ဖန် အမှတ်စဉ်(၂)ပါ ကျေးဇူးပြုပုံသုံးချက်ကို ပေါင်းယူလျှင် "ရှေးရှေးသောလောကီကုသိုလ် ၁၇-ပါး၊ အဆုံးဇော၊ မဂ်စိတ် ၄-ပါးက (သန္တီရဏ ၃၊ မဟာဝိပါက် ၈၊ မဟဂ္ဂုတ်ဝိပါက် ၉-ဟူသော) နောက်နောက်သော ဝိပါက်ဗျာကတကို အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်" ဟူ၍ ရနိုင်သည်။

ထို့ကြောင့် စာပိုဒ် (၁၂)တွင် ရှေးရှေး၌ဖြစ်ကုန်သော ကုသိုလ် တရားတိုက နောက်နောက်၌ဖြစ်ကုန်သော အဗျာကတ တရားတို့ကို အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ ပြဆိုထားသည်။

## စာပိုဒ် (၁၃) နှင့် (၁၄)

### အကုသိုလ်တရားက ကျေးဇူးပြုခြင်း

အကုသိုလ်စိတ်မှာ ၁၂-ပါးရှိသည်။ ယင်းအကုသိုလ်စိတ်သည် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့မှာ ပုဂ္ဂိုလ်အမျိုးအစားအလိုက် အကြောင်းအားလျော်စွာဖြစ်သော စိတ်မျိုးဖြစ်သည်။ သတ်ခြင်း၊ ခိုးခြင်း၊ လိမ်ခြင်း စသော မကောင်းမှုကိုပြုသောအခါ အကုသိုလ်ဇော ဇောသည်။ အကုသိုလ်ဇော ဇောလျှင်လည်း (၇) ကြိမ်စလုံးပင် အကုသိုလ်ဇောသာဖြစ်သည်။

အကုသိုလ်က ကျေးဇူးပြုပုံကို ရှင်းပြရန်မလိုပါ။ အထက်တွင် ပြဆိုခဲ့သော မဟာကုသိုလ်တွင် ကျေးဇူးပြုပုံနှင့် အလားတူဖြစ်သည်။ မဟာကုသိုလ်က ကျေးဇူးပြုပုံရှင်းပြချက်တွင် မဟာကုသိုလ်စကားအစား အကုသိုလ်ဟု ပြောင်းပေးရုံသာ ဖြစ်သည်။

## ကုသိုလ်နှင့် အကုသိုလ်က ကျေးဇူးပြုပုံတွင် ဖြည့်စွက်ချက်

လူတို့မှာသေခါနီးတွင် ဇော (၅) ကြိမ်ဇောသည်။ သေသည့်အခါ ဇောနောက်တွင် စုတိကျနိုင်သည်။ တဒါရုံ (၂) ကြိမ်နောက်မှာလည်း စုတိကျနိုင်သည်။ ဘဝင်နောက်မှာလည်း စုတိကျနိုင်သည်။

အကယ်၍ သေသည့်သူသည် ဇောနောက်မှာ စုတိကျသည်ဖြစ်အံ့။ ထိုသူသည် ကုသိုလ်ဇောဇောခဲ့လျှင် ကုသိုလ်အဆုံးဇောက စုတိကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။ အကုသိုလ်ဇောဇောခဲ့လျှင် အကုသိုလ်ဇောက စုတိကို ကျေးဇူးပြုသည်။

စုတိစိတ်ဟူသည်မှာ ဥပေက္ခာသန္တီရဏစိတ် ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါးနှင့် မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါးဖြစ်သည်။ ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်သည် အတူတူပင်ဖြစ်သည်။ အထက်ပါ တင်ပြချက်တို့အရ-

၁။ အဆုံးဇောကြဉ်သော ရှေးရှေးအကုသိုလ်စိတ် ၁၂-ပါးသည် ပထမဇောကြဉ်သော နောက်နောက် ဇောအကုသိုလ်စိတ် ၁၂-ပါးကိုလည်းကောင်း၊

၂။ အကုသိုလ်၁၂-ပါး အဆုံးဇောက (သန္တီရဏ ၃၊ မဟာဝိပါက် ၈၊ မဟဂ္ဂုတ်ဝိပါက် ၉-ဟူသော) အဗျာကတကိုလည်းကောင်း၊ အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ ယူနိုင်သည်။

သို့ဖြစ်၍ စာပိုဒ် (၁၃) တွင် ရှေးရှေး၌ဖြစ်သော အကုသိုလ်တရားတို့က နောက်နောက်၌ဖြစ်သော အကုသိုလ်တရားတို့ကိုလည်းကောင်း၊ စာပိုဒ် (၁၄) တွင် ရှေးရှေး၌ဖြစ်သော အဗျာကတတရားတို့ကို လည်းကောင်း၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ ပြဆိုပေသည်။

## စာပိုဒ် (၁၅) (၁၆) (၁၇)

## အဗျာကတက ကျေးဇူးပြုခြင်း

အဗျာကတမှာ ဝိပါက်အဗျာကတနှင့် ကြိယာအဗျာကတဟူ၍ နှစ်မျိုးရှိသည်။ ဝိပါက်အဗျာကမှာ ဝိပါက်စိတ် ၃၆–ဖြစ်၍ ကြိယာအဗျာကတမှာ ကြိယာစိတ် ၂၀–ဖြစ်သည်။ ကျေးဇူးပြုပုံကို ဝိထိတို့ဖြင့် ပြပါမည်။

### ပဉ္စဒွါရာဝိထိ

ဤ ဝိထိစဉ်မှာ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ ဝုဋ္ဌော၊ ဇော (၇) ကြိမ်၊ တဒါရုံ (၂) ကြိမ်ဖြစ်သည်။

ဤ ဝိထိစဉ်တွင် အတီတဘဝင်မှစ၍ သန္တီရဏတိုင်အောင် အထိဖြစ်သော စိတ်တို့သည် ဝိပါက်စိတ်များဖြစ်၍ (ဝိပါက်) အဗျာကတဖြစ်သည်။ ထို့ပြင် ဝုဋ္ဌောသည် မနောဒွါရဝဇ္ဇန်း ကြိယာစိတ် ဖြစ်၍ အဗျာကတပင်ဖြစ်သည်။ ဤ သို့ဖြစ်နေရာ အတီတဘဝင်မှစ၍ ဝုဋ္ဌောအထိ စိတ်တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ အနန္တရသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် အဗျာကတက အဗျာကတကို ကျေးဇူးပြုခြင်း ဖြစ်သည်။

(ပဉ္စဝိညာဏ် [ဒွေးပဉ္စဝိညာဏ် ၁၀] သည် အဟိတ် ဝိပါက်စိတ် ၁၅ တွင် ပါဝင်သည်။ အဟိတ် ဝိပါက် ၁၅–မှာ ဒွေးပဉ္စဝိညာဏ် ၁၀၊ အမ္ပဋိစ္ဆိုင်း (၂) နှင့် သန္တီရဏ (၃) ဖြစ်သည်။)

ဇော (၇) ကြိမ်၊ တဒါရုံ (၂) ကြိမ်ဖြစ်၍ ဘဝင်ကျသည်ဖြစ်ရာ တဒါရုံနှင့် ဘဝင်သည် (ဝိပါက်) အဗျာကတဖြစ်သည်။ ပထမ တဒါရုံက ဒုတိယတဒါရုံကိုလည်းကောင်း၊ ဒုတိယတဒါရုံက

ဘဝင်ကိုလည်းကောင်း၊ အနန္တရသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် ရှေးရှေးသော အဗျာကတက နောက်နောက်သော အဗျာကတကို ကျေးဇူးပြုခြင်းဖြစ်သည်။

ဝီထိစဉ်တွင် ဝုဋ္ဌောနောက် ကုသိုလ်ဇောစောခဲ့လျှင် ဝုဋ္ဌော (ကြိယာအဗျာကတ)က ပထမဇော(ကုသိုလ်)ကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် ရှေးအဗျာကတက နောက်ကုသိုလ်ကို ကျေးဇူးပြုခြင်းဖြစ်သည်။ ဤဝုဋ္ဌောအကုသိုလ်ဇော စောခဲ့လျှင် ရှေး အဗျာကတက နောက်အကုသိုလ်ကို ကျေးဇူးပြုခြင်းဖြစ်သည်။

ဤအထိ ပဉ္စဒွါရာဝီထိဖြင့် ရှင်းပြခဲ့ပြီ။ ယခုမနောဒွါရ ဝီထိဖြင့် တင်ပြပါမည်။

## မနောဒွါရ ဝီထိ

ဤဝီထိကို "ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော (၇) ကြိမ်၊ တဒါရုံ (၂) ကြိမ်ဟု ချခဲ့သည်။

ဤဝီထိတွင် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရဝဇ္ဇန်း တို့သည် အဗျာကတများဖြစ်ကြသည်။ ယင်းစိတ်တို့အဆင့်ဆင့် ကျေးဇူးပြုခြင်းသည် ရှေးရှေးသောအဗျာကတ နောက်နောက်သော အဗျာကတကို ကျေးဇူးပြုခြင်းဖြစ်သည်။

မနောဒွါရဝဇ္ဇန်း (ကြိယာအဗျာကတ) နောက် ဇော (၇) ကြိမ် စောရာတွင် ကုသိုလ်ဇောဖြစ်ခဲ့လျှင် အဗျာကတက ကုသိုလ်ကို ကျေးဇူးပြုခြင်း ဖြစ်သည်။ အကုသိုလ်ဇောဖြစ်ခဲ့လျှင် အဗျာကတက အကုသိုလ်ကို ကျေးဇူးပြုခြင်း ဖြစ်သည်။ ကျန်သောစိတ်တို့၏ ကျေးဇူးပြုပုံကို အထက်ပါ အပိုဒ်များနည်းတူ သိနိုင်ပါသည်။

အဗျာကတက ကုသိုလ် အကုသိုလ်ကို အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုရာတွင် ပဉ္စဒွါရာဝီထိ၌ ဝုဋ္ဌော (အဗျာကတ)ကို

ယူပါသည်။ အခြားအဇ္ဈာကတကို မယူရ။ မနေဒွါရဝီထိတွင် မနောဒွါရဝဇ္ဇန်း (အဇ္ဈာကတ)ကို ယူရသည်။ အခြားအဇ္ဈာကတကို မယူရ။ ကုသိုလ်အကုသိုလ်ကို ယူရာတွင် ပထမဇောကုသိုလ် ပထမဇောအကုသိုလ်ကို ယူရသည်။

ပဉ္စဒွါရဝီထိနှင့် မနောဒွါရဝီထိတို့တွင် ပါဝင်သောစိတ်အားလုံး၏ အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံကို ပြဆိုပြီးပါပြီ။ ဤအတူ ဈာနဝီထိ၊ မဂ္ဂဝီထိတို့တွင်ပါသောစိတ်တို့၏ ကျေးဇူးပြုပုံကို သိနိုင်ပါသည်။

အထက်ဖော်ပြပါ ဝီထိစိတ်တို့သည် သတ္တဝါတို့၏ ဘဝအသီးသီးတွင် အလယ်ပိုင်းကာလ၌ ဖြစ်သော စိတ်များဖြစ်သည့်။ သို့ဖြစ်ရာ ဘဝ၏ အစပိုင်းနှင့် အဆုံးပိုင်းတွင်ဖြစ်သော စိတ်တို့အတွက် သက်ဆိုင်ရာဝီထိတို့ဖြင့် ဆက်လက်ရှင်းပြပါမည်။

## ပဋိသန္ဓေဝီထိ

ဤ ဝီထိကို ပဋိသန္ဓေ၊ ဘဝင် ၁၅၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိ ဇော (၇)ကြိမ်ဟု ချရသည်။

(ဘဝနိကန္တိဇောဟူသည်မှာ ဘဝသစ်၌ စွဲလမ်းတပ်မက်မှု ဖြစ်သည်။)

ဤ ဝီထိစဉ်အရ ပဋိသန္ဓေ နောင်ဘဝင် ၁၅ ကြိမ်ဖြစ်ရာ ပဋိသန္ဓေစိတ်က ပထမဘဝင်ကိုလည်းကောင်း၊ ပထမဘဝင်က ဒုတိယဘဝင်ကိုလည်းကောင်း၊ ဒုတိယဘဝင်က တတိယဘဝင်ကိုလည်း စသည်ဖြင့် မနောဒွါရဝဇ္ဇန်းအထိ တစ်ဆင့်ပြီးတစ်ဆင့်ဆက်ကာ အနန္တရသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် ရှေးရှေးသော အဇ္ဈာကတက နောက်နောက်သောအဇ္ဈာကတကို ကျေးဇူးပြုခြင်း ဖြစ်သည်။

မနောဒွါရဝဇ္ဇန်းက ပထမလောဘဇောကို ကျေးဇူးပြုခြင်းသည် အဗျာကတက အကုသိုလ်ကျေးဇူးပြုခြင်းဖြစ်သည်။

**မရဏာသန္န ဝီထိ**

ဤ ဝီထိကို "ဘဝင်္ဂစလာန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရဝဇ္ဇန်း၊ ဇော (၇) ကြိမ်၊ တဒါရုံ (၂) ကြိမ်၊ စုတိ"ဟု ချရသည်။

လူတို့မှာ သေခါးနီးတွင် ဇော (၅)ကြိမ်စောသည်။ သေသည့်အခါ ဇောနောက် စုတိ၊ ဇောဘဝင်နောက်စုတိ၊ တဒါရုံနောက် စုတိ၊ ဘဝင်နောက် စုတိကျနိုင်သည်။

ဤဝီထိတွင် ဘဝင်္ဂစလနမှ မနောဒွါရဝဇ္ဇန်းအထိ အနန္တရသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် ရှေးရှေးသောအဗျာကတ နောက်နောက်သော အဗျာကတကို ကျေးဇူးပြုခြင်းဖြစ်သည်။

သေသည့်သူသည် ကုသိုလ်ဇောနှင့်သေခဲ့လျှင် မနောဒွါရဝဇ္ဇန်း အဗျာကတကုသိုလ်ကို ကျေးဇူးပြုခြင်း ဖြစ်သည်။ ကုသိုလ်ဇော (၅) ကြိမ်စောခြင်းသည် ရှေးရှေးကုသိုလ်က နောက်နောက်ကုသိုလ်ကို ကျေးဇူးပြုခြင်းဖြစ်သည်။ နောက်ဆုံးဇော တဒါရုံကိုကျေးဇူးပြုခြင်းသည် ကုသိုလ်က အဗျာကကို ကျေးဇူးပြုခြင်းဖြစ်သည်။

အကုသိုလ်ဇော စောခဲ့လျှင်လည်း ဤအတူကောက်ယူနိုင်သည်။

တဒါရုံက ဘဝင်ကို၊ ဘဝင်က စုတိကိုကျေးဇူးပြုခြင်းသည် အဗျာကတက အဗျာကတကို ကျေးဇူးပြုခြင်းဖြစ်သည်။

နောက်ဆုံး စုတိစိတ်ဖြင့် တစ်ဘဝရွေ့လျားသွားသောအခါ စုတိက ပဋိသန္ဓေကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် အဗျာကတက အဗျာကတကို ကျေးဇူးပြုခြင်းဖြစ်သည်။

(ဇောနောက် စုတိကျသောအခါ ကျေးဇူးပြုပုံကို စာမျက်နှာ (      ) ကုသိုလ်အကုသိုလ်က ကျေးဇူးပြုပုံ ဖြည့်စွက်ချက်တွင် ပါဝင်ခဲ့ပြီး ဖြစ်သည်။

## ကြိယာအဗျာကတက ကျေးဇူးပြုခြင်း

ကြိယာစိတ်သည် အဟိတ်ကြိယာ ၃၊ မဟာကြိယာ ၈၊ မဟဂ္ဂုတ်ကြိယာ ၉၊ ပေါင်း ၂၀-ဖြစ်သည်။ ဟိတ်ကြိယာ ၃-ပါးတွင် အသိတုပ္ပါဒ်စိတ်တစ်ပါးသာ ကြိယာဇောစိတ်ဖြစ်သည်။ ကျန် ၂-ပါးမှာ ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်သည်။ ယင်းစိတ်ကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံကို အထက်တွင် ပြခဲ့ပြီဖြစ်သည်။ သဟိတုပ္ပါဒ်စိတ်မှာ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့မှာ ဖြစ်သော စိတ်ဖြစ်သည်။ ရယ်ရွှင်ခြင်းကိုဖြစ်စေတတ်သောကြောင့် ဟသိတုပ္ပါဒ် ဟု ခေါ်ခြင်းဖြစ်သည်။

ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏ ကိစ္စကြီးငယ်ကို ဆောင်ရွက်ရန်စိတ်မှာ ကြိယာစိတ်များသာဖြစ်၏။ ထိုပုဂ္ဂိုလ်တို့မှာ မဟာကုသိုလ်နှင့် မဟဂ္ဂုတ်ကုသိုလ်များ မဖြစ်ကြတော့။ မဟာကြိယာနှင့် မဟဂ္ဂုတ်ကြိယာစိတ်များ သာဖြစ်သည်။

သို့ဖြစ်၍ မဟာကုသိုလ်နှင့် မဟဂ္ဂုတ်ကုသိုလ် ရှင်းပြချက်တို့တွင် ကုသိုလ်ဟူသောစကားအစား ကြိယာဟု ပြောင်းပေးခြင်းဖြင့် မဟာကြိယာနှင့် မဟဂ္ဂုတ်ကြိယာတို့တွင် (၀၁) ကြိယာအဗျာကတ စိတ်တို့တွင် အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကို ရနိုင်သည်။

## ရဟန္တာတို့၏ စုတိစိတ်

ရဟန္တာတို့မှတစ်ပါး ကျန်သောသတ္တဝါအားလုံးတို့၏ စုတိစိတ် အားလုံး၏ နောက်မှာ ပဋိသန္ဓေစိတ်တစ်ခု မလွဲမသွေ အမှန်မုချ ဖြစ်ရသည်သာဖြစ်၏။ ရဟန္တာတို့၏ စုတိစိတ်နောက်မှာမူကား ပဋိသန္ဓေစိတ် မဖြစ်တော့သဖြင့် အနန္တရပစ္စည်းတရားကို ကောက်ယူရာ၌ ရဟန္တာတို့၏ စုတိစိတ်ကို ကြဉ်ရမည်။ ရဟန္တာတို့၏ စုတိစိတ်သည် ပစ္စယုပ္ပန်သာဖြစ်၏။ ပစ္စည်းမဖြစ်နိုင်တော့။

အထက်ပါရှင်းလင်းတင်ပြချက်ကို အထောက်အထားပြု၍-

၁။ ရဟန္တာတို့၏ စုတိစိတ်ကိုကြည်သော ရှေးရှေးသော ဝိပါက်စိတ် ၃၆၊ ကြိယာစိတ် ၂၀-တို့က ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နောက်နောက်သော ဝိပါက် စိတ် ၃၆၊ ကြိယာစိတ် ၂၀ တို့အား လည်းကောင်း၊

၂။ ဝုဋ္ဌော- မနောဒွါရဝဇ္ဇန်းက မဟာကုသိုလ်ပထမဇောကို လည်းကောင်း၊

၃။ ဝုဋ္ဌော- မနော ဒွါရဝဇ္ဇန်းက အကုသိုလ်ပထမဇောကို လည်းကောင်း၊ အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

ထို့ကြောင့် စာပိုဒ် ၁၅၊ ၁၆၊ ၁၇ တို့တွင် ရှေးရှေးသော အဗျာကတက၊ (က) နောက်နောက်သောအဗျာကတကိုလည်းကောင်း၊ (ခ) နောက်နောက်သောကုသိုလ်ကိုလည်းကောင်း၊ (ဂ) နောက်နောက်သော အကုသိုလ်ကိုလည်းကောင်း အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

## နောက်ဆုံးစာပိုဒ်

သတ္တဝါအားလုံးတွင် ဖြစ်ဖြစ်သမျှသော စိတ်တို့၏ အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံကို ပထမစာပိုဒ် (၁၀) တွင် စိတ် ၈၉-ပါး အားလုံးကို မနောဓာတ်၊ ဝိညာဏဓာတ်၊ မနောဝိညာဏဓာတ်ဟူသော ဓာတ်သုံးမျိုးခွဲခြား၍ လည်းကောင်း၊ နောက်စာပိုဒ် (၇) တွင် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတဟူသော စိတ်သုံးမျိုးခွဲခြား၍ လည်းကောင်း၊ ဟောတော်မူပြီးနောက် စိတ်အားလုံး၏ ကျေးဇူးပြုပုံကို အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူလို၍ ဤ နောက်ဆုံးစာပိုဒ်ကို ဟောတော်မူပြန်သည်။

ဤနောက်ဆုံးစာပိုဒ်တွင် "ယေသံယေသံဓမ္မာနံ အနန္တရာ" ဟု ပြဆိုထားရာတွင် နိဿယဆရာက "ဓမ္မာနံ"ကို "တရားတို့၏"

ဟု မြန်မာမပြန်ဘဲ"စိတ်စေတသိက်တို့၏"ဟု အဓိပ္ပာယ် ဖွင့်ဆိုကာ မြန်မာပြန်ထားသည်။ အကြောင်းမှုကား ယေဝယေဝမွော ဥပ္ပန္နာမိ စိတ္တ စေတသိကဓမ္မာ– အကြင်အကြင် စိတ်စေတသိက်တရားတို့သည် ဖြစ်ကုန်၏ ဟူသောနောက်စကားကိုထောက်၍ ယင်းအဓိပ္ပာယ် ဖွင့်ဆိုခြင်း ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မည်သည့်စိတ်မဆို မိမိ၏ရှေ့ကရှိသည့် စိတ်၏အခြားမဲ့၌သာ ဖြစ်မြဲဓမ္မတာ ဖြစ်သော ကြောင့် ဖြစ်သည်။

ဆိုလိုရင်းမှာ ရှေးရှေး၌ဖြစ်သော စိတ်တို့ကမိမိ မိမိတို့၏ အခြားမဲ့၌ နောက်နောက်သောစိတ်တို့ ဖြစ်ပေါ်စေသည်ဟု ဖြစ်သည်။

ပထမစာပိုဒ် (၁၀) တွင် ကျေးဇူးပြုပုံကိုလည်းကောင်း၊ သို့မဟုတ် နောက်စာပိုဒ် (၇) တွင် ကျေးဇူးပြုပုံကိုလည်းကောင်း၊ အောက်ပါအတိုင်း ပစ္စည်း ပစ္စယုပ္ပန်အနေဖြင့် ပြနိုင်သည်။

**အနန္တရပစ္စည်း ပစ္စယုပ္ပန်**

၁။ ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော ရှေးရှေးသောစိတ် ၈၉၊ စေတသိက် ၅၂–သည် အနန္တရပစ္စည်းတရားဖြစ်သည်။

၂။ ရဟန္တာတို့စုတိစိတ်နှင့်တကွ နောက်နောက်သောစိတ် ၈၉၊ စေတသိက် ၅၂–သည် အနန္တရပစ္စယုပ္ပန်တရား ဖြစ်သည်။ (နာမ်ကို နာမ်က ကျေးဇူးပြုသည်။

## ပြန်လည်သုံးသပ်ချက်

အနန္တရ(အခြားမဲ့၊ အကြားမရှိ၊ တစ်ဆက်တည်း) ဟူသော သဘောတရားနှင့် ပတ်သက်၍ ဖြည့်စွက်မှတ်သားစရာတစ်ခုကို တင်ပြပါမည်။

အနာဂမ်ရဟန္တာပုဂ္ဂိုလ်တို့သည် အစိဋ္ဌာန်အတိုင်း ခုနစ်ရက် အထိစိတ်၊ စေတသိက် စိတ္တဇရုပ်တို့ကို ချုပ်ငြိမ်းစေနိုင်သော နိရောဓသမာပတ်ကို ဝင်စားနိုင်ကြသည်။ ထိုသို့ နိရောဓ သမာပတ် ဝင်စားသော ပုဂ္ဂိုလ်တို့၏ နိရောဓသမာပတ် မဝင်စားမီကဖြစ်သော နောက်ဆုံးစိတ်နှင့် နိရောဓသမာပတ်မှ ထသောအခါ ဖြစ်သော ပထမဦးဆုံးစိတ်၏အကြား (နိရောဓသမာပတ် ဝင်စားခိုက်) မည်သည့် စိတ်မျှ မဖြစ်။ ထို့ကြောင့် နိရောဓသမာပတ် ဝင်စားသောပုဂ္ဂိုလ်၏ နိရောဓသမာသပတ် မဝင်စားမီကဖြစ်သော နောက်ဆုံးစိတ်သည် ရှေ့စိတ်ဖြစ်၍ နိရောဓသမာသပတ်မှ ထသောအခါ ပထမဦးဆုံး စိတ်သည် နောက်စိတ်ဖြစ်၍ ထိုရှေ့စိတ်သည် ထိုနောက်စိတ်အား (အချိန်ကာလကွာခြားသော်လည်း ) အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

နာမ်ခန္ဓာမရှိ– ရုပ်ခန္ဓာသာရှိသော အသညသတ် ဗြဟ္မာတို့၏ သက်တမ်းမှာ ကမ္ဘာ ၅၀၀–ဖြစ်၏။ ထိုဗြဟ္မာတို့အဖို့ အသညသတ် ဘုံသို့ မရောက်မီကဖြစ်သောစုတိစိတ်နှင့် အသညသတ်ဘုံမှ ကာမဘုံသို့ ပြန်၍ဖြစ်သည့် ပဋိသန္ဓေစိတ်အကြား မည်သည့်စိတ်မျှ မဖြစ်။ ထို့ကြောင့် အသညသတ်ဘုံသို့မရောက်မီက ဖြစ်သော စုတိစိတ် (ရှေ့စိတ်) သည် ကာမဘုံသို့ ပြန်ရောက်သည့်အခါ၌ ဖြစ်သော ပဋိသန္ဓေစိတ် (နောက်စိတ်) အား ကြားကာလ ကမ္ဘာ ၅၀၀– ခြားသော်လည်း အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

အထက်တွင်ဆိုခဲ့သော နိရောဓသမာပတ် ဝင်စားမှုနှင့် အသညသတ်ဘုံမှာဖြစ်မှုကို ထောက်ရှု၍ အနန္တရသဘောတရားမှာ ရှေ့စိတ်နှင့် နောက်စိတ်အကြားမှာ ကာလအားဖြင့် ကွာခြားမှုရှိ၊ မရှိမှာ ပဓာနမဟုတ်။ စိတ်အစဉ်မပြတ်သရွေ့ စိတ်အသီးသီး၌ အနန္တရသတ္တိရှိသည် သာဖြစ်၏။

ထို့ကြောင့်အနန္တရမှာ ရှေ့ဖြစ်သော ပစ္စည်းတရားနှင့် နောက်ဖြစ်သော ပစ္စယုပ္ပန်တရားတို့၏ အလယ်အကြား၌ နာမ်တရားတစ်ပါးအခြားမရှိသည့်ကို ဆိုလိုသည်ဟုမှတ်ယူပါ။

# အခန်း (၆)

# သမနန္တရပစ္စည်း

"သမနန္တရ" ဟူသော ပါဠိစကားသည် "အနန္တရ" ၏ ရှေ့ "သမံ" ကို ပေါင်းစပ်ထားခြင်း (သမံ + အနန္တရ) ဖြစ်သည်။ "သမံ" သည် "ကောင်းစွာ"၊ "အနန္တရ" သည် "အခြားမဲ့" ဟူသော အဓိပ္ပာယ်ရသဖြင့် "သမနန္တရ" ကို "ကောင်းစွာအခြားမဲ့" ဟု မြန်မာပြန်ကြသည်။

ဤမြန်မာပြန်အရ "ကောင်းစွာအခြားမဲ့ (အကြားမရှိ) ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည် သမနန္တရပစ္စည်း" ဖြစ်သည်။

"အနန္တရ" ၏ ရှေ့က "သမံ" ကို ပေါင်းထားခြင်းကြောင့် သမနန္တရဟူသော စကားသည် အနန္တရဟူသော စကားထက် အဓိပ္ပာယ်ပို၍ လေးနက်သည်ဟု ယူဆကြသည်။ "ကောင်းစွာ အခြားမဲ့" ဟူသော စကားကို အများသုံးစကားဖြင့် ဆိုရသော် "တကယ့်ကို အကြားမရှိ၊ တကယ့်ကို အခြားမရှိ" ဟု ဆိုရပေလိမ့်မည်။

သမနန္တရပစ္စည်း၏ အဓိပ္ပာယ်ကို (အနန္တရမှာ ပြခဲ့သကဲ့သို့) ပြည့်စုံစွာ ဆိုရသော် အောက်ပါအတိုင်းဖြစ်သည်။

သမနန္တရပစ္စည်းဆိုသည်မှာ စိတ်အသီးသီးသည် မိမိချုပ်သွားပြီးနောက် တကယ်ကိုပင် ကြားမပြတ်ဘဲ တစ်ဆက်တည်း နောက်စိတ်ကို ဖြစ်ပေါ်အောင် ကျေးဇူးပြုခြင်းဖြစ်သည်။

## တောထွက်ခြင်း ဥပမာ

အနန္တရပစ္စည်းသည် စကြာမင်း နတ်ရွာစံခြင်းနှင့် တူသည်ကို ပြခဲ့ပြီ။ ဤသမနန္တရ ပစ္စည်းသည်ကား စကြာမင်းတောထွက်ခြင်းနှင့် တူသည်ဟု ဥပမာ ပေးကြသည်။ ဤသို့ စကြာမင်းတောထွက်ခြင်းနှင့်တူသည်ဟု ဆိုခြင်းမှာ စကြာမင်းသည် သက်တော်ထင်ရှားရှိဆဲ နတ်ရွာမစံသေးဘဲ (တောထွက်ခြင်းဖြင့်) သားတော်ဘုရင်မင်းမြတ်ဖြစ်လာရသည့်အတွက် "သမံ = ကောင်းစွာ" ဟူသော စကား၏ အဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှားအောင် အနန္တရထက်ပို၍ ထူးခြားလာအောင် ဥပမာပေးခြင်း ဖြစ်သည်ဟု ဆိုကြပါသည်။

## သမနန္တရ ပစ္စယသတ္တိ

စကြာမင်းတောထွက်ခြင်းသည် သားတော်ကြီးမင်းဖြစ်ဖို့ရန် ဓမ္မတာဖြစ်သကဲ့သို့ မိမိ၏ အခြားမဲ့၌ (တကယ့်ကို အကြားမရှိဘဲ) ဖြစ်ထိုက်သော စိတ်တို့ကို စိတ္တနိယာမအတိုင်း ဖြစ်စွမ်းစေနိုင်သော ရှေးရှေးစိတ်၏ သတ္တိထူးကို သမနန္တရသတ္တိဟု ခေါ်သည်။

## ပြန်လည်သုံးသပ်ချက်

စကြာမင်း နတ်ရွာစံသောအခါမှ သားတော်ကြီး ဘုရင်မင်းအဖြစ်သို့ ရောက်ခြင်းက စကြာမင်း(သက်တော်ထင်ရှားရှိဆဲ) တောထွက်သောအခါ သားတော်ကြီး မင်းဖြစ်ရခြင်းထက် ပို၍ အဓိပ္ပာယ်လေးနက်၏။ အနန္တရထက် သမနန္တရကပို၍ လေးနက်သည်။ ဤသို့ ယူဆပြီး ရှေးဆရာတို့က ပေးခဲ့သော ဥပမာတို့ကို ပြောင်းပြန်ပြန်၍–

အနန္တရသည် စကြာမင်း တောထွက်ခြင်းနှင့်တူသည်။

သမနန္တရသည် စကြာမင်း နတ်ရွာစံခြင်းနှင့် တူသည်ဟု ယူဆသင့်ကြောင်း နောက်ဆရာတို့က အမိန့်ရှိကြသည်။

## ကြောင်းကျိုးဆက်စပ်ပုံ

အနန္တရနှင့် သမနန္တရပစ္စည်းတို့၏ ပါဠိတော်နှင့် နိဿယတို့တွင် "အနန္တရ (အခြားမဲ့)" နှင့် "သမနန္တရ (ကောင်းစွာ အခြားမဲ့)" ဟူသော စကားနှစ်လုံးသာကွဲ၍ ပစ္စည်းတရားအချင်းချင်း၊ ပစ္စယုပ္ပန်တရားအချင်းချင်းမှာ တူကြသည်။ ထို့ကြောင့် သမနန္တရပစ္စည်းတွင် ကျေးဇူးပြုပုံကို ရှင်းပြရန် မလိုတော့ပါ။ အနန္တရပစ္စည်း ကျေးဇူးပြုပုံနှင့် အတူတူပင်ဖြစ်။ သို့ဖြစ်ရာ သမနန္တရပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့မှာ အနန္တရနှင့် တူသည်။

## ပြန်လည်သုံးသပ်ချက်

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း ပစ္စည်းတရားအချင်းချင်း၊ ပစ္စယုပ္ပန်တရား အချင်းချင်း တူနေပါလျက် အဘယ်ကြောင့် အနန္တရပစ္စည်းကိုသာ မဟောဘဲ သမနန္တရပစ္စည်းကို နောက်ထပ် ဟောရသနည်းဟူသော ပြဿနာတစ်ရပ် ရှိနိုင်သည်။

ထိုအမေးပြဿနာကို ဝေနေယျတို့၏ အဇ္ဈာသယအားဖြင့် (ကျွတ်ထိုက်သော သတ္တဝါတို့၏ အလိုဆန္ဒကို လိုက်လျောသောအားဖြင့်) ဟောတော်မူသည်ဟု အကျဉ်းဖြေနိုင်သည်။ အနန္တရဟူသော စကားလုံးဖြင့် ဟောပါမှ နားလည်နိုင်သော ပုဂ္ဂိုလ်တို့အတွက် အနန္တရဟူသော စကားလုံးကို သုံး၍ ဟောတော်မူသည်။ သမနန္တရဟူသော စကားလုံးကို သုံးမှ နားလည်နိုင်သော ပုဂ္ဂိုလ်တို့အတွက် သမနန္တရဟူသော စကားကို သုံး၍ ဟောတော်မူသည်ဟု ဖြေဆိုနိုင်သည်။

# အခန်း (၇)
# သဟဇာတပစ္စည်း

## သဟဇာတ

"အတူနေ အတူစား၊ အတူသွား အတူလာ"ဟူသော စကား အသုံးအနှုန်းသည် အတူတကွ နေခြင်းမျှကိုသာ ဆိုလိုသည်မဟုတ်၊ အတူတကွ စားခြင်းမျှကိုသာ ဆိုလိုသည် မဟုတ်၊ အတူတကွ စားလာသည်ကိုသာ ဆိုလိုသည်မဟုတ်၊ တစ်ဦးနှင့်တစ်ဦး သင့်သင့်မြတ်မြတ် ရှိခြင်း၊ ညီညီညွတ်ညွတ် ဖြစ်ခြင်း၊ တစ်ဦးအလိုသို့ တစ်ဦးက လိုက်လျောခြင်း၊ တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်မှုမရှိခြင်း၊ ရင်းရင်းနှီးနှီး ဆက်ဆံခြင်း အဓိပ္ပာယ်မျိုးဖြစ်သည်။

ဤသို့ သင့်သင့်မြတ်မြတ် ရင်းရင်းနှီးနှီး ဆက်ဆံမှုမျိုးကို ဆိုလိုသောအခါ ပါဠိ ကျွမ်းကျင်သူအချို့က "သူတို့ အချင်းချင်း သဟဇာတ ဖြစ်ကြပါတယ်"ဟု ပြောတတ်ကြသည်။ ဤတွင် "သဟဇာတ်"ဟူသော စကားမှာ ပါဠိဘာသာ "သဟဇာတ"ကို "သဟဇာတ်"ဟူသော စကားဖြင့် ပြုပြင်ကာ မြန်မာစကားအနေဖြင့် သုံးစွဲခြင်းဖြစ်သည်။

သဟဇာတဟူသော ပါဠိစကားတွင် "သဟ" သည် "အတူတူ"၊ "ဇာတ"သည် ဖြစ်ခြင်းဟူ၍ အဓိပ္ပာယ်ရသဖြင့် "သဟဇာတ" သည် အတူတကွဖြစ်ခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် "သဟဇာတ ဖြစ်သည်"ဟူ၍ မြန်မာစကား အနေမျိုးဖြင့် ဆိုလိုသော

အဓိပ္ပာယ်မှာ သဟဇာတ၏ မူလရင်း အဓိပ္ပာယ်ကို ထပ်ဆင့် ပွား ယူထားသော ဆင့်ပွားအဓိပ္ပာယ်မျိုး ဖြစ်သည်။

## သဟဇာတပစ္စည်း၏ အဓိပ္ပာယ်

သဟဇာတဟူသော ပါဠိစကားသည် အတူတကွ ဖြစ်ခြင်း အဓိပ္ပာယ်ရှိသဖြင့် သဟဇာတပစ္စည်းဆိုသည်မှာ အတူတကွဖြစ်၍ ကျေးဇူးပြုသော တရားဖြစ်သည်။ (ဝါ) အတူတကွဖြစ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသော တရားဖြစ်သည်။ ယင်းစကား နှစ်ရပ်လုံးသည် အတူတကွဖြစ်အောင် ကျေးဇူးပြုခြင်း (ဝါ) သဟဇာတ ကိစ္စဖြင့် ကျေးဇူးပြုခြင်းကို ဆိုလိုပါသည်။

ပဋ္ဌာန်း တရားတော်သည် ပရမတ္ထသဘာဝတို့ကို ပြဆိုရာ ဌာန ဖြစ်ခြင်းကြောင့် ပရမတ်၏ သဘာဝအနေဖြင့် ဆိုရသော် "အချို့သော ရုပ်တရား၊ နာမ်တရားတို့သည် မိမိတို့ ဖြစ်ပေါ်လာ သည် ရှိသော် မိမိတို့သာ ဖြစ်လာသည်သာမက မိမိတို့နှင့်အတူ ဖြစ်နိုင်သော တရားတို့ကို မိမိတို့နှင့် အတူတကွ တစ်ပြိုင်နက် ဖြစ် လာအောင် ဆောင်ရွက်နိုင်အောင် ဆောင်ရွက်နိုင်သော သဘာဝရှိသည်။ ဤသို့သော သဘာဝရှိသည့် တရားကို သဟဇာတပစ္စည်းဟု ခေါ် ရသည်။ ဤသဟဇာတပစ္စည်းကို ဆီမီးနှင့်တူသည်ဟု ဆရာတို့က ဥပမာပြကြသည်။

## ဆီမီးပမာ

ဆီမီး ထွန်းသောအခါ မီးတောက်သည်နှင့် တစ်ပြိုင်နက် အလင်းရောင်ကိုလည်း ဖြစ်ပေါ်စေသည်။ မီးတောက်နှင့် အလင်း ရောင် ဤနှစ်ခုတွင် ဘယ်အရာက အရင်ဖြစ်သည်ဟု မပြောနိုင်။ တစ်ပြိုင်နက်သာ ဖြစ်ကြသည်။ မီးမတောက်လျှင် အလင်းရောင်ဖြစ် မလာနိုင်။မီးတောက်သောကြောင့်သာ အလင်းရောင်ပေါ်လာရသည်။

ထို့ကြောင့် သဟဇာတပစ္စည်းသည် ဆီမီးနှင့်တူသည်ဟု ဆရာတို့က ရှင်းပြကြသည်။

## သဟဇာတ ပစ္စယသတ္တိ

ပြဆိုခဲ့သော ဥပမာအရ ဆီမီးသည် မိမိတောက်သည်နှင့် တစ်ပြိုင်နက် အလင်းရောင်ဖြစ်အောင် ကျေးဇူးပြုသကဲ့သို့ ထို့အတူ အချို့သော ပစ္စည်းတရားသည် ဖြစ်သည်ရှိသော် မိမိတို့သာ ဖြစ်သည်သာမက မိမိတို့နှင့် အတူတကွ (မိမိတို့ကြောင့်) ဖြစ်နိုင်သော ပစ္စယုပ္ပန်တရားတို့ကိုလည်း အတူတကွ ဖြစ်ပေါ်လာစေနိုင်သော သတ္တိရှိသည်။ ယင်းသတ္တိကို သဟဇာတ ပစ္စယသတ္တိဟု ခေါ်သည်။

## အတူတကွ ဖြစ်တိုင်း သဟဇာတသတ္တိမရှိ

ဤသဟဇာတပစ္စည်းတွင် အတူတကွ ဖြစ်ကြသော တရားတို့မှာ သဟဇာတ သတ္တိရှိသည်ဟု မယူဆနိုင်။ အချို့သော တရားတို့မှာ မိမိတို့ဖြစ်သည်ရှိသော် မိမိတို့နှင့် အတူတကွဖြစ်ပေါ် ဖြစ်ဖက်တရားတို့ကိုလည်း ဖြစ်စေနိုင်သည်။ အချို့သော တရားတို့မူကား မိမိတို့သာ (အခြားတရားကို မှီ၍သာလျှင် ဖြစ်နိုင်ပြီး) အခြားတရားတို့ကို မဖြစ်စေနိုင်။

ဆီမီးဥပမာတွင် မီးတောက်သည် အလင်းရောင်ကို ဖြစ်စေနိုင်၍ မီးတောက်တွင် သဟဇာတသတ္တိ ရှိသည်။ အလင်းရောင်သည်ကား မီးတောက်နှင့်အတူ ဖြစ်သော်လည်း အလင်းရောင်ကြောင့် မီးတောက်ဖြစ်လာသည် မဟုတ်။ ထို့ကြောင့် အလင်းရောင်မှာ သဟဇာတသတ္တိ မရှိ။

## ကြောင်းကျိုးဆက်စပ်ပုံ

### ပထမစာပိုဒ်

ဤစာပိုဒ်တွင် "နာမ်ခန္ဓာ လေးပါးတို့သည် အချင်းချင်း

ဖြစ်ပေါ် ဖြစ်ဖက် သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုသည်”ဟူ၍ ပြဆိုထားသည်။ ဤဆိုထားချက်တွင် “ခန္ဓာ”ဟူသော ပါဠိစကားသည် “အစု”ဟု အဓိပ္ပာယ်ရသည်။

**ခန္ဓာ (အစု) ဆိုရာ၌—**

၁။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်

၂။ အဇ္ဈတ္တ (အတွင်းသန္တာန်)၊ ဗဟိဒ္ဓ (အပသန္တာန်)

၃။ ဩဠာရိက (အကြမ်း)၊ သုခုမ (အနု)

၄။ ဟိန (အယုတ်)၊ ပဏီတ (အမြတ်)

၅။ ဒူရ (အဝေး)၊ သန္တိက (အနီး)

ဟူ၍ အသီးသီးကွဲပြားသော တရားတို့ကို (သူ့အမျိုးနှင့်သူ) ဉာဏ်ဖြင့် ပေါင်းစုထားခြင်းကို ဆိုလိုသည်။

ဤသို့သော ခန္ဓာ (အစု) တို့သည် ရူပက္ခန္ဓာ (ရုပ်အစု)၊ ဝေဒနာက္ခန္ဓာ (ဝေဒနာအစု)၊ သညာက္ခန္ဓာ (သညာအစု)၊ သင်္ခါရက္ခန္ဓာ (သင်္ခါရအစု)၊ ဝိညာဏက္ခန္ဓာ (ဝိညာဏ်အစု) ဟု ငါးပါးအပြားရှိ၏။ ဤခန္ဓာငါးပါးတွင် ရူပက္ခန္ဓာသည် ရုပ်ခန္ဓာ (ရူပက္ခန္ဓာ) ဖြစ်၍ ကျန်ခန္ဓာ လေးပါးသည် နာမ်ခန္ဓာ (နာမက္ခန္ဓာ) ဖြစ်သည်။

**ယင်းခန္ဓာ ငါးပါး၏ အဓိပ္ပာယ်မှာ—**

၁။ အေးခြင်း၊ ပူခြင်း၊ ဆာလောင်ခြင်း၊ သောက်လိုခြင်း စသည်တို့ကြောင့် ဖောက်ပြန်ခြင်း လက္ခဏာရှိသော သဘောတရားကို ရူပ (ရုပ်)ဟုခေါ်သည်။ ယင်းသဘောတရား အားလုံးကို ဉာဏ်ဖြင့် တစ်စုတစ်ပေါင်းတည်းပြု၍ “ရူပက္ခန္ဓာ”ဟု ခေါ်သည်။

၂။ အာရုံ၏ အရသာကို ခံစားခြင်းလက္ခဏာရှိသော သဘောတရားကို ဝေဒနာဟုခေါ်သည်။ ယင်းသဘောတရား အလုံးစုံကို ဉာဏ်ဖြင့် တစ်စုတစ်ပေါင်းတည်းပြု၍ “ ဝေဒနာက္ခန္ဓာ”ဟု ခေါ်သည်။

၃။ အမှတ်ပြု၍ သိခြင်းလက္ခဏာရှိသော သဘောတရားကို သညာဟု ခေါ်သည်။ ယင်းသဘောတရား အလုံးစုံကို ဉာဏ်ဖြင့် တစ်ပေါင်းတစ်စုတည်းပြု၍ "သညာက္ခန္ဓာ"ဟု ခေါ်သည်။

၄။ ပြုပြင်စီရင်ခြင်း၊ အားထုတ်ခြင်း၊ ကြောင့်ကြဗျာပါရသို့ ရောက်ခြင်းလက္ခဏာရှိသော သဘောတရားကို သင်္ခါရဟု ခေါ်သည်။ ယင်းသဘောတရား အလုံးစုံကို ဉာဏ်ဖြင့် တစ်ပေါင်းတစ်စုတည်း ပြု၍ "သင်္ခါရက္ခန္ဓာ"ဟု ခေါ်သည်။

၅။ သညာသိခြင်းထက် ထူးသောအာရုံကို ရခြင်း၊ ယူခြင်း၊ သိခြင်း လက္ခဏာရှိသော သဘောတရားကို ဝိညာဏဟု ခေါ်သည်။ ယင်းသဘောတရား အလုံးစုံကို ဉာဏ်ဖြင့် တစ်ပေါင်းတစ်စုတည်း ပြု၍ "ဝိညာဏက္ခန္ဓာ"ဟု ခေါ်သည်။

အထက်ပါ ခန္ဓာငါးပါး၏ တရားကိုယ်ကို အောက်ပါအတိုင်း ပြဆိုကြသည်။

၁။ ရုပ် ၂၈ ပါးသည် ရူပက္ခန္ဓာ မည်၏။
၂။ ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။
၃။ သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။
၄။ ဝေဒနာသညာမှ ကြွင်းသော စေတသိက် ၅၀ သည် သင်္ခါရက္ခန္ဓာ မည်၏။
၅။ စိတ်တစ်ခု ရုပ်ကိုးဆယ် (၈၉ ပါး) သည် ဝိညာဏက္ခန္ဓာ မည်၏။

အထက်ပါ စကားရပ်ကို ရှင်းပြပါမည်။

ရူပက္ခန္ဓာ (ရုပ်အစု) ဟူသည်မှာ ရုပ် ၂၈ ပါးကို ပေါင်းစု ထားခြင်းကို မဆိုလိုပါ။ စင်စစ်မှာ အလုံးစုံသော ရုပ်သည် အတိတ် ရုပ်၊ အနာဂတ်ရုပ်၊ ပစ္စုပ္ပန်ရုပ် ဟူ၍ ဖြစ်စေ၊ အတွင်းရုပ်၊ အပရုပ်

ဟူ၍ ဖြစ်စေ၊ ရုပ်ကြမ်း၊ ရုပ်နုဟူ၍ဖြစ်စေ၊ ယုတ်သောရုပ်၊ မြတ်သောရုပ်ဟူ၍ဖြစ်စေ၊ အနီးရုပ်၊ အဝေးရုပ်ဟူ၍ဖြစ်စေ အခြင်းအရာ တစ်ဆယ့်တစ်ပါး ကွဲပြားသည်။

ဤသို့ကွဲပြားသော ရှိရှိသမျှ ရုပ်ကို (သူ့အမျိုးနှင့် သူတွဲ၍) ရုပ္ပန (ဖောက်ပြန်ခြင်း) ဟူသော တစ်စုတည်းအဖြစ် ဉာဏ်ဖြင့် တစ်ပေါင်းတည်းပြု၍ (ရုံးစု၍၊ အစုပြု၍) "ရုပက္ခန္ဓာ"ဟု ခေါ်ဆိုသည်။

တစ်ဖန် ရုပ်များတွင်လည်း ပထဝီဓာတ် တစ်ခုတည်းပင် ကာလအားဖြင့် အတိတ်ပထဝီ၊ အနာဂတ်ပထဝီ၊ ပစ္စုပ္ပန်ပထဝီဟူ၍ ဖြစ်စေ၊ သန္တာန်အားဖြင့် ကိုယ်တွင်း၌ ဖြစ်သော အဇ္ဈတ္တ ပထဝီ၊ ကိုယ်ပ၌ဖြစ်သော ဗဟိဒ္ဓပထဝီဟူ၍ဖြစ်စေ အစရှိသည်ဖြင့် ကွဲပြားလေရာ ယင်းတို့ကို သူ့အမျိုးနှင့်သူတွဲ၍ ရုပ္ပန လက္ခဏာ ဖောက်ပြန်ခြင်း၌ တစ်စုတည်းဖြစ်၍ ဉာဏ်ဖြင့် စုပေါင်းထားခြင်းတို့သည် လည်း ရုပက္ခန္ဓာပင် ဖြစ်သည်။ ဤအတူ တေဇော၊ ဝါယော စသော အခြားရုပ်တို့၌လည်း သူ့အမျိုးနှင့်သူတွဲ၍ ခန္ဓာဖွဲ့နိုင်သည်။

ဝေဒနာတစ်ခုတည်း၊ သညာတစ်ခုတည်း ဖြစ်လျက် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာဟုခေါ်ဆိုနိုင်ခြင်းမှာ အထက်ပါကဲ့သို့ တစ်ဆယ့်တစ်ပါး ကွဲပြားနေသည်ကို ဉာဏ်ဖြင့် စုထားခြင်းကြောင့်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ရှိရှိသမျှ ရုပ်အားလုံးသည် ဆိုခဲ့သော အခြင်းအရာ တစ်ဆယ့်တစ်ပါးဖြင့် ကွဲပြားနေသော်လည်း ဖောက်ပြန်ခြင်း (ရုပ္ပန) လက္ခဏာ၌ အစု၏ အဖြစ်သို့ ရောက်ခြင်းကြောင့် ရုပက္ခန္ဓာ မည်၏။

ရုပ်ကို ဖောက်ပြန်ခြင်း ( ရုပ္ပန) လက္ခဏာဖြင့် ပြသကဲ့သို့ပင် ဝေဒနာ စသည်တို့လည်း ဝေဒယိတ (ခံစားခြင်း) လက္ခဏာ စသည်တို့၌ အစု၏ဖြစ်သို့ရောက်ခြင်းကြောင့် ဝေဒနာက္ခန္ဓာ စသည်တို့ မည်ကုန်၏။

## စေတသိတ် ၅၀ ကို သင်္ခါရက္ခန္ဓာခေါ်ပုံ

မည်သည့် အလုပ်ကို လုပ်လုပ် စေတနာ စေတသိက်က တိုက်တွန်း နှိုးဆော်ခြင်းဖြင့် ပြုလုပ်သောကြောင့် စေတနာကိုပင် (အပြုတရား၊ ပြုလုပ်မှု) သင်္ခါရဟူ၍ နာမည်တစ်မျိုးဖြင့် ခေါ်ဆိုကြသည်။ ရှင်ဘုရင်လာသည်ဟု ဆိုရာ၌ ပဓာနဖြစ်သော ဘုရင်မင်းကို ခေါင်းတပ်၍ (ပဓာနနည်းဖြင့်) ပြောဆိုအပ်သော်လည်း နောက်လိုက်များပါလာသကဲ့သို့ စေတနာကို ခေါင်းတပ်၍ ပြောဆိုရာတွင် တွဲဖက် စေတသိက်တို့လည်း ပါဝင်သည်။ ထိုစေတနာ၏ အမည် "သင်္ခါရ"ကို ခေါင်းတပ်၍ ဝေဒနာသညာမှ တစ်ပါးသော စေတသိတ် ၅၀ ကို သင်္ခါရက္ခန္ဓာဟု ခန္ဓာတစ်ခု ဖွဲ့သည်။

## ဝေဒနာနှင့် သညာကို သီးခြားဖွဲ့ပုံ

စေတနာကို ခေါင်းတပ်၍ နောက်လိုက်စေတသိတ်များကို သင်္ခါရဟုဆိုလျှင် ယင်းဝေဒနာနှင့် သညာကိုလည်း သင်္ခါရက္ခန္ဓာတွင် သွင်းသင့်သည် မဟုတ်လောဟု မေးစရာရှိနေသည်။ ဤအမေးကို အောက်ပါအတိုင်း ဖြေဆိုနိုင်သည်။

ခံစားမှု ဝေဒနာစေတသိက်သည် ဝဋ်ဆင်းရဲ၌ သာယာမှုတရား ဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်သည်။ ထို့ကြောင့်ဝေဒနာကိုပင် ဝဋ်ဆင်းရဲ၌ သာယာတတ်သော တရားဟု ဆိုရသည်။ တစ်ဖန် ခံစားမှု ဝေဒနာသည်လည်း သညာက မှတ်ထားသည့်အတိုင်း အရသာကို ခံစားသည်။ ထို့ကြောင့် သညာသည် သာယာတတ်သော ဝေဒနာ၌ သွန်းလောင်းထည့်ခတ် (ကျေးဇူးပြုတတ်) သောတရား ဖြစ်သည်။

ဤသို့ ဝဋ်ဆင်းရဲ၌ သာယာတတ်သောတရား၊ ထိုသာယာတတ်သော တရား၌ အရသာပေါ်အောင် သွန်းလောင်း ထည့်ခတ် (ကျေးဇူးပြုတတ်) သော တရားနှစ်ပါးကို သီးခြားပြလို၍ သီးခြားခန္ဓာဖွဲ့ထားသည်။

## ကျေးရွာပြုပုံ

နာမ်ခန္ဓာလေးပါးတို့ သဟဇာတသတ္တိဖြင့် ကျေးရွာ ပြုပုံကို ဥပမာတစ်ခုဖြင့်ပြပါမည်။

ကုသလဝိပါက် ရှစ် ပါးထဲက ဥပေက္ခာသဟဂုတ်စက္ခုဝိညာဏ် စိတ်ဖြစ်ပေါ်လာသည်ဟု ဆိုပါစို့။ ယင်းစိတ်နှင့်အတူ တစ်ပြိုင်နက် ပင် (စိတ်ဟူသရွေ့ ဖြစ်လာတိုင်း အမြဲကပ်ပါရှိသော) သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ခုနစ်ပါးသည် ယင်း စိတ်၌ အတူဖြစ်လာ ကြသည်။ ယင်းစေတသိက်တို့မှာ–

၁။ အာရုံကို တွေ့ထိမှု ဖဿ၊

၂။ အာရုံကို ခံစားမှု ဝေဒနာ၊

၃။ အာရုံကို မှတ်သားမှု သညာ၊

၄။ စေ့ဆော်တိုက်တွန်းမှု စေတနာ၊

၅။ အာရုံ၌ တည်ငြိမ်အောင်ထားမှု ဧကဂ္ဂတာ၊

၆။ တွဲဖက်နာမ်တရားတို့ကို စောင့်ရှောက်မှု ဇီဝိတိန္ဒြေ၊

၇။ အာရုံကို နှလုံးသွင်းမှု မနသိကာရတို့ ဖြစ်သည်။

ဤသို့ တစ်ပြိုင်နက် ဖြစ်နေကြသော စိတ်နှင့် စေတသိက် ခုနစ်ပါး၊ ဤရှစ်ပါးတွင် တစ်ပါးပါးမှ လျော့၍ မဖြစ်နိုင်။ မည် သည့် တစ်ပါးပါးကိုမျှ ခွဲထွက်၍ မရနိုင်။ ဤနာမ်စိတ် ရှစ်ပါး ကို ခန္ဓာဖွဲ့လျှင်–

၁။ ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာ၊

၂။ သညာစေတသိက်သည် သညာက္ခန္ဓာ၊

၃။ စေတနာ အပါအဝင် ကျန်စေတသိက် ငါးပါးသည် သင်္ခါရက္ခန္ဓာ၊

၄။ စက္ခုဝိညာဏ်စိတ်သည် ဝိညာဏက္ခန္ဓာဖြစ်၍ နာမ်ခန္ဓာလေး ပါးရသည်။

စက္ခုဝိညာဏ်စိတ်နှင့် စေတသိက် ခုနစ်ပါးသည် တစ်ပြိုင်နက်ဖြစ်ကြသောကြောင့် ဤနာမ်ခန္ဓာ လေးပါးသည်လည်း တစ်ပြိုင်နက် အတူတကွပင် ဖြစ်ကြသည်။ ဤလေးပါးတွင် တစ်ပါးပါးက နောက်ကျသည် အရင်ဖြစ်သည်ဟု မရှိနိုင်။ တစ်ပါးပါးမှ လျော့၍လည်း မဖြစ်နိုင်။ ဤလေးပါးသည် တစ်ပြိုင်နက် ဖြစ်ပေါ်ဖြစ်ဖက်များ ဖြစ်ကြသည်။

တစ်နည်းအားဖြင့်ဆိုသော် ဤနာမ်ခန္ဓာ လေးပါးတွင်–

၁။ မည်သည့် ခန္ဓာတစ်ပါးမဆို ဖြစ်လာတိုင်း ကျန်ခန္ဓာသုံးပါးလည်း ဖြစ်လာရသည်။ ထို့ကြောင့် မည်သည့်ခန္ဓာတစ်ပါးကမဆို ကျန်ခန္ဓာသုံးပါးကို သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

၂။ မည်သည့်ခန္ဓာ နှစ်ပါးမဆို ဖြစ်လာတိုင်း ကျန်ခန္ဓာနှစ်ပါးလည်း ဖြစ်လာရသည်။ ထို့ကြောင့် မည်သည့်ခန္ဓာ နှစ်ပါးကမဆို ကျန်ခန္ဓာ နှစ်ပါးကို သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

၃။ မည်သည့်ခန္ဓာ သုံးပါးမဆို ဖြစ်လာတိုင်း ကျန်ခန္ဓာတစ်ပါးလည်း ဖြစ်လာရသည်။ ထို့ကြောင့် မည်သည့်ခန္ဓာ နှစ်ပါးကမဆို ကျန်ခန္ဓာ တစ်ပါးကို သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

အထက်ပါ ကျေးဇူးပြုပုံတို့မှ အမှတ် (၁) နှင့် (၃) အရ မည်သည့် ခန္ဓာတစ်ပါးကမဆို ကျန်ခန္ဓာသုံးပါးနှင့် အပြန်အလှန် ကျေးဇူးပြုသည်။ အမှတ် (၂) အရ မည်သည့်ခန္ဓာနှစ်ပါးမဆို ကျန်ခန္ဓာနှစ်ပါးနှင့် အပြန်အလှန် ကျေးဇူးပြုသည်။

ထို့ကြောင့် နာမ်ခန္ဓာလေးပါးသည် အချင်းချင်း အပြန်အလှန် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဤပထမစာပိုဒ်တွင် ပြဆိုထားသည်။

## ဒုတိယ စာပိုဒ်

ဤစာပိုဒ်တွင် မဟာဘုတ် လေးပါးသည် အချင်းချင်း အပြန်အလှန် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။ ဤပြဆိုချက်ကို ရှင်းပြရန်အတွက် မဟာဘုတ်လေးပါးတို့ ဆက်ဆံနေပုံကို ရှေးဦးစွာ တင်ပြထားသည်။

### မဟာဘုတ် လေးပါးတို့ဆက်ဆံပုံ

ပထဝီ (မြေ) ဓာတ်သည် အခြေခံ အမာခံ ဖြစ်သည်။ အာပေါ၊ တေဇော၊ ဝါယောဓာတ်တို့သည် ဤပထဝီဓာတ်၌ တည်ကြရ မှီတွယ်ကြရသည်။ အမာခံဖြစ်သော ပထဝီဓာတ်မရှိလျှင် တေဇောဓာတ်လည်း မရှိနိုင်၊ အာပေါဓာတ်လည်း မရှိနိုင်၊ ဝါယောဓာတ်လည်း မရှိနိုင်။

အာပေါ (ရေ) ဓာတ်သည် ကလပ်တူ ပထဝီ၊ တေဇော၊ ဝါယော ဓာတ်သုံးပါးကို တစ်စုတည်း တစ်သားတည်း ဖြစ်နေအောင် ဖွဲ့စည်းထိန်းချုပ်ထားသည်။ ဤအာပေါဓာတ်သာ မရှိခဲ့လျှင် ယင်းဓာတ်သုံးပါးသည် မစုစည်းနိုင်ဘဲ ဖရိုဖရဲဖြစ်ကာ ပျောက်ပျက်သွားပေလိမ့်မည်။

တေဇော (မီး) ဓာတ်သည် ကလာပ်တူ မဟာဘုတ် သုံးပါးကို ရင့်ကျက်အောင်၊ ရင့်မာသန်စွမ်းအောင် စောင့်ရှောက်နိုင်သည်။ တေဇောဓာတ်နှင့် တွဲရမှသာလျှင် ပထဝီဓာတ် ဟူသော ခက်မာမှု၊ အာပေါဓာတ် ဟူသော ဖွဲ့စည်းမှု၊ ဝါယောဓာတ် ဟူသော ထောက်ကန် လှုပ်ရှားမှု အသီးသီးသည် အောင်မြင်စွာ ဖြစ်ထွန်းနိုင်ပေလိမ့်မည်။

ဝါယော (လေ) ဓာတ်သည် ကလာပ်တူ ပထဝီ၊ အာပေါ၊ တေဇောဓာတ်တို့ကို ကြံ့ခိုင်အောင် တောင့်တင်းအောင် ထောက်ပံ့

နိုင်ပေသည်။ ထို့ကြောင့် ယင်း ဓာတ်သုံးပါး၏ ဒွန်အားဗလလည်း မည်ပေ၏။ အကယ်၍ ဝါယောဓာတ်နှင့် မတွဲလျှင် ပူမှု၊ အေးမှု ဟူသော တေဇောဓာတ်၊ ခက်မာမှု ဟူသော ပထဝီဓာတ်၊ ဖွဲ့စည်းမှု ဟူသော အာပေါဓာတ် အသီးသီးလည်း အားပြတ်ကာ မိမိတို့၏ သဘာဝ သဘောတရားတို့နှင့် လိုက်လျောညီညွတ်စွာ မဖြစ်နိုင်တော့ဘဲ၊ မလုပ်ဆောင်နိုင်တော့ဘဲ ချုပ်ပျောက်သွားပေလိမ့်မည်။

အထက်ပါ သဘောတရားတို့အရ မဟာဘုတ်လေးပါးသည် အတူတကွ တစ်ပြိုင်နက်သာ ဖြစ်ကြသည်။ တစ်ပါးပါးမျှ လျော့၍ မဖြစ်နိုင်။ တစ်စုတည်းကဲ့သို့သာ ဖြစ်နေသည်။ ပျက်လျှင်လည်း တစ်ပြိုင်နက်သာ ပျက်ပေသည်။ ဤသည်ကား ဖြစ်မြဲဓမ္မတာ သဘောတရား ဖြစ်သည်။

အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း မဟာဘုတ် လေးပါးသည် အတူတကွ တစ်ပြိုင်နက် ဖြစ်ကြသောကြောင့် (ပထမ စာပိုဒ်ပါ နာမ်ခန္ဓာလေးပါးကဲ့သို့ပင်) ယင်း မဟာဘုတ် လေးပါးသည် အချင်းချင်း ဖြစ်ပေါ်ဖြစ်ဖက် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုနိုင်သည်။

ဤမဟာဘုတ် လေးပါးနှင့်ပတ်သက်၍ သတိပြုရန် တစ်ချက်ရှိသည်။ မဟာဘုတ်လေးပါးကို ကောက်ယူရာတွင် ရုပ်ကလာပ် တစ်ခုတည်းမှာသာ ရှိသော မဟာဘုတ်ကိုသာ ယူရသည်။ ရုပ်ကလာပ် တစ်ခုတည်းမှာသာ မဟာဘုတ်လေးပါးသည် အချင်းချင်း သဟဇာတ ဖြစ်ရမည်။ ကလာပ်တစ်ခုတည်း မဟုတ်ဘဲ ကလာပ်ကွဲနေလျှင် ကလာပ်တစ်ခုမှာရှိသော မဟာဘုတ်နှင့် အခြားကလာပ်မှာ ရှိသော မဟာဘုတ်သည် ထိုသို့ မရနိုင်။

## တတိယ စာပိုဒ်

ဤစာပိုဒ်တွင် ပဋိသန္ဓေခဏ၌ နာမ်နှင့် ရုပ် အပြန်အလှန် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

**ဩက္ကန္တိက္ခဏေ။** "ဩက္ကန္တိက္ခဏေ"ဟူသည်မှာ ပဋိသန္ဓေခဏ ဖြစ်သည်။ ပဋိသန္ဓေ ခဏ (ပဋိသန္ဓေအခါ) ဆိုသည်မှာ ပဋိသန္ဓေစိတ် ဉပါဒ် (ဖြစ်) သော ခဏ ဖြစ်သည်။ ဩက္ကန္တိက္ခဏေ နာမရူပံ (ပဋိသန္ဓေခဏ၌ နာမ်နှင့် ရုပ်) အရ ဆိုထားရာ ပဋိသန္ဓေခဏ၌ နာမ်နှင့် ရုပ်ရှိသော ဘုံမှာ ပဉ္စဝေါကာရဘုံ ဖြစ်သည့်အတွက် "ဩက္ကန္တိက္ခဏေ"ကို "ပဉ္စဝေါကာရ ပဋိသန္ဓခဏ၌"ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကာ မြန်မာပြန်ထားသည်။

**နာမရူပံ။** "ဩက္ကန္တိက္ခဏေ နာမရူပံ"တွင် "နာမ်"သည် ပဋိသန္ဓေနာမ် ဖြစ်သည်။ ရူပံ (ရုပ်) သည် ပဋိသန္ဓေကမ္မဇရုပ် ဖြစ်သည်။ ပဋိသန္ဓနာမ်သည် ပဋိသန္ဓေစိတ်နှင့် စေတသိက် ဖြစ်သည်။ ဤနေရာ၌ ပဉ္စဝေါကာရဘုံ ဖြစ်သည့်အတွက် ပဋိသန္ဓေစိတ် ၁၉ ပါးထဲက အရူပဝိပါက်စိတ် ၄-ပါးမှတစ်ပါး ကျန်သော စိတ် ၁၅ ပါးထဲက တစ်ပါးပါးသော စိတ်နှင့် ယင်းစိတ်နှင့်ယှဉ်သော စေတသိက် ဖြစ်သည်။ ယင်းစိတ်နှင့် စေတသိက်သည် ပဋိသန္ဓေနာမ်ခန္ဓာ ဖြစ်သည်။

ရူပံ (ပဋိသန္ဓေကမ္မဇရုပ်) သည် ပဋိသန္ဓေနာမ်နှင့် တစ်ပြိုင်နက် အတူတကွဖြစ်သော ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ဟူသော ကလပ်စင်း ၃-စည်း ဖြစ်သည်။ ယင်းကလပ်စည်း ၃-စည်းတွင် ရုပ်ပေါင်း ၃၀ ပါဝင်သည်။

နာမရူပံ၊ အညမညံ၊ သဟဇာတပစ္စယေန၊ ပစ္စယော-နာမ်နှင့် ရုပ်သည် အပြန်အလှန် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်

ဟု ဆိုထားရာ ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဆိုခဲ့သော ကလာပ်စည်း ၃-စည်း (ရုပ်ပေါင်း ၃၀) သည် အပြန်အလှန် ကျေးဇူးမပြုကြ။ ပဋိသန္ဓေနာမ်ခန္ဓာနှင့် (ရုပ်ပေါင်း ၃၀-စီမှာ ပါသော) ဟာဒယဝတ္ထုရုပ်သည်သာ အပြန်အလှန် ကျေးဇူးပြုသဖြင့် ရုပ် (ရုပ်)ကို ဟာဒယဝတ္ထုဟု ကောက်ယူရသည်။

ဤစကားရပ်တို့ကို ရှင်းပြပါမည်။

၁။ ပဋိသန္ဓေစိတ်က ပဋိသန္ဓေကမ္မဇရုပ်ကို သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ဤအချက်ကို ကျန်ပစ္စည်း စတုတ္ထစာပိုဒ် ရှင်းလင်းချက်တွင် တွေ့ရပါလိမ့်မည်။ ဤသို့ ပဋိသန္ဓေအခါမှာ ပဋိသန္ဓေ(ဝိပါက်) စိတ်က ပဋိသန္ဓေကမ္မဇရုပ်ကို သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသောကြောင့် ပဋိသန္ဓေစိတ် (နာမ်) က ပဋိသန္ဓေကမ္မဇရုပ် (ရုပ်)တွင် ပါဝင်သော ဟာဒယဝတ္ထု (ရုပ်) ကို သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြောင်း ထင်ရှားပါသည်။

၂။ နိဿယပစ္စည်းတွင် မနောဝိညာဏဓာတ်သည် ဟာဒယဝတ္ထုကို မှီ၍ ဖြစ်လာသည်ဟု ဟောထားချက်ရှိသည်။ ထို့ကြောင့် မနောဝိညာဏဓာတ်တွင် ပါဝင်သော ပဋိသန္ဓေဝါကာရ ပဋိသန္ဓေစိတ် (နာမ်) သည် ဟာဒယဝတ္ထုကို မှီ၍ ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း (၁) ပဋိသန္ဓေစိတ် (နာမ်) ကြောင့် ဟာဒယဝတ္ထု (ရုပ်) ဖြစ်လာသည်။ (၂) ဟာဒယဝတ္ထု (ရုပ်) ကြောင့် ပဋိသန္ဓေစိတ် (နာမ်) ဖြစ်လာသည်။ ယင်းပဋိသန္ဓေစိတ် (နာမ်) နှင့် ဟာဒယဝတ္ထုရုပ်တို့သည် တစ်ပြိုင်နက် အတူတကွ ဖြစ်ကြသည်။

ထို့ကြောင့် ပဋိသန္ဓေဝါကာရ ပဋိသန္ဓေခဏ၌ ပဋိသန္ဓေ (နာမ်) ခန္ဓာနှင့် ဟာဒယဝတ္ထု (ရုပ်) သည် အချင်းချင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ဟု တတိယစာပိုဒ်တွင် ပြဆိုထားသည်။

## စေတသိကပိုဒ်

ဤပိုဒ်တွင် စိတ်၊ စေတသိက်တရားတို့က စိတ်ကြောင့်ဖြစ်သော ရုပ်တရားတို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြောင်းကို ပြဆိုထားသည်။

စိတ္တ စေတသိကာ (စိတ်စေတသိက် ဖြစ်ကုန်သော) ဓမ္မာ (တရားတို့) ဟူသည်မှာ နာမ်တရား ဖြစ်သည်။ ထို့ကြောင့် နိဿယတွင် "ဓမ္မာ"ကို နာမ်ခန္ဓာ လေးပါးဟု အဓိပ္ပာယ် ဖွင့်ပြထားသည်။

စိတ္တ သမုဋ္ဌာနံ (စိတ်ကြောင့် ဖြစ်ကုန်သော)၊ ရူပါနံ (ရုပ်တို့အား) ဟု ဆိုရာ၌ "စိတ္တ" (စိတ်) ကို စိတ်အားလုံး မကောက်ယူရပါ။ အဘယ်ကြောင့်ဆိုသော် အရူပ ဝိပါက် ၄၊ ဒွေး ပဉ္စဝိညာဏ် ၁၀ နှင့် ရဟန္တာတို့၏ စုတိစိတ်သည် ရုပ်ကို မဖြစ်စေနိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ယင်းစိတ်တို့ကို ကြဉ်ထားရသည်။ ထို့ကြောင့် စိတ္တစေတသိကာ (စိတ်စေတသိက် ဖြစ်ကုန်သော) ဓမ္မာ (နာမက္ခန္ဓာ လေးပါးတို့) သည် အရူပဝိပါက် ၄၊ ဒွေးပဉ္စဝိညာဏ် ၁၀ နှင့် ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော စိတ် ၇၅၊ စေတသိက် ၅၂ ဟူသော နာမ်ခန္ဓာ လေးပါး ဖြစ်သည်။

စိတ္တသမုဋ္ဌာနာနံ ရူပါနံစိတ်ကြောင့် ဖြစ်သော ရုပ်ကို အချို့ဆရာတို့က စိတ္တဇရုပ် တစ်မျိုးတည်းကိုသာ ကောက်ယူကြသည်။ ပဋိသန္ဓေနောက် ပထမဘဝင်၏ ဥပါဒ်ခဏမှ အစပြု၍ စိတ်တို့၏ ဥပါဒ်ခဏတိုင်း၊ ဥပါဒ်ခဏတိုင်းမှာ (ပဝတ္တိအခါတွင်) စိတ်ကြောင့် စိတ်နှင့် အတူတကွ တစ်ပြိုင်နက်ဖြစ်သော ရုပ်သည် စိတ္တဇရုပ် ဖြစ်ကြောင်း စာမျက်နှာ (     ) တွင် ပြခဲ့ပြီ။

ဆိုခဲ့သည့်အတိုင်း စိတ္တဇရုပ်သည် စိတ်ကြောင့် စိတ်နှင့်အတူ တစ်ပြိုင်နက် ဖြစ်လာသော ရုပ်ဖြစ်ခြင်းကြောင့် စိတ္တစေသသိကာ

ဓမ္မာ (နာမ်ခန္ဓာ လေးပါး) သည် စတ္တသမုဋ္ဌာနာခံ ရူပါနံ (စိတ္တဇ ရုပ်) အား သဲဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ဤသို့ စိတ္တဇရုပ်ကို ကျေးဇူးပြုသည်မှာ ပဝတ္တိအခါမှာ ဖြစ် သောကြောင့် ပဋိသန္ဓေအခါမှာရော နာမ်က ရုပ်ကို ကျေးဇူးမပြုဘူး လားဟု မေးစရာ ရှိနေသည်။ ဤအမေးကို အောက်ပါအတိုင်း ဖြေ ဆိုကြသည်။

၁။ ဤစာပိုဒ်တွင် ပစ္စည်းတရားသည် (စိတ္တစေတသိက ဓမ္မာ) နာမ် တရား ဖြစ်သည်။ ပစ္စယုပ္ပန်တရားသည် (စိတ္တသမုဋ္ဌာနာခံ ရူပါနံ) ရုပ်တရား ဖြစ်သည်။ နာမ်နှင့် ရုပ် နှစ်ပါးလုံး ပါသဖြင့် ပဋ္ဌဝေါ ကာရဘုံနှင့်သာ ဆိုင်သည်။ ယင်း ပဋ္ဌဝေါကာရဘုံတွင် ပဋိသန္ဓေ ခဏ၌ ပဋိသန္ဓေကမ္မဇရုပ်သည် အတူတကွ တစ်ပြိုင်နက် ဖြစ်ကြ သည်။

၂။ ပဥ္စာဝါရတွင် "ပဋိသန္ဓေ ဝိပါက်စိတ်တို့သည် ပဋိသန္ဓေကမ္မဇ ရုပ်ကို ဖြစ်စေသည်"ဟု ဟောကြားချက်လည်း ရှိသည်။

ထို့ကြောင့် ပဋိသန္ဓစိတ်သည် ပဋိသန္ဓေကမ္မဇရုပ်အား ဖြစ် ပေါ်ဖြစ်ဖက် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုနိုင်သည်။

သို့ဖြစ်၍ "ရူပါနံ"ကို စိတ္တဇရုပ်သာမက ပဋိသန္ဓေကမ္မဇရုပ် ကိုပါ ကောက်ယူသင့်သည်ဟု အချို့ဆရာတို့က ယူဆကြသည်။ ဤအယူအဆအတိုင်း နိဿယတွင် "ရူပါနံ"ကို စိတ္တရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း (က) ပဝတ္တိအခါတွင် စိတ်တို့သည် စိတ္တဇရုပ်တို့အား မိမိတို့နှင့် အတူတကွ တစ်ပြိုင်နက် ဖြစ်စေခြင်း၊ (ခ) ပဋိသန္ဓေအခါတွင် ပဋိသန္ဓေစိတ်က ပဋိသန္ဓေ ကမ္မဇရုပ်ကို မိမိနှင့် အတူတကွ တစ်ပြိုင်နက် ဖြစ်စေခြင်းတို့ကြောင့်

ဤစေတနာစာပိုဒ်တွင် "စိတ်စေတသိက် ဖြစ်ကုန်သော နာခန္ဓာ တရား လေပါးသည် စိတ်ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်၊ ပဋိ သန္ဓေကမ္မဇရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်" ဟု ပြဆိုထားသည်။

## ပဥ္စမစာပိုဒ်

ဤစာပိုဒ်တွင် မဟာဘုတ်ရုပ်တို့က ဥပါဒါရုပ်တို့အား သဟ ဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

ရုပ် ၂၈–ပါးတွင် မဟာဘုတ် ၄–ပါးသည် အခြေခံ၊ အမာခံ ရုပ်များ ဖြစ်သည်။ ဥပါဒါန်ရုပ် ၂၄–ပါးသည်ကား မဟာဘုတ်ကို အမှီပြု၍ အခြေခံ၍ ဖြစ်ကြရသည်။ မဟာဘုတ်လေးပါးကို မမှီဘဲ မိမိတို့ဘာသာ ဖြစ်နိုင်သော ရုပ်များ မဟုတ်ကြ။ ဥပမာပြရသော် မီးတောက်သည် မဟာဘုတ်ရုပ်နှင့် တူ၍ မီးရောင်သည် ဥပါဒါရုပ် နှင့် တူသည်။ မီးရောင်တို့သည် မီးတောက်နှင့် ကင်း၍ မဖြစ်နိုင်။ မီးတောက်ကိုသာ စွဲ၍ ဖြစ်ကြရသည်။

ဤအတူ မဟာဘုတ်ကို အမှီပြု၍ ဥပါဒါရုပ်တို့ ဖြစ်ပေါ်လာ ကြရ၏။ ဤသို့ ဖြစ်ကြရာတွင် မဟာဘုတ်နှင့် ဥပါဒါရုပ်တို့သည် အတူတကွ တစ်ပြိုင်နက် ဖြစ်ကြသည်။ ထို့ကြောင့် ဤစာပိုဒ်တွင် မဟာဘုတ်ရုပ်က ဥပါဒါရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူး ပြုသည်ဟု ပြဆိုထားသည်။

မဟာဘုတ်ရုပ်တို့ကို အမှီပြု၍ ဥပါဒါရုပ်တို့ ဖြစ်ကြရာတွင် မဟာဘုတ်လေးပါးသည် တစ်ပေါင်းတည်း ဖြစ်၍ ဥပါဒါရုပ် ၂၄ ပါးသည် ၂၄ ပါးလုံး တစ်ပေါင်းတည်းအနေဖြင့် မှီနေခြင်း မဟုတ် ပေ။ ဥပါဒါရုပ် ၂၄–ပါးထဲက အနည်းဆုံး လေးခု၊ အများဆုံး ၁၃ ခုသာ တစ်ပေါင်းတည်း မှီနေခြင်း ဖြစ်သည်။

ဤသို့ မဟာဘုတ်လေးပါးကို သက်ဆိုင်ရာ ဥပါဒါရုပ်တို့က အမှီပြု၍ ဖွဲ့စည်းနေသော ရုပ်အစုကို ရုပ်ကလာပ်ဟု ခေါ်သည်။ အဘိဓမ္မတ္ထသင်္ဂဟတွင် ရုပ်ကလာပ်ပေါင်း ၂၁–ခု ရှိသည်ဟု ပြဆိုထားသည်။

မဟာဘုတ်တို့က ဥပါဒါရုပ်တို့အား ကျေးဇူးပြုသည်ဟု ဆိုရာတွင် မဟာဘုတ်နှင့် ဥပါဒါရုပ်တို့သည် တစ်ကလာပ်တည်းမှာ ရှိမှသာ ကျေးဇူးပြုနိုင်သည်။ ကလာပ်ကွဲပြားနေလျှင် ကျေးဇူးမပြုနိုင်။

ဆဋ္ဌမစာပိုဒ်

ဩက္ကန္တိက္ခဏေ (ပဋိသန္ဓေ ခဏ၌) ဟု အစရှိသော တတိယစာပိုဒ်ရှိ ဒေသနာတော်ကို ကြားနာရသော တရားနာ နတ်ဗြဟ္မာတို့အနက် အချို့မှာ ဤသို့ ပဋိသန္ဓေခဏ၌ နာမ်နှင့် ရုပ်သည် အပြန်အလှန် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည် ဟူသော ဟောတော်မူခြင်းသည် ပဝတ္တိအခါ၌ နာမ်နှင့် ရုပ်သည် အပြန်အလှန် သဟဇာတသတ္တိဖြင့် ကျေးဇူးမပြုဟု ဟောတော်မူရာ ရောက်သည် မဟုတ်လောဟု စောဒကတက်စရာ ရှိနေပေသည်။

ဤသို့ စောဒကတက်စရာ ရှိနေလိမ့်မည်ဟု သိတော်မူသဖြင့် ယင်းပြဿနာကို တရားနာပုဂ္ဂိုလ်တို့ ကိုယ်တိုင်ပင် ဖြေရှင်းနိုင်ကြစေရန် ဗုဒ္ဓရှင်တော်မြတ်သည် ရူပိနော ဓမ္မာ (ရုပ်ဖြစ်ကုန်သော တရားတို့သည်) ဟု အစရှိသော ဤနောက်ဆုံး စာပိုဒ်ပါ ဒေသနာတော်ကို ဟောတော်မူခြင်း ဖြစ်သည်။

ရှင်းပါဦးမည်။ ပဋိသန္ဓေခဏ၌ နာမ်နှင့် ရုပ်တို့ သဟဇာတသတ္တိဖြင့် အပြန်အလှန် ကျေးဇူးပြုသည်ဟု ဆိုခြင်း မှာ ပဝတ္တိအခါ၌ နာမ်နှင့် ရုပ်တို့သည် အပြန်အလှန် ကျေးဇူးမပြုဟု ဆိုရာ ရောက်နိုင်ပါသည်။ သို့သော် ဤသို့ နာမ်နှင့် ရုပ်တို့ အပြန်အလှန် ကျေးဇူး

မပြုဟု ဆိုသော စကားမှာ အပြန်အလှန်မဟုတ်ဘဲ တစ်ခုက တစ်ခုကိုတော့ ကျေးဇူးပြုသည် ဟူသော အဓိပ္ပာယ်မျိုးကို ရနိုင်သည်သာ ဖြစ်သည်။

ဆိုလိုသည်မှာ ပဝတ္တိအခါ နာမ်နှင့် ရုပ် အပြန်အလှန် ကျေးဇူးမပြုသည်ကား မှန်ပါ၏။ သို့သော် နာမ်က ရုပ်ကိုသော်လည်းကောင်း၊ ရုပ်က နာမ်ကိုသော်လည်းကောင်း (နှစ်ခုတွင် တစ်ခုခုက) ကျေးဇူးပြုသည် ဟူသော အဓိပ္ပာယ်သို့ သက်ရောက်နိုင်သည်။

သို့ဖြစ်၍ တတိယစာပိုဒ် ပဋိသန္ဓေခဏ၌ နာမ်ကို ကျေးဇူးပြုသည်ဟု ဟောကြားခဲ့ခြင်းကြောင့် ပဝတ္တိအခါ၌ ရုပ်နာမ်တို့ ကျေးဇူးမပြုကြောင်းကို တရားနာတို့ သဘောပေါက် နားလည်နိုင်ကြပေလိမ့်မည်။

ဤသို့ နားလည်နိုင်ကြသည့်အတိုင်း နိဿယ ဤဆဋ္ဌမစာပိုဒ်ကို "ရူပိနော = ရုပ်ဖြစ်ကုန်သော၊ ဓမ္မာ = ဟဒယဝတ္ထု (ရုပ်) တို့သည်၊ အရူပိနံ = နာမ်ဖြစ်ကုန်သော၊ ဓမ္မာနံ = ပဉ္စဝေါကာရ ပဋိသန္ဓေနာမ်ခန္ဓာတို့အား၊ ကိဉ္စိကာလေ = ပဋိသန္ဓေခဏ၌၊ သဟဇာတပစ္စယေန ပစ္စယော သဟဇာတပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။ ကိဉ္စိကာလေ = ပဝတ္တိအခါ၌၊ နသဟဇာတပစ္စယေန ပစ္စယော = သဟဇာတသတ္တိဖြင့် ကျေးဇူးမပြုဟု မြန်မာပြန်ထားသည်။

## သဟဇာတပစ္စည်း ပစ္စယုပ္ပန်

အောက်ပါ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပုံတို့မှ သဟဇာတပစ္စည်းနှင့် ပစ္စယုပ္ပန်တို့ကို ကောက်ယူနိုင်သည်။

၁။ **နာမ်ခန္ဓာလေးပါး။** နာမ်ခန္ဓာလေးပါးသည် အချင်းချင်းအားလည်းကောင်း၊ စိတ္တဇရုပ်အားလည်းကောင်း၊ ပဋိသန္ဓေ ကမ္မဇရုပ်အားလည်းကောင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

၂။ **မဟာဘုတ်လေးပါး။** မဟာဘုတ် လေးပါးသည် အချင်းချင်းအားဖြင့်လည်းကောင်း၊ ဥပါဒါရုပ်တို့အားလည်းကောင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ပဋိသန္ဓေကာလ၌ ပဋိသန္ဓေနာမ်ခန္ဓာနှင့်ဟဒယဝတ္ထုရုပ်၊ ဤနှစ်ခုသည် အချင်းချင်း သဟဇာတသတ္တိဖြင့်ကျေးဇူးပြုသည်။

နာမ်ခန္ဓာလေးပါးက စိတ္တဇရုပ်နှင့် ပဋိသန္ဓေ ကမ္မဇရုပ်ကိုကျေးဇူးပြုရာ၌ အရူပဝိပါက် ၄-ခု၊ ဒွေးပဉ္စဝိညာဏ် (၁၀) နှင့်ရဟန္တာတို့၏ စုတိစိတ် ကြဉ်သော စိတ် ၇၅၊ စေတသိက် ၅၂တည်းဟူသော ပဝတ္တိပဋိသန္ဓေနာမ် လေးပါးကို ဆိုလိုသည်။

## ပြန်လည်သုံးသပ်ချက်

အချို့သော ရုပ်တရား၊ နာမ်တရားတို့သည် သဟဇာတပစ္စည်းတရားလည်း ဖြစ်သည်။ သဟဇာတပစ္စယုပ္ပန်လည်း ဖြစ်သည်။

အချို့သော ရုပ်တရား၊ နာမ်တရားတို့မှာကား သဟဇာတပစ္စည်းတရားသာ ဖြစ်ပြီး ပစ္စယုပ္ပန်တရား မဖြစ်ပေ။

သဟဇာတပစ္စည်း စာပိုဒ် ၅-ပိုဒ်ကို ပြန်လည် သုံးသပ်၍ယင်း တရားတို့ကို ရွေးချယ်ကြည့်ပါ။

# အခန်း (၉)

## အညမညပစ္စည်း

'အညမည'ဟူသော ပါဠိစကားသည် 'အချင်းချင်း အပြန်အလှန်'ဟူသော အဓိပ္ပာယ်ရသည်။ 'အင်ညမင်ည'ဟု ရွတ်ဆိုမှသာ ယင်းအဓိပ္ပာယ် ရနိုင်သည်။ ယင်းအဓိပ္ပာယ်အရ အညမညပစ္စည်းဆိုသည်မှာ အချင်းချင်း ကျေးဇူးပြုတတ်သော တရား၊ အပြန်အလှန် ကျေးဇူးပြုတတ်သော တရား ဖြစ်သည်။ ဤနေရာ၌ 'ကျေးဇူးပြု' ဟူသော စကားသည် ထောက်ပံ့ခြင်း၊ ကူညီခြင်းသဘော ဖြစ်သည်။

သူက ကျေးဇူးပြုသဖြင့် ကိုယ်က ပြန်၍ ကျေးဇူးပြုသည်။ ကိုယ်က ကျေးဇူးပြုသဖြင့် သူက ပြန်၍ ကျေးဇူးပြုသည်။ ဤသို့ နှစ်ဦးနှစ်ဖက်လုံး အပြန်အလှန် ကျေးဇူးပြုခြင်းသည် အညမညသဘော တရား ဖြစ်သည်။ အမိနှင့် အဘတို့ တစ်ဦးကိုတစ်ဦး ကျေးဇူးပြုခြင်းသည် အညမညသဘောတရား ဖြစ်သည်။

အညမညပစ္စည်း၏ သဘောတရားကို ထင်ရှားအောင် အောက်ပါအတိုင်း ဥပမာတို့ကို ပြကြသည်။

ခြေထောက် သုံးချောင်း တပ်ထားသော ခွေးခြေ (ခုံကလေး) တွင် ခြေထောက်သုံးချောင်းသည် အချင်းချင်းကို အမှီပြုနေရသောကြောင့် ထိုခွေးခြေသည် မယိုင်မလဲနိုင်။ အကယ်၍ ခြေတစ်ချောင်း ကျိုးသွားပါက ခြေနှစ်ချောင်းဖြင့် ရပ်တည်ခြင်းငှာ မစွမ်းနိုင်။ ယိုင်လဲမည်သာ ဖြစ်သည်။

အခြားဥပမာတစ်ခုမှာ အချင်းချင်းကို မှီ၍ စိုက်ထောင်ထားသော တုတ်သုံးချောင်းသည် အချင်းချင်းကို မှီရာ အချင်းချင်း၏ မှီရာလည်း ဖြစ်လျက် မယိုင်လဲဘဲ နေသည်။ အကယ်၍ တစ်ချောင်းလဲလျှင် ကျန်နှစ်ချောင်းဖြင့် မရပ်တည်နိုင်။ ယိုင်လဲမည်သာ ဖြစ်သည်။ သုံးချောင်းလုံး ရှိမှသာ မယိုင်မလဲ ရပ်တည်နိုင်သည်။

ထို့ကြောင့် အညမည၏ သဘောတရားမှာ 'အချင်းချင်းကို မှီ၍ အချင်းချင်း၏ မှီရာလည်းဖြစ်သော သဘောတရား ဖြစ်သည်။ သို့ဖြစ်၍ အချင်းချင်းကို မှီ၍ တည်တံ့ခိုင်မြဲအောင် ကျေးဇူးပြုခြင်းသည် အညမညပစ္စည်' မည်၏ ဟူ၍ အညမညပစ္စည်း၏ အဓိပ္ပာယ်ကို နားလည်အောင် အထက်ပါ ဥပမာတို့ဖြင့် ပြဆိုနိုင်သည်။

## အညမည ပစ္စယ သတ္တိ

ခြေထောက် သုံးချောင်းရှိသော ခုံ၌ ခြေထောက် သုံးချောင်းသည် အချင်းချင်းကိုမှီကာ အချင်းချင်း၏ မှီရာလည်း ဖြစ်လျက် ကျေးဇူးပြုသကဲ့သို့ (အထောက်အပံ့ပြုသကဲ့သို့) အတူတကွ ဖြစ်ဖက်တရားတို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုသကဲ့သို့ အချင်းချင်းက ကျေးဇူးပြုနိုင်သော သတ္တိထူးကို အညမည ပစ္စယသတ္တိဟု ခေါ်သည်။

## ကြောင်းကျိုး ဆက်စပ်ပုံ

ဤပစ္စည်း ပထမစာပိုဒ်တွင် နာမ်ခန္ဓာလေးပါးသည် အချင်းချင်း အပြန်အလှန် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ကို ရှင်းလင်းတင်ပြခဲ့ပြီ။ ဤရှင်းလင်းချက်တွင် အချင်းချင်း ကျေးဇူးပြုပုံလည်း ပါဝင်သွားပြီး ဖြစ်သည်။ ထို့ကြောင့် ပထမစာပိုဒ်တွင် ပါသော နာမ်ခန္ဓာလေးပါးတို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုပုံကို ထပ်မံ ရှင်းပြရန် မလိုတော့ပါ။

ဤအတူ မဟာဘုတ်လေးပါး အညမညသတ္တိဖြင့် ကျေးဇူးပြုပုံသည် သဟဇာတ ဒုတိယ စာပိုဒ် ရှင်းလင်းချက်တွင်လည်းကောင်း၊ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယဝတ္ထု ရုပ်တို့ အပြန်အလှန် ကျေးဇူးပြုပုံလည်း သဟဇာတပစ္စည်း တတိယစာပိုဒ် ရှင်းလင်းချက်တွင်လည်းကောင်း ပါဝင်သွားပြီဖြစ်၍ ဤအညမညပစ္စည်း ဒုတိယနှင့် တတိယစာပိုဒ်ကို ရှင်းပြရန် မလိုတော့ပါ။

### အညမည ပစ္စည်း ပစ္စယုပ္ပန်

၁။ နာမ်ခန္ဓာ လေးပါးသည် အချင်းချင်း၊

၂။ မဟာဘုတ်လေးပါးသည် အချင်းချင်း၊

၃။ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယဝတ္ထု ရုပ်သည် အချင်းချင်း အညမည သတ္တိဖြင့် ကျေးဇူးပြုသည်။ ဤကျေးဇူးပြုပုံတို့မှ အညမညပစ္စည်း ပစ္စယုပ္ပန်ကို ကောက်ယူနိုင်သည်။

အထက်ပါ စကားအရ အတူတကွဖြစ်၍ ကျေးဇူးပြုသော တရား (သဟဇာတပစ္စည်း တရား) သုံးခုတို့သည် အပြန်အလှန် ကျေးဇူးပြုသော တရား၊ (အညမညပစ္စည်း တရား) ဖြစ်နေသည်။ သို့ရာတွင် အခြားသော သဟဇာတပစ္စည်း တရားတို့မှာ အညမည ပစ္စည်းတရားများ မဟုတ်ပေ။ ထို့ကြောင့် သဟဇာတပစ္စည်းတရား ဖြစ်တိုင်း အညမညတရား မဟုတ်ကြဟု မှတ်ရမည်။

# အခန်း (၉)
# နိဿယပစ္စည်း

"နိဿယ"ဟူသော စကားသည်ကို ကျွန်ုပ်တို့သည်ကလေးဘဝ ငယ်ရွယ်စဉ်အခါကပင်ကြားဖူးနားဝရှိခဲ့သည်။ ယင်း "နိဿယ" သည်ကား မင်္ဂလသုတ်နိဿယ ပရိတ်ကြီး နိဿယ၊ ဓမ္မစကြာနိဿယ စသည့်စကားတို့တွင် ပါသော "နိဿယ" ဖြစ်သည်။ ယင်း "နိဿယ" သည် ဤ "နိဿယ"နှင့် စကားလုံးချင်းတူသော်လည်း အဓိပ္ပာယ်မှာ မတူကြပါ။

မင်္ဂလာသုတ်နိဿယစသည်တို့တွင်ပါသော "နိဿယ"သည် ပါဠိဣယစာပေကျမ်းဂန် တစ်ခုခုကို စကားလုံးစီ တစ်လုံးစီ မြန်မာပြန်ထားခြင်းဖြစ်သည်။ "နိဿယပစ္စည်း" ဟူသောစကားတွင်ပါသည့် "နိဿယ"သည်ကား "မှီရာတည်ရာ" ဟုအဓိပ္ပာယ်ရှိသည်။ အမှီ၊ အမှီသဟဲ၊ အမှီတံကဲ ဟူသောစကားတို့နှင့် အဓိပ္ပာယ်တူဖြစ်သည်။

### နိဿယပစ္စည်းအဖွင့်

ပြဆိုခဲ့ပြီးသော နိဿယ၏အဓိပ္ပာယ်အရ နိဿယပစ္စည်းဆိုသည်မှာ မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသောတရား၊ မှီရာတည်ရာဖြစ်၍ ကျေးဇူးပြုသောတရားဖြစ်သည်။

## နိဿယသဘောတရား

နိဿယ မှီရာ၊ တည်ရာ ဟူသောသကား၏ သဘောတရားကို ထုတ်ဖော်ယူနိုင်အောင် ဥပမာများတင်ပြပါမည်။

သစ်ပင်တို့သည် မြေကြီးပေါ်တွင် တည်နေ၍ မြေကြီးကို အမှီပြုနေရသည်။ ထိုမြေကြီးသည် သစ်ပင်တို့၏ တည်ရာမှီရာဖြစ်သည်။ ဤသို့ဖြစ်သည်ကိုပင် မြေကြီးက သစ်ပင်အားမှီရာတည်ရာ အဖြစ်ဖြင့် ကျေးဇူးပြုသည် ဟုဆိုရသည်။

လူတစ်ယောက်သည် လှေဖြင့်ကမ်းတစ်ဖက်သို့လှော်ခတ်သွားရာ ထိုလူသည် လှေကိုအမှီပြု၍ ကမ်းတစ်ဖက်သို့ရောက်ရ၏။ ထို့ကြောင့် လှေသည် ကမ်းတစ်ဖက်သို့ရောက်လိုသော လူ၏မှီရာ (မှီခိုအားထားရာ) ဖြစ်သည်။ လှေသည် လူအားမှီရာအဖြစ်ဖြင့် ကျေးဇူးပြုသည်။ တစ်ဖန်လှေသည်လည်း လူကိုအမှီပြု၍ ကမ်းတစ်ဖက်သို့ရောက်ရသည်။ ထို့ကြောင့်လူသည် လှေ၏မှီရာ (မှီခိုရာအားထားရာ) ဖြစ်သည်။ လူသည် လှေအားမှီရာအဖြစ်ဖြင့် ကျေးဇူးပြုသည်။ ဤသို့ဖြစ်နေကြသောကြောင့် ထိုလူနှင့် လှေသည်အချင်းချင်း အပြန်အလှန်မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသည်။

အထက်ပါ စကားရပ်တို့မှာ နိဿယ–မှီရာ ဟူသောစကား၏ သဘောတရားကို အောက်ပါအတိုင်း မှတ်ယူနိုင်သည်။

မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသည်ဟုဆိုရာ၌ ကျေးဇူးပြုသူ (ပစ္စည်းတရား) သည် "အမှီခံ" ဖြစ်၍ ကျေးဇူးအပြုခံရသူ (ပစ္စယုပ္ပန်တရား) သည် "မှီသူ" ဖြစ်သည်။ "မှီသည်"ဆိုသည်မှာ အကြောင်းအကျိုး အနေဖြင့် မှီခြင်းမျိုးဖြစ်သည်။ ရုပ်ဝတ္ထုပစ္စည်းများ မှီသကဲ့သို့ တစ်ခုပေါ်တစ်ခုတပ်ပြီ ကပ်ပြီး ငြိတွယ်ပြီး မှီသောအမှီမျိုး မဟုတ်။ သားသမီးက မိဘကိုမှီသကဲ့သို့ တပည့်ကဆရာကို မှီသကဲ့သို့မှီသော အမှီမျိုးဖြစ်သည်။ နိဿယပစ္စည်း၏ အဓိပ္ပာယ်ကို စာမျက်နှာ

(  )တွင် ပြဆိုခဲ့ပြီး။ ယခုပရမက်တရား အနေဖြင့်ပြဆိုပါဦးမည်။

အထက်တွင် ပြဆိုခဲ့သော နိဿယ (မှီရာ) ဟူသောတရားနှင့် အညီအချို့သော ရုပ်နာမ် (ပစ္စည်းတရား) တို့သည် သက်ဆိုင်ရာ ရုပ်နာမ် (ပစ္စုပ္ပန်တရား) တို့အား မှီရာ(နိဿယ) အဖြစ်ဖြင့် ကျေးဇူး ပြုသည် ကိုနိဿယပစ္စည်းဟူ၍ ခေါ်ဆိုရသည်။

**နိဿယပစ္စယသတ္တိ**

မြေကြီးသည် သစ်ပင်တို့အားတည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသ ကဲ့သို့လည်းကောင်း၊ ပုံဆွဲဖိုရာ ပြုလုပ်ထားသော ကားဘောင်အဝတ် သည် ပန်းချီဆေးရေးအရုပ်အားမှီရာ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ လည်းကောင်း ပစ္စယုပ္ပန်တရားတို့အားတည်ရာ (အဓိဋ္ဌာန နိကာရ) မှီရာ (နိဿယကာရ) အားဖြင့် ကျေးဇူးပြုစွမ်းနိုင်သော သတ္တိထူးသည် နိဿယပစ္စယသတ္တိဖြစ်သည်။

(ဤ၌တည်ရာ (အဓိဋ္ဌာနာကာရ) အားဖြင့် ကျေးဇူးပြုဟုသော စကားဖြင့်တည်ရာ သဘောရှိသော ပထဝီဓာတ်နှင့် စက္ခုဝတ္ထုစသော ဝတ္ထုရုပ် ၆–ပါး ကို ရည်ရွယ်သည်။ မှီရာ (နိဿယကာရ) အားဖြင့် ကျေးဇူးပြုဟူသော စကားဖြင့် ပထဝီမှတစ်ပါးကျန်မဟာဘုတ် ၃–ပါး နှင့်စိတ်၊ စေတသိက် ဟူသောနာမ်ခန္ဓာကို ရည်ရွယ်သည်။)

**ကြောင်းကျိုးဆက်စပ်ပုံ**

ပထမစာပိုဒ် (၅)ပိုဒ် ဤစာပိုဒ်တို့တွင်–

၁။ နာမ်ခန္ဓာလေးပါးသည် အချင်းချင်း၊

၂။ မဟာဘုတ်လေးပါးသည် အချင်းချင်း၊

၃။ ပဋိသန္ဓေခဏပဋိသန္ဓေနာမ်ခန္ဓနှင့် ဟဒယဝတ္ထုရုပ်သည် အချင်းချင်း

၄။ စိတ်၊ စေတသိက် နာမ်တရားတို့သည် စိတ်ကြောင့်ဖြစ်သော ရုပ် တရားတို့အား၊

၅။ မဟာဘုတ် တို့သည် ဥပါဒါရုပ်တို့အား မှီရာတည်ရာအဖြစ်

(နိဿယပစ္စယသတ္တိ) ဖြင့်ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။ ယင်းပြဆိုချက်ကို ရှင်းလင်းတင်ပြပါမည်။

သဟဇာတပစ္စည်း ပထမစာပိုဒ်ရှင်းလင်းချက်တွင် "နာမ်ခန္ဓာလေးပါးသည် ဓမ္မတာအတိုင်း တစ်ပြိုင်နက် အတူအကွ ဖြစ်ကြသည်ကို တင်ပြခဲ့ပြီ။ ဤသို့နာမ်ခန္ဓာလေးပါး အတူတူဖြစ်ကြရသောကြောင့် နာမ်ခန္ဓာသုံးပါးသည် မလွဲမသွေ ဧကန်မုချဖြစ်လာကြရသည်။ နာမ်ခန္ဓာတစ်ပါးပါးနှင့် ကင်းပြီးကျန်နာမ်ခန္ဓာသုံးပါးတို့မဖြစ်ပေါ်လာနိုင်။ နာမ်ခန္ဓာသုံးပါးဖြစ်ဖို့ရန် နာမ်ခန္ဓာတစ်ပါး အမှီပြုနေရမည်။ ဤသည်ကိုပင် နာမ်ခန္ဓာတစ်ပါးက ကျန်နာမ်ခန္ဓာ သုံးပါးကို မှီရာအဖြစ် (နိဿယပစ္စယသတ္တိ) ဖြင့် ကျေးဇူးပြုသည်ဟု ဆိုရမည်။

ဤအတူ နာမ်ခန္ဓာနှစ်ပါးသည် ကျန်နာမ်ခန္ဓာနှစ်ပါးကိုလည်းကောင်း၊ နာမ်ခန္ဓာသုံးပါးသည် ကျန်နာမ်ခန္ဓာတစ်ပါးကို လည်းကောင်း မှီရာအဖြစ် (နိဿယ)ဖြင့် ကျေးဇူးပြုသည်ကို နားလည်နိုင်ပါသည်။

ထို့ကြောင့် ပထမစာပိုဒ်တွင် နာမ်ခန္ဓာလေးပါးသည် အချင်းချင်း မှီရာအဖြစ် (နိဿယသတ္တိ) ဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

ဤအတူပင် ဤပစ္စည်း နောက်စာပိုဒ်လေးပိုဒ်ကိုလည်း သဘောပေါက်နားလည်နိုင်ပါသည်။ ရှင်းပြရန်မလိုပါ။

**သဟဇာတနိဿယ**

သဟဇာတပစ္စည်း စာပိုဒ် (၅) ပိုဒ်နှင့် ဤနိဿယပစ္စည်း ပထမစာပိုဒ် (၅)ပိုဒ်ကို ယှဉ်ကြည့်လျှင် ပစ္စယသတ္တိသာကွဲလွဲ၍ ပစ္စည်း အချင်းချင်း၊ ပစ္စုပ္ပန်တရားအချင်းချင်း တူနေသည်ကို တွေ့ရပါသည်။

ဤသို့တူနေသဖြင့် ဤနိဿယပစ္စည်းငါးပိုဒ်၌ ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့သည် တစ်ပြိုင်နက် အတူတကွဖြစ်နေကြသည်။ (ဝါ) သဟဇာတဖြစ်နေကြသည် ဟုသိနိုင်၍ ဤနိဿယပစ္စည်း

ပထမစာပိုဒ် (၅) ပိုဒ်ကို သဟဇာတ ဖြစ်နေကြသည်ဟု သိနိုင်၍ ဤနိဿယပစ္စည်း ပထမစာပိုဒ် (၅) ပိုဒ်ကို သဟဇာတနိဿယပစ္စည်း ဟုခေါ်သည်။

**(က) သဟဇာတနိဿယပစ္စည်းနှင့် ပစ္စုပ္ပန်။**

သဟဇာတနိဿယပစ္စည်း၏ ပစ္စည်းတရားနှင့် ပစ္စုပ္ပန်တရား တို့သည် သဟဇာတနှင့် တူသည်။

## ဒုတိယစာပိုဒ် (၅) ပိုဒ်

စာပိုဒ် (၆) တွင် စက္ခုပသာဒရုပ်က စက္ခုဝိညာဏဓာတ်အား
စာပိုဒ် (၇) တွင် - သောတ " " သောတ "
စာပိုဒ် (၈) တွင် - သောတ " " သောတ "
စာပိုဒ် (၉) တွင် - သောတ " " သောတ "

စာပိုဒ် (၁၀) တွင် ကာယပသာဒရုပ်က ကာယဝိညာဏ ဓာတ်အား မှီရာတည်ရာ နိဿယပစ္စသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။ ယင်းငါးချက်ကို ပေါင်း၍ ရှင်းပြပါမည်။

စာမျက်နှာ ( )တွင် ပြခဲ့သော ပဉ္စဒွါရာဝဇ္ဇန်းဝီတိတွင် ပြ ထား၏ချက်အရ ရူပါရုံစသော အာရုံငါးပါးအသီးသီးသည် စက္ခုပသာဒ ရုပ် စသောပသာဒရုပ်ငါးပါး အသီးသီးနှင့် (သက်ဆိုင်သလို) ရှေးရှု အတူဥပါဒ်သည်ကစ၍ ဘဝသုံးကြိမ်အလွန်တွင် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်လာသည်။ ထို့နောက် စက္ခုဝိညာဏ်စသော ဝိညာဏ်ငါးပါးအသီးသီး သည် သက်ဆိုင်သလိုဖြစ်လာသည်။

ရူပါရုံစသော အာရုံငါးပါး မရှိပါက ဤကဲ့သို့ဖြစ်ပေါ်လာမည် မဟုတ်။

ဤသို့အာရုံငါးပါးအသီးသီးနှင့် ဒွါရငါးခု အသီးသီးတို့ သက် ဆိုင်သလို တိုက်ဆိုင်မိသောအခါ ဝီထိစိတ်အသီးသီးတို့ ဖြစ်ပေါ်လာ

ကြသည်။ ထို့ကြောင့် စက္ခုပသာဒရုပ်စသည်တို့က စက္ခုဝိညာဏ် စသည်တို့ကို မှီရာတည်ရာ နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် ဟူ၍ ဒုတိယစာပိုဒ် (၅)ပုဒ် တွင်ပြဆိုထားသည်။

**ဝတ္ထုရုပ်**

စက္ခုပသာဒ စသောပသာဒရုပ် ၅-ခုသည် ဝတ္ထုရုပ်များဖြစ်၍ ဝတ္ထုရုပ် (၆) ပါးတွင် ပါဝင်သည်။ ကျန်သော ဝတ္ထုရုပ်မှာ ဟဒယဝတ္ထု ရုပ်မှာ ဟဒယဝတ္ထု ဖြစ်သည်။ အခန်း (၂) တွင် ပြန်ကြည့်ပါ။ ယင်းဟဒယဝတ္ထုရုပ်သည်လည်း စိတ်စေတသိက်တို့၏ မှီရာ ပင်ဖြစ်သည်။ ထိုစာပိုဒ် (၈) တွင် ပြဆိုထားသည်။

**စာပိုဒ် (၁၁)**

**ယံရူပံ**

ပဋ္ဌာန်းပါဠိတော်တွင် ပါသော "ယံရူပ နိဿယ မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ" ဟူသော ဝါကျတွင် "ယံရူပံ (အကြင်ရုပ်) ဟူသည်မှာ ဟဒယဝတ္ထုရုပ် ဖြစ်သည်ဟုအများ ကယူဆကြသည့်အတိုင်း ဤနိဿယတွင် "ယံရူပံ"ကို "အကြင်ဟဒယ ရုပ်ဝတ္ထု" ဟု မြန်မာ ပြန်ဆိုထားသည်။ ဤစာပိုဒ် (၁၁) တွင် "ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ အနောဓာတ်နှင့် မနောဝိညာဏဓာတ် ဖြစ်ပေါ်လာကြသည်ဟု ပြဆိုထား၏။ ဤပြဆိုချက်ကို ရှင်းပြပါမည်။

ပဋိသန္ဓေစိတ်သည် ပဋိသန္ဓေခဏ၌ ပဋိသန္ဓေစိတ် မဖြစ်မီ ရှေးကဖြစ်သော ဟဒယဝတ္ထုရုပ်မရှိခြင်းကြောင့် မိမိဟုဆိုအပ်သော ပဋိသန္ဓေစိတ်နှင့် အတူတကွဖြစ်သော (ဥပါဒ်သော) ဟဒယဝတ္ထုရုပ်ကို သာလျှင် အမှီပြု၍ဖြစ်သည်။

ပဋိသန္ဓေနောက် ပထမဘဝင်စိတ်သည်ကား ပဋိသန္ဓေစိတ်နှင့် အတူတကွ ဖြစ်သောဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်၏။ ဒုတိယဘဝင်စိတ်နှင့် ပထမဘဝင်စိတ်နှင့် အတူတကွဖြစ်သော ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်။

တတိယဘဝင်စိတ်သည် ဒုတိယဘဝင်စိတ်နှင့် အတူတကွဖြစ်သော ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်၏။ ဤသို့စသည်ဖြင့် ၁၆-ခုမြောက် ဘဝင်စိတ်သည် ၁၅-ခုမြောက်ဘဝင်စိတ်နှင့် အတူတကွဖြစ်သော ဟဒယဝတ္ထု ရုပ်ကိုမှီ၍ ဖြစ်၏။ ဤသို့မှီနေသည်ကို ရှေးရှေးသောစိတ်နှင့် အတူတကွဖြစ်သော (ဥပါဒ်သော) ဟဒယဝတ္ထုရုပ်ကိုမှီသည် ဟူ၍အကျဉ်းချုပ်ကာ ဆိုကြသည်။ "ရှေးရှေးသောစိတ်" ဟုမဆိုဘဲ "ရှေးအနန္တရစိတ်" ဟုလည်းဆိုနိုင်သည်။

အထက်ပါတင်ပြချက်တွင် ဟဒယဝတ္ထုရုပ်ကို အမှီပြုသောပဋိသန္ဓေစိတ်နှင့် ပထမဘဝကပင်စသော ဘဝင်စိတ် ၁၆-စိတ်သည် မနောဝိညာဏဓာတ်ဖြစ်သည်။

၁၆-ခု မြောက်ဘဝင်စိတ်နောက်တွင် အကြောင်းအားလျော်စွာ ထိုက်သင့်ရာ ဝီထိစိတ်တို့သည် တစ်လှည့်စီအဆက်မပြတ် ဖြစ်နေကြသည်။ ဝီထိစိတ်တို့အတွက် ပဉ္စဒွာရဝီထိ၊ အနောဒွါရဝီထိ တို့ဖြင့် ရှင်းပြပါမည်။

## ပဉ္စဒွါရဝီထိ

ပဉ္စဒွါရဝီတိစိတ် အဆင့်ဆင့်မှာ "ဘဝင်သုံးကြိမ်၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏဝုဋ္ဌော၊ ဇော (၇) ကြိမ်၊ တဒါရုံ (၂) ကြိမ်" ဖြစ်သည် ကိုသိခဲ့ပြီး။

ပဉ္စဝိညာဏ်မှကြွင်းသော ပဉ္စဒွါရာဝဇ္ဇန် ကစသောဝီထိစိတ် ဟူသမျှ သည် ရှေးရှေးသောစိတ် (ရှေ့အနန္တရစိတ်)နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ ဖြစ်လာသည်။ ဤဝီတိစိတ်တို့တွင် ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းတို့သည် မနောဓာတ်ဖြစ်၍ ကျန်စိတ်တို့မှာ မနောဝိညာဏဓာတ် ဖြစ်သည်။

အထက်ပါစကားရပ်အရပဉ္စဒွာရဝီတိတွင် နှင့် သိနောဓာတ်နှင့်

မနောဝိညာဏ်ဓာတ်သည် ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ရုပ်ကိုမှီ၍ ဖြစ်လာကြသည် ကိုသိရ၏။

## မနောဒွါရဝီထိ

ဓမ္မာရုံတစ်ခုခုသည် မနောဒွါရခေါ် ဘဝင်ကြည်၌ ထင်လာသော အခါဘဝင်လှုပ်ရှားသွားသည်။ ဤတွင် မနောဒွါရဝဇ္ဇန်း၊ ဇော၊ တဒါရုံဟူသောဝီထိ စိတ်တို့သည် ရှေးရှေးစိတ် (ရှေ့အနန္တရစိတ်) နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကိုသာ အမှီပြု၍ ဖြစ်ကြရသည်။ ဤ ဝီထိစိတ်အားလုံးသည် မနောဒွါရဝီထိတွင်လည်း အနောဝိညာဏ ဓာတ်သည် ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို ပင်မှီ၍ ဖြစ်လာရသည်။

ဤသို့ဟဒယဝတ္ထုရုပ်ကို မှီ၍ မနောဓာတ်နှင့် မနောဝိညာဏ ဓာတ်တို့ဖြစ်လာခြင်းတို့မှာ မရဏာသန္နအခါ (သေခါနီးသောအခါ) သို့တိုင်အောင်သာ ဖြစ်သည်။

## မရဏာသန္နအခါ၌မှီပုံ

မရဏာသန္နအခါ၌ကား ဝတ္ထုရုပ် ၆-ပါးသည် စုတိစိတ်မှ ပြန်၍ ရေတွက်သော် ၁၇-ခုမြောက်သောစိတ်၏ ဥပါဒ်ခဏ၌သာလျှင် ဖြစ် ကြကုန်၏။ ထို ၁၇-ခုမြောက်စိတ်၏ ဥပါဒ်ခဏမှ နောက်၌မဖြစ်ကြ ကုန်။ ထို့ကြောင့် မရဏာသန္နအခါ၌ ဘဝင်စိတ်၊ ဆန္ဒရိကစိတ်၊ စုတိစိတ်ဟူသမျှသည် မိမိတို့မဖြစ်မီရှေးအခါ၌ ဖြစ်ကုန်သော ထို ၁၇-ခုမြောက်စိတ်နှင့် ဥပါဒ်သည်သာဖြစ်ကုန်၏။ မိမိတို့၏ ဝတ္ထုတို့ ကိုမှီ၍ ဖြစ်ကြကုန်၏။ ဤဆိုပြီး စကားအရ မရဏာသန္နအခါ၌လည်း ယင်း ဟဒယဝတ္ထုရုပ်ကို သိနိုင်သည်။

အထက်ပါရှင်းပြချက်တို့အရ ပဋိသန္ဓေခဏမှစ၍ စုတိစိတ်ကျ သည့်တိုင်အောင် ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ မနောဓာတ်နှင့် မနော ဝိညာဏဓာတ်တို့ ဖြစ်လာကြသည်ကို သိနိုင်ပါသည်။

ထို့ကြောင့် ဤစာပိုဒ် (၁၁)တွင် ဟဒယဝတ္ထုရုပ်သည် မနော ဓာတ်နှင့် မနောဝိညာဏဓာတ်တို့အား မှီရာအဖြစ် နိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

## ပြန်လည်စုစည်းခြင်း

စာပိုဒ် (၆) မှ ၁၀–ထိ ရှင်းလင်းချက်တွင် စက္ခုပသာဒ (ဝတ္ထု) ရုပ်စသော ပသာဒဝတ္ထုရုပ်ငါးပါးက စက္ခုဝိညာဏဓာတ်စသော ဝိညာဏ ၅–ပါး ကိုမှီရာ နိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ကို ရှင်းပြခဲ့ပြီ။

ထို့ပြင်စာပိုဒ် ၁၁–၏ ရှင်းလင်းပြချက်တွင် ဟဒယဝတ္ထုက မနောဓာတ်နှင့် အနောဝိညာဏဓာတ်တို့ကိုမှီရာ နိဿယဖြင့်ကျေးဇူး ပြုကြောင်းကိုလည်း တင်ပြခဲ့ပြီ။

ဤ ရှင်းလင်းပြချက် နှစ်ရပ်ကို စုပေါင်းယူသော ဝတ္ထုရုပ် ၆–ပါးသည် ဝိညာဏဓာတ် (၇) ပါးအား နိဿယသတ္တိဖြင့် ကျေးဇူး ပြုသည် ဟူ၍ရနိုင်သည်။

## အရူပဝိပါက် ၄–ကို ကြဉ်

ဆိုခဲ့သည်အတိုင်း နိဿယသတ္တိဖြင့် ကျေးဇူးပြုရာတွင် ရုပ်နှင့် နာမ်နှစ်မျိုးလုံး ပါနေသဖြင့် ယင်းကျေးဇူးပြုပုံမှာ ပဉ္စဝေါကရဘုံနှင့် သာသက်ဆိုင်သည်။ အရူပဝိပါက်စိတ် ၄–ပါးသည် ရုပ်မရှိသော အရူပဗြဟ္မာဘုံ၌သာ ပဋိသန္ဓေ ဘဝင် စုတိ အဖြစ်ပြန် ဖြစ်သော စိတ်ဖြစ်သဖြင့် ပဉ္စဝေါကာရဘုံနှင့် မသက်ဆိုင်။ ထို့ကြောင့် ယင်းစိတ် ၄–ပါးကို မနောဝိညာဏဓာတ် ရ၆–ပါးထဲက ကြဉ်ရသည်။

## ပုရေဇာတ

ဆိုခဲ့သည့်အတိုင်း နိဿယသတ္တိဖြင့် ကျေးဇူးပြုရာတွင် အမှီခံဝတ္ထု ရုပ် ၆–ပါး (ပစ္စည်းတရား) တို့သည် မှီသူဝိညာဏဓာတ် ၇–ပါး (ပစ္စုပ္ပန်တရား) တို့၏ အရင်ဖြစ်နှင့်သည်။ ဦးစွာဖြစ်နှင့်သည်။ ဤသို့အရင်ဖြစ်နှင့်သည်ကို ပါဠိဘာသာတွင် "ပုရေဇာတ" ဟုခေါ်သည်။

## ပူရေဇာတနိဿယ

အရင်ဖြစ်နှင့်သော (ပူရေဇာတဖြစ်သော) ဝတ္ထုရုပ် ၆-ပါးတို့က သက်ဆိုင်ရာ ဝိညာဏဓာတ် ၇-ပါးတို့အား နိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ကို ပူရေဇာတနိဿယပစ္စည်း (ဝါ) ဝတ္ထုပူရေဇာတနိဿယ ပစ္စည်းဟုခေါ်သည်။

## ပူရေဇာတနှင့် ပဝတ္တိကာလ

ဆိုခဲ့ပြီးသည့်အတိုင်း ဝတ္ထုရုပ်တရားတို့က မှီရာတည်ရာ နိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုရာတွင် ဝတ္ထုရုပ် ၆-ပါးလုံးသည် ပဋိသန္ဓေခဏ၌ မဖြစ်ကြ။ ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုရုပ် တစ်ပါးသာလျှင် ဖြစ်သေးသည်။ ယင်းဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေစိတ်နှင့် တစ်ပြိုင်နက် အတူတကွ ဖြစ်သောကြောင့် သဟဇာတ ဖြစ်သည်။ ပူရေဇာတမဖြစ်။

ပဋိသန္ဓေစိတ်ဖြစ်ပေါ်လာပြီးနောက် ပဝတ္တိကာလ၌သာလျှင် ဟဒယဝတ္ထုရုပ်နှင့်တကွ ကျန်သောဝတ္ထုရုပ်များပါ ပူရေဇာတအဖြစ်ဖြင့် ကျေးဇူးပြုနိုင်သည်။

## ပူရေဇာတနိဿယပစ္စည်း ပစ္စယုပ္ပန်

ပူရေဇာတနိဿယ (ဝါ) ဝတ္ထုပူရေဇာတနိဿယပစ္စည်းတရားသည် ဝတ္ထုရုပ် ၆-ပါးဖြစ်၍ ပစ္စယုပ္ပန်တရားသည် အရူပဝိညာဏ်ဓာတ် ၄-ပါးကြဉ်သော ဝိညာဏဓာတ် ၇-ပါးဖြစ်သည်။

## ပြန်လည်သုံးသပ်ခြင်း

နိဿယပစ္စည်းထဲက ဒုတိယစာပိုဒ် (၅) ပိုဒ်သည် အာရမ္မဏ ပစ္စည်း ပထမစာပိုဒ်နှင့် ဆက်စပ်မှုရှိသည်။

နိဿယပစ္စည်းထဲက ဆဋ္ဌမစာပိုဒ်တွင် "စက္ခုပသာဒရုပ်သည် စက္ခုဝိညာဏဓာတ်အား နိဿယပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။ ဤသို့ဟောထားသည်မှာ စက္ခုဝိညာဏ်ဖြစ်ပေါ်လာရ

ခြင်းဖြစ်သည်။ စက္ခုပသာဒရုပ်ကြောင့်ဟူ၍ စက္ခုပသာဒကို ခေါင်းတပ်ပြီး (ပဓာနထားပြီး) ဟောကြားထားသည်။ ဤသို့ဟောတော်မူသည်မှာ နိဿယသတ္တိကို ထင်ရှားစေလိုသောကြောင့် ဖြစ်သည်။

အာရမ္မဏပစ္စည်း ပထမစာပိုဒ်တွင်မူကား "ရူပါရုံသည် စက္ခုဝိညာဏ်အား အာရမ္မဏ"သတ္တိဖြင့် ကျေးဇူးပြုသည်ဟုဟောထားသည်။ ဤဟောထားချက်တွင် စက္ခုဝိညာဏ်ဖြစ်ပေါ်လာခြင်းသည် "ရူပါရုံကြောင့်"ဟု ရူပါရုံကို ခေါင်းတပ်ကာ ပဓာနထားပြီး (စက္ခုပသာဒရုပ်ကို ချန်ထားကာ) ဟောထားသည်။ ဤသို့ဟောတော်မူသည်မှာ အာရမ္မဏသတ္တိကို ထင်ရှားစေလိုသောကြောင့် ဖြစ်သည်။

အထက်ပါစကားရပ် နှစ်ခုအရ စက္ခုပသာဒရုပ်နှင့် ရူပါရုံသည် စက္ခုဝိညာဏ် ဖြစ်ပေါ်လာဖို့ ပဓာနတရားနှစ်ပါးဖြစ်ကြောင်း ထင်ရှားသည်။

ဆိုခဲ့သည့်အတိုင်း စက္ခုပသာဒရုပ်နှင့် ရူပါကရုံဟူသော ပဓာနအကြောင်းနှစ်ခုကြောင့် စက္ခုဝိညာဏ်ဖြစ်ပေါ်လာသည်ဖြစ်၍ သံယုတ်ပါဠိတော်တွင် "စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" (စက္ခုပသာဒရုပ်ကိုလည်းကောင်း၊ ရူပါရုံကိုလည်းကောင်း မှီ၍ အကြောင်းပြု၍ စက္ခုဝိညာဏ်သည် ဖြစ်၏)ဟု ဟောတော်မူခဲ့သည်။

အထက်ပါနည်းတူပင် သောတပသာဒရုပ်နှင့် သဒ္ဒါရုံသည် သောတဝိညာဏ်ဖြစ်ဖို့ရန် ပဓာနတရားနှစ်ခု ဖြစ်သောကြောင့်သံယုတ်ပါဠိတော်တွင် "သောတဉ္စပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ" (သောတပသာဒရုပ်ကို လည်းကောင်း၊ သဒ္ဒါရုံကို လည်းကောင်း စွဲ၍ သောတဝိညာဏ်သည် ဖြစ်၏) ဟု ဟောတော်မူခဲ့သည်။

ထို့ပြင် ဃာနပသာဒရုပ်နှင့် ဂန္ဓာရုံသည် ဃာနဝိညာဏ်ဖြစ်ဖို့ ပဓာနတရား ဖြစ်၍ "ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ" ဟူ၍ လည်းကောင်း၊ ဇိဝှါပသာဒရုပ်နှင့် ရသာရုံသည် ဇိဝှါဝိညာဏ်

ဖြစ်ဖို့ ပဓာနတရားဖြစ်၍ "ဓိဝှါဠ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဓိဝှါညာဏံ" ဟူ၍ လည်းကောင်း၊ ကာယပသာဒရုပ်နှင့် ဖေါဋ္ဌဗ္ဗာရုံသည် ကာယဝိညာဏ်ဖြစ်ဖို့ ပဓာနတရားဖြစ်၍ "ကာယဥ္စ ပဋိစ္စ ဖေါဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ"ဟူ၍ လည်းကောင်း ဟောတော်မူသည်။

## ဟဒယဝတ္ထုရုပ်သည် မနောဝိညာဏ်ဖြစ်ဖို့ ပဓာနတရားဖြစ်သလား

ပဥ္စဝတ္ထုအသီးသီးသည် ပဥ္စဝိညာဏ် အသီးသီးဖြစ်ဖို့ရန် အရေးကြီးဆုံးသော ပဓာနတရားအကြောင်းနှစ်ခု တွင် ပါဝင်သည်ကို အထက်ပါစကားရပ်တို့တွင် တင်ပြခဲ့ပြီ။ ဟဒယဝတ္ထုရုပ်သည်ကား မနောဝိညာဏ်ဖြစ်ဖို့ အဓာနအကြောင်း နှစ်ခုတွင် မပါဝင်ပါ။ အဘယ်ကြောင့်ဆိုသော ရုပ်မရှိသော် ပရူပဗြဟ္မာလေးဘုံ၌ (ဟဒယရုပ်မရှိသောလည်း) မနောဝိညာဏ် ဖြစ်နိုင်သောကြောင့် ဖြစ်သည်။

မနောဝိညာဏ် ဖြစ်ဖို့ရန် ပဓာနအကြောင်းနှစ်ခုမှာ ဘဝင် အကြည်ဟူသော မနောဒွါရနှင့် ဓမ္မာရုံသာဖြစ်သည်။ ထို့ကြောင့် "မနဥ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ" (မနဥ္စ= ဘဝင်အကြည် ဟုဆိုသော မနောအကြည်ကို လည်းကောင်း၊ ဓမ္မေစ= ဓမ္မာရုံတိုကို လည်းကောင်း၊ ပဋိစ္စ= စွဲ၍၊ မနောဝိညာဏံ= မနောဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ= ဖြစ်၏) ဟု ဟောတော်မူသည်။

## ဝတ္ထုရုပ် ဝိညာဏဓာတ်နှင့် ၃၁–ဘုံ

ဝတ္ထုရုပ် ၆–ပါးကို အမှီပြု၍ ဝိညာဏဓာတ် ၇–ပါးတို့ (သက်ဆိုင်သလို) ဖြစ်ပေါ်လာသည်ကို (နိဿယပစ္စည်းအရ) သိခဲ့ကြပြီ။ ယင်းတို့ကိုဘုံ ၃၁–နှင့်တွဲစပ်၍ အောက်ပါအတိုင်းမှက်သားရသည်။

(က) ကာမ ၁၁–ဘုံ၌ ဝတ္ထုရုပ် ၆–ပါးလုံး၊ ဝိညာဏဓာတ် ၇–ပါးလုံး ရသည်။ (အရူပဝိပါတ် ၄–ကြဉ်သည်။)

(ခ) အသညသက်ကြည်သော ရူပ ၁၅-ဘုံတို့၌ ဝတ္ထုရုပ် ၃-ပါး၊ ဝိညာဏဓာတ် ၄-ပါးရ၏။ ရူပဗြဟ္မာတို့သည်ကား ကာမဂုဏ်၌ တပ်ခြင်းကင်းသော ကာမ ဝိရာဂ ဘာဝနာ အစွမ်းဖြင့် ဃာနာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်ခြင်း ကင်းရကား ထိုရူပဘုံ၌ ဃာန ဇိဝှါ ကာယဝတ္ထုရုပ်သုံးပါး မဖြစ်ချေ။ ဤသို့ မဖြစ်ဟုဆိုခြင်းမှာ ပသာဒရုပ်များ မရှိခြင်းကို ဆိုလိုသည်။ နှာခေါင်း၊ လျှာ၊ ကိုယ် ဟူသော ပုံသဏ္ဌာန်များမှာ မူကား လုပတင့်တယ်စွာပင် ရှိကြသည်။ ထိုရူပဗြဟ္မာတို့သည် ဘုရားဖူး၊ တရားနာ စသောကုသိုလ်အရာ၌ အကျိုးများသော စက္ခု သောတတို့၌တပ်ခြင်း မကင်းသောကြောင့် စက္ခုဝတ္ထု- သောတဝတ္ထု ရနိုင်သည်။

(ဂ) သညာ၌စက်ဆုတ်သော သညာ ဝိရာဂ ဘာဝနာ အစွမ်းကြောင့် သညာနှင့် တကွ နာမ်တရားများ မရှိသော အသညသတ် ဗြဟ္မာဘုံ၌ ဝတ္ထုရုပ် ဝိညာဏဓာတ် နှစ်မျိုးလုံးမရှိ။

(ဃ) အရူပဗြဟ္မာတို့သည် ရုပ်၌ တပ်ခြင်းကင်းသော ရူပ ဝိရာဂ ဘာဝနာအစွမ်းဖြင့် ရုပ်မှန်သမျှကို ပယ်ထားသောကြောင့် ဝတ္ထုရုပ် ၆-ပါးလုံး မရနိုင်။ ဝိညာဏဓာတ် တစ်ပါးသာရ၏။

## ခြောက်ပါးသုံးစုံ

အာရုံက ၆-ပါး၊ ဝတ္ထုရုပ်က ၆-ပါး၊ ဝိညာဏဓာတ်က ၇-ပါး ဟူ၍ရှိနေရာ ၆-ပါးစီကိုက်အောင် မနောစိတ်ကို မနောဝိညာဏဓာတ် ထဲသို့ထည့်ပြီး ယင်းနှစ်မျိုးကို တစ်ခုတည်းအနေထား၍ မနောဝိညာဏ ဓာတ်ဟုပင် ခေါ်ဆိုကာ ဝိညာဏ ၆-ပါးဟုရေတွက် ပြောဆိုသေးသည်။ ထို့ကြောင့် "ဝိညာဏ် ၆-ပါးသည် အာရုံ ၆-ပါးကို အာရုံပြု၍ ဝတ္ထုရုပ် ၆-ပါးကို အမှီပြုကာ ဖြစ်ပေါ်လာသည်" ဟုဆိုနိုင်သည်။

# အခန်း (၁၀)

# ဥပနိဿယပစ္စည်း

'ဥပနိဿယ'ဟူသော ပါဠိစကားတွင် ပါသော 'ဥပ'သည် 'အားကြီးသော'ဟူ၍ လည်းကောင်း၊ 'နိဿယ'သည် 'မှီရာ တည်ရာ' ဟူ၍လည်းကောင်း အဓိပ္ပာယ်ရသဖြင့် 'ဥပနိဿယ'ကို 'အားကြီး သော မှီရာ တည်ရာ'ဟူ၍ မြန်မာပြန်ကြသည်။ ယင်း ဥပနိဿယ ဟူသော စကားသည် နိဿယ (မှီရာ) ဖြစ်ရုံသာမက အားလည်း ကြီးသည်၊ အားလည်း ကောင်းသည်ဟု ဆိုလိုခြင်း ဖြစ်သည်။ နိဿယ ဟူသော စကားမှာမူကား မှီရာတည်ရာ ဟူသရွေ့ကို ဆို လိုသည်။

ဤ အားကြီးသော မှီရာ (ဥပနိဿယ) ဟူသော ကစား၏ အဓိပ္ပာယ်ကို ဥပမာပြ၍ ရှင်းပြပါမည်။

ရေကြောင်းခရီး သွားလာနေကြသော သူတို့သည် အရပ်မျက်နှာ ညွှန်ပြသော သံလိုက်အိမ်မြှောင်ကို အသုံးပြု၍ ရေ ကြောင်းခရီးကို သွားလာနေကြရ၏။ သံလိုက် အိမ်မြှောင် ကိရိယာ နှင့် မကင်းနိုင်။ ယင်း ကိရိယာကို အမှီပြုကြရသည်။ သို့ဖြစ်၍ သံလိုက်အိမ်မြှောင်သည် ရေကြောင်းခရီး သွားသူတို့အား အားကြီး သော မှီရာအဖြစ်ဖြင့် ကျေးဇူး ပြုသည်။

## အမိုကောင်း

ယခုခေတ်တွင် အားကြီးသော မှီရာဟူသော စကားကို အသုံးမပြုနိုင်ကြတော့။ ယင်းစကား အစား 'အမှီကောင်း'ဟူသော စကားကို အသုံးပြုကြသည်။ အမှီကောင်း ဆိုသည်မှာ ကောင်းသော အမှီ၊ အားကြီးသော အမှီကို ဆိုလိုသည်။ 'သူကတော့ အမှီကောင်း ရလို့ ကြီးပွားနေတယ်'ဟု ပြောဆိုကြရာတွင် 'အမှီကောင်း'ဟူသည် အားကြီးသော အမှီ (ဥပနိဿယ) ကို ဆိုလိုခြင်း ဖြစ်သည်။

## ဥပနိဿယပစ္စည်း အဓိပ္ပာယ် (၁)

(ဥပနိဿယသည် အားကြီးသော မှီရာဟု အဓိပ္ပာယ်ရသဖြင့်) ဥပနိဿယ ပစ္စည်း ဆိုသည်မှာ အားကြီးသော မှီရာဖြစ်၍ ကျေးဇူးပြုသော တရား၊ အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသော တရား ဖြစ်သည်။

### ဗလဝ ကရဏ

'ဥပနိဿယ'ကို 'ဗလဝ ကရဏ' (အားကြီးသော အကြောင်း) ဟု ဆရာတို့က (တစ်နည်း) အဓိပ္ပာယ် ဖွင့်ဆိုကြသည်။ (ဗလဝ = အားကြီးသော၊ ကရဏ = အကြောင်း)၊ ဤအားကြီးသော အကြောင်း ဟူသော စကား၌ 'အကြောင်း' (ကရဏ) သည် အကျိုးတရားကို ဖြစ်စေသော အကြောင်းတရားကို ဆိုလိုသည်။ ကျွန်ုပ်တို့သည် နေ့စဉ်မပြတ် ပြုလုပ်နေကြသော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် အကျိုးတရားကို ဖြစ်စေသော အကြောင်းတရား ဖြစ်သည်။ ဤ အကြောင်းတရားတို့တွင် အားကြီးသော အကြောင်းတရားနှင့် အားနည်းသော အကြောင်းတရားဟု နှစ်မျိုးရှိရာ သာမညအကြောင်းမျိုး မဟုတ်ဘဲ အားကြီးသော အကြောင်းတရားများကို ဆိုလိုသည်။ ဥပမာ၊ ရှေ့အခါက ဒါနကုသိုလ်ကို ထက်သန်စွာ ပြုခဲ့သောသူ

သည် နောင်အခါ ပစ္စည်းဥစ္စာ ချမ်းသာသူ ဖြစ်ရသည်။ သို့ဖြစ်ရာ ရှေးက ဒါနပြုခဲ့ခြင်းသည် နောင် ချမ်းသာသောသူဖြစ်ရန် အားကြီး သောအကြောင်း ဖြစ်သည်။

## ဥပနိဿယပစ္စည်း အဓိပ္ပာယ် (၂)

ဥပနိဿယကို အားကြီးသော မှီရာအကြောင်းဟု အဓိပ္ပာယ် ဖွင့်ဆိုချက်အရ ဥပနိဿယပစ္စည်း ဆိုသည်မှာ အားကြီးသော အကြောင်း ဖြစ်၍ (အားကြီးသော အကြောင်း အဖြစ်ဖြင့်) ကျေးဇူး ပြုသော တရား ဖြစ်သည်။ ထို့ကြောင့် အားကြီးသော အကြောင်း အဖြစ်ဖြင့် ကျေးဇူးပြုနိုင်စွမ်းသော သတ္တိထူးသည် ဥပနိဿယသတ္တိ မည်၏။

ပြဆိုခဲ့သည့်အတိုင်း 'ဥပနိဿယ'ကို 'အားကြီးသော မှီရာ' ဟုလည်းကောင်း၊ 'အားကြီးသော အကြောင်း'ဟု လည်းကောင်း အဓိပ္ပာယ်နှစ်မျိုး ဖွင့်ဆိုကြသော်လည်း အားကြီးသော မှီရာသည်ပင် အားကြီးသော အကြောင်းလည်း ဖြစ်နေသဖြင့် ဆိုလိုရင်း အဓိပ္ပာယ် မှာ အတူတူပင် ဖြစ်သည်။

ပြဆိုခဲ့ပြီးသော ဥပနိဿယ အဓိပ္ပာယ်နှစ်မျိုးကို ပေါင်း၍ 'ဥပနိဿယ ပစ္စည်း'ဆိုသည်မှာ အားကြီးသော မှီရာအကြောင်းအဖြစ် ဖြင့် ကျေးဇူးပြုသောတရား ဖြစ်သည်ဟူ၍လည်း ဆိုကြသေးသည်။

## ဥပနိဿယ ပစ္စယ သတ္တိ

မိုးသည် (မိုးရေသည်) မိုးကို အမှီပြု၍ ပေါက်ရောက် ရှင် သန်နေကြရသော သစ်ပင်သတ္တဝါတို့ကို အလွန်အားကြီးသော မှီရာ အကြောင်း ဖြစ်သကဲ့သို့ ထို့အတူ ပစ္စယုပ္ပန်တရားတို့၏ အားကြီး သော မှီရာအကြောင်း ဖြစ်သည့် သတ္တိထူးကို ဥပနိဿယသတ္တိဟု ခေါ်သည်။

## ကြောင်းကျိုးဆက်စပ်ပုံ

(ဤစာပိုဒ်တွင် ပုရိမာ ပုရိမာ - ရှေးရှေး၌ ဖြစ်ကုန်သော ဟူ၍လည်းကောင်း၊ ပစ္ဆိမာနံ ပစ္ဆိမာနံ - နောက်နောက်၌ ဖြစ်ကုန်သော ဟူ၍လည်းကောင်း စကားနှစ်လုံးစီ ထပ်ကာ ထပ်ကာ ပါသည်ကို သတိပြုပါ။)

## စာပိုဒ် (၁)

ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုခြင်း။ ကုသိုလ်ကံ အကုသိုလ်ကံတို့၌လည်းကောင်း၊ ထိုကံတို့၏ အကျိုး၌ လည်းကောင်း၊ ယုံကြည်ခြင်း သဒ္ဓါတရား ရှိခဲ့သော် ထိုသဒ္ဓါတရားကို အမှီပြု၍ မိမိ၌ အမျိုးမျိုးသော ကုသိုလ်ကောင်းမှုများ ဖြစ်ပွားတတ်၏။ မိမိ၏ အပေါင်းအဖော်တို့၌ ယင်းကုသိုလ်ကောင်းမှုများ ဖြစ်ပွားတတ်၏။ ဤသို့ ဖြစ်ရခြင်းမှာ ရှေးရှေးကုသိုလ် (သဒ္ဓါ) တရားက အားကောင်းသောကြောင့်၊ အားကြီးသောကြောင့်သာ ဖြစ်သည်။ ထို့ကြောင့် ရှေးကုသိုလ်က နောက်ကုသိုလ်အား ဥပနိဿယပစ္စယ သတ္တိဖြင့် (အားကြီးသော မှီရာ အဖြစ်ဖြင့်) ကျေးဇူးပြုသည်ဟု ဆိုရသည်။

ဇော (၇) ကြိမ် စောရာ၌ ကုသိုလ်ဇော တစ်ခုခု စောခဲ့လျှင် ပထမဇောကုသိုလ်က နောက်ဆုံး သတ္တမဇော ကုသိုလ်အထိ ဆက်ကာ ဆက်ကာ အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်ကို သိခဲ့ပြီ။ ဤသို့ ကျေးဇူးပြုရာ၌လည်း ရှေးရှေးသော ကုသိုလ်ဇောသည် အားကြီးသည် အားကောင်းသည် ဖြစ်၍ နောက်ကုသိုလ်ဇော၏ အားကြီးသော မှီရာလည်း ဖြစ်သည်။ ထို့ကြောင့် ရှေးကုသိုလ်က နောက်ကုသိုလ်အား ဥပနိဿယသတ္တိဖြင့် (အားကြီးသော မှီရာအဖြစ်ဖြင့်) ကျေးဇူးပြုသည်ဟု ဆိုရသည်။

ဤအတူ ရှေး၌ ဖြစ်သော အခြား အခြားသော ကုသိုလ်တရား

တို့သည် နောက်၌ဖြစ်သော အခြား အခြားသော ကုသိုလ်တရားတို့အား ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ဤသို့ ကျေးဇူးပြုရာတွင် ဖြည့်စွက်မှတ်သားစရာ တစ်ချက်ရှိနေသည်။ အရဟတ္တမဂ် ဖြစ်ပေါ်ပြီးနောက် မည်သည့်ကုသိုလ်မျိုးမျှ မဖြစ်တော့။ ကုသိုလ်အစား ကြီးမားသော စိတ်များသာ ဖြစ်ရသည်။ ထို့ကြောင့် ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုရာတွင် အရဟတ္တမဂ် (ကုသိုလ်) ကို ပစ္စည်းတရားမှ ကြဉ်ရသည်။

သို့ဖြစ်၍ စာပိုဒ် (၁) တွင် ပြဆိုထားသော ကျေးဇူးပြုပုံကို အောက်ပါအတိုင်း တိကျသေချာစွာ ပြဆိုနိုင်သည်။

ရှေးရှေး၌ ဖြစ်ကုန်သော ဗလဝ ဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ် ၂၀၊ စေတသိက် ၃၈ သည် နောက်နောက်၌ ဖြစ်ကုန်သော ကုသိုလ်စိတ် ၂၁၊ စေတသိက် ၃၈ အား ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## စာပိုဒ် (၂)

## ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုခြင်း

မိမိ၌ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ စသော ကုသိုလ်တရားများ ရှိသည့်အတွက် မာန်မာနတက်ကြွ ထောင်လွှားခြင်း၊ သူတစ်ပါးတို့အား ရှုတ်ချခြင်းများ ဖြစ်ပွားတတ်သည်။ ထိုသို့ ဖြစ်သည့်အတွက် ခိုက်ရန်ဖြစ်ပွားခြင်း စသော အကုသိုလ်တရားများလည်း ဖြစ်လာတတ်သည်။ ဤသည်တို့ကား ရှေးကုသိုလ်က နောက်အကုသိုလ်အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

သို့သော် ကုသိုလ်ဇောနောက် အကုသိုလ်ဇော ဆက်တိုက်လိုက်မဖြစ်နိုင်သဖြင့် ကုသိုလ်က အကုသိုလ် အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်။ ဥပနိဿယသတ္တိဖြင့်လည်း ကျေးဇူးမပြုနိုင်။

သို့ဖြစ်ရာ တစ်စုံတစ်ခုသော အချိန်ကာလ ကွာခြားမှသာလျှင် ရှေးကုသိုလ်က နောက်အကုသိုလ်အား ကျေးဇူးပြုနိုင်သောကြောင့် စာပိုဒ် (၂) ရှေးရှေး၌ ဖြစ်သော ကုသိုလ်တရားတို့သည် နောက်နောက်၌ ဖြစ်သော အကုသိုလ် တရားတို့အား (ကေသဉ္စိ) အချို့ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ (ကေသဉ္စိ = အချို့) ဟူသော စကားကို ထုတ်ဖော်ပြဆိုထားခြင်း ဖြစ်သည်။

ဤသို့ ကုသိုလ်က အကုသိုလ်ကို (ကေသဉ္စိ = အချို့) ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုရာ၌ အလုံးစုံသော ရှိရှိသမျှ ကုသိုလ်တရားတို့က ကျေးဇူးပြုသည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ လောကီကုသိုလ်စိတ် ၁၇ ပါးကသာ ဤသို့ ကျေးဇူးပြုသည်။ လောကုတ္တရာ ကုသိုလ်စိတ် ၄ ပါးက မည်သည့် အကုသိုလ်မျိုးကိုမျှ ကျေးဇူးမပြု။

သို့ဖြစ်၍ ရှေးရှေး၌ ဖြစ်သော ကုသိုလ်တို့က နောက်နောက်၌ ဖြစ်သော အကုသိုလ်တို့အား (ကေသဉ္စိ) အချို့ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည် ဟူ၍ စာပိုဒ် (၂) တွင် ပြဆိုထားချက်ကို အောက်ပါအတိုင်း ဖွင့်ဆိုနိုင်သည်။

"ရှေးရှေး၌ ဖြစ်ကုန်သော လောကီကုသိုလ် ၁၇၊ စေတသိက် ၃၈ သည် မိမိ မိမိတို့၏နောက် တစ်စုံတစ်ခုသော ကာလခြား၍ ဖြစ်ပေါ်လာသော နောက်နောက်သော အကုသိုလ် ၁၂၊ စေတသိက် ၂၇ အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

## စာပိုဒ် (၃)

## ကုသိုလ်က အဗျာကတကို ကျေးဇူးပြုခြင်း

ရဟန္တာပုဂ္ဂိုလ်သည် မိမိပြုခဲ့ဖူးသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တစ်ခုခုကို အာရုံပြု၍ ပြန်လည်ဆင်ခြင်လျှင် (ရဟန္တာ ဖြစ်

သည့်အတွက်) ဉာဏသမ္ပယုတ် မဟာကြိယာစိတ် ဖြစ်လာသည်။ မဟာကြိယာစိတ်သည် အဗျာကတ ဖြစ်သဖြင့် ဤနေရာ၌ ရှေးကုသိုလ်က နောက်အဗျာကတကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

ကုသိုလ်ဇော စောရာ၌ သတ္တမဇောနောက် တဒါရုံ ရှိနေသည်။ တဒါရုံသည် ဝိပါက် အဗျာကတ ဖြစ်၍ ဤနေရာတွင် ရှေးကုသိုလ်က နောက်အဗျာကတကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

## တပိုဒ် (၄)

## အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုခြင်း

လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသော အကုသိုလ် အတွက်ကြောင့် မိမိ၌လည်းကောင်း၊ သူတစ်ပါး၌လည်းကောင်း အကုသိုလ်တရား ဖြစ်ပွားတတ်သည်။ ယင်းမှာ ထင်ရှားပါသည်။ ဤသို့ဖြစ်ပွားခြင်းမှာ ရှေးရှေး အကုသိုလ်က နောက်နောက် အကုသိုလ်ကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

ဇော (၇) ကြိမ် စောရာ၌ အကုသိုလ်ဇော စောလျှင် အဆုံးဇော ကြဉ်သော ရှေးရှေးသော အကုသိုလ်ဇောက နောက်နောက်သော အကုသိုလ်ဇောကို အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုရာတွင် ဥပနိဿယလည်း ရပြန်သည်။

ဤဥပမာများကို အထောက်အထားပြု၍ တပိုဒ် (၄) တွင် ရှေးရှေး၌ ဖြစ်ကုန်သော အကုသိုလ်တရားတို့က နောက်နောက်၌ ဖြစ်ကုန်သော အကုသိုလ်တရားတို့ကို အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားခြင်း ဖြစ်သည်။

အထက်ပါ ကျေးဇူးပြုပုံကို "ရှေးရှေး၌ ဖြစ်ကုန်သော ဗလဝဒုဗ္ဗလ ဖြစ်ကုန်သော အကုသိုက် ၁၂၊ စေတသိက် ၂၇ သည် နောက်

နောက်၌ဖြစ်သော အကုသိုလ် ၁၂၊ စေတသိက် ၂၇ အား ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်”ဟူ၍လည်း ဆိုနိုင်သည်။

## စာပိုဒ် (၅)

## အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုခြင်း

အနာရောဂါရှိသောသူသည် ထိုအနာရောဂါ ပျောက်ဖို့ရာ ဆေးကောင်း ဝါးကောင်းကို စားသောက်မှီဝဲရသကဲ့သို့ လောဘ၊ ဒေါသ၊ မောဟ စသော အကုသိုလ်တရားများ ရှိနေကြသည် ဖြစ်၍ ယင်းအကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှာ ထိုအကုသိုလ်တရားတို့အတွက် ဒါန သီလ စသော အကုသိုလ်တရားတို့ကို အားထုတ်ကြကုန်၏။ ဤသည်ကား ရှေးအကုသိုလ်က နောက်ကုသိုလ်ကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

## စာပိုဒ် (၅)

ဤအတူပင် အခြားအခြားသော ရှေးအကုသိုလ်တရားတို့က အခြားအခြားသော နောက်အကုသိုလ်တရားတို့ကို ကျေးဇူးပြုသည်။ ဤသို့ ကျေးဇူးပြုရာ၌ အချို့သော အကုသိုလ်က ကျေးဇူးမပြုနိုင်။ ဤစကားကို ရှင်းပါမည်။ ဇော (၇) ကြိမ် ဇောရာတွင် အကုသိုလ်ဇော ဇောရာ၌ အဆုံးဇော (သတ္တမဇော) နောင်တွင် တဒါရုံ (အဗျာကတ) ရှိနေသည်။ အကုသိုလ်ဇော နောင် ကုသိုလ်ဇော မဖြစ်နိုင်သဖြင့် အကုသိုလ်က ကုသိုလ်ကို ကျေးဇူးမပြုနိုင်။ နောက်အကုသိုလ်သည် ရှေးအကုသိုလ်နောက် တစ်ခုတစ်ခုသော ကာလ ကွာခြားမှုသာလျှင် ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်သောကြောင့် (ကေသဉ္စိ – အချို့) ဟူသော စကားကို ထည့်သွင်းပြီး စာပိုဒ် (၅) တွင် ရှေးရှေးသော အကုသိုလ်က နောက်နောက်သော ကုသိုလ်ကို (ကေသဉ္စိ) အချို့ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည် ဟု ဆိုထားခြင်း ဖြစ်သည်။

ဤစာပိုဒ် (၅) ကို အောက်ပါအတိုင်းလည်း ပြဆိုနိုင်သည်။

ဗလဝဒုဗ္ဗလ ဖြစ်သော ရှေးရှေးသော အကုသိုလ် ၁၂၊ စေတသိက် ၂၇၊ သည့်နောက်နောက်၌ ဖြစ်သော ကုသိုလ် ၂၁၊ စေတသိက် ၃၈ ကို ဥပနိဿယသတ္တိဖြင့် အချို့နေရာ၌ ကျေးဇူးပြု၍ အချို့နေရာ၌ ကျေးဇူးမပြုပေ။

## စာပိုဒ် (၆)

## အကုသိုလ် အဗျာကတကို ကျေးဇူးပြုခြင်း

ဥစ္စာပစ္စည်းကို လိုချင်သော လောဘကြောင့်ပင်လျှင် ပင်ပင်ပန်းပန်း ရှာဖွေရသဖြင့် ကာယိဒုက္ခခံရသည်။ လိုအပ်သော ပစ္စည်းဥစ္စာကို ရ၍ ထိုဥစ္စာပစ္စည်းကို အသုံးပြုကာ ကာယကသုခကို ခံစားရသည်။ အကုသိုလ်လောဘ ဟူသော အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်ကုန်သော ကာယိကဒုက္ခ၊ ကာယိကသုခတည်း ဟူသော အဗျာကတ တရားများ ဖြစ်လာခြင်းသည် အကုသိုလ်က အဗျာကတကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

မကောင်းတာကို မြင်ရခြင်း၊ မကောင်းတာကို ကြားရခြင်း၊ မကောင်းတာကို စားရခြင်း စသည်ဖြင့် နေ့စဉ်နှင့်အမျှ အနိဋ္ဌာရုံတို့ကို တွေ့ကြုံရခြင်းသည် ရှေးအကုသိုလ်၏ အကျိုးဝိပါက်များ ဖြစ်သဖြင့် ရှေးကုသိုလ်က အနိဋ္ဌာရုံကို တွေ့ကြုံရခြင်း တည်းဟူသော အဗျာကတကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

ဤအတူပင် အခြားအခြားသော ရှေးအကုသိုလ်တရားတို့က အခြားအခြားသော နောက်အဗျာကတ တရားတို့ကို ကျေးဇူးပြုသည်။ စာပိုဒ် (၆) တွင် "ရှေးရှေး၌ ဖြစ်ကုန်သော အကုသိုလ်တရားတို့သည် နောက်နောက်၌ ဖြစ်ကုန်သော အဗျာကတ တရားတို့ကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်"ဟု ပြဆိုထားသည်။

အထက်ပါ ပြဆိုချက်ကို အောက်ပါအတိုင်းလည်း ပြဆိုနိုင်သည်။

ရှေးရှေး၌ဖြစ်ကုန်သော ဗလဝ ဒုဗ္ဗလ ဖြစ်ကုန်သော အကုသိုလ် ၁၂၊ စေတသိက် ၂၇ သည် နောက်နောက်၌ ဖြစ်ကုန်သော ဝိပါက်စိတ် ၃၆၊ ကြိယာစိတ် ၂၀၊ စေတသိက် ၃၈ ကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

## စာပိုဒ် (၇)

## အဇ္ဈတ္တက အဇ္ဈတ္တကို ကျေးဇူးပြုခြင်း

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်လက်အင်္ဂါ စသည်များ ရှိသည့်အတွက် ကာယကဒုက္ခ၊ ကာယကသုခကို ခံစားရသည်မှာ ရုပ်အဇ္ဈတ္တက ဝိပါက်အဇ္ဈတ္တကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။ ကာယိကဒုက္ခကို ခံစားပြီး ပစ္စည်းဥစ္စာကို ရှာဖွေရသည်။ ပစ္စည်းဥစ္စာ ရရှိသောအခါ အေးငြိမ်းချမ်းသာစွာ ကာယကသုခ ခံစားရသည်။ ဤသို့ ဖြစ်ရခြင်းမှာ ကာယိကဒုက္ခတည်းဟူသော အဇ္ဈတ္တက ကာယကသုခ တည်းဟူသော အဇ္ဈတ္တကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

ဤအတူ အခြား အခြားသော ရှေးအဇ္ဈတ္တတို့က အခြား အခြားသော နောက်အဇ္ဈတ္တတို့ကို ကျေးဇူးပြုသဖြင့် စာပိုဒ် (၇) တွင် "ရှေးရှေး၌ ဖြစ်ကုန်သော အဇ္ဈတ္တတို့က နောက် နောက်၌ ဖြစ်ကုန်သော အဇ္ဈတ္တ တရားတို့ကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည် ဟူ၍ ပြဆိုထားသည်။

အထက်ပါ ကျေးဇူးပြုပုံတွင် ပစ္စည်းတရားသည် ရှေးရှေး၌ ဖြစ်သော ဗလဝ ဖြစ်သည့် ဝိပါက်စိတ် ၃၆၊ ကြိယာစိတ် ၂၀၊ စေတသိက် ၃၈၊ ရုပ် ၂၈ ဖြစ်၍ ပစ္စယုပ္ပန်တရားသည် ဝိပါက်စိတ် ၃၆၊ ကြိယာစိတ် ၂၀၊ စေတသိက် ၃၈ တို့ ဖြစ်သည်။

## စာပိုဒ် (၈)

## အဗျာကတက ကုသိုလ်ကို ကျေးဇူးပြုခြင်း

အချို့သော ပုဂ္ဂိုလ်တို့သည် ရောဂါဝေဒနာကို ခံစားနေရသော အခါ သေရင် သေမှာပဲဟု ယူဆပြီး ဒါနပြုခြင်း၊ တရားနာခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်တတ်ကြသည်။ ဤသည်ကား ရေးအဗျာကတက နောက်ကုသိုလ်ကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

ဤအတူ အခြားအခြားသော ရေးအဗျာကတတို့က အခြားအခြားသော နောက်ကုသိုလ်ကို ကျေးဇူးပြုသဖြင့် စာပိုဒ် (၈) တွင် ရှေးရှေး၌ ဖြစ်ကုန်သော အဗျာကတတို့သည် နောက်နောက်၌ ဖြစ်ကုန်သော ကုသိုလ်အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

အထက်ပါ ကျေးဇူးပြုပုံတွင် ပစ္စည်းတရားသည် ဗလဝ ဖြစ်သော အရဟတ္တဖိုလ် ကြဉ်သော ဝိပါက်စိတ် ၃၅၊ ကြိယာစိတ် ၂၀ နှင့် စေတသိက် ၃၈ ဖြစ်၍ ပစ္စယုပ္ပန်တရားမှာ ကုသိုလ်စိတ် ၂၁၊ စေတသိက် ၃၈ ဖြစ်သည်။

## စာပိုဒ် (၉)

## အဗျာကတ က အကုသိုလ်ကို ကျေးဇူးပြုခြင်း

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်လက်အင်္ဂါများ ရှိသည့်အတွက် အမျိုးမျိုးသော ကုသိုလ်ကောင်းမှုတို့သည်လည်း ဖြစ်တတ်၏။ အမျိုးမျိုးသော အကုသိုလ်တရားများလည်း ဖြစ်ပွားတတ်၏။ မကောင်းမှု အကုသိုလ်တရားတို့ ဖြစ်ပွားသောအခါ မျက်စိ စသော ရုပ်အဗျာကတက မကောင်းမှု အကုသိုလ်ကို ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထား၏။

ဤပြဆိုချက်တွင် ပစ္စည်းတရားသည် ဗလ၀ ဖြစ်သော လောကီဝိပါက်စိတ် ၃၂၊ ကြိယာစိတ် ၂၀၊ စေတသိက် ၃၈၊ ရုပ် ၂၈ ဖြစ်၍ ပစ္စယုပ္ပန်တရားမှာ အကုသိုလ်စိတ် ၁၂၊ စေတသိက် ၂၇ ဖြစ်သည်။

(အဗျာကတ သုံးချက်၏ ပစ္စည်းတရားကို ကောက်ယူရာ၌ ပစ္စည်းထိုက်သော အချို့သော ပညတ်တရားတို့ကို ကောက်ယူနိုင်သည်။)

## နောက်ဆုံး (၃) ပုဒ်ကို ဟောဟော်မှုခြင်း

ပြဆိုခဲ့ပြီးသော အပိုဒ် (၉) ပိုဒ်တွင် ပစ္စည်းတရားနှင့် ပစ္စယုပ္ပန် တရား နှစ်မျိုးလုံးမှာပင် ကုသိုလ်၊ အကုသိုလ်နှင့် အဗျာကတ တရားများ ဖြစ်ကြသည်။ ထို့ကြောင့် အဘိဓမ္မာနည်းဖြင့် ပြည့်ပြည့်စုံစုံ ဤစာပိုဒ် (၉) တွင် ဥပနိဿယပစ္စည်းကို ဟောကြားခြင်း ဖြစ်သည်။ ထို့ကြောင့် နောက်ဆမုး (၃)ပိုဒ်မှာ သုတ္တန်နည်းဖြင့် ဟောကြားခဲ့သည်ဟု ယူဆရသည်။ ရှင်းပါဦးမည်။

ဤသို့ သုတ္တန်နည်းဟု ဆိုရခြင်းမှာ လယ်တီဆရာတော်ဘုရား၏ ပဋ္ဌာနုဒ္ဒေသ နိဿယတွင် 'ဣဓ – ဤအရာ၌၊ သုတ္တန္တူပနိဿယ ပစ္စယော – သုတ္တန်ဥပနိဿယပစ္စည်းကိုလည်း၊ ဝတ္တဗ္ဗော – ဆိုအပ်၏၊ ကလျာဏ မိတ္တံ – ကောင်းသော အဆွေခင်ပွန်းကို၊ ဥပနိဿယ – အမှီပြု၍၊ ဂါမံ – ရွာကို၊ ဥပနိဿယ – အမှီပြု၍၊ အရညံ – တောကို၊ ဥပနိဿယ – အမှီပြု၍၊ ဣတိအာဒိနာ – ဤသို့ အစရှိသလည်ဖြင့်၊ ဗဟုသု ဌာနနေသု – များစွာသော ဌာနတို့၌၊ အာဂတော၊ လာ၏" ဟူ၍ ပြဆိုထားခြင်းကြောင့် ဖြစ်သည်။

ဤသို့ သုတ္တန်နည်းဖြင့် ဟောသည်ဟု ဆိုရာတွင် ပညတ်တရား အမြောက်အမြားရှိပါလျက် အဘယ်ကြောင့် ဥတု၊ ဘောဇဉ်၊

ပုဂ္ဂိုလ်၊ အိမ်ရာ နေရာတည်း ဟူသော ပညတ်တရားတို့ကိုသာ ရွေး ပြီး ဟောထားသနည်းဟု မေးစရာပြဿနာ ရှိနေသည်။ ဤပြဿနာ ကို ဖြေရှင်းပါမည်။

တွေ့ကြုံနေရသော ရာသီဥတု၊ စားသောက် မှီဝဲနေရသော အစာ အာဟာရ၊ ပေါင်းသင်းဆက်ဆံနေရသော ပုဂ္ဂိုလ်၊ နေထိုင် သုံးစွဲရသော အိမ်၊ ကျောင်း၊ အိပ်ရာ၊ နေရာထိုင်ခင်းတို့သည် သတ္တဝါ ဟူသရွေ့ အသက်ရှည် (ရှင်) ဖို့ရန် ကောင်းသော အမှု ကိစ္စ၊ မကောင်းသော အမှုကိစ္စတို့ကို ပြုလုပ်နိုင်စေဖို့ရာ အလွန်တရာ အရေးပါ အရောရောက်သော တရားများ ဖြစ်သည်။ (ဝါ) အားကြီး သော မှီရာ ဥပနိဿယများ ဖြစ်သည်။ ဤဥတုဘောဇဉ် စသည် တို့က ပစ္စည်းထိုက်သော တရားများ ဖြစ်သည်။

ထို့ကြောင့် ပစ္စည်းထိုက်သော တရားတို့ကိုသာ ရွေးချယ်၍ ပစ္စည်းတရား အဖြစ်ဖြင့် နောက်ဆုံး စာပိုဒ် (၃) ပိုဒ်ကို ဟောကြား ခဲ့ခြင်း ဖြစ်သည်။

တစ်ဖန် ဤနောက်ဆုံး စာပိုဒ် (၃) ပိုဒ်တွင် ပစ္စည်းတရား များသာ ပါ၍ ပစ္စယုပ္ပန်တရားများ မပါဝင်သည်မှာ အဘယ့်ကြောင့် နည်းဟု မေးစရာ ရှိနေပြန်သည်။ ဟောစရာ မလိုသည့်အတွက် မဟောခြင်း ဖြစ်သည်ဟု အကျဉ်းဖြေဆိုနိုင်သည်။

ပထမ စာပိုဒ် (၉) တွင် ပစ္စည်း တရားတို့မှာ ကုသိုလ်၊ အကုသိုလ်နှင့် အဗျာကတ တရားများ ဖြစ်သည်။ ယင်းပစ္စည်း တရား အသီးသီးက ပစ္စယုပ္ပန်တရား ကုသိုလ်–အကုသိုလ်–အဗျာကတ၊ ဤသုံးမျိုးလုံးကို ကျေးဇူးပြုကြောင်း ဟောခဲ့ပြီး ဖြစ်သည်။ ဤ (၃) ပုဒ်တွင် ဥတုဘောဇနမ္ပိ၊ ဥတုဘောဇဉ်သည်လည်း ပုဂ္ဂလောပိ၊ ပုဂ္ဂိုလ်သည်လည်း သေနာသနမ္ပိ၊ အိပ်ရာနေရာသည်လည်း ဟူ၍ ပါဠိလို "ပိ"မြန်မာလို "လည်း"ဟူသော စကား ပါရှိနေသည့်

အတွက် အထွက်ကကဲ့သို့ပင် ကုသိုလ်၊ အကုသိုလ်နှင့် အဗျာကတ ကို ကျေးဇူးပြုကြောင်း သိသာထင်ရှားနေသဖြင့် ပစ္စယုပ္ပန်ကို ချန် ထားကာ ဟောခဲ့ခြင်း ဖြစ်သည်။

ယခုနောက်ဆုံး (၃) ပိုဒ်တွင် ကျေးဇူးပြုပုံကို တင်ပြပါမည်။

## ဥတုက ကျေးဇူးပြုခြင်း

ဥတုသပ္ပာယဖြစ်သောအခါ (ဝါ) အပူအအေး မျှတသော အခါ သတ္တဝါတို့အား ကိုယ်ချမ်းသာမှု ကာယိကသုခကို ဖြစ်စေ သည်။ ဥတုသပ္ပာယ မဖြစ်သောအခါ ကိုယ်ဆင်းရဲမှု ကာယိကဒုက္ခ ကို ဖြစ်စေသည်။ ဤသည်က ဥတုက ကာယိကသုခ၊ ကာယိက ဒုက္ခ တည်းဟူသော အဗျာကတကို ဥပနိဿယ သတ္တိဖြင့် ကျေးဇူး ပြုခြင်း ဖြစ်သည်။

ဥတုမှန်သောအခါ ကောက်ပဲသီးနှံ ဖြစ်ထွန်းသောကြောင့် သတ္တဝါတို့အတွက် အာဟာရ ကုံလုံလောက်ငကြသည်။ ဥတုဖောက် ပြန်သောအခါ မိုးခေါင်ခြင်း၊ ရေကြီးခြင်းတို့ကြောင်း ကောက်ပဲသီးနှံ များ ပျက်စီး၍ သတ္တဝါတို့အတွက် အစာရေစာ ရှားပါးပြတ်လပ် ပြီး အငတ်ဘေး တွေ့ရတတ်သည်။ ဤနေရာတွင် ဥတုက အစား အစာ ဖူလုံခြင်း၊ ရှားပါးပြတ်လတ်ခြင်း ဟူသော အဗျာကတကို ကျေးဇူးပြုခြင်း ဖြစ်သည်။

ဥတုမျှတသောအခါ စရိုက် အကျင့်ကောင်း ရှိသူတို့သည် ဒါနပြုခြင်း၊ သီလ ဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်း ဘာဝနာ ပွားများ ခြင်းတို့ကို လွယ်လင့်တကူ ဖြစ်စေနိုင်ကြသည်။ ဥတုမျှတသော အခါ ကိုယ်စိတ် နှစ်ပါး ချမ်းသာသည် ဖြစ်၍ ဘာဝနာ ပွားရာ၌ ဉာဏ်ပညာ ပွင့်လင်း ထက်သန်စေနိုင်သည်။ ဤအချက်တို့ကို အထောက်အထားပြု၍ ကုသိုလ်ကို ကျေးဇူးပြုကြောင်း သိနိုင်သည်။

ဥတုသပ္ပာယ်ယ ဖြစ်သောအခါ မကောင်းသော အကျင့်စာရိတ္တ ရှိသောသူတို့သည် အပျော်အပါး လိုက်စား၊ မကောင်းမှုကို တိုးပွားရန် အခွင့်အလမ်းများ ရရှိကြသည်ဖြစ်ရာ ဥတုက မကောင်းမှု အကုသိုလ်ကို ကျေးဇူးပြုနေသည်။

## ဘောဇဉ် (အစားအစာ) က ကျေးဇူးပြုခြင်း

သင့်လျော် ကောင်းမွန်သော အစားအစာကို လုံလုံလောက်လောက် စားရပြီးလျှင် စိတ်ချမ်းသာပြီး အင်အားပြည့်ဖြိုး ကျန်းမာ လန်းဆန်းကာ ကာယကသုခတို့ ဖြစ်စေသည်။ အစားအစာ သင့်တင့်လျောက်ပတ်စွာ မစားရလျှင် စိတ်ဆင်းရဲပြီး အင်အားလျော့ကာ ကျန်းမာရေး ချို့တဲ့၍ ကာယကဒုက္ခကို ခံစားရတတ်သည်။ ထို့ကြောင့် ဥတုဘောဇဉ် (အစားအစာ) က ကာယကသုခ၊ ကာယကဒုက္ခ တည်းဟူသော အဗျာကတကို ကျေးဇူးပြုသည်ဟု ဆိုရသည်။

မိမိ ကြိုက်နှစ်သက်သော အစားအစာကို စားရလျှင် စိတ်ချမ်းသာ ကိုယ်ချမ်းသာပြီး ဒါန သီလ ဘာဝနာ ကုသိုလ်တို့ကို အားထုတ်နိုင်ဖို့ အထောက်အပံ့ ရနိုင်သည်။ ထို့ကြောင့် အစားအစာသည် ကုသိုလ်ကို ကျေးဇူးပြုသည်ဟု ဆိုရသည်။

အချို့ကလည်း ကောင်းကောင်းစားပြီး အားရှိသော အစားအစာကို စားပြီး အပျော်အပါး လိုက်စားတတ်ကြသည်။ ဤသည်ကား အစားအစာက အကုသိုလ်ကို ကျေးဇူးပြုခြင်း ဖြစ်သည်။

## ပုဂ္ဂိုလ်က ကျေးဇူးပြုခြင်း

သူတော်ကောင်းနှင့် ပေါင်းသင်းရသဖြင့် ကုသိုလ်ကောင်းမှု တိုးပွားသည်။ မြတ်စွာဘုရားအား ကိုးကွယ်ဆည်းကပ်ရသဖြင့် မဂ်ဖိုလ်နိဗ္ဗာန် အထိ ပေါက်ရောက်သွားသူ အမြောက်အမြား ဖြစ်ပေါ်ခဲ့သည်။ ဤသည်ကား ပုဂ္ဂိုလ်က ကုသိုလ်ကျေးဇူး ပြုခြင်း ဖြစ်

သည်။ သူယုတ်မာနှင့် ပေါင်းသင်းဆက်ဆံမိသဖြင့် မကောင်းမှု အကုသိုလ်များ ဖြစ်ပွားတတ်သည်။ ဒေဝဒတ်နှင့် ပေါင်းသင်းဆက်ဆံ မိသဖြင့် မကောင်းမှု အကုသိုလ်များ ဖြစ်ပွားတတ်သည်။ ဒေဝဒတ် နှင့် ပေါင်းသင်းမိသဖြင့် အဇာတသတ်မင်းသည် ခမည်းတော်ကို သတ်သည့် ပိတုဃာတက ကံကို ကျူးလွန်မိသဖြင့် အဝီစိ ငရဲ၌ ခံနေရသည်။ဤအခြင်းအရာတို့မှာ ပုဂ္ဂိုလ်က အကုသိုလ်ကို ကျေးဇူး ပြုခြင်း ဖြစ်သည်။

ဆရာကောင်း သမားကောင်း၊ မိတ်ကောင်း ဆွေကောင်း တို့ကို အမှီပြုရသဖြင့် ကြီးပွားချမ်းသာကြသည်။ ဆရာ မကောင်း လျှင် တပည့်များ ဒုက္ခတွေ့ရတတ်သည်။ မိဘ မကောင်းလျှင် သား သမီးများ ဆင်းရဲကြရသည်။ ဤသို့ စသည်ဖြင့် မိမိက ပေါင်းသင်း မှီဝဲရသော ပုဂ္ဂိုလ်က မိမိအား ကောင်းကျိုး ဆိုးကျိုးကို ဖြစ်စေနိုင် သည်။ ဤသည်တို့ကား ပုဂ္ဂိုလ်က မိမိနှင့် ပေါင်းသင်းဆက်ဆံသူ ၏ ကောင်းကျိုး ဆိုးကျိုး တည်းဟူသော အဗျာကတကို ကျေးဇူး ပြုခြင်း ဖြစ်သည်။

## အိမ်ကျောင်း၊ အိပ်ရာ နေရာ စသည်တို့က ကျေးဇူးပြုခြင်း

အိမ်ကျောင်း အိပ်ရာ နေရာ စသည်တို့သည် ရာသီဥတု ပူပြင်းလျှင် ပူပြင်းသည့်အလျောက်၊ အေးသည့်အခါ အေးသည့် အလိုက်၊ သင့်တင့်လျောက်ပတ်စွာ ရှိခဲ့လျှင် ယင်းတို့ကို မှီဝဲနေထိုင် သုံးစွဲနေရသူတို့အား ကိုယ်ချမ်းသာမှု ကာယကသုခကို ဖြစ်စေနိုင် ခြင်းသည် ထိုအိမ် ကျောင်း စသည်တို့က ကာယကသုခ တည်းဟူ သော အဗျာကတကို ကျေးဇူးပြုခြင်း ဖြစ်သည်။

အိမ် ကျောင်း စသည်တို့သည် သင့်တင့်လျောက်ပတ်စွာ ရှိ ခဲ့လျှင် တရားအားထုတ်ရန် အထောက်အပံ့ ရသည်။ နေရာထိုင်ခင်း

ကောင်းလျှင်၊ လုံခြုံလျှင် ကောင်းမှုပြုလုပ်ရန် အခွင့်အလမ်း သာသည်။ သူတော်ကောင်းတို့သည် ဆိတ်ငြိမ်သော တောတောင်တို့သို့ သွား၍ တရားအားထုတ်ကြသည်။ အချို့သောသူတို့က တောတောင်သို့ သွား၍ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး မုဆိုးကြ ရှုးကြနှင့် အကုသိုလ်တရားများ တိုးပွားနေကြသည်။ ဤသည်တို့ကား အိမ်ကျောင်း စသည်တို့က ကုသိုလ်၊ အကုသိုလ်ကို ကျေးဇူးပြုနေသည့် သက်သေ သာဓကများ ဖြစ်သည်။

ယခု ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံတို့ကို ပြည့်စုံစွာ တင်ပြခဲ့ပြီ။ ယင်းကျေးဇူးပြုပုံတို့ကို တစ်နည်းအားဖြင့် သုံးမျိုး ခွဲခြားနိုင်သည်။

ဥပနိဿယပစ္စည်းသည် အလွန် ကျယ်ဝန်းသည်။ ၂၄ ပစ္စည်းတွင် ဥပနိဿယပစ္စည်းမှတစ်ပါး ကျန်သော ၂၃ ပစ္စည်းတို့တွင် ဖော်ပြဆိုထားသော အကြောင်းအကျိုး ဆက်စပ်ပုံတို့ကို ချန်လှပ်၍ လောက၌ အကြောင်းအကျိုး ဆက်ဆံနေမှု အလုံးစုံသည် ဤဥပနိဿယ ပစ္စည်းတွင် ပါဝင်သည်။ ၂၃ ပစ္စည်းတို့တွင်လည်း အာရမ္မဏာဓိပတိ ပစ္စည်းမျိုး၊ အနန္တရပစ္စည်းမျိုး၊ ဗလဝ ဖြစ်သော နာနက္ခဏိက ကမ္မ ပစ္စည်းမျိုးတို့သည်လည်း ဤပစ္စည်းတွင် ပါဝင်သည်။ ဤပစ္စည်းကို အာရမ္မဏူ ပနိဿယ၊ အနန္တရူပ နိဿယ၊ ပကတူ ပနိဿယ ဟု သုံးမျိုးခွဲထားသည်။

## အာရမ္မဏူပနိဿယ

မိမိကို အာရုံပြုသော စိတ်တို့အား အာရုံမပြုဘဲ မနေနိုင်အောင် ဆွဲဆောင် လွှမ်းမိုး အုပ်စိုးနိုင်သော အာရုံသည် (၀၁) အဓိပတိ ထိုက်သော အာရုံသည် အာရမ္မဏာဓိပတိ ဖြစ်ကြောင်းကို အဓိပတိ ပစ္စည်း ရှင်းပြချက်တွင် တင်ပြခဲ့ပြီ။ ထိုသို့ ဆွဲဆောင်

လွှမ်းမိုး အုပ်စိုးနိုင်သော (အဓိပတိ ထိုက်သော) အာရုံသည်ပင် မိမိအား အာရုံပြုသည့် စိတ်ဖြစ်ဖို့ရာ အားကြီးသော မှီရာ (ဥပနိဿယ) လည်း ဖြစ်နေပြန်သည်။ ထို့ကြောင့် အာရုံသည်ပင် အာရမ္မဏူပ နိဿယ ဟူသော အမည်ကို ရပြန်သည်။

(အာရမ္မဏူပနိဿယ ပစ္စည်း ပစ္စယုပ္ပန်သည် အာရမ္မဏာ ဓိပတိနှင့် တူသည်။)

## အနန္တရူပ နိဿယ

ရှေးရှေးသော စိတ်က မိမိ၏ အခြားမဲ့၌ နောက်နောက်သော စိတ်ကို ဖြစ်စေနိုင်သည်ကို အနန္တရပစ္စည်းတွင် ပြခဲ့ပြီ။ ယင်းစိတ် သည် နောက်စိတ်ဖြစ်ဖို့ရာ အားကြီးသော မှီရာလည်း ဖြစ်နေပြန် သည်။ ထို့ကြောင့် ထိုစိတ်သည်ပင် အနန္တရူပနိဿယ ဟူသော အမည်ကို ရပြန်သည်။

(အနန္တ ရူပနိဿယပစ္စည်း ပစ္စယုပ္ပန်သည် အနန္တရနှင့် တူ သည်။)

## ပကတူ ပနိဿယ

ပြဆိုခဲ့ပြီးသော အဓိပတိ အာရုံမျိုးနှင့် ရှေးစိတ်တို့မှ တစ်ပါး အခြားသော အားကြီးသော မှီရာများလည်း ရှိသေးသည်။ ယင်းတို့ ကို ပကတူပနိဿယ ဟု ခေါ်သည်။ ပကတူပနိဿယ၏ အဓိပ္ပာယ် ကို နှစ်မျိုးဖွင့်ဆိုကြသည်။

**(က) ပကတိ + ဥပနိဿယ = ပကတူ ပနိဿယ**

(ပကတိ = ပင်ကို = နဂို = ပြကတေ့)

ပင်ကိုအားဖြင့် (နဂိုသဘောအားဖြင့်) ပင်လျှင် အားကြီးသော မှီရာအကြောင်းသည် ပကတူပနိဿယ မည်၏။ ဤဖွင့်ဆိုချက်ကို ရှင်းပြပါမည်။

မိကောင်းဖကောင်း၊ ဆရာကောင်း၊ သမားကောင်း၊ မိတ်ဆွေကောင်းတို့ကို အမှီပြုလျှင် အမှီပြုသူသည် အလိမ္မာတရား စီးပွားချမ်းသာ တိုးတက်လာတတ်သည်။ တိုင်းပြင်တွင် ခေါင်းဆောင်ကောင်းတစ်ယောက် ပေါ်ပေါက်လာခဲ့လျှင် ထိုတိုင်းပြည်သည် ကြီးပွား တိုးတက်လာတတ်သည်။ ဤသို့ဖြစ်သည်မှာ လောကတွင် အလွန်ထင်ရှားသည်။ ဤကဲ့သို့ ဖြစ်လာရခြင်းမှာ အမှီခံရသူ၏ ပကတိ ပင်ကိုအားက ကောင်းနေခြင်း၊ အားကြီးခြင်းကြောင့် ဖြစ်သည်။ ဤကဲ့သို့ ပင်ကို အားကြီးသော မှီရာအကြောင်းတရားမျိုးတို့သည် ပကတူပနိဿယ ဖြစ်သည်။

**( ခ ) ပကတ + ဥပနိဿယ = ပကတူ ပနိဿယ**

(ပကတ = ပ + ကတ၊ ပ = ကောင်းစွာ = ကြီးကြီးကျယ်ကျယ်၊ ကတ = ပြုလုပ်ခဲ့မှု)

ရှေး၌ မိမိက ကောင်းစွာ ကြီးကြီးကျယ်ကျယ် ပြုအပ်ဖူးသည် ဖြစ်၍ နောက်၌ မိမိ၏ အားကြီးသော မှီရာသည် ပကတူပနိဿယ မည်၏ဟု နောက်တစ်နည်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ဤဖွင့်ဆိုချက်ကို ရှင်းပြပါမည်။

အတတ်ပညာတစ်ခုခုကို သင်ကြားသောသူသည် သင်ကြားစဉ်အခါက ကျေကျေပွန်ပွန် သင်ကြားခဲ့သော် ထိုအတတ်ပညာသည် နောင်အခါ၌ ထိုသူ၏ အားကြီးသော မှီရာ (ဥပနိဿယ) ဖြစ်လာသဖြင့် ပကတူပနိဿယ မည်၏။ တတ်မြောက်ပြီးသော ပညာက ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

ဒါန သီလ ဘာဝနာမှုတို့ကို ပြုခဲ့စဉ်က ကောင်းမွန်စွာ ပြုကဲ့သော် နောင်ဘဝတို့၌ ထိုဒါန၊ သီလ၊ ဘာဝနာကုသိုလ်သည် ထိုသူ၏ အားကြီးသော မှရာ (ဥပနိဿယ) ဖြစ်သဖြင့် ပကတူပနိဿယ မည်၏။ ကုသိုက်ကံဘက်တွင် ကောင်းစွာ ပွားများအပ်ပြီးသော

မဟာဂ္ဂုတ်ကုသိုလ်ကံ၊ မဂ်ကုသိုလ်ကံတို့သည် အလွန်အားကြီးသော ပကတူပနိဿယများ ဖြစ်သည်။

အကုသိုလ်ကံဘက်မှာလည်း စိတ်ရောဂါပြယ်ပါ ယက်သန်စွာ ပြုခဲ့သော် နောင်အခါ ထိုအကုသိုလ်ကံသည် ထိုပြုသူအား အပါယ် ဒုက္ခ ပွားများဖို့ရာ ပကတူပနိဿယ ဖြစ်သည်။

ပဉ္စာနန္တ ရိယကံကြီး ၅-ပါး၊ နိယတမိစ္ဆာ ဒိဋ္ဌိကံကြီး ၃-ပါး တို့သည် အကုသိုလ်ကံတို့တွင် အကြီးဆုံးသော ပကတူပနိဿယ ကြီးများ ဖြစ်သည်။ သေလွန်သော် အပါယ်သို့ မကျရောက်နိုင် အောင် မည်သည့် ကုသိုလ်ကံကမျှ မတားဆီးနိုင်။

အထက်တွင် ပကတူပနိဿယ၏ အဓိပ္ပာယ်ကို နှစ်မျိုးပြ ထားခဲ့သည်။ ပထမ အဓိပ္ပာယ်မှာ "ပင်ကိုအားဖြင့် အားကြီးသော မှီရာ"ဟူ၍ ဖြစ်သည်။ ဒုတိယအဓိပ္ပာယ်မှာ "ရှေးက ပြုခဲ့ဖူးသည် ဖြစ်၍ အားကြီးသော မှီရာ"ဟူ၍ ဖြစ်သည်။ ဤအဓိပ္ပာယ် နှစ်ခု မှာ စကားအသုံးအနှုန်း ကွဲနေသော်လည်း အတူတူပင် ဖြစ်သည်။ မကျဉ်းမကျယ်အားဖြင့် သင်္ဂြိုဟ်နိဿယတွင် အောက်ပါအတိုင်း ပြဆိုထားသည်။

## အဓိပ္ပာယ် နှစ်မျိုး

အထက်တွင် ပြခဲ့သည့်အတိုင်း ပကတူနိဿယ၏ အဓိပ္ပာယ် နှစ်မျိုး ဖွင့်ဆိုထားရာ "ပင်ကိုအားဖြင့် အားကြီးသော မှီရာ" ဟူ သည်မှာလည်း "ရှေးက ပြုခဲ့ဖူးသည်ဖြစ်၍ အားကြီးသော မှီရာပင်" ဖြစ်သည်။ စကားသုံး ကွဲသော်လည်း ဆိုလိုရင်းသဘောမှာ အတူ တူပင် ဖြစ်သည်။

## ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုပုံ

ပကတူပ နိဿယ၏ အဓိပ္ပာယ်ကို သာဓကတို့နှင့် တကွ တင်ပြခဲ့ပြီ။ ပကတူပနိဿယ၏ ကျေးဇူးပြုပုံ နယ်ပယ်သည် အလွန်

ကျယ်ဝန်းသည်။ မရေမတွက်နိုင်အောင် မြောက်မြားလှစွာသော အကြောင်းတရားတို့သည် ထိုက်သည့်အားလျော်စွာ သက်ဆိုင်ရာ ပုဂ္ဂိုလ်သတ္တဝါတို့အား (ယင်းတို့၏ စိတ်၊ စေတသိက်၊ နာမက္ခန္ဓာ တို့ား) ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြ၏။ ထိုသို့ ကျေးဇူး ပြုသည်တို့ကို ရှေးရှေးဆရာတို့က အောက်ပါအတိုင်း အပိုင်းကဏ္ဍ ခွဲခြားကာ ညွှန်ပြတော်မူခဲ့ကြသည်။ ယင်းတို့မှာ–

## အတိတ်တရားက ကျေးဇူးပြုခြင်း

ကွန်လွန်ပြီးကုန်သော မိဘဘိုးဘွား၊ ဆရာသမား၊ အတတ် ပညာရှင်၊ အသိပညာရှင်၊ ကိုးကွယ်သော ဘာသာအယူဝါဒတို့ကို သွန်သင်ညွှန်ပြခဲ့သူ၊ တိုင်းပြည်ကို အုပ်ချုပ်သော အစိုးရတို့သည် လည်းကောင်း၊ ဆိုခဲ့ပြီးသော မိဘ အစရှိသော ပုဂ္ဂိုလ်တို့၏ အတွင်း ဥစ္စာ၊ အပဥစ္စာ၊ ရိုးရာဓလေ့ထုံးစံ၊ အယူဝါဒ၊ အတတ်ပညာ အဆုံး အမ လုပ်ကိုင်ဆောင်ရွက်ခဲ့သော အမှုကိစ္စတို့သည်လည်းကောင်း၊ ယခု ပစ္စုပ္ပန်မှာ ရှိနေသော သား၊ သမီး၊ တပည့် အစရှိသည့် တိုင်းသူပြည်သား ပုဂ္ဂိုလ်အပေါင်းတို့အား လည်းကောင်း၊ နောင်လာ နောက်သားတို့အား လည်းကောင်း ကြီးပွားခြင်း၊ ဆုတ်ယုတ်ခြင်း တို့ကို ဖြစ်စေခြင်းငှာ ကုသိုလ်၊ အကုသိုလ် (သုစရိုက်၊ ဒုစရိုက်) တို့ကို ဖြစ်စေခြင်းငှာ ဆင်းရဲ၊ ချမ်းသာ၊ ကောင်းကျိုး၊ ဆိုးကျိုးတို့ ကို ခံစားစေခြင်းငှာ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

ရှေးရှေးဘဝက ပြုခဲ့ဖူးသော ကုသိုလ်ကံဟောင်း၊ အကုသိုလ် ကံဟောင်းတို့သည် နောင်ဘဝ၌ ချမ်းသာသုခ၊ ဆင်းရဲဒုက္ခကို ခံစား ကြစေရန် အားကြီးသောမှီရာ ဖြစ်သည်။ ရှေးရှေးဘဝက ပြုခဲ့သော အကျင့်၊ စရိုက်၊ ဝသီ၊ ပါရမီတို့သည် နောင်အခါ၌ ထိုအကျင့်စရိုက်၊ ဝသီ၊ ပါရမီသို့ သက်ရောက်စေရန် လည်းကောင်း၊ တစ်ချိန်ထက်

တစ်ချိန် အဆင့်ဆင့် တိုးပွား ကြီးမားသွားစေရန် လည်းကောင်း အားကြီးသော မှီရာ ဖြစ်ကုန်၏။ ဤသို့သော ဥပနိဿယ၊ အားကြီးသော မှီရာတို့သည် ပကတူပနိဿယတို့ ဖြစ်ကုန်၏။

## အနာဂတ်တရားက ကျေးဇူးပြုခြင်း

နောင်အခါတွင် ရလတ္တံ့၊ ခံစားရလတ္တံ့ ဟူသော ရှေ့အလားအလာ မျှော်လင့်ချက် ဲအနာဂတ်အကျိုးသည် ယခု ပစ္စုပ္ပန်မျက်မှောက်၌ မေ့လျော့ပေါ့ဆ၍ မနေသာအောင် အမြန်နှိုးဆော်၊ တိုက်တွန်း၊ စီရင်၊ ဖန်တီးလျက် ရှိ၏။ ယင်းအနာဂတ်အကျိုးကို ရစေခြင်းငှာ ရဟန်းရှင်လူ ပုဂ္ဂိုလ်အပေါင်းတို့သည် ကုသိုလ်ကံ၊ အကုသိုလ်ကံ ဖြစ်သော အမှုကိစ္စ ကြီးငယ်တို့ကို လုပ်ကိုင်ဆောင်ရွက်နေကြ၏။ ထို့ကြောင့် အနာဂတ်အကျိုးသည် သတ္တဝါတို့၌ အားကြီးသော မှီရာဖြစ်၍ ပကတူပနိဿယပစ္စည်းတရား ဖြစ်သည်။

အနာဂတ်ဘဝ၌ ရလတ္တံ့သော မဂ်ဖိုလ် နိဗ္ဗာန်သည် ယခု ပစ္စုပ္ပန်ဘဝ၌ ရှိကုန်သော ရဟန်းရှင်လူတို့အား ဒါန သီလ အစ ရှိသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ဆည်းပူးကြခြင်းငှာ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

## ပစ္စုပ္ပန်တရားက ကျေးဇူးပြုခြင်း

ယခု ပစ္စုပ္ပန်မျက်မှောက်၌ ရှိနေကြသော အမိအဖ၊ ဆရာသမား၊ အသိပညာရှင် – အတတ်ပညာရှင်၊ တိုင်းပြည် အုပ်ချုပ်သော အစိုးရမင်းတို့သည် သားသမီး အစရှိသည့် တိုင်းသူပြည်သားတို့အား ကြီးပွားခြင်း၊ ဆုတ်ယုတ်ခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းတို့အတွက် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

မိမိမှာ သဒ္ဓါတရား အားကောင်းသဖြင့် မိမိ၌ ကုသိုလ်တရား အဆင့်ဆင့် ဖြစ်ပွားခြင်း၊ မိမိမှာ လောဘတရား ကြီးမားသဖြင့် မိမိ

၌ အကုသိုလ်တရား အဆင့်ဆင့် ဖြစ်ပွားခြင်းတို့မှာ ထင်ရှား၏။ ဤသို့ဖြစ်ရာတွင် မိမိ၏ သဒ္ဓါတရားက မိမိအား (မိမိစိတ်အား) ကုသိုလ်တရား ဖြစ်ပွားစေရန် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ မိမိ၏ လောဘတရားက မိမိအား အကုသိုလ်တရား ဖြစ်ပွားစေရန် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

## ကာလဝိမုတ်က ကျေးဇူးပြုခြင်း

နိဗ္ဗာန်နှင့် ပညတ်သည် ဖြစ်ခြင်း၊ ပျက်ခြင်းမှ ကင်းလွတ်ကြသဖြင့် ကာလသုံးပါး မရှိကြ၍ ကာလဝိမုတ် မည်၏။ ထိုတွင် သံသရာဝဋ်ဆင်းရဲမှ လွတ်ငြိမ်းခြင်း ဟူသော နိဗ္ဗာန်တရားသည် ထိုသံသရာဘေးကို ကြောက်လန့်ကြကုန်သော ပညာရှိတို့အား ပါရမီ ၁၀–ပါး၊ ဝိသုဒ္ဓိ ၇–ပါး၊ ဗောဓိပက္ခိယတရား ၃၇–ပါးတို့ ဖြစ်ပွားကြစေခြင်း၌ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက် စသော ဒိသာပညတ်၊ ဒေသပညတ်တို့သည် သတ္တဝါတို့အား ယင်းတို့ကို အမှတ်အသားပြု၍ ကျင်လည်ကျက်စား သွားလာစေခြင်း၌ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဆေးကျမ်း၊ ဗေဒင်ကျမ်း စသော လောကီဆိုင်ရာ ကျမ်းစာ အမျိုးမျိုး၌ပါသော ပညတ်၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့မှာပါဝင်သော ပညတ်တို့သည် သတ္တဝါတို့အား အသိဉာဏ် ဖွံ့ဖြိုးစေရန်၊ အလိမ္မာတရား တိုးပွားစေရန် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ တင်ပြခဲ့သည့် သာဓကများကဲ့သို့ပင် များပြားစွာသော အကြောင်းတရားတို့သည် ထိုက်သည့်အားလျော်စွာ သက်ဆိုင်ရာ ပုဂ္ဂိုလ် သတ္တဝါတို့အား (ယင်းတို့၏ စိတ်၊ စေတသိက်၊ နာမက္ခန္ဓာတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည် ဖြစ်ရာ ယင်းသို့ ကျေးဇူးပြုပုံကို သင်္ဂြိုဟ် မြန်မာပြန်တွင် အောက်ပါအတိုင်း မကျဉ်းမကျယ် ပြဆိုထားသည်။

"ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ (တောင့်တသော တဏှာ) ဟု ဆိုအပ်ကုန်သော အကုသိုလ်တရားတို့သည် လည်းကောင်း၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဟု ဆိုအပ်သော ကုသိုလ်တရားတို့သည် လည်းကောင်း၊ ကာယကသုခသည် လည်းကောင်း၊ ကာယိကဒုက္ခသည် လည်းကောင်း၊ ကလျာဏမိတ္တ စသော ပုဂ္ဂိုလ်သည်လည်းကောင်း၊ လျောက်ပတ်သော ဘောဇဉ်သည်လည်းကောင်း၊ လျောက်ပတ်သော ဥတုသည်လည်းကောင်း၊ လျောက်ပတ်ကုန်သော ကျောင်းအိပ်ရာ နေရာသည်လည်းကောင်း၊ ထိုက်သည့်အားလျော်စွာ အဇ္ဈတ္တသန္တာန်၌လည်းကောင်း၊ ဗဟိဒ္ဓသန္တာန်၌လည်းကောင်း ကုသိုလ် အစရှိသော တရားတို့အား (ဝါ) ကုသိုလ် ၂၁၊ အကုသိုလ် ၁၂၊ ဝိပါက် ၃၆၊ ကြိယာ ၂၀ ဟူသော နာမက္ခန္ဓာတို့အား ပကူတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုတတ်ကုန်၏။

ဗလဝ ဖြစ်သော ကုသိုလ်၊ အကုသိုလ်ကံသည် ဝိပါက် ၃၆-နာမက္ခန္ဓာတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုတတ်၏။ ဤသို့ ပကတူပနိဿယပစ္စည်းသည် များသောအပြား ရှိ၏"

ဆိုခဲ့ပြီးသည့်အတိုင်း ကျေးဇူးပြုပုံသည် အလွန်တရာ ကျယ်ဝန်းသော်လည်း အကျဉ်းချုပ်လျက် အောက်ပါပစ္စည်း ပစ္စယုပ္ပန်ကို ရနိုင်သည်။

## ပကတူပနိဿယပစ္စည်း ပစ္စယုပ္ပန်

၁။ ပလဝ ဖြစ်သော (အားကြီးသော) ရှေးရှေးသော စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်နှင့် ပစ္စည်းထိုက်သော အချို့သော ပညတ်တရားတို့သည် ပကတူပနိဿယပစ္စည်းတရား ဖြစ်သည်။

(အသုဘ ပညတ်၊ ကောဋ္ဌာသ ပညတ်၊ ကသိုဏ်း ပညတ် စသည်တို့မှာ ပစ္စည်းမထိုက်။ ပုဂ္ဂိုလ်ဟူသော သတ္တဝါပညတ်၊ နေရာထိုင်ခင်း စသော ပညတ်စသာ ပစ္စည်းထိုက်သည်။)

၂။ နောက်နောက်သော စိတ် ၈၉၊ စေတသိက် ၅၂ တို့သည် ပကတူပနိဿယပစ္စယုပ္ပန်တရား ဖြစ်သည်။

ပကတူပ နိဿယ၌ ပညတ်၊ နာမ်၊ ရုပ်သည် နာမ်အား ကျေးဇူးပြုသည်။

(နာမ်တရား အစဉ်သည် ရာဂ၊ သဒ္ဓါ စသည်တို့ကို ဖြစ်စေခဲ့သည်။ ပုဂ္ဂလ စသည်တို့ကို မှီဝဲခဲ့၏။ ထိုနာမ်တရား အစဉ်သာလျှင် မိမိသည် ဖြစ်စေအပ်သော ရာဂ၊ ပုဂ္ဂလ စသည်တို့၏ အကျိုးကို ခံစားခွင့်ရှိ၏။ ထိုကဲ့သို့ မပြုတတ်သော ရုပ်တရားတို့မူကား ထိုရာဂ၊ ပုဂ္ဂလ စသည်တို့၏ အကျိုးကို ခံစားခွင့်မရှိ။ ထို့ကြောင့် ကျယ်ဝန်းစွာသော ပကတူပနိဿယသည် ရုပ်တရားတို့အား အဘိဓမ္မာအရ ကျေးဇူးမပြုနိုင်။ သုတ္တန်အားဖြင့်မူကား ရုပ်တရားတို့လည်း ကျေးဇူးပြုခြင်း ခံရသည်။)

ဤသို့ ဖြစ်လာခြင်းမှာ ရှေးကုသိုလ်က နောက်ကုသိုလ်ကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

## ပြန်လည်သုံးသပ်ခြင်း

ကျေးဇူးပြုပုံ တစ်ခုခုကို တွေ့ရသောအခါ ဥပနိဿယ ရ မရ။ ရခဲ့လျှင် မည်သည့် ဥပနိဿယမျိုး ဖြစ်သည်ကို ဆင်ခြင်ဆုံးဖြတ်နိုင်ပြီ။ ဤသို့ ဆင်ခြင်ဆုံးဖြတ်လိုသောအခါ အောက်ပါတို့ကို အာရုံပြုသင့်သည် -

ပစ္စည်းတရားသည် ပစ္စယုပ္ပန်တရား၏ အားကြီးသော မှီရာ ဖြစ်ခဲ့လျှင် ဥပနိဿယ ရသည်။ ဥပနိဿယ မရသောအခါ -

၁။ ပစ္စည်းတရားသည် အဓိပတိအာရုံ ဖြစ်ခဲ့လျှင် အာရမ္မဏူပနိဿယ ရသည်။

၂။ ပစ္စည်းတရားသည် အနန္တရပစ္စည်းတရား ဖြစ်ခဲ့လျှင် အနန္တရူပ နိဿယ ရသည်။

၃။ အထက်ပါ နှစ်ချက် မဖြစ်ခဲ့လျှင် (ဝါ) အကြောင်း (ပစ္စည်း) တရားနှင့် အကျိုး (ပစ္စယုပ္ပန်) တရားသည် တစ်ဆက်တည်း မဖြစ်ဘဲ အချိန်ကာလ တစ်ခုခု ကွာခြားနေခဲ့လျှင် ပကတူပနိဿယ ရသည်။

ဥပမာပြပါဦးမည်။ ရဟန္တာပုဂ္ဂိုလ်သည် မိမိရှေးက ပြုခဲ့ဖူးသော ဒါနကုသိုလ်ကို သတိရ၍ ဆင်ခြင်သောအခါ (ရဟန္တာဖြစ်၍) ဝမ်းမြောက်ဝမ်းသာ မဟာကြိယာဉာဏ သမ္ပယုတ်စိတ် ဖြစ်လာသည်။

ဤသို့ ဖြစ်ခြင်းမှာ ကုသိုလ်က အဗျာကတကို ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

ဒါနပြုခြင်းနှင့် မဟာကြိယာစိတ် ဖြစ်ခြင်းမှာ တစ်ဆက်တည်း မဟုတ်၊ ထို့ကြောင့် အနန္တရ မရ။ အနန္တရူပနိဿယ မရ။

ဒါနပြုချိန်နှင့် မဟာကြိယာစိတ် ဖြစ်ချိန်မှာ အချိန်ကာလ တစ်ခုခု ကွာခြားနေသောကြောင့် ပကတူပနိဿယ ရသည်။

ဝကယ်၍ ရဟန္တာပုဂ္ဂိုလ်သည် ဒါနကုသိုလ်ကို အလေးအနက် ဆင်ခြင်ခဲ့လျှင် ထိုဒါနကုသိုလ် အာရုံသည် အဓိပတိထိုက်သော အာရုံ ဖြစ်သောကြောင့် အာရမ္မဏူပနိဿယ ရသည်။

အထက်ပါ ဥပမာအတိုင်း အောက်ပါ ကျေးဇူးပြုပုံတို့ကို ဝေဖန်ဆုံးဖြတ်ပါ။

(က) သောတာပန် ပုဂ္ဂိုလ်သည် မိမိရပြီး ဖြစ်သော သောတာပတ္တိဖိုလ်ကို ဆင်ခြင်သောအခါ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ် ဖြစ်လာသည်။

(ခ) ဇော (၇) ကြိမ် ဇောရာတွင် ကုသိုလ်ဇော ဇောသောအခါ ပီတိစိတ်အစဉ်တွင် "ဝုဋ္ဌော၊ ဇော (၇) ကြိမ်၊ တဒါရုံ (၂) ကြိမ်"ဖြစ်သည်။

(ဂ) လူသားစားသော ပေါရိသာဒမင်းသည် လူ့အသား စားခြင်းကို မစွန့်ပယ်နိုင်သဖြင့် တိုင်းပြည်ထီးနန်း စည်းစိမ်ကိုပင် စွန့်ပစ်ကာ တောထဲတွင် လှည့်လည်ကျက်စားနေတော့သည်။

(ဃ) ဥစ္စာပစ္စည်းကို လိုချင်သော လောဘကြောင့် ပင်ပင်ပန်းပန်း လုပ်ကိုင်ရှာဖွေရသဖြင့် ကာယိကဒုက္ခကို ခံရသည်။

(င) ယခု ပစ္စုပ္ပန်မျက်မှောက်၌ ရှိနေကြသော အမိအဖ၊ ဆရာသမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ တိုင်းပြည်ကို အုပ်ချုပ်သော အစိုးရတို့သည် သားသမီး အစရှိသော တိုင်းသူပြည်သားတို့အား ကြီးပွားခြင်း၊ ဆုတ်ယုတ်ခြင်း၊ ချမ်းသာဆင်းရဲကို ဖြစ်စေသည်။

# အခန်း (၁၁)

## ပုရေဇာတ ပစ္စည်း

ဝိညာဏဓာတ် (၇) ပါး (စိတ်စေတသိက်တို့) ဖြစ်ပေါ်လာအောင် ဝတ္ထုရုပ် ၆-ပါးက နိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟုလည်းကောင်း၊ အာရုံ ၆-ပါးက အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ လည်းကောင်း ဟောတော်မူပြီးနောက် ဤ သို့ကျေးဇူးပြုရာတွင် သတ္တိအသီးသီးသာမက ဤသတ္တိအသီးသီးနှင့်အတူ အခြားသတ္တိ တစ်မျိုးလည်း ပါဝင်သေးသည်ကို သိစေလိုသောကြောင့် ဤ ပုရေဇာတပစ္စည်းကို ဖြည့်စွက်ဟောတော်မူခြင်းဖြစ်သည်။

### ပုရေဇာတပစ္စည်း အဓိပ္ပာယ်

"ပုရေဇာတ"ဟူသော ပါဠိစကားတွင် "ပုရေ"သည်"ရှေးဦးစွာ အရင်"ဟူ၍ လည်းကောင်း၊ "ဇာတ"သည်"ဖြစ်ခြင်း"ဟူ၍ လည်းကောင်း အဓိပ္ပာယ်ရသဖြင့် "ပုရေဇာတ"ဟူသောစကားသည် "ရှေးဦးစွာဖြစ်ခြင်း"၊ "အရင်ဖြစ်ခြင်း"ဟု အဓိပ္ပာယ်ရသည်။

ဤအဓိပ္ပာယ်အရ "ပုရေဇာတပစ္စည်း" ဆိုသည်မှာ ရှေးဦးစွာ ဖြစ်၍ ကျေးဇူးပြုသောတရား ဖြစ်သည်။

ဤအဓိပ္ပာယ်အကျဉ်းကို ရှင်းပြပါမည်။ "ပုရေဇာတ" ရှေးဦးစွာဖြစ်ခြင်းဆိုရာတွင် အရင်တင်ကြို၍ ဖြစ်ရမည့်အချိန်ကာလကို

မည်ရွေ့မည်မျှဟူ၍ ထုတ်ဖော်ကန့်သတ်ထားခြင်း မရှိပေ။ ဦး‌စွာဖြစ်ဖို အရင်ဖြစ်ဖို့သာ လိုအပ်သည်။ ပဓာနဖြစ်သည်။ အချိန်ကာလ မည်သို့မျှ မခြားဘဲ တစ်ဆက်တည်းကပ်လျက် အရင်တင်ကြို၍လည်း ဖြစ်နိုင်သည်။ တစ်စုံတစ်ခုသော အချိန်ကာလဦး၌လည်း ဖြစ်နိုင်သည်။ အရင်ကျ၍လည်း ဖြစ်နိုင်သည်။ ထို့ကြောင့် ပစ္စည်းတရားတို့က ပစ္စယုပ္ပန်တရားမဖြစ်မီ အရင်တင်ကြို၍ဖြစ်နှင့်ဖို့သာ လိုရင်းဖြစ်သည်။ ဤသို့ပစ္စည်းတရားတို့က ပစ္စယုပ္ပန်တရားတို့မဖြစ်မီ အရင်တင်ကြို၍ ဖြစ်နှင့်ပြီး ပစ္စယုပ္ပန်တရားတို့ကို ကျေးဇူးပြုခြင်းသည် ပုရေဇာတပစ္စည်း မည်၏။

ပုရေဇာတပစ္စည်းတရားတို့မှာ "ဝတ္ထု"နှင့် "အာရုံ" ဟူသော ရုပ်တရားများဖြစ်သည်။ "ဝတ္ထုရုပ်သည် မိရာနိဿယအဖြစ်ဖြင့် ဖြစ်စေ "အာရုံ" ရုပ်သည် ဆွဲကိုင်မှီရာအာရုံအဖြစ်ဖြင့် ဖြစ်စေ ပစ္စယုပ္ပန်တရားဖြစ်သောစိတ်၊ စေတသိက်နမ်တရားတို့အား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုရာ၌ ပစ္စယုပ္ပန်တရားတို့မဖြစ်မီ အရင်တင်ကြို၍ ဖြစ်နှင့်ကြသည်။

အရင်တင်ကြိုဖြစ်ပြီး ကျေးဇူးပြုသည်ဟု ဆိုရာတွင် ပစ္စည်းတရားတို့ချုပ်ပျောက်သွားပြီးနောက်မှ ကျေးဇူ‌းပြုသည်မဟုတ်။ ယင်းပစ္စည်းတရားတို့ ထင်ရှားရှိဆဲမှာပင် ပစ္စယုပ္ပန်တရားတို့ကို ကျေးဇူးပြုခြင်း ဖြစ်သည်။

**နေ့လဥပမာ**

ဤပုရေဇာတပစ္စည်းကို ကမ္ဘာဦးကစ၍ ပေါ်ထွန်းခဲ့သော နေ၊ လ နှစ်ပါးနှင့် တူသည်ဟု ရှေးဆရာစဉ်အဆက်တို့က ဥပမာပြကြသည်။ ကမ္ဘာဦးကစ၍ ပေါ်ထွန်းလာသောနေနှင့်လတို့သည် ယခုတိုင်အောင် ထင်ရှားရှိနေလျက် နေ၊ လတို့ထွက်ပေါ်လာပြီး

နောက်မှ ပေါ်ပေါက်လာကြသော သတ္တဝါအပေါင်းအား အလင်းရောင်ပေး၍ ကျေးဇူးပြုကြသည်။ ဤအတူပင် ပုရေဇာတပစ္စည်းတရားတို့က ပုရေဇာတပစ္စယုပ္ပန်တရားတို့ မဖြစ်မီ ရှေးဦးစွာဖြစ်နှင့်၍ မိမိတို့ ထင်ရှားရှိနေဆဲမှာပင် ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုကြသည်နှင့် တူသည်ဟူ၍ ရှင်းပြကြသည်။

အခြားဥပမာတစ်ခု ပြရသော် ဤပစ္စည်းသည် မိဘတို့က မိမိတို့အသက် ထင်ရှားရှိနေဆဲမှာပင် သားသမီးတို့အား ကျေးဇူးပြုသည်နှင့် တူသည်ဟုလည်း ဆိုနိုင်သည်။

## ပုရေဇာတပစ္စယသတ္တိ

ထက်တွင်ပြခဲ့သည့်အတိုင်း ကမ္ဘာဦးက ပေါ်ထွန်းခဲ့သော နေနှင့်လသည် ယခုတိုင်အောင် ထင်ရှားရှိနေလျက် နေလ ထွက်ပြီး နောက်မှ ပေါ်ပေါက်လာကြသူတို့အား အလင်းရောင်ပေး၍ ကျေးဇူးပြုသကဲ့သို့ ထိုအတူဆိုင်ရာ ပစ္စယုပ္ပန်တရားတို့အား ရှိရာဖြစ်ဖြင့်ဖြစ်စေ အာရုံအဖြစ်ဖြင့် ဖြစ်စေ ကျေးဇူးပြုနိုင်ဖို့ရာ ဆိုင်ရာပစ္စယုပ္ပန်တရားတို့ မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်၍ မချုပ်မပျောက်သေးဘဲ ထင်ရှား ရှိနေဆဲမှာပင် မိမိ၏နောက်မှ ဖြစ်ပေါ်လာသော စိတ်၊ စေတသိက် ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုနိုင်သော သတ္တိထူးသည် ပုရေဇာတပစ္စယသတ္တိ မည်၏။

## ကြောင်းကျိုးဆက်စပ်ပုံ

တာပိုဒ် (၁) မှ တာပိုဒ် (၁၀) အထိ

ဤတာပိုဒ် (၁၀) ပိုဒ်ကို တစ်ပိုဒ်စီရှင်းမပြတော့ဘဲ အားလုံးအကျုံးဝင်အောင် ခြုံငုံ၍ ရှင်းပြပါမည်။

ပထမ (၅) ပိုဒ်တို့ကို ပေါင်းယူလျှင် ပသာဒဝတ္ထုရုပ်ငါးခု (ပဉ္စဝတ္ထု)သည် ဝိညာဏဓာတ် (၅) ပါး (ပဉ္စဝိညာဏ်)ကို ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုနိုင်သည်။

ဒုတိယငါးပိုဒ်ကို ပေါင်းယူလျှင် "အာရုံငါးပါး (ပဉ္စဝတ္ထု) က ဝိညာဏဓာတ်ငါးပါး (ပဉ္စဝိညာဏ်)ကို ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်"ဟု ရနိုင်သည်။ အထက်ပါရရှိချက်နှစ်ခုကိုပေါင်းလျှင် "ပဉ္စဝတ္ထုနှင့်ပဉ္စာရုံက ပဉ္စဝိညာဏ်ကို (သက်ဆိုင်သလို) ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ယူဆနိုင်သည်။

ဤနောက်ဆုံးရရှိချက်ကို ပဉ္စဒွါရ ဝီထိဖြင့် ရှင်းပြပါမည်။ ပဉ္စဒွါရဝီထိကိုယူသော် ပသာဒဝတ္ထုရုပ်ငါးပါးနှင့် အာရုံငါးပါးသည် (သက်ဆိုင်သလို) ရှေးရှုအတူ ဥပါဒ်သည်ကစ၍ "အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော ဇော (၇) ကြိမ်၊ တဒါရုံ (၂) ကြိမ် ဖြစ်သည်ကို သိခဲ့ပြီ။

ဤဝီထိစဉ်တွင် ပဉ္စဝတ္ထုနှင့် ပစ္စည်းတို့သည် ပဉ္စဝိညာဏ် မဖြစ်မီ (အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်းဟူသော) စိတ္တက္ခဏ ၄-ချက် စော၍ဖြစ်နှင့်သည်။ ပုရေဇာတဖြစ်သည်။

ထို့ကြောင့် ပဉ္စဝတ္ထုနှင့် ပဉ္စာရုံသည် ပဉ္စဝိညာဏ်အား အရင်ဖြစ်နှင့်သော ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုနိုင်သည်။ ဤသို့ကျေးဇူးပြုရာတွင် စာပိုဒ် (၁၀) ပိုဒ်မှ ကျေးဇူးပြုပုံအားလုံး ပါဝင်သွားသည်။ ဤသို့ကျေးဇူးပြုခိုက်တွင် ပဉ္စဝတ္ထုနှင့် ပဉ္စာရုံ တို့သည် မချုပ်ပျောက်သေး၊ ထင်ရှားရှိနေဆဲပင် ဖြစ်သည်။

**စာပိုဒ် (၁၁)**

ဤစာပိုဒ်ကို ပဉ္စဒွါရဝီထိဖြင့်ပင် ရှင်းပြပါမည်။ ပဉ္စဒွါရ ဝီထိကိုယူသော် ပဉ္စာရုံသည် ပဉ္စဒွါရာဝဇ္ဇန်းမဖြစ်မီ "အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ"ဟူသော စိတ္တက္ခဏ ၃-ချက်စော၍

ဖြစ်နိုင်သည်။ ထို့ပြင် ပဋ္ဌာရုံသည် သမ္ပဋိစ္ဆိုင်း မဖြစ်မီ အတီတဘဝင် ဘဝင်စလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်ဟူသော စိတ္တက္ခဏ ၅-ချက် စော၍ ဖြစ်နိုင်သည်။ ဤသို့ဖြစ်နေရာတွင် ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းသည် မနောဓာတ်ဖြစ်သည်။ ထို့ကြောင့် ပဋ္ဌာရုံသည် မနောဓာတ်ကို ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူး ပြုသည်ဟူ၍ စာပိုဒ်တွင် ပြဆိုထားသည်။

## စာပိုဒ် (၁၂)

ဤစာပိုဒ်စတွင် "အကြင်ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ မနော ဓာတ်သည် လည်းကောင်း၊ မနောဝိညာဏ ဓာတ်သည်လည်းကောင်း၊ ဖြစ်ကုန်၏ဟူ၍ ပြဆိုချက်ကို ရှင်းပြရန်မလိုပါ။ (နိဿယပစ္စည်း) တွင် ရှင်းပြခဲ့ပြီ။

နိဿယတွင်ဆက်လက်၍ "တံ ဟဒယံ ထိုဟဒယဝတ္ထု ရုပ်သည်"ဟု ဆိုထားသည်မှာ မနောဓာတ်က အမှီပြုသော ဟဒယဝတ္ထုရုပ်ကိုလည်းကောင်း၊ မနောဝိညာဏဓာတ်က အမှီပြုသော ဟဒယဝတ္ထုရုပ်ကိုလည်းကောင်း ဆိုလိုသည်။

မနောဓာတ်က အမှီပြုသော ဟဒယဝတ္ထုရုပ်က မနော ဓာတ်အား ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုထားချက်ကို ရှင်းပြပါမည်။ ပဉ္စဒွါရဝီထိစဉ်တွင် ပဉ္စဝိညာဏ်သည် ပဉ္စဝတ္ထုကို မှီရသည်။ ပဉ္စဝိညာဏ်မှတစ်ပါး ကျန်သောစိတ်တို့သည် ပဉ္စဝတ္ထုကို မမှီကုန်။ မိမိ မိမိတို့၏ ရှေး အနန္တရစိတ်နှင့် ယှဉ်ပြိုင်၍ဖြစ်သော အသီးသီး အသီးသီးသော ဟဒယဝတ္ထုရုပ်ကိုသာ အမှီပြုကြသည်။ ထို့ကြောင့် ပဉ္စဝိညာဏ်မှတစ်ပါး ကျန်သောစိတ်တို့အား အသီးသီး သော ဟဒယဝတ္ထုရုပ်က ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဤစိတ်တို့တွင် ပဉ္စဒွါရာဝဇ္ဇန်နှင့် သမ္ပဋိစ္ဆိုင်းသည် မနောဓာတ်

ဖြစ်သည်။ ထို့ကြောင့် ဟဒယဝတ္ထုရုပ်သည် မနောဓာတ်အား ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

ထိုဟဒယဝတ္ထုသည် ကိဉ္စိကာလေ- အချို့သောကာလ၌ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ကိဉ္စိကာလေ န- အချို့သော ကာလ၌ ကျေးဇူးမပြုဟု ပြဆိုထားသည်ကို ရှင်းပါမည်။

ဘဝသစ်တစ်ခုတွင် ပထဦးဆုံးဖြစ်ပေါ်သော စိတ်တို့သည် ပဋိသန္ဓေစိတ်ဖြစ်သည်။ ထိုပဋိသန္ဓေစိတ်သည် ပဋိသန္ဓေစိတ် (ဝိပါက်စိတ်) ၁၉-ပါးထဲက တစ်ပါးပါးဖြစ်သည်။ မနောဝိညာဏဓာတ်ဟုဆိုအပ်သော စိတ် ၇၆-ပါးတွင် ပါဝင်သည်။ ထို့ကြောင့် ပဋိသန္ဓေစိတ်သည် မနောဝိညာဏဓာတ်ဖြစ်သည်။

ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို အမှီပြုရသည်။ ထိုဟဒယဝတ္ထုရုပ်သည် အရင်ဖြစ်နှင့်သည်မဟုတ်သောကြောင့် ယင်းဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေစိတ် (မနောဝိညာဏဓာတ်)အား ပုရေဇာတသတ္တိဖြင့် ကျေးဇူးမပြုနိုင်။ ထို့ကြောင့် (ဒုတိယ)ကိဉ္စိကာလေကို အချို့သောကာလဟု ဆိုအပ်သော ပဋိသန္ဓေကာလ၌ဟု မြန်မာပြန်ထားသည်။

ပဋိသန္ဓေကာလမှတစ်ပါး ပဝတ္တိကာလတွင်မူကား ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မနောဝိညာဏဓာတ်က အမှီပြုသောကြောင့် ပဝတ္တိအခါတွင် ဟဒယဝတ္ထုက မနောဝိညာဏဓာတ်ကို ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ထို့ကြောင့် ဒုတိယ "ကိဉ္စိကာလေ"ကို "အချို့သောကာလဟု ဆိုအပ်သော ပဝတ္တိအခါမှ"ဟု မြန်မာပြန်ထားသည်။

**ဝတ္ထုပုရေဇာတ**

ပထမစာပိုဒ် (၅)ပိုဒ်အရ ပဉ္စဝတ္ထုက ဝိညာဏဓာတ် ၅-ပါးကိုလည်းကောင်း၊ နောက်ဆုံးစာပိုဒ်အရ ဟဒယဝတ္ထုက မနောဓာတ်နှင့်

မနောဝိညာဏဓာတ်ကိုလည်းကောင်း၊ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပုံတို့ကို ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်သည်။ ဤသို့ရုပ်ဝတ္ထုတို့က ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသောကြောင့် ထိုသို့ ကျေးဇူးပြုပုံ ၆ ချက် တို့ကို ဝတ္ထုပုရေဇာတပစ္စည်းဟု ခေါ်သည်။

ထို့ပြင် ဤဝတ္ထုရုပ်တို့သည် ဝိညာဏဓာတ် (၇) ပါး၏မှီရာ တည်ရာလည်း ဖြစ်သည့်အတွက် နိဿယပစ္စည်းလည်း ဖြစ်သည့် အတွက် ဤပုရေဇာတကို ဝတ္ထုပုရေဇာတနိဿယပစ္စည်းဟု ခေါ်သည်။

### ဝတ္ထုပုရေဇာတပစ္စည်းပစ္စယုပ္ပန်

ဤဝတ္ထုပုရေဇာတပစ္စည်း ပစ္စယုပ္ပန်သည် ပုရေဇာတ နိဿယနှင့် တူသည်။

### အာရမ္မဏ ပုရေဇာတ

ဤပစ္စည်း ဒုတိယစာပိုဒ် (၅) ပိုဒ်အရ ပဉ္စာရုံက ပဉ္စဝိညာဏ်ကို လည်းကောင်း၊ စာပိုဒ် (၁၁) အရ ပဉ္စာရုံက မနောဓာတ်ကို လည်းကောင်း၊ ပုရေဇာတသတ္တဖြင့် ကျေးဇူးပြုသည်ကို ရှင်းပြခဲ့ပြီ။ ဤသို့အာရုံက ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသဖြင့် ဤကျေးဇူးပြုပုံ ၆–ချက်ကို အာရမ္မဏပုရေဇာတဟု ခေါ်သည်။

(ယင်းအာရုံငါးပါးသည် ပစ္စယုပ္ပန်အာရုံဖြစ်သည်ကို အာရမ္မဏ ပစ္စည်းတွင် ရှင်းပြခဲ့ပြီ။)

## ဖြည့်စွက်ချက်

အာရုံငါးပါးသည် ဝိညာဏဓာတ် ၅–ပါးနှင့် မနောဓာတ်ကို အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ကို သိခဲ့ပြီ။ သို့ရာတွင် အာရမ္မဏပစ္စည်းတွင် အာရုံ ၆–ပါးက မနောဝိညာဏဓာတ်ကို အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်

ဟူ၍ ပြဆိုခဲ့သော်လည်း ဤပုရေဇာတပစ္စည်းတွင်မူကား မည်သို့မျှ ပြဆိုထားခြင်း မရှိသည်မှာ မေးစရာပြဿနာ ရှိနေပါသည်။

ဤပြဿကို ရှေးဆရာတို့က ဤသို့ ဖြေရှင်းတော်မူခဲ့ကြသည်။

ပစ္စယနိဒ္ဒေသသည် တိုတိုတုတ်တုတ် အကျဉ်းချုပ် ဟောထားခြင်းဖြစ်၍ အကြွင်းမဲ့ပြည့်စုံသည်ဟု မဆိုနိုင်။ ပဉှာဝါရတွင် "နပ္ပန္နရုပ် ၁၈-ပါးက မနောဝိညာဏဓာတ်ကို အာရမ္မဏပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုသည်"ဟူ၍ ဟောထားခဲ့ကြောင်း၊ ထို့ကြောင့် နိပ္ဖန္နရုပ် ၁၈-ပါးက မနောဝိညာဏဓာတ်ကို အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူသော စကားရပ်ကို ဖြည့်စွက်သင့်ကြောင်းဖြင့် ရှင်းလင်း မိန့်ကြားတော်မူသည်။

ဤတွင် ဖြည့်စွက်ရမည့်စကားရပ်ကို ရှင်းပြရန် လိုအပ် လာသည်။

အာရမ္မဏပစ္စည်းတွင် အာရုံ ၆-ပါးတို့က (ဝါ) အတိတ်ရုပ် နာမ်၊ အနာဂတ်ရုပ်နာမ်၊ ပစ္စုပ္ပန်ရုပ်နာမ်၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်နှင့် ပညတ်၊ ဤတရားတို့က မနောဝိညာဏဓာတ်ကို အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်ကို ရှင်းပြခဲ့ပြီ။

သို့ရာတွင် ပုရေဇာတပစ္စည်းဆိုသည်မှာ ပစ္စည်းတရားက အရင်ဖြစ်နှင့်ပြီး မချုပ်ပျောက်သေးဘဲ ထင်ရှားရှိခိုက်မှာ ပစ္စယုပ္ပန် တရားကို ကျေးဇူးပြုသောတရားဖြစ်သောကြောင့် အထက်တွင် ပြဆိုခဲ့သော အာရမ္မဏပစ္စည်း တရားအားလုံးသည် ပုရေဇာတပစ္စည်း တရားမဟုတ်။

အတိတ်ရုပ်နာမ်နှင့် အနာဂတ် ရုပ်နာမ်သည် ထင်ရှားရှိဆဲ ပစ္စည်းတရားများ မဟုတ်သဖြင့် ပုရေဇာတပစ္စည်းတရားမဟုတ်နိုင်။ နိဗ္ဗာန်နှင့် ပညတ်သည် ကာလဝိမုတ် (ကာလသုံးပါးမှလွတ်သော)

တရားများဖြစ်၍ ပစ္စယုပ္ပန်ဟုမဆိုနိုင်။ ထို့ကြောင့် နိဗ္ဗာန်နှင့်ပညတ်သည်လည်း ပုရေဇာတပစ္စည်းတရားမဟုတ်နိုင်။ ပစ္စုပ္ပန်ရုပ်နာမ်တွင် ပစ္စုပ္ပန်နာမ်တရားတို့သည်လည်း ပုရေဇာတပစ္စည်းတရားမဟုတ်။ အကြောင်းမူကား နာမ်တရားတို့မည်သည် တစ်ခုချုပ်ပျောက်ပြီးနောက် တစ်ဆက်တည်းနောက် တရားစုဖြစ်သည့်အတွက် နာမ်တရားနှစ်ခု တစ်ပြိုင်နက်ဖြစ်သည် မဟုတ်သောကြောင့် ဖြစ်သည်။

ဤတွင် ပစ္စုပ္ပန်ရုပ်တရားသာ ကျန်တော့သည်။ ဤရုပ်တရားတို့တွင် အနိပ္ဖန္နရုပ်တို့သည် ရုပ်အစစ်များမဟုတ်ကြ။ ပရမတ်တရားများ မဟုတ်ကြ။ ထို့ကြောင့် အနိပ္ဖန္နရုပ် ၁၀-ပါးသည် ပုရေဇာတ ပစ္စည်းတရားမဖြစ်နိုင်။

ဤတွင် မနောဝိညာဏဓာတ်ကို အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုနိုင်သော အလုံးစုံသောတရားတို့အနက် ပစ္စုပ္ပန်နိပ္ဖန္နရုပ် ၁၈-ပါးသာကျန်တော့၏။ ဤကျန်သောတရားသည် မနောဝိညာဏဓာတ်ကို ပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုသည်ကို ရှင်းပြပါမည်။

နိပ္ဖန္နရုပ်ဆိုသည်မှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်လာသောရုပ်ဖြစ်သည်။ နိပ္ဖန္နရုပ် ၁၈-ပါးမှာ မဟာဘုတ်လေးပါး၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ လေးပါး၊ ပသာဒရုပ် ၅-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယ၊ ဇီဝိတ၊ အာဟာရရုပ် တို့ဖြစ်သည်။ ဤ၁၈-ပါးတွင်ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသနှင့် ဖောဋ္ဌဗ္ဗတည်းဟူသော မဟာဘုတ် ၃-ပါး (ပထဝီ၊ ဝါယော၊ တေဇော) သည် အာရုံငါးပါး ဖြစ်သည်။ ကြွင်းသောရုပ် ၁၁-ပါးသည် ဓမ္မာရုံတွင်ပါဝင်သည်။ ထို့ကြောင့် နိပ္ဖန္နရုပ် ၁၈-ပါးသည် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံနှင့် ရုပ်တရားများသာပါသော ဓမ္မာရုံဖြစ်သည်။ (ဝါ) ရုပ်တရာ များဖြစ်သည့် အာရုံ ၆-ပါးဖြစ်သည်။

## ပဋ္ဌာဒွါရဝီထိတွင် ပုရေဇာတဖြစ်ပုံ

ပဋ္ဌာရုံသည် မိမိ–မိမိနှင့်တစ်ပြိုင်နက် ဥပါဒ်သော သက်ဆိုင်ရာ ပဋ္ဌဝတ္ထုဌ္ဌ ထင်လာသည် (ထိခိုက်သည်) ဖြစ်သော် ဘဝင်စိတ်လှုပ်ရှာ သွားပြီး ပဋ္ဌဒွါရဝီထိစိတ်အဆင့်ဆင့်တို့ (ပဋ္ဌဒွါရဝဇ္ဇန်း ၊ ပဋ္ဌဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော (၇) ကြိမ်သည် ပဋ္ဌာရုံကို အာရုံပြုလျက် ဖြစ်လာကြသည်ကို သိပြီးဖြစ်သည်။

ဤဝီထိတွင် အရင်ဖြစ်နှင့်သော ပစ္စုပ္ပန်အာရုံငါးပါးသည် (သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ ကိစ္စဌ္ဌ တပ်သောစိတ်များဟု ဆိုအပ်သော) မနောဝိညာဏဓာတ်ကို ပုရေဇာတသတ္တိဖြင့် ကျေးဇူး ပြုသည်။

## မနောဒွါရ ဝီထိတွင် ပုရေဇာတဖြစ်ပုံ

မနောဒွါရကုသိုလ်ဟုဆိုအပ်သော ဘဝင်အကြည်တွင် အာရုံတစ်ခုခု ထင်လာသည်ရှိသော် ဘဝင်လှုပ်ရှားသွားပြီး မနောဒွါရဝီထိစိတ် အဆင့်ဆင့် (မနောဒွါရာဝဇ္ဇန်း၊ ဇော၊ (၇) ကြိမ်၊ တဒါရုံ (၂) ကြိမ်) ဖြစ်လာသည်။ ဤတွင် မနောဒွါရဝဇ္ဇန်း၊ ဇော၊ တဒါရုံကိစ္စတပ်သော စိတ်တို့သည် မနောဝိညာဏဓာတ် ဖြစ်သည်။

မနောဒွါရဝီထိစိတ်တို့သည် အလုံးစုံသောအာရုံကို ထိုက်သည့် အားလျော်စွာ အာရုံပြုသည်။ ဤသို့အာရုံပြုရာတွင် ပစ္စုပ္ပန်နိပ္ဖန္နရုပ် ၁၈–ပါးကိုအာရုံပြုသည့်အခါမှသာ မနောဒွါရဝီထိစိတ်တို့သည် အာရမ္မဏ ပုရေဇာတ ရသည်။ ယင်းမနောဒွါရဝီထိစိတ်တို့မှာ ကာမစိတ် ၅၄ နှင့် အဘိညာဉ် ‌ဒွေးဖြစ်သည်။

ကာမစိတ် ၅၄–ပါး မှာကား အကုသိုလ်စိတ် ၁၂၊ အဟိတ် စိတ် ၁၈၊ ကာမာဝစရ သောဘနစိတ် ၂၄ တို့ဖြစ်သည်။ အဘိညာဉ်ဒွေး

ဟူသည်မှာ ရူပကုသိုလ်အဘိညာဉ်နှင့် ရူပကြိယာအဘိညာဉ် တို့ဖြစ်သည်။ သမာဓိအား ကောင်းလှသည်ဖြစ်၍ သတ္တိထက်မြက် ရကား ရူပပဉ္စမဈာန်၌ပါသော ဉာဏ်သည်ပင် အဘိညာဉ်မည်၏။ (ဝါ) အဘိညာဏ်အဆင့်အတန်းသို့ တက်လှမ်းရသည်။ ထိုဉာဏ်နှင့် ယှဉ်သော ပဉ္စမဈာန်စိတ်ကို အဘိညာဉ်ဟုခေါ်သည်။ ကာမစိတ် ၅၄ နှင့် အဘိညာဉ်ဒွေးသည် မနောဝိညာဏဓာတ်တွင် ပါဝင်သည်။ ဤစိတ်တို့သည် ပစ္စုပ္ပန်နိပ္ဖန္နရုပ် ၁၈–ပါးကိုအာရုံပြုသည့် အခါမှ သာလျှင် အာရမ္မဏပုရေဇာတ ရသည်။ ကြွင်းသောအာရုံတို့ကို အာရုံပြုသောအခါ အာရမ္မဏ ပုရေဇာတ မရနိုင်။

(၁) ပစ္စယနိဒ္ဒေသတွင် ပြထားချက်အရ ပစ္စုပ္ပန်အာရုံငါးပါးသည် ပဉ္စဝိညာဏ်နှင့် မနောဓာတ်ကို အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

(၂) ဆရာတို့ဖြည့်စွက်ချက်အရ ပစ္စုပ္ပန်နိပ္ဖန္နရုပ် ၁၈–ပါးက ကာမစိတ် ၅၄ နှင့် အဘိညာဉ်ဒွေးကို အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ဤနှစ်ချက်ကို ပေါင်းယူလျှင် ပဋ္ဌာရုံသည် နိပ္ဖန္နရုပ် ၁၈–ပါးတွင် ပါဝင်နေသည်က တစ်ကြောင်း၊ ပဉ္စဝိညာဉ်နှင့် မနောဓာတ်သည် ကာမစိတ် ၅၄ တွင် ပါဝင် နေသည်ကတစ်ကြောင်း အာရမ္မဏပုရေဇာတပစ္စည်းနှင့် ပစ္စယုပ္ပန်သည် အောက်ပါအတိုင်းဖြစ်သည်။

**အာရမ္မဏပုရေဇာတ ပစ္စည်းပစ္စယုပ္ပန်**

၁။ ပစ္စုပ္ပန်နိပ္ဖန္နရုပ် ၁၈–ပါးသည် အာရမ္မဏပုရေဇာတ ပစ္စည်း တရားဖြစ်သည်။

(အနိပ္ဖန္နရုပ်တို့သည် ပရမတ်အစစ်မဟုတ်သောကြောင့် ပစ္စုပ္ပန်ဇကန်ဟု မဆိုနိုင်၍ အာရမ္မဏ ပုရေဇာတပစ္စည်း တရားမဖြစ်နိုင်။)

၂။ ကာမစိတ် ၅၄၊ အဘိညာဏ်ဒွေး၊ အပ္ပမညာကြဉ်သော စေတသိက် ၅၀ သည်အာရမ္မဏ ပုရေဇာတ ပစ္စုပ္ပန် တရားဖြစ်သည်။
(နိပ္ဖန္နရုပ်တို့သည် ပရမတ်တရားတို့ဖြစ်၍ သတ္တဝါပညတ် မဟုတ်သောကြောင့် သတ္တဝါပညတ်ကိုအာရုံပြု၍ဖြစ်သော အပ္ပမညာ စေတသိက်နှစ်ပါး (ကရုဏာ၊ မုဒိတာ) ကို ပစ္စယုပ္ပန်မှ ကြဉ်ရသည်။)
(ဤပစ္စည်းတွင် ရုပ်ကနာမ်ကို ကျေးဇူးပြုသည်။)

## ပြန်လည်သုံးသပ်ခြင်း

## ပုရေဇာတနှင့်ဝီထိ

ဝတ္ထုပုရေဇာတနှင့် အာရမ္မဏပုရေဇာတပစ္စည်းနှစ်မျိုးစလုံးကို ပဉ္စဒွါရဝီထိစိတ်တို့မှာ အမြဲရ၏။ မနောဒွါရဝီထိတွင်မူကား ဝတ္ထုပုရေဇာတ အမြဲရ၏။ အာရမ္မဏပုရေဇာတကိုမူကား ရံခါမှသာ ရ၏။ ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် ၁၈–ပါးတို့ အာရုံပြုသည့်အခါမှသာ ရ၏။ ဤအာရုံမှတစ်ပါး ကြွင်းကျန်သော ရုပ်တရား၊ နာမ်တရား၊ နိဗ္ဗာန်တရား၊ ပညတ်တရားတို့မှာ မနောဒွါရဝီထိစိတ်တို့အရင် ပုရေဇာတဖြစ်သည်ဟု မဆိုနိုင်၍ ယင်းတရားတို့မှာ အာရမ္မဏ ပုရေဇာတမရနိုင်။

# အခန်း (၁၂)

## ပစ္ဆာဇာတ ပစ္စည်း

"ပစ္ဆာဇာတ" ဟူသောပါဠိစကားတွင် "ပစ္ဆာ"သည် "နောက်မှ"၊ "ဇာတ" သည် "ဖြစ်ခြင်း"ဟူ၍ အဓိပ္ပာယ်ရှိသဖြင့် "ပစ္ဆာဇာတ" ဆိုသည်မှာ နောက်မှဖြစ်ခြင်း၊ နောက်ကျ၍ဖြစ်ခြင်း ဟူ၍အဓိပ္ပာယ်ရသည်။

"နောက်ကျဖြစ်ခြင်း"ဟု ဆိုရာတွင် အချိန်ကာလ မည်ရွေ့မည်မျှ နောက်ကျသည်ဟု ထုတ်ဖော်ကန့်သတ် ပိုင်းခြားထားခြင်း မရှိချေ။ ထို့ကြောင့် (အနန္တရ) အခြားမဲ့တစ်ဆက်တည်းလည်း နောက်ကျနိုင်သည်။ တစ်စုံတစ်ခုသော အချိန်ကာလ၏ နောက်မှလည်း ဖြစ်နိုင်သည်။ နောက်မှဖြစ်ဖို့ရာ နောက်ကျ၍ဖြစ်ဖို့သာ လိုရင်းဖြစ်သည်။

### ပစ္ဆာဇာတပစ္စည်းအဓိပ္ပာယ်

ပစ္ဆာဇာတဟူသည် နောက်မှဖြစ်ခြင်း၊ နောက်ကျ၍ဖြစ်ခြင်း ဟူသော အဓိပ္ပာယ်ရသည်ဟု အထက်တွင် ဆိုထားချက်အရ နောက်မှဖြစ်၍ ကျေးဇူးပြုသောတရားသည် ပစ္ဆာဇာတပစ္စည်းမည်၏။ နောက်မှ

ဖြစ်ပြီး ရှေးကဖြစ်နှင့်သောတရားကို ကျေးဇူးပြုသည်ဟု ဆိုလိုသည်။ ဤတွင် နောက်မှဖြစ်ပြီး ကျေးဇူးပြုသောတရားမှာ စိတ်၊ စေတသိက်ဟူသော နာမ်တရားဖြစ်၍ ရှေးကဖြစ်နှင့်ပြီး ကျေးဇူးပြုခြင်းခံရသော တရားမှာ ရုပ်တရားဖြစ်သည်။

အထက်ပါ ပစ္ဆာဇာတပစ္စည်း အဓိပ္ပာယ်ကို ရှင်းပြပါမည်။ စိတ်တို့သည် တစ်စိတ်ပြီးတစ်စိတ် (ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့်) အဆက်မပြတ် ဖြစ်ပေါ်ချုပ်ပျောက်နေကြသည်။ စိတ်သည် နှစ်ခု၊ သုံးခု စသည်ဖြင့် စိတ်အများတို့ တစ်ပြိုင်နက်မဖြစ်နိုင်။ တစ်ခုတည်းသာ ဖြစ်ရသည်။

ရုပ်တို့သည် စိတ်တို့၏ ဥပါဒ်တိုင်း၊ ဌီတိုင်း၊ ဘင်တိုင်းမှာ ဖြစ်ပေါ်လာကြ၍ ရုပ်သက်စေ့သောအခါ ချုပ်ပျောက်သွားကြသည်။ ရုပ်တို့သည် တစ်ခုတည်းသာမက ရုပ်ပေါင်းများစွာတို့ တစ်ပြိုင်နက်လည်း ဖြစ်နိုင်သည်။ တစ်ပြိုင်နက်မဟုတ်ဘဲလည်း ဖြစ်နိုင်သည်။

စိတ်၏ သက်တမ်းမှာ စိတ္တက္ခဏတစ်ချက်ဖြစ်၍ ရုပ်၏ သက်တမ်းမှာ စိတ္တက္ခဏ ၁၇-ချက်ဖြစ်သည်။ ထို့ကြောင့် ရုပ်တရားတစ်ခု၏ တစ်သက်တာတွင် စိတ်သည် ၁၇-ခု တစ်စိတ် ပြီးတစ်စိတ် ဖြစ်ပေါ်ချုပ်ပျောက်နေသည်။

ဤကဲ့သို့ ဖြစ်ပေါ်ချုပ်ပျောက်နေကြသော စိတ်နှင့် ရုပ်တို့တွင် နောက်မှဖြစ်သောစိတ်က အရင်ဖြစ်နှင့်သော (သက်ဆိုင်ရာ)ရုပ်ကို ထောက်ပံ့သည်။ ကျေးဇူးပြုနေသည်။ ဤသို့ကျေးဇူးပြုခြင်းကို ပစ္ဆာဇာတပစ္စည်းဟု ခေါ်သည်။

ရှေးကဖြစ်နှင့်သော ရုပ်တရားသည် မချုပ်ပျောက်သေးဘဲ ထင်ရှားရှိနေဆဲမှာပင် ကျေးဇူးပြုသည်ကို သတိပြုရသည်။ ဤပစ္စည်းသဘောတရားကို ထင်ရှားအောင် ဆရာတို့က လင်းတငယ်ကို [illegible] ရှင်းလင်းမိန့်ဆိုကြသည်။

## လင်းတငယ်ဥပမာ

လင်းတကြီးတို့သည် အသိုက်ထဲ၌ ကျန်ရစ်နေကြသော မိမိတို့ လင်းတငယ်တို့အဖို့ စားစရာ အစားအစာကို ယူဆောင်လာခြင်း အလေ့မရှိကြ။ လင်းတငယ်တို့သည်ကား မိမိတို့အဖို့ အစာ ပါလာ နိုးနိုးနှင့် မျှော်ကိုးတောင့်တကာ နေကြသည်။ အစာကိုကား မစားကြရပေ။

ဤကဲ့သို့ အစာမစားရသော်လည်း အသက်မသေဘဲ အတောင်အလက် စုံလင်၍ မိမိတို့ကိုယ်တိုင် အစာရှာနိုင်သည့် ကာလတိုင်အောင် ရှင်သန်ကြီးပြင်းလာကြသည်။ ဤသို့အစာမစားရဘဲ ကြီးပြင်းလာရခြင်းမှာ အစာကိုမျှော်ကိုးတောင့်တသော ရသတဏှာနှင့် ယှဉ်သော စေတနာက မိမိအရင်ဖြစ်နှင့်သော လင်းတငယ်၏ ရုပ်ခန္ဓာကို အထောက်အပံ့ ပေးနေသောကြောင့် ဖြစ်သည်ဟု ရှင်းပြတော်မူကြသည်။ [ယင်းစေတနာကား နောက်မှဖြစ်သော (ပစ္ဆာဇာတ) စိတ်၊ စေတသိက်တွင် ပါဝင်သောစေတနာ စေတသိက်ဖြစ်သည်။]

အခြားသိသာလွယ်ကူသော ဥပမာတစ်ခုကိုလည်း ရှေးဆရာတို့က ညွှန်ပြတော်မူကြသေးသည်။

မိုးဦးကစိုက်ပျိုးထားသော စပါးပင်တို့ကို မိုးလယ် မိုးနှောင်း၌ ရွာသွန်းသောမိုးရေက အထောက်အပံ့ပေးသဖြင့် ယင်းစပါးပင်တို့ မသေဘဲ လန်းဆန်းစည်ပင်လာခြင်းနှင့် တူသည်ဟု ရှင်းပြကြသည်။

## ပစ္ဆာဇာတပစ္စယသတ္တိ

ပြခဲ့ပြီးသော လင်းတငယ်ဥပမာအရ လင်းတငယ်တို့၏ အစာအာဟာရကို မျှော်ကိုးတောင့်တသော ရသတဏှာနှင့် ယှဉ်သော စေတနာက အစာမစားရသော်လည်း မိတို့ကိုယ်တိုင်အစာရှာနိုင်သည့်

ကာလတိုင်အောင် လင်းတငယ်တို့၏ ရုပ်ခန္ဓာအား ထောက်ပံ့ထားပေးနိုင်သကဲ့သို့ နောက်မှဖြစ်သော ပစ္စည်းတရားက ရှေးကဖြစ်နှင့်သော ပစ္စယုပ္ပန်တရားအား ထောက်ပံ့ကူညီတတ်သည့် သတ္တိထူးသည် ပစ္ဆာဇာတ ပစ္စယသတ္တိဖြစ်သည်။

## ပြန်လည်သုံးသပ်ခြင်း

ပစ္ဆာဇာတပစ္စည်းနှင့် ပုရေဇာတပစ္စည်းကို အောက်ပါ အတိုင်း နှိုင်းယှဉ် မှတ်သားသင့်သည်။

ပုရေဇာတပစ္စည်းတွင် ရုပ်တရားတို့က မိမိတို့ကြောင့် ဖြစ်ပေါ်လာသော စိတ်၊ စေတသိက်နာမ်တရားတို့ကို ယင်းနာမ်တရားတို့မဖြစ်မီ အရင်ဖြစ်နှင့်၍ ကျေးဇူးပြုသည်။ (ရုပ်ကနာမ်ကို ကျေးဇူးပြုသည်)

ပစ္ဆာဇာတပစ္စည်းတွင် နောက်မှဖြစ်သောစိတ် စေတသိက်နာမ်တရားတို့က မိမိတို့၏ အရင်ဖြစ်နှင့်သော ရုပ်တရားတို့ကို ကျေးဇူးပြုသည်။ (နာမ်ကရုပ်တရားကို ကျေးဇူးပြုသည်)

ဤသို့ကျေးဇူးပြုရာ၌ ပုရေဇာတပစ္စည်းတွင် မဖြစ်ပေါ်သေးသည်ကို ဖြစ်ပေါ်လာအောင် (ဇနက သဘောဖြင့်) ကျေးဇူးပြုသည်။ ပစ္ဆာဇာတပစ္စည်းတွင်မူကား ဖြစ်ပေါ်ပြီးသည့်ကို ထောက်ပံ့ကူညီသောအားဖြင့် (ဥပတ္ထမ္ဘကသဘောဖြင့်)ကျေးဇူးပြုသည်။

## ကြောင်းကျိုးဆက်စပ်ပုံ

စိတ် စေတသိက်ဟူသော နာမ်တရားနှင့် ရုပ်တရားတို့သည် မိမိ မိမိတို့၏ ဖြစ်မြဲဓမ္မတာ နိယာမနှင့်အညီ ဖြစ်ပေါ်ချုပ်ပျောက်နေသည်ကို ရှေ့တွင်ပြခဲ့ပြီ။ ဤသို့ဖြစ်ပေါ် ချုပ်ပျောက်နေသောစိတ်၊ စေတသိက်နာမ်နှင့် ရုပ်တရားတို့တွင် နောက်မှဖြစ်သောစိတ်၊ စေတသိက် နာမ်တရားက ရှေးကဖြစ်နှင့်သော ရုပ်တရားတို့ကို ထောက်ပံ့သမှု ကျေးဇူးပြုနေသည်။

ဤသို့ကျေးဇူးပြုနေသည့် ပစ္ဆာဇာတပစ္စည်း၏ အဓိပ္ပာယ်ကို ပစ္ဆာဇာတ (နောက်မှဖြစ်သော)၊ စိတ္တစေတသိကဓမ္မာ (စိတ်စေတသိက်တရားတို့သည်)၊ ပုရေဇာတ (ရှေးကဖြစ်နှင့်သော)၊ ဣမဿ ကာယဿ (ဤကာယအား)၊ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော (ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်)ဟူ၍ ဗုဒ္ဓရှင်တော်မြတ်က ဟောတော်မူခဲ့သည်။

ဤသို့ဟောထားချက်တွင် နိဿယဆရာက "ကာယဿ"ကို "ကာယအား"ဟု မြန်မာမပြန်ဘဲ "ဧကဇ၊ ဒွိဇ၊ တိဇ၊ စတုဇ ကာယတို့အား"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သို့ဖြစ်ရာ ကာယ ဟူသော စကားနှင့် ပတ်သက်၍ လိုအပ်သမျှကို တင်ပြပါမည်။

ကျွန်ုပ်တို့က "ကိုယ်"ဟူ၍ သုံးစွဲနေကြသောစကားသည် ပါဠိဘာသာ "ကာယ"ကို ပြုပြင်ကာ သုံးစွဲနေကြခြင်း ဖြစ်သည်။ ယင်းကာယသဒ္ဒါသည် "အပေါင်း အစု"အနက်ကို ဟောတော်မူသည်။ ရူပကာယ (ရုပ်အပေါင်းအစု)နှင့် နာမကာယ (နာမ်အပေါင်းအစု) ဟူ၍ ကာယနှစ်မျိုးရှိသည်။ ဤနေရာ၌ ပုရေဇာတဿ (ရှေး၌ ဖြစ်သော)ဟူသော စကားအရ "ကာယဿ"ကို ရူပကာယ (ရုပ်အပေါင်းအစု)ဟု ကောက်ယူရသည်။

**ဧကဇကာယ**

သတ္တဝါတစ်ဦးသည် ဘဝတစ်ခု၌ ပဋိသန္ဓေနေသောအခါ ပထမဦးဆုံး ပဋိသန္ဓေစိတ်ဖြစ်လာသည်။ ထိုသို့ ပဋိသန္ဓေစိတ် ဖြစ်လာသည် (ဥပါဒ်)နှင့် တစ်ပြိုင်နက် ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ဟူသော ရုပ်ကလာပ်စည်း ၃ စည်း၊ (ရုပ်ပေါင်း ၃၀) ဖြစ်လာသည်။ ထိုရုပ်ပေါင်း ၃၀ သည် ကံကြောင့် ဖြစ်လာသဖြင့် ကမ္မဇရုပ်ဟု ခေါ်သည်။ ထိုရုပ်အပေါင်းအစုသည် ကံတည်း ဟူသော

အကြောင်း တစ်ခုကြောင့် ဖြစ်ပေါ်လာသဖြင့် "ဧကဇကာယ"ဟု ခေါ်သည်။

(ကမ္မဇရုပ်ဟူသရွေ့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ စိတ်တို့၏ ခဏတိုင်းမှာ (ဥပါဒ်တိုင်း၊ ဌီတိုင်း၊ ဘင်တိုင်းတို့မှာ) ဖြစ်ပေါ်လာကြသည်။ ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်တို့သည် ရုပ်သက်စေ့သောအခါ ချုပ်ပျောက်သွားကြသည်။ ဤသို့ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ စုတိစိတ်မရောက်မီ ၁၇-ချက် အလိုအထိ အဆက်မပြတ်ဖြစ်နေသည်။)

## ဒွိဇကာယ

ပဋိသန္ဓေစိတ်၏ ဌီခဏ (တည်ခဏ)တွင် ပထမဦးဆုံးဖြစ်သော ဥတုဇရုပ်ကလာပ်တို့ဖြစ်လာသည်။ ထိုပဋိသန္ဓေစိတ် ဌီခဏမှာပင် ဒုတိယမြောက် ကမ္မဇရုပ်ကလာပ်လည်း ဖြစ်လာသည်။ ထိုအခါ (ပဋိသန္ဓေစိတ်၏ ဌီခဏ၌) ကံနှင့်ဥတုဟူသော အကြောင်း နှစ်ခုကြောင့်ဖြစ်သော ကမ္မဇရုပ်ကာလပ်နှင့် ဥတုဇရုပ်ကာလပ်တို့ ရှိသည်ဖြစ်ရာ ယင်းရုပ်နှစ်မျိုးကို "ဒွိဇကာယ"ဟု ခေါ်သည်။ ဥတုဇရုပ် ဖြစ်လာပုံကို (ဟေတုပစ္စည်းတွင်) ပြန်ကြည့်ပါ။

ပဋိသန္ဓစိတ်၏ ဘင်ခဏ (ပျက်ခဏ)တွင် ဒုတိယမြောက် ဥတုဇရုပ်ကလာပ်နှင့် တတိယမြောက်ကမ္မဇရုပ်ကလာပ်တို့ ဖြစ်လာကြသည်။ ထိုအခိုက်၌လည်း ဒွိဇကာယသာ ဖြစ်သေးသည်။

## တိဇကာယ

ပဋိသန္ဓေစိတ်သည် ဥပါဒ် ဌီ ဘင်အားဖြင့် ခဏငယ်သုံးချက် ကြာသောအခါ ချုပ်ပျောက်၍ ဘဝင်စိတ်တို့ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်ချုပ်ပျောက်သွားကြသည်။ ယင်းဘဝင်စိတ်တို့တွင် ပထမဘဝင် စိတ်၏ ဥပါဒ်ခဏနှင့် ပထဦးဆုံးဖြစ်သော စိတ္တဇရုပ်ကလာပ်

ဖြစ်လာသည်။ ထိုအခိုက်မှာပင် တတိယမြောက် ဥတုဇရုပ် ကလာပ်တို့နှင့် စတုတ္ထမြောက် ကမ္မဇရုပ်ကလာပ်တို့လည်း ဖြစ်ပေါ်လာသည်။ ထိုအခါ (ပထမဘဝင်စိတ်၏ဥပါဒ်ခဏ၌) ကံ၊ စိတ်၊ ဥတုဟူသော အကြောင်းသုံးခုတို့ကြောင့် ဖြစ်လာသည့် ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ ဟူသော ရုပ်ကလာပ်သုံးမျိုးရှိလာသည်။ (အာဟာရဇရုပ်ကလာပ်တို့ မဖြစ်ပေါ်မီအတွင်း) ဤသို့ဖြစ်ပေါ်လာသော ရုပ်ကလာပ်သုံးမျိုးတို့ကို "တိဇကာယ"ဟု ခေါ်သည်။ (စိတ္တဇရုပ်တို့သည် ပထမဘဝင်စိတ်၏ ဥပါဒ်ခဏကိုအစပြု၍ စိတ်တို့၏ ဥပါဒ်တိုင် ဥပါဒ်တိုင် မှာသာ ဖြစ်ပေါ်လာသည်။)

ပထမဘဝင်၏ ဌီအခိုက်၌လည်းကောင်း၊ ဘင်အခိုက်၌ လည်းကောင်း၊ ကမ္မဇရုပ်ကလာပ်နှင့် ဥတုဇရုပ်ကလာပ်အသစ်တို့ ဖြစ်ပေါ်လာသည်။ ဒုတိယဘဝင်စိတ်၏ ဥပါဒ်အခိုက်မှာ စိတ္တဇ၊ ကမ္မဇ၊ ဥတုဇရုပ်ကလာပ်သုံးမျိုး အသစ်ဖြစ်ပေါ်လာသည်။ ဒုတိယ ဘဝင်စိတ်၏ ဌီအခိုက်နှင့် ဘင်အခိုက်တွင်မူကား ကမ္မဇနှင့် ဥတုဇ ဟူသော ရုပ်ကလာပ်နှစ်မျိုးသာ အသစ်ဖြစ်ပေါ်လာသည်။

ဤသို့အစရှိသည်ဖြင့် အာဟာရရုပ်ကလာပ်တို့ မဖြစ်ပေါ်မီ အတွင်း စိတ်တို့၏ ဥပါဒ်အခိုက်တိုင်းတွင် တိဇကာယ အသစ်အသစ် ဖြစ်ပေါ်လာသည်။ ဌီအခိုက်တိုင်းနှင့် ဘင်အခိုက်တိုင်းတွင် ဒွိဇကာယ အသစ်အသစ်တို့ ဖြစ်ပေါ်လာကြသည်။

## စတုဇကာယ

ဤနည်းအတိုင်း ရုပ်ကလာပ်တို့ဆက်လက်ဖြစ်ပေါ်နေကြရာ သတ္တဝါတို့၏ ခန္ဓာကိုယ်အတွင်းသို့ ဥတုဇရုပ်ကလာပ်ဖြစ်သည့် အစားအစာသည် တစ်နည်းနည်းဖြင့် ရောက်ရှိသွားသောအခါ အာဟာရရုပ်ကလာပ်တို့ ဖြစ်ပေါ်လာသည်။ (အာဟာရရုပ်ကလာပ်

ဖြစ်ပေါ်လာပုံကို (ဟေတုပစ္စည်းတွင်ကြည့်ပါ။) ထိုအခါ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးခုတို့ကြောင့် ဖြစ်လာသည့် ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇဟူသော ရုပ်ကလာပ် လေးမျိုး ရှိလာရာ ယင်းရုပ်ကလာပ်လေးမျိုးကို "စတုဇကာယ"ဟု ခေါ်သည်။

ဤသို့အာဟာရဇရုပတို့ ဖြစ်လာသည်ကစ၍ စိတ်တို့၏ ဥပါဒ်တိုင်းတွင် စတုဇကာယ အသစ်အသစ်ဖြစ်ပေါ်လာ၍ စိတ်တို့၏ ဋ္ဌီတိုင်း၊ ဘင်တိုင်းတွင် တိဇကာယ အသစ်အသစ်တို့ ဖြစ်ပေါ်လာကြသည်။

အထက်တွင်ပြခဲ့သော ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်တို့သည် မိမိတို့၏ သက်တမ်းစေ့သောအခါ ချုပ်ပျောက်သွားကြသည်။

**စိတ်ဖြစ်စဉ်**

ပဋိသန္ဓေစိတ်သည် ဘဝင်တစ်ခု၌ ရှေးဦးဆုံးဖြစ်သော စိတ်ဖြစ်သည်။ ပဋိသန္ဓေစိတ်နောက် ဘဝင်စိတ် ၁၆-ကြိမ်ဖြစ်သည်။ ထို့နောက်အာရုံယူခွင့်ရ၍ ဝီထိစိတ် ဖြစ်လာသည်။ ထို့နောက် ဘဝင်စိတ်များ ဖြစ်လာသည်။ ဤသို့ဝီထိစိတ်နှင့် ဘဝင်စိတ်တို့သည် တစ်လှည့်စီဖြစ်နေကြရာ နောက်ဆုံး၌ စုတိစိတ်ဖြစ်လာသည်။ ဤသည်ကား ဘဝတစ်ခု၌ စိတ်တို့သည် တစ်ခုပြီးတစ်ခု အဆက်မပြတ် အနန္တရသတ္တိဖြင့် ကျေးဇူးပြုနေပုံ အကျဉ်းဖြစ်သည်။ စုတိစိတ် ချုပ်ပျောက်သွားသောအခါ စိတ်၏ဖြစ်စဉ်မှာ ပြတ်မသွားချေ။ အနန္တရ သတ္တိဖြင့် နောက်ဘဝသစ်တွင် ပဋိသန္ဓေစိတ် ဖြစ်ရပြန်သည်။

## ပဋိသန္ဓေစိတ် ပဏ္ဏာဇာတမဟုတ်

ပဋိသန္ဓေစိတ်သည် ဘဝတစ်ခု၌ ရှေးဦးဆုံးဖြစ်သော စိတ်ဖြစ်သည်။ ယင်းစိတ်၏အရင် မည်သည့်စိတ်မျှ မဖြစ်။ မည်သည့်ရုပ်မျှ မဖြစ်။ ထို့ကြောင့်ပင် ပဋိသန္ဓေစိတ်သည် ရုပ်တရား တစ်ခုခု၏ နောက်မှဖြစ်သောစိတ်မဟုတ်။ ပဋိသန္ဓေစိတ်အား

ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုနိုင်သည့် မည်သည့်ရုပ်တရားမှ မရှိ။ ထို့ကြောင့် ပဋိသန္ဓေစိတ်ကို ပစ္ဆာဇာတမတပ်။

## နောက်စိတ်နှင့် ရှေးရုပ်

ပဋိသန္ဓေစိတ်နောက် ပထမဘဝင်စိတ် ဖြစ်လာသောအခါ ကေဇကာယ၊ ပထမဒွိဇကာယ၊ ဒုတိယဒွိဇကာယတို့သည် ဖြစ်ပေါ်နေပြီ ဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင် ပထမဘဝင်စိတ်သည် နောက်မှဖြစ်သောစိတ် (ပစ္ဆာဇာတစိတ္တ)ဖြစ်၍ ကောဇကာယ၊ပထမဒွိဇကာယ၊ ဒုတိယဒွိဇကာယတို့သည် အရင်ဖြစ်နှင့်ပြီး ရုပ်တရားများ (ပုရေဇာတ ကာယ) ဖြစ်သည်။

ဒုတိယဘဝင်စိတ်ဖြစ်သောခါ (ကေဇကာယ၊ ပထမဒွိဇကာယ၊ ဒုတိယဒွိဇကာယ)နှင့် (ပထမတိဇကာယ၊ တတိယဒွိဇကာယ) တို့သည် ဖြစ်ပေါ်နေပြီဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင် ဒုတိယ ဘဝင်စိတ်သည် နောက်မှဖြစ်သောစိတ်ဖြစ်၍ ဆိုခဲ့ပြီးသည့် ကာယတို့သည် အရင်ဖြစ်နှင့်သော ရုပ်တရား (ကာယ)များ ဖြစ်ကြသည်။

ဤသို့နောက်မှဖြစ်သော စိတ်အသီးသီးနှင့် အရင်ဖြစ်နှင့်သော ရုပ်တရား (ကာယ)အသီးသီးကို ဆက်လက်ကောက်ယူနိုင်သည်။

အထက်တွင် ပြဆိုခဲ့သော နောက်မှဖြစ်သောစိတ် အသီးသီး သည် ရှေးကဖြစ်နှင့်သော သက်ဆိုင်ရာရုပ် (ကာယ)တို့အား ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ဤသို့နောက်မှဖြစ်သောစိတ်နှင့် အရင်ဖြစ်နှင့်သောရုပ်တရား တို့ကို သက်ဆိုင်သလို တွဲဖက်ကောက်ယူရမည်ကို ဖော်ညွှန်းလိုသော အနေဖြင့် နိဿယဆရာက "ပစ္ဆာဇာတာ"တွင် ပစ္ဆာဟူသောစကား တစ်လုံးတည်းသာ ပါသော်လည်း "ပစ္ဆာဇာတာ"ကို နောက်နောက်၌ ဖြစ်ကုန်သောဟူ၍ လည်း ကောင်း ၊ ဤအတူ ပုရေဇာတကို ရှေးရှေး၌

ဖြစ်ကုန်သော ဟူ၍လည်းကောင်း၊ စကားနှစ်လုံးနှစ်လုံး ထပ်ကာဖြင့် မြန်မာပြန်ဆိုထားသည်။

အထက်တွင်ပြဆိုသကဲ့သို့ပင် ပဋိသန္ဓေစိတ်နောက်၊ ပထမ ဘဝင်စိတ်ကစ၍ စုတိစိတ်တိုင်အောင် အလုံးစုံသောစိတ်အသီးသီး အရင်ဖြစ်နှင့်သောရုပ်တရားများ (ကာယများ)ရှိနေရာ ယင်းရုပ်တို့၏ နောက်မှဖြစ်သော စိတ်တို့က သက်ဆိုင်ရာရုပ်တရား (ကာယတို့)အား ပစ္ဆာဇာတသတ္တိဖြင့် ထောက်ပံ့သမှုကို ကျေးဇူးပြုသည်။

သို့ရာတွင် ခြွင်းချက်တစ်ခု ရှိနေသည်။ ဤပစ္ဆာဇာတ ပစ္စည်းတွင် နာမ်ကရုပ်ကိုကျေးဇူးပြုနေသဖြင့် နာမ်နှင့်ရုပ်နှစ်မျိုးစလုံး ရှိသော ပဉ္စဝေါကာရနှင့်သာ သက်ဆိုင်သည်။ အရူပဝိပါက်စိတ် ၄-ပါးသည် အရူပဘုံ၌သာဖြစ်၍ ပဉ္စဝေါကာရတို့နှင့်သာဆိုင်သည်။ အရူပဝိပါက်စိတ် ၄-ပါးသည် အရူပဘုံ၌ဖြစ်၍ ပဉ္စဝေါကာရဘုံတွင် မဖြစ်သောကြောင့် ယင်းစိတ် ၄-ပါးကို ကြဉ်ထားရသည်။

ထို့ကြောင့် (ပစ္ဆာဇာတာ စိတ္တစေတသိကာဓမ္မာ)နောက်နောက်၌ ဖြစ်ကုန်သောစိတ်၊ စေတသိက်တရားတို့ဆိုသည်မှာ အရူပစိတ် ၄ ပါး ကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်၌ဖြစ်သော စိတ် ၈၅၊ စေတသိက် ၅၂-တို့ဖြစ်သည်။ ယင်းတို့သည် ပစ္ဆာဇာတ ပစ္စည်းတရားများဖြစ်သည်။ ပစ္စယုပ္ပန်တရားတို့မှာ (ပုရေဇာတ ကာယ) ရှေးရှေး၌ဖြစ်ကုန်သော ရုပ်တရား (ကာယ) များဖြစ်သည်။

## ကျေးဇူးပြုပုံ

(အောက်ပါဖြစ်မြဲဓမ္မတာ နိယာမကို အလေးဂရုပြုသင့်သည်။)

စိတ်သည် မိမိ၏ ဥပါဒ်(ဖြစ်)အခိုက်၌သာ အားရှိသည်ဖြစ်၍ စိတ်သည် မိမိ၏ဥပါဒ်အခိုက်၌ အခြားတရားကို ကျေးဇူးပြုနိုင်သည်။ အခြားတရား၏ ကျေးဇူးပြုခြင်းကို ခံယူနိုင်သည်။

ရုပ်သည် မိမိ၏ ငှိ (တည်)အခိုက်၌သာ ရှိသည်ဖြစ်၍ ရုပ်သည် မိမိ၏ ငှိအခိုက်၌ အခြားတရားကို ကျေးဇူးပြုနိုင်၍ အခြားတရား၏ ကျေးဇူးပြုခြင်းကို ခံယူနိုင်သည်။)

## ပထမဘဝင်စိတ်က ကျေးဇူးပြုပုံ

ပဋိသန္ဓေစိတ်၏ ဥပါဒ်အခိုက်၊ ငှိအခိုက်နှင့် ဘင်အခိုက် အသီးသီး၌ဖြစ်သော (အစဉ်အတိုင်း) ဧကဇကာယ၊ ပထမဒွိဇကာယ၊ ဒုတိယဒွိဇကာယတို့သည် ပထမဘဝင်စိတ်၏ ဥပါဒ်အခိုက်၌ မိမိတို့၏ ငှိအခိုက်သို့ ရောက်နေသည်။ သို့ဖြစ်ရာ နောက်မှဖြစ်သော ပထမဘဝင်စိတ်က မိမိ၏ဥပါဒ်အခိုက်၌ ရှေးကဖြစ်နှင့်သော မိမိ မိမိတို့၏ ငှိအခိုက်သို့ ရောက်နေသော ဆိုခဲ့သော ကာယသုံးခုကို ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုထောက်ပံ့သည်။

## ဒုတိယဘဝင်စိတ်က ကျေးဇူးပြုခြင်း

ပထမဘဝင်စိတ်၏ ဥပါဒ်အခိုက်၊ငှိအခိုက်၊ ဘင်အခိုက် အသီးသီး၌ ဖြစ်လာသော (အစဉ်အလိုက်) ပထမတိဇကာယ၊ တတိယဒွိဇကာယ၊ စတုတ္ထ ဒွိဇကာယတို့သည် တတိယဘဝင်စိတ် ဥပါဒ်အခိုက်၌ မိမိ မိမိတို့၏ ငှိသို့ရောက်နေပြီဖြစ်ရာ နောက်မှဖြစ်သော ဒုတိယဘဝင်စိတ်က မိမိ၏ ဥပါဒ်အခိုက်၌ ရှေးကဖြစ်နှင့်သော အဆိုပါ ကာယသုံးခုကိုလည်းကောင်း၊ ပထမဘဝင်စိတ်က ကျေးဇူး ပြုခဲ့သော မချုပ်သေးသော ကာယသုံးခုကိုလည်းကောင်း ကျေးဇူး ပြုသည်။

နောက်မှဖြစ်သော ဒုတိယဘဝင်စိတ်က မိမိ၏အရင် ဖြစ်နှင့်သော မချုပ်သေးဘဲ ငှိအခိုက်၌ရှိနေဆဲဖြစ်သော ကာယ ဟူသရွေ့ကို ပစ္ဆာဇာတ သတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုလိုသည်။

ဤအတူ တတိယဘဝင်စိတ် စတုတ္ထဘဝင်စိတ်**တို့**ကစ၍ ၁၆–ခုမြောက် ဘဝင်စိတ်အထိဖြစ်သော နောက်နောက်သော စိတ်

အသီးသီးသည် မိမိ မိမိတို့၏ အရင်ဖြစ်နှင့်ပြီး မချုပ်သေးဘဲ ဌီအခိုက်ရောက်နေဆဲဖြစ်သော ရှေးရှေးသော ဧကဇကာယ အစရှိသည့် ကာယတို့အား ကျေးဇူးပြုသည်။

ပဋိသန္ဓေကမ္မဇရုပ် (ဧကဇကာယ)သည် ၁၆–ခမြောက် ဘဝင်စိတ်၏ ဘင်နှင့်အတူရုပ်သက်စေ့၍ ချုပ်ပျောက်သည်။ ပထမ ဒွိဇကာယသည် ပထမဘဝင်စိတ် ၁၆–ခု၏ နောက်တစ်ဆက်တည်း ဖြစ်သော စိတ်၏ဥပါဒ်အခိုက်၌ မိမိ၏ဘင်သို့ရောက်၍ ချုပ်ပျောက် သည်။ ထို့နောက် ပထမဘဝင်စိတ်၏ ၁၆–ခု၏ နောက်အခြားမဲ့ စိတ်သည် မိမိ၏ဥပါဒ်အခိုက်၌ ဧကဇကာယကိုလည်းကောင်း၊ ပထမဒွိဇကာယကိုလည်းကောင်း ကျေးဇူးမပြုနိုင်တော့ပေ။ ဒုတိယဒွိဇ ကာယကိုမူကား ဌီအခိုက်၌ ရှိနေသောကြောင့် ကျေးဇူးပြုနိုင်သည်။ ထို့ပြင် ပထမဘဝင်စိတ် ၁၆–ခုတို့၏ ဥပါဒ်အခိုက်၊ ဌီအခိုက်၊ ဘင်အခိုက်၌ ဖြစ်သော ကာယဟူသမွေ့ကိုလည်း ကျေးဇူးပြုသည်။

ဤအတူပင် ဆိုခဲ့ပြီးသော စိတ်၏နောက်တွင်ဖြစ်သော စိတ်အားလုံးသည် မိမိ မိမိတို့က ရှေးကစိတ် ၁၆–ခု၏ ဥပါဒ်အခိုက် ဌီအခိုက် ဘင်အခိုက်များဖြစ်သော ကာယဟူသမွေ့ကိုလည်းကောင်း၊ ထိုစိတ် ၁၆–ခု၏ ရှေ့က ကပ်လျက် အခြားမဲ့စိတ်၏ ဘင်အခိုက်မှ ဖြစ်သော ကာယကိုလည်းကောင်း ကျေးဇူးပြုသည်။

တင်ပြခဲ့သော ကျေးဇူးပြုပုံတို့ကို အကျဉ်းချုပ်လျှင် အောက်ပါ အတိုင်း ရနိုင်သည်။

ပထမဘဝင်စိတ်ကစ၍ ၁၆–ခုမြောက် ဘဝင်စိတ်အထိ ဖြစ်သော ဘဝင်စိတ် ၁၆–ခုအသီးသီးသည် မိမိ မိမိတို့၏ အရင် ဖြစ်နှင့်ပြီး ဌီအခိုက်ရောက်ဆဲဖြစ်သော ဧကဇကာယ အစရှိသည့် ကာယဟူသမွေ့ကို ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ပထမဘဝင်စိတ် ၁၆–ခု၏ နောက်၌ဖြစ်သောစိတ် ၁၆–ခု တို့၏ ဥပါဒ်အခိုက်၊ ဌီအခိုက်၊ ဘင်အခိုက်ဖြစ်သော ကာယဟူသရွေ့ ကိုလည်းကောင်း၊ ယင်းစိတ် ၁၆–ခု၏ ရှေ့ကကပ်လျက် တစ်ဆက် တည်းဖြစ်သော စိတ်၏ဘင်အခိုက်၌ဖြစ်သောကာယကို လည်းကောင်း၊ ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

## ပစ္ဆာဇာတပစ္စည်း ပစ္စယုပ္ပန်

၁။ အရူပဝိပါက်စိတ် ၄–ပါးကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်သောစိတ် ၈၅၊ စေတသိက် ၅၂–သည် ပစ္ဆာဇာတ ပစ္စည်းတရားဖြစ်သည်။ (တစ်နည်းဆိုသော်) ပဋိသန္ဓေစိတ်မှ တစ်ပါး ရုပ်ရှိရာဘုံ၌ ဖြစ်ကြသော အလုံးစုံသော စိတ်၊ စေတသိက်၊ နာမ်တရားတို့သည် ပစ္ဆာဇာတပစ္စည်းတရား ဖြစ်သည်။

၂။ ပဋိသန္ဓေအရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ရုပ်၏ ဌီသို့ရောက်သော ဧကဇ၊ ဒွိဇ၊ စတုဇကာယတို့သည် ပစ္ဆာဇာတပစ္စယုပ္ပန် တရားဖြစ်သည်။

(ရူပ ၁၅–ဘုံ၌ဖြစ်ကြသော ဗြဟ္မာတို့မှာ ရှာန်ချမ်းသာ၌ ဝမ်းမြောက်မှုဟူသော ပီတိဟူသောအစာကို မှီဝဲလျက် ကပ်ကမ္ဘာပေါင်း များစွာ တည်နေနိုင်သော သတ္တဝါများဖြစ်ကြသည်။ ယင်းဗြဟ္မာတို့မှာ အာဟာရဇ ရုပ်မရှိ။ ထို့ကြောင့် တိဇကာယအားသာ ကျေးဇူး ပြုနိုင်သည်။)

နောက်မှဖြစ်သော စိတ်တစ်ခုစီ တစ်ခုစီက အရင်ဖြစ်နှင့် သော ကာယ (ရုပ်တရား)တို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူး ပြုသည်ကို အထက်တွင်ပြခဲ့ပြီ။ ယခု (အခြားတစ်နည်းအားဖြင့်) အရင်ဖြစ်နှင့်သော ကာယတစ်ခုစီကို (ရုပ်အစုတစ်ခုစီကို) နောက်မှ ဖြစ်သော စိတ်များတို့က ကျေးဇူးပြုပုံကို တင်ပြပါမည်။

## ဧကောကာယကို ကျေးဇူးပြုပုံ

ပဋိသန္ဓေစိတ် ဥပါဒ်သောအခါ (ဖြစ်လာသောအခါ) ပဋိသန္ဓေကမ္မဇရုပ်ဟု ခေါ်ဆိုအပ်သော ဧကေဇာကာယသည် ယင်းပဋိသန္ဓေစိတ်နှင့် အတူတစ်ပြိုင်နက် ဥပါဒ်သည် (ဖြစ်လာသည်)။ ပဋိသန္ဓေစိတ်၏ ဋီအခိုက်၌ ယင်းဧကေဇာကာယသည် မိမိ၏ဋီသို့ စတင်ရောက်ရှိလာ၍ ၁၆–ခုမြောက် ဘဝင်စိတ်၏ ဘင်နှင့်အတူ (ရုပ်သက်စေ့၍) ချုပ်ပျောက်သွားသည်။ ယင်းသို့ဖြစ်ရာ ၁၆–ခုမြောက်ဘဝင်စိတ်၏ ဥပါဒ်အခိုက်၌ ယင်းဧကေဇကာယသည် မိမိ၏ဋီ၌ပင် ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် ပထမဘဝင်မှစ၍ ၁၆–ခုမြောက် ဘဝင်စိတ်အထိဖြစ်သော စိတ် ၁၆–ခုတို့က မိမိ မိမိတို့၏ ဥပါဒ်အခိုက်၌ အရင်ဖြစ်နှင့် သောဋီအခိုက်၌ ရှိဆဲဖြစ်သော ဧကေဇကာယကို နောက်မှဖြစ်သော ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

## ပထမဒွိဇကာယကို ကျေးဇူးပြုခြင်း

ပဋိသန္ဓေစိတ်၏ ဋီအခိုက်၌ ပထမဒွိဇကာယ ဖြစ်လာသည်။ (ဥပါဒ်သည်) ယင်းပထမဒွိဇကာယသည် ပဋိသန္ဓေစိတ်၏ ဘင်အခိုက်မှစ၍ မိမိ၏ဋီသို့ စတင်ရောက်လာပြီး ပထမဒွိဇကာယသည် ၁၆–ခုမြောက်ဘဝင်စိတ်၏ နောက် တစ်ဆက်တည်းဖြစ်သော စိတ်၏ ဥပါဒ်အခိုက်၌ ချုပ်ပျောက်သွားသည်။ သို့ဖြစ်၍ ၁၆–ခုမြောက်ဘဝင်စိတ် ဥပါဒ်သောအခါ (ဖြစ်သောအခါ) ယင်းဒွိဇကာယသည် မိမိဋီ၌ပင် ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် ပထမဘဝင်စိတ်တွင် ၁၆–ခုမြောက် ဘဝင်စိတ်အထိဖြစ်သော စိတ် ၁၆–ခုတို့က မိမိ မိမိတို့၏ ဥပါဒ်အခိုက်၌ ရှိနေဆဲဖြစ်သော အရင်ဖြစ်နှင့်သော ထိုပထမဒွိဇကာယကို ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

## ဒုတိယ ဒွိဇကာယကိုကျေးဇူးပြုပုံ

ပဋိသန္ဓေစိတ်၏ ဘင်အခိုက်၌ ဒုတိယဒွိဇကာယ ဖြစ်လာသည်။ ပထမဘင်ဥပါဒ်အခိုက်၌ ယင်းဒုတိယဒွိဇကာယသည် မိမိ၏ဌီသို့ စတင်ဝင်ရောက်လာသည်။ ၁၆–ခုမြောက် ဘဝင်စိတ်၏ နောက်တစ်ဆက်တည်းဖြစ်သော စိတ်၏ ဌီအခိုက်၌ ရုပ်သက်စေ့ပြီ ဖြစ်၍ ချုပ်ပျောက်သွားသည်။ သို့ဖြစ်ရာ ၁၆–ခုမြောက် ဘဝင်စိတ်၏ နောက်တစ်ဆက်တည်း စိတ်၏ဥပါဒ်အခိုက် ယင်း ဒုတိယ ဒွိဇကာယသည် မိမိ၏ဌီ၌ပင် ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် ပထမဘဝင်စိတ်က အစပြု၍ ထို ၁၆–ခုမြောက် ဘဝင်စိတ်၏နောက်တစ်ဆက်တည်းဖြစ်သော စိတ်အထိ ၁၇–ခုသော စိတ်တို့က မိမိမိမိတို့၏ ဥပါဒ်အခိုက်၌ ဌီသို့ ရောက်နေဆဲဖြစ်သော အရင်ဖြစ်နှင့်သော ယင်းဒုတိယ ဒွိဇကာယကို ကျေးဇူးပြုသည်။

အထက်ပါကဲ့သို့ပင် အခြားအခြားသော စိတ်တို့က ဥပါဒ်တိုင်း ဌီတိုင်းမှာ ဖြစ်လာသော မည့်သည့်ကာယကိုမဆို (ရုပ်တရားကိုမဆို) ယင်းတို့၏ ဌီအခိုက်တွင် နောက်မှဖြစ်သော စိတ် ၁၆–ခုက မိမိမိမိတို့၏ ဥပါဒ်တိုင်းမှာ ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ အခြားအခြားသော စိတ်၏ ဘင်တိုင်းမှာ ဖြစ်လာသော မည်သည့်ကာယကိုမဆို ယင်းတို့၏ ဌီအခိုက်တွင် နောက်မှဖြစ်သော စိတ် ၁၇–ခုက မိမိ၏ဥပါဒ်အခိုက်၌ ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

## ပြန်လှည့်သုံးသပ်ချက်

ပုရေဇာတ (ရှေး၌ဖြစ်သော) ဤပုရေဇာတနိဿယတွင် "ပုရေဇာတဿ၊ ကာယဿ"ကို ရှေး၌ဖြစ်သောကာယအားဟု မြန်မာပြန်ထားသည်။ ပုရေဇာတ(ရှေး၌ဖြစ်သော)ဟူသော စကား၏ အဓိပ္ပာယ်ကို အခြားနေရာတို့တွင် မည်သို့ပြဆိုထားသည်ကို တင်ပြလိုပါသည်။

နိဿယတွင် မကြာမီဖတ်ရှုရမည့် ဝိပ္ပယုတ္တပစ္စည်းကို အောက်ပါအတိုင်း ပြဆိုထားသည်။

"ပထမဘဝင်အစရှိသော နောက်နောက်၌ဖြစ်သည့်စိတ် ၈၅၊ နာမက္ခန္ဓာတို့သည် ရှေ့စိတ္တလက္ခဏာတစ်ချက်နှင့် ဥပါဒ်ပြိုင်သော ကေဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယတို့အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။"

ဤတွင်"ရှေ့စိတ္တက္ခဏ တစ်ချက်နှင့် ဥပါဒ်ပြိုင်သောဟု ဆိုသောစကားသည် ပုရေဇာတ (ရှေး၌ဖြစ်သော) ဟူသောစကားကို အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းဖြစ်သည်။

"ရှေ့"ဟူသောစကားသည် ရှေး၊ ရှေးဦး၊ ရှေးဦးစွာ၊ အရင်ဟူသောစကားတို့နှင့် အဓိပ္ပာယ်တူသည်။

စိတ္တက္ခဏဟူသည်ကား စိတ်၏ ဥပါဒ် ဌီ ဘင် (ဖြစ် တည် ပျက်) ဟူသော အခိုက်အတန့် ၃-ခု အပေါင်းဖြစ်သည်။ ခဏငယ်သုံးချက် အပေါင်းဖြစ်သော "ဥပါဒ်ပြိုင်"ဟူသည်ကား တစ်ပြိုင်နက်ဥပါဒ်သည် တစ်ပြိုင်နက်ဖြစ်သည်ဟု ဆိုလိုသည်။ ဤနေရာ၌ ရုပ်တို့သည် စိတ်တို့၏ ဥပါဒ်တိုင်း၊ ဌီတိုင်း၊ ဘင်တိုင်းတွင် ဖြစ်လာကြ၍ ရုပ်သက်စေသောအခါ ချုပ်ပျောက်သွားသည်ဟူသော ရုပ်တို့ကို ဖြစ်မြဲဓမ္မတာ နိယာမသဘောတရားကို သတိပြုသင့်သည်။

ထို့ကြောင့် ရှေ့စိတ္တက္ခဏနှင့် ဥပါဒ်ပြိုင်ဟူသော စကားသည် ရှေ့စိတ်၏ ဥပါဒ် (ဖြစ်) အခိုက်၊ ဌီ (တည်) အခိုက်၊ ဘင် (ပျက်) အခိုက်တို့၌ အခိုက်အတန့် ၃-ခု အသီးသီးနှင့် တစ်ပြိုင်နက်ဖြစ်သည်ကို ဆိုလိုသည်။ ဤနေရာ၌ ရှေ့စိတ်ဟူသည်မှာ ရှေ့ကကပ်လျက်ဖြစ်သော စိတ်တစ်ခုတည်းကိုသာ ဆိုလိုသည်မဟုတ်။ အရင်ဖြစ်နှင့်သော စိတ်ဟူသမျှကို ဆိုလိုသည်။

"ဥပါဒ်ပြိုင်"ဟူသောစကားကို (စိတ်နှင့်ရုပ်) ဥပါဒ်ချင်းပြိုင်သည်။ စိတ်ဥပါဒ်သောအခါ ရုပ်လည်းဥပါဒ်သည်ဟူ၍ အဓိပ္ပာယ်ကောက်ယူလျှင် စိတ်၏ ဥပါဒ်အခိုက်၌သာဖြစ်သော ရုပ်တရား (ကာယ)ကိုသာ ဆိုရာရောက်နေသည်။ စိတ်၏ ဌီအခိုက်၌လည်းကောင်း၊ ဘင်အခိုက်၌လည်းကောင်း ဖြစ်လာသောရုပ်တရား (ကာယ)များ ကျန်နေသဖြင့် ယင်းတို့ကို ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုနိုင်တော့မည်မဟုတ်။ ဤသို့လည်းမဖြစ်နိုင်။ ထို့ကြောင့် ရှေ့စိတ္တလက္ခဏတစ်ချက်နှင့် ဥပါဒ်ပြိုင်သော ကာယဆိုသည်မှာ ရှေ့စိတ် (အရင်ဖြစ်နှင့်စိတ်)၏ ဥပါဒ်အခိုက်၊ ဌီအခိုက်၊ ဘင်အခိုက်၌ဖြစ်သော ဧကဇကာယ အစရှိသော ကာယတို့ကို ဆိုလိုသည်။

တစ်ဖန် သင်္ဂြိုဟ်မြန်မာပြန်တွင်လည်း "ပုရေဇာတဿ ဣမဿ ကာယဿ"ကို "ရှေးရှေး၌ဖြစ်သော ဤသို့သဘောရှိသော ပဋိသန္ဓေအစရှိသော ရှေးရှေး၌ဖြစ်သော စိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ တို့အားဟု မြန်မာပြန်ထားသည်ကို တွေ့ရသည်။

ဤမြန်မာပြန်တွင် "ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍" ဟူသော စကားသည် ထက်တွင်ပြဆိုခဲ့သည့် "ရှေ့စိတ္တက္ခဏ တစ်ချက်နှင့်အတူ ဥပါဒ်ပြိုင်သောစကားနှင့် အဓိပ္ပာယ်အတူတူပင် ဖြစ်သည်။ စိတ်၏ ဥပါဒ်အခိုက် ဌီအခိုက်၊ ဘင်အခိုက်။ ဤအခိုက်အတန့် သုံးကြိမ်စလုံးမှာ ဖြစ်(ဥပါဒ်)သည်ဟု ဆိုလိုခြင်း ဖြစ်သည်။ စိတ်ဥပါဒ်သည်နှင့် တစ်ပြိုင်နက် ဥပါဒ်သည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ "ရုပ်၏ဌီသို့ရောက်သော" ဟူသောစကားမှာ "ရုပ်တို့သည် မိမိ၏ ဌီအခိုက်၌ အားရှိသည်ဖြစ်၍. ဌီအခိုက်မှာသာ အခြားတရား တို့၏ ကျေးဇူးပြုခြင်းကို ခံယူနိုင်ကြောင်း ထင်ရှားစေလိုသောကြောင့် ဖြစ်သည်။

အထက်တွင်ရှင်းပြချက်တို့အရ ပစ္စယုပ္ပန်တရားဖြစ်သော "ပုရေဇာတဿ ဣမဿ ကာယဿ" ဟူသော စကားရပ်၏ အဓိပ္ပာယ် အပြည့်အစုံမှာ "ပဋိသန္ဓေစိတ်၏ ဥပါဒ်အခိုက်၌ဖြစ်သော (ဥပါဒ်ဖြစ်သော) ကမ္မဇရုပ်အပေါင်း ဧကဇကာယကို အစပြု၍ ရှေ့ကဖြစ်နှင့်သော စိတ်အသီးသီး၏ ဥပါဒ်အခိုက်၌လည်းကောင်း၊ ဌီအခိုက်၌လည်းကောင်း၊ ဘင်အခိုက်၌လည်းကောင်း အတူပြိုင်၍ ဖြစ်သော (ဥပါဒ်သော) ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ တို့အားဟူ၍ ဖြစ်သည်။

# အခန်း (၁၃)

## အာသေဝန ပစ္စည်း

### "အသေဝနာ" နှင့် "အာသေဝန"

မင်္ဂလသုတ်တွင်ပါသော မင်္ဂလာတရား "အသေဝနာစ ဗာလာနံ"ဟူသော စကားတွင်ပါသည့် "အသေဝန"ဟူသော စကားသည် "အ" နှင့် "သေဝန" စကားနှစ်လုံးကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ "အ"သည် ဆန့်ကျင်ဘက်ဖြစ်ခြင်း၊ တားမြစ်ခြင်း အဓိပ္ပာယ်ရ၍ "သေဝန"သည် မှီဝဲခြင်း၊ ဆည်းကပ်ခြင်း အဓိပ္ပာယ်ရသဖြင့် "အသေဝနာစ ဗာလာနံ" ဆိုသည်မှာ လူမိုက်တို့ကို မပေါင်းနှင့်ဟု ဆိုလိုကြောင်း နားလည်ကြသည်။

"အာသေဝနံ"ဟူသော စကားတွင်မူကား "အာ"သည် အကြိမ်ကြိမ် အဖန်အဖန်ဟူ၍လည်းကောင်း၊ "သေဝန"သည် ထုံခြင်း၊ ပွားခြင်း၊ မှီဝဲခြင်းဟူ၍လည်းကောင်း အဓိပ္ပာယ်ရှိသည်။ ထို့ကြောင့် "အာသေဝနပစ္စည်း"ဆိုသည်မှာ အဖန်တလဲလဲ မှီဝဲအပ်၊ ထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုသောတရားဖြစ်သည်။ ထုံခြင်း၊ မှီဝဲခြင်းဆိုသည်မှာ တစ်မျိုးတည်းကို ထပ်တလဲလဲပြုလုပ်ခြင်း၊ လေ့ကျင့်ခြင်းသဘော ဖြစ်သည်။ ဘာဝနာဟူသော ပါဠိစကားနှင့် အဓိပ္ပာယ်တူသည်။

(အာသေဝနဟူသော စကားတွင် "အာ"၌ ရေးချပါသဖြင့် "အသေဝန"ဟု မရွတ်ဘဲ "အာသေဝန"ဟု ရွတ်ဆိုမှသာ ဤအဓိပ္ပာယ်ရကြောင်း သတိပြုပါ။)

**အာသေဝနကျေးဇူး**

အာသေဝနဆိုသည်နှင့်အညီ တစ်မျိုးတည်းကိုပင် အကြိမ်ကြိမ် အထပ်ထပ် ထုံခြင်း၊ ပွားခြင်း၊ လေ့ကျင့်ခြင်းဖြင့် သက်ဆိုင်ရာ အလုပ်ကိစ္စ အတတ်ပညာတို့၌ အလေ့အထာရ၍၊ ကျင့်သားရ၍၊ ကျင်လည်လာ၍ ချောမောလွယ်ကူလာသည်။ ဤသဘောတရားကို ပေါ်လွင်ထင်ရှားအောင် ဥပမာတို့ဖြင့် ရှင်းလင်းပြပါမည်။

**စာကျက်ခြင်း**

စာတစ်ပုဒ်ကို နှုတ်တက်အလွတ်ရအောင် အကြိမ်ကြိမ် အထပ်ထပ် ရွတ်အံကြရာတွင် ပထမအကြိမ်ထက် ဒုတိယအကြိမ်က လည်းကောင်း၊ ဒုတိယအကြိမ်ထက် တတိယအကြိမ်ကလည်းကောင်း၊ တတိယအကြိမ်ထက် စတုတ္ထအကြိမ်ကလည်းကောင်း ဤသို့ အစရှိသည်ဖြင့် တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုချောမောလွယ်ကူလာ သည်။ ဤသို့ချောမော လွယ်ကူလာသည်မှာ ပထမအခေါက်၊ ဒုတိယအခေါက်၊ တတိယအခေါက် စသည်ဖြင့် ကျက်ခဲ့ခြင်းသည် အလဟဿ အလကားဖြစ်မသွားဘဲ နောက်ဆက်၍ဆက်၍ ကျက်ခြင်းကို ထောက်ပံ့မှုကျေးဇူးပြုခြင်းကြောင့် ဖြစ်သည်။ ဤသို့အကျိုးပြုသဖြင့် ထပ်ကာထပ်ကာ လေ့ကျက်ပါများလာသော အခါ နှုတ်တက်အလွတ်ရလာသည်။ ဤသို့ထပ်ကာထပ်ကာ ရွတ် အံခြင်းသည် "အာသေဝန"ဖြစ်သည်။

**ကျွမ်းဂန်ဥပမာ**

ကျွမ်းဂန်တစ်ခုကိုယူရာ၌ ရှေးဦးပထမ သင်ခါစတွင် ခက်ခဲသော်လည်း အလေ့အလာများလာသောအခါ တဖြည်းဖြည်း

အရှိန်ရ၍ လွယ်ကူလာသည်။ ဤသို့ဖြစ်ခြင်းမှာ ရှေးရှေးသော သင်ယူလေ့လာမှုက နောက်နောက်သော သင်ယူလေ့လာမှုကို လွယ်ကူအောင် ထောက်ပံ့သမှု ကျေးဇူးပြုသောကြောင့် ဖြစ်သည်။

**နံ့သာဥပမာ**

အဝတ်အထည်ကို နံ့သာအမွှေးအကြိုင်တို့ဖြင့် အကြိမ်ကြိမ် အထပ်ထပ် ထုံမွမ်းပေးရာတွင် ရှေးရှေးသောထုံမှုက နောက်နောက်သော ထုံမှုကို အနံ့ပို၍ထွက်အောင် ထောက်ပံ့အားပေး ကျေးဇူးပြုပေသည်။

အထက်ဥပမာကဲ့သို့ပင် မည်သည့်အတတ်ပညာကိုမဆို ရှေးဦးမစွ သင်ခါစတွင်လည်းကောင်း၊ မည်သည့်အလုပ်ကိစ္စမဆို ရှေးဦးပထမ ဆောင်ရွက်လုပ်ကိုင်ရာတွင်လည်းကောင်း၊ အခက် အခဲများ တွေ့ရသော်လည်း ထပ်ခါထပ်ခါ သင်ယူလေ့လာခဲ့လျှင် ထပ်ခါထပ်ခါဆောင်ရွက်ခဲ့လျှင် တစ်ခါထက် တစ်ခါ ထိုပညာတို့၊ ထိုအလုပ်တို့သည် ကျေလည်ကျွမ်းကျင်လာခြင်း ထင်ရှား၏။ ဤသို့ ကျေလည်ကျွမ်းကျင်ခြင်းသည် ရှေးရှေးသောပြုလုပ်ချက်က နောက်နောက်သော ပြုလုပ်မှုကို အရှိန်အဟုန် သတ္တိစွမ်းအားကို အဆင့်ဆင့် ထောက်ပံ့အားပေးသောကြောင့် ဖြစ်သည်။

**အဘိဓမ္မာအလို**

အထက်ပါတင်ပြချက်တို့မှာ အာသေဝန သဘောတရားကို လွယ်တကူနားလည်စေနိုင်ရန်အတွက် တင်ပြခြင်းဖြစ်သည်။ အဘိဓမ္မာ အနေဖြင့်မှုကား အနန္တရဖြစ်သောဇောစိတ် (ကုသိုလ် အကုသိုလ် ကြိယာဇောစိတ်)တို့ အတွင်းမှာ အာသေဝနကို ရအပ်သည်ဟု ဆိုသည်။ ဤဆိုထားချက်ကို ရှင်းပြပါမည်။

စိတ်တို့သည် တစ်စိတ်ပြီးတစ်စိတ် အဆက်မပြတ် ဖြစ်ပေါ် ချုပ်ပျောက်နေကြရာ ဤစိတ်တို့တွင် (အနန္တရသတ္တိရှိသော စိတ်တို့တွင်) တစ်မျိုးတည်းအကြိမ်ကြိမ် အထပ်ထပ်ဖြစ်သော စိတ်တို့မှာ (အာသေဝနသဘောဟာရားရှိသော စိတ်တို့မှာ) ဇောစိတ်များသာဖြစ်သည်။

ဤသို့ ဇောစိတ်တို့တွင် ရှေ့ဖြစ်သောစိတ်သည် ချုပ်ပျောက်သွားသော်လည်း ထိုစိတ်၏ အရှိန်အဝါစွမ်းအားသတ္တိမှာမချုပ်ပျောက်။ နောက်ဖြစ်သော ဇောစိတ်၏ အစဉ်တွင် ပျံ့နှံ့သွား၏။ ထို့ကြောင့် နောက်နောက်ဖြစ်သော ဇောစိတ်သည် ဖြစ်သည်ရှိသော် ထိုရှေ့က ဇောစိတ်၏ အရှိန်အဟုန်သည် ထောက်ပံ့သည်ဖြစ်၍ အားရှိသည်ထက် ရှိလာသည်။ ဤသို့ရှေ့စိတ်က မိမိ၏အရှိန်အဟုန်ကို နောက်စိတ်အား ယူစေ၏။ နောက်စိတ်က ထိုရှေ့စိတ်၏ အရှိန်အဟုန်ကို ခံယူနိုင်သည့် အတိုင်း ဇောစိတ်အဆင့်ဆင့်သည် မိမိ၏အရှိန်အဝါသတ္တိကို ပေးခဲ့သည်။ ထုံမွမ်းခဲ့သည်။ ထို့ကြောင့် နောက်နောက်ဖြစ်သော စိတ်တို့သည် အားရှိစွာဖြစ်စေနိုင်သည်။ ဤသို့ဖြစ်သဖြင့် အာသေဝန ရလျှင် အားကောင်းသည်၊ အားရှိသည်ဟု ဆိုကြသည်။

### အာသေဝနပစ္စည်း အဓိပ္ပာယ်

အထက်ပါတင်ပြချက်တို့အရ အာသေဝနပစ္စည်းအဓိပ္ပာယ်ကို အဘိဓမ္မာအလို တိကျစွာပြဆိုသော် ရှေးရှေး၌ဖြစ်သော ဇောစိတ်သည် နောက်နောက်မှဖြစ်သော ဇောစိတ်အား (အနန္တရဇောစိတ်အား) ထောက်ပံ့သွားမှုကို အာသေဝနပစ္စည်းဟု ဆိုရမည်။

### အာသေဝန ပစ္စယသတ္တိ

ကျမ်းဂန်သင်ယူရာ၌ ရှေးရှေးသင်ယူမှုသည် နောက်နောက် သင်ယူမှုအား လွယ်ကူအောင်ကျေးဇူးပြုသကဲ့သို့ မိမိ၏အခြားမဲ့၌

မိမိနှင့်အလားတူ တရားမျိုးကို အားရှိစွာဖြစ်ပေါ်လာနိုင်အောင် ကျေးဇူးပြုနိုင်သော သတ္တိထူးကို အာသေဝန ပစ္စယသတ္တိဟု ခေါ်သည်။

(အာသေဝနပစ္စယသတ္တိ၏ အရှိန်အဟုန်သည် နိယာမသဘော တရားအားဖြင့် ဇဝနစိတ္တုပ္ပါဒ်အကြိမ်တိုင်အောင် တစ်ဆင့်ထက်တစ်ဆင့် တိုးတက်ပြီး ဇဝနစိတ္တုပ္ပါဒ်အကြိမ်၏နောက်တွင် လျော့သွားကာ သတ္တမ အကြိမ်တွင် ကုန်ဆုံးသွားသည်။ ကာမဇောကို ရည်ရွယ်သည်။ ဈာန်ဇောမှုကား တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာပြီး ဘာဝနာ ပြီးဆုံးသည့်တိုင်အောင် ဖြစ်သည်။)

## ကြောင်းကျိုးဆက်စပ်ပုံ

အနန္တရပစ္စည်း စာပိုဒ် (၁၁)မှ (၁၇)အထိ စာပိုဒ် (၇) ပိုဒ်တွင် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ အသီးသီးက ကုသိုလ်ကို လည်းကောင်း၊ အကုသိုလ်ကိုလည်းကောင်း၊ အဗျာကတကို လည်းကောင်း၊ (တရားသုံးမျိုးလုံးကို) အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ကို ရှင်းလင်းတင်ပြခဲ့ပြီ။

ယင်းကျေးဇူးပြုပုံတို့မှ အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူး ပြုနိုင်သည်တို့ကို ဤအာသေဝနပစ္စည်းတွင် စာပိုဒ် (၃) ပိုဒ်ဖြင့် ပြဆိုထားသည်။ ဤစကားကိုရှင်းပါမည်။

## စာပိုဒ် (၁)

အနန္တရပစ္စည်း စာပိုဒ် (၁) တွင် "ရှေးရှေး၌ဖြစ်သော ကုသိုလ်က နောက်နောက်၌ ဖြစ်သောကုသိုလ်ကို အနန္တရပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်"ဟူ၍ ပြဆိုထားသည်။

ကျေးဇူးပြုပုံတွင် ကုသိုလ်က ကုသိုလ်ကို ကုသိုလ်အချင်းချင်း ဇာတ်တူချင်း အနန္တရသတ္တိဖြင့် ကျေးဇူးပြုနေသဖြင့် အာသေဝနလည်း ရသည်။

ထို့ကြောင့် ဤပစ္စည်းစာပိုဒ် (၁)တွင် ရှေးရှေးသောကုသိုလ်က နောက်နောက်သောကုသိုလ်ကို အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ ပြဆိုထားခြင်းဖြစ်သည်။

ယင်းပြဆိုချက်ကို အနန္တရပစ္စည်းတွင် ရှင်းလင်းပြသကဲ့သို့ အောက်ပါအတိုင်း ပြည့်စုံစွာ ပြဆိုနိုင်မည်။

အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ် (၁၇) သည် နောက်သော ပထမဇောကြဉ်သော ကုသိုလ်(၂၁)ကို အာသေဝန ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ အနန္တရပစ္စည်း စာပိုဒ် (၁၂) တွင် ရှေးရှေးသောကုသိုလ်က နောက်နောက်သော အဗျာကတကို ကျေးဇူး ပြုနေသဖြင့် ဇာတ်တူခြင်း မဟုတ်သောကြောင့် အသေဝန မရနိုင်။

## စာပိုဒ် (၂)

အနန္တပစ္စည်း စာပိုဒ် (၁၃)တွင် "ရှေးရှေး၌ဖြစ်သောကုသိုလ်က နောက်နောက်၌ ဖြစ်သော အကုသိုလ်ကို အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ ပြဆိုထားသည်။

ဤကျေးဇူးပြုပုံတို့တွင် အကုသိုလ်က အကုသိုလ်ကို အကုသိုလ် အချင်းအချင်း ဇာတ်အတူအချင်းချင်း ဆက်ကာဆက်ကာ အနန္တရသတ္တိဖြင့် ကျေးဇူးပြုနေပြီဖြစ်သော အာသေဝနလည်း ရနေသည်။

ထို့ကြောင့် ဤပစ္စည်းစာပိုဒ် (၂)တွင် ရှေးရှေးသော အကုသိုလ်က နောက်နောက်သော အကုသိုလ်ကို အာသေဝန ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ ပြဆိုထားခြင်း ဖြစ်သည်။

ဤပြဆိုချက်ကို အနန္တရပစ္စည်းတွင် ပြဆိုထားသကဲ့သို့ အဆုံးဇောကြဉ်သော ရှေးရှေးသောအကုသိုလ် (၁၂) သည် ပထမဇော ကြဉ်သော နောက်နောက်သောအကုသိုလ် (၁၂) ကို အာသေဝန

ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ ပြဆိုနိုင်သည်။ အနန္တရပစ္စည်း စာပိုဒ် (၁၄)တွင် ရှေးရှေးသောအကုသိုလ်က နောက်နောက်သော အဗျာကတကို အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုနေရာ ဓာတ်တူချင်း မဟုတ်သဖြင့် အာသေဝနမရနိုင်ပါ။

## စာပိုဒ် (၃)

အနန္တရပစ္စည်း စာပိုဒ် (၁၅)တွင် အဗျာကတက အဗျာကတကို
--------------(၁၆)------------ကုသိုလ်ကို
--------------(၁၇)------------အကုသိုလ်ကို
အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

ဤသို့ပြဆိုချက်တွင် အဗျာကတဆိုသည်မှာ ဝိပါက်နှင့် ကြိယာနှစ်မျိုးကို တပေါင်းတည်းအနေဖြင့် ဆိုထားခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းပြဆိုချက်တို့ကို အောက်ပါအတိုင်း စိတ်ဖြာ ယူနိုင်သည်။

အဗျာကတက အဗျာကတကို ကျေးဇူးပြုရာ၌-

၁။ ဝိပါက်အဗျာကတက ဝိပါက်အဗျာကတကို

၂။ ဝိပါက်အဗျာကတက ကြိယာအဗျာကတကို

၃။ ကြိယာအဗျာကတက ဝိပါက်အဗျာကတကို

၄။ ကြိယာအဗျာကတက ကြိယာအဗျာကတကို ကျေးဇူးပြုသည်ဟု လေးပိုင်းယူနိုင်သည်။ အဗျာကတက ကုသိုလ်ကိုကျေးဇူးပြုရာ၌-

၅။ ဝိပါက်အဗျာကတက ကုသိုလ်ကို

၆။ ကြိယာအဗျာကတက ကုသိုလ်ကို ကျေးဇူးပြုသည်ဟူ၍ နှစ်ပိုင်း ပိုင်းနိုင်သည်။

အဗျာကတက အကုသိုလ်ကိုကျေးဇူးပြုရာ၌-

၇။ ဝိပါက်အဗျာကတက အကုသိုလ်ကို

၈။ ကြိယာအဗျာကတက အကုသိုလ်ကို ကျေးဇူးပြုသည်ဟူ၍ နှစ်ပိုင်းခွဲနိုင်သည်။

ဤကျေးဇူးပြုပုံ (၈)ချက်တွင် အမှတ်စဉ် ၂၊ ၄၊ ၅၊ ၆၊ ၇ နှင့် ၈ တို့မှာ ကျေးဇူးပြုရာ၌ ဓာတ်ချင်းမတူကွဲပြားနေသဖြင့် အာသေဝန မရနိုင်ကြောင်းမှာ ထင်ရှားပါသည်။

အမှတ် (၁)နှင့် (၃) မှာ ဓာတ်တူအချင်းချင်း ကျေးဇူးပြုနေသဖြင့် အာသေဝနရသည်ဟု ဆိုရပါလိမ့်မည်။ သို့သော် စာပိုဒ် (၃) တွင် ကြိယာအဗျာကတက ကြိယာအဗျာကတကို အာသေဝန ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ ပါရှိနေပြီး ဝိပါက်အဗျာကတက ဝိပါက်အဗျာကတကို ကျေးဇူးပြုသည်ဟူ၍ကား မပါရှိချေ။ အဘယ့်ကြောင့် ဝိပါက်အဗျာကတက ဝိပါက်အဗျာကတကို အာသေဝနသတ္တိဖြင့် ကျေးဇူးမပြုနိုင်သနည်း။

ဤမေးခွန်းကိုအကျဉ်းအားဖြင့်ပြဆိုရသော်–

ဝိပါက်စိတ်တို့၏ ဓမ္မတာသဘောတရားကြောင့် ဖြစ်သည်ဟု ပြဆိုနိုင်သည်။ ရှင်းပါဦးမည်။

ဝိပါက်စိတ်သည် အကြောင်းကံ (စိတ်)အားလျော်စွာ ဖြစ်ပေါ် လာသော အကျိုးတရားဖြစ်သည်။ ပြုလုပ်မှု ပယောဂ၊ ဗျာပါရ မရှိ။ အရှိန်အဟုန်အစွမ်းသတ္တိမရှိ။ အချို့မှာ ဖြစ်မှန်းပင်မသိရအောင် အလွန်ငြိမ်သက်သော တရားဖြစ်သည်။ ထို့ကြောင့်သူတစ်ပါးအား အထောက်အပံ့အကူအညီ မပေးနိုင်၍ ဝိပါက်သည် အာသေဝန ပစ္စည်းတရားမဟုတ်။ သူတစ်ပါးတို့၏ အကူအညီအထောက်အပံ့ကို မခံယူနိုင်၍ အာသေဝန ပစ္စယုပ္ပန်တရားမဟုတ်။

ထို့ကြောင့် ဝိပါက်အဗျာကတက ဝိပါက်အဗျာကတကို အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်။

ဝိပါက်အဗျာကတက ဝိပါက်အဗျာကတကို အနန္တရပစ္စယ သတ္တိဖြင့် ကျေးဇူးပြုရာ၌ကား ကြိယာဇောစိတ်အချင်းချင်း ဆက်ကာ ဆက်ကာ ကျေးဇူးပြုနေသော အာသေဝနရသည်။

ထို့ကြောင့် ဤပစ္စည်းစာပိုဒ် (၃) ရှေ့ရှေ့သော ကြိယာ အဗျာကတက နောက်နောက်သောကြိယာ အဗျာကတကို အာသေဝန ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ ပြဆိုထားခြင်း ဖြစ်သည်။

ယင်းပြဆိုချက်ကို အဆုံးဇောကြဉ်သော ရှေ့ရှေ့သောကြိယာ (၁၈)က ပထမဇောကြဉ်သော နောက်နောက်သောကြိယာ (၁၈)ကို အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ ပြဆိုနိုင်သည်။

အထက်ပါစာပိုဒ် ၁၊ ၂၊ ၃ ၏ ရှင်းလင်းချက်အဆုံးတွင် ပြခဲ့သော ကျေးဇူးပြုပုံသုံးချက်ကို ပေါင်းယူလျှင် အောက်ပါပစ္စယုပ္ပန်ကို ရနိုင်သည်။

## အာသေဝနပစ္စည်း ပစ္စယုပ္ပန်

၁။ ဇာတ္တအဆုံးဇောကြဉ်သော ရှေ့ရှေ့သောလောကီဇော ၄၇၊ စေတသိက် ၅၂ သည် အာသေဝနပစ္စည်းတရားဖြစ်သည်။ (ဇာတ်တူအဆုံး ဇောဟူသည်ကား ကုသိုလ်ဇာတ်၊ အကုသိုလ် ဇာတ်၊ ကြိယာဇာတ်ချင်း တူသောဇောတို့၏ အဆုံးဇော ဖြစ်သည်။ ထိုဇောနောက် နောက်ထပ်ဇောမရှိသောကြောင့် အဆုံးဇောသည် အာသေဝနပစ္စည်းတရား မဟုတ်၍ ကြဉ်ရသည်။)

၂။ ပထမဖိုလ်ဇောကြဉ်သော နောက်နောက်သောဇော ၅၁၊ စေတသိက် ၅၂–သည် အာသေဝနပစ္စယုပ္ပန်တရားဖြစ်သည်။ (မိမိရှေ့၌ အာသေဝနသတ္တိဖြင့် ကျေးဇူးပြုနိုင်သော တရား မရှိသောကြောင့် ပထမဇောကိုကြဉ်ရသည်။ ပထမဇောအရ

ဈာန်ဇော၊ မဂ်ဇောတို့မှာဂေါတြဘူ၊ ဝေါဒန်ကိစ္စတပ်သော ကာမဇော၏ အာသေဝနအထုံကို ရရှိသောကြောင့် ဈာန်ဇော မဂ်ဇောကိုမရဘဲ ကာမဇောကိုသာယူရသည်။ ဖိုလ်ဇောမှာလည်း ပစ္စည်း၊ ပစ္စယုပ္ပန်မဟုတ်။

## ပြန်လည်သုံးသပ်ချက်

ဇောစိတ်တို့အတွင်းမှာသာ အာသေဝနကိုရသည်။ ဇောစိတ်မှာကုသိုလ်ဇော၊ အကုသိုလ်ဇောနှင့် ကြိယာဇောဟူ၍ သုံးမျိုးရှိသည်။ ဇောစိတ်ပေါင်းမှာ ၅၁-ပါးရှိရာ ယင်းတွင်လောကီဇော ၄၇-နှင့် လောကုတ္တရာဇော ၈-တို့ပါဝင်သည်။ လောကုတ္တရာဇော ၈-ပါးမှာ မဂ်(ကုသိုလ်) စိတ် ၄-ပါးနှင့် ဖိုလ်(ဝိပါက်) စိတ်၄-ပါးဖြစ်သည်။ ဖိုလ်စိတ် ၄-ပါးသည် ဇောစိတ်များဖြစ်သောကြောင့် အနည်းငယ်လှုပ်ရှားမှုရှိ၍ တစ်ခြားဝိပါက်များထက်ကား သန်စွမ်းထက်မြက်၏။သို့သော် ယင်းဖိုလ်စိတ်တို့သည် အကျိုးဝိပါက်စိတ်များဖြစ်သောကြောင့် အကြောင်းကံစိတ်များလောက် လှုပ်ရှားမှု မပြင်းထန်။ မိမိ၏အရှိန်အဝါ စွမ်းအားကိုမပေးနိုင်။ အခြားစိတ်၏ အရှိန်အဝါအစွမ်းသတ္တိကို မခံယူနိုင်။ ထို့ကြောင့် ဖိုလ်(ဝိပါက်) စိတ် ၄-ပါးသည် အာသေဝနပစ္စည်းတရားမဟုတ်။ ပစ္စယုပ္ပန်တရားလည်းမဟုတ်။

အထက်ပါရှင်းပြချက်အရ ဖိုလ်စိတ်အပါဝင် ဝိပါက်စိတ်ဟူသမျှသည် အာသေဝနပစ္စည်းတရားလည်းမဟုတ်။ ပစ္စယုပ္ပန်တရားလည်းမဟုတ်။ မဂ်စိတ် ၄-ပါးကား ပစ္စည်းတရားတွင် မပါဝင်သဖြင့် အာသေဝနပစ္စည်းတရားမှာ လောကီဇော ၄၇-ပါးဖြစ်သည်။ ပစ္စယုပ္ပန်တရားမှာကား ဇော ၅၅-ပါးထဲက ဖိုလ်စိတ် ၄-ပါးကိုနှုတ်၍ရသော ဇောစိတ် ၅၁-ပါးဖြစ်သည်။

# အခန်း(၁၄)

## ကမ္မပစ္စည်း

ကံကောင်းသည်၊ ကံဆိုးသည်၊ ကံစီမံရာ၊ ကံသာအမိ ကံသာအဖ၊ ကံယုံဆူးပုံမနင်းရာ စသည်ဖြင့် “ကံ” ဟူသော စကားကို လူတိုင်းပင် မကြာခဏသုံးစွဲ နေကြသည်။ ဤကဲ့သို့ ပြောဆိုသုံးစွဲနေကြသူတို့အား “ကံဆိုသည်မှာ အဘယ်နည်း” ဟုမေးကြည့်လျှင် ဗုဒ္ဓ အလိုတော်ကျ ဖြေနိုင်ဖို့ရာ မလွယ်ကူချေ။

သို့သော်လည်း ကိုယ်နှုတ်စိတ်တို့ဖြင့် ကောင်းကောင်း ဆိုးဆိုး ပြုပြုသမျှ အလုပ်အားလုံးကို “ကံ” ဟုခေါ်ကြောင်းကို လူတိုင်းပင်နားလည်ကြသည်။ ထို့ပြင် အပြစ်ကင်းသော၊ ကောင်းကျိုးကို ပေးတတ်သောပြုမှု ဟူသမျှသည် ကုသိုလ်ကံဖြစ်သည်။ အပြစ်မကင်းသော၊ မကောင်းကျိုးကိုပေးတတ်သော ပြုမှုဟူသမျှသည် အကုသိုလ်ဖြစ်သည်ဟူ၍လည်း ကံနှစ်ပါးကို ခွဲခြားနားလည်ကြသည်။ ထိုမှ သာမက ကိုယ်ဖြင့် ပြုလုပ်မှုဟူသရွေ့(ကိုယ်မှု၊ ကိုယ်အမူအရာ)သည် “ကာယ ကံ” ဖြစ်သည်။ နှုတ်ဖြင့်ပြောဆိုမှု ဟူသရွေ့ (နှုတ်အမှ

အရာ)သည် "ဝစီကံ"ဖြစ်သည်။ စိတ်ဖြင့်ကြံစည်မှု ဟုသရွေ့ (စိတ်အမှုအရာ) သည်။ "မနောကံ"ဖြစ်သည် ဟူ၍လည်း ကံသုံးပါးကို ခွဲခြားနားလည် ကြသည်။

ဤသို့နားလည်ကြသည့်အတိုင်း ကျွန်ုပ်တို့ပြောဆိုသုံးစွဲနေသည့် "ကံ"ဟူသော စကားသည် ပါဠိဘာသာ "ကမ္မ" မှလာသော ပါဠိသက်စကားဖြစ်သည်။ "ကမ္မ" မှလာသော ပါဠိသက်စကားဖြစ်သည်။ "ကမ္မ" မှလာသော ပါဠိသက်စကားဖြစ်သည်။ "ကမ္မ" ၏ အဓိပ္ပါယ်မှာ "ပြုခြင်း၊ ပြုစုစီရင်ခြင်း၊ အမှု၊ အလုပ်၊ ကိစ္စ" ကိုဆိုလိုသည်။

ဤ "ကံ" ဟုသုံးစွဲနေသောစကားမှာ သုတ္တန်နည်းအရ ဖြစ်သည်။ အဘိဓမ္မာတွင်မူကား "စေတနာ"ဟုခေါ်သည်။ ယင်းစေတနာသည် စေတနာ စေတသိက်ဖြစ်သည်။

## အဘိဓမ္မာသုံး စေတနာ မြန်မာပြန်

"စေတနာ" ကိုရှေးဆရာတို့က "စေ့ဆော်ခြင်း" ဟုတိုတိုတုတ်တုတ်နှင့် အဓိပ္ပါယ်ငုံမိအောင် မြန်မာပြန်ကြသည်။ ဤမြန်မာပြန်တွင်–

"စေ့" ဟူသည်မှာ "စေ့ခြင်း၊ ပြည့်စုံခြင်း၊ အကြွင်းအကျန်မရှိခြင်း၊ မလစ်လပ်ခြင်း၊ ပူးပေါင်းခြင်း၊ ဆက်စပ်ခြင်း" ဖြစ်သည်။

"ဆော်" ဟူသည်မှာ "နှိုးဆော်ခြင်း၊ ဆော်ဩခြင်း၊ တိုက်တွန်းခြင်း" ဖြစ်သည်။

ထို့ကြောင့် "စေ့ဆော်" ဆိုသည်မှာ လိုအပ်သောအရာတို့ကို "စေ့စေ့ငငံ၊ ပြည့်ပြည့်စုံစုံ၊ မကြွင်းမကျန်၊ မလစ်လပ်စေရန် တိုက်တွန်းနှိုးဆော်သည် ဟုဆိုလိုသည်။"

"ဤစေ့ဆော်ခြင်း" ဟုမြန်မာပြန်ထားခြင်းသည် အဘိဓမ္မာသုံး "စေတနာ" ၏အဓိပ္ပါယ်ငုံထားမိကြောင်းကို အောက်ပါစကားရပ်တို့ကိုဖတ်ပြီးသောအခါ သဘောပေါက်နားလည်ပါလိမ့်မည်။

## အဘိဓမ္မာသုံး "စေတနာ" အဓိပ္ပါယ်

အဘိဓမ္မာသဘောတရား အလိုအားဖြင့် "စေတနာ" ဟူသည်မှာ မိမိနှင့်အတူဖြစ်သော စိတ်စေတသိက်တို့ကို စေ့ဆော်ခြင်း၊ နှိုးဆော်ခြင်း၊ တိုက်တွန်းခြင်း သဘောတရားဖြစ်သည်။ ရှင်းပါဦးမည်။

အာရုံတစ်ခုကို စိတ်ကယူရာ၌ (၁) ထိုအာရုံ ဖဿကထိရ၏၊ (၂) ဝေဒနာကခံစားရ၏၊ (၃) သညာကမှတ်ရ၏၊ (၄) စေတနာက တိုက်တွန်းရ၏၊ (၅) ဧကဂ္ဂတာက အာရုံ၌ ခေတ္တခဏရပ်ပေးရ၏၊ (၆) ဇီဝိတိန္ဒြေက ဥပါဒ်၌ ဘင်အားဖြင့် စိတ်သက်ကလေး တည့်တံ့အောင်လုပ်ပေးရ၏၊ (၇) မနသိကာရက နှလုံးသွင်းပေးရ၏၊ စိတ်နှင့် စေတသိက်ကို (အနည်းဆုံး စေတသိက်(၇) ခု တစ်ပြိုင်နက် ဖြစ်ကြရ၏၊)

ဤသို့ဖြစ်ဖက်ဖြစ်သော စေတသိက်တို့နှင့်အတူတကွ စိတ်က အာရုံကိုယူရာတွင် မည်သည့်စေတသိက်မျှ မကျန်မကြွင်းစေရ။ အပြည့်အစုံစိတ်နှင့်အတူ ပူးပေါင်းဆက်စပ်ပါဝင်အောင် နှိုးဆော်

သောသဘောတရားကား အခြားမဟုတ်။ စေတနာဟူသော စေတသိက်ပင်ဖြစ်သည်။ ဤသည်ကား အဘိဓမ္မာသဘောတရား အရ“စေတနာ”၏အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သည်။ပုံစံပြ၍ရှင်းပါမည်။

အဘိဓမ္မာတွင် စေတနာ စေတသိတ်သည် စစ်တပ်မှာ အုပ်ချုပ်သော စစ်ဗိုလ်၊ ဗိုလ်မှူး စသည်တို့နှင့်တူသည်ဟု ဥပမာပေး၏။ စစ်ဗိုလ်သည် ငယ်သားရဲဘော်တို့ကို တိုက်ဖို့ခိုက်ဖို့လည်း စီမံရသည်။ ကိုယ်တိုင်လည်း တိုက်ရ၊ ခိုက်ရသည်။ ဤကဲ့သို့ပင်အခြားတရားတို့ကို ကောင်းတာ၊ မကောင်းတာတို့လုပ်ဖို့ စေတနာက တိုက်တွန်းပေးသည်။ မိမိကိုယ်တိုင်လည်းလုပ်သည်။ ထို့ကြောင့် စေတနာကို စစ်ဗိုလ်နှင့် တူသည်ဟု ဥပမာပြခြင်း ဖြစ်သည်။

အထက်ပါဥပမာ ကဲ့သို့ပင် တပည့်ကြီး၊ လက်သမားကြီး စသူတို့ နှင့် တူသည်ဟုလည်းဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် တပည့်ကြီး၊ လယ်သမားကြီး တို့သည် မိမိတို့၏ ကိစ္စ (အလုပ်)ကို ကိုယ်တိုင်လည်း ဆောင်ရွက်ရသည်။ သက်ဆိုင်သူတို့ကိုလည်း ဆိုင်ရာကိစ္စကို ဆောင်ရွက်အောင် အားထုတ်လုံ့လကြောင့်ကြ ဗျာဝါဒ အားကြီးသောကြောင့်ဖြစ်သည်။

## စေတနာသည်ပင် ~ ကံ

ကိုယ်မှု၊ နှုတ်မှုတည်းဟူသော ကာယကံ၊ မနောကံတို့သည် မိမိတို့ ဘာသိဘာသာ အလိုလိုဖြစ်ပေါ်လာကြသည် မဟုတ်၊ စိတ်နှင့် အတူယှဉ်တွဲ၍ ဖြစ်နေသည့် စေတနာ စေတသိက်၏ လှုံ့ဆော်မှုကြောင့်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ပြုလုပ်မှု ဟူသမျှဦ (ကံဟူသမျှ ဦ) စိတ် စေတသိက်ဟူသော နာမ်တရားတို့အား စေ့ဆော် တိုက်တွန်း

သည့်စေတနာ စေတသိက်ပါသည် ချည်းဖြစ်သည်။ စေတနာမပါဘဲ မည်သည့်ကံမျိုးမှ မပြီးမြောက်နိုင်။ ကံပြုတိုင်း စေတနာပါရသည်သာ ဖြစ်သည်။

ထို့ကြောင့် စေတနာသည် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ကံတို့ကို ပြုရာ၌ လိုရင်း ပဓာနအချက်အချာကျသော အကြောင်းတရား ဖြစ်သည်။ တစ်နည်းဆိုသော် စေတနာသည် ကံဖြစ်မြောက်အောင်လုပ်ဆောင်သော အရင်းခံလက်သည်ပင် ဖြစ်တော့သည်။ ထို့ကြောင့် စေတနာသည်ပင် ကံဖြစ်ရတော့သည်။

ဤသို့ဖြစ်သောကြောင့်ပင် ဗုဒ္ဓရှင်တော်မြတ်သည် "စေတနာ ဟံ ဘိက္ခဝေ၊ ကမ္မံ၊ ဝဒါမိ၊ စေတယိတွ၊ ကမ္မံ၊ တရောတိ၊ ကာယေန၊ ဝါစာယ မနသာ" ချစ်သားရဟန်းတို့၊ စေတနာကို ကံဟု ငါဘုရား မိန့်တော်မူ၏၊ စေတနာကလှုံ့ဆော် တိုက်တွန်းသောကြောင့် ကိုယ်ဖြင့် နှုတ်ဖြင့်၊ စိတ်ဖြင့်၊ ကံတို့ပြု၏ ဟုမိန့်တော်မူခြင်း ဖြစ်သည်။

ဤသို့ စေတနာကို ကံဟုခေါ်ဆိုရာတွင် "ကံ"ဟူသော အမည်သည် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု တို့၏ အမည်ရင်း နှင့် ပင်ဖြစ်သည်။ "ကံ"သည် စေတနာ၏ မှချအမည်မဟုတ်ပါ။ တင်စား၍ ခေါ်သော အမည်သာ ဖြစ်သည် ကံ (ပြုလုပ်မှုအလုပ်)သည် စေတနာ(တိုက်တွန်းမှု)ကြောင့်ဖြစ်ပေါ်လာရသည်။ ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် စေတနာမဟုတ်ပါ။ စေတနာကြောင့်ဖြစ်ပေါ်လာသော အကျိုးတရားများဖြစ်သည်။ စေတနာသည် အကြောင်းတရားဖြစ်သည်။ အကျိုး"ကံ"၏အမည်ကို အကြောင်း (စေတနာ) ဟူခေါ်ဆိုထားခြင်း

ယင်းသို့ဖြစ်ရာ "ကံ၊ ကံ" ဟုလူအများ တို့ပြောဆိုသုံးစွဲနားလည်နေကြသော သဘောတရားသည်ကား၊ အခြားမဟုတ်။ အဘိဓမ္မာသဘောတရားအရ၊ တရားကိုယ်ကောက်ယူပါက "စေတနာ" စေတသိက်သာဖြစ်သည်။ အဘိဓမ္မာသဘောတရားအရဆိုလျှင် -

၁။ ကာယကံဟူသည်မှာ ကိုယ်ဖြင့်ပြုလုပ်ဆောင်ရွက် တိုက်တွန်းသောစေတနာဖြစ်သည်။

၂။ ဝစီကံဟူသည်မှာ နှုတ်ဖြင့်ပြောဆိုအောင် တိုက်တွန်းသောစေတနာဖြစ်သည်။

၃။ မနောကံဟူသည်မှာ စိတ်ဖြင့်တွေး အောင်တိုက်တွန်းသောစေတနာဖြစ်သည်။

အထက်ပါတင်ပြချက်အရ"စေတနာကို ကံဟုခေါ်သည်။ စေတနာနှင့် ကံအတူတူဖြစ်သည်"ဟုပြောဆိုရာ၌ "အရတူသည်၊ တရားကိုယ်တူသည်" ကိုဆိုလိုခြင်းဖြစ်သည်။ မူလရင်း အဓိပ္ပါယ်မှာတခြားစီဖြစ်သည် "ကံ" ဟူခေါ်ဝေါ်သုံးစွဲ သောမြန်မာစကားသည်ပါဠိဘာသာစကား "ကမ္မ" ကိုပြုပြင်ကာ မြန်မာစကားအဖြစ်ဖြင့်သုံးစွဲခြင်းဖြစ်သည်။

"ကမ္မ" သည် ပြုခြင်း၊ ပြုစီရင်ခြင်း၊ အမှု၊ အလုပ်" အနက်ကိုဟောသည်။ "စေတနာ"မှုကား လှုံ့ဆော်မှုတိုက်တွန်းမှုဖြစ်သည်။ ဤသို့အဓိပ္ပါယ် ကွဲပြားသည်သာမက ဖြစ်ချိန်မှာလည်းကွဲပြားသည်။ စေတနာနှင့်ကံတွင် စေတနာက အရင်ဖြစ်၍ကံကနောက်မှဖြစ်သည်။ စေတနာဖြစ်ပြီးမှ ကံကိုလုပ်ခြင်းဖြစ်သည်။

## ပြုလုပ်မှုမှန်သမျှ ကံမဖြစ်

ပြုလုပ်မှုကိုကံဟုခေါ်သည်ဟု ကံ၏အဓိပ္ပါယ်ကို ဖွင့်ဆိုခဲ့သည်မှာ မှန်သော်လည်း ပြည့်စုံမှုမရှိသေးပါ။ ကိုယ်ဖြင့် ပြုလုပ်သည်ဖြစ်စေ၊ နှုတ်ဖြင့်ပြောဆိုသည်ဖြစ်စေ၊ စိတ်ဖြင့် ကြံစည်သည်ဖြစ်စေတစ်စုံတစ်ခုဖြစ်အောင် တိုက်တွန်း လှုံ့ဆော်သော စေတနာပါဖို့လိုသည်။ စေတနာပါမှသာ စေတနာကံရှိမှသာ ကံမြောက်သည်။ စေတနာမပါက၊ စေတနာမရှိက ကံမမြောက် နိုင်ပါ။ ကမ္မပထ မဖြစ်။ ဥပမာပြ၍ ရှင်းပါမည်။

"သေအောင်နင်းလိုက်" ဟုတိုက်တွန်းမှုစေတနာမပါဘဲ မတော်တဆနင်းမိတိုက်မိ၍ ပိုးကောင်မွှားကောင်ကလေးများ သေကြေ ပျက်စီးရသည်ကို အကုသိုလ်ဖြစ်သည်ဟုဆိုလျှင် မည်သူမျှ ထိုအကုသိုလ်နှင့် ကင်းနိုင်တော့မည်မဟုတ်။ မိခင်များသည် သားငယ်သမီးငယ်တို့ကို ကြမ်းကြမ်းတမ်းတမ်း ပြောဆိုကြသော် လည်း ပျက်စီးစေလိုသော စေတနာမရှိကြ။ မေတ္တာရှေ့ထား၍ ပြော ခြင်းသာဖြစ်သည်။ ထို့ကြောင့် ပြုလုပ်မှုမှန်သမျှ ကံမဟုတ်ကြောင်း မှတ်ယူနိုင်သည်။

စေတနာရှိမှ ကံမြောက်သည်ဟု ဆိုသော်လည်း စေတနာရှိ တိုင်း စေတနာပါတိုင်းကံမမြောက်ပါ။ ကံမြောက်သည့်အခါလည်း ရှိသည်။ ကံမမြောက်သည့်အခါလည်းရှိသည်။ လှူချင်သောစေတနာ ရှိသော်လည်း တကယ်မလှူလျှင် ဒါနကုသိုလ် မမြောက်ပါ။ ကံမမြောက်လျှင် ကမ္မပထ မဖြစ်လျှင် ကြီးကျယ်သော အကျိုးမ ပေးနိုင်ပါ။

အထက်ပါတင်ပြချက်တို့တွင် ပါဝင်သော "စေတနာ" စကားမှာ အဘိဓမ္မာသဘောတရားအရ ခေါ်ဝေါ်ပြောဆိုသုံးစွဲ နားလည်ကြသော စကားဖြစ်သည်။ စေတနာဟူသောစကားကို ယခုခေတ် လူတို့ သုံးစွဲနေကြသည်မှာ တစ်မျိုးဖြစ်နေသည်။

## ခေတ်သုံး "စေတနာ"

"စေတနာရှိသလောက်လှူပါ"ဟုဆိုလျှင် လှူချင်သလောက် လှူပါ ဟုနားလည်ကြသည်။ ဒီလူက စေတနာကောင်းသည် ဟုဆိုလျှင် ပေးကမ်းလှူဒါန်းရာတွင် မတွန့်မတို ရက်ရက်ရောရောရှိသည်ဟု နားလည်ကြသည်။

ထို့ကြောင့်စေတနာ ဟူသော စကားကို သူ့နေရာနှင့် သူ့ခွဲခြား သုံးစွဲနားလည်ကြရာသည်။ ယခု"စေတနာ"အကြောင်းကို ဆက် လက်တင်ပြပါမည်။

## စေတနာနှစ်မျိုး

စေတနာဟူသည် တိုက်တွန်းတတ်၊ နှိုးဆော်တတ်သောသ ဘောရှိသော်လည်း သတ္တိစွမ်းအင်ချင်း၊ အားအချင်းချင်း မတူကြပေ၊ ထို့ကြောင့် စေတနာကို သဟဇာတ စေတနာနှင့် နာနက္ခဏိက စေတနာဟူ၍ နှစ်မျိုးခွဲထားသည်။

### (၁) သဟဇာတ စေတနာ

သဟဇာတ စေတနာဆိုသည်မှာ ဖြစ်ပေါ်ဖြစ်ဖက်တရား တို့နှင့် ပူးပေါင်းဆောင်ရွက်ရာတွင် လှုံ့ဆော်ပေးသည့်သဘောတရား ဖြစ်သည်။ စိတ်တိုင်းစိတ်တိုင်းတွင် အတူတကွ ဖြစ်ပေါ်ဖြစ်ဖက် ဖြင့်ပါဝင်သော စေတနာကို ဆိုလိုသည်။ (စာမျက်နှာ ၁၅၅/တွင်ပြခဲ့

သော စစ်ဗိုလ်၊ တပည့်ကြီး စသူတို့သည် မိမိ၏ တာဝန်ကိစ္စကို ဆောင်ရွက်သည့် အပြင် အခြားငယ်သားတို့အားလည်း မိမိတို့၏ ကိစ္စကို ဆောင်ရွက်ကြစေရန် တိုက်တွန်းနှိုးဆော်သည်ဟုဆိုသော ဥပမာ တို့သည် ဤသဟဇာတ စေတနာ နှင့် သက်ဆိုင်သည်။)

## (၂) နာနက္ခဏိက စေတနာ

နာနက္ခဏိက စေတနာ ဟူသည်မှာ ကံပြုသည် ကတစ်ချိန်၊ အကျိုးပေးသည်က တစ်ချိန်။ ဤသို့ အချိန်တခြားစီ ကွဲပြားကွဲပြားသော စေတနာကို ဆိုလိုသည်။ နာနာ–တခြားစီကွဲပြားသော ခဏ=ချိန်ကာလဟူ၍ ဖြစ်သောကြောင့် နာနက္ခဏိက ဟူခေါ်သည်။ ကာယကံမြောက်အောင်လှုံ့ဆော်တိုက်တွန်းခြင်း ကိစ္စကိုဆောင်ရွက်သည်သာမက နောင်တစ်ချိန်တွင် သက်ဆိုင်ရာ အကျိုးတရားများ ဖြစ်ထွန်းစေနိုင်သော စွမ်းအင်သတ္တိကို စိတ်သန္တာန်တွင်မြှုပ်နှံမှု၊ ချန်ထားမှု ကိစ္စကိုလည်း ဆောင်ရွက်သည်။

ဤနာနက္ခဏိက စေတနာသည် ဆိုခဲ့သော ကိစ္စနှစ်ခုကို တစ်ပြိုင်နက် ဆောင်ရွက်ကြောင်းထင်ရှားစေရန် လင် နှင့် မယား သံဝါသပြုခြင်း နှင့် ဥပမာပြထားချက်ရှိသည်။ လင်နှင့်မယား ပျော်ပါးချိန်တွင် ကာမသုခကိုခံစားခြင်း ကိစ္စအပြင် နောင်တစ်ချိန်တွင် သားသမီးဖြစ်ထွန်းစေရန် မျိုးစေ့ချခြင်းကိစ္စကိုပါ ဆောင်ရွက်ပြီးစီးခြင်း နှင့် တူသည်ဟုဆိုလိုသည်။

## စေတနာ နှင့် မျိုးစေ့

စေတနာကိုမျိုးစေ့နှင့် တူသည်ဟု ဆိုကြသည်မှာ ဤနာနက္ခဏိက စေတနာကို ဆိုလိုခြင်း ဖြစ်သည်။ သရက်မျိုးစေ့ကို စိုက်လျှင် သရက်ပင်ပေါက်သည်။ တမာမျိုးစေ့ကိုစိုက်လျှင် တမာပင်ပေါက်သည်။ ထို့အတူ စေတနာဟူသော မျိုးစေ့သည် နောင်တစ်ချိန်တွင် လူပင်, နတ်ပင်, တိရစ္ဆာန်ပင်ပေါက်သည်။

## နာနက္ခဏိက ကမ္မ (ကံ)

နာနက္ခဏိက စေတနာသည် ကုသိုလ် စေတနာနှင့် အကုသိုလ် စေတနာဟူ၍ နှစ်မျိုးကွဲသည်။ (ကုသိုလ်စိတ်မှာရှိသော စေတနာ၊ အကုသိုလ်စိတ်မှာ ရှိသောစေတနာဖြစ်သည်။) စေတနာကိုကံဟု ဆိုခြင်းမှာ ဤနာနက္ခဏိက စေတနာကို ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ကုသိုလ်ကံစေတနာ၊ အကုသိုလ်ကံစေတနာဟုကံနှင့် စေတနာကို အတူပြု၍ဆိုကြသည်။ ထို့ပြင်ဤနာနက္ခဏိက စေတနာကို နာနက္ခဏိက ကံ (နာနက္ခဏိက ကမ္မ)ဟုလည်း ခေါ်ကြသည်။

## နာနက္ခဏိက ကမ္မ သတ္တိ

ကုသိုလ်ကံစေတနာ၊ အကုသိုလ်ကံ စေတနာတို့သည် ဥပါဒ် - ဌီ - ဘင် (ဖြစ် - တည် - ပျက်)ခဏငယ်သုံးချက်စေ့၍ ပရမတ္တ အထည်တရား ကိုယ်သဘောချုပ်ဆုံးကွယ်ပျောက်သွားသော်လည်း ဘာမျှ မကျန်အောင် ချုပ်ကွယ်သွားသည် မဟုတ်။ ယင်းကုသိုလ် အကုသိုလ်ကံစေတနာ ယင်းစေတနာ၏ သတ္တိမှာ ကျန်ရစ်သေးသည်။

စိတ်တစ်ခုက စိတ်တစ်ခုအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းဖြင့် ဖြစ်စေရာတွင် ထိုစိတ်အစဉ် (နာမ် သန္တတိ) ဝယ် ကုသိုလ်၊ အကုသိုလ် ကံစေတနာပေါင်းများစွာ တို့၏သတ္တိပေါင်းများစွာတို့သည် ကေန်မုချပါဝင်လျက်သာရှိတော့သည်။ ယင်းသတ္တိပေါင်းများစွာတို့သည် နာနက္ခဏိက ကမ္မသတ္တိတို့ပင်ဖြစ်သည်။

ဤသတ္တိတို့သည် အကျိုးပေးခွင့်မရမခြင်း မပျောက်မပျက်ဘဲ ပြုသူ၏ခန္ဓာ အစဉ်ဝယ်အစဉ်ကိန်းအောင်းလျက်သာ ဘဝဆက်ဆက် လိုက်ပါလျက်သာ ဖြစ်တော့၏။ အကျိုးပေးခွင့် သာလာသော် ယင်း စေတနာကံ၏ သတ္တိစွမ်းအားသည် ဆိုင်ရာအကျိုးပေးကို ထိုက်တန်အောင်ပေးသည်။ ထိုသို့ပေးပြီးသောအခါ သို့မဟုတ်အကျိုးပေးခွင့်မရတော့၍ အဟောသိကံဖြစ်သွားသောအခါမှ သာ ကုန်ခန်းသွားပေတော့သည်။

## ကမ္မပစ္စည်း အဓိပ္ပာယ်

ပါဠိစကား "ကမ္မ"သည် ပြုလုပ်ခြင်း အနက်ကို ဟောသော်လည်းပြုလုပ်ခြင်း ဟူသမျှကို ဆိုလိုသည်မဟုတ် အကျိုးဖြစ်အောင်ပြုခြင်းသဘောကို ဆိုလိုခြင်းဖြစ်သည်။ ဤတွင်အကျိုးဖြစ်အောင် ပြုလုပ်ခြင်း ဟူသည်မှာ မျိုးစေ့ဖြစ်အောင်ပြုလုပ်ခြင်း (ဗီဇနိဓာန ကိစ္စ) တစ်ပြိုင်နက်ဖြစ်အောင် ပြုလုပ်ခြင်း (သံဝိဓာန ကိစ္စ) ဤကိစ္စ (အလုပ်) နှစ်မျိုး ကိုဆိုလိုသည်။

ထို့ကြောင့် ကမ္မပစ္စည်း ဆိုသည်မှာ မျိုးစေ့ဖြစ်အောင်ပြုလုပ်ခြင်း (ဗီဇနိဓာန ကိစ္စ)ဖြင့်ဖြစ်စေ၊ တစ်ပြိုင်နက်ဖြစ်အောင် ပြုစီရင်ခြင်း (သံဝိဓာန ကိစ္စ)ဖြင့်ဖြစ်စေ ကျေးဇူးပြုတတ်သော တရားဖြစ်သည်။

ဤဆိုထားချက်ကို တင်ရှားအောင်ပြပါဦးမည်။

မျိုးစေ့တို့သည် မိမိတို့နှင့် သက်ဆိုင်သော သစ်ပင်တို့ကို ပေါက်ပွားစေသကဲ့သို့ ကုသိုလ်၊ အကုသိုလ်ကံ စေတနာသည် (ကုသိုလ်စိတ်၊ အကုသိုလ်စိတ် တို့၌ရှိစေတနာ စေတသိက်သည်) နောင်အခါ ထိုက်သည့်အား လျော်စွာဆင်းရဲ၊ ချမ်းသာကျိုး ဝိပါက်တို့ကို ဖြစ်အောင်ပြုလုပ်ခြင်း (ဗိဇာနိတာန ကိစ္စ) ဖြင့်ဖြစ်စေ သို့မဟုတ် စိတ်အားလုံး၌ ရှိသော စေတနာသည် မိမိနှင့်တကွ ဖြစ်ပျက်တရား တို့ကို တစ်ပြိုင်နက်ဖြစ်အောင်ပြုခြင်း (သံဝိဓါန ကိစ္စ) ဖြင့်ဖြစ်စေ ကျေးဇူးပြုခြင်းသည် ကမ္မပစ္စည်းဖြစ်သည်။

## ကမ္မပစ္စယသတ္တိ

နောက်အခါ ထိုက်သည့်အားလျော်စွာ ဆင်းရဲ၊ ချမ်းသာအကျိုး ဝိပါက်တို့ကိုဖြစ်အောင်ပြုလုပ်နိုင်သည့် စေတနာ၏ သတ္တိဖြစ်စေ သို့မဟုတ် မိမိနှင်တကွဖြစ်ဖက်တရား တို့ကို တစ်ပြိုင်နက်ဖြစ်အောင် ပြုလုပ်နိုင်သည့် စေတနာ၏ သတ္တိကိုဖြစ်စေ ကမ္မပစ္စယသတ္တိဟု ခေါ်သည်။

## ပြန်လည် သုံးသပ်ချက်

ကံ (ကမ္မ) ဆိုသည်မှာ ပြုလုပ်ခြင်း၊ ပြုမှု၊ အလုပ်(ကိစ္စ) ဖြစ်သည်ဟု ဆိုကြသည်မှာ မှန်သော်လည်း ဆိုလိုရင်း အဓိပ္ပာယ်သို့ မသက်ရောက်သေးပါ၊ ထိုအချိန်တွင် တိုက်သည့်အားလျော်စွာ ကောင်းကျိုး၊ ဆိုးကျိုးကို ဖြစ်ပေါ်စေနိုင်စွမ်းသည့် ပြုမှုကိုသာ "ကံ" ဟုခေါ်ရသည်။ ကံမှာကုသိုလ်ကံ အကုသိုလ်ကံဟူနှစ်မျိုးရှိသည်။

ကံသည်ဘာသိ ဘာသာ အလိုလိုဖြစ်လာသည်မဟုတ်။ စေတနာ (စေတသိက်)က တိုက်တွန်းနှိုးဆော်သောကြောင့် ဖြစ်ပေါ်လာရသည်။"ကံ"ဖြစ်ပေါ် လာရခြင်း၏ ပဓာနအကြောင်းတရားမှာ ယင်းစေတနာဖြစ်သည်။ ထို့ကြောင့် စေတနာသည် ကံဖြစ်သည်ဟု တင်စား၍ ဆိုကြသည်။

စေတနာ (စေတသိက်)သည် တိုက်တွန်း လှုံ့ဆော်သော သဘောတရားဖြစ်သည်။ ယင်းစေတနာမှာ နှစ်မျိုးရှိသည်။ တစ်မျိုးမှာ ဖြစ်ဖော်ဖြစ်ဖက် တရားတို့ကို အတူတကွ တစ်ပြိုင်နက်ဖြစ်အောင် တိုက်တွန်းသော စေတနာဖြစ်သည်။ ယင်းစေတနာကို သဟဇာတ စေတနာဟု ခေါ်သည်။ ကျန်တစ်မျိုးမှာ ကာယကံမြောက်အောင် ဝစီကံမြောက်အောင်၊ မနောကံမြောက်အောင် လှုံ့ဆော်တိုက်တွန်းသော စေတနာဖြစ်သည်။ ယင်းစေတနာကို နာနက္ခဏိကစေတနာဟုခေါ်သည်။

စေတနာသည် စိတ်အားလုံးနှင့် ဆက်ဆံသော တရားဖြစ်သည်။ ကံမှာမူကားကုသိုလ်ကံနှင့် နှစ်မျိုးသာရှိ၍ စိတ်အားလုံးနှင့် ဆက်ဆံသည်ဟု မဆိုနိုင်။ ဝိပါက် စိတ်မှာ ရှိသော စေတနာနှင့် ကြိယာ စိတ်မှာရှိသော စေတနာကို ကံဟုမခေါ်နိုင် စေတနာကို ကံဟုခေါ်သည်မှာ ကုသိုလ်စိတ် - အကုသိုလ်စိတ်မှာရှိသော စေတနာကိုသာ ကံဟုဆိုခြင်းဖြစ်သည်။ (ဝါ) နာနက္ခဏိကကံကို ဆိုလိုခြင်းဖြစ်သည်။

# ကြောင်းကျိုးဆက်စပ်ပုံ
## ပထမစာပိုဒ်
## နာနက္ခဏိက ကမ္မ ပစ္စည်း

သတ္တဝါဟူသရွေ့သည်လည်းကောင်း သတ္တဝါတို့ဖြစ်ရာ ဘုံဌာနတို့သည်လည်းကောင်း၊ သတ္တဝါတို့၏ ဆင်းရဲချမ်းသာ ခံစားစံစားရခြင်းတို့သည် လည်းကောင်း မိမိတို့ပြုလုပ်သည့် ကံအားလျော်စွာဖြစ်ပေါ်လာကြ၏ ထို့ကြောင့် (ကမ္မံ သတ္တေ ဝိဘဇတိ) ကံသည် သတ္တဝါတို့ကို ၃၁ဘုံအတွင်းတွင် အမျိုးမျိုးအဖုံဖုံ ဖန်တီးသည်ဟု ဟောတော်မူခဲ့သည်။

ဤသို့ သုတ္တန်ဒေသနာတွင် ဟောထားသော အထက်ပါစကားရပ်၏ ဆိုလိုသော အဓိပ္ပာယ်အတိုင်းပင် ဤပစ္စည်းပထမပိုဒ်တွင် (ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော) ကုသိုလ်ကံ အကုသိုလ်ကံသည် ဝိပါက်ခန္ဓာတို့နှင့် ကံကြောင့်ဖြစ်သော ရုပ်တို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဟောတော်မူသည်။

နိဿယတွင် "ကုသလာ ကုသလံ ကမ္မံ" "ကုသိုလ်အကုသိုလ်ဖြစ်ကုန်သော နာနက္ခဏိက ကံစေတနာသည်" ဟုမြန်မာပြန်ထားသည်။ နာနက္ခဏိက ကံစေတနာဆိုသည်မှာ ကံပြုသည့်ကတစ်ချိန်၊ အကျိုးပေးသည်က တစ်ချိန်။ ဤကဲ့သို့အချိန်ကာလ မတူကွဲပြားသောကြောင့် နာနက္ခဏိက ကံဟုခေါ်ကြောင်း အထက်တွင် ပြခဲ့ပြီး။

(ပ◌ါကာနံ ခန္ဓာနံ) အကျိုးဝပါက်ဖြစ်ကုန်သော ခန္ဓာတို့ကို ဆိုသည်မှာ ဝိပါက် စိတ် ၃၆၊ ယင်းတို့၌ ယှဉ်သော စေတသိက် ၃၈– ဖြစ်သည်။

(ကဋတ္တာစရူပါနံ) ကံကြောင့်ဖြစ်သော ရုပ်ဆိုသည်မှာ ကမ္မဇရုပ်ဖြစ်ပေါ်စေသည်။ ယင်းသို့ဖြစ်ပေါ်စေနိုင်သော သတ္တိသည် ကမ္မပစ္စယသတ္တိဖြစ်သည်။ ထို့ကြောင့် (ကမ္မပစ္စယေန ပစ္စယော) ကမ္မ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည် ဟုပြဆိုထားသည်။

ကမ္မပစ္စယသတ္တိသည် မျိုးစေ့မှ သက်ဆိုင်ရာသစ်ပင် ပေါက်သော သဘောတရား နှင့် တူသောကြောင့် ကမ္မပစ္စယသတ္တိကို မျိုးစေ့ သဘာဝသတ္တိဟု နိဿယဆရာက ခေါ်ဆိုထားသည်။

## ကျေးဇူးပြုပုံ

မည်သည့်ကံက မည်သည့်နာမ်နှင့်ရုပ်ကို ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် တို့ကို တင်ပြပါမည်။

## ကုသိုလ်ကံ စေတနာက ကျေးဇူးပြုပုံ

ကုသိုလ် ၂၁တွင် ကာမကုသိုလ် ရူပကုသိုလ်၊ အရူပကုသိုလ်၊ လောကုတ္တရာ ကုသိုလ်ဟု လေးမျိုးပါဝင်ရာ ယင်းတို့ကို ခွဲခြား တင်ပြပါမည်။

ကာမာဝစရ ကုသိုလ်ကံစေတနာက ကျေးဇူးပြုပုံမှာ ကာမာဝစရကုသိုလ်ကံ စေတနာ(၈)ပါးသည်ကာ ကာမသုဂတိ(၇)ဘုံတွင် (အဟိတ်ကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်နှင့် မဟာဝိပါက် စိတ်(၈)ပါး၊ နှစ်ရုပ်ပေါင်း ဖြစ်သော) ကာမသုဂတိပဋိသန္ဓေ(၉)ပါး

ယှဉ်ဖက်စေတသိက် ၃၈–တည်းဟူသောပဋိပန္နေ ဝိပါက်နာမ်ခန္ဓာနှင့် သန္ဓေကမ္မဇရုပ် တို့အား မျိုးစေ့သဘာဝကမ္မ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ပဝတ္တိအခါ၌ ကာမသုဂတိ (၇)ဘုံတွင် မဟာဝိပါက်စိတ် (၈) ပါး၊ ယှဉ်ဖက်စေတသိက် (၃၃) ဟူသော ဝိပါက်နာမ်ခန္ဓာကိုလည်းကောင်း၊ ကာမ(၁၁)ဘုံနှင့် ရူပ(၁၅)ဘုံတို့တွင် အဟိတ်ကုသလ ဝိပါက်စိတ်(၈)ပါး၊ ယှဉ်ဖက်စေတသိက် (၃၀) ဟူသော ဝိပါက်နာမ်ခန္ဓာနှင့်ဖြစ်ဖြစ်သမျှသော ဣဋ္ဌ(ကောင်းသော) ကမ္မဇရုပ်တို့ကိုလည်းကောင်း ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

မှတ်ချက်။ ။ ကုသလဝိပါက်စိတ်(၈)ပါးသည် ကောင်းတာမြင်၊ ကောင်းတာကြား၊ ကောင်းတာစားအစရှိသည်တို့ဖြစ်သည်။ အဟိက် ကာမဝစရ ကုသိုလ်ကံကြောင်းဖြစ်ပေါ်လာသော အကျိုးတရားဖြစ် သည်။ ပဝတ္တိအခါခံစားနေရခြင်းဖြစ်သည်။

မဟာဝိပါက် စိတ်(၈)ပါးသည် ပဋိသန္ဓေ ဘဝင် စုတိတဒါရုံ ကိစ္စ(၄)ခုတပ်သည်မြင် ကြား နံ့ စားစသည်အခါဇော(၇)ကြိမ်၏ နောက်ကလိုက်၍ တဒါရုံအဖြစ်ဖြင့် အာရုံကောင်းတို့ကို အာရုံပြုခြင်းသည်မဟာဝိပါက်(၈)ပါး ပဝတ္တိအကျိုးဖြစ်သည်။

ရူပါဝစရ ကုသိုလ်ကံ စေတနာ ကျေးဇူးပြုပုံ။ ရူပါဝစရကုသိုလ်ကံစေတနာ(၅)ပါးသည် ရူပ(၁၅)ဘုံတွင် ရူပါဝစရ ဝိပါက်စိတ်(၅)ပါး ယှဉ်ဖက်စေတသိက်(၃၅)ဟူသော ပဋိသန္ဓေနာမ်ခန္ဓာနှင့် ကမ္မဇရုပ်တို့ကိုလည်းကောင်း၊ ပဝတ္တိအခါနာမ်ခန္ဓာနှင့် ကမ္မဇရုပ်တို့ကိုလည်းကောင်း ကမ္မယသတ္တိဖြင့် ကျေးဇူးပြုသည်။

အသညသတ်ဘုံ၌မူကား သညာ(ဝါ) စိတ်တည်းဟူသော နာမ်တရား၏ အပြစ်ကိုရှု၍ စက်ဆုပ်လျက်ပွားသော (သညာဝိရာဂ) ဘာဝနာဖြင့် ရအပ်သော အတိတ်ရူပဝစရ ပဥ္စမဈာန် ကုသိုလ်ကံစေတနာ ပဋိသန္ဓေပဝတ္တိကမ္မဇရုပ် (အသည သတ်ကမ္မဇရုပ်) အားကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

အရူပဝစရ ကုသိုလ်ကံစေတနာ(၄)ပါးတို့ ကကျေးဇူးပြုပုံ အရူပါဝစရ ကုသိုလ်ကံစေတနာ(၄)ပါးသည် အရူပဘုံ(၄)ဘုံ၌ အရူပ ဝိပါက်စိတ် ၄၊ ယှဉ်ဖက်စေတသိက် ၃၅ ဟူသော ပဋိသန္ဓေပဝတ္တိ နာမ်ခန္ဓာကို ကမ္မပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

လောကုတ္တရာ ကုသိုလ်ကံ စေတနာက ကျေးဇူးပြုပုံ လောကုတ္တရာ ကုသိုလ် ကံစေတနာ (မဂ်စိတ်)၄–ပါး သည် လောကုတ္တရာ ဝိပါက် (ဖိုလ်စိတ်)၄–ပါး၊ စေတသိက် ၃၆–ပါး တည်း ဟူသော ဝိပါက် နာမ်ခန္ဓာကို ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

မဂ်စိတ်၏အခြားမဲ့၌ တစ်ဆက်တည်း ဖိုလ်စိတ်ဖြစ်ခြင်းသည် မဂ်ကုသိုလ်က ဖိုလ်ကိုအနန္တရသတ္တိဖြင့် ကျေးဇူးပြုခြင်းဖြစ်သည်။ တစ်ဖန် စိတ်ဖြစ်ဖို့ရန် မဂ်စိတ်၌ ပင်ကိုအား ကောင်းလှသောသတ္တိရှိသဖြင့် ဖိုလ်စိတ်၏ အားကြီးသော မှီရာဖြစ်သည်။ ထို့ကြောင့် မဂ်စိတ်သည် ဖိုလ်စိတ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

သို့ဖြစ်၍ မဂ်တဖိုလ်ကိုကျေးဇူးပြုခြင်းကို အနန္တရကမ္မပစ္စည်းဟူ၍ လည်းကောင်း၊ ပကတူပနိဿယကမ္မပစ္စည်းဟူ၍လည်းကောင်း ခေါ်ဆိုသည်။

အကုသိုလ်ကံစေတနာ ၁၂–ပါးတွင်ဥဒ္ဓစ္စသဟဂုတ် မောဟမူစိတ်မှ တစ်ပါးသော အကုသိုလ်စိတ်(၁၁)ပါးသည် အပါယ်လေးဘုံ၌

အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်၊ ယင်းနှင့်ယှဉ်သော စေတသိက်(၁၀)ဟူသော ပဋိသန္ဓေဝိပါက်နာမ်ခန္ဓာနှင့် ပဋိသန္ဓေကမ္မဇရုပ်ကို မျိုးစေ့သဘာဝ ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ပဝတ္တိအခါတွင် မူကား ကာမ(၁၁)ဘုံနှင့် (အသညသတ်မှတစ်ပါးသော) ဗြဟ္မာ(၁၅)ဘုံတွင် အကုသိုလ်ကံစေတနာ(၁၂)ပါးလုံးသည် မကောင်းတာမြင်၊ မကောင်းတာကြား၊ မကောင်းတာစားစသည်ဖြင့် အကုသလဝိပါက်စိတ်(၇)ပါး၊ ယှဉ်ဖက်စေတသိက်၁၀–ဟူသော ဝိပါက်နာမ် ခန္ဓာနှင့် ဖြစ်ဖြစ်သမျှသော အနိဋ္ဌမကောင်းသော ကမ္မဇရုပ်အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## နာနက္ခဏိက ကမ္မပစ္စည်း အဓိပ္ပာယ်

ကုသိုလ်ကံ စေတနာနှင့် အကုသိုလ်ကံစေတနာကို နာနက္ခဏိကကံ(နာနက္ခဏိက ကံစေတနာ)ဟု ခေါ်ဆိုအပ်သောကြောင့် အထက်ပါ ကုသိုလ်ကံစေတနာ နှင့် အကုသိုလ်ကံစေတနာက ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ကို နာနက္ခဏိက ကမ္မပစ္စည်းဟု ခေါ်သည်။ အထက်ပါ ကျေးဇူးပြုပုံတို့ကို ပေါင်းယူလျှင်အောက်ပါအတိုင်း ရနိုင်သည်။

## နာနက္ခဏိက ကမ္မပစ္စည်း ပစ္စယုပ္ပန်

၁။ ရှေး၌ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ ၃၃–သည် နာနက္ခဏိက ကမ္မပစ္စည်းတရားဖြစ်သည်။

၂။ နောက်၌ဖြစ်သော ဝိပါက်စိတ် ၃၆၊ စေတသိက် ၃၈၊ ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်တို့သည် နာနက္ခဏိကပစ္စယုပ္ပန်တရားဖြစ်သည်။

## ပြန်လည်သုံးသပ်ချက်

ရှေးကပြခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကြောင့်ထိုက်သည် အားလျော်စွာနောင်တစ်ချိန်တွင် ပဋိသန္ဓေ(ဝိပါက်)စိတ်ဖြစ်ပေါ်သည်ကို အထက်တွင်ပြဆိုခဲ့သည်။ ယင်းပဋိသန္ဓေစိတ်တို့ကို စုပေါင်းယူသော် အောက်ပါအတိုင်း ၁၉-ပါးရသည်။

## ပဋိသန္ဓေ စိတ် ၁၉-ပါး

ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေ = အကုသလ်ဝိပါက် ဥပေက္ခာသန္တိရဏစိတ်
သုဂတိအဟိတ်ပဋိသန္ဓေ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တိရဏစိတ်
သုဂတိ ဒွိဟိတ်ပဋိသန္ဓေ = မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄။
သုဂတိ တိဟိတ်ပဋိသန္ဓေ = မဟာဝိပါက် ဉာဏသမ္ပယုတ် ၄။
သန္တိရဏစိတ်
ရူပ ပဋိသန္ဓေ = ရူပဝိပါက်စိတ် ၅။
အရူပ ပဋိသန္ဓေ = အရူပဝိပါက် စိတ် ၄။

## ဒုတိယစာပိုဒ်

## သဟဇာတကမ္မ ပစ္စည်း

စေတနာ စေတသိက်သည် စိတ်တိုင်း၌ပါသည်။ စိတ်အားလုံး ၈၉-ပါးရှိသဖြင့် စေတသိက်လည်း ၈၉-ပါးရှိသည်။ ထို့ကြောင့် နိဿယ ဒုတိယစာပိုဒ်တွင်“စေတနာ”ကို “စိတ်တစ်ခုယှဉ်ကိုး ဆယ်တွင်ပါသော စေတနာတစ်ခုယှဉ်ကိုးဆယ်တို့သည်”ဟု မြန်မာပြန်ထားသည်။

"သမ္ပယုတ္တကာနံ(ယှဉ်ဖက်ဖြစ်ကုန်သော)"ဟူသည်မှာ စေတနာနှင့်ယှဉ်ဖက်ဖြစ်သည်ကို ဆိုလိုသည်။ ထို့ကြောင့် ယင်းနှင့်ယှဉ်သော "ဓမ္မနံ"ကို"စိတ်စေတသိက်"တို့အား ဟုမြန်မာပြန်ထားသည်။ "စေတနာနှင့်ယှဉ်သောစိတ်မှာ စိတ် ၈၉–ပါးလုံးဖြစ်သည်။ စေတနာ"နှင့်ယှဉ်သော စေတသိက်မှာ စေတနာမှ တစ်ပါး စိတ် ၈၉–ပါး အသီးသီးတွင်ယှဉ်သော သက်ဆိုင်သလိုပါဝင်သော စေတသိက် တို့ဖြစ်သည်။

စိတ်ကြောင့်ပဝတ္တိအခါတွင် စိတ္တဇရုပ်ဖြစ်ပေါ်လာသည်။ ပဋိသန္ဓေအခါတွင် ပဋိသန္ဓေကမ္မဇရုပ်ဖြစ်ပေါ်လာသည်။ စေတသိက်သည် စိတ်တိုင်း၌ ယှဉ်သဖြင့်ယင်းရုပ်တို့သည် စေတသိက်ကြောင့်ဖြစ်သော ရုပ်များဖြစ်သည်ဟုဆိုနိုင်သည်။ ထို့ကြောင့် "တံသမုဋ္ဌာနာနဉ္စရူပါနံ"ကို ထိုစေတသိက်ကြောင့်ဖြစ်သောစိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မရုပ်တို့အား ဟုမြန်မာပြန်ထားသည်။

စေတနာက မိမိနှင့် ယှဉ်ဖက်ဖြစ်သော စိတ် စေတနာသိက်နာမ်တရားနှင့် မိမိကြောင့်ဖြစ်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်ကို အတူတကွတစ်ပြိုင်နက်ဖြစ်စေ သောကြောင့် (ကမ္မပစ္စယေန ပစ္စယော) တစ်ပြိုင်နက်ဖြစ်အောင် ပြုစီရင်ခြင်း ကိစ္စဖြင့် ကျေးဇူးပြုသည် ဟုဆိုနိုင်သည်။

(နိဿယတွင် မျိုးစေ့ သဘာဝ ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် ဟုပြဆိုထားသည်။)

## ကျေးဇူးပြုပုံ

စေတနာ စေတသိက်သည် မိမိနှင့် အတူအတကွဖြစ်သော စိတ် ၈၉၊ စေတနာမှ တစ်ပါးသော စေတသိက် ၅၁၊ ပဋိသန္ဓေအခါ တွင် ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိအခါတွင် စိတ္တဇရုပ်တို့အား ကမ္မပစ္စ ယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု အထက်တွင် ပြဆိုချက်ကို ရှင်း ပါမည်။

## ပဝတ္တိအခါတွင် ကျေးဇူးပြုပုံ (နမူနာ)

အကြောင်းတစ်ခုခုကြောင့် စိတ်ဆိုးပြီး အသော်ရိက စိတ်ဖြစ် လာသည် ဆိုပါစို့။ ယင်းစိတ်တွင် စေတသိက်၂၀-ယှဉ်သည်။ ထို့ကြောင့်စေတနာသည် ထို ဒေါသစိတ်၊ မိမိ(စေတနာ)မှတစ်ပါး သော စေသတိက် ၁၉-ပါး ကမ္မပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

ထို့ပြင်ယင်းဒေါသစိတ်ကြောင့် ဒေါသအမူအရာဖြစ်သော ဒေါသရုပ်၊ စိတ္တဇရုပ်လည်းဖြစ်လာသည်။ ဒေါသမူစိတ်၌ စေတနာ စေတသိက်ယှဉ်သောကြောင့် ယင်းစိတ္တဇရုပ်သည် စေတနာကြောင့် ဖြစ်သော ရုပ်ဟုဆိုနိုင်သည်။ ထို့ကြောင့် စေတနာသည် စိတ္တဇရုပ် ကိုကမ္မယပစ္စသတ္တိဖြင့် ကျေးဇူးပြုသည်။

ဤအတူအခြားသော စိတ်များဖြစ်သောသော အခါ စေတနာ သည်သက်ဆိုင်ရာ စိတ်စေသိက်တို့နှင့် စိတ္တဇရုပ်ကို ကမ္မပစ္စယသတ္တိ ဖြင့်ကျေးဇူးပြုသည်။

## ပဋိသန္ဓေအခါတွင် ကျေးဇူးပြုပုံ (နမူနာ)

ကာမသုဂတိပဋိသန္ဓေ စိတ်တစ်ခုဖြစ်သော မဟာဝိပါက် (သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်) စိတ်တစ်ခုနှင့် ပဋိသန္ဓေနေသည်ဖြစ်အံ့။ ယင်းမဟာဝိပါက် စိတ်သည် စေတသိက် ၃၃-ပါးနှင့် ယှဉ်သည်ဖြစ်ရာ အဆိုပါ မဟာဝိပါက်စိတ်နှင့်ယှဉ်သော စေတနာသည် ယင်းမဟာဝိပါက်စိတ်၊ မိမိမှ တစ်ပါးသော စေတသိတ် ၃၂-ပါးကို ကမ္မပစ္စသတ္တိဖြင့် ကျေးဇူးပြုသည်။

ထို့ပြင် ပဋိသန္ဓေအခါ ယင်းမဟာဝိပါက်စိတ်နှင့် အတူ ပဋိသန္ဓေကမ္မဇရုပ်လည်း ဖြစ်လာသည်။ ဤသို့ဖြစ်ရာ ယင်းပဋိသန္ဓေအခိုက် ယင်းမဟာဝိပါက် စိတ်နှင့် ယှဉ်သော စေတနာသည် ပဋိသန္ဓေကမ္မဇရုပ်ကို ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ပဋိသန္ဓေစိတ် ၁၉-ပါး အနက် တစ်ပါးပါးဖြစ်တိုင်း ဤအတူ ထိုစိတ်၌ပါသော စေတနာက ယှဉ်ဖက်စိတ် စေတသိက်နှင့် ပဋိသန္ဓေကမ္မဇရုပ်ကို ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## သဟဇာတ ကမ္မပစ္စည်း

ပြဆိုခဲ့ပြီးသော ကျေးဇူးပြုပုံတို့တွင် (ပစ္စည်းတရား) စေတနာသည်(ပစ္စယုပ္ပန်တရား)ယှဉ်ဖက်စိတ်စေတသိက် ဖြစ်ဖက် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့နှင့် အတူတကွဖြစ်ကြသောကြောင့် ဤကမ္မပစ္စည်းကို သဟဇာတကမ္မပစ္စည်းဟုခေါ်သည်။

## သဟဇာတပစ္စည်း ပစ္စယုပ္ပန်

၁။ စိတ် ၈၉–၌ ပါသော စေတနာစေတသိက်သည် သဟဇာတ ကမ္မပစ္စည်းတရားဖြစ်သည်။

၂။ စိတ် ၈၉– စေတနာကြဉ်သော စေတသိက် ၅၁၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်သည် သဟဇာတ ကမ္မ ပစ္စယုပ္ပန်တရား ဖြစ်သည်။

## ပြန်လှန်သုံးသပ်ချက်

စိတ္တဇရုပ်သည် စိတ် ၈၉–ပါးလုံးကြောင့် မဖြစ်၊ ဒွေးပဥ္စဝိညာဏ် ၁၀–နှင့် အရူပဝိပါက် ၄–ပါးသည် ရုပ်ကိုမ ဖြစ်စေနိုင်ပါ။ ကျန်သော စိတ် ၇၅–သာ ရုပ်ကိုဖြစ်စေနိုင်သည်။ ထို့ကြောင့် ဒွေးပဥ္စဝိညာဏ် ၁၀–ပါး နှင့် အရူပဝိပါက်၄–ပါးကို (ပေါင်း စိတ်၁၄–ပါးနှင့် ယှဉ်သော စေတနာကို) ပစ္စည်းတရားအဖြစ် ကောက်ယူသောအခါ ပစ္စယုပ္ပန် အဖြစ် စိတ္တဇရုပ်ကို မကောက်ယူရပါ။

ကုသိုလ်၊ အကုသိုလ်၊ စေတနာ ၃–ခုသည် သဟဇာတ ကမ္မပစ္စယ သတ္တိဖြင့် လည်းကောင်း၊ နာနက္ခဏိက ကမ္မပစ္စယသတ္တိဖြင့် လည်းကောင်း ကျေးဇူးပြုသည်။ ဝိပါက်ကြိယာ စေတနာသည် သဟဇာတ ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ။

# အခန်း(၁၅)

# ဝိပါကပစ္စည်း

## ဝိပါက်

"မြတ်စွာဘုရားသော်မှ ဝိပါက်နှင့်မကင်း၊ ဝိပါက်တော် ၁၂–ပါးနှင့် ကြုံရသေးသည်" ဟူသောစကားကို ဗုဒ္ဓဝါဒီတိုင်းလိုပင် ကြားဘူးကြပေလိမ့်မည်။ "ဝိပါက်ခံရသည်။ ဝိပါက်လိုက်သည်" ဟူသောစကားတို့ကိုလည်း ကျွန်ုပ်တို့သုံးစွဲနေကြသည်။ ဤသို့ ဝိပါက်ဟူသော စကားကို မြန်မာစကားအဖြစ်ဖြင့် သုံးစွဲနေကြရာ၌ လွန်ခဲ့သောအခါက မကောင်းမှုအကုသိုလ်ကို လုပ်ခဲ့သဖြင့် နောင်အခါမှာဆင်းရဲဒုက္ခခံရခြင်း၊ မကောင်းကျိုးခံစားရခြင်းဟူသော အဓိပ္ပါယ်မျိုးဖြင့်သာ အသုံးပြုနေကြသည်။

သို့ရာတွင် ဤ"ဝိပါက်" ဟူသောစကား၏ ရင်းမြစ်ဖြစ်သော ပါဠိစကား "ဝိပါက" ဟူသည်ကား ကောင်းကျိုးဆိုးကျိုး နှစ်မျိုးလုံး အဓိပ္ပါယ်ရသည်ကို ရှင်းလင်းတင်ပြပါမည်။

# ဝိပါက

'ဝိပါက' ဟူသော ပါဠိစကား၏ ရင်းမြစ်အဓိပ္ပါယ်မှာ 'ရင့်ကျက်ခြင်း၊ မှည့်ခြင်း၊ ရင့်ကျက်မှည့်ရွှမ်းသည်၏ အဖြစ်သို့ ရောက်ခြင်း' ဟူ၍ ဖြစ်သည်။ ဝိပါကပစ္စည်း၌ ဝိပါက ဟူသော စကားသည် နာနက္ခဏိက ကမ္မ ဟုဆိုအပ်သော အတိတ်ကုသိုလ် အကုသိုလ် စေတနာကံသည် သိမ်မွေ့နုနယ်ငယ်ရွယ်သည်၏ အဖြစ်ကို လွန်ပြီး ယင်းကံ၏ ရင့်ကျက်မှည့်ရွှမ်းသည်၏ အဖြစ်သို့ရောက်ခြင်းကို ဆိုလိုသည်။ သို့ဖြစ်ရာ အတိတ်ကံ စေတနာ၏ ရင့်ကျက်မှည့်ရွှမ်းသည်၏ အဖြစ်သို့ ရောက်သော စိတ်စေတသိက်တို့သည် ဝိပါက မည်၏။

ထို့ကြောင့် အဋ္ဌသာလိနီတွင် 'ဝိပါက' ဟူသော အမည်သည် ရင့်ကျက်ခြင်းသဘောသို့ ရောက်ကုန်သော နာမ်တရားတို့၏ အမည်တည်းဟု ဖွင့်ဆိုထားသည်။

ဆိုခဲ့ပြီးသော စကားရပ်တွင် အတိတ်ကံ စေတနာ၏ ရင့်ကျက်ခြင်းသို့ ရောက်ခြင်း (ဝါ) ရင့်ကျက်ခြင်း ဆိုသည်မှာ ထိုကံ၏ ဘဝသစ်၌ ဖြစ်ပေါ်လာသော အကျိုးတရားဖြစ်၍ 'ဝိပါက'ကို 'ကံ၏ အကျိုး'ဟူ၍လည်းကောင်း၊ 'အကျိုး'ဟူ၍လည်းကောင်း မြန်မာပြန်ကြသည်။

အခြားတစ်နည်းအားဖြင့် 'ဝိပါက'၏ အဓိပ္ပာယ်ကို ဖွင့်ဆိုကြသေးသည်။ ယင်းဖွင့်ဆိုချက်ကို တင်ပြပါမည်။

'ဝိပါက' ဟူသော စကား၌ 'ဝိ' သဒ္ဒါသည် ဝိရုဒ္ဓ (ဆန့်ကျင်ဘက်) အနက်ကို ဟောသည်။ 'ပါက'သည် 'အကျိုး' အနက်ကို ဟောသည်။ ဝိရုဒ္ဓါနံ = အချင်းချင်းဆန့်ကျင်ဘက်ဖြစ်သော ကုသိုလ် အကုသိုလ်တို့၏၊ ပါက = အကျိုးတို့တည်း။ ဣတိ = ထို့ကြောင့်၊

ဝိပါက = ဝိပါက တို့ မည်၏ဟု ဖွင့်ဆိုသည်။ ကုသိုလ်-အကုသိုလ် တို့၏ အကျိုးကို "ဝိပါက" ခေါ်သည်ဟု ဆိုလိုသည်။

အထက်ပါစကားများအရ ဝိပါက ပစ္စည်းဆိုသည်မှာ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရား (ဝါ) (ကံ၏) အကျိုးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားဖြစ်သည်။

## အကြောင်းစိတ် / အကျိုးစိတ်

ဆိုခဲ့ပြီးသည့်အတိုင်း ကုသိုလ်ကံ အကုသိုလ်ကံ စေတနာကြောင့် ဝိပါက မည်သော စိတ်စေတသိက် နာမ်တရား ဖြစ်ပေါ်လာသောကြောင့် ကုသိုလ်ကံ / အကုသိုလ်ကံ စေတနာတို့ကို 'အကြောင်းစိတ်' ဟူ၍လည်းကောင်း၊ ဝိပါက်မည်သော စိတ်ကို 'အကျိုးစိတ်' ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။

## ဝိပါက သဘောတရား

သရက်သီး၊ ငှက်ပျောသီး တို့သည် ရင့်မှည့်လာသောအခါ နူးညံ့ပျော့ပျောင်းသော သဘောရှိသကဲ့သို့ အတိတ်ကံ၏ ရင့်ကျက်သည်၏ အဖြစ်သို့ ရောက်နေသော ဝိပါက်တရားတို့သည်လည်း နူးညံ့သိမ်မွေ့သောသဘောရှိကြသဖြင့် လှုပ်ရှားမှုကင်း၍ ငြိမ်သက်မှုသာ ရှိကြသည်။ ရှင်းလင်းတင်ပြပါမည်။

အကြောင်း(ကံ) စိတ်တို့သည် ကိုယ်နှုတ်စိတ် အမှုအရာတို့ကို ဖြစ်စေဖို့ရာ အရှိန်အဟုန်ဖြင့် တက်ကြွစွာ လှုပ်ရှားကြသော ဇောစိတ်များဖြစ်သောကြောင့် အကျိုး (ဝိပါက်) တရားတို့ကို ဖြစ်ပေါ်စေသည်။ ယင်းစိတ်တို့သည် လုံ့လဉဿာဟ ရှိ၏။ ကြောင်းကြဖျာပါရ

ရှိ၏။ ထို့ကြောင့် မငြိမ်မသက်၊ လှုပ်ရှားသော သဘောရှိ၏။ အကျိုး (ဝိပါက်) စိတ်တို့သည်ကား တက်တက်ကြွကြွ အလုပ်လုပ်ခဲ့ကြသော အကြောင်း (ကံ)၊ စိတ်တို့၏ အကျိုးတရားများသာ ဖြစ်သောကြောင့် အကျိုးခံစားရုံမျှသာဖြစ်၍ လှုပ်ရှားတက်ကြွမှုမရှိ။ အားထုတ်လုံ့လ ဗျာပါရ ကင်းလျက် အေးဆေးငြိမ်သက်မှုသာ ရှိသည်။ ဤသဘော တရားကို ထင်ရှားစေရန် ဥပမာတစ်ခု တင်ပြပါမည်။

လူတစ်ယောက်သည် ချမ်းသာကြွယ်ဝဖို့ မျှော်မှန်းပြီး သက်စွန့် ကြိုးပမ်း ပင်ပန်းကြီးစွာ စီးပွားရှာသည်။ ဤသို့ စီးပွားရှာသောအခါ သည် အလွန်တရာ လှုပ်ရှားရသောအခါဖြစ်၍ ဤအခါသည် အကြောင်း (ကံ) စိတ်နှင့် တူသည်။ စီးပွားဖြစ်ထွန်း၍ ကြွယ်ဝ ချမ်းသာလာသောအခါ ထိုလူသည် စည်းစိမ်ချမ်းသာ ခံစားလျက် အေးအေးဆေးဆေး နေလေတော့၏။ ဤသို့ အေးဆေးငြိမ်သက်စွာ နေသောအခါ အကျိုး (ဝိပါက်) စိတ်နှင့် တူသည်။

အထက်ပါ ဥပမာကဲ့သို့ပင် ကုသိုလ်ကံ အကုသိုလ်ကံ တို့၏ အကျိုးဖြစ်ကုန်သော ကာမဝိပါက်၊ ရူပဝိပါက်၊ အရူပဝိပါက်၊ လောကုတ္တရာ ဝိပါက်တရားတို့သည် အကုန်လုံး ငြိမ်သက်ကြကုန်၏။ ကုသိုလ်ကံ / အကုသိုလ်ကံတို့ ကဲ့သို့ လှုပ်ရှားထကြွ မရှိကြကုန်။ ဤသို့သော ငြိမ်သက်မှုသည် ဝိပါက (ဝိပါက်)၏ သဘောတရား ဖြစ်သည်။ ဝိပါက်စိတ်တို့တွင် ပဋိသန္ဓေ ဘဝင် စုတိကိစ္စတပ်သော စိတ်တို့မှာ အငြိမ်သက်ဆုံး ဖြစ်၏။ ဖြစ်မှန်းပင် မသိရ၊ မသိနိုင် လောက်အောင်ပင် ငြိမ်သက်သိမ်မွေ့ကုန်၏။ ဤသို့သော ငြိမ် သက်မှုကြောင့် အိပ်ပျော်နေ‌ေသာ သူတို့မှာ ဘဝင်စိတ်ဟူသော ဝိပါက တရား ဖြစ်နေစဉ် အသေကောင်နှင့်တူစွာ ငြိမ်သက်ခြင်းသို့ ရောက် ရှိနေကြကုန်၏။

အထက်ပါ တင်ပြချက်တို့အရ ဝိပါကတရား တို့မှာ (ကံ၏ အကျိုးတရားတို့မှာ) ကိုယ်, နှုတ်, စိတ်, အမူအရာ ဗျာပါရကင်းပြီး ငြိမ်သက်ခြင်းသဘောတရားရှိသည်။

သို့ဖြစ်၍ ဝိပါကပစ္စည်းဆိုသည်မှာ ဗျာပါရ မရှိ၊ ငြိမ်သက်ခြင်း၊ ငြိမ်သက်စေသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသော တရားဖြစ်သည်ဟူ၍ တစ်နည်း အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည်။ ပစ္စည်းတရားတို့သည် ငြိမ်သက်စွာ ဖြစ်နေလျက် ပစ္စယုပ္ပန်တရားတို့အားလည်း ငြိမ်သက်စွာဖြစ်နေကြစေရန် ကျေးဇူးပြုသည်ဟု ဆိုလိုသည်။

အထက်ပါ ဝိပါကပစ္စည်း၏ အဓိပ္ပာယ်ကို ပေါ်လွင်အောင် လုံ့လဗျာပါရ ကင်းလျက် အေးအေးဆေးဆေး ငြိမ်သက်စွာ နေတတ်သော လူတစ်ယောက်သည် မိမိနှင့်အတူ နေသူတို့အား ငြိမ်သက်စွာ နေကြစေရန် စီမံဖန်တီးခြင်းနှင့် တူသည်ဟူ၍ ဥပမာပြကြသည်။

အချို့သော ဆရာတို့ကမူ "ချမ်းအေးသည့် အရိပ်ထဲ၌ နေသောသူအား ချမ်းအေးစေခြင်းငှာ လေပြေလေညှင်း တိုက်ခိုက်ခြင်းနှင့်တူသည်ဟု ဥပမာပေးကြသည်။ ဤဥပမာအရဆိုသော် အေးမြခြင်း၊ သဘောတရားသာ ထင်ရှားသည်။ ငြိမ်သက်မှုသဘောတရားကား မထင်ရှား။ ဝိပါက ဟူသည်မှာ အေးမြသည့် သဘောကို မဆောင်၊ ငြိမ်သက်သောသဘောကိုသာ ဆောင်ရကား ဤဥပမာသည် ဝိပါက သဘောနှင့် အံဝင်ဂွင်ကျ မဖြစ်ဟု ဆိုကြသည်။"

## ဝိပါကပစ္စယသတ္တိ

လူအေးတစ်ယောက်သည် မိမိနှင့် အတူနေသူတို့အား အေးအေးဆေးဆေး နေကြစေရန် စီမံသကဲ့သို့ မိမိကိုယ်တိုင်လည်း ဗျာပါရ

ကင်းလျက် ငြိမ်သက်သည်ဖြစ်၍ အတုတကွဖြစ်ဖက် တရားတို့အား ဗျာပါရ ငြိမ်သက်ဖို့ရန် ကျေးဇူးပြုတတ်သော သတ္တိထူးသည် ဝိပါက သတ္တိ မည်၏။

## ကြောင်းကျိုးဆက်စပ်ပုံ

(ဝိပါက စတ္တာရော ခန္ဓာ အရုပိနော) ဝိပါက်ဖြစ်ကုန်သော နာမ်ခန္ဓာလေးပါးတို့သည် ဆိုသည်မှာ ဝိပါက်စိတ် ၃၆ နှင့် ထို ဝိပါက်စိတ်တို့မှာ ယှဉ်သော စေတသိက် ၃၈ တို့ဖြစ်သည်။ ယင်းစိတ်နှင့် စေတသိက်တို့ကို ခန္ဓာဖွဲ့လျှင် ဝိပါက်စိတ် ၃၆ သည် ဝိညာဏက္ခန္ဓာ၊ စေတသိက် ၃၈ သည် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ ဖြစ်၍ နာမ်ခန္ဓာလေးပါး ရသည်။ နာမ်ခန္ဓာလေးပါးကို အောက်ပါ အတိုင်းလည်း ယူနိုင်သည်။

ဝိပါက်စိတ် ၃၆ ပါးတွင် အကုသလဝိပါက် ၇၊ ကုသလဝိပါက် ၈၊ မဟာဝိပါက် ၈၊ ရူပဝိပါက် ၅၊ အရူပဝိပါက် ၄ နှင့် လောကုတ္တရာ ဝိပါက် ၄ ဟူ၍ (၆)မျိုးရှိရာ တစ်မျိုးစီကိုဖြစ်စေ၊ တစ်ပါးစီကိုဖြစ်စေ ယူလျှင်လည်း ထိုယူသော စိတ်၊ ယင်းစိတ်နှင့် ယှဉ်သော စေတသိက်တို့သည်လည်း နာမ်ခန္ဓာလေးပါးပင် ဖြစ်သည်။

'ခန္ဓာ'ကို 'ခန္ဓာတို့' ဟု မြန်မာမပြန်ဘဲ 'ပဝတ္တိ ပဋိသန္ဓေ ခန္ဓာတို့' ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကာ မြန်မာပြန်ထားသည်မှာ ပဝတ္တိ အခါတွင် ဝိပါက်စိတ် ၃၆ ပါးလုံး ဖြစ်နိုင်ပြီး ပဋိသန္ဓေ အခါမှာ ဝိပါက်စိတ် ၁၉ ပါးသာ ဖြစ်နိုင်သည်ကို အာရုံပြုစေလိုသောကြောင့် ဖြစ်ပါလိမ့်မည်။ ပဋိသန္ဓေ အခါမှာဖြစ်သော ပဋိသန္ဓေဝိပါက်စိတ် ၁၉ ပါးနှင့် စေတသိက်တို့သည်လည်း နာမ်ခန္ဓာလေးပါးပင် ဖြစ်သည်။

(အညမည) အချင်းချင်း ဟူသော စကားကို ရှင်းပြရန် မလိုတော့ပါ။ အရင်က ပစ္စည်းရှင်းလင်းချက်တို့တွင် ပါဝင်ပြီးဖြစ်သည်။

(ဝိပါက ပစ္စယေန ပစ္စယော) အကျိုး–ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုထားခြင်းမှာ ကံ၏ အကျိုး ဝိပါကတရားတို့သည် ငြိမ်သက်တတ် ငြိမ်သက်စေတတ်သော သတ္တိရှိသဖြင့် မိမိနှင့်ဖြစ်ဖက်တရားတို့ကိုလည်း မိမိကဲ့သို့ပင် ငြိမ်သက်စွာ ဖြစ်နေစေရန် ကျေးဇူးပြုသည်ဟု ဆိုလိုသည်။

## အဋ္ဌကထာဆရာ၏ ညွှန်ကြားချက်

အထက်ပါ ရှင်းပြချက်အရ ဤပစ္စယနိဒ္ဒေသ အလိုအားဖြင့် နာမ်ခန္ဓာလေးပါသည်သာ ပစ္စည်း–ပစ္စယုပ္ပန် နှစ်မျိုးဖြစ်နေသည်။ သို့ရာတွင် အဋ္ဌကထာဆရာတို့က စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်ကို ပစ္စယုပ္ပန်တွင် ထည့်သွင်းယူနိုင်ကြောင်း ညွှန်ပြတော်မူကြသည်။ ပစ္စယနိဒ္ဒေသသည် အကျဉ်းအားဖြင့် ဟောထားခြင်း ဖြစ်သောကြောင့် အကြွင်းအကျန်မရှိ အလုံးစုံ ပြည့်စုံသည်ဟု တိတိကျကျ မဆိုနိုင်။ လိုသောအရာ ကျန်သောအရာ ရှိကောင်းရှိနိုင်သည်။ ပုညဝါရ၌ ဝိပါက်စိတ်သည် ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်ကို ဖြစ်စေသည်။ ပဝတ္တိအခါ၌ စိတ္တဇရုပ်ကို ဖြစ်စေသည်ဟု ဟောတော်မူခဲ့ကြောင်းဖြင့် အကြောင်းပြကာ ရှင်းလင်းတော်မူကြသည်၊

နိဿယဆရာက 'ခန္ဓာ'ကို 'ပဝတ္တိပဋိသန္ဓေခန္ဓာ' ဟု မြန်မာပြန်ပေးခဲ့သည်မှာ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်ကို ပစ္စယုပ္ပန်တွင် ထည့်သွင်းယူသင့်သည်ကို အရိပ်အမြွက် ညွှန်ပြခြင်း ဖြစ်လေမည်လားဟု စဉ်းစားဖွယ် ရှိနေပါသည်။

စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်ကို ပစ္စယုပ္ပန်တွင် ထည့်သွင်းကောက်ယူပါက ဒွေးပဉ္စဝိညာဏ် ၁၀ နှင့် အရူပဝိပါက် ၄ ပါးသည် ရုပ်ကို မဖြစ်စေနိုင်သည်ကို သတိပြုရာသည်။ ထို့ပြင် ဝိညတ်ဒွေးသည် လှုပ်ရှားသည့်သဘောရှိသော ရုပ်များဖြစ်သဖြင့် ယင်းတို့ကို ဝိပါက်စိတ်တို့က ဝိပါကသတ္တိဖြင့် ကျေးဇူးမပြုနိုင်။ ထို့ကြောင့် ဝိညတ်ဒွေးကို စိတ္တဇရုပ်မှ ကြဉ်ရသည်။

## ဝိပါကပစ္စည်း–ပစ္စယုပ္ပန်

၁။ ဝိပါက်စိတ် ၃၆ ၊ စေတသိက် ၃၈ ဟူသော ပဝတ္တိ ပဋိသန္ဓေ နာမ်ခန္ဓာလေးပါးသည် ဝိပါက ပစ္စည်းတရားဖြစ်သည်။

၂။ ဝိပါက်စိတ် ၃၆ ၊ စေတသိက် ၃၈ ဟူသော နာမက္ခန္ဓာ၊ ထို နာမက္ခန္ဓာ လေးပါးသည် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုအပ်သော ဝိညတ်ဒွေးကြဉ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် တို့သည် ဝိပါကပစ္စယုပ္ပန်တရား ဖြစ်သည်။

(ဝိပါကစိတ်တို့တွင် အရူပဝိပါက်စိတ်နှင့် ဒွေးပဉ္စဝိညာဏ် ၁၀ တို့က ရုပ်ကို မဖြစ်စေနိုင်သောကြောင့် 'ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုတတ်သော' ဟု ဆိုသည်။)

# အခန်း (၁၄)
## အဟာရပစ္စည်း

ကျွန်ုပ်တို့သည် ထမင်း၊ ဟင်း၊ မုန့် စသော စားဖွယ် သောက်ဖွယ် အစားအစာ တို့ကို စားသောက်မှီဝဲနေသောကြောင့် အသက်ရှင်နေသည်။ အသက်ရှင်နေသည် ဟူ၍ အများအားဖြင့် ထင်မြင်ယူဆကြသည်။ ထိုသို့ ယူဆကြသည့်အတိုင်း 'ကျွန်ုပ်တို့ သည် အသက်ရှင်အောင် အစာစားကြသည်။ အစာစားရဖို့ အသက် ရှင်နေခြင်းမဟုတ်'ဟူသော စကားတစ်ရပ်ပေါ်ပေါက်ခဲ့သည်။

ဤယူဆချက်၊ ဤစကားရပ်သည် အပြည့်အစုံ မမှန်ပါ။ တစ်ဝက်တစ်ပျက် မှန်သည်ကို ဤပစ္စည်း ရှင်းလင်းချက်ကို ဖတ်ရှု ပြီးသောအခါ သဘောပေါက်နားလည်ကြပါလိမ့်မည်။

## အဟာရ

အစားအစာ ဟူသရွေ့ကို 'အာဟာရ'ဟု ကျွန်ုပ်တို့ ခေါ်ဝေါ် သုံးစွဲနေကြသောကြောင့် အာဟာရဟူသော စကားသည် မြန်မာ စကား ဖြစ်သည်ဟု အများကပင် မှတ်ယူနေကြသည်။ သို့သော် မြန်မာစကားမဟုတ်ပါ။ ပါဠိဘာသာမှ ယူ၍မွေးစားကာ ထားခြင်းဖြစ် သည်။ မူလအရင်းအမြစ်ဖြစ်သော အာဟာရ ဟူသော ပါဠိစကား တွင် 'အာ'သည် 'လွန်စွာ'၊ 'ဟာရ'သည် 'ဆောင်သည်' ဟူသော အနက်ကို ဟောသောကြောင့် အာဟာရ ဟူသောစကား၏ အဓိပ္ပာယ် မှာ 'လွန်စွာဆောင်သည်' ဟူ၍ ဖြစ်သည်။

'လွန်စွာဆောင်သည်' ဆိုသည်မှာ ကြာရှည် တည်တံ့ခိုင်မြဲ အောင် ဆောင်ရွက်သည်ဟု ဆိုလိုသည်။ ဤနေရာ၌ 'ဆောင်သည်၊ ဆောက်ရွက်သည်' ဟူသည်မှာ ထောက်ပံ့မှု၊ အထောက်အပံ့ပေးမှု၊ ဥပတ္ထမ္ဘက သဘောဖြစ်သည်။ ထို့ကြောင့် အာဟာရ၏ အဓိပ္ပာယ် မှာ ကြာရှည်စွာ တည်တံ့ခိုင်မြဲအောင် ထောက်ပံ့ဆောင်ရွက်ခြင်း ဖြစ်သည်။

## အာဟာရပစ္စည်းအဓိပ္ပာယ်

အထက်တွင် ပြဆိုခဲ့သော အာဟာရ ဟူသော စကား၏ အဓိပ္ပာယ်အရ အာဟာရပစ္စည်းဆိုသည်မှာ ထောက်ပံ့နိုင်ခဲ့စေတတ် သည်ဖြစ်၍ ကျေးဇူးပြုသော တရားဖြစ်သည်။ ပစ္စယုပ္ပန်တရား တို့ ကို ကြာရှည်စွာ တည်တံ့အောင် ထောက်ပံ့ဆောင်ရွက်ခြင်းဖြင့် ကျေးဇူးပြုသည်ကို ဆိုလိုသည်။ ဤပစ္စည်း၏ အဓိပ္ပာယ်ကို သရုပ် ပေါ်အောင် အိမ်၊ ကျောင်း၊ ဇရပ် စသည်တို့၌ မယိမ်းမယိုင် ခိုင်မြဲ

အောင် ထောက်ထားသည့် (ထောက်ကန်ထားသည့်) ကျားဟူသော ထောက်တိုင်နှင့် တူသည်ဟု ဥပမာပြကြသည်။

## အာဟာရပစ္စယ သတ္တိ

ကျား ဟုခေါ်သော ထောက်တိုင်သည် အိမ်ကျောင်း စသော အဆောက်အအုံတို့ကို မယိမ်းမယိုင် ခိုင်မြဲအောင် ထောက်ပံ့နိုင်သကဲ့သို့ ပစ္စယုပ္ပန်တရားတို့ကို အစွန့်ရှည်စွာ ဆက်လက်တည်တံ့အောင် ဆောင်ရွက်သည့် သတ္တိထူးကို အာဟာရသတ္တိဟု ခေါ်သည်။

## ကြောင်းကျိုး ဆက်စပ်ပုံ

### အာဟာရနှစ်မျိုး

အစားအစာသည် ကျွန်ုပ်တို့ အသက်ရှင်(ရှည်)အောင် ထောက်ပံ့လုပ်ဆောင်သည်။ တစ်နည်းဆိုသော် အစားအစာသည် ကျွန်ုပ်တို့အား သက်တမ်းအလိုက် တည်တံ့ခိုင်ခံ့အောင် ထောက်ပံ့ဆောင်ရွက်သည်။ ထို့ကြောင့် အစားအစာကို အာဟာရဟု ခေါ်သည်။ ဤအတူပင် အဘိဓမ္မာတွင်လည်း ရုပ်တရား၊ နာမ်တရား တို့ကို ခိုင်ခံ့အောင် ထောက်ပံ့လုပ်ဆောင်သော တရားကို အာဟာရဟုပင် ခေါ်သည်။ ယင်းအာဟာရကို နှစ်မျိုးခွဲထားသည်။ ရုပ်တရားတို့ကို ခိုင်ခံ့အောင် တည်တံ့အောင် လုပ်ဆောင်ထောက်ပံ့သော တရားကို ရုပ်အာဟာရ ဟုခေါ်၍ နာမ်တရားတို့ကို တည်တံ့ခိုင်မြဲအောင် အထောက်အပံ့ လုပ်ဆောင်သောတရားကို နာမ်အာဟာရဟု ခေါ်သည်။

## ပထမစာပိုဒ်

## ရုပ်အာဟာရ

## ကဗဠီကာရော အာဟာရော

'ကဗဠီကာရ အာဟာရ'ကို 'စားမျိုးအပ်သော အစားအစာ' ဟူ၍လည်းကောင်း၊ 'အလုပ်အကျွေးပြု၍ စားမျိုအပ်သော အစားအစာ'ဟူ၍လည်းကောင်း သုတ္တန်ဒေသနာတို့အရ မြန်မာပြန်ဆိုကြသည်။ ဤမြန်မာပြန်အရဆိုသော် ကဗဠီကာရ အာဟာရ စားမျို၍ ဖြစ်နိုင်သမျှသော အစားအစာဟူသရွေ့ကို ဆိုလိုသည်။

(ကဗဠီကာရတွင် ကဗဠီသည် အလုပ်အကျွေးအနက်ကို ဟောသည်။ ကာရသည် ပြုခြင်းအနက်ကို ဟောသည်။)

ဤပစ္စယနိဿယတွင်မူကား 'ကဗဠီကာရော = အလုပ်အကျွေးကို ပြုတတ်သကဲ့သို့သော၊ အာဟာရော = အာဟာရသည်' ဟု မြန်မာပြန်ထားသည်။ ဤမြန်မာပြန်တွင် အထက်က ပြခဲ့သည့် မြန်မာပြန်ကဲ့သို့ အာဟာရကို အစားအစာဟု မြန်မာ,မပြန်ဘဲ အာဟာရ ဟုသာ ပြဆိုထားသည်။ ဤသို့ ပြဆိုထားခြင်းမှာ ပါဠိဘာသာ ကျွမ်းကျင်သူ ပုဂ္ဂိုလ်တို့က 'အစားအစာ'ကို 'အဟာရ'ဟူ၍ ပြောနေကျ ရေးနေကျအတိုင်း ပြဆိုထားခြင်းဖြစ်သည်။ 'ကဗဠီကာရော'ဟူသော ရှေ့က စကားကိုထောက်၍ ဤ 'အာဟာရ'သည် အစားအစာကို ဆိုလိုကြောင်း ထင်ရှားပါသည်။

## အဘိဓမ္မာအလို
## ကဗဠီကာရ အာဟာရ၏ အဓိပ္ပာယ်

ပစ္စယနိဒ္ဒေသနိဿယတွင် 'ကဗဠီကာရော'ကို 'အလုပ် အကျွေး ပြုအပ်သကဲ့သို့သော၊ အာဟာရော = အာဟာရသည်' ဟု မြန်မာပြန်ထားကြောင်း အထက်တွင် ပြခဲ့ပြီ။ သို့သော် ဤကဗဠီ ကာရော အာဟာရော ဟူသော စကားသည် ပရမတ်တရားတို့၏ သဘာဝကို ပြဆိုရာ ဌာနဖြစ်သောကြောင့် အစားအစာ ဟူသော တိုက်ရိုက်အဓိပ္ပာယ်ကို မကောက်ယူဘဲ ဤကဗဠီကာရ အာဟာရကို ရုပ်နာမ် ၂၈ ပါးတွင် ပါဝင်သည့် အာဟာရရုပ်ဟု ခေါ်သော ဩဇာ ရုပ်ကို ကောက်ယူရသည်။

ဩဇာရုပ်သည် အစားအစာတွင်ပါသော အဆီအနှစ် အစေး ဖြစ်သည်။ (ရုပ်ကလာပ်အသီးသီးတွင် ပါဝင်သည်။) ထိုအဆီအနှစ် အစေး (ဩဇာရုပ်)သည် ရုပ်တို့ကို ခိုင်ခံ့အောင် ထောက်ပံ့သည့် အတွက် အာဟာရရုပ်ဟု ခေါ်ကြသည်။

ဤကဗဠီကာရ အာဟာရ ဟူသော စကားနှင့်ပတ်သက်၍ အမရပူရမြို့၊ မဟာဂန္ဓာရုံ ဆရာတော် စီရင်ရေးသားအပ်သော သင်္ဂြိုဟ်ဘာသာဋီကာတွင် ပြဆိုထားသော စကားရပ်ကို အောက်တွင် တင်ပြထားသည်။

ကဗဠီကာရ အာဟာရသည် စားသောက်ဖွယ် အစားအစာကို မချရ၏။ ဤဒွိကား ပရမတ္ထအာဟာရကို ပြဆိုရာ ဌာနဖြစ်သော ကြောင့် ထိုထို အာဟာရ၌ပါသော အဆီအနှစ်အစေးဟု ခေါ်ဆိုအပ် သော ဩဇာကို ဌာနပစာအားဖြင့် ယူရသည်။ (ဩဇာ၏ တည်ရာ ဖြစ်သော အစားအစာ၏ ကဗဠီကာရ အာဟာရ၏ အမည်ကို ဌာနီ

ဖြစ်သော ဩဇာကို တင်စား၍ ဌာနီဩဇာကိုပင် ကဗဠီကာရ အာဟာရ ဟုခေါ်ထားသည်။)

အထက်ပါ စကားရပ်အရ အဘိဓမ္မာတွင် စားသောက်ရသော အစားအစာကို ကဗဠီကာရ အာဟာရ ဟု မခေါ်ပါ။ ဩဇာရုပ်ကိုသာ ကဗဠီကာရ အာဟာရ ဟုခေါ်သည်။

ထို့ကြောင့် 'ကဗဠီကာရော အာဟာရော'ကို အဘိဓမ္မာအလို ကဗဠီကာရ အာဟာရ ဟု ခေါ်ဆိုအပ်သော ဩဇာရုပ်သည်ဟူ၍ အဓိပ္ပာယ်ပေါ်လွင်အောင် မြန်မာပြန်နိုင်သည်။

ဩဇာရုပ်ကို ဗဟိဒ္ဓဩဇာနှင့် အဇ္ဈတ္တဩဇာ ဟူ၍ နှစ်မျိုး ခွဲထားသည်။

ဗဟိဒ္ဓဩဇာ (အပြင်ဩဇာ)။ ဗဟိဒ္ဓဩဇာသည် ခန္ဓာကိုယ်၏ အပြင်အပသန္တာန်၌ရှိသော ဩဇာဖြစ်သည်။ အမိဝမ်း၌ ကိန်းအောင်းနေစဉ် အမိက စားမျိုလိုက်သော အစားအစာသည် တစ်ကိုယ်လုံး ပျံ့နှံ့၍ စိမ့်ဝင်လာသည့် ဩဇာရုပ်သည်လည်းကောင်း၊ ထိုနောက် တစ်သက်လုံး စားမျိုအပ်သော အစားအစာတွင်ပါသည့် ဩဇာရုပ်သည်လည်းကောင်း ဗဟိဒ္ဓဩဇာဖြစ်သည်။ အပြင် ဗဟိဒ္ဓသန္တာန်မှာဖြစ်သော ဥတုဇဩဇာ ဖြစ်သည့် ခဲဘွယ် ဘောဇဉ်တို့ကား ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်တို့ ဖြစ်သည်။ ယင်းတို့ကို ဥတုဇ ရုပ်ကလာပ်တို့တွင် ပါဝင်သော ဩဇာရုပ်ဖြစ်၍ ဗဟိဒ္ဓသန္တာန်မှာ ဖြစ်သော ဥတုဇဩဇာဟု ခေါ်သည်။

အဇ္ဈတ္တဩဇာ(အတွင်းဩဇာ)။ အဇ္ဈတ္တဩဇာသည် ခန္ဓာကိုယ်အတွင်း၌ရှိသော ဩဇာဖြစ်သည်။ ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာသည်ကစ၍ အတွင်းအဇ္ဈတ္တသန္တာန်မှာ ရုပ်ကလာပ် အစဉ်အဆက်၌ရှိသော ဩဇာဖြစ်သည်။ ယင်းဩဇာသည် ကမ္မဇ ဩဇာ၊ စိတ္တဇ ဩဇာ၊ ဥတုဇ ဩဇာ၊ အာဟာရ ဩဇာ ဟူ၍ လေးမျိုးကွဲသည်။ ယင်းလေးမျိုးသည် ရုပ်ကလာပ် လေးမျိုးတွင် ပါဝင်သော ဩဇာရုပ်များ ဖြစ်သည်။ ယင်းဩဇာတို့ကို စတုဇ ဩဇာဟူ၍လည်းကောင်း၊ စတုသမုဋ္ဌာနိက ဩဇာ ဟူ၍လည်းကောင်း ခေါ်သည်။

## ရူပကာယ

'ဣမဿ စ ကာယဿ'တွင် ပါသော 'ကာယ'ကို ဤနိဿယတွင် 'ရုပ် ရူပကာယ' ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ကာယဟူသော ပါဠိစကားသည် အပေါင်းအစုအနက်ကို ဟောသဖြင့် ရူပကာယသည် ရုပ်အပေါင်းအစု ဖြစ်သည်။ (ဝါ) ရုပ်ခန္ဓာ ဖြစ်သည်။ ဤရူပကာယတွင် ပါဝင်သော ရုပ်ကလာပ် အမျိုးအစားအလိုက် ကမ္မဇကာယ၊ ဥတုဇကာယ၊ စိတ္တဇကာယ၊ အာဟာရဇကာယ ဟူ၍ လေးမျိုးခွဲခြားနိုင်သည်။ ရူပကာယကို စတုဇကာယဟု ခေါ်သည်။ စတုသမုဋ္ဌာနိက ရုပ်အပေါင်းဟုလည်း ခေါ်သည်။

## အာဟာရ ပစ္စယေန ပစ္စယော

အာဟာရပစ္စယေန ပစ္စယော– ခိုင်ခံ့အောင် ထောက်ပံ့တတ်သော အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုသည်မှာ ဩဇာရုပ်က ရူပကာယအား ခိုင်ခံ့အောင် ထောက်ပံ့ပေးသည်ကို ဆိုလို

ဩဇာရုပ်မှာ အဇ္ဈတ္တဩဇာနှင့် ဗဟိဒ္ဓဩဇာ ဟု- နှစ်မျိုးရှိသဖြင့် ယင်းနှစ်မျိုးက ကျေးဇူးပြုပုံကို တင်ပြပါမည်။

## အဇ္ဈတ္တဩဇာ ကျေးဇူးပြုပုံ

အဇ္ဈတ္တဩဇာ ဆိုသည်မှာ ခန္ဓာကိုယ်အတွင်းရှိ ရုပ်အစဉ်လေးမျိုးတွင်ပါသော ဩဇာ (စတုဇာ ဩဇာ) ဖြစ်သည်။ ယင်းဩဇာတတ်တို့သည် မိမိတို့နှင့်သက်ဆိုင်သော ရုပ်ကလာပ်တို့ကို ယင်းတို့၏ သက်တမ်းအလိုက် တည်တံ့အောင် ဆောင်ရွက်သည်။ ထောက်ပံ့သည်။ ဤကဲ့သို့ ထောက်ပံ့သည်ကို ဥပမာပြလျှင် ဥတုဇ ရုပ်ကလာပ်တစ်ခုတည်းပါသော ဩဇာက ယင်းရုပ်ကလာပ်ကို မိမိ၏ သက်တမ်းအလိုက် ရှင်သန်စေရန် ထောက်ပံ့သည်။ ဤအတူ ရုပ်ကလာပ်အသီးသီးမှာ ပါဝင်သော ဩဇာအသီးသီးက မိမိပါဝင်သော ရုပ်ကလာပ်ကို တည်တံ့ခိုင်ခံ့အောင် ထောက်ပံ့သမှု ကျေးဇူးပြုသည်။ ထို့ကြောင့် ဩဇာ (အတွင်းဩဇာ)က ရူပကာယကို အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုရသည်။

ဤသဘောတရားကို ထင်ရှားအောင် ပြပါမည်။

အမိဝမ်း၌ ပဋိသန္ဓေနေမှုတို့မှာ မိမိတို့၏ ကိုယ်တွင်း၌ ဗဟိဒ္ဓဩဇာ မပျံ့နှံ့မီ ကမ္မဇ၊ ဥတုဇ၊ စိတ္တဇ ဟူသော တိဇ ကာယသာ ရှိသည်။ ဤရုပ်သုံးမျိုးတွင်ပါသော ဩဇာသည် အဇ္ဈတ္တဩဇာ ဖြစ်သည်။ ယင်းဩဇာ အသီးသီးက သက်ဆိုင်ရာ ရုပ်ကလာပ်ကို ထောက်ပံ့သောကြောင့် ရုပ်ခန္ဓာသည် ဆက်လက် တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။

အထက်ပါ ပြဆိုချက်အတွက် သာဓက တင်ပြပါမည်။

လူတို့မှာ ထမင်းတစ်နပ်စားပြီးနောက် နောက်ထပ် ဘာကိုမျှ မစားဘဲနေလျှင် အဇ္ဈတ္တသြဇာက စတုဇရုပ်အပေါင်းအား ဉပတ္ထမ္ဘက သတ္တိဖြင့် ထောက်ပံ့နေခြင်းကြောင့် ရက်အတော်ကြာကြာ အသက် မသေဘဲ အသက်ရှင်နေရသည်။ ထို့ကြောင့် ယေဘုယျအားဖြင့် ထမင်းအသက်ခုနစ်ရက်ဟု ဆိုကြသည့်အတိုင်း ရုပ်ခန္ဓာသည် ခုနစ် ရက်အထိ တည်တံ့ခိုင်မြဲနိုင်သည်။

## ဗဟိဒ္ဓသြဇာက ကျေးဇူးပြုပုံ

ဗဟိဒ္ဓသြဇာသည် ဗဟိဒ္ဓသန္တာန်တွင်ဖြစ်သော ဥတုဇ သြဇာ ဖြစ်သည်။ ယင်းဗဟိဒ္ဓသြဇာက ရူပကာယအား (စတုဇကာယအား) အာဟာရဇ ရုပ်ဖြစ်ပေါ်လာအောင် ဇနကသတ္တိဖြင့် ကျေးဇူးပြုသည်။ ထို့ပြင် ရူပကာယကို အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲအောင် ဥပတ္ထမ္ဘက သတ္တိဖြင့် ကျေးဇူးပြုသည်။

## အာဟာရဇရုပ်ကို ဖြစ်စေပုံ

အစားအစာသည် တစ်နည်းနည်းဖြင့် ခန္ဓာကိုယ်အတွင်းသို့ ရောက်လျှင် (ဝမ်းမီး) ပါစက တေဇောက ကျေညက်အောင် ချက် လိုက်ရာ အချို့မှာ ရသာဓာတ်ရည်ဖြစ်၍ ကမ္မဇဟရဏ ဝါယောဓာတ် ၏ အကူအညီဖြင့် တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွား၏။ ထိုသို့ ပျံ့နှံ့သွား သော ဓာတ်ရည်၌ပါသော ဗဟိဒ္ဓသြဇာနှင့်တကွသော ဥတုဇ ရုပ် ကလာပ် ဟူသမျှသည် ဥပါဒ်–ဌီ–ဘင်အားဖြင့် အစဉ်မပြတ် ဖြစ်– ပျက်နေကြရာ ဥပါဒ်ပြီးနောက် ဌီ အခိုက်သို့အရောက်တွင် ထို ဗဟိဒ္ဓ သြဇာသည် ဇနကသတ္တိဖြင့် ရုပ်ကလာပ်တစ်ခုကို ဖြစ်စေသည်။

ဤသို့ ဩဇာတည်းဟူသော အာဟာရရုပ်ကြောင့် ဖြစ်လာသော ရုပ်ကို အာဟာရဇရုပ် ဟုခေါ်သည်။ အာဟာရ သမုဋ္ဌာနိက ရုပ်ဟုလည်းခေါ်သည်။

အာဟာရဇ ရုပ်ကိုဖြစ်စေရာ၌ အစားအစာတို့၌ပါသည့် ဩဇာ (ဗဟိဒ္ဓဩဇာ) သည် ခန္ဓာကိုယ်၌ ပျံ့နှံ့သောအခါ ထိုထိုနေရာ၌ ခန္ဓာကိုယ်အတွင်းရှိ အဇ္ဈတ္တဩဇာနှင့် ပေါင်းမိသောအခါ (အထူးအားဖြင့် ကမ္မဇ ဩဇာနှင့်ပေါင်းမိသောအခါမှ) အာဟာရဇရုပ်ကိုဖြစ်စေသည်။ ဗဟိဒ္ဓဩဇာသည် အဇ္ဈတ္တဩဇာ၏ အထောက်အပံ့ကိုရမှ အာဟာရဇရုပ်ကို ဖြစ်စေသည်။ တိုးပွားစေသည်။

ဤကဲ့သို့ ဗဟိဒ္ဓဩဇာက အဇ္ဈတ္တဩဇာနှင့်ပေါင်းပြီး ရူပကာယအား (စတုဇကာယအား) အာဟာရဇရုပ်ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသည်။ ဤသို့ကျေးဇူးပြုသည်ကို ဩဇာက အာဟာရဇရုပ်အား (အာဟာရဇကာယအား) အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ကို ဆိုလိုကြသည်။

ဗဟိဒ္ဓဩဇာသည် အာဟာရဇရုပ်ဖြစ်အောင် ကျေးဇူးပြုသည်သာမက စတုဇရုပ်အပေါင်းအား တည်တံ့ခိုင်မြဲအောင် ထောက်ပံ့သမှုကျေးဇူးပြုသည်။ ဤသို့ကျေးဇူးပြုသည်ကို ထင်ရှားအောင်ပြပါမည်။

နေ့စဉ်နေ့တိုင်း အချိန်မှန်မှန် အစားအစာတို့ကို စားသုံးမှီဝဲနေရသည်ကိုထောက်၍ ဗဟိဒ္ဓဩဇာသည် ရူပကာယအား (ရုပ်ခန္ဓာအား) အစွန့်ရှည်စွာ ဆက်လက်တည်စေရန် (ရုပ်သက်ရှည်အောင်) အထောက်အပံ့ပေးနေသည်မှာ ထင်ရှားပါသည်။

မကျန်းမမာသော လူမမာတစ်ယောက်သည် တည့်သောအစာနှင့် မတည့်သောဆေးဝါးတို့ကို မှီဝဲသုံးစွဲခြင်းဖြင့် ကျန်းမာလာ၍

စားကောင်းသောက်ကောင်း ဖြစ်လာလျှင် မကြာမီအသားအရေ တိုးကာ ဝဖြိုးလာသည်။

ဤသို့ဖြစ်ရခြင်းမှာ ဗဟိဒ္ဓသြဇာ၏သတ္တိဖြစ်သည်။ ဗဟိဒ္ဓ သြဇာက ဇနကသတ္တိဖြင့် အာဟာရဇရုပ် ဖြစ်စေပုံမှာ ထင်ရှားသည်။

ယခုကာလ၌အစာမစားနိုင်သောလူမမာကို နှာခေါင်းမှဖြစ်စေ၊ အူရပေါက်မှဖြစ်စေ အစာသွင်းပေးခြင်းဖြင့် ရူပကာယရုပ်ခန္ဓာ ကြီး ဆက်လက်တည်တံ့ခိုင်မြဲစေသည်သာမက အာဟာရဇရုပ်များ လည်း ဖြစ်ပေါ်လာကြသည်။

အထက်ပါစကားရပ်များကို အထောက်အထားပြု၍ "အဘိ ဓမ္မာအလို ကဗဠီကာရ အာဟာရဟု ခေါ်ဆိုအပ်သောသြဇာ (ဗဟိဒ္ဓ နှင့်အဇ္ဈတ္တ)သည် ဤရူပကာယအား (စတုမုဋ္ဌာနိကရုပ်အပေါင်းအား) ထောက်ပံ့ခိုင်မြဲစေတတ်သော အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု သည်ဟု ဆိုနိုင်သည်။"

ဤသို့သြဇာသည် ရူပကာယကို အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲ အောင် ထောက်ပံ့သောကြောင့် သြဇာကို ရုပ်အာဟာရဟု ခေါ်သည်။ သြဇာကို ကျေးဇူးပြုခြင်းကို ရုပ်အာဟာရပစ္စည်းဟု ခေါ်သည်။

## ရုပ်အာဟာရပစ္စည်း ပစ္စယုပ္ပန်

၁။ သြဇာရုပ်သည် ရုပ်အာဟာရပစ္စည်းတရား ဖြစ်သည်။

၂။ ရုပ်ကာယ (စတုသမုဋ္ဌာနိကရုပ်အပေါင်း)သည် ရုပ်အာဟာရ ပစ္စယုပ္ပန်တရား ဖြစ်သည်။

## ပြန်လည်သုံးသပ်ချက်

တချို့ဆရာတို့က "ဣမဿ ကာယဿ" တွင်ပါသော "ကာယ" ကို "ရူပကာယ"ဟု မကောက်ယူဘဲ အာဟာရဇ ကာယဟု ကောက်ယူကြသည်။

သဂြိုလ်ကျမ်း (မြန်မာပြန်)တွင် ရုပ်အာဟာရပစ္စည်းကို အောက်ပါအတိုင်း ပြဆိုထားသည်။

အလုပ်အကျွေးကို မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့ ဆွမ်း၊ ခဲဘွယ်ဘောဇဉ် အစရှိသည်တို့၌တည်သော ဗဟိဒ္ဓသြဇာသည် ဤကာယ (အာဟာရဇကာယ)အား တစ်နည်း အလုပ်အကျွေးမပြုအပ်သော်လည်း ပြုအပ်သကဲ့သို့သော အဇ္ဈတ္တသန္တာန်၌ ရှိသော စတုသမုဋ္ဌာနိကသြဇာ၊ ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇသြဇာသည် ဤသို့သဘောရှိသော ကလာပ်ရုပ်ကလာပ်တူ သြဇာကြဉ်သော ကလာပ်တူကလာပ်များဖြစ်သော စတုသမဋ္ဌာနိက ကာယအား ရုပ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်။

အထက်ပါစာပိုဒ်၏ ဆိုလိုရင်းမှာ- (၁) ဗဟိဒ္ဓသြဇာသည် အာဟာရဇရုပ်အား ကျေးဇူးပြုသည်။
(၂) ဗဟိဒ္ဓသြဇာနှင့် အဇ္ဈတ္တသြဇာသည် စတုသမုဋ္ဌာနိက ကာယအား ကျေးဇူးပြုသည်ဟူ၍ဖြစ်သည်။

"ကလာပ်တူသြဇာကြဉ်သော- ကလာပ်တူ ကလာပ်များဖြစ်သော" ဟု ဆိုထားချက်ကို နမူနာတစ်ခုပြ၍ ရှင်းပါမည်။ ရူပကာယတွင် မရေမတွက်ရနိုင်လောက်အောင် များလှစွာသော ရုပ်ကလာပ်များပါရှိသည်။

ဤရုပ်ကလာပ်တို့အနက် ရုပ်ကလာပ်တစ်ခုတွင် ပါရှိသော ဩဇာသည် မိမိနှင့်ကလာပ်တူဖြစ်သော (တစ်ကလာပ်တည်းမှာ ရှိသော) မိမိမှတစ်ပါးကျန်သော ရုပ်အားလည်းကောင်း၊ မိမိနှင့် ကလာပ်တူမဟုတ်သော အခြားကလာပ်တို့အားလည်းကောင်း ကျေးဇူး ပြုသည်။

## ဒုတိယ စာပိုဒ်

## နာမ်အာဟာရ

အာဟာရဟူသော ပါဠိစကားသည် လွန်စွာဆောင်သည်ဟူ သောအနက်ကို ဟောကြောင်း၊ လွန်စွာဆောင်သည်ဟူသော စကား သည် ကြာရှည်စွာ ခိုင်ခံ့တည်မြဲအောင် ထောက်ပံ့သည်၊ အကူအညီ ပေးသည်ကို ဆိုလိုကြောင်းကို တင်ပြခဲ့သည်ကို သတိပြုပါ။

ကျွန်ုပ်တို့မှာ ရုပ်ခန္ဓာနှင့်နာမ်ခန္ဓာဟူ၍ ခန္ဓာနှစ်မျိုးသာရှိရာ ရုပ်ခန္ဓာကို လွန်စွာဆောင်သော (ဝါ) ကြည်ရှည်စွာ ခိုင်ခံ့တည်မြဲ အောင် ထောက်ပံ့တတ်သောတရား (ရုပ်အာဟာရ) ရှိသကဲ့သို့ နာမ် ခန္ဓာကို လွန်စွာဆောင်သော (ဝါ) ကြာရှည်စွာ တည်တံ့အောင် ထောက်ပံ့အားပေးသောတရား (နာမ်အာဟာရ)လည်း ရှိသေးသည်။

ဤသို့ နာမ်ခန္ဓာကို ကြာရှည်စွာတည်တံ့ခိုင်မြဲအောင် (နာမ် သက်ရှည်အောင်) အထောက်အပံ့ပေးသော တရားရှိကြောင်း ရှင်တော်ဗုဒ္ဓ မဖော်ထုတ်မီ၊ မည်သူတစ်ဦးတစ်ယောက်ကမျှ ထုတ်ဖော်ပြောပြခြင်း မရှိခဲ့ဖူးပေ။ ဗုဒ္ဓရှင်တော်မြတ်၏ ထုတ်ဖော်ဟောပြ တော်မူမှုမှစာ ကျွန်ုပ်တို့သိခွင့်ရပေသည်။

## အရူပိနော အာဟာရော

နိဿယတွင် "အရူပိနော အာဟာရော" ကို "နာမ်ဖြစ်ကုန်သော အာဟာရတို့ (နာမ်အာဟာရတို့)ဟု မြန်မာမပြန်ဘဲ နာမ်ဖြစ်ကုန်သော ဖဿ၊ စေတနာ၊ ဝိညာဏ်တည်းဟူသော အာဟာရတို့သည်ဟု" အဓိပ္ပါယ်ဖွင့်ထားသည်။ ဤစကားအရ ဖဿ၊ စေတနာ၊ ဝိညာဏ်တို့ကို အဘယ်ကြောင့် အာဟာရဟု ခေါ်ဆိုရကြောင်း ရှင်းပြပါမည်။

## ဖဿ

ဖဿသည် အာရုံကိုထိတွေ့ခြင်း သဘောဖြစ်သည်။ ဖဿနှင့် အတူဖြစ်သော ဝေဒနာသည် အာရုံ၏အရသာကို ထုတ်ယူ၍ ပေးကာ အာရုံကိုခံစားမှု၌ ဝေဒနာအမှူးရှိသော ယှဉ်ဖက်နာမ်တရားတို့ကို လွန်စွာကူညီထောက်ပံ့တတ်၏။ လွန်စွာဆောင်တတ်၏၊ ထို့ကြောင့် ဖဿသည် အာဟာရဟူသောအမည်ကို ရပေသည်။ ထို့ကြောင့် ဖဿကိုပင် အာဟာရဟူသော ဂုဏ်ထူးတပ်ကာ ဖဿအာဟာရ (ဝါ) ဖဿဟာရဟုခေါ်ပြန်သည်။

## စေတနာ

စိတ်နှင့်တကွသမ္ပယုတ် (ဖြစ်ဖက်) တရားတို့ကို ရပ်တည်မရ၊ ထိုထိုအာရုံသို့ တပြေးတည်း ပြေးနေအောင် တဆော်တည်းဆော်၊ တဆွတည်းဆွနေသော တရားကား စေတနာတည်း။ ယင်းစေတနာ၏ လှုံ့ဆော်မှု တိုက်တွန်းမှုကြောင့် စိတ်နှင့်တကွသမ္ပယုတ်တရားတို့သည် ကာယကံလှုပ်ရှားမှု၊ ဝစီကံလှုပ်ရှားမှုကြောင့် မနောကံလှုပ်ရှားမှုတို့ကို

ပြီးမြောက်အောင် ဆောင်ရွက်နိုင်ကြသည်။ ဤသို့ ဆောင်ရွက်နိုင်ရန် စေတနာက လှုံ့ဆော်တိုက်တွန်းခြင်းဖြင့် သမ္ပယုတ်တရားတို့ကို အားပေးအားမြှောက် ထောက်ပံ့သမှုပြု၏။ (ဝါ) လွန်စွာဆောင်၏။ ထို့ကြောင့် စေတနာကိုပင် စေတနာဟာရဟု ခေါ်၏။ မနောသဉ္စေတနာဟာရ ဟုလည်း ခေါ်၏။

## ဝိညာဏ်

ဝိညာဏ်သည် အာရုံကို သိမှု၊ ရာကြဲမှုသဘောပင်ဖြစ်သည်။ အာရုံကိုသိခြင်း၊ ယူခြင်း၊ ရာကြဲခြင်း ကိစ္စတို့၌ ယှဉ်ဖက်နာမ်တရားတို့၏ ခေါင်းဆောင်ဖြစ်သည်။ ထို့ကြောင့် ဝိညာဏ်သည် ထိုကိစ္စတို့၌ ယှဉ်ဖက်နာမ်တရားတို့ကို ခေါင်းဆောင်အဖြစ်ဖြင့် ကူညီထောက်ပံ့ ဆောင်ရွက်သည်။ ဤသို့ ထောက်ပံ့ဆောင်ရွက်တတ်သောကြောင့် အာဟာရမည်၏။ ဝိညာဏာဟာရဟုလည်း မည်၏။

အထက်တွင် ဆိုခဲ့သည့်အတိုင်း ဖဿ၊ စေတနာ၊ ဝိညာဏ် တည်းဟူသော နာမ်တရားတို့သည် မိမိတို့နှင့်ယှဉ်ဖက်ဖြစ်သည့် နာမ်တရားတို့ကို လွန်စွာထောက်ပံ့သည်။ လွန်စွာဆောင်ရှိသော် ဖြစ်ဖက်ရုပ်တရားတို့ကိုလည်း လွန်စွာထောက်ပံ့သည်၊ လွန်စွာဆောင်သည်သာဖြစ်သည်။

ဤသို့လျှင် ဖဿ၊ စေတနာ၊ ဝိညာဏ် ဟူသော နာမ်တရားတို့သည် ယှဉ်ဖက် နာမ်တရား၊ ဖြစ်ဖက်ရုပ်တရားတို့ကို လွန်စွာကူညီထောက်ပံ့သည်။ လွန်စွာဆောင်သည်ဖြစ်သောကြောင့် ဒုတိယစာပိုဒ်တွင် (အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ သမ္ပယုတ္တကာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော) နာမ်အာဟာရ သုံးပါးသည်

ယှဉ်ဖက်နာမ်တရားနှင့် ဖြစ်ဖက်ရုပ်တရားတို့ကို ထောက်ပံ့ခြင်း၊ အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

ဖဿနှင့် စေတနာတို့သည် စိတ်တိုင်းယှဉ်သော စေတသိက် ဖြစ်သောကြောင့် ဖဿ၊ စေတနာနှင့် ဝိညာဏ်တည်းဟူသော နာမ် အာဟာရသုံးပါးသည် အတူတကွဖြစ်ကြမြဲဖြစ်သည်။ ထို့ပြင် ပဝတ္တိ အခါတွင် စိတ္တဇရုပ်၊ ပဋိသန္ဓေအခါတွင် ပဋိသန္ဓေကမ္မဇရုပ်သည် ယင်းစိတ်စေတသိက်တို့နှင့် အတူတကွဖြစ်သည်။

စိတ် (ဝိညာဏ်)မှာ ၈၉-ပါးရှိ၍ ယင်းစိတ်တို့တွင် ဖဿနှင့် စေတနာအပါအဝင် စေတသိက်မှာ ၅၂-ပါး ရှိသည်။

ထို့ကြောင့်

၁။ ဖဿသည် (ဖဿမှတစ်ပါးသော) စေတသိက် ၅၁-နှင့် ဝိညာဏ် ၈၉-ပါး တို့ကိုလည်းကောင်း၊

၂။ စေတနာသည် (စေတနာမှတစ်ပါးသော) စေတသိက် ၅၁-နှင့် ဝိညာဏ် ၈၉တို့ကိုလည်းကောင်း၊

၃။ ဝိညာဏ်သည် စေတသိက် ၅၂-တို့ကိုလည်းကောင်း ထောက်ပံ့ခိုင်ခံ့စေခြင်း အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်။

ထို့ပြင် ပဝတ္တိအခါတွင် စိတ္တဇရုပ်၊ ပဋိသန္ဓေအခါတွင် ပဋိသန္ဓေကမ္မဇရုပ်ကိုလည်း ကျေးဇူးပြုသည်။

ဤသို့ ဖဿ၊ စေတနာ၊ ဝိညာဏ်တို့က အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်ကို (ဒုတိယစာပိုဒ်ကို) နာမ်အာဟာရပစ္စည်း ဟုခေါ် သည်။

## နာမ်အာဟာရပစ္စည်း – ပစ္စယုပ္ပန်

၁။ ဖဿ၊ စေတနာ၊ ဝိညာဏ်တည်းဟူသော နာမ်အာဟာရတရားကိုယ် သုံးပါးသည် နာမ်အာဟာရပစ္စည်းတရား ဖြစ်သည်။

၂။ စိတ် ၈၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်သည် နာမ်အာဟာရ ပစ္စယုပ္ပန်တရားဖြစ်သည်။

# အခန်း (၁)

# ကုသိုလ်ယမကပစ္စည်း

## ကုသိုလ်

ကုသိုလ်ရှင်၊ ကုသိုလ်ကြီးတစ်ခွဲသားနှင့်၊ ကုသိုလ်လုပ်သည်၊ ကုသိုလ်ပျက်သည်၊ မိန်းမတို့ကုသိုလ် ရှေပေးလို့မရ စသည်ဖြင့် "ကုသိုလ်" ဟူသော စကားကို ကျွန်ုပ်တို့ သုံးစွဲနေကြသည်။ ယင်းစကားသည် အပြောအဆို၊ အနေအထိုင်၊ အမူအရာတို့ကို ထိုက်သည့်အားလျော်စွာ ထိန်းသိန်းစောင့်ရှောက်ခြင်း၊ မိမိအလိုကျ အစိုးရခြင်းဟူသော အဓိပ္ပာယ်ကို ဆိုလိုကြောင်း ကျွန်ုပ်တို့ နားလည်ကြသည်။

ဤစကား၏ အခြေခံရာဖြစ်သော ပါဠိစကားတွင်လည်း "ကုသိုလ်"ဟူသည်မှာ စောင့်ရှောက်ခြင်း၊ အစိုးရခြင်းအနက်ကိုပင် ဟောသည်။ စောင့်ရှောက်ခြင်း၊ အစိုရခြင်းဟူသည်မှာ သက်ဆိုင်ရာကိစ္စများ၌ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အစိုးရခြင်းကို ဆိုလိုသည်။

ဆက်လက်ရှင်းပါမည်။ အချို့သော နာမ်ဓာတ်အသီးသီးသည်လည်းကောင်း၊ အချို့သော ရုပ်ဓာတ်အသီးသီးသည်လည်းကောင်း သက်ဆိုင်ရာ နာမ်တရား၊ ရုပ်တရားတို့ကို သက်ဆိုင်ရာကိစ္စတို့၌ မိမိတို့အလိုကျ စောင့်ရှောက်ထိန်းသိမ်းနိုင်သော အစွမ်းသတ္တိ၊ အစိုးရသော အစွမ်းသတ္တိများ ရှိကြသည်။ ဤကဲ့သို့သော တရားတို့ကို "ကုသိုလ်" ဟု ခေါ်သည်။ သုတ္တန်ဒေသနာတွင် ကုသိုလ် ၂၂-ပါးဟု

ပြဆိုထား သည်။ ယင်းဣန္ဒြေ အသီးသီး၏ အဓိပ္ပာယ်ကို ဤအခန်းတွင် ပါသော ကြောင်းကျိုးဆက်စပ်ပုံ ရှင်းလင်းချက်တွင် တင်ပြပါမည်။

ဤဣန္ဒြေ ၂၂-ပါးသည် သက်ဆိုင်ရာ တရားတို့ကို သက်ဆိုင်ရာကိစ္စတို့၌ အစိုးရသည်ဟု ဆိုရာ၌ ယင်း ၂၂-ပါးလုံးတွင် အစိုးရပုံချင်း မတူကြပေ။ အချို့သော ဣန္ဒြေတရားတို့သည် အခါ ခပ်သိမ်း အစဉ်အမြဲ ခြွင်းချက်မရှိ အစိုးရ၍ အချို့သော ကျန်ဣန္ဒြေ တရားတို့မှာ ထိုသို့မဟုတ်၊ အကန့်အသတ်ရှိသော ခြွင်းချက်ရှိသော အစိုးရခြင်းမျိုး ဖြစ်သည်။

## ဣန္ဒြေနှင့်ဣန္ဒြိယ

ဤသို့ အစိုးရပုံချင်း ကွဲပြားနေသော်လည်း သုတ္တန်ဒေသနာ တွင် နှစ်မျိုးခွဲခြားခြင်း မပြုဘဲ အားလုံးကိုပင် ဣန္ဒြေဟု ခေါ်သည်။ ပြတ်ပြတ်သားသား တိတိကျကျ ပြဆိုရာဌာနဖြစ်သော အဘိဓမ္မာတွင် မူကား ခြွင်းချက်မရှိ အပြည့်အဝ အစိုးရသောတရားမျိုးကို (ဣန္ဒြေ ဟု မခေါ်ဘဲ) ဣန္ဒြိယဟု ခေါ်ဆိုသည်။ တစ်နည်းအားဖြင့်ဆိုသော် ဣန္ဒြိယဟူသော တရားသည် ဣန္ဒြေဟူသော တရားတို့မှ ခြွင်းချက် မရှိ အစိုးရသော တရားများပင် ဖြစ်သည်။

## ဣန္ဒြိယပစ္စည်း အဓိပ္ပာယ်

အထက်တွင် ပြဆိုခဲ့သော ဣန္ဒြိယဟူသောစကား၏ အဓိပ္ပာယ် အရဆိုင်ရာ ကိစ္စများ၌သာ မိမိတို့နှင့်သက်ဆိုင်သော တရားတို့ကို (အခါခပ်သိမ်း ခြွင်းချက်မရှိ) အစိုးရသည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုသောတရားသည် ဣန္ဒြိယပစ္စည်းမည်၏။

## ဣန္ဒြိယပစ္စယသတ္တိ

ဆိုင်ရာကိစ္စတို့၌ သက်ဆိုင်ရာတရားတို့ကို မိမိအလိုကျ အစိုးတရဖြစ်ရာ၌ ခြွင်းချက်မရှိ၊ အကန့်အသတ်မရှိ၊ အစိုးရနိုင်သော သတ္တိထူးသည် ဣန္ဒြိယ၊ စ္စယသတ္တိမည်၏။

## ပြန်လည်သုံးသပ်ချက်

### ဣန္ဒြေနှင့်အဓိပတိ

ဣန္ဒြေ (ဝါ) ဣန္ဒြိယ အစိုးရခြင်းမျိုးသည် အဓိပတိအစိုးရခြင်းမျိုးနှင့် မတူပေ။ ဣန္ဒြေ (ဝါ) ဣန္ဒြိယ အစိုးရခြင်းမျိုးသည် အပိုင်အဆိုင်ရှိသော အစိုးရခြင်းမျိုးဖြစ်သည်။ ထီးပိုင်နန်းပိုင် အစိုးရခြင်းမျိုး ဖြစ်သည်။ အဓိပတိအစိုးရခြင်း၌မူကား ပိုင်ဘက်ကင်းသော အစိုးရခြင်းမျိုး ဖြစ်သည်။

တစ်နိုင်ငံ၊ တစ်ပြည်တွင်း၌ အသီးသီးသောကိစ္စတာဝန်ကို အစိုးရသော မင်း (မှူးကြီး, မတ်ကြီး, ဝန်ကြီး) တို့သည် အချင်းချင်းအား ထိုအစိုးရသော သတ္တိမျိုးကို ဟန့်တားစွက်ဖက်ခြင်း မပြုဘဲ မိမိ၏တာဝန်အရာ၌သာ အစိုးရသည်၏ အဖြစ်သည် ဣန္ဒြေ (ဝါ) ဣန္ဒြိယ၏ အစိုးရခြင်းမျိုး ဖြစ်သည်။

သို့ဖြစ်ရာ ဣန္ဒြေ (ဝါ) ဣန္ဒြိယ အစိုးရခြင်းမျိုးသည် သက်ဆိုင်ရာ ကိစ္စ၌သာ အစိုးရသော အာဏာရှိသော (ပြည်ထဲရေးဝန်ကြီး၊ ပညာရေးဝန်ကြီး) စသူတို့၏ အစိုးရခြင်းနှင့်တူသည်။ အဓိပတိ အစိုးရခြင်းသည် ထီးပိုင် နန်းပိုင်မရှိသော ပြည့်ရှင်မင်း၊ စကြဝတေးမင်းတို့၏ အစိုးရခြင်းနှင့်တူသည်ဟု ယှဉ်ပြကြသည်။

## ကြောင်းကျိုးဆက်စပ်ပုံ

### ပထမစာပိုဒ် (၅)ပိုဒ်

အဆင်းရူပါရုံကို စက္ခုန္ဒြေ၊ စက္ခုန္ဒြိယ မြင်သိစိတ် (စက္ခုဝိညာဏ်) က သာ မြင်သည်။ ယင်းစက္ခုဝိညာဏ်သည် စက္ခုပသာဒ မျက်စိအကြည်ကို အမှီပြု၍ ဖြစ်ပေါ်သည်။ ဤသဘောတရားတို့ကို ပြခဲ့ပြီးဖြစ်သည်။

ရုပါရုံကို စက္ခုဝိညာဏ်က မြင်သည်ဟုဆိုခြင်းမှာ မှန်သော်လည်း စက္ခုဝိညာဏ်က မြင်ချင်သလို မမြင်နိုင်ပေ။ စက္ခုဝိညာဏ်၏ သဘောအတိုင်း အလိုဆန္ဒအတိုင်း မမြင်နိုင်ပါ။ စက္ခုပသာဒ၏ အင်အားကိုလိုက်၍ မြင်ရသည်။ စက္ခုပသာဒအားကောင်းလေလေ၊ အမြင်သန်လေလေ အမြင်ကောင်းလေလေ ဖြစ်သည်။ စက္ခုပသာဒရုပ်က အားနည်းလေလေ အမြင်မှုန်လေလေ ဖြစ်သည်။ စက္ခုပသာဒရုပ် (ကမ္မဇရုပ်) ပျက်စီးသွားပါက လုံးဝမမြင်နိုင်တော့ပါ၊ ကု၍လည်း မရတော့ပါ။

ဤကဲ့သို့ စက္ခုပသာဒရုပ်က စက္ခုဝိညာဏ်ကို မြင်ခြင်းကိစ္စ၌ အစိုးရသည်။

ဤမြင်မှုကိစ္စ၌ စက္ခုပသာဒရုပ်က စက္ခုဝိညာဏ်ကို အစိုးရသော်လည်း အခြားသော ကြားမှုကိစ္စ၊ နံမှုကိစ္စ၊ လျက်မှုကိစ္စ၊ ထိသိမှုကိစ္စတို့၌မူကား အစိုးမရချေ။ ဤသို့ စက္ခုပသာဒက မိမိနှင့်ဆိုင်ရာ မြင်မှုကိစ္စ၌ စက္ခုဝိညာဏ်ကို အစိုးရသဖြင့် စက္ခုပသာဒကို စက္ခုန္ဒြေဟု ခေါ်သည်။

ထို့ပြင် ဤသို့ အစိုးရရာ၌ ခြွင်းချက်မရှိ၊ အကန့်အသတ်မရှိ၊ အစိုးရသဖြင့် (ဣန္ဒြိယလည်း ဖြစ်သဖြင့်) စက္ခုန္ဒြိယဟုလည်း ခေါ်ရပြန်သည်။ (ထို့ကြောင့် ပထမစာပိုဒ်တွင် "စက္ခုန္ဒြိယ" ကို "စက္ခုန္ဒြေ စက္ခုပသာဒ မျက်စိအကြည်သည်" ဟု မြန်မာပြန်ထားသည်။

ဤစက္ခုပသာဒတည်းဟူသော စက္ခုန္ဒြိယက စက္ခုဝိညာဏ်ကို ခြွင်းချက်မရှိ အစိုးရသည်ကို ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုရသည်။

ထို့ကြောင့် ပထမစာပိုဒ်တွင် စက္ခုန္ဒြိယဟု ခေါ်ဆိုအပ်သော စက္ခုပသာဒ စက္ခုဝိညာဏ်ကိုလည်းကောင်း၊ ယင်းနှင့်ယှဉ်ဖက်

စေတသိက်တို့ကိုလည်းကောင်း၊ ဣန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

## သောတိန္ဒြေ သောတိန္ဒြိယ

အသံသဒ္ဒါရုံကိုကြားသိစိတ်(သောတဝိညာဏ်) ကသာ ကြားသည်။ ယင်းကြားသိစိတ် (သောတဝိညာဏ်) သည် သောတပသာဒနားအကြည်ကို အမှီပြု၍ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် သောတဝိညာဏ်က ကြားချင်သလိုမကြားနိုင်။ သောတပသာဒရုပ် အင်အားကောင်းလေလေ ပီပီသသ ကြားရလေလေဖြစ်သည်။ အင်အားမကောင်းက ဝိုးတိုးဝါးတား ကြားရတော့သည်။ ဤသို့ ကြားခြင်းကိစ္စ၌ သောတပသာဒက သောတဝိညာဏ်ကို အစိုးရသဖြင့် သောတပသာဒရုပ်ကို သောတိန္ဒြေဟု ခေါ်သည်။ ထိုမျှသာမက ခြွင်းချက်မရှိ အစိုးရသဖြင့် သောတိန္ဒြိယဟုလည်း ခေါ်ရပြန်သည်။

ဤသို့ သောတပသာဒက သောတဝိညာဏ်ကို ကြားခြင်းကိစ္စ၌ ခြွင်းချက်မရှိ အစိုးရသဖြင့် ဒုတိယစာပိုဒ်တွင် (သောတိန္ဒြိယဟု ခေါ်ဆိုအပ်သော) သောတပသာဒက သောတဝိညာဏ်ကို ဣန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

## ဃာနိန္ဒြေ ဃာနိန္ဒြိယ

အနံ့ဂန္ဓာရုံကို နံသိစိတ် (ဃာနဝိညာဏ်) က နံသည်မှာ မှန်သော်လည်း ဃာနဝိညာဏ်သည် ဃာနပသာဒ–နှာခေါင်းအကြည်ကို အမှီပြု ဖြစ်ပေါ်လာရသောကြောင့် နံမှုကိစ္စ၌ ဃာနပသာဒက ဃာနဝိညာဏ်ကို အစိုးရသည်။ ထို့ကြောင့် ဃာနပသာဒကို ဃာနိန္ဒြေဟု ခေါ်သည်။ ထို့ပြင် အကန့်အသတ်မရှိ အစိုးရသဖြင့် ဃာနိန္ဒြိယဟုလည်း ခေါ်ရသည်။

ဤသို့နံခြင်းကိုစွဲ၍ ဃာနပသာဒက ဃာနဝိညာဏ်ကို ခြွင်းချက်မရှိ အစိုးရသဖြင့် စာပိုဒ် (၃) တွင် ဃာနိန္ဒြေ ဃာနပသာဒက ဃာနဝိညာဏ်ကို ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

(စာပိုဒ် ၄ နှင့် ၅ ကို အကျဉ်းအားဖြင့် ရှင်းပြပါမည်။)

## ဇိဝှိန္ဒြေ - ဇိဝှိန္ဒြိယ

လျက်မှုကိုစွဲ၍ ဇိဝှာပသာဒသည် ဇိဝှာဝိညာဏ်ကို အစိုးရသဖြင့် ဇိဝှာပသာဒကို ဇိဝှိန္ဒြေဟု ခေါ်သည်။ ခြွင်းချက်မရှိ အစိုးရသဖြင့် ဇိဝှိန္ဒြိယဟုလည်း ခေါ်ပြန်သည်။ ခြွင်းချက်မရှိ အစိုးရသဖြင့် ဇိဝှာပသာဒက ဇိဝှာဝိညာဏ်ကို ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု စာပိုဒ် (၄) တွင် ပြဆိုထားသည်။

## ကာယိန္ဒြေ - ကာယိန္ဒြိယ

ထိသိမှုကိုစွဲ၍ ကာယပသာဒက ကာယဝိညာဏ်ကို အစိုးရ၍ ကာယိန္ဒြေဟု ခေါ်သည်။ ခြွင်းချက်မရှိ အစိုးရသဖြင့် ကာယပသာဒက ကာယဝိညာဏ်ကို ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုရသည်။

## ဣန္ဒြေငါးပါး

စက္ခုစသော ပသာဒငါးပါးက စက္ခုဝိညာဏ်စသော ဝိညာဏ်ငါးပါးကို သက်ဆိုင်ရာကိုစွဲ၍ အစိုးရသဖြင့် ယင်းပသာဒ ငါးပါးကို ဣန္ဒြေငါးပါးဟု ခေါ်သည်။

## ဣန္ဒြိယပစ္စည်း

ပစ္စည်းတရားက ပစ္စယုပ္ပန်တရားကို ခြွင်းချက်မရှိ အစိုးရသည်ကိုဣန္ဒြိယပစ္စည်းဟု ခေါ်သည်။

ပသာဒငါးပါးက ဝိညာဏ်ငါးပါးကို ဣန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုရာ၌ ပသာဒငါးခုသည် ဝိညာဏ်စာတ်တို့၏ တည်ရာမှီရာ (ဝတ္ထုရုပ်) ဖြစ်၍ ယင်းပသာဒတို့သည် သက်ဆိုင်ရာ ဝိညာဏ်၏ အရင်ဖြစ်နှင့်သည်။ (ပုရေစာတ ဖြစ်သည်)။ ထို့ကြောင့် ဤဣန္ဒြိယပစ္စည်းငါးခုကို ဝတ္ထုပုရေစာတိန္ဒြိယ ပစ္စည်းဟု ခေါ်သည်။ ပုရေစာတိန္ဒြိယပစ္စည်းဟုလည်း ခေါ်သည်။

## ဝတ္ထုပုရေစာတိန္ဒြိယ ပစ္စည်း ပစ္စယုပ္ပန်

၁။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဟူသော ပသာဒငါးပါး (ဝါ) ဝတ္ထုရုပ်ငါးပါးသည် ဝတ္ထု ပုရေစာတိန္ဒြိယ ပစ္စည်းတရားဖြစ်သည်။

၂။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ် ဟူသော ဝိညာဏစာတ် ငါးပါးနှင့် သဗ္ဗစိတ္တသာ စာရဏစေတသိက် (၇) ပါးသည် ဝတ္ထုပုရေစာတိန္ဒြိယ ပစ္စယုပ္ပန်တရားဖြစ်သည်။

## ပြန်လည်သုံးသပ်ချက်

ဟဒယဝတ္ထု– ဣန္ဒြိယ ပစ္စည်းမတပ်။ ဝတ္ထုရုပ် (၆) ပါးရှိသည့်အနက် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဟူသော ဝတ္ထုရုပ်ငါးပါးသည် ဣန္ဒြိယပစ္စည်းတရားများ ဖြစ်ကြောင်း သိခဲ့ပြီ။ ကျန်သော ဝတ္ထုရုပ် (ဟဒယဝတ္ထု)သည် ဣန္ဒြိယပစ္စည်းထဲတွင် မပါဝင် သည်မှာ အဘယ့်ကြောင့်နည်း။

ဟဒယဝတ္ထုရုပ်သည် မနောစာတ်၊ မနောဝိညာဏစာတ်တို့၏ မှီရာ တည်ရာ ဝတ္ထုရုပ်ဖြစ်သည့်ပြင် ယင်းဝိညာဏစာတ်တို့

အရင်ဖြစ်၍ ဝတ္ထုပုရေဇာတဖြစ်သည်။ သို့သော် ဟဒယ ဝတ္ထုသည် မနောဓာတ်၊ မနောဝိညာဏဓာတ်တို့ကို တက်အောင် တိုးအောင် အစိုးမရသဖြင့် ဣန္ဒြေတရားမဟုတ်၊ ဣန္ဒြေတရားမဟုတ်သဖြင့် ဣန္ဒြိယတရားလည်း မဟုတ်နိုင်။ ထို့ကြောင့် ယဒယဝတ္ထုသည် ဣန္ဒြိယပစ္စည်းတရားမဟုတ်၊ ဣန္ဒြိယပစ္စည်းမတပ်။

## (၆) ဣတ္ထိန္ဒြေနှင့် (၇) ပုရိသိန္ဒြေ

ဣန္ဒြေ ၂၂-ပါးထဲက ပထမ ဣန္ဒြေငါးပါးကို တင်ပြပြီး ဖြစ်၏။ ဆဋ္ဌမနှင့် သတ္တမဣန္ဒြေနှစ်ပါးကို တင်ပြပါသည်။

ဣတ္ထိဘာဝရုပ်ရှိသူ၏ သန္တာန်၌ ဣတ္ထိဘာဝ၏ အလိုအတိုင်း မိန်းမ၏ အသွင်အပြင် ပုံပန်းသဏ္ဌာန် အမူအရာတို့ ဖြစ်လာရ၏။ ပုရိသဘာဝရုပ်ရှိသူ၏ သန္တာန်၌ ယောကျ်ား၏ အသွင်အပြင် ပုံပန်းသဏ္ဌာန် အမူအရာတို့ ဖြစ်လာရ၏။ ဤသို့ ဣတ္ထိဘာဝရုပ်နှင့် ပုရိသဘာဝရုပ်သည် သက်ဆိုင်ရာ အသွင်အပြင် ပုံပန်းသဏ္ဌာန် အမူအရာတို့ကို အစိုးရသဖြင့် ဣတ္ထိဘာဝရုပ်သည် ဣတ္ထိန္ဒြေမည်၏။ ပုရိသဘာဝရုပ်သည် ပုရိသိန္ဒြေမည်၏။

ဤသို့ အကြမ်းနည်းဟု ခေါ်ဆိုအပ်သော သုတ္တန်နည်းအရ ဘာဝရုပ်နှစ်ပါးသည် ဣန္ဒြေထိုက်သော်လည်း ဣန္ဒြိယပစ္စည်းမတပ်။ အဘယ်ကြောင့်နည်း။ ဤမေးခွန်း၏အဖြေကို တင်ပြပါမည်။

အမ၊ အထီး နှင့် ပတ်သက်သော အသွင်အပြင်၊ ပုံပန်းသဏ္ဌာန် အမူအရာတို့သည် ပရမတ်မဟုတ်၊ ပညတ်သာ ဖြစ်၏။ ယင်းပစ္စည်း တရား၏ ဖြစ်ပေါ်ခြင်း (ဥပါဒ်ခြင်း) မရှိသောကြောင့် ပစ္စယုပ္ပန် တရားတွင် မပါဝင်နိုင်။ ထို့ကြောင့် ဣန္ဒြေနှစ်ပါးက ကျေးဇူးပြုဖို့ရာ ပစ္စယုပ္ပန်တရား မရှိပါ။

ဘာဝရုပ်တို့သည် ပဋိသန္ဓေတည်စ ကလလရေကြည်တွင် ပါဝင်သော်လည်း ထိုအခိုက်အတန့်တွင် မိန်းမ၏ အသွင်အပြင် ဟန်အမူအရာ၊ ယောကျ်ား၏အသွင်အပြင် ဟန်အမူအရာတို့မှာ မထင်ရှားပါ။ မသိနိုင်ပါ။ ဤအခိုက်အတန့်တွင် ဘာဝရုပ်ရှိနေသဖြင့် ဘာဝရုပ်ကို ပစ္စည်းတရားဟု ယူလျှင် ပစ္စယုပ္ပန်တရား မရှိပါ။

ဘာဝရုပ်တို့သည် မိန်းမ၏ သဏ္ဌာန်အမူအရာ၊ ယောကျ်ား၏ သဏ္ဌာန်အမူအရာတို့သည် ထိုအခိုက်အတန့်တွင် အကျိုးပေးသည်ဟု ဆိုသော်လည်း အကျိုးပေးက မမှန်ချင်တတ်။ ယောကျ်ားဖြစ်နေသော်လည်း မိန်းမအသွင် ဖြစ်တတ်သည်။ မိန်းမဖြစ်နေသော်လည်း ယောကျ်ားအသွင်အပြင်ရှိတတ်သည်။ အကျိုးပေးက မသေချာ။ အစိုးရခြင်းကိစ္စ၌ မသေချာ။

အကျဉ်းအားဖြင့်ဆိုသော် ဘာဝရုပ်တို့သည် မည်သည့်တရားကိုမျှ ဇနကသတ္တိဖြင့် ဖြစ်စေ၊ ဥပတ္ထမ္ဘက သတ္တိဖြင့် ဖြစ်စေ၊ အစိုးရခြင်း မရှိချေ။

အထက်ပါအကြောင်းတို့ကို အထောက်အထားပြု၍ ဘာဝရုပ် ဣန္ဒြိယ်ဖွေ့ ပုရိသိန္ဒြေတို့သည် အဘိဓမ္မာနည်းအရ ဣန္ဒြိယပစ္စည်း မထိုက်။

## (၈) ဓိဝိတိန္ဒြေ

ဣန္ဒြေဟူသည် အစိုးရခြင်းအနက်ကို ဟောသည်။ ရုပ်တရားတစ်ခုသည် မိမိနှင့်အတူဖြစ်ဖက် ရုပ်တရားတို့ကို အစိုးရသောအခါ ယင်းရုပ်တရားတို့ကို အစိုးရသောအခါ ယင်းရုပ်တရားကို ရုပ်ဣန္ဒြေဟု ခေါ်သည်။ နာမ်တရားတစ်ခုသည် မိမိနှင့်ယှဉ်ဖက် နာမ်တရားတို့ကို အစိုးရသောအခါ ယင်းနာမ်တရားကို နာမ်ဣန္ဒြေဟု ခေါ်သည်။

ပြဆိုခဲ့ပြီးသော ကလာပ်ခန္ဓ (၇) ပါးမှာ ရုပ်ကလာပ်ခန္ဓများသာ ဖြစ်သည်။ ဆဋ္ဌမ ကလာပ်ခန္ဓမှာ ရုပ်နှင့်နာမ်ရောသော ကလာပ်ခန္ဓဖြစ်သည်။ ကျန်သောကလာပ်ခန္ဓ ၁၄-ပါးမှာ နာမ်ကလာပ်ခန္ဓချည်းသာ ဖြစ်သည်။

ယခုပြဆိုမည့် အဋ္ဌမကလာပ်ခန္ဓမှာ အသက်ကို အစိုးရသည်ဖြစ်၍ ဇီဝိတိန္ဒြေဟု ခေါ်သည်။ ဇီဝိတ (အသက်) မှာ ရုပ်ဇီဝိတ (ရုပ်သက်) နှင့် နာမ်ဇီဝိတ (နာမ်သက်) ဟု နှစ်မျိုးရှိရာ ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတသည် အသက်ရှင် (ရှည်) ခြင်းကို အစိုးရသဖြင့် ဇီဝိတိန္ဒြေ မည်၏။ ဤဇီဝိတိန္ဒြေကို ရူပဇီဝိတိန္ဒြေနှင့် နာမဇီဝိတိန္ဒြေဟု နှစ်မျိုးခွဲခြားထားသည်။

## (၈-က) ရူပဇီဝိတိန္ဒြေ

ရုပ်ဇီဝိတ (ဇီဝိတရုပ်) သည် ပဋိသန္ဓေအခါမှာဖြစ်စေ၊ ပဝတ္တိအခါမှာဖြစ်စေ၊ ကမ္မဇရုပ်ကလာပ်ဖြစ်တိုင်း ဖြစ်တိုင်း ပါဝင်သည်။ ဇီဝိတရုပ်က ထောက်ပံ့စောင့်ရှောက်သဖြင့် တစ်ကလာပ်တည်းမှာပါသော ကမ္မဇရုပ်သည် အသက်ရှင် (ရှည်) နိုင်၏။ ဤသို့ ဇီဝိတရုပ်သည် ကလာပ်တူကမ္မဇရုပ်တို့ကို အသက် ရှင်အောင် ထောက်ပံ့ခြင်းကိစ္စ၌ အစိုးရ၏။ ထို့ကြောင့် ရုပ်ဇီဝိတကို ရူပဇီဝိတိန္ဒြေဟု ခေါ်သည်။

## (၈-ခ) နာမဇီဝိတိန္ဒြေ

ဤနာမ်ဇီဝိတိန္ဒြေသည် ဇီဝိတစေတသိက်ဖြစ်သည်။ ယင်းစေတသိက်သည် စိတ်အားလုံးမှာယှဉ်သည်။ ယှဉ်ဖက် စိတ်စေတသိက်နာမ်တရားတို့ကို အသက်ရှင် (ရှည်) အောင် စောင့်ရှောက်တတ်သောကြောင့် နာမ်ဇီဝိတ (နာမ်၏အသက်) ဟု ခေါ်သည်။ ယှဉ်ဖက်နာမ်တရားတို့ကို အသက်ရှင် (ရှည်) အောင် စောင့်ရှောက်ခြင်းကိစ္စ၌ အစိုးရသဖြင့် နာမဇီဝိတိန္ဒြေဟု ခေါ်သည်။

## ရူပဇီဝိတိန္ဒြိယပစ္စည်း

ရုပ်ဇီဝိတသည် ကလာပ်တူ ကမ္မဇရုပ်တရားတို့အား အသက်ရှင် (ရှည်) အောင် စောင့်ရှောက်ခြင်းကိစ္စ၌ အစိုးရသဖြင့် ရူပဇီဝိတိန္ဒြေဟု ခေါ်ကြောင်း ပြခဲ့ပြီးပြီ။ ဤသို့ အစိုးရသည်ဟု ဆိုရာ၌ အကန့်အသတ်မရှိ။ ခြွင်းချက်မရှိ အစိုးရသည်ဖြစ်သောကြောင့် ဣန္ဒြိယပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုလိုသည်။ ထို့ကြောင့် ဤဆဠမစာပိုဒ်တွင် ရူပဇီဝိတိန္ဒြေဟု ဆိုအပ်သော ရုပ်ဇီဝိတသည် ကလာပ်တူကမ္မဇရုပ်တို့ကို ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။ ဤသို့ ကျေးဇူးပြုခြင်းကို ရူပဇီဝိတိန္ဒြိယ ပစ္စည်းဟု ခေါ်သည်။

## ရူပဇီဝိတိန္ဒြိယ ပစ္စည်း ပစ္စယုပ္ပန်

၁။ ပဝတ္တိ-ပဋိသန္ဓေအားဖြင့် အလုံးစုံသော ရူပဇီဝိတိန္ဒြေ (ရုပ်ဇီဝိတ) သည် ရူပဇီဝိတိန္ဒြိယ ပစ္စည်းတရားဖြစ်သည်။

၂။ ရူပဇီဝိတိန္ဒြေကြဉ်သော ရုပ်ကလာပ်တူကမ္မဇရုပ်တို့သည် ရူပဇီဝိတိန္ဒြိယ ပစ္စယုပ္ပန်တရားဖြစ်သည်။

## (ဂ-ခ) နာမဇီဝိတိန္ဒြေ

ရှစ်ခုမြောက်ဣန္ဒြေ (ဇီဝိတိန္ဒြေ) မှ ကျန်သော တစ်စိတ်တစ်ပိုင်း နာမ် ဣန္ဒြေတို့ကို ဆက်လက်တင်ပြပါမည်။

နာမဇီဝိတိန္ဒြေသည် ဇီဝိတ စေတသိက်ဖြစ်သည်။ ယင်းစေတသိက်သည် စိတ်အားလုံး၌ ယှဉ်သည်။ ယင်းစေတသိက်သည် ယှဉ်ဖက်စိတ် စေတသိက်တို့နှင့် နာမ်တရားတို့ကို အသက်ရှင်(ရှည်) အောင် စောင့်ရှောက်တတ်သောကြောင့် နာမ်ဇီဝိတ (နာမ်အသက်) ဟုလည်း ခေါ်သည်။ ယှဉ်ဖက်နာမ်တရားတို့ကို အသက်ရှင်အောင် စောင့်ရှောက်ခြင်းကိစ္စ၌ အစိုးရသဖြင့် နာမဇီဝိတိန္ဒြေ ဟု ခေါ်သည်။

ဤနေရာအထိ ဣန္ဒြေ ၂၂-ပါးထဲမှ ၈-ပါးကို တင်ပြပြီးပြီ။ ကျန်သော ဣန္ဒြေ ၁၄-ပါးမှာ နာမ်ဣန္ဒြေများသာဖြစ်၍ ယင်းတို့ကို ဆက်လက်တင်ပြပါမည်။

(၉) စိတ်တစ်ခု ယုတ်ကိုးဆယ်သည် အာရုံကို သိမှုကိစ္စ၌ အစိုးရသဖြင့် မနိန္ဒြေမည်၏။

(၁၀) သုခဝေဒနာသည် ကိုယ်အင်္ဂါချမ်းသာမှုတွင် အစိုးရသဖြင့် သုခိန္ဒြေမည်၏။

(၁၁) ဒုက္ခဝေဒနာသည် ကိုယ်အင်္ဂါဆင်းရဲမှုကို အစိုးရသဖြင့် ဒုက္ခိန္ဒြေမည်၏။

(၁၂) သောမနဿ ဝေဒနာသည် စိတ်ချမ်းသာမှု၊ ဝမ်းမြောက်မှု၌ အစိုးရသဖြင့် သောမနဿိန္ဒြေမည်၏။

(၁၃) ဒေါမနဿဝေဒနာသည် ဝမ်းနည်းမှု စိတ်နှစ်လုံးဆင်းရဲမှု၌ အစိုးရသဖြင့် ဒေါမနဿိန္ဒြေမည်၏။

(၁၄) ဥပေက္ခာဝေဒနာသည် လျစ်လျူရှုခြင်းကိစ္စ၌ အစိုးရသဖြင့် ဥပေက္ခိန္ဒြေမြည်၏။

## အစိုးရခြင်း အဓိပ္ပာယ်

ဤတွင် အစိုးရမှုဆိုသည်မှာ ဆိုင်ရာကိစ္စ၌ ထိုဣန္ဒြေနာမ်တရားသည် ထင်ရှားပေါ်လွင်လျက်ရှိကြ၏။ ယှဉ်ဖက်တရားတို့ကား စရှိသကဲ့သို့ပင် မှေးမှိန်ရှိနေကြ၏ဟု ဆိုလိုသည်။

(အဖွဲ့အစည်းတစ်ခုတွင် ထင်ရှားသူ-အာဏာရှိသူ ဩဇာရှိသူတို့သာ ထင်ရှားလျက် အခြားသူတို့မှာ တိမ်မြုပ်နေသည်နှင့် နှိုင်းယှဉ်နိုင်၏။)

ဥပမာ-ကိုယ်အင်္ဂါ၌ ပြင်းထန်စွာထိခိုက်၍ ဒုက္ခဝေဒနာဖြစ်ပွားနေဆဲအခါတွင် နာမှုတည်းဟူသော ဒုက္ခဝေဒနာတစ်ခုတည်း

သာ ထင်ရှားလျက်ရှိ၍ ဒုက္ခဝေဒနာနှင့် ယှဉ်ဖက်တရားတို့ကား မေးမှိန်လျက်နေကြ၏။ ဤသည်ကား ဒုက္ခဝေဒနာက အစိုးရမှုတည်း။ အခြားဣန္ဒြေတို့၏ အစိုးရမှုလည်းဤအတူ ဖြစ်၏။

## ဝေဒနိန္ဒြေ

အထက်ပါ သုခိန္ဒြေစသော ဣန္ဒြေငါးပါးကို ပေါင်း၍ယူသော် ယင်းဣန္ဒြေငါးပါးသည် အာရုံကို ခံစားခြင်းကိစ္စ၌ အစိုးရသဖြင့် ယင်းတို့ကို ဝေဒနိန္ဒြေငါးပါးဟုခေါ်သည်။ ယင်းငါးပါးတို့၏ တရားကိုယ်မှာ ဝေဒနာစေတသိက်ဖြစ်သည်။

ကျန်နေသေးသော ဣန္ဒြေတို့ကို ယခုဆက်လက်တင်ပြပါမည်။

(၁၅) သဒ္ဓါစေတသိက်သည် ရတနာသုံးပါး၊ ကံနှင့်ကံ၏အကျိုးကို ယုံကြည်ခြင်းကိစ္စ၌ အစိုးရသဖြင့် သဒ္ဓိန္ဒြေမည်၏။

(၁၆) ဝီရိယ စေတသိက်သည် ကြိုးစားအားထုတ်ခြင်းကိစ္စ၌ အစိုးရသဖြင့် ဝီရိယိန္ဒြေမည်၏။

(၁၇) သတိစေတသိက်သည် ရတနာသုံးပါးစသည်တို့ကို မမေ့မလျော့ခြင်း ကိစ္စ၌ အစိုးရသဖြင့် သတိန္ဒြေမည်၏။

(၁၈) ဧကဂ္ဂတာစေတသိက်သည် တည်တံ့စူးစိုက်မှုကိစ္စ၌ အစိုးရသဖြင့် သမာဓိန္ဒြေမည်၏။

(၁၉) လောကီတိဟိတ် စိတ် ၄၇–၌ ယှဉ်သောပညာသည် ပညိန္ဒြေမည်၏။

(၂၀) သောတာပတ္တိမဂ်၌ ယှဉ်သော ပညာသည် အနညာတညဿာမီတိန္ဒြေ မည်၏။

(၂၁) လောကုတ္တရာ အလယ်စိတ် ၆–ပါး၌ ယှဉ်သောပညာသည် အညိန္ဒြေမည်၏။

(၂၂) အရဟတ္တဖိုလ်စိတ်၌ယှဉ်သော ပညာသည် အညတာဝိန္ဒြေ မည်၏။

ပညိန္ဒြေစသော အောက်ဆုံးဣန္ဒြေလေးပါးသည် သတ္တိအလိုက် အာရုံသိမှုကိစ္စ၌ အစိုးရသဖြင့် ပညိန္ဒြေဟူသော ပညာစေတသိက်၏ မျိုးကွဲများဖြစ်၍ အထူးထူး အပြားပြား ပညာဖြင့်သိခြင်း၊ သိမှုသဘောရှိသော ပညာစေတသိက်တွင် ပါဝင်သည်။

အထက်ပါ ဣန္ဒြေတို့အနက် နောက်ဆုံးဣန္ဒြေသုံးပါးထဲက ပထမဦးဆုံးဣန္ဒြေသည် ဘဝသံသရာတစ်လျှောက်လုံးတွင် ဘယ်တုန်းကမျှ မသိသေးဘူးသော တရား (သစ္စာလေးပါး)ကို သိခြင်းကို ဆိုလိုသည်။ ဒုတိယဣန္ဒြေမှာ သောတာပန်အဖြစ် သိခဲ့သော သစ္စာလေးပါးကို ထပ်မံ၍ သိခြင်းပင်တည်း။

နောက်ဆုံးဣန္ဒြေကား အလုံးစုံအပြီးသတ်သိခြင်းပင်တည်း။ ရဟန္တာအဖြစ်သို့ ရောက်ခြင်းပင်တည်း။

## နာမ်ဣန္ဒြေတရားကိုယ် ၈–ပါး

ဣန္ဒြေ ၂၂–ပါးအနက် စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေတို့သည် ရုပ်ဣန္ဒြေများဖြစ်၍ ယင်းတို့၏ တရားကိုယ်မှာ ပသာဒရုပ် ၅–ပါးနှင့် ဘာဝရုပ် ၂–ပါး ဖြစ်၏။

ရှစ်ခုမြောက်ဇီဝိတိန္ဒြေမှာ ရူပဇီဝိတိန္ဒြေ (ရုပ်ဣန္ဒြေ) နှင့် နာမဇီဝိတိန္ဒြေ (နာမ်ဣန္ဒြေ) ဟု နှစ်မျိုး ကွဲ၏။ ယင်းတို့၏ တရားကိုယ်မှာ ရူပဇီဝိတနှင့် နာမ်ဇီဝိတတို့ဖြစ်၏။

ကျန်သောဣန္ဒြေ ၁၄–ပါးမှာ နာမ်ဣန္ဒြေများဖြစ်၍ ယင်းတို့တွင် မနိန္ဒြေ၏ တရားကိုယ်သည် စိတ်တစ်ခုယုတ်ကိုးဆယ် (၈၉) ဖြစ်၏။

သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေ ဟူ သော ဣန္ဒြေငါးပါး၏ တရားကိုယ်မှာ ဝေဒနာတစ်မျိုးတည်းသာ ဖြစ်၏။

သဒ္ဓိန္ဒြေ၏ တရားကိုယ်မှာ သဒ္ဓါစေတသိက်ဖြစ်၏။
ဝီရိယိန္ဒြေ၏ တရားကိုယ်မှာ ဝီရိယစေတသိက်ဖြစ်၏။
သတိန္ဒြေ၏ တရားကိုယ်မှာ သတိစေတသိက်ဖြစ်၏။
သမာဓိန္ဒြေ၏ တရားကိုယ်မှာ ဧကဂ္ဂတာ စေတသိက်ဖြစ်၏။
ကျန်သောဣန္ဒြေ ၄-ပါး၏ တရားကိုယ်မှာ ပညိန္ဒြေစေတသိက် (ပညာ) တစ်မျိုးတည်းသာ ဖြစ်၏။

အထက်ပါ တင်ပြချက်အရ နာမ်ဣန္ဒြေတို့၏ တရားကိုယ်မှာ နာမ်ဇီဝိတ၊ စိတ်, ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ ဟူ၍ (၈) ပါးသာရှိသည်။ နာမ်ဣန္ဒြေအားလုံးသည် ခွင်းချက်မရှိ အစိုးရသဖြင့် ဣန္ဒြိယဟုလည်း ခေါ်နိုင်သည်။

## နောက်ဆုံးစာပိုဒ်

အထက်ပါတင်ပြချက်နှင့်အညီ နောက်ဆုံးစာပိုဒ်နိဿယတွင် "အရူပိနော ဣန္ဒြိယာ" ကို "နာမ်ဖြစ်ကုန်သော နာမ်ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟူသော နာမ်ဣန္ဒြေတရား ကိုယ် (၈) ပါးတို့သည်ဟု မြန်မာပြန်ထားသည်။

ယင်းနာမ်ဣန္ဒြေ (၈) ပါးသည် မိမိနှင့်ယှဉ်ကုန်သော နာမ်တရားတို့ကိုလည်းကောင်း၊ မိမိတို့ကြောင့်ဖြစ်ကုန်သော ရုပ်တရားတို့ကိုလည်းကောင်း၊ ဣန္ဒြိယပစ္စယသတ္တိ (ခွင်းချက်မရှိ အစိုးရခြင်း) ဖြင့် ကျေးဇူးပြုသည်ဟု ဤနောက်ဆုံးစာပိုဒ်တွင် ပြဆိုထားသည်။

ဤသို့ ကျေးဇူးပြုပုံကို ဥပမာတစ်ခုဖြင့် ပြပါမည်။

ပဝတ္တိအခါ လောဘမူ ပထမအသင်္ခါရိက စိတ်ဖြစ်လာအံ့။ ထိုစိတ်တွင် (အညသမာန်းစေတသိက် ၁၃၊ လောဘ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ မောဟ၊ ဒိဋ္ဌိ ဟူသော) စေတသိက် ၁၉-ပါး ယှဉ်သည်။ အညသမာန်း စေတသိက်တွင် နာမ်ဇီဝိတ၊ ဝေဒနာ၊

ဇေကဂ္ဂတာနှင့် ဝီရိယဟူသော နာမ်က္ခန္ဓေတရားကိုယ်တို့လည်း ပါဝင်သည်။ ဤစိတ်စေတသိက်တို့ကြောင့် စိတ္တဇရုပ်လည်း ဖြစ်လာသည်။

ဤသို့ စိတ်စေတသိက်နှင့် စိတ္တဇရုပ်တို့ဖြစ်နေကြရာ၌ လောဘမူစိတ်သည် နာမ်က္ခန္ဓေတရားတစ်ခု ဖြစ်သည်။ ယင်းလောဘမူစိတ်သည် နာမ်က္ခန္ဓေ တရားကိုယ် တစ်ပါးဖြစ်သည်။ (မနိန္ဒြေ၏ တရားကိုယ်ဖြစ်သည်ဟု ဆိုလိုသည်။) ယင်းလောဘမူစိတ်သည် မိမိ၏ကိစ္စ၌ (အာရုံသိမှုကိစ္စ၌) ထိုစေတသိက် ၁၉–ပါးနှင့် စိတ္တဇရုပ်တို့ကို အစိုးရသည်။

ထို့ပြင် နာမ်ဇီဝိတ၊ ဝေဒနာ၊ ဧကဂ္ဂတာနှင့် ဝီရိယအသီးသီးတို့သည် မိမိ မိမိတို့၏ ကိစ္စအသီးသီး၌ လောဘမူစိတ် မိမိမှ တစ်ပါးသော (ဆိုခဲ့ပြီး)သော စေတသိက် ၁၈–နှင့် စိတ္တဇရုပ်တို့ကို အစိုးရသည်။

ဤနည်းအတူ အခြားသော နာမ်က္ခန္ဓေတရားကိုယ်များ ဖြစ်လာရာ၌ ပါဝင်သော နာမ်က္ခန္ဓေအသီးသီးသည် မိမိမှတစ်ပါးသော သက်ဆိုင်ရာ စိတ်စေတသိက် ပဝတ္တိအခါတွင် စိတ္တဇရုပ်၊ ပဋိသန္ဓေအခါတွင် ပဋိသန္ဓေကမ္မဇရုပ်တို့ကို မိမိ၏ကိစ္စအသီးသီး၌ အစိုးရသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း အစိုးရရာ၌ အခါခပ်သိမ်း အကန့်အသတ်မရှိ အစိုးရသဖြင့် က္ခန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုနိုင်သည်။

သို့ဖြစ်၍ ဤနောက်ဆုံးစာပိုဒ်တွင် "နာမ်က္ခန္ဓေ၏ တရားကိုယ် (၈) ပါးသည် ယှဉ်ဖက် နာမ်တရားနှင့် ဖြစ်ဖက်ရုပ်တရားကို က္ခန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြဆိုထားသည်။

ဤသို့ ကျေးဇူးပြုရာတွင် ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့သည် အတူတကွဖြစ်သည်။ (သဟဇာတဖြစ်သည်) ထို့ကြောင့်

ဤနောက်ဆုံး ဣန္ဒြိယပစ္စည်းကို သဟဇာတိန္ဒြိယပစ္စည်းဟုလည်း ခေါ်သည်။

## သဟဇာတိန္ဒြိယပစ္စည်း ပစ္စယုပ္ပန်

၁။ နာမ်ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာတို့သည် သဟဇာတိန္ဒြိယပစ္စည်းတရားဖြစ်သည်။

၂။ စိတ် ၈၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် တို့သည် သဟဇာတိန္ဒြိယ ပစ္စယုပ္ပန်တရား ဖြစ်သည်။

## ပြန်လည်သုံးသပ်ချက်

ဣန္ဒြေတို့သည် သရုပ်အားဖြင့် ၂၂-ပါးရှိသော်လည်း ဝေဒနာသည် ငါးဌာန၊ ပညာသည် လေးဌာန ရှိသောကြောင့်လည်းကောင်း၊ ဇီဝိတိန္ဒြေသည် တရားကိုယ်အားဖြင့် ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတဟူ၍ နှစ်မျိုးပြားသောကြောင့်လည်းကောင်း၊ တရားကိုယ်အားဖြင့် ပသာဒရုပ် ၅-ပါး၊ ဘာဝရုပ် ၂-ပါး၊ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟူ၍ ၁၆-ပါးသာ ရှိသည်။ ဤတွင် ရုပ်တရားကိုယ် (၈)ပါး၊ နာမ်တရားကိုယ် (၈) ပါး ပါဝင်သည်။

ဣန္ဒြေ ၂၂-ပါးတွင် (ဘာဝရုပ် ၂-ပါးဖြစ်သော) ဣတ္ထိန္ဒြေနှင့် ပုရိသိန္ဒြေနှစ်ပါးမှာ ဣန္ဒြိယပစ္စည်း မထိုက်။ ကျန်ဣန္ဒြေတို့သာ ဣန္ဒြိယပစ္စည်းထိုက်သည်။

ရူပဇီဝိတိန္ဒြေသည် အတူတကွဖြစ်ဖက် ကလာပ်တူ ကမ္မဇရုပ်တို့အား ကျေးဇူးပြုသည်ဟုဆိုရာတွင် ဥပါဒ်အခိုက်၌ အထင်အရှား ကျေးဇူးမပြုနိုင်။ ဌီအခိုက်သို့ ရောက်မှသာ ထောက်ပံ့စောင့်ရှောက်သောအားဖြင့် ကျေးဇူးပြုနိုင်သောကြောင့် ရူပဇီဝိတိန္ဒြေကို သဟဇာတတွင်လည်း မသွင်းနိုင်။ ပုရေဇာတတွင်လည်း မသွင်းနိုင်သောကြောင့် တစ်သီးတစ်ခြား ပြထားသည်။

# အခန်း (၁၈) 

# ဈာနပစ္စည်း

## ဈာန်

ဈာန်ပျံသည်၊ ဈာန်လျှောသည်၊ ဈာန်ဝင်စားသည်၊ ဈာန်သမာပတ်၊ ဈာန်အဘိညာဏ်ဟူသောစကားတို့ကို ကျွန်ုပ်တို့ ကြားဖူးနားဝရှိကြသည်။ အချို့သောပုဂ္ဂိုလ်တို့က မြေလျှိုးမိုးပျံခြင်းကို ဈာန်ဟုထင်မှတ်ကြသည်။ မြေလျှိုးမိုးပျံခြင်းသည် ဈာန်မဟုတ်၊ ဈာန်၏တန်ခိုးအစွမ်းသတ္တိ ဖြစ်သည်။

ဤစကားတို့တွင်ပါသော "ဈာန်" ဟူသောစကားသည် ပါဠိစကား "ဈာန" ကို ပြုပြင်ကာ မြန်မာစကားအဖြစ် သုံးစွဲနေကြခြင်း ဖြစ်သည်။ ဈာနသဒ္ဒါကို "ရှုးရှုးစိုက်စိုက်ရှုကြည့်ခြင်း၊ သက်ဝင်၍ရှုစားခြင်း၊ ကပ်၍ရှုခြင်း"ဟု မြန်မာပြန်ကြသည်။ ယင်းမြန်မာပြန်တို့၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ အတူတူပင် ဖြစ်သည်။ သက်ဝင်၍ရှုစားခြင်းဟူသည်မှာ စိတ်ကို အာရုံ၌ သက်ဝင်စေကာ ရှုခြင်းဖြစ်သည်။ စိတ်ဝင်စားခြင်းသဘောဖြစ်သည်။ ကပ်၍ရှုခြင်းဟူသည်မှာ စိတ်ကို အာရုံ၌ စွဲကပ်နေသကဲ့သို့ဖြစ်အောင် ရှုကြည့်ခြင်းဖြစ်သည်။ စိတ်မပျံ့လွင့်ခြင်း သဘောဖြစ်သည်။ ဤဈာန၏အဓိပ္ပာယ်ကို ပေါ်လွင်အောင် လယ်တီဆရာတော်ဘုရားက "ရှုးစိုက်ရှုမှု၊ အထူးမြဲမြဲ၊ ရှုအားသန်၊ ဈာန်ဟုခေါ်ဆိုရ"ဟူ၍ စပ်ဆိုတော်မူခဲ့သည်။

အထက်ပါတင်ပြချက်အရ ဈာန်ဟူသည်မှာ အာရုံတစ်ခု၌ ရှုးရှူးစိုက်စိုက် မြဲမြဲမြံမြံ ထက်သန်သောစိတ်ဖြင့် ရှုခြင်းဖြစ်သည်။ (ဤအဓိပ္ပာယ်အရဆိုသော် ဈာန်သည် ကုသိုလ်၊ အကုသိုလ်နှစ်မျိုးလုံးနှင့် သက်ဆိုင်သည်။) ဤသို့ ရှုးရှူးစိုက်စိုက်ရှုခြင်းဟူသော ဈာန်၏ သဘောတရားကို ထင်ရှားအောင် "မုဆိုးသည် ချုံအတွင်းသို့ ပုန်းအောင်နေ၍ သားကောင်ကို မြားဖြင့် တည့်တည့်မတ်မတ် ချိန်ရွယ်နေသည်နှင့်တူသည်"ဟူ၍လည်းကောင်း၊ ဗျိုင်းသည် ရေအိုင်ကမ်းစပ်၌ ငြိမ်သက်စွာရပ်နေ၍ ငါးကိုချောင်းနေသည်နှင့်တူသည်ဟူ၍ လည်းကောင်း ဥပမာပေးကြသည်။

## ဈာနပစ္စည်း၏အဓိပ္ပာယ်

အထက်တွင်ဖော်ပြခဲ့သော အဓိပ္ပာယ်အရ ဈာနပစ္စည်းဟူသည်မှာ မည်သည့်ကိစ္စမှာမဆို စိတ်၏ရှုးရှူးစိုက်စိုက်ရှုခြင်း (ဥပနိဇ္ဈာန) ကိစ္စဖြင့် ကျေးဇူးပြုသော တရားဖြစ်သည်။ မိမိလည်း အာရုံ၌ စိုက်၍ ရှုသည့်ပြင် ဖြစ်ဖက်တရားတို့ကိုလည်း မိမိကဲ့သို့ ရှုးရှူးစိုက်စိုက်ရှုခြင်း (ဥပနိဇ္ဈာန) ကိစ္စကို ဆောင်ရွက်စေရန်လည်း ကျေးဇူးပြုသည်ဟု ဆိုလိုသည်။

## ဈာနသတ္တိ

ဈာနသတ္တိကို သစ်ပင်ပေါ် (ဝါ) တောင်ထိပ်ပေါ်သို့တက်သူနှင့်တူသည်ဟု ဥပမာပြကြသည်။ သစ်ပင်ပေါ် တောင်ထိပ်ပေါ်သို့ တက်သူသည် ထိုထိုဤဤအရပ်၌ အထူးအဆန်းရှုခင်းသာ အမျိုးမျိုးကို ကိုယ်တိုင်လည်း မြင်ရ၏။ မိမိမြင်ရသမျှကို အောက်၌ နေသော လူတို့အား ပြောပြသကဲ့သို့ ဈာန်တရားသည် မိမိကိုယ်တိုင်လည်း အာရုံကို စူးစိုက်စွာယူ၍ ဖြစ်ဖက်တရားတို့ကိုလည်း အာရုံကို စူးစိုက်စွာ ယူစေနိုင်သည်။ ယင်းသတ္တိထူးသည် ဈာနသတ္တိမည်၏။

ဈာနကို နောက်တစ်မျိုးအဓိပ္ပာယ်ဖွင့်ဆိုကြသေးသည်။ ဈာန သည် ကိလေသာ နီဝရဏတို့ကို လောင်ကြွမ်းစေတတ်သော တရား၊ မီးမြိုက်စေတတ်သောတရားဟု ဆိုကြသည်။ ဤအဓိပ္ပာယ်အရဆို သော် ဈာန်တရားသည် ကုသိုလ်အလုပ်နှင့်သာ သက်ဆိုင်နေသည်။ ဈာန်တရားတို့သည် ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို လောင်မြိုက် ခြင်းဟူသော ဈာယနကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်သည် သာမက ဖြစ်ဖက်တရားတို့ကိုလည်း မိမိကဲ့သို့ ဆောင်ရွက်စေရန်ကို လည်း ကျေးဇူးပြုသည်။

ဤသို့ ဈာယနကိစ္စကို ကိုယ်တိုင်လည်း ဆောင်ရွက်၊ ဖြစ်ဖက် တရားတို့ကိုလည်း ဆောင်ရွက်စေနိုင်သည့် သတ္တိထူးသည် ဈာနသတ္တိ မည်၏။

## ဈာန်တရားဖြစ်ပေါ်လာအောင် လုပ်ရမည့်လမ်းစဉ်

ဈာန် (ဈာန) ဟူသည်မှာ ရှုးရှုးစိုက်စိုက်ရှုခြင်းသဘောဖြစ် သည်ဟု အထက်တွင်ဆိုခဲ့ပြီ။ ယင်းဈာန်တရားဖြစ်ပေါ်လာအောင် လုပ်ဆောင်ရမည့်လမ်းစဉ်လည်းရှိသည်။ ထိုလုပ်ငန်းသဘောကို ထင်ရှားအောင် ရှေးဦးစွာ ဥပမာဆောင်ရသော် -

သေနတ်ပစ်သမားသည် အဝေးကနေ၍ ပစ်မှတ်တစ်ခုကို ပစ်လိုသောအခါ မိမိ၏သေနတ်ကို ပစ်မှတ်၌ တည့်တည့်မတ်မတ် ဖြောင့်ဖြောင့်တန်းတန်းနေအောင် ချိန်ရွယ်လျက်လည်းကောင်း၊ မလှုပ် မရှား ငြိမ်ငြိမ်သက်သက်ရှိနေအောင်လည်းကောင်း၊ ပြုပြီးမှ သေနတ် ကို ပစ်ရသည်။ ဤသို့ သေနတ်ပစ်ရာ၌ တည့်မတ်စွာ ချိန်ရွယ်မှု၊ ငြိမ်သက်စွာရှိနေစေရန် ထိန်းချုပ်မှုရှိသကဲ့သို့ ရှုးစိုက်သမှုကပ်၍ ရှုရာ၌ အာရုံကို တည့်မတ်စွာ ချိန်ရွယ်မှု ထိန်းချုပ်မှုတို့ ရှိရပေမည်။

ထို့ကြောင့် ဈာန်တရားဖြစ်ပေါ်လာအောင် လုပ်ရမည့်လုပ်ငန်းစဉ်မှာ –

(၁) ပထမဦးဆုံးအလုပ်မှာ ဟိုဟိုဒီဒီ ပြေးသွားနေသောစိတ်ကို (ကသိုဏ်းစသော) အလိုရှိရာ အာရုံတစ်ခုခုသို့ ရှေးရှုတင်ပေးရသည်။ (ဝါ) အာရုံကို စိတ်ကူးကြံစည်ရသည်။ ဤသို့အာရုံတစ်ခုသို့ တင်ပေးခြင်း၊ စိတ်ကူးကြံစည်ခြင်းသဘောတရားကား "ဝိတက်" ဖြစ်သည်။ ဤသို့ ဝိတက်က အာရုံသို့ တင်ပေးခြင်းအလုပ်ကို လုပ်သဖြင့် ယင်းဝိတက်သည် စိတ်ကို အာရုံ၌ မြဲစွာယှဉ်စေသည်။ (ပထမ–ဝိတက်အလုပ်)။

(၂) ထို့နောက် ဝိတက်က တင်ပေးသော အာရုံမှ မခွာစေဘဲ ရစ်ဝဲလှည့်လည်နေရသည်။ (ဝါ) ထိုအာရုံကိုထပ်ကာ ထပ်ကာ သုံးသပ်ရသည်။ ဤသို့အာရုံရစ်ဝဲခြင်း၊ အာရုံကို သုံးသပ်ခြင်းသဘောတရားကား "ဝိစာရ" ဖြစ်သည်။ ဝိစာရက ရစ်ဝဲခြင်း သုံးသပ်ခြင်းအလုပ်ကို လုပ်ခြင်းအားဖြင့် စိတ်ကို အာရုံ၌ ကောင်းစွာယှဉ်စေသည်။ (ဒုတိယ–ဝိစာရအလုပ်)။

၃။ ဝိစာရက အာရုံကိုသုံးသပ်ဖန်များသောအခါ စိတ်သည် အလွန်ငြိမ်သက်လာပြီး အာရုံကို ကောင်းစွာမြတ်နိုးချစ်ခင်ခြင်း ဖြစ်ပေါ်လာသည်။ ဤသို့ အာရုံကို နှစ်သက်ခြင်းသဘောတရားကား "ပီတိ" ဖြစ်သည်။ ဝိစာရက ထပ်တလဲလဲ သုံးသပ်ထားသောအာရုံကို ပီတိက နှစ်သက်မြတ်နိုးသည်။ (တတိယ–ပီတိအလုပ်)။

၄။ ထို့နောက် ပီတိက နှစ်သက်မြတ်နိုးနေသော အာရုံ၏အရသာကို ခံစားသော သဘောတရားဖြစ်လာသည်။ ယင်းတရားကား "ဝေဒနာ" ဖြစ်သည်။ ယင်းဝေဒနာက အာရုံ၏ အရသာကို ခံစားခြင်းအားဖြင့် စိတ်ကို အာရုံ၌ မြဲစွဲအောင် ဖွဲ့တတ်သည်။ (စတုတ္ထ–ဝေဒနာအလုပ်)။

၅။ ထို့နောက် ဝေဒနာက အရသာခံစားနေသော အာရုံ၌ စိတ်ကို မလှုပ်မယှက် ငြိမ်သက်တည်ကြည်စွာ အာရုံပြုခြင်းသဘော တရားဖြစ်ပေါ်လာသည်။ ယင်းသဘောတရားကား "ဧကဂ္ဂတာ" ဖြစ်သည်။ ဧကဂ္ဂတာက စိတ်ကို မလှုပ်မယှက် တည်ငြိမ်နေအောင် ပြုလုပ်ပေးသည်။ (ပဋ္ဌမ–ဧကဂ္ဂတာ အလုပ်)။

## ဈာန်တရား ဖြစ်ပေါ်လာပုံ

အထက်ပါလုပ်ငန်းစဉ်တွင် ဝိတက်သည် အလိုရှိရာအာရုံသို့ စိတ်ကို ဖြောင့်မတ်စွာ သွားလာနိုင်အောင် ချိန်ရွယ်မှုဖြစ်သည်။ ဝိစာရ၊ ပီတိ၊ ဝေဒနာ ဧကဂ္ဂတာတို့သည် အာရုံ၌ စိတ်ကို ထိန်းချုပ်မှု ဖြစ်သည်။ ဤလုပ်ငန်းစဉ်အတိုင်း လုပ်ဆောင်ခြင်းဖြင့် စိတ်သည် ရှုးစိုက်သမှုကပ်၍ ရှုနိုင်သည်။ (ဝါ) ဈာန်တရားဖြစ်ပေါ် လာသည်။ (တစ်နည်းအားဖြင့်ဆိုသော်) ဝိတက်၊ ဝိစာရ၊ ပီတိ ဝေဒနာတို့က အာရုံကို တင်ပေးမှု၊ သုံးသပ်မှု၊ နှစ်သက်မှု၊ ခံစားမှု၊ နှစ်သက်မှု၊ ခံစားမှုတို့ဖြင့် ဝိုင်းဝန်းကူညီထောက်ပံ့ချီးမြှောက်သော ကြောင့်သာ ဧကဂ္ဂတာကျကျ သမာဓိရရနှင့် ရှုးစိုက်စွာ ရှုမှု (ဥပနိဇ္ဈာနကိစ္စ) ကို ဆောင်ရွက်နိုင်သည်။ ဈာန်တရား ဖြစ်လာသည်။

အမှန်စင်စစ်မှုကား စိတ်သည် နောက်ဆုံး ပဋ္ဌအဆင့်ပြီး မြောက်မှတည်ကြည်ငြိမ်သက်ခြင်း မဟုတ်ပါ။ တစ်ဆင့်တစ်ဆင့် ပို၍ ပို၍ တည်ကြည် ငြိမ်သက်ခြင်းဖြစ်သည်။

## ဈာနင်ဂါးပါး

ဆိုခဲ့သည့်အတိုင်း ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟူသော စေတသိက်ငါးပါးတို့က ဝိုင်းဝန်းလုပ်ဆောင်ပေး၍ ဈာန်

တရားဖြစ်ပေါ်လာခြင်း ဖြစ်သောကြောင့် ဤတရားငါးပါးကို ဈာန်၏ အင်္ဂါရပ်ဟု သတ်မှတ်သည်။ (အင်္ဂါ–အစိတ်အပိုင်း) ဤဈာန်၏ အင်္ဂါကို ဈာနအင်္ဂ (ဝါ) ဈာနင်္ဂဟု ခေါ်သည်။ ယင်းကိုပင် ဈာနင်ဟု မြန်မာစကားအနေဖြင့် ခေါ်သည်။ ထို့ကြောင့် ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာတို့ကို ဈာနင်ငါးပါးဟု ခေါ်သည်။ ဝိတက်ဈာနင်၊ ဝိစာရဈာနင် စသည်ဖြင့်ခေါ်သည်။

## ဈာနင် (၇) ပါး

အထက်တွင်ပြဆိုခဲ့သော ဈာနင် (ဈာန်အင်္ဂါ) ငါးပါးအနက် ဝေဒနာမှာ စိတ်နှင့်ပတ်သက်သော "သောမနဿဝေဒနာ၊ ဒေါမနဿ ဝေဒနာ၊ ဥပေက္ခာဝေဒနာ"ဟူ၍ သုံးမျိုးရှိသောကြောင့် ဝေဒနာဟု တစ်ခုတည်းမယူဘဲ ယင်းသုံးမျိုးလုံးကို ထည့်သွင်းရေတွက်လျှင်၊ ဈာနင် (၇) ပါးဟု ဆိုနိုင်သည်။ ယင်းဝေဒနာသုံးမျိုးသည် စိတ်ကို အာရုံ၌ ကောင်းသောအရသာ၊ မကောင်းသောအရသာ၊ အလယ် အလတ်အရသာကို ခံစားခြင်းကိစ္စဖြင့် မြဲစွာ ဖွဲ့နှောင်တတ်သည်။

ဒေါမနဿဈာနင်သည် အကုသိုလ်သက်သက်ဖြစ်၍ ကြွင်းသော (၆) ပါးမှာ ကုသိုလ် အကုသိုလ်ရောသည်။ ဒေါသတရားဖြင့် ဖြစ်ပွားရာ၌ ဒေါမနဿဝေဒနာသည် အာရုံ၌ မကောင်းစွာခံစားမှုနှင့် စိတ်ကို အာရုံ၌ ထိန်းချုပ်သည်သာ ဖြစ်၏။

ဈာန်အင်္ဂါတို့သည် ကုသိုလ်စိတ်မှာယှဉ်လျှင် ကုသိုလ်ဈာန်ဟု ခေါ်သည်။ အကုသိုလ်စိတ်မှာ ယှဉ်လျှင် အကုသိုလ်ဈာန်၊ အဗျာကတ စိတ်မှာယှဉ်လျှင် အဗျာကတဈာန်ဟု ခေါ်သည်။

## နီဝရဏနှင့်ဈာန်

နီဝရဏတရားဟူသည်မှာ ကာမကိုသိုလ် ဈာန်, မဂ်, ဖိုလ် စသည်တို့ကို ဖြစ်ပေါ်ခွင့်မပေးဘဲ တားမြစ်ပိတ်ပင်တတ်သော တရား

ဖြစ်သည်။ ဈာနင်တို့က ပယ်နိုင်သော နီဝရဏတရားတို့ကို အောက်တွင် တင်ပြထားသည်။

၁။ ထိန (မိဒ္ဓ (ထိုင်းမှိုင်းခြင်း) ကို ဝိတက်က ပယ်သည်။
၂။ ဝိစိကိစ္ဆာ (ယုံမှားခြင်း) ကို ဝိစာရက ပယ်သည်။
၃။ ဗျာပါဒ (အာရုံကို မနှစ်သက်ခြင်း ဒေါသ) ကို ပီတိက ပယ်သည်။
၄။ ဥဒ္ဓစ္စကုက္ကုစ္စ (ပျံ့လွင့်ခြင်း၊ နောင်တ တစ်ဖန် ပူပန်ခြင်း) ကို ဝေဒနာက ပယ်သည်။
၅။ ကာမစ္ဆန္ဒ(ကာမဂုဏ်ကို လိုလားခြင်း လောဘ) ကို ဧကဂ္ဂတာက ပယ်သည်။

ဈာန်တရားအားထုတ်၍ သမာဓိရှိနေဆဲမှာ ကိလေသာ မရှိပါ။ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ထားသည်။ သမာဓိပျက်လျှင် ဈာန်လျှော၍ ကိလေသာ ပြန်ရောက်သည်။ ကိလေသာကို အကြွင်းမဲ့ မပယ်နိုင်သဖြင့် ဈာန်သည် အားကိုးထိုက်သော တရားမဟုတ်ဟု ဆိုကြသည်။

## ဈာန်စိတ်

ဈာနင်တရားတို့က ထောက်ပံ့ထားအပ်သောစိတ်သည် (ဝါ) ဈာန်စိတ်သည် တည်ကြည်ငြိမ်သက်သောစိတ်ဖြစ်၍ ယင်းစိတ်မှာ စွမ်းအားသတ္တိရှိသည်။ တည်ငြိမ်လေလေ တန်ခိုးထက်မြက်လေလေ ဖြစ်သည်။ ဤကဲ့သို့သောစိတ်မျိုးဖြင့် ကောင်းသောအမှုကို ဖြစ်စေ၊ မကောင်းသောအမှုကို ဖြစ်စေ၊ မည်သည့်ကိစ္စကိုမဆို ပြုလုပ်ပါလျှင် ထိုပြုအပ်သောအမှုသည် ကေန်မုချ ပြီးစီးထမြောက်သည်သာ ဖြစ်သဖြင့် ကောင်းကျိုး ဆိုးကျိုးကိုလည်း ထိုက်သင့်သလို မလွဲမသွေ ခံစားရပေသည်။

နှ်သဿယတွင် "ဈာနင်္ဂါနိ"ကို "ဈာန်အင်္ဂါတို့သည်" ဟု မြန်မာမပြန်ဘဲ လိုအပ်သောအဓိပ္ပာယ်ကိုဖွင့်ဆိုကာ "ဒွေးပဥ္စဝိညာဏ် ၁၀–ကြဉ်သော စိတ်တစ်ခုယုတ်ရှစ်ဆယ်၌ယှဉ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါငါးပါး တို့သည်ဟု မြန်မာပြန်ထားသည်။ ဤမြန်မာပြန်တွင် အဘယ်ကြောင့် ဒွေးပဥ္စဝိညာဏ် ၁၀–ကြဉ်ရသည်ကို ရှင်းပြရန် လိုအပ်ပါသည်။

ယင်းဈာန်နင်ငါးပါးတွင် ပါဝင်သော ဝေဒနာနှင့် ဧကဂ္ဂတာ စေတသိက်သည် စိတ်အားလုံးမှာ ယှဉ်သောကြောင့် ယင်းဈာန်အင်္ဂါ နှစ်ပါးသည် စိတ် ၈၉–ပါးလုံးကို ကျေးဇူးပြုရတော့မလို ဖြစ်နေသည်။ သို့သော် ဤသို့မဟုတ်ပါ။ ရူပါရုံ စသော ပဥ္စာရုံတို့က စက္ခုဝတ္ထု စသော ပဥ္စဝတ္ထုဟို့၌ ထိခိုက်မှုအစွမ်းကြောင့် ပဥ္စဝိညာဏ်ဖြစ်ပေါ် လာရသဖြင့် ပဥ္စဝိညာဏ်သည် ဝိတက်၏ အကူအညီမပါဘဲ ထင်ရှား ရှိသော အာရုံကို ယူနိုင်သည်။ ဝိတက်က အာရုံသို့တင်ပေးစရာ မလိုပါ။ ဝိတက်လုပ်ငန်းမရှိ။ ထို့ကြောင့် ပဥ္စဝိညာဏ် (ဒွေးပဥ္စဝိညာဏ် ၁၀) ၌ အာရုံကို စူးစိုက်စွာ ရှုမှုဈာနသတ္တိမရှိ။ သို့ဖြစ်၍ ဒွေပဥ္စဝိညာဏ် ၁၀–ကို ကြဉ်ရသည်။

## ဈာန်နှင့်ယှဉ်သောနာမ်တရား

စိတ်တစ်ခုဖြစ်တိုင်း သက်ဆိုင်ရာ စေတသိက်တို့သည်လည်း ယင်းစိတ်နှင့်အတူတကွ ဖြစ်ပေါ်လာကြသည်မှာ ဓမ္မတာပင် ဖြစ် သည်။ အကယ်၍ ဒွေးပဥ္စဝိညာဏ် ၁၀–ကြဉ်သော စိတ် ၇၉–ပါး ထဲက တစ်ပါးပါး ဖြစ်လာအံ့။ ထိုစိတ်နှင့်အတူ သက်ဆိုင်ရာ စေတသိက်တို့တွင် ဈာန်အင်္ဂါဖြစ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာစေတသိက်တို့ကိုလည်း ထိုက်သည့်အားလျော်စွာ ပါဝင်သည်။

ဤသို့ စိတ်စေတသိက်တို့ အတူတကွ ဖြစ်ပေါ်ကြရာတွင် ဈာန်အင်္ဂါတစ်ပါးပါးနှင့် ယှဉ်သောစိတ်မှာ အထက်တွင်ဆိုခဲ့သော စိတ် ဖြစ်သည်။ ယင်းဈာန်အင်္ဂါနှင့်ယှဉ်သော စိတ်မှာ အထက်တွင် ဆိုခဲ့သော စိတ်ဖြစ်သည်။ ယင်းဈာန်အင်္ဂါနှင့်ယှဉ်သော စေတသိက်မှာ ထိုဈာန်အင်္ဂါစေတသိက်မှ ကြွင်းသော (ထိုစိတ်၌ယှဉ်သည့်) အခြားသော စေတသိက်များ ဖြစ်သည်။ '

ယင်းဈာန်အင်္ဂါသည် မိမိနှင့်ယှဉ်သော ဆိုခဲ့သော စိတ် စေတသိက် နာမ်တရားကို ကပ်၍ရှုတတ်သော ဈာနသတ္တိဖြင့် ကျေးဇူးပြုသည်။ ကျေးဇူးပြုပုံကို တင်ပြပါမည်။

## ကျေးဇူးပြုပုံ

ဝိတက်ဈာန်အင်္ဂါသည် အာရုံသို့တင်ဆောင်ပေးသောအားဖြင့် မိမိနှင့်ယှဉ်ဖက် စိတ်စေတသိက် နာမ်တရားကို အာရုံ၌ ကပ်၍ရှုစေတတ်၏။ စူးစူးစိုက်စိုက် ရှုစေတတ်၏။ ဤသို့ ရှုစေတတ်သည်ကို ဝိတက်က ယှဉ်ဖက်နာမ်အား ဈာနသတ္တိဖြင့် ကျေးဇူးပြုသည်ကို ဆိုသည်။

ဤအတူ ဝိစာရဈာန်အင်္ဂါသည် အာရုံကို သုံးသပ်သောအားဖြင့် လည်းကောင်း၊ ပီတိဈာန်အင်္ဂါသည် အာရုံကို နှစ်သက်သောအားဖြင့် လည်းကောင်း၊ ဝေဒနာဈာန်အင်္ဂါသည် အာရုံကို ခံစားသောအားဖြင့် လည်းကောင်း၊ ဧကဂ္ဂတာဈာန်အင်္ဂါသည် အာရုံကို မပျံ့မလွင့် တည်ကြည်သောအားဖြင့်လည်းကောင်း မိမိနှင့်ယှဉ်ဖက်နာမ်ကို အာရုံ၌ ကပ်၍ ရှုစေတတ်၏။ စူးစူးစိုက်စိုက် ရှုစေတတ်၏။ ဤသို့ ရှုစေ တတ်သဖြင့် ယင်းဈာန်အင်္ဂါအသီးသီးက ယှဉ်ဖက်နာမ်ကို ဈာသတ္တိ ဖြင့် ကျေးဇူးပြုသည်ဟု ဆိုကြသည်။

စိတ်တဖန်ခုသည် သက်ဆိုင်ရာ စေတသိက်တို့နှင့်တကွ ဖြစ်ပေါ်လာတိုင်း ထိုစိတ်စေတသိက်တို့ကြောင့် ပဝတ္တိအခါတွင် စိတ္တဇရုပ်၊ ပဋိသန္ဓေအခါတွင် ပဋိသန္ဓေကမ္မဇရုပ် ဖြစ်ပေါ်လာသည်။ စိတ်နှင့်အတူ ဖြစ်ပေါ်လာသော စေတသိက်တို့တွင် ဈာန်အင်္ဂါတို့သည် ထိုက်သည့်အားလျော်စွာ ပါဝင်သည်။ ထို့ကြောင့် ယင်းဈာန်အင်္ဂါကြောင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်ပေါ်လာသည်ဟုဆိုရသည်။

ဤသို့ ဈာန်အင်္ဂါနှင့် ရုပ်တရားတို့ ဖြစ်ပေါ်နေကြရာတွင် ဈာန်အင်္ဂါသည် မိမိကြောင့်ဖြစ်သော ရုပ်တရားကို ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ကျေးဇူးပြုပုံမှာ ယှဉ်ဖက်နာမ်တရားကို ကျေးဇူးပြုသည့်နည်းအတူပင် ဖြစ်သည်။

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း ကျေးဇူးပြုသဖြင့် ဒွေပဉ္စဝိညာဏ် ၁၀–ကြဉ်သော စိတ် ၇၉–၌ ရှိသော ဈာန်အင်္ဂါတို့သည် ဈာန်နှင့်ယှဉ်သော စိတ်စေတသိက် နာမ်တရားတို့အားလည်းကောင်း၊ ထိုဈာန်ကြောင့်ဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း ကပ်၍ ရှုတတ်သော ဈာနသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဟောတော်မူခြင်း ဖြစ်သည်။

## ဈာနပစ္စည်း ပစ္စယုပ္ပန်

၁။ ဒွေပဉ္စဝိညာဏ် ၁၀–ကြဉ်သော စိတ် ၇၉–၌ရှိသော ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာတည်းဟူသော ဈာနင်တရား ကိုယ်ငါးပါးသည် ဈာနပစ္စည်းဖြစ်သည်။

၂။ ဒွေပဉ္စဝိညာဏ် ၁၀–ကြဉ်သော စိတ် ၇၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်သည် ဈာနပစ္စယုပ္ပန်တရား ဖြစ်သည်။

စိတ် ၈၉–ပါးတွင် စေတသိက် ၅၂–ပါး ယှဉ်သည်။ ဒွေးပဉ္စဝိညာဏ် ၁၀–တွင် သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါးယှဉ်သည်။ သို့ဖြစ်၍ စိတ် ၈၉–ပါးထဲက ဒွေးပဉ္စ ဝိညာဏ် ၁၀–ကို နုတ်၍ ရသော စိတ် ၇၉–ပါးတွင် ယှဉ်သော စေတသိက်တို့ကို ရှာလိုသော် စေတသိက် ၅၂–ပါးထဲက ဆိုခဲ့သော စေတသက် (၇) ပါးကို နုတ်ယူရတော့မလို ဖြစ်နေသည်။ ဤသို့မဟုတ်ပါ၊ ဆိုခဲ့သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇) ပါးသည် ဒွေးပဉ္စဝိညာဏ် ၁၀–နှင့်သာ ယှဉ်သည် မဟုတ်။ စိတ်အားလုံး၌ ယှဉ်သည်။ ထို့ကြောင့် စိတ် ၇၉–ပါးမှာ ယှဉ်သော စေတသိက်သည် ၅၂–ပါးပင် ဖြစ်သည်။

# ၁၉

# အခန်း (၁)

## မဂ္ဂပစ္စည်း

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် ကုသိုလ်ကောင်းမှု တစ်ခုခုကို ပြုပြီးသောအခါ "မဂ်ဖိုလ်နိဗ္ဗာန်ကို ရပါလို၏" ဟူ၍ဖြစ်စေ၊ "မဂ်တရား၊ ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏"ဟူ၍ဖြစ်စေ ဆုတောင်းလေ့ရှိ၏။ ဤဆုတောင်းတွင်ပါသော "မဂ်" ဟူသော စကားသည် ပါဠိစကား "မဂ္ဂ"ကို ပြုပြင်ကာ မြန်မာစကားအဖြစ်ဖြင့် သုံးစွဲထားခြင်းဖြစ်သည်။ သို့ဖြစ်ရာ မဂ်(မဂ်တရား)၏ အဓိပ္ပာယ် အကျဉ်းချုပ်ကို "မဂ္ဂ"ဟူသော စကား၏အဓိပ္ပာယ် ရှင်းလင်းချက်တွင် တွေ့ရပါလိမ့်မည်။

### မဂ္ဂ

"မဂ္ဂ"ဟူသော ပါဠိစကားသည် "လမ်း၊ ခရီး၊ လမ်းခရီး" ဟူသော အနက်ကိုဟောသည်။ သို့သော် "မဂ္ဂပစ္စည်း"ဟု ဆိုရာ၌ "မဂ္ဂ"သည် ထိုဟောရင်းအဓိပ္ပာယ် (လူအများတို့ သွားလာ နေကြသော ပကတိလမ်းခရီး)ကို တိုက်ရိုက် ဆိုလိုသည် မဟုတ်ပါ။ "လမ်းခရီး"နှင့်တူသော တရားကိုသာ ဆိုလိုသည်။

ဤသို့ လမ်းခရီးနှင့်တူသော တရားကို မဂ္ဂဟု ခေါ်ဆိုခြင်းသည် သဒိသူပစာအားဖြင့် တင်စား၍ ဆိုထားခြင်း ဖြစ်သည်။ သဒိသူပစာ

ဆိုသည်မှာ တူသည်ကို အစွဲပြု၍ အကြောင်းပြု၍ တင်စားကာခေါ်ခြင်း ဖြစ်သည်။ ဥပမာပြရသော် အလွန်တရာ ဆော့သော ကလေး တစ်ယောက် ရှိသည်ဆိုပါစို့။ မျောက်တိရစ္ဆာန်သည် အလွန်ဆော့တတ်သည်။ သို့ဖြစ်ရာ ဆော့သည့်အမှုကိုစွဲ၍ ကလေးသည် မျောက်နှင့် တူသည်ဖြစ်၍ ကလေးကို သူ၏နာမည်မခေါ်ဘဲ ကလေးကို "မျောက်" ဟု ခေါ်တတ်ကြသည်။ ဤသို့ခေါ်ဆိုခြင်းမှာ သဒိသူပစာအား.ဖြင့် တင်စားခေါ်ခြင်း ဖြစ်သည်။

"မဂ္ဂ" ဟူသော "လမ်းခရီးနှင့်တူသောတရား" ဖြစ်သည်ဟု အထက်က ဆိုထားချက်ကို ရှင်းပါမည်။

လမ်းခရီးဟူသည်မှာ ခရီးသည်တို့ကို ကောင်းသောအရပ်သို့ ဖြစ်စေ၊ မကောင်းသော အရပ်သို့ဖြစ်စေ ရောက်စေတတ်၊ရောက်အောင် ပို့ဆောင်တတ်၏။ ဤကဲ့သို့ပင် သတ္တဝါတို့အား သုဂတိ ဟူသော ကောင်းသောဘုံဝသို့ ဖြစ်စေ၊ ဒုဂ္ဂတိ ဟူသော မကောင်းသော ဘုံဘဝသို့ဖြစ်စေ၊ ထိုထိုဘုံဘဝ ဝဋ်ဒုက္ခမှ လွတ်မြောက်ရာဖြစ်သော နိဗ္ဗာန်သို့ဖြစ်စေ၊ ရောက်စေတတ်သော၊ ရောက်အောင် ပို့ဆောင်တတ်သော တရားတို့သည် ရှိကုန်၏။ ဤတရားတို့သည် ရောက်စေတတ်ခြင်း၊ ပို့ဆောင်တတ်ခြင်း ကိစ္စတို့၌ လမ်းခရီးနှင့်တူသည် ဖြစ်သောကြောင့် မဂ္ဂမည်၏။ မဂ္ဂဟူသည် ရောက်ကြောင်းတရား၊ ပို့ဆောင်ကြောင်း တရားဖြစ်သည်ဟု ဆိုလိုသည်။

## မဂ်(မဂ်တရား)

အထက်ပါမဂ္ဂ၏ အဓိပ္ပာယ်ဖော်ပြချက်တို့တွင် "ထိုထိုဘုံဘဝ ဝဋ်ဒုက္ခမှ လွတ်မြောက်ရာ ဖြစ်သော နိဗ္ဗာန်သို့ ရောက်စေတတ်၊ ရောက်အောင် ပို့ဆောင်တတ်သော တရားသည် မဂ္ဂမည်၏" ဟူသော

ဆိုထားချက်တစ်ခု ပါဝင်သည်။ မဂ်သည် "မဂ္ဂ" ပါဠိစကားကို ပြုပြင်သုံးစွဲခြင်းဖြစ်၍ ကျွန်ုပ်တို့ လိုလားတောင့်တအပ်သော မဂ် (မဂ်တရား) ဟူသည် နိဗ္ဗာန်ရောက်ကြောင်းတရား ဖြစ်သည်။

## မဂ္ဂပစ္စည်း၏ အဓိပ္ပာယ်

မဂ္ဂဟူသည် ရောက်ကြောင်းတရား၊ ပို့ဆောင်ကြောင်း တရား ဖြစ်သည် ဟူသော သဘောအဓိပ္ပာယ်အရ မဂ္ဂပစ္စည်း ဆိုသည်မှာ ရောက်ကြောင်းဖြစ်၍ (ရောက်ကြောင်းအဖြစ်ဖြင့်) ကျေးဇူးပြုသော တရားဖြစ်သည်။ ပို့ဆောင်ကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုသောတရား ဖြစ်သည်။

ဤပစ္စည်းကို လှေသင်္ဘောနှင့်တူသည်ဟု ဥပမာပြုကြသည်။ လှေသင်္ဘောတို့သည် ခရီးသည်တို့ကို ဤဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ လည်းကောင်း၊ ဟိုဘက်ကမ်းမှ ဤဘက်ကမ်းသို့ လည်းကောင်း ရောက်အောင် ပို့ဆောင်သကဲ့သို့ မဂ္ဂပစ္စည်း တရားတို့သည်းလည်း ဖြစ်ဖက်တရားတို့ကို လိုရာအာရုံ လိုရာကိစ္စသို့ ပို့ဆောင်တတ်၏။ ထို့ကြောင့် လှေသင်္ဘောနှင့်တူသည်ဟု ရှင်းပြကြသည်။

## မဂ္ဂပစ္စယသတ္တိ

လှေသင်္ဘောသည် ခရီးသွားသူတို့အား လိုရာဌာနသို့ ရောက်အောင် ပို့ဆောင်တတ် သကဲ့သို့ မိမိနှင့်တကွ ဖြစ်ဖက်တရားတို့ကို ဆိုင်ရာအာရုံ ဆိုင်ရာကိစ္စများသို့ ပို့ဆောင်နိုင်သော သတ္တိထူးသည် မဂ္ဂပစ္စယသတ္တိ မည်၏။

အထက်ပါ စကားရပ်တို့တွင် "လမ်းခရီး"ကို တစ်စုံတစ်ခု သော နေရာဌာနသို့ ပို့ဆောင်တတ်သည့် သဘောတရား အနေဖြင့်

ဆိုထားခြင်းဖြစ်သည်။ စကားပရိယာယ်အားဖြင့် အောက်ပါအတိုင်းလည်း ဆိုနိုင်သည်။

လမ်းခရီးဟူသည် မကောင်းသော နေရာဌာနမှ ဖြစ်စေ၊ကောင်းသော နေရာဌာနမှ ဖြစ်စေ ထွက်မြောက် စေနိုင်သော လမ်းလည်းရှိသည်။ ဤအတူ ဒုဂ္ဂတိဘုံဘဝမှ ဖြစ်စေ၊ သုဂတိ ဘုံဘဝမှဖြစ်စေ၊ သံသရာဝဋ်ဆင်းရဲမှ ဖြစ်စေ ထွက်မြောက်စေနိုင်သော တရားတို့လည်းရှိကုန်၏။ ဤတရားတို့သည် ထွက်မြောက်ကြောင်းကိစ္စ၌ လမ်းခရီးနှင့်တူသည် ဖြစ်သောကြောင့် မဂ္ဂမည်ကုန်၏။ မဂ္ဂ ဟူသည် ထွက်မြောက်ကြောင်းတရား၊ ထွက်မြောက်ကြောင်း လမ်းမည်၏ဟု ဆိုလိုသည်။

ဤသဘောတရားအရ မဂ္ဂပစ္စည်း ဆိုသည်မှာ ထွက်မြောက်ကြောင်းဖြစ်၍ (ထွက်မြောက်ကြောင်း လမ်းအဖြစ်ဖြင့်) ကျေးဇူးပြုသောတရားဖြစ်သည်။

ဆိုခဲ့ပြီးသော စကားရပ်တို့၏ လိုရင်းအကျဉ်းချုပ်မှာ မဂ္ဂဟူသည် ဘဝတစ်ခုမှ တစ်ခုသို့ ပို့ဆောင် ထွက်မြောက်ကြောင်းတရား(နည်းလမ်း)ဖြစ်သဖြင့် မဂ္ဂပစ္စည်း ဟူသည်မှာ ဘဝတစ်ခုမှတစ်ခုသို့ ပို့ဆောင် ထွက်မြောက်ကြောင်း တရားအဖြစ်ဖြင့် ကျေးဇူးပြုသည်ဟူ၍ဆိုနိုင်သည်။

မဂ္ဂင်/မဂ္ဂင်ဟုဆိုလိုက်လျှင် လူအများက မဂ္ဂင်ရှစ်ပါးဟု သိလိုက်ကြသည်။ နားလည် လိုက်ကြသည်။ "မဂ္ဂင်"သည် ကောင်းသောတရားသာ ဖြစ်သည်ဟု ထင်မှတ် ယုံကြည်ကြသည်။ အဘယ်ကြောင့်ဆိုသော် သစ္စာလေးပါး တရားနှင့် မဂ္ဂင်ရှစ်ပါး တရား တို့ကိုသာ တရားဟော ဓမ္မကထိကတို့၏ အဟောများကြ၊ စာအုပ်စာတမ်းတို့တွင်လည်း အရေးများကြသောကြောင့် ဖြစ်သည်။

ယင်း မဂ္ဂင်ဟူသောစကားသည် ပါဠိစကား"မဂ္ဂင်"ကို "မဂ္ဂင်"ဟုပြုပြင်ကာ မြန်မာစကားအဖြစ်ဖြင့် သုံးစွဲနေကြသောစကား ဖြစ်

သည်။ ဈာနင်္ဂကို ဈာနင်ဟုခေါ်ဆိုခြင်းနှင့် အလားတူသည်။ ပို့ဆောင် ထွက်မြောက်ကြောင်း တရားသည် မဂ္ဂမည်ကြောင်းကို ပြဆိုခဲ့ပြီ။ ဤတရားတွင် အစိတ်အပိုင်း (အင်္ဂ)များ ပါရှိသည်။ ယင်းတို့ကို (မဂ္ဂ+အင်္ဂ)၊ မဂ္ဂင်္ဂ (ဝါ) မဂ္ဂင်ဟု ခေါ်ဆိုကြသည်။ ထို့ကြောင့် မဂ္ဂင် ဆိုသည်မှာ မဂ်(မဂ်တရား)တွင် ပါဝင်သော အစိတ်အပိုင်းများ ဖြစ်သည်။

ကျွန်ုပ်တို့ အသိများသော မဂ္ဂင်ကား မဂ္ဂင်ရှစ်ပါး တရား ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးသည်ကား ကောင်းသောတရား (ကုသိုလ်မဂ္ဂင်) ဖြစ်သည်။ ပဋ္ဌာန်းမှာမူကား မှန်သောလမ်းစဉ်တရား (သမ္မာမဂ္ဂင်) ၈-ပါးနှင့်မှားသော လမ်းစဉ်တရား (မိစ္ဆာမဂ္ဂင်)၄-ပါးဟူ၍ ပေါင်း ၁၂-ပါး ပြထားသည်။

သမ္မာမဂ္ဂင် ၈-ပါးသည် ကောင်းသောမဂ္ဂင်၊ ကုသိုလ်မဂ္ဂင်ဖြစ်၍ မှန်သောလမ်းစဉ်တရားများ ဖြစ်သည်။ ဤမှန်သော လမ်းစဉ်တရား တို့ဖြင့် ဒါန၊ သီလ၊ ဘာဝနာတရား တို့ကို ကြိုးစားအားထုတ်၍ သုဂတိဘုံဘဝသို့ ရောက်စေနိုင်ရုံသာမက နိဗ္ဗာန်တိုင်အောင် ပေါက် ရောက်နိုင်သည်။

မိစ္ဆာမဂ္ဂင် ၄-ပါးသည်ကား မကောင်းသောမဂ္ဂင်၊ အကုသိုလ်မဂ္ဂင် ဖြစ်၍ မှားသောလမ်းစဉ် တရားများ ဖြစ်သည်။ ဤမှားသော လမ်းစဉ် တရားတို့ဖြင့် ပါဏာတိပါတ စသော အကုသိုလ် ဒုစရိုက်တို့ကို ပြုကျင့်၍ အပါယ်ဒုဂ္ဂတိသို့ ကျရောက်စေနိုင်သည်။

မဂ္ဂင်နှစ်မျိုးကို အောက်တွင်ဖော်ပြထားသည်။

**သမ္မာမဂ္ဂင် ၈-ပါး**

| | | |
|---|---|---|
| သမ္မာဒိဋ္ဌိ | = | မှန်ကန်စွာသိမှု |
| သမ္မာသင်္ကပ္ပ | = | ကြံစည်မှု |

| | | |
|---|---|---|
| သမ္မာဝါစာ | = | ပြောဆိုမှု |
| သမ္မာကမ္မန္တ | = | ပြုလုပ်မှု |
| သမ္မာအာဇီဝ | = | အသက်မွေးမှု |
| သမ္မာဝါယာမ | = | အားထုတ်မှု |
| သမ္မာသတိ | = | အမှတ်ရမှု |
| သမ္မာသမာဓိ | = | တည်ကြည်မှု |

**မိစ္ဆာမဂ္ဂင် ၄-ပါး**

| | | |
|---|---|---|
| မိစ္ဆာဒိဋ္ဌိ | = | မှားယွင်းစွာသိမှု |
| မိစ္ဆာသင်္ကပ္ပ | = | ကြံစည်မှု |
| မိစ္ဆာဝါယာမ | = | အားထုတ်မှု |
| မိစ္ဆာသမာဓိ | = | တည်ကြည်မှု |

## မဂ္ဂင်၁၂-ပါး မှတ်ဖွယ်အကျဉ်း

သမ္မာမဂ္ဂင်တွင် ပါသော သမ္မာဒိဋ္ဌိသည် ပညာစေတသိက် ဖြစ်သည်။ မိစ္ဆာမဂ္ဂင်တွင်ပါသော မိစ္ဆာဒိဋ္ဌိသည် အကုသိုလ် စေတသိက်ထဲက ဒိဋ္ဌိစေတသိက် ဖြစ်သည်။

သင်္ကပ္ပသည် ဝိတက်စေတသိက် ဖြစ်သည်။ ကုသိုလ်စိတ်မှာ ယှဉ်လျှင် သမ္မာသင်္ကပ္ပ၊ အကုသိုလ်စိတ်မှာယှဉ်လျှင် မိစ္ဆာသင်္ကပ္ပဟု ဝိတက်နှစ်မျိုး ကွဲသည်။

ဝါယာမသည် ဝီရိယစေတသိက် ဖြစ်သည်။ ကုသိုလ်စိတ်မှာ ယှဉ်လျှင် သမ္မာဝါယာမ၊ အကုသိုလ်စိတ်မှာ ယှဉ်လျှင် မိစ္ဆာဝါယာမ ဖြစ်သည်။

သတိစေတသိက်သည် ကုသိုလ်စိတ်မှာသာယှဉ်သည်။အကုသိုလ် စိတ်မှာယှဉ်သော အတိုဟူ၍မရှိ။ သို့ဖြစ်၍ သမ္မာမဂ္ဂင်တွင် သမ္မာသတိသည် သတိစေတသိက် ဖြစ်သည်။ အဘိဓမ္မာလို မိစ္ဆာသတိ မရှိ။

သမာဓိသည် ဧကဂ္ဂတာစေတသိက်ဖြစ်သည်။ ဧကဂ္ဂတာခေါ် သမာဓိသည် ကုသိုလ် အကုသိုလ် နှစ်မျိုးစလုံးမှာ ရနိုင်သည်။

သမ္မာဝါစာဟူသည်မှာ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ခြင်း ဖြစ်သည်။ သမ္မာကောင်းသော၊ ဝါစာ=စကား"ဟု ပါဠိကို မြန်မာပြန် ကာ မှန်ကန်သော (ဝါ) ကောင်းသောစကားကို ပြောဆိုခြင်းသည် သမ္မာဝါစာ ဖြစ်သည်ဟု အချို့က ယူဆကြသည်။ မှန်ကန်သောစကား ကို ပြောဆိုမှသာ သမ္မာဝါစာဖြစ်သည် မဟုတ်ပါ။ ဘာမှမပြောဘဲ ဆိတ်ဆိတ်နေလျှင်လည်း ဝစီဒုစရိုက် မဖြစ်သောကြောင့် သမ္မာဝါစာ ဖြစ်သည်။ အဘိဓမ္မာတွင် ဝစီဒုစရိုက်မှ ရှောင်နေလျှင် သမ္မာဝါစာ ဖြစ်နေသည်။

သမ္မာကမ္မန္တ ကိုလည်း မှန်သောအလုပ်၊ ကောင်းသောအလုပ်ဟု မြန်မာပြန်ကြသည်။ မှန်သောအလုပ်ကို လုပ်နေရာမှ ကုသိုလ်အလုပ်ကို လုပ်နေမှ သမ္မာကမ္မန္တဖြစ်သည် မဟုတ်ပါ။ ကာယဒုစရိုက် ၃-ပါး ကို မလုပ်ဘဲနေလျှင် အဘိဓမ္မာအလို သမ္မာကမ္မန္တ ဖြစ်သည်။

သမ္မာအာဇီဝကို မှန်ကန်သော အသက်မွေးမှု၊ ကောင်းသော အသက်မွေးမှုဟု ဆိုလေ့ရှိသည်။ သို့ရာတွင် အဘိဓမ္မာတွင်မူကား အသက်မွေးမှုကိုငဲ့ပြီး ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်မှုကို ဆိုလိုသည်။ ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးထဲမှ တစ်ပါးပါးဖြင့် အသက်မွေးဝမ်းကြောင်းနေသူတစ်ယောက် ယောက်သည် ဒီကနေ့တော့ ဒီအလုပ်ကို မလုပ်တော့ဘူးဟု စိတ်က ပိုင်းဖြတ်ပြီး မလုပ်ဘဲ ရှောင်ကြဉ်၍ နေခြင်းသည် သမ္မာအာဇီဝ ဖြစ်သည်။ အသက်မွေးမှုအတွက် လုပ်ရိုးလုပ်စဉ် မကောင်းသော အကုသိုလ်လုပ်ငန်းကို မလုပ်ဘဲ ရှောင်ကြဉ်နေခြင်းသည် သမ္မာအာဇီဝ ဖြစ်သည်။

## ကြောင်းကျိုးဆက်စပ်ပုံ

နိဿယတွင် "မဂ္ဂင်္ဂနီ"ကို "သဟိတ်စိတ်မှာရှိသော ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ မိစ္ဆာဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရား ကိုးပါးတို့သည်"ဟု မြန်မာပြန်ထားသည်။ ဤမြန်မာပြန်တွင် ပါသော မဂ္ဂတရားကိုးပါး ဟူသော စကားကို ရှင်းလင်းပြပါမည်။

သမ္မာမဂ္ဂင်ရှစ်ပါးနှင့် မိစ္ဆာမဂ္ဂင် လေးပါးဟု နှစ်မျိုး၊ ပေါင်း ၁၂–ပါးရှိရာ ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာတို့သည် နှစ်မျိုးလုံးတွင် ပါဝင်နေသောကြောင့် တရားကိုယ်အားဖြင့် ပညာ၊ ဝိတက်၊သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ မိစ္ဆာဒိဋ္ဌိဟု ဆိုအပ်သောတရား ကိုးပါးကို မဂ္ဂင်တရားကိုးပါးဟု ခေါ်သည်။

## သဟိတ်စိတ်၌ရှိသော မဂ္ဂင်တရားကိုးပါး

နိဿယမြန်မာပြန်တွင် ပြဆိုခဲ့သော မဂ္ဂင်တရား ကိုးပါးဟူသော စကား၏ရှေ့က "သဟိတ်စိတ်၌ ရှိသော"ဟူသော ဝိသေသနများကို ဖြည့်စွက်ကာ မြန်မာပြန်ထားသည်မှာ အဘယ်ကြောင့်နည်း။ ဤ မေးခွန်းကို အောက်ပါအတိုင်း ဖြေဆိုနိုင်သည်။

မဂ္ဂင်တရား ကိုးပါးအနက် အချို့သောမဂ္ဂင် (ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာ)တို့သည် အဟိတ်စိတ် ၁၈–ပါးနှင့်ယှဉ်၍ ဖြစ်နိုင်သည်။ ဤသို့ အဟိတ်စိတ်နှင့်ယှဉ်၍ ဖြစ်ရာတွင် အဟိတ်စိတ်တို့၌ ရေ သောက်မြစ်နှင့်တူသော စိတ်တရား မရှိသောကြောင့် ဆိုင်ရာအာရုံကို ယူရာ၌ အမြဲစွဲနေသလို ခိုင်မြဲသည် မဟုတ်ပါ။ ဤသို့မခိုင်မြဲ၍ အပေါ်ယံမျှသာ ဖြစ်သော တရား တို့သည် သုဂတိ ဒုဂ္ဂတိတို့သို့

ဤခွဲမရအောင် ယှဉ်တွဲရောစပ်နေသော သဘောတရားကို ထင်ရှားအောင် ရှေးဆရာတို့က စတုမဓုနှင့် ဥပမာပြကြသည်။

"ထောပတ်၊ ပျားရည်၊ သကာ (တင်လဲ)၊ ဆီဟူသော အချို အဆိမ့်လေးမျိုးကို အညီအမျှထည့်ပြီး ရောနှောလျက် သမနေအောင် ကျိုချက်၍ ရအပ်သော "စတုမဓု"တွင် ဤအရသာကား ထောပတ်အရသာ၊ ဤအရသာကား ပျားရည်အရသာဟူ၍ ခွဲခြား၍မသိအောင် သမနေသည်ကို (ဝါ) တစ်သားတည်းဖြစ်နေသကဲ့သို့ တစ်ခုနှင့်တစ်ခု ခွဲမရအောင် ရောစပ် ယှဉ်တွဲနေခြင်းမျိုးသည် သမ္ပယုတ္တသဘောတရားဖြစ်သည်ဟု ဆိုမိန့်ကြသည်။

ဤသို့ခွဲမရအောင် ရောစပ်နိုင်သော တရားတို့မှာ စိတ်စေတသိက်ဟူသော နာမ်တရားများသာ ဖြစ်သည်။ ယင်းနာမ်တရားတို့သည် ခွဲခြား၍ မရ။ တစ်သားတည်းဖြစ်အောင် ယှဉ်တွဲရောစပ်ပုံ (သမ္ပယုတ်ဖြစ်ပုံ)ကို နမူနာတစ်ခုနှင့် ပြပါမည်။

## နာမ်တရားတို့ သမ္ပယုတ်ဖြစ်ပုံ

ရူပါရုံနှင့် စက္ခုဝိညာဏ်တို့ တိုက်ဆိုင်မိသောအခါ စက္ခုဝိညာဏ်ဖြစ်လာသည်ကို တင်ပြခဲ့ပြီးပြီ။ ထိုစက္ခုညာဏ်နှင့် အတူတကွ တစ်ပြိုင်နက်ပင် "ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ"ဟူသော စေတသိက်(၇)ပါးတို့သည် တစ်ပါးတည်း ယှဉ်တွဲဖြစ်လာ၏။ စက္ခုညာဏ်ချုပ်သွားသော အခါ၌လည်း ထိုစေတသိက်တို့သည် အတူတကွ တစ်ပြိုင်နက်ပင် ချုပ်သွားကြ၏။ စက္ခုဝိညာဏ်သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုသည်။ထိုစေတသိက်(၇)ပါးလည်း ထိုပစ္စုပ္ပန် ရူပါရုံကိုပင် အာရုံပြု၍ ဖြစ်သည်။ စက္ခုဝိညာဏ်သည် စက္ခုပသာဒရုပ်ကို အမှီပြု၍ဖြစ်ရာ ထိုစေတသိက် (၇)ပါးတို့လည်း စက္ခုပသာဒရုပ်ကို အမှီပြု၍ ဖြစ်ကြရ၏။

ဤသို့သော အခြင်းအရာအားဖြင့် စက္ခုဝိညာဏ်စိတ်နှင့် စေတသိက် (၇)ပါးသည် (က) အတူဖြစ်ခြင်း၊ (ခ) အတူချုပ်ခြင်း၊ (ဂ) အာရုံတူခြင်း၊ (ဃ) မှီရာဝတ္ထုတူခြင်း"ဟူသော အင်္ဂါလက္ခဏာလေးပါးတို့ဖြင့် အချင်းချင်း မဆန့်ကျင်ဘဲ တစ်ပါး၏သဘောကို တစ်ပါးက လိုက်လျောလျက် အညီအညွတ် ဖြစ်နေရကား အသီးသီး ခွဲခြားမရနိုင်ဘဲ တစ်ခုတည်း တစ်သားတည်းအနေဖြင့် ရောနှောယှဉ်တွဲလျက် ရှိကြသည်။ ဤသို့ရောနှောနေခြင်းကို သမ္ပယုတ်ဖြစ်သည်ဟု ဆိုကြသည်။ ဤသို့ သမ္ပယုတ်ဖြစ်နေရာ၌ ဆိုခဲ့ပြီးသော အင်္ဂါလက္ခဏာလေးပါးတို့ကို သမ္ပယုတ္တအင်္ဂါ လက္ခဏာဟု ခေါ်သည်။

# သမ္ပယုတ္တပစ္စည်း အဓိပ္ပာယ်

သမ္ပယုတ္တပစ္စည်း အဓိပ္ပာယ်ကို အထက်တစ်နေရာတွင် တင်ပြခဲ့သည်။ ယခုတစ်ဖန် လယ်တီဆရာတော်ဘုရားက ဥပမာတစ်မျိုးဖြင့် တန်ဆာဆင်ကာ သရုပ်ဖော်ထားသည်ကို တင်ပြပါမည်။

သမ္ပယုတ်ပစ္စည်း ဆိုသည်ကား အထက်မြစ်ညာ၌ ချောင်းအမျိုးမျိုး၊ စမ်းအမျိုးမျိုးတို့မှ အသီးသီး စီးဝင်လာကြသော ရေအမျိုးမျိုးတို့သည် မြစ်မကြီးသို့ ရောက်၍ ပေါင်းဆုံရောနှောကြသောအခါ ဓာတ်ခွဲပညာဖြင့် ခွဲသော်လည်း ခွဲခြားခြင်းငှာ မတတ်ကောင်းအောင်၊ ရေအချင်းချင်း ရောနှောချက်ကောင်းကြသကဲ့သို့ အတူတကွ ဖြစ်ကြသောစိတ်၊ စေတသိက်၊ နာမ်တရားတို့၏ အချင်းချင်း အလွန်ရောနှောချက်ကောင်းသောအားဖြင့်ကျေးဇူးပြုမှုကို သမ္ပယုတ္တပစ္စည်းဟုခေါ်သည်။

# သမ္ပယုတ္တ သတ္တိ

ထောပတ်၊ ပျားရည်၊ သကာ၊ ဆီဟူသော အချိုအဆိမ့်လေးမျိုးကို အညီအမျှရောလျက် သမအောင် ကျိုချက်ပြီးသောအခါ အရသာ

# အခန်း (၁၉)

# သမ္ပယုတ္တပစ္စည်း

## ပစ္စည်းသုံးစုံ

ဟေတုပစ္စည်းမှ မဂ္ဂပစ္စည်းအထိ ပစ္စည်း(၁၈)ခုကို ဟောတော်မူပြီးနောက် ယင်းပစ္စည်း(၁၈)ခုတွင် ပါဝင်နေသော ပစ္စည်းတရားအသီးသီးသည် သင့်ဆိုင်ရာ ပစ္စယုပ္ပန်တရားနှင့် အချင်းချင်းဆက်ဆံနေကြပုံတို့နှင့် ပတ်သက်၍ တရားနာပရိသတ်တို့မှာ တွေးတောစရာ စဉ်းစားစရာ၊ ယုံမှားသံသယဖြစ်စရာတို့ ပေါ်ပေါက်ကောင်း ပေါ်ပေါက်လာခဲ့သော် ယင်းပြဿနာကို တရားနာ ပရိသတ်တို့ ကိုယ်တိုင်ပင်ဖြေရှင်းဆုံးဖြတ်နိုင်အောင် (၁) သမ္ပယုတ္တနှင့် ဝိပ္ပယုတ္တ၊ (၂)အတ္ထိနှင့် နတ္ထိ၊ (၃) ဝိဂတနှင့် အဝိဂတ ဤပစ္စည်းသုံးစုံကို ဆက်လက်ဟောတော်မူခဲ့သည်။

ဤပစ္စည်းသုံးစုံမှာ ပစ္စည်းအသီးအခြား မဟုတ်ပါ။ ပြဆိုခဲ့ပြီးသော ပစ္စည်း(၁၈)ခုတွင် ပါဝင်သော ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့ ဆက်ဆံနေပုံတို့မှ ထုတ်နှုတ်၍ တစ်နည်းတစ်ဖုံ ဖြည့်စွက်ရှင်းလင်း ပြတော်မူခြင်း ဖြစ်သည်။

# သမ္ပယုတ္တပစ္စည်း အဓိပ္ပာယ်

"သမ္ပယုတ္တ"ဟူသော ဝေါဟာရစကားလုံးကို ဆိုခဲ့ပြီးသော ပစ္စည်းတို့တွင် အကြိမ်များစွာ ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီ။ ဥပမာ ဟေတုပစ္စည်း၏ အဓိပ္ပာယ်ကို ဟောထားသော "ဟေတု ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ"စသော စာပိုဒ်၌ "သမ္ပယုတ္တ"ဟူသော စကားလုံးကို တွေ့ရခဲ့ပြီ။ နိဿယတွင် "ဟေတုသမ္ပယုတ္တကာနံ"ကို "ဟိတ်(၆)ပါးတို့နှင့် ယှဉ်ကုန်သော"ဟု မြန်မာပြန်ထားသဖြင့် "သမ္ပယုတ္တ"သည် "ယှဉ်သည့်"အဓိပ္ပာယ်ရကြောင်း သိရှိနားလည်ပြီး ဖြစ်သည်၊

ဤသမ္ပယုတ္တဟူသော ပါဠိစကားကို "ယှဉ်ခြင်း၊ ယှဉ်၍ဖြစ်ခြင်း၊ ယှဉ်ဖော်ယှဉ်ဖက်"ဟူ၍ မြန်မာပြန်ကြသည်။ ဤမြန်မာပြန်အရ ဆိုသော် သမ္ပယုတ္တပစ္စည်း ဆိုသည်မှာ ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုသော တရား၊ ယှဉ်ဖော်ယှဉ်ဖက်အဖြစ်ဖြင့် ကျေးဇူးပြုသော တရားဖြစ်သည်။

ထို့ပြင် သမ္ပယုတ္တဟူသော စကားတွင်ပါသော စကားတို့ကို "သမ်"က အညီအညွတ်၊ "ပ"က၊ "အပြားအားဖြင့်"-"ယုတ္တ"က- "ယှဉ်သည်"ဟူ၍ စကားတစ်လုံးစီအနက်ဟောကာ "အညီအညွတ် အပြားအားဖြင့် ယှဉ်သည်"ဟူ၍လည်း မြန်မာပြန်ကြသေးသည်။

ပြဆိုခဲ့ပြီးသော မြန်မာပြန်တို့မှာ အကျဉ်း မြန်မာပြန်များဖြစ်၍ အဓိပ္ပာယ် မထင်ရှားသေးသဖြင့် ဆရာတို့က အောက်ပါအတိုင်း ဆက်လက် ရှင်းပြကြသည်။

အဘိဓမ္မာအလို သမ္ပယုတ္တ သဘောတရားမှာ အညီအညွတ် တစ်ပေါင်းတည်း၊ တစ်လုံးတည်း၊ တစ်သားတည်းဖြစ်ပြီး တရားတစ်ခုနှင့် တစ်ခုခွဲ၍ မရနိုင်အောင် ရောနှောယှဉ်တွဲနေခြင်း ဖြစ်သည်။

ထို့ကြောင့် တစ်ခုနှင့်တစ်ခု ခွဲမရအောင် ရောနှော ယှဉ်တွဲခြင်းဖြင့် ကျေးဇူးပြုခြင်းသည် သမ္ပယုတ္တပစ္စည်း မည်၏ဟု ဆိုရသည်။

သဟိတ်စိတ်(၇၁)၊ စေတသိက်၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်သည် မဂ္ဂပစ္စယုပ္ပန် တရားဖြစ်သည်။

**မှတ်ချက်။** စိတ်အမျိုးအစားအလိုက် မဂ္ဂင်ယှဉ်ပုံကို အောက်တွင် ဖော်ပြထားသည်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော မဂ္ဂင်ငါးပါးသည် မဟာကုသိုလ်စိတ် အသီးသီးနှင့် ယှဉ်သည်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင်သုံးပါးတည်းဟူသော ဝိရတီစေတသိက် သုံးပါသည် ဤမဟာကုသိုလ်စိတ် အသီးသီး၌ တစ်ပေါင်းတည်း မယှဉ်။ တစ်ပါးသာ ယှဉ်သည်။ အမြဲမယှဉ်။ ရံခါ၌သာ ယှဉ်သည်ဖြစ်ရာ မဟာကုသိုလ်ရှစ်ပါးကို ပေါင်းယူလျှင် သမ္မာမဂ္ဂင် ရှစ်ပါးလုံးယှဉ်သည်။

မဟာဝိပါက်စိတ်(၈)ပါး၊ မဟာကြိယာစိတ် (၈)ပါး၊ မဟဂ္ဂုတ်စိတ် (၂၇)ပါးတို့၌ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်ငါးပါးလုံးယှဉ်သည်။

လောကုတ္တရာစိတ် (၈)ပါး၌ မဂ္ဂင်(၈)ပါးလုံး ယှဉ်သည်။ အကုသိုလ်စိတ် (၁၂)ပါးတွင် မူကား မိစ္ဆာမဂ္ဂင် (၄)ပါး ယှဉ်သည်။

## သဟိတ်စိတ် (၇၁)ပါးနှင့် ယှဉ်ဖက် စေတသိက်များ

၁။ အကုသိုလ်စိတ် ( ၁၂)ပါးတွင် သညသမာန်း စေတသိက်(၁၃)နှင့် အကုသိုလ်စေတသိက် (၁၄)ပါးယှဉ်သည်။

၂။ ကာမာဝစရစိတ် (၂၄)ပါးတွင် အညသမာန်း စေတသိက်နှင့် သောဘနစိတ် (၂၅)ပါး ယှဉ်သည်။

၃။ မဟဂ္ဂုတ်စိတ် (၂၇)ပါး၌ အညသမာန်း စေတသိက် (၁၃)ပါးနှင့် ဝိရတီကြဉ်သော စေတသိက် (၂၂)ပါး ယှဉ်သည်။

၄။ လောကုတ္တရာစိတ် (၈)ပါး၌ အညသမာန်း စေတသိက် (၁၃)ပါး၊ အပ္ပမညာကြဉ်သော သောဘနစေတသိက် (၂၃)ပါး ယှဉ်သည်။

အထက်ပါယှဉ်ခြင်းတို့ကို တူရာနှုတ်၍ ပေါင်းလျှင် သဟိတ်စိတ် (၇၁)ပါးမှာ စေတသိက် (၅၂)ပါး ယှဉ်သည်။

* * *

သွားကြောင်း၊ ကောင်းမကောင်းသော လမ်းဟု မဆိုထိုက်။ ထို့ကြောင့် စေတသိက်တို့သည် အဟိတ်စိတ်များ၌ ယှဉ်ခိုက် မဂ္ဂင်မထိုက်၊ ဟေတုပစ္စည်း ရစကောင်းသော သဟိတ်စိတ်(၇)ပါးမှာသာ မဂ္ဂပစ္စည်း ထိုက်သည်။ တစ်နည်းအားဖြင့်ဆိုသော် ထိုမဂ္ဂင်တရား စေတသိက် တို့သည် အဟိတ်စိတ် (၈)ပါးတို့အား မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူး မပြုနိုင်။ သဟိတ်စိတ် (၇၁)ပါးအားသာ ကျေးဇူးပြုနိုင်သည်။ ထို့ ကြောင့် မဂ္ဂင်ကို "သဟိတ်စိတ်၌ရှိသော"ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုကာ မြန်မာပြန်ထားသည်။

## ကျေးဇူးပြုပုံ

မဂ္ဂင်တရားဟူသည် မဂ္ဂမည်သော တရား၏ အင်္ဂါအစိတ်အပိုင်း ဖြစ်သည်။ မဂ္ဂဟူသည် ဘဝတစ်ခုသို့ ပို့ဆောင်တတ်သော တရား၊ ဘဝတစ်ခုမှ ထွက်မြောက်တတ်သော တရားဖြစ်သောကြောင့် မဂ္ဂင် တရားတွင် ပို့ဆောင်ထွက်မြောက်ကြောင်း သတ္တိရှိသည်။ ယင်း သတ္တိသည် မဂ္ဂပစ္စယသတ္တိ ဖြစ်သည်။ ထို့ကြောင့် မဂ္ဂင်တရား ကိုးပါးသည် ယှဉ်ဖက်နာမ်တရား၊ ဖြစ်ဖက်ရုပ်တရားကို မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်။

ကျေးဇူးပြုပုံ နမူနာပုံစံတစ်ခု တင်ပြပါမည်။ မဟာကုသိုလ်စိတ် တစ်ပါး(သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်)ကို ယူလျှင် ယင်းစိတ်တွင် အညသမာန်းစေတသိတ် ၁၃ သောဘနသာ ဓါရဏ စေတသိက်၁၉–နှင့် ပညိန္ဒြေစေတသိက်တို့ ယှဉ်သည်။ ဝိရတီစေတသိက် ၃–ပါး၊ အ ပ္ပမညာစေတသိက် ၂–ပါး၊ ပေါင်း ၅–ပါးအနက် တစ်ပါးပါးသာ ယှဉ်နိုင်ခွင့်ရှိသည့်အတွက် အကယ်၍ သမ္မာဝါစာ ဝိရတီစေတသိက် ယှဉ်ခဲ့လျှင် စေတသိက်ပေါင်း ၃၄– ပါး ယှဉ်သည်။

ဤစေတသိက်တို့တွင် ပညိန္ဒြေစေတသိက်သည် သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်သည်။ သောဘနသာဓါရဏ စေတသိက် ၁၉-ပါးတွင် ပါဝင်သော "သတိ"သည် သမ္မာသတိ မဂ္ဂင်ဖြစ်သည်။ အညသမာန်းစေတသိက် ၁၃-ပါးတွင် ပါဝင်သော "ဝိတက်"သည် သမ္မာသင်္ကပ္ပမဂ္ဂင်၊ဝီရိယ သည် သမ္မာဝါယာမ မဂ္ဂင်၊ ဧကဂ္ဂတာသည် သမ္မာသမာဓိမဂ္ဂင်ဖြစ်၍ သမ္မာဝါစာမဂ္ဂင်နှင့်ဆိုသော် မဂ္ဂင်၆-ပါးယှဉ်သည်။

ယင်းမဂ္ဂင် ၆-ပါးအသီးသီးနှင့်ယှဉ်သော စိတ်မှာ ဆိုခဲ့သော မဟာကုသိုလ်စိတ် ဖြစ်သည်။ စေတသိက်မှာ မိမိမှ တစ်ပါးသော ကျန်သော စေတသိက် ၃၃-ပါးဖြစ်သည်။ မဂ္ဂင်၆-ပါး အသီးသီးသည် ဆိုခဲ့သော မိမိနှင့်ယှဉ်ဖက် စိတ်စေတသိက် နာမ်တရားကို မဂ္ဂပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

ဤအတူ ကျန်သော သဟိတ်စိတ်တို့တွင် ပါဝင်သော မဂ္ဂင် အသီးသီးသည် သက်ဆိုင်ရာ စေတသိက်တို့ကို ကျေးဇူးပြုသည်။

ထို့ပြင် ပဝတ္တိအခါ၌ စိတ္တဇရုပ်၊ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေ ကမ္မဇရုပ်ကို ကျေးဇူးပြုသည်။

ဆိုခဲ့သည့်အတိုင်း ကျေးဇူးပြုနေသည် ဖြစ်၍ သဟိတ်စိတ် ၇၁-ပါး၌ ရှိသော မဂ္ဂင်တရား ကိုးပါးသည် ယှဉ်ဖက်စိတ်စေတသိက်၊ ဖြစ်ဖက် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်ကို ဆောင်ပို့ ထွက်မြောက် ကြောင်း မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုနိုင်သည်။

## မဂ္ဂပစ္စည်း ပစ္စယုပ္ပန်

သဟိတ်စိတ်(၇၁)ပါး၌ရှိသော ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိဟု ဆိုအပ် သော မဂ္ဂင်တရားကိုယ် ကိုးပါးသည် မဂ္ဂပစ္စည်း တရားဖြစ်သည်။

သို့သော် ဤသို့ထင်မြင်ယူဆပါက အမှားသာ ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့် ဤသို့ဆိုရသည်ကို ရှင်းပြပါမည်။

ဗုဒ္ဓရှင်တော်မြတ်က နာမ်ခန္ဓာလေးပါးသည် သမ္ပယုတ် ဖြစ်ကြောင်း ဟောထားခဲ့ပြီး ဖြစ်သည်။ သမ္ပယုတ်အတွက်. ဤတစ်ချက်သာ ဟောတော်မူခဲ့သည်။ ဤအချက်မှတစ်ပါး အခြား မည်သည်ကိုမျှ မဟောခဲ့ပါ။ အခြားသော ရောနှော ယှဉ်တွဲမှုကိုမဆို သမ္ပယုတ်ဟု မဟောခဲ့ပါ။ ထို့ကြောင့် နာမ်ခန္ဓာလေးပါးမှ တစ်ပါး မည်သည့် ရောနှောယှဉ်တွဲနေမှုမဆို သမ္ပယုတ်ဟုတ် မဟုတ်ဟု ကောက်ယူဆနိုင်ပါသည်။ ဗုဒ္ဓရှင်တော်မြတ်ကလည်း "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော (ရုပ်တရားတို့သည် နာမ်တရားတို့အား ဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်) ဟူ၍လည်း ဟောတော်မူသည်။ ထို့ကြောင့် သမ္ပယုတ် မဟုတ်။ ဝိပ္ပယုတ် ဖြစ်ကြောင်း ဆုံးဖြတ်နိုင်ပါသည်။

ထို့ကြောင့် "ရုပ်ဖြစ်ကုန်သော ဝတ္ထုရုပ် (၆)ပါး တို့သည် နောက်နောက်၌ ဖြစ်ကုန်သော အရူပဝိပါက်(၄)ခု ကြဉ်သောစိတ် (၈၅)ပါး (ဝိညာဏဓာတ် (၇)ပါး)ကို ဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုနိုင်ပါသည်။

## ဝတ္ထုပူရေဇာတ ဝိပ္ပယုတ်

ဆိုခဲ့ပြီးသော စကားရပ်တို့အရ "ဝတ္ထုရုပ်(၆)ပါးတို့က အရူပဝိပါက် စိတ်၄–ခု ကြဉ်သောဝိညာဏဓာတ်(၇)ပါး (စိတ် ၈၅–ပါး) ကို ကျေးဇူးပြုသောအခါ ဝတ္ထုပူရေဇာတ ဖြစ်သည်သာမက ဝိပ္ပယုတ်လည်း ဖြစ်နေပြန်သောကြောင့် ယင်းသို့ ကျေးဇူးပြုခြင်းကို ပူရေဇာတ ဝိပ္ပယုတ်ဟု ခေါ်သည်။

## ပုရေဇာတ ဝိပ္ပယုတ်ပစ္စည်း ပစ္စယုပ္ပန်

၁။ ပဝတ္တိအခါ ဝတ္ထုရုပ်(၆)ပါးသည် ပုရေဇာတ ဝိပ္ပယုတ်ပစ္စည်းတရား ဖြစ်သည်။

၂။ ပဝတ္တိအခါ အရူပဝိပါက်စိတ် (၄)ခု ကြဉ်သော ဝိညာဏဓာတ် (၇)ပါး (စိတ် ၈၅-ပါး) စေတသိက်၅၂-ပါးသည် ပုရေဇာတ ဝိပ္ပယုတ် ပစ္စယုပ္ပန်တရားဖြစ်သည်။
(ပဝတ္တိ အခါ၌သာ ပုရေဇာတ ဖြစ်သောကြောင့် "ပဝတ္တိအခါ" ဟူသော စကားကို ပြဆိုထားသည်။

## အာရမ္မပုရေဇာတမှာ ပြဿနာ

နိပ္ဖန္နရုပ်(၁၈)ပါးဖြစ်သော ပစ္စုပ္ပန်အာရုံ(၆)ပါး (ရုပ်) တရားတို့က ဝိညာဏဓာတ်(၇)ပါး (နာမ်)ကို ကျေးဇူးပြုသည်ကို အာရမ္မဏ ပုရေဇာတပစ္စည်းတွင် တင်ပြခဲ့ပြီ။ ဤသို့ ကျေးဇူးပြုရာတွင် ရုပ်က နာမ်ကို ကျေးဇူးပြုနေသည် ဖြစ်သောကြောင့် အာရမ္မဏပုရေဇာတ သည် ဝိပ္ပယုတ်ဖြစ်သည် မဟုတ်လော၊ ဝတ္ထုပုရေဇာတကို ဝတ္ထုပုရေဇာတဝိပ္ပယုတ်ဟု ခေါ်သကဲ့သို့ ဤအာရမ္မဏ ပုရေဇာတကိုလည်း အာရမ္မဏ ပုရေဇာတဝိပ္ပယုတ်ဟု ခေါ်ဆိုထိုက်သည် မဟုတ်လောဟု မေးမြန်းခဲ့လျှင် ပြဿနာမရှိဘဲ ပြဿနာလုပ်ခြင်းသာ ဖြစ်သည်။ သို့သော် ဤပြဿနာကို အောက်ပါအတိုင်း ဖြေရှင်းနိုင်သည်။

အာရုံ(၆)ပါးသည် ဝိညာဏဓာတ်(၇)ပါးနှင့် မယှဉ်သည်မှာ (ဝိပ္ပယုတ်ဖြစ်သည်မှာ) အလွန်သိသာ ထင်ရှားလှပါသည်။ သံသယ ဖြစ်ဖွယ် မရှိပါ။ အာရုံ(၆)ပါးသည် အများအားဖြင့် ခန္ဓာကိုယ်၏ ပြင်ပ၌ဖြစ်ကြ၍ ဝိညာဏဓာတ် (၇)ပါး သည်ကား ခန္ဓာကိုယ်၏ အတွင်း၌ ဖြစ်ကြရာ အာရုံ(၆)ပါးနှင့် ဝိညာဏဓာတ်(၇)ပါးသည်

## အရသာ(၆)ပါး ဥပမာ

ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး ဟူသော အရသာ(၆)ပါးကို ရောစပ်သောအခါ ရောပင် ရောငြားသော်လည်း အရသာ တို့သည် တစ်ခုနှင့်တစ်ခု သမသွားခြင်းမရှိ။ အရသာ တစ်မျိုး တစ်စားတည်း ဖြစ်အောင် ပေါင်းစပ်ရောနှောခြင်း မရှိချေ။ ဤအတူ ဝိပ္ပယုတ္တပစ္စည်း ပစ္စယုပ္ပန်တို့သည် အတူတကွ တွေ့ကြဆုံကြဖြစ်ကြရာ အချင်းချင်း မလိုက်လျောနိုင်သဖြင့် တစ်ခုနှင့်တစ်ခု သမနေအောင် တစ်သားတည်း တစ်မျိုးတည်း ဖြစ်နေအောင် ရောနှောခြင်း မရှိဟု ဆိုလိုသည်။

အခြား ဥပမာတစ်ခု ပြရသော် ဤပစ္စည်းသည် အတူမနေလျှင် မဖြစ်သောကြောင့် အတူနေရငြားသော်လည်း တစ်ယောက်နှင့်တစ်ယောက် စိတ်သဘောချင်း မတိုက်ဆိုင်သဖြင့် ရောရောနှောနှော မရှိ။ ကိုယ်ပေါင်းစိတ်ခွာ သဘောမျိုးဖြင့် အတူတကွ နေထိုင်ကြခြင်းနှင့် တူသည်ဟုလည်း ဆိုနိုင်သည်။

## ဝိပ္ပယုတ္တ သတ္တိ

အရသာ(၆)ပါးကို ရောစပ်ရာ၌ ရောပင်ရောငြားသော်လည်း အရသာတစ်ခုနှင့်တစ်ခုသမနေအောင် မရောနှောသကဲ့သို့ ပစ္စည်းတရား နှင့် ပစ္စယုပ္ပန်တရားတို့သည် အတူတကွ ဖြစ်ကြတွေ့ကြသော်လည်း အချင်းချင်း မလိုက်လျောနိုင်သဖြင့် သမခြင်း မဖြစ်နိုင်သော၊ တစ်သားတည်း မဖြစ်နိုင်သော သတ္တိထူးသည် ဝိပ္ပယုတ္တ ပစ္စယသတ္တိဖြစ်သည်။

## ကြောင်းကျိုးဆက်စပ်ပုံ

သမ္ပယုတ် ဟုတ်မဟုတ် ဆုံးဖြတ်နိုင်အောင် ဤဝိပ္ပယုတ္တပစ္စည်း ကို ဟောတော်မူခဲ့သည်ဟု အထက်ပါ ပထမဦးဆုံး စာပိုဒ်တွင်

တင်ပြခဲ့ပြီ။ သမ္မယုတ် ဟုတ်မဟုတ်ပြဿနာဖြစ်စရာတို့မှာ သဟဇာတ ပစ္စည်း၊ ဝတ္ထုပုရေဇာတ ပစ္စည်းနှင့် ပစ္ဆာဇာတပစ္စည်းတို့တွင် ပါဝင်နေသည်။ ထို့ကြောင့် ယင်းတို့ကို ရှင်းပြပါမည်။

## ဝတ္ထုပုရေဇာတမှာ ပြဿနာ

ဝတ္ထုရုပ်(၆)ပါးသည် အရူပဝိပါက် (၄)ပါးကြဉ်သော သက်ဆိုင်ရာ ဝိညာဏဓာတ် (၇)ပါး (စိတ် ၅၈-ပါး)ကို ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ကို ပုရေဇာတပစ္စည်းတွင် ပြခဲ့ပြီ။

ယင်းပစ္စည်း ရှင်းလင်းချက်၌ စက္ခုပသာဒ ဝတ္ထုရုပ်ကို မှီ၍ (အကြောင်းပြု၍) စက္ခုဝိညာဏ်ဓာတ်ဖြင့် သိစိတ်ဖြစ်ပေါ်လာကြောင်းနှင့် စက္ခုပသာဒ ဝတ္ထုရုပ်သည် စက္ခုညာဏဓာတ်ဖြင့် သိစိတ်၏ တည်ရာလည်းဖြစ်ကြောင်း ပြဆိုခဲ့သည်။ ထို့ကြောင့် စက္ခုဝိညာဏ်မြင်သိစိတ်သည် စက္ခုပသာဒ ဝတ္ထုရုပ်မှ ထွက်လာသကဲ့သို့ ဖြစ်နေရကား စက္ခုပသာဒဝတ္ထုရုပ်နှင့် စက္ခုဝိညာဏ်မြင်သိစိတ်သည် သမ္မယုတ်သဘော တစ်စုတည်း တစ်သားတည်း အနေဖြင့် ခွဲမရအောင် ရောနှောလျက် ရှိနေသည်လားဟု ထင်မှတ်စရာ ရှိနေသည်။

ဤအတူ ကျန်သောဝတ္ထုရုပ် အသီးသီးတို့ကိုမှီရာ တည်ရာပြုပြီး သက်ဆိုင်ရာဝိညာဏဓာတ် အသီးသီးတို့ ဖြစ်ပေါ်လာရာတို့၌လည်း (သောတဝတ္ထုနှင့် သောတဝိညာဏ်၊ ဃာန ဝတ္ထုနှင့် ဃာနဝိညာဏ် စသည်ဖြင့်) ဝိညာဏဓာတ် အသီးသီးသည် သက်ဆိုင်ရာ ဝတ္ထုရုပ် အသီးသီးမှ ထွက်လာသကဲ့သို့ ဖြစ်နေရကား ယင်းဝတ္ထုရုပ်နှင့် ဝိညာဏဓာတ်သည် တစ်ခုနှင့်တစ်ခု တစ်စုတည်း တစ်သားတည်း အနေဖြင့် ခွဲမရအောင် ရောနှောနေမည်လားဟု ထင်မှတ်ဖွယ် ဖြစ်နေသည်။

# အခန်း (၂၀)

# ဝိပ္ပယုတ္တပစ္စည်း

သမ္ပယုတ္တပစ္စည်းတွင် နာမ်ခန္ဓာအချင်းချင်း သမ္ပယုတ်ဖြစ်သည်။ (ခွဲမရ။ တစ်သားတည်း ဖြစ်အောင် ပေါင်းစပ်ယှဉ်တွဲနေသည်)ဟု ဟောပြီးသောအခါ ရုပ်နှင့်နာမ်တို့ တွေ့ကြုံဆုံကြရာဝယ် သမ္ပယုတ် ဖြစ်လာလေသည်လားဟု ယုံမှားသံသယ ဝင်စရာများ ပေါ်ပေါက်လာ ခဲ့လျှင် သမ္ပယုတ် ဟုတ် မဟုတ် ဆုံးဖြတ်နိုင်အောင် ဤဝိပ္ပယုတ္တပစ္စည်း (နှစ်ပိုဒ်)ကို ဟောတော်မူခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ဝိပ္ပယုတ္တ ဥပဒေသနှင့် ရုပ်ကို ချမှတ်ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ယင်းတို့မှာ–

၁။ ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော (ရုပ်တရားတို့သည် နာမ်တရားတို့အား ဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။)

၂။ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော (နာမ်တရားတို့သည် ရုပ်တရားတို့အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်)ဟု ဖြစ်၏။

## ဝိပ္ပယုတ္တအဓိပ္ပာယ်

"ဝိပ္ပယုတ္တ"ဟူသော ပါဠိစကားကို "မယှဉ်ခြင်း"ဟု မြန်မာ ပြန်ဆိုကြသည်။ ဤမြန်မာပြန်မှာ အကျဉ်းအားဖြင့် မြန်မာပြန်ထား

ခြင်း ဖြစ်၍ အဓိပ္ပာယ် မပေါ်လွင်သေး သောကြောင့် ဆရာတို့က ဤဝိပ္ပယုတ္တ (မယှဉ်ခြင်း)ဟူသော စကား၏ အဓိပ္ပာယ်ကို အောက်ပါအတိုင်း ထပ်ဆင့်ရှင်းလင်း ပြတော်မူကြသည်။

ဝိပ္ပယုတ္တ (ဝိပ္ပယုတ်)ဟူသောစကားကို "မရှိခြင်း"အဓိပ္ပာယ်ဖြင့် လည်းကောင်း၊ "မရောနှောခြင်း" အဓိပ္ပာယ်ဖြင့် လည်းကောင်း နှစ်မျိုးဖွဲ့ကြသည်။ သဂြိုလ်စိတ်ပိုင်း၌ "ဒိဋ္ဌိဂတဝိပ္ပယုတ္တ" စသည်ဖြင့် ဆိုသော ဝိပ္ပယုတ်သည် မရှိခြင်း သဘာဝ ဝိပ္ပယုတ် ဖြစ်သည်။ ထို စိတ်၌ ဒိဋ္ဌိမရှိခြင်း၊ မပါဝင်ခြင်းကို ဝိပ္ပယုတ်ခေါ်သည်။ ပဋ္ဌာန်းပစ္စည်း၌ မူကား ဝိပ္ပယုတ်သည် မရောနှောခြင်း ဝိသံသဋ္ဌ ဝိပ္ပယုတ်ဖြစ်သည်။ အချင်းချင်း တွေ့ဆုံမိကြသော်လည်း (မရောနှောခြင်း)၊ သံသဋ္ဌသဘော မရှိသည်ကို (မရောနှောသည်ကို) ဝိပ္ပယုတ်ခေါ်သည်။ အချင်းချင်း မလိုက်လျောနိုင်ဘဲ တစ်သားတည်း တစ်လုံးတစ်ခဲတည်း ဖြစ်နေအောင် မရောနှောခြင်း မပေါင်းစပ်ခြင်းကို ဆိုလိုသည်။ ထို့ကြောင့် ပဋ္ဌာန်းတွင် ဝိပ္ပယုတ်တ္တသည် သမ္ပယုတ္တနှင့် ပြောင်းပြန်သဘော ဖြစ်သည်။

အထက်ပါ ဝိပ္ပယုတ္တ အဓိပ္ပာယ်အရ ဝိပ္ပယုတ္တပစ္စည်း ဆိုသည်မှာ မယှဉ်သည်ဖြစ်၍ (မယှဉ်ဘဲနဲ့) ကျေးဇူးပြုသောတရား ဖြစ်သည်။ အကျယ်အားဖြင့် ပစ္စည်းတရားနှင့် ပစ္စယုပ္ပန် တရားတို့ အတူတကွ ဖြစ်ကြ တွေ့ကြ ဆုံကြသော်လည်း အချင်းချင်း မလိုက်လျောနိုင်သဖြင့် တစ်သားတည်း တစ်လုံးတစ်စည်းတည်း ဖြစ်မနေဘဲ ကိုယ့်သဘော ကိုယ်ဆောင်ကာ မရောနှောခြင်း မယှဉ်တွဲခြင်းအားဖြင့် ကျေးဇူးပြုသော ပစ္စည်းဖြစ်သည်။ ဤပစ္စည်းကို အရသာ(၆)ပါး ရောစပ်ပုံနှင့်တူသည်ဟု ဆရာအဆက်ဆက်က ဥပမာပြကြသည်။

ခွဲခြား၍ မရနိုင်သကဲ့သို့ စိတ်စေတသိက် နာမ်တရားတို့သည် ခွဲခြား၍ မရ။ တစ်သားတည်းဖြစ်အောင် ယှဉ်တွဲရောစပ် နေရာ၌ အချင်းချင်း မဆန့်ကျင်ဘဲ တစ်ပါး၏အလိုကို တစ်ပါးက လိုက်လျောနိုင်သော သတ္တိထူးသည် သမ္ပယုတ္တပစ္စယသတ္တိ ဖြစ်၏။

## ကြောင်းကျိုးဆက်စပ်ပုံ

သဟဇာတပစ္စည်းတွင် နာမ်ခန္ဓာလေးပါးသည် အချင်းချင်းအား အတူတကွ ဖြစ်အောင် ကျေးဇူးပြုသည် ဟူ၍လည်းကောင်း၊

အညမညပစ္စည်းတွင် နာမ်ခန္ဓာလေးပါးသည် အချင်းချင်းအား အပြန်အလှန် ကျေးဇူးပြုသည် ဟူ၍လည်းကောင်း၊

နိဿယပစ္စည်းတွင် နာမ်ခန္ဓာလေးပါးသည် အချင်းချင်းအား မှီရာအဖြစ် ကျေးဇူးပြုသည် ဟူ၍လည်းကောင်း၊ ဟောထားခဲ့သည်။

ယင်းဟောထားချက် အသီးသီးကိုပင် (ဤပစ္စည်း၌) တစ်မျိုး တစ်မည်အားဖြင့် နာမ်ခန္ဓာ လေးပါးသည် သမ္ပယုတ်ဖြစ်သည်ဟူ၍ ဟောထားသည်။ ဤသို့ဟောထားခြင်းကို ရှင်းပါမည်။

စာမျက်နှာ(၂၀၉) နာမ်တရားတို့ အတူတကွဖြစ်ပုံဟု ခေါင်းစဉ် တပ်ထားသော စကားရပ်တွင် ပြခဲ့သော ဥပမာအရ စက္ခုဝိညာဏ် စိတ်နှင့် စေတသိက်(၇)ပါး ပေါင်း နာမ်စိတ်(၈)ပါးသည် အတူဖြစ်၊ အတူပျက်၊ အာရုံတူ၊ တည်ရာတူ ဟူသော အင်္ဂါလက္ခဏာအားဖြင့် ခွဲမရအောင် တစ်သားတည်း ရောနှောနေသည်။ သမ္ပယုတ် ဖြစ်နေ သည်ကိုပြခဲ့ပြီ။ ယင်းစိတ်နှင့် စေတသိက်တို့ကိုခန္ဓာဖွဲ့ပါက ဝေဒနာ က္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူ၍ နာမ်ခန္ဓာ လေးပါး ရသည်။

ယင်းခန္ဓာလေးပါးသည် ဆိုခဲ့ပြီးသော စိတ်စေတသိက်ကိုပင် အမည်တစ်မျိုးဖြင့် ခေါ်ဝေါ်ထားခြင်း ဖြစ်သည်။ အဆိုပါ စိတ်

စေတသိက် တို့သည် သမ္ပယုတ် ဖြစ်သကဲ့သို့ပင် ဤနာမ်ခန္ဓာလေးပါးသည်လည်း သမ္ပယုတ်ပင် ဖြစ်သည်။

မည်သည့်စိတ်မဆို သက်ဆိုင်ရာ စေတသိက်တို့နှင့် ယှဉ်တွဲဖြစ်ရသည်မှာ ဓမ္မတာပင်ဖြစ်သည်။

ယင်းသို့ ယှဉ်တွဲဖြစ်နေသော စိတ်နှင့် စေတသိက်ကို ခန္ဓာဖွဲ့လျှင် ခန္ဓာလေးပါးပင် ရသည်။ ယင်းခန္ဓာလေးပါးသည် အထက်တွင် ပြသကဲ့သို့ပင် သမ္ပယုတ်ဖြစ်နေသည်။

ထို့ကြောင့် "နာမ်ခန္ဓာလေးပါးသည် အချင်းချင်းအား ယှဉ်ခြင်း သမ္ပယုတ္တ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် ဟူ၍ ဟောတော်မူခဲ့သည်။

## သမ္ပယုတ္တပစ္စည်း ပစ္စယုပ္ပန်

၁။ အချင်းချင်း ကျေးဇူးပြုတတ်သော နာမ်ခန္ဓာ လေးပါးသည် သမ္ပယုတ္တပစ္စည်းတရား ဖြစ်သည်။

၂။ အချင်းချင်း ကျေးဇူးပြုအပ်သော နာမ်ခန္ဓာ လေးပါးသည် သမ္ပယုတ္တ ပစ္စယုပ္ပန်တရား ဖြစ်သည်၊
(သဟဇာတဖြစ်တိုင်း အညမည မဖြစ်။ အညမည ဖြစ်တိုင်း သမ္ပယုတ် မဖြစ်။)

* * *

## သဟဇာတတွင် (တတိယစာပိုဒ်မှ)

(၂) ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာသည် ဟဒယဝတ္ထုရုပ်ကို ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုသည်။ (နာမ်က ရုပ်ကို)

(၃) ဟဒယဝတ္ထုရုပ်သည် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမ်ခန္ဓာအား ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုသည်။ (ရုပ်က နာမ်ကို)

## သဟဇာတတွင် (စတုတ္ထစာပိုဒ်မှ)

(၄) ပဉ္စဝေါကာရဘုံ၌ ပဝတ္တိအခါတွင် စိတ်စေတသိက် ဖြစ်သော ဝိပါက်၄-နှင့် ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော နာမ်ခန္ဓာက စိတ္တဇရုပ်ကို ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ (နာမ်က ရုပ်ကို)

(၅) ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေအခါတွင် ပဋိသန္ဓေနာမ်ခန္ဓာက ပဋိသန္ဓေကမ္မဇရုပ်ကို ဝိပယုတ္တပ္ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ (နာမ်က ရုပ်ကို)

## ပစ္ဆာဇာတတွင်

အရူပဝိပါက်စိတ် ၄-ကြဉ်သော ပထမဘဝင် အစရှိသော နောက်နောက်သော စိတ်(၈၅)သည် ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ မိမိ၏ ဌီ သို့ရောက်သော ဧကဇ ဒွိဇ၊တိဇ၊စတုဇ ကာယတို့အား ဝိပယုတ္တပစ္စသတ္တိဖြင့်ကျေးဇူးပြုသည်။ (နာမ်က ရုပ်ကို)

အထက်ပါ ကျေးဇူးပြုပုံတို့မှ အမှတ် (၁)နှင့် (၃)တို့ ပစ္စည်းတရားအချင်းချင်း၊ ပစ္စယုပ္ပန်တရား အချင်းချင်းပေါင်းပါ။ ဟဒယဝတ္ထုသည် ဝတ္ထုရုပ် (၆)ပါး ထဲတွင် ပါဝင်သဖြင့် ပစ္စည်းတရား

နှစ်ခုပေါင်းခြင်းမှာ ဝတ္ထုရုပ် (၆)ပါးပင်ဖြစ်သည်။ ပစ္စယုပ္ပန်နှစ်ခုမှာ အတူမရှိသဖြင့် ယင်းနှစ်ခုပင်ရသည်။ ထို့ကြောင့် နိဿယဆရာက မြန်မာပြန်ထားသည့်အတိုင်းပင် ရသည်။. ရုပ်က နာမ်ကို ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပုံကို ရနိုင်သည်။

အမှတ်စဉ် (၂) (၄) (၅) (၆) တို့မှ ပစ္စည်းတရား (၄)ခုကို ပေါင်းပါ။ ဤတွင် စိတ်(၇၅)ပါးသည် စိတ်(၈၅)ပါးတွင် အကျုံးဝင်နေသည်။

ထို့နောက် ပစ္စယုပ္ပန်တရား (၄)ခုကို ပေါင်းပါ။ ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေကမ္မဇရုပ်တွင် ပါဝင်သည်။

ထို့ကြောင့် ဤကျေးဇူးပြုပုံလေးချက်ကို ပေါင်းလျှင် ဒုတိယ ဝိပ္ပယုတ္တပစ္စည်းကို နိဿယဆရာက မြန်မာပြန်ထားသည့်အတိုင်း ရပါလိမ့်မည်။

* * *

သို့သော် ရုပ်နှင့်နာမ်တွေ့ဆုံကြခြင်းဖြစ်၍ “အရူပီနော ခန္ဓာ ရူပီနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော”ဟူသော ဥပဒေသအရ သမ္ပယုတ် မဟုတ်၊ ဝိပ္ပယုတ်ဖြစ်ကြောင်း ဆုံးဖြတ်နိုင်သည်။

ထို့ကြောင့် ဤပစ္စည်းကို အောက်ပါ အတိုင်း ပြဆိုနိုင်သည်။

ပဥ္စဝေါကာရဘုံ ၌ဖြစ်ခိုက် အရူပဝိပါက်စိတ် ၄–ခုကြဉ်သော ပထမဘဝင် အစရှိသော နောက်နောက်၌ဖြစ်သော စိတ် ၈၅–ပါး နာမက္ခန္ဓာတို့သည် ရှေးစိတ္တက္ခဏတစ်ချက်နှင့်အတူ ဥပါဒ်ပြိုင်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယတို့အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

# ပစ္ဆာဇာတ ဝိပ္ပယုတ်

အထက်ပါ ရှင်းပြချက်အရ ပစ္ဆာဇာတပစ္စည်းသည် ဝိပ္ပယုတ်လည်း ဖြစ်နေသောကြောင့် ပစ္ဆာဇာတပစ္စည်းကိုပင် ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်းဟု ခေါ်သည်။

# ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း ပစ္စယုပ္ပန်

၁။ အရူပဝိပါက်၄–ခုကြဉ်သော ပထမဘဝင် အစရှိသော နောက်နောက်သောစိတ် ၈၅–ခု၊ စေတသိက်၅၂–ခုသည် ပစ္ဆာဇာတဝိပ္ပယုတ္တ ပစ္စည်းတရား ဖြစ်သည်။

၂။ ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်တို့နှင့်အတူ ဥပါဒ်၍ မိမိ၏ ဌီသို့ရောက်သော ဧကဇ၊ ဒွိဇ၊ တိဇ၊ စတုဇကာယတို့သည် ပစ္ဆာဇာတဝိပ္ပယုတ္တ ပစ္စယုပ္ပန် တရားဖြစ်သည်။

## နိဿယတွင် မြန်မာပြန်ထားပုံ

၁။ "ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော" ဟူသော ဝိပယုတ္တပစ္စည်း ပထမစာပိုဒ်ကို "ရုပ်ဖြစ်ကုန်သော ဝတ္ထုရုပ်(၆)ပါးသည် အရူပဝိပါက် (၄)ခုကြဉ်သော စိတ်(၈၅)ပါး၊ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့အား မယှဉ်ခြင်း၊ ဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်" ဟူ၍လည်းကောင်း၊

၂။ "အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော" ဟူသော ဝိပ္ပယုတ္တပစ္စည်း ဒုတိယစာပိုဒ်ကို "နာမ်ဖြစ်ကုန်သော အတူတကွ ဖြစ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် အရူပဝိပါက်စိတ် ၄-ခုကြဉ်သော ပထမဘဝင် အစရှိသော နောက်နောက်၌ဖြစ်သည့် စိတ်(၇)ပါး နာမက္ခန္ဓာတို့သည် ရုပ်ဖြစ်ကုန်သော အတူတကွဖြစ်သည့် စိတ္တဇ ရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ရှေ့စိတ္တက္ခဏာ တစ်ချက်နှင့် ဥပါဒ်ပြိုင် သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယတို့အား မယှဉ်ခြင်း၊ ဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်"ဟူ၍ လည်းကောင်း မြန်မာပြန်ထားသည်။

ယင်းမြန်မာပြန်တို့ကို နားလည်နိုင်ရန်အတွက် အထက်တွင် ပြဆိုခဲ့ပြီးသော ဝိပယုတ္တပစ္စည်းတို့ကို စုပေါင်း၍ အမှတ်စဉ်ထိုး၍ တင်ပြပါမည်။

## ပုရေဇာတတွင်

(၁) ရုပ်ဖြစ်ကုန်သော ဝတ္ထုရုပ်(၆)ပါးတို့သည် နောက်နောက်၌ ဖြစ် ကုန်သော အရူပဝိပါက်(၄)ကြဉ်သော စိတ်(၈၅)ပါး(ဝိညာဏ်စိတ် (၇)ပါး)အား ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြုသည်။ (ရုပ်က နာမ်ကို)

ဤသို့ သဟဇာတသတ္တိဖြင့် နာမ်က ရုပ်ကို ကျေးဇူးပြုနေသော အခါတွင် ဆိုခဲ့သော နာမ်နှင့်ရုပ်သည် အတူတကွ ဖြစ်နေကြသည်။ ထို့ကြောင့် ယင်းနာမ်နှင့်ရုပ်သည် သမ္ပယုတ် ဖြစ်လေမည်လားဟု သံသယဝင်စရာ ရှိနေသည်။သို့သော် ယင်းနာမ်နှင့်ရုပ်သည် သမ္ပယုတ် မဟုတ်၊ ဝိပ္ပယုတ်သာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် (အရူပိနော ဓမ္မာ၊ ရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော)ဟု ဟောထားချက်အရ နာမ်က ရုပ်ကို ကျေးဇူးပြုနေသောကြောင့် ဝိပ္ပယုတ်ဖြစ်သည်။

## သဟဇာတဝိပ္ပယုတ်

အထက်တွင်ပြဆိုခဲ့သော သဟဇာတပစ္စည်း တတိယစာပိုဒ်နှင့် **စတုတ္ထ**စာပိုဒ်သည် သဟဇာတဖြစ်သည်သာမက ဝိပ္ပယုတ်လည်း **ဖြစ်**နေသဖြင့် ယင်းပစ္စည်း နှစ်ခုကို သဟဇာတဝိပ္ပယုတ်ဟု ခေါ်သည်။

ဤတွင် သဟဇာတပစ္စည်းထဲမှ "သမ္ပယုတ် ဟုတ် မဟုတ် စဉ်းစားစရာပြဿနာ ပေါ်ပေါက်လာနိုင်သည်တို့ကို ရွေးချယ်တင်ပြခြင်း ဖြစ်သည်။ ဤသဟဇာတပစ္စည်း နှစ်ခုမှ တစ်ပါး ကျန်သော သဟဇာတပစ္စည်းများတွင် ဤသို့သောပြဿနာမျိုး မရှိနိုင်ပါ။ယင်းပစ္စည်း ပထမစာပိုဒ်တွင် နာမ်ခန္ဓာလေးပါးသည် အချင်းချင်း ကျေးဇူးပြုသဖြင့် သမ္ပယုတ်ဖြစ်သည်။ ဒုတိယစာပိုဒ်တွင် မဟာဘုတ်လေးပါးသည် အချင်းချင်းအား ပဉ္စမ စာပိုဒ်တွင် မဟာဘုတ်လေးပါးက ဥပါဒါရုပ်တို့အား ကျေးဇူးပြုခြင်းဖြစ်ရာ ရုပ်က ရုပ်ကို ကျေးဇူးပြုခြင်းဖြစ်သောကြောင့် သမ္ပယုတ်လည်းမဟုတ်။ ဝိပ္ပယုတ်လည်းမဟုတ်။ သဟဇာတ သက်သက်သာ ဖြစ်သည်။

# သဟဇာတဝိပ္ပယုတ္တပစ္စည်း ပစ္စယုပ္ပန်

၁။ ပဋိသန္ဓေ ပဉ္စဝေါကာရဘုံ၌ဖြစ်သော (အရူပဝိပါက်၄၊ ဒွေပဉ္စဝိညာဏ်၁၀-နှင့်၊ ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော (စိတ် ၇၅)ခု စေတသိက် ၅၂-ဟူသော ပဝတ္တိ ပဋိသန္ဓေနာမ်ခန္ဓာလေးပါး၊ အချင်းချင်း ကျေးဇူးပြုတတ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည် သဟဇာတဝိပ္ပယုတ်ပစ္စည်းတရား ဖြစ်သည်။ (အရူပဝိပါတ် ၄၊ ဒွေပဉ္စဝိညာဏ် ၁၀-နှင့် ရဟန္တာတို့၏ စုတိစိတ်တို့သည် ရုပ်ကို မဖြစ်စေနိုင်။ ဖော်ပြပါစိတ်တို့မှတစ်ပါး အခြားစိတ်တို့သည် အရူပဘုံ၌ဖြစ်ခိုက်၊ ရုပ်ကို မဖြစ်စေနိုင်သော်လည်း ပဉ္စဝေါကာရဘုံတွင် ဖြစ်သောအခါ ရုပ်ကိုဖြစ်စေနိုင်သည်။ ထို့ကြောင့် ပဉ္စဝေါကာရဘုံ၌သာ ဖြစ်သောစိတ် ၇၅-ခုကိုသာ ကောက်ယူသည်။

၂။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် အချင်းချင်းကို ထောက်ဆအပ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည် သဟဇာတ ဝိပ္ပယုတ် ပစ္စယုပ္ပန်တရားဖြစ်သည်။

# ပစ္ဆာဇာတမှာပြဿနာ

ပစ္ဆာဇာတပစ္စည်းတွင် "နောက်နောက်၌ဖြစ်သောစိတ်စေတသိက် နာမ်တရားတို့က ရှေးရှေး၌ဖြစ်သော ဧကဇ ဒွိဇ တိဇ စတုဇကာယ တို့အား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်"ဟု ပြဆိုထားသည်။ ဤသို့ ကျေးဇူးပြုရာတွင် စိတ်စေတသိက်(နာမ်) တရားတို့သည် မိမိတို့က ကျေးဇူးပြုသော သက်ဆိုင်ရာ (ရုပ်)တရားတို့နှင့် တွေ့ကြုံဆုံမိကြလေရာ ယင်းနာမ်နှင့်ရုပ်သည် တစ်သားတည်း ဖြစ်အောင် ရောသွားမည်လော၊ သမ္ပယုတ်ဖြစ်လေမည်လောဟု ယုံမှားသံသယ ပေါ်စရာ ရှိနေသည်။

ဖြစ်ရာသန္တာန် ကွဲပြားနေ၍ သဟဇာတပင် မဖြစ်နိုင်သော တရားမျိုး ဖြစ်သဖြင့် သမ္ပယုတ်ဖြစ်လေမည်လားဟု ယုံမှား သံသယဖြစ်စရာ မရှိပါ။ ဝိပ္ပယုတ်ဖြစ်ကြောင်း ပြောဖို့တောင်မလိုပါ။

သမ္ပယုတ် ဝိပ္ပယုတ်ပြဿနာမရှိဘဲ ရုပ်ကနာမ်ကို ကျေးဇူးပြု တိုင်း၊ နာမ်ကရုပ်ကို ကျေးဇူးပြုတိုင်း ဘာဝိပ္ပယုတ်၊ ညာဝိပ္ပယုတ် စသည်ဖြင့် ဝိပ္ပယုတ်အမျိုးအမည် ခွဲခြားခေါ်ဆိုခဲ့လျှင် ဝိပ္ပယုတ် မျိုးခွဲမြောက်မြားစွာ ပေါ်လာတော့မည် ဖြစ်သည်။

မြတ်စွာဘုရားကလည်း အကျယ်ဟောရာ၌ ပဥ္စာဝါရ၌ ဝတ္ထု ပုရေဇာတ ကိုသာ ဝိပ္ပယုတ်ဟု ဖော်ထုတ် ဟောတော် မူခဲ့သည်။ အာရမ္မဏပုရေဇာတကို ဝိပ္ပယုတ်ဟု ဟောတော်မမူပါ။ အဘယ်ကြောင့် ဆိုသော် အာရုံ(၆)ပါးက ဝိညာဏဓာတ်(၇)ပါးအား ကျေးဇူးပြုသော အခါ သမ္ပယုတ် ဝိပ္ပယုတ်ပြဿနာ မရှိ။ ဝိပ္ပယုတ် အစစ်ဖြစ်သဖြင့် အာရမ္မဏပုရေဇာတကို ဝိပ္ပယုတ်ဟု ဟောဖို့မလိုသောကြောင့်ဖြစ်သည်။

## သဟဇာတမှာ ပြဿနာ

သဟဇာတပစ္စည်း တတိယစာပိုဒ်တွင် “ပဋိသန္ဓေက္ခဏေ ပဋိသန္ဓေ ခဏ၌ ပဋိသန္ဓေ ခန္ဓာနှင့် ဟဒယဝတ္ထုပရုပ်သည် အချင်းချင်း သဟ ဇာတ သတ္တိဖြင့် ကျေးဇူးပြုသည်”ဟု ပြဆိုထားသည်။ ဤပြဆိုချက် အရ ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည် အတူတကွ ဖြစ်ကြ ရာဝယ်၊ တွေ့ဆုံကြရာဝယ် ယင်းတို့သည် ခွဲမရ၊ တစ်သားတည်း တစ်လုံးတစ်ခဲတည်းဖြစ်အောင် ရောနှောနေမည်လော (သမ္ပယုတ် ဖြစ်လေမည်လော)ဟု ယုံမှားသံသယ ဝင်စရာရှိနေသည်။ သို့သော် ယင်းတို့သည် သမ္ပယုတ် မဟုတ်ပါ။ ဝိပ္ပယုတ်သာဖြစ်သည်။ ဤ စကားကို ရှင်းပြပါမည်။

သဟဇာတပစ္စည်း တတိယစာပိုဒ်တွင် ကျေးဇူးပြုပုံ နှစ်ချက်ပါဝင်သည်။ ယင်းတို့မှာ ပဋိသန္ဓေ (နာမ်) ခန္ဓာက ဟဒယဝတ္ထု(ရုပ်)ကို သဟဇာတသတ္တိဖြင့် ကျေးဇူးပြုခြင်းနှင့် ဟဒယဝတ္ထု(ရုပ်)က ပဋိသန္ဓေ (နာမ်)ခန္ဓာကို သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုခြင်းဖြစ်သည်။

ပဋိသန္ဓေနာမ်ခန္ဓာက ဟဒယဝတ္ထုရုပ်ကို ကျေးဇူးပြုခြင်းသည် နာမ်က ရုပ်ကိုကျေးဇူးပြုခြင်း ဖြစ်သောကြောင့် (အရူပိနော ဓမ္မာ၊ ရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော (နာမ်တို့သည် ရုပ်တရားတို့အား ဝိပ္ပယုတ်သတ္တိဖြင့် ကျေးဇူးပြုသည်) ဟု ဟောထားသည့်အတွက် ပဋိသန္ဓေနာမ်ခန္ဓာက ဟဒယဝတ္ထုရုပ်ကို ဝိပ္ပယုတ်သတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆုံးဖြတ်နိုင်ပါသည်။

ထို့ပြင် ဟဒယဝတ္ထုရုပ်က ပဋိသန္ဓေနာမ်ခန္ဓာကို သဟဇာတသတ္တိဖြင့် ကျေးဇူးပြုနေရာတွင် ရုပ်က နာမ်ကို ကျေးဇူးပြုနေသောကြောင့် "ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော (ရုပ်တရားတို့သည် နာမ်တရားတို့အား ဝိပ္ပယုတ္တပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်)ဟု ဟောထားသည့်အတွက် ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေနာမ်ခန္ဓာအား ဝိပ္ပယုတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆုံးဖြတ်နိုင်ပါသည်။

သဟဇာတပစ္စည်း စတုတ္ထစာပိုဒ်(စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော)တွင် (က)ပဝတ္တိကာလဘုံ၌ ပဝတ္တိအခါတွင် စိတ်စေတသိကာဖြစ်သော အရူပဝိပါက်၄၊ ဒွေးပဉ္စဝိညာဏ် ၁၀-ကြဉ်သော နာမ်ခန္ဓာက စိတ္တဇရုပ်အား လည်းကောင်း (ခ) ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေအခါတွင် ပဋိသန္ဓေ နာမ်ခန္ဓာက ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ကို ရှင်းလင်း ပြဆိုခဲ့ပြီ။

## (၅) ဣန္ဒြိယတ္ထိ

ဣန္ဒြိယပစ္စည်းသုံးမျိုးတွင် သဟဇာတိန္ဒြိယသည် သဟဇာတတ္ထိ၌လည်းကောင်း၊ ပုရေဇာတိန္ဒြိယသည် ပုရေဇာတတ္ထိ၌လည်းကောင်း ပါဝင်သွားပြီဖြစ်၍ ရူပဇီဝိတိန္ဒြိယ တစ်မျိုးသာ ကျန်နေသည်။

ရူပဇီဝိတိန္ဒြိယဟုခေါ်သည့် ရုပ်ဇီဝိတသည် ကလာပ်တူ ကမ္မဇရုပ်တို့အား အစိုးတရ လွှမ်းမိုး စောင့်ရှောက်ခြင်း (ဣန္ဒြိယသတ္တိ)ဖြင့် ကျေးဇူးပြုသည်။ ဤသို့ ကျေးဇူးပြုရာတွင် ရုပ်ဇီဝိတသည် မိမိနှင့်တကွ ကလာပ်တူ ကမ္မဇရုပ်ကို ထင်ရှားရှိဆဲ (ဌီအခိုက်၌) ကျေးဇူးပြုသဖြင့် ရူပဇီဝိန္ဒြိယ ပစ္စည်းကို ရူပဇီဝိတိန္ဒြိယတ္ထိ (ဝါ) ဣန္ဒြိယတ္ထိဟု ခေါ်သည်။

(ရုပ်ဇီဝိတိန္ဒြေသည် ဩဇာကဲ့သို့ ဌီခဏ၌သာ ကျေးဇူးပြုသောကြောင့် သဟဇာတတ္ထိ ပစ္စည်း၌ မသွင်း;ဘဲ သီးခြား ခေါ်ဆိုသတ်မှတ်သည်။)

## အတ္ထိပစ္စည်း ပစ္စယုပ္ပန်

၁။ သဟဇာတတ္ထိပစ္စည်း ပစ္စယုပ္ပန်သည် သဟဇာတနှင့်တူသည်။

၂။ ပုရေဇာတတ္ထိပစ္စည်း ပစ္စယုပ္ပန်သည် ပုရေဇာတ (၂)ပါး နှင့်တူသည်။

၃။ ပစ္ဆာဇာတတ္ထိပစ္စည်း ပစ္စယုပ္ပန်သည် ပစ္ဆာဇာတနှင့်တူသည်။

၄။ အာဟာရတ္ထိပစ္စည်း ပစ္စယုပ္ပန်သည် ရုပ်အာဟာရနှင့်တူသည်။

၅။ ဣန္ဒြိယတ္ထိပစ္စည်း ပစ္စယုပ္ပန်သည် ရူပဇီဝိတိန္ဒြိယ နှင့် တူသည်။

* * *

## (ခ) အာရမ္မဏပုရေဇာတတ္ထိ၊

ပုရေဇာတပစ္စည်း (အာရမ္မဏပုရေဇာတ)တွင် ပစ္စည်းတရား ဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ်(၁၈)ပါးက ပစ္စယုပ္ပန် ဝိညာဏဓာတ်အား အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ကို တင်ပြခဲ့ပြီ။ ဤသို့ ကျေးဇူးပြုသောအခါ၌ ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရား နှစ်မျိုး လုံးပင် ထင်ရှားရှိနေဆဲ ဖြစ်သောကြောင့် ရုပါယတနံ အစရှိသော အတ္ထိပစ္စယ စာပိုဒ်(၆)ပိုဒ်ကို အတ္ထိပစ္စည်းအနေဖြင့် ထပ်ဆင့်ဟောတော် မူခဲ့သည်။

အာရမ္မဏပုရေဇာတသည်ပင် အတ္ထိပစ္စည်းဖြစ်နေသောကြောင့် အာရမ္မဏ ပုရေဇာတတ္ထိ ဟု ခေါ်သည်။ ဝတ္ထုပုရေဇာတတ္ထိ နှင့် အာရမ္မဏပုရေဇာတတ္ထိတို့ ပေါင်းပြီး ပဓာနအားဖြင့် "ပုရေဇာတတ္ထိ" ဟု ခေါ်သည်။

အောက်ပါ အတ္ထိပစ္စည်းသုံးမျိုးမှာ ပစ္စယနိဒ္ဒေသတွင် မပါဝင်ဘဲ ကျန်နေသဖြင့် ဖြည့်စွက်ထည့်သွင်းထားပါသည်။

## (၃) ပစ္ဆာဇာတတ္ထိ

ပစ္ဆာဇာတပစ္စည်းတွင် "နောက်နောက်၌ဖြစ်သော စိတ်စေ တသိက် နာမ်တရားတို့သည် ရှေးရှေး၌ဖြစ်သော စတုသမုဋ္ဌာနိက ရုပ်တရားတို့အား နောက်မှဖြစ်၍ ကျေးဇူးပြုသည့် ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ကို ပြဆိုခဲ့ပြီ။

ဤသို့ ကျေးဇူးပြုရာ၌အကြောင်း (ပစ္စည်း) တရားဖြစ်သော နာမ်တရားက နောက်မှဖြစ်၍ အကျိုး (ပစ္စယုပ္ပန်) တရားဖြစ်သော ရုပ်တရားက နောက်မှဖြစ်၍အကျိုး (ပစ္စယုပ္ပန်) တရားဖြစ်သော ရုပ်တရားက အရင်ဖြစ်နှင့်သည်။ ဤသို့အကြောင်းတရားက နောက်မှ

ဖြစ်ပြီး ကျေးဇူးပြုသဖြင့် ထင်ရှားမရှိဘဲနှင့် ကျေးဇူးပြုနေသလားဟု ယုံမှားသံသယဝင်စရာ ရှိနေသည်။ သို့သော် သံသယရှိစရာ မလိုပါ။ မရှိဘဲနှင့် ကျေးဇူးပြုခြင်းမဟုတ်၊ ထင်ရှားရှိနေဆဲမှာပင် ကျေးဇူးပြုခဲ့ပြီး ဖြစ်သည်။

ဤသို့ ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုရာတွင် ပစ္စည်း ပစ္စယုပ္ပန် တရား နှစ်မျိုးလုံးပင် ထင်ရှား ရှိခိုက်မှ ကျေးဇူးပြုသောကြောင့် ပစ္ဆာဇာတပစ္စည်းကိုပင် ပစ္ဆာဇာတတ္ထိဟု ခေါ်သည်။

## (၄) အာဟာရတ္ထိ

ရုပ်အာဟာရနှင့် နာမ်အာဟာရဟူ၍ အာဟာရနှစ်မျိုး ရှိရာ နာမ်အာဟာရဖြစ်သော ဖဿ၊ စေတနာနှင့် ဝိညာဏ်သည် မိမိနှင့်အတူ တကွဖြစ်သော တရားတို့ကို ကျေးဇူးပြုသဖြင့် နာမ်အာဟာရသည် သဟဇာတတ္ထိပစ္စည်းတွင် ပါဝင်သွားပြီဖြစ်၍ ရုပ်အာဟာရသာ ကျန်နေသည်။

ရုပ်အာဟာရပစ္စည်းတွင် ကဗဠီကာရ အာဟာရဟု ခေါ်ဆိုအပ်သော ဩဇာရုပ်သည် ရူပကာယ တည်းဟူသော စတုသမုဋ္ဌာနိက ရုပ်အပေါင်းအား အာဟာရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ကိုသိခဲ့ပြီ။ ဤသို့ ကျေးဇူးပြုရာတွင် ပစ္စည်းနှင့် ပစ္စယုပ္ပန် နှစ်မျိုးလုံးပင်(ဌီအခိုက်) ထင်ရှားရှိနေဆဲမှာပင် ကျေးဇူးပြုသဖြင့် အတ္ထိသတ္တိလည်း ပါသည်။

ဤသို့ ဩဇာရုပ်က ကျေးဇူး ပြုနေခြင်းသည် ဌီအခိုက်၌ ကျေးဇူးပြုခြင်းဖြစ်သောကြောင့် သဟဇာတမျိုးလည်း မဟုတ်။ ပစ္ဆာဇာတနှင့် ပုရေဇာတတို့ တွင်လည်း မသွင်းနိုင်။ ထို့ကြောင့် ယင်းအာဟာရပစ္စည်းကို အာဟာရတ္ထိဟု သီးခြားသတ်မှတ် ခေါ်ဆိုသည်။

# ကြောင်းကျိုးဆက်စပ်ပုံ

ဤအတ္ထိပစ္စည်းမှာ သီးခြားပစ္စည်းတစ်ခု မဟုတ်ပါ။ အတ္ထိပစ္စယ သတ္တိရှိသော (ထင်ရှားရှိဆဲ ကျေးဇူးပြုသော) ပစ္စည်းတို့ကို ဆိုခဲ့ပြီးသော ပစ္စည်းတို့မှ ရွေးကောက်စုပေါင်းထားသော ပစ္စည်းဖြစ်သည်။ အတ္ထိ ပစ္စည်းမှာ ငါးမျိုးရှိသော်လည်း ပစ္စနိယဒ္ဒေသတွင်မူ အတ္ထိပစ္စည်းနှစ်မျိုးသာ ပြထားသည်။ ပစ္စယနိဒ္ဒေသမှာ အကျဉ်းဟောသော ဒေသနာဖြစ်၍ နမူနာအနေဖြင့် နှစ်မျိုးသာ ဟောထားခြင်းဖြစ်သည်ဟု ယူဆသင့်ပါသည်။ အောက်တွင် ငါးမျိုးလုံးကိုပင် တင်ပြပါမည်။

## (၁) သဟဇာတတ္ထိ

သဟဇာတပစ္စည်းနှင့် အတ္ထိပစ္စည်းတို့၏ ပထမပိုဒ် (၅)ပိုဒ်၏ ပါဠိအချင်းချင်း၊ နိဿယအချင်းချင်းကို နှိုင်းယှဉ်ဖတ်ကြည့်ပါ။

သဟဇာတ ပထမဦးဆုံးစာပိုဒ်တွင် (စတ္တာရော ခန္ဓာ အရူပိနော၊ အညမည် သဟဇာတပစ္စယေန ပစ္စယော) နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်း အတူတကွဖြစ်စေသော သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုထားသည်။ ဤသို့ ကျေးဇူးပြုသောအခါ နာမ်ခန္ဓာလေးပါးလုံးပင် (ပစ္စည်း ပစ္စယုပ္ပန်နှစ်မျိုးလုံးပင်) ထင်ရှားရှိနေဆဲ အခါမှာ ကျေးဇူးပြုနေသည်။

ဤသို့ ထင်ရှားရှိဆဲ ကျေးဇူးပြုသောကြောင့် (စတ္တာရော ခန္ဓာ အရူပိနော အညမည် အတ္ထိပစ္စယေန ပစ္စယော) နာမ်ခန္ဓာလေးပါးသည် အချင်းချင်း ထင်ရှားရှိသည်၏အဖြစ်၊ အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူး ပြုသည် ဟူ၍ အတ္ထိပစ္စည်းအနေဖြင့် ထပ်ဆင့်ဟောတော်မူခဲ့သည်။ သဟဇာတပစ္စယမှ ကျန်သော (၄)ပိုဒ်သည်လည်း ဆိုခဲ့ပြီးသည်နှင့် အလားတူပင် ဖြစ်သည်။

အထက်ပါ ရှင်းပြချက်အရ သဟဇာတပစ္စည်းသည်ပင် အတ္ထိ ပစ္စည်းဖြစ်နေသောကြောင့် သဟဇာတပစ္စည်းကိုပင် သဟဇာတတ္ထိ (သဟဇာတ+အတ္ထိ)ဟူ၍ နာမည်တစ်မျိုးဖြင့် ခေါ်ဆိုကြသည်။

## (၂) ပုရေဇာတတ္ထိ

(က) ဝတ္ထုပုရေဇာတတ္ထိ ပုရေဇာတ ပစ္စယ ပထမစာပိုဒ် (၅)ပိုဒ်နှင့် နောက်ဆုံးနှစ်ပိုဒ်ကို အတ္ထိပစ္စယ ဒုတိယစာပိုဒ်(၅)ပိုဒ်၊ နောက်ဆုံးစာပိုဒ်တို့နှင့် ယှဉ်၍ဖတ်ပါ။

ဝတ္ထုပုရေဇာတတွင် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟဒယ ဟူသော ဝတ္ထုရုပ်(၆)ပါးသည် မိမိတို့ အသီးသီးကို မှီ၍ ဖြစ်ကြသော စက္ခုဝိညာဏ်စသော ဝိညာဏဓာတ်(၇)ပါးတို့ မဖြစ်မီ ရှေးဦးစွာ ကြိုတင်ဖြစ်နှင့်၍ ကျေးဇူးပြုသည်ကို ရှင်းလင်းတင်ပြရာတွင် ဝတ္ထုရုပ်တို့သည် ဝိညာဏဓာတ်တို့ မဖြစ်မီ ကြိုတင်၍ ဖြစ်နှင့်ကြသော်လည်း မချုပ်မပျောက်သေးဘဲ (အတ္ထိသဘော) ထင်ရှားရှိနေဆဲမှာပင် ကျေးဇူးပြုကြောင်းကိုပါ တပါတည်း ပေါင်း၍ တင်ပြခဲ့ပါသည်။

ဤသို့ အရင်ဖြစ်နှင့်သော ဝတ္ထုရုပ်တို့က ဝိညာဏဓာတ်တို့အား ထင်ရှားရှိနေဆဲမှာပင် ကျေးဇူးပြုသောကြောင့် အတ္ထိပစ္စယ ဒုတိယ စာပိုဒ်(၅)ပိုဒ်နှင့် နောက်ဆုံးစာပိုဒ်ကို (အတ္ထိပစ္စည်း အနေဖြင့်) ထပ်ဆင့်၍ ဟောတော်မူခဲ့ခြင်း ဖြစ်သည်။

အထက်ပါ ရှင်းပြချက်အရ ဝတ္ထုပုရေဇာတ ပစ္စည်းသည်ပင် အတ္ထိပစ္စည်းဖြစ်သောကြောင့် ဝတ္ထုပုရေဇာတကို (ဝတ္ထုပုရေဇာတ+ အတ္ထိ) ဝတ္ထုပုရေဇာတတ္ထိဟု ခေါ်ကြသည်။

# အခန်း (၂၂)

## အတ္ထိပစ္စည်း

## ဒုတိယအစုံ

ပဋ္ဌာန်းပစ္စည်းသုံးစုံတွင် ပထမအစုံ (သပ္ပယုတ္တပစ္စည်းနှင့် ဝိပ္ပယုတ္တပစ္စည်း)ကို တင်ပြခဲ့ပြီးဖြစ်၍ ယခု ဒုတိယအစုံ (အတ္ထိပစ္စည်းနှင့် နတ္ထိပစ္စည်း)ကို ဆက်လက်တင်ပြပါမည်။

"အတ္ထိ"ဟူသော ပါဠိစကားက "ရှိသည်"ဟု အဓိပ္ပာယ်ရသဖြင့် အတ္ထိပစ္စည်းဆိုသည်မှာ ရှိသည်ဖြစ်၍ ကျေးဇူးပြုသောတရား (ဝါ) ရှိခြင်းအားဖြင့် ကျေးဇူးပြုသောတရားဖြစ်သည်။ နတ္ထိပစ္စည်းဆိုသည်မှာ မရှိသည်ဖြစ်၍ ကျေးဇူးပြုသောတရား (ဝါ) မရှိခြင်းအားဖြင့် ကျေးဇူးပြုသောတရား ဖြစ်သည်။

ဥပါဒ် – ဠီ – ဘင်အားဖြင့် ထင်ရှားရှိဆဲ ကျေးဇူးပြုသောတရားသည် အတ္ထိပစ္စည်းဖြစ်၍ ထင်ရှားမရှိဘဲ ကျေးဇူးပြုသောတရားသည် နတ္ထိပစ္စည်းဖြစ်သည်ဟု ဆိုလိုသည်။ ဤသို့ ကျေးဇူးပြုသော သဘောတရားကို အောက်တွင် သာဓကတစ်ခုဖြင့် တင်ပြပါမည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀–ကျော်က ဂေါတမမြတ်စွာဘုရား ပွင့်တော်မူခဲ့သည်။ မြတ်စွာဘုရား သက်တော်ထင်ရှင်ရှားရှိစဉ်က ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ တို့အား တရားဓမ္မ အဆုံးအမဒေို့ကို

ဟောတော်မူခြင်းဖြင့် သတ္တဝါအများ လောကီ၊ လောကုတ္တရာ ချမ်းသာ သုခရသည်မှာ ထင်ရှားရှိဆဲ ကျေးဇူးပြုခြင်းဖြစ်သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့် နောက်တွင်လည်း ဟောတော်မူခဲ့ပြီးသော တရားဒေသနာတို့က ယနေ့အထိ လူအများတို့အား ချမ်းသာရေး၊ ကောင်းစားရေးတို့ကို ဖြစ်ထွန်းစေသည်မှာ ထင်ရှားမရှိဘဲ ကျေးဇူး ပြုခြင်း ဖြစ်သည်။

## အတ္ထိပစ္စည်းနှင့်မြေကြီး

အတ္ထိပစ္စည်းသည် ထင်ရှားရှိဆဲ၌ ကျေးဇူးပြုသည်ဟုဆိုရာ၌ ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရား နှစ်မျိုးလုံးပင် ကျေးဇူးပြုခိုက်၌ (ဥပါဒ်-ဌီ-ဘင်အားဖြင့်)ထင်ရှားရှိနေသည်ဟု ဆိုလိုသည်။ ထို့ကြောင့် အတ္ထိပစ္စည်းကို မြေကြီးမြင်းမိုရ်တောင်နှင့်တူသည်ဟု ဆိုကြသည်။

မြေကြီးမြင်းမိုရ်တောင်တို့သည် မိမိတို့ ထင်ရှား ရှိခိုက်တွင် မိမိအပေါ်၌ ပေါက်ရောက်သော (ထင်ရှားရှိသော) သစ်ပင်တို့အား စိမ်းလန်းရှင်သန်စေရန် ထောက်ပံ့သကဲ့သို့ ဤအတူပင် အတ္ထိပစ္စည်း တပ်သော တရားတို့သည် မိမိတို့ ထင်ရှားရှိခိုက်မှာ မိမိတို့ကဲ့သို့ ထင်ရှားရှိနေသော တရားတို့ကို ထောက်ပံ့သမှု ကျေးဇူးပြုသည်။

## အတ္ထိပစ္စယသတ္တိ

မြေကြီးမြင့်မိုရ်တောင် တို့သည် မိမိတို့ ထင်ရှားရှိခိုက်တွင် မိမိတို့အပေါ်၌ ပေါက်နေသော ထင်ရှားရှိသော သစ်ပင်တို့အား စိမ်းလန်းရှင်သန်စေအောင် ထောက်ပံ့သကဲ့သို့ မိမိတို့ ထင်ရှားရှိခိုက်မှာ ထောက်ပံ့သမှု ကျေးဇူးပြုတတ်သော တရားတို့၏ သတ္တိထူးသည် အတ္ထိသတ္တိမည်၏။

ဇိဝှါဝိညာဏ်စိတ် = ဇိဝှါပသာဒကိုမှီ၍ဖြစ်သောစိတ်၊
ကာယဝိညာဏ်စိတ် = ကာယပသာဒကိုမှီ၍ဖြစ်သောစိတ်၊
ဒုက္ခသဟဂုတ် = ဒုက္ခဝေဒနာ (ကိုယ်ခန္ဓာ၌ ဆင်းရဲ ခံစားခြင်း)နှင့်တကွဖြစ်သော၊
သမ္ပဋိစ္ဆိုင်းစိတ် = စက္ခုဝိညာဏ် စသော ဝိညာဏ်ငါးပါးတို့ ယူပြီးသည့် အာရုံကို လက်ခံသိမ်းပိုက်သောစိတ်၊

## အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် - ၁
၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်- ၁
၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် - ၁
၄။ ဥပေက္ခာသဟဂုတ် ဇိဝှါ ဝိညာဏ်စိတ် - ၁
၅။ ဥပေက္ခာသဟဂုတ် ကာယဝိညာဏ်စိတ် - ၁
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် - ၁
၇။ သောမနဿသဟဂုတ် သန္တီရဏစိတ် - ၁
၈။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် - ၁

သုခသဟဂုတ် = သုခဝေဒနာ (ကိုယ်ခန္ဓာ၌ ချမ်းသာခံစားခြင်း) နှင့်တကွဖြစ်သော၊

အကုသလဝိပါက်စိတ်(၇)ပါးနှင့် အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး နှစ်ရပ်ပေါင်း (၁၅)ပါးကို အဟိတ်ဝိပါက်စိတ် (၁၅)ပါးဟု ခေါ်သည်။

## ဒွေးပဉ္စဝိညာဏ်(၁၀)

အကုသလဝိပါက် စိတ်(၇)ပါးတွင်ပါဝင်သော ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်နှင့် အဟိတ်ကုသဝိပါက်စိတ် (၈)ပါးတွင်

တို့နှင့်မယှဉ်။ ပဋိဃနှင့်သာ ယှဉ်သည်။ ထို့ကြောင့် ပဋိဃသမ္ပယုတ်စိတ်မှာ အခြားသောတရားတို့နှင့်အတူဖြစ်ခြင်း၊ ယှဉ်ခြင်း မရှိဘဲ ဒုက္ခဝေဒနာနှင့်သာ အတူဖြစ်၍ ဒေါသစေတသိက်နှင့်သာ ယှဉ်ခြင်းဖြစ်၏။)

## မောဟမူစိတ်(၂)ပါး

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် - ၁

၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စ သမ္ပယုတ်စိတ် - ၁

(အလွန်တွေဝေမိန်းမောသောကြောင့် မောဟမူစိတ်ဟုလည်းခေါ်သည်။)

ဝိစိကိစ္ဆာ=သို့လောသို့လောတွေးတောယုံမှားခြင်း၊မဆုံးဖြတ်နိုင်မှု။

ဥဒ္ဓစ္စ =စိတ်မငြိမ်မသက် တုန်လှုပ်ခြင်း၊ ပျံ့လွင့်ခြင်း။

## အကုသလဝိပါက်စိတ်(၇)ပါး

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် - ၁

၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် - ၁

၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် - ၁

၄။ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ် - ၁

၅။ ဥပေက္ခာသဟဂုတ် ကာယဝိညာဏ်စိတ် - ၁

၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် - ၁

၇။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် - ၁

စက္ခုဝိညာဏ်စိတ် = စက္ခုပသာဒကိုမှီ၍ဖြစ်သောစိတ်၊

သောတဝိညာဏ်စိတ် =သောတပသာဒကိုမှီ၍ဖြစ်သောစိတ်၊

ဃာနဝိညာဏ်စိတ် = ဃာနပသာဒကိုမှီ၍ဖြစ်သောစိတ်၊

သောမနဿသဟဂုတ် = သောမနဿဝေဒနာ (သာယာဘွယ်သဘောကို ခံစားခြင်း၊ စိတ်ချမ်းသာခံစားခြင်း)နှင့်တကွဖြစ်သော၊

ဒိဋ္ဌိဂတသမ္ပယုတ် = မိစ္ဆာဒိဋ္ဌိ (အမှားမြင်ခြင်း)နှင့်ယှဉ်သော၊

အသင်္ခါရိက = တိုက်တွန်းခြင်းမရှိဘဲဖြစ်သော၊

သသင်္ခါရိက = တိုက်တွန်းခြင်းရှိ၍ ဖြစ်သော၊

ဒိဋ္ဌိဂတဝိပ္ပယုတ် = မိစ္ဆာဒိဋ္ဌိ (အမှားမြင်ခြင်း)နှင့် မယှဉ်သော၊

ဥပေက္ခာသဟဂုတ် = ဥပေက္ခာဝေဒနာ (သာယာသည်လည်းမဟုတ်၊ မသာယာသည်လည်း မဟုတ်၊ လျစ်လျူရှုသောအားဖြင့်ခံစားခြင်း)နှင့်တကွ ဖြစ်သော၊

(လောဘမူစိတ်ဖြစ်ရာ၌ နှစ်သက်ဝမ်းမြောက်ပါလျှင် သောမနဿသဟဂုတ်ဖြစ်၏။ လျစ်လျူရှုပါလျှင်၊ ဥပေက္ခာသဟဂုတ် ဖြစ်၏။ အပြစ်မရှိဟု ယူဆပါက ဒိဋ္ဌိဂတ သမ္ပယုတ်ဖြစ်၏။ အပြစ်ရှိသည်ဟု ယူဆပါက ဒိဋ္ဌိဂတဝိပ္ပယုတ် ဖြစ်၏။ တိုက်တွန်းမှု မပြုရလျှင် အသင်္ခါရိကဖြစ်၏။ တိုက်တွန်းမှုပြုရလျှင် သသင်္ခါရိက ဖြစ်၏။)

# ဒေါသမူစိတ်(၂)ပါး

၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက စိတ်- ၁

၂။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက စိတ်- ၁

(ဤစိတ်(၂)ပါးကို ပဋိဃသမ္ပယုတ်စိတ်ဟုလည်း ခေါ်သည်။)

ဒေါမနဿသဟဂုတ် = ဒေါမနဿဝေဒနာ (နှလုံးမသာမယာခံစားခြင်း)နှင့်တကွ ဖြစ်သော၊

ပဋိဃသမ္ပယုတ် = ဒေါသနှင့်ယှဉ်သော။

(သတ်ပုတ်ညှဉ်းဆဲခြင်းပြုခိုက်မှာ သောမနဿလည်း မဖြစ်။ ဥပေက္ခာလည်းမဖြစ်။ ဒေါမနဿသာဖြစ်သည်။ ထို့အတူ ဒိဋ္ဌိစသည့်

# နောက်ဆက်တွဲ

# စိတ် - စေတသိက် - ရုပ်

## အပိုင်း (၂)

## ဘုံအားဖြင့် ခွဲခြားပြခဲ့သော စိတ်အသီးသီးကို ပြဆိုခြင်း

### လောဘမူစိတ် (၈)ပါး

၁။ သောမနဿသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ်အသင်္ခါရိကစိတ်– ၁
၂။ သောမနဿ သဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ်သသင်္ခါရိကစိတ်– ၁
၃။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်– ၁
၄။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်– ၁
၅။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်– ၁
၆။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်– ၁
၇။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် – ၁
၈။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်– ၁

(လောဘနှင့်တကွဖြစ်ခြင်းကြောင့် ဤစိတ်ကို လောဘသဟဂုတ်စိတ်ဟုလည်း ခေါ်သည်။ လောဘစေတသိက်နှင့်ယှဉ်ခြင်းပင်ဖြစ်သည်။)

# နိဂုံး

ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ကြောင်းကျိုးဆက်စပ်ပုံဟု ဆိုအပ်သော "ပဋ္ဌာန်းပစ္စယနိဒ္ဒေသအဖွင့်"သည် ဤတွင် ပြီးဆုံးခြင်းသို့ ရောက်ပါပြီ။ ဤစာအုပ်မျိုးမှာ ကာလပေါ်ဝတ္ထုစာအုပ်မျိုးကဲ့သို့ တစ်ကြိမ်ဖတ် စာအုပ်မျိုး မဟုတ်ပါ။ ထို့ကြောင့် တစ်ကြိမ် ဖတ်ရုံမျှနှင့် နားမလည်သေးပါက ဂရုစိုက်၍ ထပ်ကာထပ်ကာ ဖတ်ပါ။ မှတ်ပါ။ ပြန်လည်စဉ်းစားပါ။ ဤသို့ဆိုလျှင် တစ်ကြိမ်ထက် တစ်ကြိမ် ပို၍ နားလည်လာပါလိမ့်မည်။ ဤသို့ လေ့လာပါလျက်နှင့် နားမလည်သေးသော အချက်အလက် အကြောင်းအရာများ ရှိသေးပါက တတ်သိကျွမ်းကျင်သော ဆရာသမား၊ ဓမ္မမိတ်ဆွေများအား မေးမြန်းဆွေးနွေးပါဟု တိုက်တွန်းအပ်ပါသည်။

ဤနိဿယအဖွင့်ကို စီစဉ်ရေးသားသူမှာ ပရိယတ် ပဋိပတ် ကျွမ်းကျင်သူ မဟုတ်ပါ။ ပညာပါရမီ ဖြည့်ဆည်းသည့် အနေဖြင့် ကြိုးကြိုးစားစား စီစဉ်ရေးသားခြင်း ဖြစ်ပါသည်။ ကျွမ်းကျင်တတ်သိ ပညာရှိဆရာသမားတို့၏ သုတ်သင်ပြင်ဆင်မွမ်းမံခြင်းတို့ကို မြတ်မြတ်နိုးနိုး ရိုရိုသေသေ ခံယူလိုပါသည်။ မေတ္တာကရုဏာ ရှေ့ထား၍ ချီးမြှင့်တော်မူကြပါရန် လေးစားစွာ ပန်ကြားအစီရင်ခံအပ်ပါသည်။

ဒါနပါရမီ ဖြည့်သည့် အနေဖြင့်လည်း ဤနိဿယအဖွင့်ကို တတ်အားသမျှ ရိုက်နှိပ်လှူဒါန်းပါသည်။ ဤသို့ပြုရ မြတ်ပုညကို အမြတ်တနိုး အလေးအနက် အမျှပေးဝေပါ၏။ ကျွန်ုပ်နှင့် ထပ်တူထပ်မျှ ပြည့်ပြည့်ဝဝ အမျှရကြပါစေသတည်း။

**"ဦးတင်မောင်"**

# ပြန်လည်သုံးသပ်ခြင်း

အတ္ထိနှင့်အဝိဂတ တူ/ မတူ။ အတ္ထိနှင့်အဝိဂတတွင် သတ္တိချင်း မတူဟု အချို့က ယူဆကြသည်။ ဤသို့ ယူဆသူတို့က အတ္ထိသတ္တိ ဆိုသည်မှာ ဥပါဒ် -ဌီ-အင်အားဖြင့် ထင်ရှားရှိပြီး ကျေးဇူးပြုခြင်း ဖြစ်သည်။ အဝိဂတသတ္တိမှာမူကား ထင်ရှားရှိပြီး သဘောအားဖြင့် မကင်းသေး၊ မချုပ်သေးဘဲ ကျေးဇူးပြုခြင်း ဖြစ်သည်။ တရားကိုယ် အရ တူသော်လည်း သတ္တိချင်း ကွာခြားသောကြောင့် အတ္ထိနှင့် အဝိဂတ ဟူ၍ နှစ်မျိုးခွဲခြား၍ ဟောတော်မူသည်။ အလွန်နက်နဲသော သဘောတရားများ ဖြစ်သဖြင့် တရားနာ နတ်ဗြဟ္မာတို့ တိကျပြည့်စုံစွာ နားလည်သဘောပေါက်လိုသောကြောင့် ဖြစ်သည်ဟု ဆိုကြသည်။

အချို့ဆရာတို့မူကား "အတ္ထိနှင့် အဝိဂတသည် အတူတူပင် ဖြစ်သည်။ ဤသို့တူပါလျက် အတ္ထိကိုဟောပြီး အဝိဂတကို ဟောရ သည်မှာ တရားနာပုဂ္ဂိုလ်တို့ အဇ္ဈာသယအားဖြင့် ဖြစ်သည်။ အတ္ထိ ပစ္စည်းဟောစဉ်က သဘောမပေါက်သေးသူတို့ အတွက် အဝိဂတ ပစ္စည်းကို ထပ်ဆင့်ဟောရသည်ဟု ဆိုကြသည်။

အချုပ်အားဖြင့်ဆိုသော် အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းသည် လည်းကောင်း၊ နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်းသည် လည်းကောင်း၊ ပစ္စည်းအမည်သာ ကွဲလွဲသည် ဆိုလိုရင်း အဓိပ္ပာယ်က အတူတူပင် ဖြစ်သည်။ ပစ္စည်းတစ်ခု၏ သဘောအဓိပ္ပာယ်ကို အခြား ပစ္စည်း တစ်ခု၏ သဘောအဓိပ္ပာယ်က ထပ်ဆင့်ရှင်းလင်းရာရောက်သည်။ ပစ္စည်းတရားအချင်းချင်း၊ ပစ္စယုပ္ပန်တရား အချင်းချင်း အတူတူပင် ဖြစ်သည်ဟု မှတ်သားထားသင့်သည်။

* * *

# အဝိဂတသတ္တိ

မဟာသမုဒ္ဒရာသည် မိမိမခန်းခြောက်ခြင်းအားဖြင့် မိမိ၌တည်ရှိသော ငါး၊ လိပ်တို့ကို ကျေးဇူးပြုသကဲ့သို့ ပစ္စည်း တို့သည် မိမိ မချုပ်ပျောက်သေး၊ မကင်းသေးသည်၏ အဖြစ်ဖြင့် ပစ္စယုပ္ပန်တရားတို့ကို ကျေးဇူးပြုတတ်သော သတ္တိထူးကို အဝိဂတသတ္တိဟုခေါ်သည်။

## ကြောင်းကျိုးဆက်စပ်ပုံ

အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့၏ နိဒ္ဒေသတွင် (အတ္ထိပစ္စယေန ပစ္စယော = ထင်ရှားရှိခြင်း သတ္တိပစ္စယဖြင့် ကျေးဇူးပြုသည်) နှင့် (အဝိဂတပစ္စယေန ပစ္စယော = မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။) ဤနှစ်ချက်မှာ ကွဲလွဲနေသော်လည်း ဆိုလိုရင်း အတူတူဖြစ်သည်။

ပစ္စည်းတရား အချင်းချင်း ပစ္စယုပ္ပန်တရား အချင်းချင်းမှာ အတူတူပင်ဖြစ်၍ ဤအဝိဂတပစ္စည်းတွင် ကြောင်းကျိုးဆက်စပ်ပုံကို ရှင်းပြရန် မလိုတော့ပါ။ အတ္ထိပစ္စည်းနှင့် အတူတူပင်ဖြစ်သည်။

ဤအဝိဂတပစ္စည်း (ပါဠိတော်နှင့်နိဒ္ဒေသ)တွင် သဟဇာတ အဝိဂတနှင့် ပုရေဇာတ အဝိဂတ။ ဤနှစ်မျိုးသာ ပါနေသဖြင့် (အတ္ထိပစ္စည်းမှာကဲ့သို့ပင်) ပစ္ဆာဇာတ အဝိဂတ၊ အာဟာရ အဝိဂတ၊ ဣန္ဒြိယ အဝိဂတတို့ကို ဖြည့်စွက်ကောက်ယူရပါသည်။

အဝိဂတပစ္စည်း ပစ္စယုပ္ပန်သည် အတ္ထိနှင့်တူသည်။

* * *

# အခန်း (၂၄)

## အဝိဂတပစ္စည်း

### အဝိဂတပစ္စည်းအဓိပ္ပါယ်

အတ္ထိနှင့်နတ္ထိသည် တစ်ခုနှင့်တစ်ခု ပြောင်းပြန် ဖြစ်သကဲ့သို့ ဝိဂတနှင့်အဝိဂတသည်လည်း တစ်ခုနှင့်တစ်ခု ပြောင်းပြန်ဖြစ်သည်။ "ဝိဂတ" သဒ္ဒါက "ချုပ်ကင်းခြင်း၊ ကင်းပျောက်ခြင်း" အနက်ကို ဟော၍ "အဝိဂတ" သဒ္ဒါက "မကင်းခြင်း၊ မချုပ်ခြင်း" အနက်ကို ဟောသည်။ ထို့ကြောင့် မကင်းသေးသောအားဖြင့် ကျေးဇူးပြုခြင်းသည် အဝိဂတပစ္စည်း ဖြစ်သည်။ ဤအဝိဂတပစ္စည်း၏ အဓိပ္ပာယ်ကို ဆရာတို့က အောက်ပါ ဥပမာဖြင့် ရှင်းပြကြသည်။

မဟာသမုဒ္ဒရာသည် မိမိ၌တည်ရှိသော ငါး၊ လိပ် စသည်တို့အား မိမိမကင်းသေး၊ မချုပ်သေးသမျှသော ကာလပတ်လုံး အေးအေးမြမြ တည်နေဖို့ရန် ကျေးဇူးပြုသကဲ့သို့ ပစ္စည်းတရားသည် မိမိ မကင်းသေး၊ မချုပ်သေးသည်၏ အဖြစ်ဖြင့် ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုခြင်း သည် အဝိဂတပစ္စည်း မည်၏။

ပေးခြင်း ဖြစ်သည်။ ဝိဂတပစ္စည်းမှုကား မရှိရုံမျှမက သတ္တိအားဖြင့်လည်း ကင်းခြင်းအားဖြင့် ဖြစ်ခွင့်ပေးခြင်း ဖြစ်သည်။ ဝိဂတက မရှိတော့ပေမယ့်လည်း သဘောတရားအားဖြင့် မကင်းသေးလျှင် ဖြစ်ခွင့်မရပါ။ သဘောသဘာဝသတ္တိလည်း ကင်းမှသာလျှင် ဖြစ်ခွင့်ပေးခြင်း ဖြစ်သည်။

ဤသို့ သတ္တိကွာခြားမှုကြောင့်သာလျှင် တရားကို အရတူသော်လည်း နတ္ထိနှင့်ဝိဂတ နှစ်မျိုးခွဲခြား၍ဟောသည်။ တရားနာပုဂ္ဂိုလ်တို့၏ အစ္ဈာသယ (ဝါ) အသိဉာဏ်စွမ်းရည်ကြောင့် မဟုတ်ဟု ဆိုကြသည်။

အချို့ဆရာများကမူကား နတ္ထိနှင့်ဝိဂတ အတူတူပင်ဖြစ်သည်။ ဤသို့ အတူတူပင်ဖြစ်သော်လည်း နတ္ထိပစ္စည်းကို ဟောပြီးနောက် ဝိဂတပစ္စည်းကို ထပ်ပြီးဟောရသည်မှာ တရားနာ ဝေနေယျသတ္တဝါတို့၏ အလိုအစ္ဈာသယအားဖြင့် ဟောရသည်။ တရားနာပရိသတ်၊ ဗြဟ္မာပရိသတ်တို့တွင် နတ္ထိနှင့်ဟောစဉ်က သဘော မပေါက်သေးဘဲ ကျန်နေသော တရားနာပရိသတ် တို့အတွက် ဝိဂတကို ထပ်ပြီး ဟောရသည်ဟု ဆိုကြသည်။

* * *

# ကြောင်းကျိုးဆက်စပ်ပုံ

နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်းတို့၏ နိဿယကို နှိုင်းယှဉ်ဖတ်ရှုလျှင် နတ္ထိပစ္စည်း၌တွေ့ရသော နိရုဒ္ဓါ = ချုပ်ကုန်ပြီးသော ဟူသောစကားနှင့် ဝိဂတ = ကင်းကုန်ပြီးသော ဟူသောစကားလုံး အသုံးမတူသော်လည်း ဆိုလိုရင်း အဓိပ္ပာယ်မှာ အတူတူပင် ဖြစ်သည်။ "မရှိတော့ခြင်း"ကို ဆိုလိုသည်။ ဤပစ္စည်းနှစ်ခု၏ ပစ္စည်းတရားအချင်းချင်း ပစ္စယုပ္ပန်တရား အချင်းချင်းလည်း တူကြသည်။ ဝိဂတပစ္စည်းတရား၏ ကျေးဇူးပြုပုံ (ကြောင်းကျိုးဆက်စပ်ပုံ)ကို ရှင်းပြရန်မလိုပါ။ နတ္ထိပစ္စည်းသည် နန္တရပစ္စည်းနှင့် တူသကဲ့သို့ပင် ဝိဂတပစ္စည်းသည်လည်း အနန္တရပစ္စည်းနှင့် တူသည်သာဖြစ်သည်။

# ဝိဂတပစ္စည်း ပစ္စယုပ္ပန်

ဝိဂတပစ္စည်း ပစ္စယုပ္ပန်သည် အနန္တရနှင့်တူသည်။

* * *

# ပြန်လည်သုံးသပ်ခြင်း

နတ္ထိနှင့် ဝိဂတပစ္စည်းတရား တို့သည် တရားကိုယ်အားဖြင့် ပစ္စည်းတရားအချင်းချင်း၊ ပစ္စယုပ္ပန်တရားအချင်းချင်း တူကြသော်လည်း သတ္တိအားဖြင့် မတူကြဟု အချို့က ယူဆကြသည်။ ဤသို့ယူဆကြသူတို့၏ အကြောင်းပြချက်မှာ ဤသို့ဖြစ်၏။

နတ္ထိပစ္စည်းသည် မရှိသောအားဖြင့် ကျေးဇူးပြုသည်။ ဝိဂတပစ္စည်းမှုကား ကင်းသောအားဖြင့် ကျေးဇူးပြုသည်။ ဆိုလိုသည့် အဓိပ္ပာယ်မှာ နတ္ထိပစ္စည်းက မရှိတဲ့အနေဖြင့် (မရှိရုံမျှဖြင့်) ဖြစ်ခွင့်

# အခန်း (၂၄)

# ဝိဂတပစ္စည်း

## ဝိဂတပစ္စည်းအဓိပ္ပါယ်

"ဝိဂတ" ဟူသော ပါဠိစကားသည် "ကင်းခြင်း၊ ချုပ်ခြင်း၊ ချုပ်ပျောက်ခြင်း"ဟူ၍ အဓိပ္ပာယ်ရသည်။ သို့ဖြစ်၍ ချုပ်ကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုသောတရား (ဝါ) ကင်းမဲ့ချုပ်ပျောက်ခြင်းအားဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည် ဝိဂတပစ္စည်းမည်၏ဟု ဆိုကြသည်။ ဤဝိဂတပစ္စည်းအဓိပ္ပာယ်ကို နေဝင်ခြင်းသည် (ဝါ) နေရောင်ပျောက်ခြင်းသည် လရောင်လင်းဖို့ရန် ကျေးဇူးပြုခြင်းနှင့် တူသည်ဟု သရုပ်ဖော်ကြသည်။

## ဝိဂတသတ္တိ

အထက်တွင်ဆိုခဲ့သည့်အတိုင်း နေရောင်၏ပျောက်ကင်းခြင်း (နေဝင်ခြင်း)သည် လရောင်လင်းဖို့ရန် ကျေးဇူးပြုသကဲ့သို့ မိမိတို့ချုပ်ကင်းကွယ်ပျောက်ခြင်းဖြင့် နောက်နောက်သော တရားတို့အားဖြစ်ခွင့်ပေးမှု ကျေးဇူးပြုသော သတ္တိထူးကို ဝိဂတသတ္တိဟုခေါ်သည်။

* * *

အခြားမဲ့၌ ကောင်းစွာချုပ်ကုန်ပြီးသော စိတ်၊ စေတသိက်၊ နာမ်တရား တို့သည် နောက်ဆက်တစ်ဖန် ဖြစ်ကုန်သော စိတ်စေတသိက်နာမ် တရား တို့အား မရှိသော နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု အကျဉ်းမျှသာ ဟောတော်မူသည်။

(ဤဟောကြားချက်တွင် "နိရုဒ္ဓါ = ကောင်းစွာချုပ်ကုန်ပြီးသော" ဟူသောစကားသည် နတ္ထိ = မရှိတော့ခြင်း ဟူသော စကားနှင့် အဓိပ္ပာယ်တူ ဖြစ်သည်။)

နိဿယတွင် "စိတ္တစေတသိကာ ဓမ္မာ"ကို "စိတ်၊ စေတသိက် ဖြစ်ကုန်သော တရားတို့အား"ဟု မြန်မာမပြန်ဘဲ "စိတ်စေတသိက် ဖြစ်ကုန်သော ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော နာမက္ခန္ဓာတရား တို့သည်"ဟူ၍လည်းကောင်း "စိတ္တစေတသိကာနံ ဓမ္မာနံ"ကို "စိတ် စေတသိက် ဖြစ်ကုန်သော ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နာမ က္ခန္ဓာတို့အား"ဟူ၍လည်းကောင်း လိုအပ်သလိုဖြည့်စွက် အဓိပ္ပာယ် ဖော်ထုတ်ကာ မြန်မာပြန်ထားသည်။ ဤသို့ မြန်မာပြန်ထားခြင်း၏ အကြောင်းကို အနန္တရပစ္စည်း စာမျက်နှာ(၇၉)တွင် ပြခဲ့ပြီ။

ဤနတ္ထိပစ္စည်းမှာ အနန္တရပစ္စည်း၏ အကျဉ်းဖြစ်၍ အနန္တရ ပစ္စည်းနှင့် ဆိုလိုရင်းတူသောကြောင့် နတ္ထိပစ္စည်း၏ ကျေးဇူးပြုပုံ (ကြောင်းကျိုးဆက်စပ်ပုံ)ကို ရှင်းပြရန် မလိုတော့ပါ။ အနန္တရပစ္စည်းနှင့် အတူတူပင်ဖြစ်သည်။

## နတ္ထိပစ္စည်း၏ ပစ္စယုပ္ပန်

နတ္ထိပစ္စည်း ပစ္စယုပ္ပန်သည် အနန္တရနှင့်တူသည်။

* * *

# အနန္တရနှင့် နတ္ထိ

အနန္တရပစ္စည်းတွင် "နာမ်တရားတစ်ခုသည် မိမိ၏အခြားမဲ့တို့၌ နောက်က နာမ်တရားတစ်ခုကို ဆက်တိုက် အဆက်မပြတ်ဖြစ်စေဖို့ ကျေးဇူးပြုသည်ကို သိခဲ့ပြီ။ ဤသို့ ကျေးဇူးပြုခြင်းသည် မရှိတော့မှ ကျေးဇူးပြုခြင်းပင် ဖြစ်သည်ဟု ဆိုရာ ရောက်သည်။ ထို့ကြောင့် အနန္တရပစ္စည်းနှင့် အတ္ထိပစ္စည်းသည် လိုရင်းသဘော အတူတူပင် ဖြစ်သည်။ သို့ဖြစ်၍ နတ္ထိပစ္စည်းမှာ အနန္တရပစ္စည်းကိုပင် တစ်နည်းတစ်ဖုံ ဟောကြားထားခြင်း ဖြစ်သည်။ သတ္တိချင်း မတူသည်ကို သိစေရန် ဤသို့ ခွဲခြားဟောထားခြင်း ဖြစ်သည်။

အနန္တရတွင် မိမိ၏အခြားမဲ့၌ တစ်ဆက်တည်း ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေနိုင်စွမ်းသော သတ္တိရှိသည်။

နတ္ထိတွင်မူကား မိမိ မရှိတော့ခြင်းအားဖြင့် ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေနိုင်စွမ်းသော သတ္တိရှိသည်။

# ကြောင်းကျိုးဆက်စပ်ပုံ

အနန္တရပစ္စည်းတွင် နာမ်တရားတစ်ခုက မိမိ၏အခြားမဲ့၌ နောက်နောက်နာမ်တရား တစ်ခုကို ဆက်တိုက်ဖြစ်စေဖို့ ကျေးဇူးပြုရာ၌ မည်သည့်နာမ်တရားက မည်သည့်နာမ်တရားကို ကျေးဇူးပြုကြောင်းကို တရားနာပရိသတ်တို့ သိစေရန်ကို နာမ်တရားတို့၏ အမျိုးအမည်ကို (စက္ခုဝိညာဏ် စသည်ဖြင့်) ဖော်ထုတ်ကာ တိတိကျကျ ဟောတော်မူခဲ့ပြီး ဖြစ်သည်။ ဤနတ္ထိပစ္စည်းနှင့် အနန္တရပစ္စည်းမှာ လိုရင်းအဓိပ္ပာယ် တူသည်ဖြစ်၍ အကျဉ်းမျှဟောလျှင် တရားနာတို့ နားလည်သဘော ပေါက်နိုင်လောက်ပြီဖြစ်၍ အနန္တရပစ္စည်းမှာကဲ့သို့ အကျယ်မဟောတော့ဘဲ (သမနန္တရ နိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ---) မိမိ၏

# အခန်း (၂၃)

# နတ္ထိပစ္စည်း

## နတ္ထိပစ္စည်းအဓိပ္ပါယ်

"နတ္ထိ"ဟူသောသဒ္ဒါသည် "မရှိ"ဟူသောအနက်ကို ဟောသည်။ ထို့ကြောင့် နတ္ထိပစ္စည်းဆိုသည်မှာ မရှိသည်ဖြစ်၍ ကျေးဇူးပြုသော တရား မရှိခြင်းအားဖြင့် ကျေးဇူးပြုသောတရား ဖြစ်သည်ဟု ဆိုကြသည်။ မရှိတော့မှ ကျေးဇူးပြုသောတရားဟုလည်း ဆိုကြသေးသည်။

## ဆီမီး ဥပမာ

ဤသို့မရှိတော့မှ (မရှိခြင်းအားဖြင့်) ကျေးဇူးပြုခြင်း ဟူသော စကား၏အဓိပ္ပာယ်ကို နားလည်အောင် ဆရာတို့က ဆီမီးဥပမာဖြင့် ရှင်းပြကြသည်။ မရှိခြင်းအားဖြင့် ကျေးဇူးပြုခြင်းသည် ငြိမ်းသွားလေပြီးသော ဆီမီးက (ဆီမီးငြိမ်းသွားခြင်းက) အမိုက်မှောင်ဖြစ်စေရန် အခွင့်ပေးခြင်းနှင့် တူသည်ဟု ဆိုကြသည်။

## နတ္ထိသတ္တိ

ငြိမ်းသွားပြီးသောဆီမီးသည် အမိုက်မှောင်ကိုဖြစ်စေရန် အခွင့်ပေးသကဲ့သို့ မိမိတို့ မရှိခြင်းဖြင့် နောက်တရားတို့အား ဖြစ်စေရန် ကျေးဇူးပြုသော သတ္တိထူးသည် နတ္ထိသတ္တိ ဖြစ်သည်။

ပါဝင်သော ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်ကိုပေါင်း၍ ဤစက္ခုဝိညာဏ်စိတ် (၂)ခုကို "စက္ခုဝိညာဏ်ဒွေး"ဟု ခေါ်လေ့ရှိသည်။ ဤအတူသော တဝိညာဏ စသည်တို့မှာလည်း (၂)ပါးစီ ရှိသောကြောင့် သောတဝိညာဏ်ဒွေး၊ ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး၊ ကာယဝိညာဏ်ဒွေးဟု ခေါ်ကြသည်။

ဤသို့ စက္ခုဝိညာဏ် အစရှိသော ဝိညာဏ်စိတ်ငါးပါး (ပဥ္စဝိညာဏ်)မှာ စိတ်(၂)ပါး စီပြားသောကြောင့် ငါးပါးနှစ်လီစိတ်ပေါင်း (၁၀)ကို "ဒွေးပဥ္စဝိညာဏ် (၁၀)"ဟု ခေါ်လေ့ရှိ၏။

အထက်နည်းတူ အကုသိုလ်နှင့် ကုသိုလ်၊ ဝိပါက်ဝိညာဏ်တို့ကို အချင်းချင်းတွဲစပ်ကာ သမ္ပဋိစ္ဆိုင်း (၂)ပါးကို "သမ္ပဋိစ္ဆိုင်းဒွေး"ဟု ခေါ်သည်။ သန္တီရဏသုံးပါးကို သန္တီရဏသုံးပါးဟုပင် ခေါ်သည်။

## အဟိတ် ကြိယာစိတ် (၃)

၁။ ဥပေက္ခာ သဟ ဂုတ် ပဉ္စဒွါရာဝဇ္ဇန်း စိတ် - ၁

၂။ ဥပေက္ခာ သဟ ဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် - ၁

၃။ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် - ၁

ပဉ္စဒွါရာဝဇ္ဇန်း စိတ် = စက္ခုအစရှိသော ဒွါရငါးပါး၌ ထင်လာသောအာရုံငါးပါးကို နှလုံးသွင်းတတ် ဆင်ခြင်တတ်သောစိတ်။

မနောဒွါရ ဝဇ္ဇန်း စိတ် = မနောဒွါရ၌ ထင်လာသောအာရုံ (၆) ပါးကို နှလုံးသွင်း ဆင်ခြင်တတ်သောစိတ်၊

ဟသိတုပ္ပါဒ်စိတ်= ပြုံးရယ်ခြင်းကို ဖြစ်စေတတ်သောစိတ်။

ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရ ဝဇ္ဇန်းဟူသော အာဝဇ္ဇန်း(၂) ပါးကို "အာဝဇ္ဇန်းဒွေး"ဟုခေါ်သည်။

# ကာမဝစရ ကုသိုလ်စိတ် (၈)-ပါး
# (မဟာကုသိုလ်စိတ်)

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်- ၁
၂။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်-၁
၃။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက စိတ် - ၁
၄။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက စိတ်- ၁
၅။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ် - ၁
၆။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက စိတ် - ၁
၇။ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက စိတ် - ၁
၈။ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက စိတ် - ၁

ဤကား မဟာကုသိုလ်စိတ်၏ သရုပ်ဖြစ်၏။ မဟာဝိပါက်နှင့် မဟာကြိယာတို့၏ သရုပ်တို့လည်း ဤအတိုင်းပင် (၈) ပါးစီ ရှိကြသည်။ မဟာကုသိုလ်ဟူသော ခေါင်းစဉ်းတွင် မဟာဝိပါက် ဟူ၍လည်းကောင်း မဟာကိယာဟူ၍လည်းကောင်း ပြောင်းလဲလိုက်လျှင် မဟာဝိပါက်စိတ်နှင့် မဟာကြိယာစိတ်တို့ ဖြစ်သွားကြမည်။

ဉာဏသမ္ပယုတ် = ဉာဏ်နှင့်ယှဉ်သော
ဉာဏဝိပ္ပယုတ် = ဉာဏ်နှင့်မယှဉ်သော

# ရူပကုသိုလ် (၅) ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ငါးပါးနှင့်တကွဖြစ်သော ပထမဈာန် ရူပကုသိုလ်စိတ်
၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါလေးပါးနှင့် တကွဖြစ်သော ဒုတိယဈာန် ရူပကုသိုလ်စိတ်။

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါသုံးပါးနှင့်တကွဖြစ်သော တတိယဈာန် ရူပကုသိုလ်စိတ်။

၄။ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တစ်ကွဖြစ်သော စတုတ္ထဈာန် ရူပကုသိုလ်စိတ်။

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သော ပဥ္စမဈာန် ရူပကုသိုလ်စိတ်။

## ရူပဝိပါက်နှင့် ရူပကြိယာ

အထက်ပါ စကားရပ်တို့တွင် ပါဝင်သော "ကုသိုလ်" ဟူသော စကားအစား "ဝိပါက်"ဟူ၍ လည်းကောင်း၊ ကိရိယာဟူ၍ လည်းကောင်း ပြောင်းလဲပေးခြင်းဖြင့် ရူပ ဝိပါက်စိတ် (၅)ပါးနှင့် ရူပ ကြိယာစိတ်(၅)ပါး ရပါလိမ့်မည်။

**မှတ်ချက်** ။ ။(၁) ဝိတက် = အာရုံဆီသို့ရောက်အောင် ရှေ့ရှုတင်မှု။
(၂) ဝိစာရ = သုံးသပ်မှု (၃) ပီတိ= နှစ်သက်မှု။
(၄) သုခ = သာယာချမ်းမြေ့စွာခံစားမှု။
(၅) ဧကဂ္ဂတာ= တည်ကြည်မှု။

ဤစေတသိက် (၅)ပါးသည် ဈာန်အင်္ဂါ (၅)ပါး မည်၏။ အာရုမဆီသို့ စူးစူးစိုက်စိုက် ကပ်၍ရှုတတ်သောကြောင့်လည်းကောင်း ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို ဖယ်ရှား လောင်ကြွမ်းတတ်သော ကြောင့် လည်းကောင်း ဈာန်မည်၏။ အစိတ်အပိုင်းသည် အင်္ဂါမည်၏။ ဈာန်၏ အစိတ်အပိုင်းကို ဈာန်အင်္ဂါဟုခေါ်သည်။

## အရူပကုသိုလ်စိတ် (၄) ပါး

၁။ အာကာသာနဉ္စာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်

၂။ ဝိညာဏဉ္စာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်
၃။ အာကိဉ္စညာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်
၄။ နေဝသညာ နာသညာယတန ဈာန်နှင့်ယှဉ်သောကုသိုလ်စိတ်

အထက်ပါတင်ပြချက်တွင် “ကုသိုလ်” ဟူသော စကားအစား “ဝိပါက်” ဟူ၍လည်းကောင်း “ကြိယာ” ဟူ၍လည်းကောင်း ပြောင်းလိုက်လျှင် အရူပဝိပါက်စိတ် (၄)ပါးနှင့် အရူပကြိယာစိတ် (၄)ပါး ရသည်။

**အကျဉ်းမှတ်ရန်။** အာကာသာနဉ္စာယတနစိတ်သည် ကောင်းကင်ပညတ်ကို အာရုံပြုသည်။ ဝိညာဏဉ္စာယတနစိတ်သည် အာကာသာနဉ္စာယတနစိတ်ကို အာရုံပြုသည်။ အာကိဉ္စညာယတနစိတ်သည် အာကာသာနဉ္စာယတနစိတ်၏ မရှိခြင်း၊ နတ္ထိဘောပညတ်ကို အာရုံပြုသည်။ နေဝသညာ နာသညာယတနစိတ်သည် အာကိဉ္စညာယတနစိတ်ကို အာရုံပြုသည်။

## လောကုတ္တရာစိတ် (၈)ပါး

မဂ် (မဂ္ဂ)ဟူသည် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ စသော မဂ္ဂင်ရှစ်ပါး တရားအပေါင်းကို ဆိုလိုသည်။ ယင်းမဂ်နှင့်ယှဉ်သောစိတ်ကို မဂ်စိတ်ဟု ခေါ်သည်။

ဖိုလ် (ဖလ) ဟူသည်မှာ အကြောင်းဖြစ်သော မဂ်စိတ်၏ အခြားမဲ့၌ ကပ်၍ဖြစ်သော အကျိုးတရားဖြစ်သည်။ ယင်းဖိုလ်နှင့်ယှဉ်သော စိတ်ကို ဖိုလ်စိတ်ဟု ခေါ်သည်။

မဂ်စိတ်သည် အကြောင်းဖြစ်သောစိတ်ဖြစ်၍ ကုသိုလ်စိတ်မျိုး ဖြစ်သည်။ ဖိုလ်စိတ်သည် အကျိုးဖြစ်သော စိတ်ဖြစ်၍ ဝိပါက်စိတ်မျိုး ဖြစ်၏။

| မဂ်စိတ်(ကုသိုလ်စိတ်)၄ပါး | ဖိုလ်စိတ် (ဝိပါတ်စိတ်) ၄ပါး |
|---|---|
| ၁။ သောတပတ္တိမဂ်စိတ် | ၁။ သောတာပတ္တိဖိုလ်စိတ် |
| ၂။ သကဒါဂါမိမဂ်စိတ် | ၂။ သကဒါဂါမိဖိုလ်စိတ် |
| ၃။ အနာဂါမိမဂ်စိတ် | ၃။ အနာဂါမိဖိုလ်စိတ် |
| ၄။ အရဟတ္တမဂ်စိတ် | ၄။ အရဟတ္တဖိုလ်စိတ် |

## မဂ်စိတ် (၄)ပါး၏ အဓိပ္ပါယ်

၁။ သောတပတ္တိမဂ်ဟူသည် ရေအယဉ်နှင့်တူသော အရိယအဋ္ဌင်္ဂိက မဂ်သို့ ရှေဦးစွာ ရောက်ခြင်းဖြင့် ရအပ်သောမဂ်ဖြစ်၏။ ယင်း သောတာပတ္တိမဂ်နှင့် ယှဉ်သောစိတ်သည် သောတာပတ္တိမဂ်စိတ် ဖြစ်သည်။

၂။ ဤကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တစ်ကြိမ်သာပြန်လာသော ပုဂ္ဂိုလ်၏ မဂ်နှင့်ယှဉ်သောစိတ်သည် သကဒါဂါမိမဂ်စိတ်ဖြစ်၏။

၃။ ဤကာမ မဘုံသို့ ပဋိန္ဓေအားဖြင့် မပြန်လာသော ပုဂ္ဂိုလ်၏ မဂ်နှင့်ယှဉ်သောစိတ်သည် အနာဂါမိ မဂ်စိတ် မည်၏။

၄။ ရဟန္တာပုဂ္ဂိုလ်၏ အဖြစ်တည်း ဟူသော အရဟတ္တဖိုလ်၏ အကြောင်းဖြစ်သော မဂ်နှင့်ယှဉ်သောစိတ်သည် အရဟတ္တမဂ်စိတ် မည်၏။

## ဖိုလ်စိတ် (၄)ပါး၏ အဓိပ္ပါယ်

သောတာပတ္တိမဂ်ဖြင့် ရအပ်သောအကျိုး (ဖိုလ်)သည် သောတာ ပတ္တိဖိုလ် မည်၏။ ထိုသောတာပတ္တိဖိုလ်နှင့် ယှဉ်သောစိတ်သည် သောတာပတ္တိဖိုလ်စိတ်မည်၏။ ကျန်ဖိုလ်စိတ်သုံးပါးလည်း ဤအတူ ဖြစ်သည်။

ဤအထိဆိုခဲ့ပြီးသော စိတ်(၈၉)ပါး (စိတ်တစ်ခုယုတ် ကိုးဆယ်) ကို စိတ်(၁၂၁)အထိချဲ့ပြီး ပြဆိုကြသေးသည်။ လောကုတ္တရာစိတ် (၈)ပါးကို ဈာန်(၅)ပါးဖြင့် ပွားခြင်းပင်ဖြစ်၏။ လောကုတ္တရာစိတ် တစ်ပါးလျှင် ဈာန်(၅)ပါးစီ အသီးသီး ပွားလိုက်လျှင် (ရှစ်ငါးလီ) လေးဆယ်ဖြစ်၏။ လောကီစိတ်(၈၁)ကို လောကုတ္တရာစိတ် (၄၀)နှင့် ပေါင်းလျှင် စိတ်အကျယ် (၁၂၁)ပါးဖြစ်သွားသည်။

# စေတသိက်အသီးသီးကို ပြဆိုခြင်း

## (၁) သဗ္ဗစိတ္တ သာဓါရဏစေတသိက် (၇)ပါး

၁။ ဖဿ= အာရုံကို တွေ့ထိခြင်းသဘော

၂၊ ဝေဒနာ= အာရုံ၏ အရသာကို ခံစားခြင်းသဘော

၃။ သညာ= အာရုံကိုမှတ်သားခြင်းသဘော

၄။ စေတနာ= ယှဉ်ဘက်တရားတို့ကိုစေ့ဆော်တိုက်တွန်းသောသဘော

၅။ ဇီဝိတိန္ဒြေ= ယှဉ်ဘက်တရားတို့ကို စောင့်ရှောက်ခြင်းသဘော

၆။ ဧကဂ္ဂတာ= အာရုံ၌တည်ငြိမ်ခြင်းသဘော

၇။ မနသိကာရ= အာရုံ၌ နှလုံးသွင်းခြင်းသဘော

၈။ (စိတ်နှင့် ဤစေတသိက်(၇)ပါး နှစ်ရပ်ပေါင်း နာမ်သဘာဝရှစ်ခု သည် နာမ်လောကတွင် အခြေခံအဖွဲ့အစည်း တစ်ခုဖြစ်သည်။

## (၂) ပကိဏ်း စေတသိက် (၆)ပါး

၁။ ဝိတက် = ယှဉ်ဖက် စိတ်စေတသိက်တရား တို့ကို အာရုံသို့ တင်ပေးခြင်း သဘော ကြံစည်ခြင်း သဘော

၂။ ဝိစာရ = အာရုံကိုသုံးသပ်ခြင်းသဘော၊ ထပ်ကာထပ်ကာယူခြင်း သဘော

၃။ အဓိမောက္ခ= အာရုံကိုဆုံးဖြတ်ခြင်းသဘော
၄။ ဝီရိယ = ယှဉ်ဘက်တရား တို့ကို မဆုတ်နစ်အောင် အားထုတ်ခြင်း = ထောက်ခံခြင်း သဘော
၅။ ပီတိ = အာရုံကိုနှစ်သက်ခြင်းသဘော
၆။ ဆန္ဒ = အာရုံကိုလိုလားတောင့်တခြင်းသဘော

## (၃) အကုသိုလ်စိတ် (၁၄)ပါးတွင်

၁။ မောဟ = အာရုံ၏အမှန်သဘောကို ဖုံးကွယ်ခြင်းသဘော
၂။ အဟိရိက = ဒုစရိုက်တရားမှ မရှက်ခြင်းသဘော
၃။ အနောတ္တပ္ပ = ဒုစရိုက်တရားမှ မကြောက်ခြင်းသဘော
၄။ ဥဒ္ဓစ္စ = အာရုံ၌မငြိမ်ခြင်း ပျံ့လွင့်ခြင်းသဘော
၅။ လောဘ = လောကီအာရုံ ကာမဂုဏ်တို့၌ လိုချင်းခြင်းသဘော
၆။ ဒိဋ္ဌိ = မှားယွင်းစွာ သိခြင်းသဘော
၇။ မာန = ဘောင်လွှားခြင်းတက်ကြွခြင်းသဘော
၈။ ဒေါသ = ခက်ထန်ကြမ်းတမ်းခြင်းသဘော
၉။ ဣဿာ = သူတစ်ပါး၏ ဂုဏ်သိန်စည်းစိမ်ချမ်းသာတို့၌ ငြူစူခြင်း၊ စောင်းမြောင်းခြင်း (မနာလိုခြင်း) သဘော
၁၀။ မစ္ဆရိယ = မိမိစည်းစိမ်ကို သူတစ်ပါးတို့နှင့် မဆက်ဆံလိုခြင်း (နှမြောဝန်တိုခြင်း) သဘော
၁၁။ ကုက္ကုစ္စ = ဒုစရိုက်တို့ကိုပြုပြီး၍လည်းကောင်း သုစရိုက်တို့ကို မပြုမိ၍ လည်းကောင်း နောင်တရခြင်းသဘော
၁၂။ ထိန = စိတ်မရွှင်လန်းဘဲ ခပ်ထိုင်းထိုင်းဖြစ်နေခြင်းသဘော
၁၃။ မိဒ္ဓ = ယှဉ်ဖက်စေတသိက်တို့ မရွှင်လန်းဘဲ မှိုင်နေခြင်းသဘော
၁၄။ ဝိစိကိစ္ဆာ = ဘုရား၊ တရားစသည်တို့၌ ယုံမှားခြင်းသဘော

အထက်ပါစေတသိက်တို့သည် အပြစ်ငြိစွန်း၍ မကောင်းကျိုးကို ဖြစ်စေတတ်သောကြောင့် အကုသိုလ်စေတသိက်ဟု ခေါ်ခြင်းဖြစ်သည်။

မောဟ၊ အဟိရိက၊ အနောတ္တပ္ပ ဥဒ္ဓစ္စဟူသော စေတသိက် (၄)ပါးသည် အကုသိုလ် စေတသိက်တိုင်းမှာ အမြဲယှဉ်သည်။ ကျန်သော စေတသိက် (၁၀)ပါးသည် အကုသိုလ်စေတသိက်တို့နှင့်ရံခါရံခါ ယှဉ်သည်။

သောဘန စေတသိက် (၂၅)ပါး တို့အနက်

**(က) သောဘနသာဓါရဏ စေတသိက်(၁၉)ပါး**

သောဘနစိတ် အားလုံးနှင့် တစ်ပေါင်းတည်း တစ်ပြိုင်နက် ယှဉ်သည်။

၁။ သဒ္ဓါ = မှန်ကန်သောဘုရား၊ တရား၊ သံဃာနှင့် ကံ ကံ၏ အကျိုး စသည်ကို ယုံကြည်ခြင်းသဘော

၂။ သတိ = ကုသိုလ်နှင့်ဆိုင်ရာကို အမှတ်ရခြင်း အောက်မေ့ခြင်း သဘော

၃။ ဟိရိ = ဒုစရိုက်ဖြစ်မည်ကို ရှက်ခြင်းသဘော

၄။ ဩတ္တပ္ပ = ဒုစရိုက်ပြုရမည်ကို ကြောက်လန့်ခြင်းသဘော

၅။ အလောဘ = လောကီအာရုံ ကာမဂုဏ်ကို မလိုချင်ခြင်းသဘော

၆။ အဒေါသ = မခက်ထန်မကြမ်းတမ်းခြင်း၏သဘော

၇။ တတြမဇ္ဈတ္တတာ = စိတ် စေတသိက်တို့ကို မိမိတို့၏ ကိစ္စ၌ အပိုအလို မရှိအောင် အလယ်အလတ်၌ တည့်မတ်ပေးခြင်း လျစ်လျူရှုခြင်း သဘော

၈။ ကာယပဿဒ္ဓိ = စေတသိက် အပေါင်းတို့ ငြိမ်းအေးစေခြင်း သဘော

၉။ စိတ္တပဿဒ္ဓိ = စိတ်ကိုငြိမ်းအေးစေခြင်း သဘော

၁၀။ ကာယလဟုတာ = စေတသိက်အပေါင်းကို ပေါ့ပါးစေခြင်းသဘော

၁၁။ စိတ္တ လဟုတာ = စိတ်ကိုပေါ့ပါးစေခြင်းသဘော

၁၂။ ကာယမုဒုတာ = စေတသိက်အပေါင်းကို နူးညံ့စေခြင်းသဘော

၁၃။ စိတ္တမုဒုတာ = စိတ်ကိုနူးညံ့စေခြင်းသဘော

၁၄။ ကာယကမ္မညတာ = စေတသိက်အပေါင်းကို ကုသိုလ်ကောင်းမှု၌ ခန့်ညားစေခြင်းသဘော

၁၅။ စိတ္တကမ္မညတာ = စိတ်ကိုကုသိုလ်ကောင်းမှု၌ ခန့်ညားစေခြင်းသဘော

၁၆။ ကာယပါဂုညတာ = စေတသိက်အပေါင်းကို ကုသိုလ်ကောင်းမှု၌ ပြွမ်းတီးလေ့လာစေခြင်းသဘော

၁၇။ စိတ္တပါဂုညတာ = စိတ်ကိုကုသိုလ်ကောင်းမှု၌ ပြွမ်းတီးလေ့လာစေခြင်း သဘော

၁၈။ ကာယုဇုကတာ = စေတသိက်အပေါင်းကို ကုသိုလ်ကောင်းမှု၌ ဖြောင့်မတ်စေခြင်းသဘော

၁၉။ စိတ္တုဇုကတာ = စိတ်ကိုကုသိုလ်ကောင်းမှု၌ ဖြောင့်မတ်စေခြင်းသဘော

(အထက်ပါစေတသိက်(၁၉)ပါးသည် သောဘနစိတ်အားလုံးနှင့် အမြဲတမ်းယှဉ်သည်။ ကျန်စေတသိက် (၆)ပါးမှာ ရံခါသာယှဉ်သည်။)

## (ခ) ဝိရတီစေတသိက် (၃)ပါး

မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ်ခြင်းသဘောရှိသည်။

၁။ သမ္မာဝါစာ = ဝစီဒုစရိုက် (၄)ပါးမှ ရှောင်ကြဉ်ခြင်းသဘော

၂။ သမ္မာကမ္မန္တ = ကာယဒုစရိုက်(၃)ပါးမှ ရှောင်ကြဉ်ခြင်းသဘော

၃။ သမ္မာအာဇီဝ = အသက်မွေးဝမ်းကျောင်းနှင့်စပ်သော ဝစီဒုစရိုက်၊ ကာယဒုစရိုက်မှ ရှောင်ကြဉ်ခြင်း သဘော

## (ဂ) အပ္ပမညာစေတသိက် (၂)ပါး

ဤ၍ဤမျှဟု အတိုင်းအတာ မရှိသော သတ္တဝါ ပညတ်ကို အာရုံပြုသည်။

၁။ ကရုဏာ = ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်း သဘော

၂။ မုဒိတာ = သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း သဘော

## (ဃ) ပညိန္ဒြေ စေတသိက်

ပညာ ဟူသည် အထူးထူးအပြားပြားအားဖြင့် သိခြင်းသဘော ဖြစ်သည်။ ယင်းပညာသည် သိခြင်းကိစ္စ၌ အစိုးရသဖြင့် ပညိန္ဒြေ (ပညာ + ဣန္ဒြေ) မည်၏။ ဤပညိန္ဒြေစေတသိက်ကို ပညာ၊ ဉာဏ်၊ အမောဟ၊ ဝိဇ္ဇာဟု သင့်သလို သုံးစွဲကြသည်။

# ၅၆

## ရုပ်တို့အသီးသီးကိုပြဆိုခြင်း

### မဟာဘုတ် (၄)ပါး

၁။ ပထဝီ = မြေဓါတ် = မာမှု၊ ပျော့မှုတို့ကို ရုပ်ကလာပ်၌ အထည်ကိုယ် ခိုင်မာသောသဘော

၂။ အာပေါ = ရေဓါတ်= ဖွဲ့စည်းမှု၊ ယိုစီးမှု၊ ဖြစ်ဖက်ရုပ်တရားတို့ကို ပျံ့နှံ့တတ်၊ ပေါင်းစု ဖွဲ့စည်းတတ်သော သဘော

၃။ တေဇော = မီးဓါတ်(အငွေ့ဓါတ်)= ပူမှု၊ အေးမှု ဖြစ်ဖက်ရုပ်များကို ရင့်ကျက်စေတတ်သောသဘော

၄။ ဝါယော = လေဓါတ် = တွန်းကန်မှု၊ လှုပ်ရှားမှု ဖြစ်ဖက်ရုပ်တို့ကို ထောက်ကန်ထားခြင်း၊ အရပ်တစ်ပါးသို့ ရောက်စေတတ်ခြင်း သဘော

(မိမိ၏သဘာဝ သဘောတရားအတိုင်း ထင်ရှားရှိသော အရာကို ဓါတ်(ဓါတု) ဟုခေါ်သည်။)

### ပသာဒရုပ်(၅)ပါး

မဟာဘုတ်တို့ကို ကြည်လင်စေတတ်သော အကြည်ဓါတ်ကို ပသာဒဟု ခေါ်သည်။ပသာဒတို့သည် ကြည်လင်သောကြောင့် ဆိုင်ရာအာရုံ၏ထင်ရာ ဖြစ်သည်။

၁။ စက္ခုပသာဒ = မျက်စိအကြည် (မျက်လုံးအတွင်း မျက်နက်ဝန်း အလယ်သူငယ်အိမ် (ပုံရိပ်) ထင်ရာအရပ်၌တည်သည်။)
၂။ သောတပသာဒ = နားအကြည် (နားပေါက်အတွင်း လက်စွပ်နှင့် သဏ္ဍာန်တူသော အရပ်၌တည်သည်။)
၃။ ဃာနပသာဒ = နှာခေါင်းအကြည် (နှာခေါင်းအတွင်း ဆိတ် သတ္တဝါ၏ ခွါသဏ္ဍာန်နှင့်တူသော အရပ်၌တည်သည်။)
၄။ ဇိဝှါပသာဒ = လျှာအကြည် (လျှာ၏အလယ်၌ ကြာပွင့် အဖတ်များနှင့် သဏ္ဍာန်တူသော အရပ်၌ တည်သည်။)
၅။ ကာယပသာဒ = ကိုယ်အကြည် (အသား မှာ၊ အသား ခြောက်နှင့် ခြောက်နှင့်ခြေသည်းဖျား၊ လက်သည်းဖျား၊ ဆံပင်၊ အမွေးများ မှတစ်ပါး တစ်ကိုယ်လုံး၌ တည်သည်။)

## ဂေါစရရုပ် (၄)ပါး

ပဥ္စဝိညာဏ်တို့၏ ကျက်စားရန်အာရုံဖြစ်သော ရုပ်ကို ဂေါစဂုရုပ် ဟု ခေါ်သည်။ ဝိသယရုပ်ဟုလည်းခေါ်သည်။

၁။ ဝဏ္ဏ = အဆင်း = ရူပါရုံ
၂။ သဒ္ဒ = အသံ = သဒ္ဒါရုံ
၃။ ဂန္ဓ = အနံ့ = ဂန္ဓာရုံ
၄။ ရသ = အရသာ = ရသာရုံ

(အထက်ပါလေးပါးတွင် ဖေါဋ္ဌဗ္ဗာရုံကို ပေါင်းယူလျှင် ဂေါစရရုပ် ငါးပါးဟုဆိုနိုင်သည်။ သို့သော် ဖေါဋ္ဌဗ္ဗာရုံ (အတွေ့အထိ) သည်တရား ကိုသာ သီခြားမရှိ။ ပထဝီ၊ တေဇော၊ ဝါယော၊ ဤသုံးပါပင်ဖြစ်၏ ထို့ကြောင့် ဂေါစရရုပ်မှာ ၄ – ပါးပင်။ ဤသုံးပါးကိုပေါင်း၍ဆိုလျှင် ဂေါစရရုပ် (၇)ပါး ဖြစ်သွားနိုင်သည်။)

## ဘာဝရုပ် (၂)ပါး

အထီး အမ ဖြစ်ဖို့ရန်အကြောင်းခံ ဖြစ်သောရုပ်ကို ဘာဝရုပ်ဟု ခေါ်သည်။ ယင်းဘာဝရုပ်တို့သည် ဆိုင်ရာပုဂ္ဂိုလ်၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့၍တည်သည်။

၁။ ဣတ္ထိဘာဝရုပ် = အမသတ္တဝါဖြစ်ဖို့ရန် အကြောင်းခံဖြစ်သောရုပ်

၂။ ပုမ္ဘာဝရုပ် = အထီးသတ္တဝါဖြစ်ဖို့ရန် အကြောင်းခံဖြစ်သောရုပ် (ပုရိသဘာဝရုပ်ဟုလည်းခေါ်သည်။)

## ဟဒယရုပ် (၁)ပါး

ဟဒယရုပ်သည် နှလုံးအိမ်၏အတွင်းဝယ် ပုန်းညက်စေ့ခန့် ကျယ်သော တွင်းငယ်၌ရှိသော သွေးများကို ပျံ့နှံ့လျက်တည်နေသော ရုပ်ဖြစ်သည်။

## ဇီဝိတရုပ် (၁)ပါး

ဇီဝိတရုပ်သည် တကွဖြစ်ဖက် ကံကြောင့်ဖြစ်သော ရုပ်တို့ကို အသက်ရှည်အောင် စောင့်ရှောက်အစိုးရသော ရုပ်ဖြစ်သည်။

## အာဟာရရုပ် (၁)ပါး

အာဟာရရုပ်သည် အစားအစာတို့၌ပါသော အဆီအနှစ် ဖြစ်သည်။ ဩဇာဟုလည်းခေါ်သည်။

တင်ပြခဲ့ပြီးသော မဟာဘုတ်(၄)ပါး၊ ပသာဒရုပ်(၅)ပါး၊ ဂေါစရရုပ် (၄)ပါး၊ ဘာဝရုပ်(၂)ပါး၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ဤရုပ်(၁၈)ပါးကို နိပ္ဖန္နရုပ်ဟုခေါ်သည်။ ကံ၊ စိတ်၊ ဥတု၊ **အာဟာရ**

ဟူသော အကြောင်းတရားလေးခုက ပြီးစေတတ်သော (ဖြစ်စေတတ်သော) ကြောင့်ဖြစ်၏။ ဤမှတစ်ပါးသော ရုပ်(၁၀)ပါးကို အနိပ္ဖန္နရုပ် ဟုခေါ်သည်။ ဤအနိပ္ဖန္နရုပ်တို့သည် ရုပ်အစစ်မဟုတ်။ ပရမတ်အစစ် မဟုတ်။

## ရုပ်အဖွဲ့အစည်း

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ဓါတ်ကြီး(၄)ပါးသည် တစ်ခုစီ တစ်ခုစီ သီးခြားမဖြစ်။ ဓမ္မတာအတိုင်း အတူတကွပင် ဖြစ်ကြမြဲဖြစ်သည်။ ဤဓါတ်ကြီးလေးပါးသည် အတူတကွ စုစည်း ဖြစ်ကြရာတွင် ထိုလေးပါး အပေါင်းအစု၌ ဝဏ္ဏ (အဆင်းရုပ်)၊ ဂန္ဓ(အနံ့ရုပ်)၊ ရသ(အရသာရုပ်၊ ဩဇာ(အာဟာရုပ်)ဟူသော ရုပ် လေးပါးသည် အလိုလိုပင် ပါရှိနေသည်သာဖြစ်သည်။ ဤရုပ်(၈)ပါး သည် တစ်စုတစ်စည်းတည်းသည်ဖြစ်၍ တစ်ခုစီခွဲခြား၍ မရသော ကြောင့် အဝိနိဗ္ဘောဂရုပ်ဟုခေါ်သည်။ ဤရုပ်(၈)ပါး အဖွဲ့အစည်းသည် ရုပ်လောကတွင် အခြေခံဖြစ်သည်။ ဤကဲ့သို့ ဆိုင်ရာရုပ်အများတို့ စုပေါင်း၍ဖြစ်လာသော ရုပ်အဖွဲ့အစည်းကို ရုပ်ကလာပ်ဟုခေါ်သည်။ ရုပ်ကလာပ်တစ်ခုတွင် အနည်းဆုံးရုပ် (၈)ခု အများဆုံး ရုပ်(၁၃)ခု ပါရှိသည်။

ဤကဲ့သို့သော ရုပ်ကလာပ်မျိုးမှာ (၂၁) မျိုးရှိသည်။

## အနိပ္ဖန္နရုပ် (၁၀)ပါး

### ပရိစ္ဆေဒရုပ် (၁)ပါး

ရုပ်ကလာပ်တို့ကို တစ်ခုနှင့်တစ်ခု မရောယှက်ရအောင် ပိုင်းခြား ထားသော အာကာသဓါတ်ဖြစ်သည်။ အာကာသ(အကြား) ဖြစ်သော ဓါတ်ဟု ဆိုလိုသည်။

## ဝိညတ်ရုပ်(၂ )ပါး

မိမိ၏အလိုဆန္ဒကို သူတစ်ပါးအား သိစေနိုင်သောအမူအရာ အထူးဖြစ်သောကြောင့် ဝိညတ်ရုပ်ဟုခေါ်သည်။

၁။ ကာယဝိညတ်= ကိုယ်ဖြင့်သိစေသောအမူအရာ

၂။ ဝစီဝိညတ် = နှုတ်(စကား)ဖြင့် သိစေသောအမူအရာ

## ဝိကာရရုပ် (၅)ပါး

အောက်ပါရုပ်(၃)ပါးနှင့် ဝိညတ်ရုပ်နှစ်ပါးသည် ပင်ကိုယ်သဘောမှ ထူးထွေ ခြားနားသော အမူအရာဖြစ်၍ ဝိကာရရုပ်ဟုခေါ်သည်။ ဤထူးခြားသော အမူအရာများသည် ရှေးကံကြောင့် ဖြစ်ရသော ကမ္မဇရုပ်တို့၌မရှိဘဲ ယခုဘဝတွင် စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရား (၃)ပါးတို့ကြောင့် ဖြစ်သောနိပ္ဖန္နရုပ်တို့၌သာရသည်။

၁။ လဟုတာရုပ် = နိပ္ဖန္နရုပ်၏ပေါ့ပါးမှု

၂။ မုဒုတာရုပ် = နိပ္ဖန္နရုပ်တို့၏ နူးညံ့မှု

၃။ ကမ္မညတာရုပ် = နိပ္ဖန္နရုပ်တို့၏ အမှု၌ခန့်မှု (အမှု၌ကောင်းသည်၏ အဖြစ်(ခန့်ကျန်းခြင်း)

## လက္ခဏာရုပ်လေးပါး

ဖြစ်ခြင်း – ရင့်ခြင်း၊ ပျက်ခြင်း သဘောတရားတို့ ထင်ရှားရှိနေသော နိပ္ဖန္နရုပ်တို့ကို ဆိုင်ရာအကြောင်းတရားတို့သည် ပြုစီမံအပ်သောကြောင့် သင်္ခတတရားဟု မှတ်သားခေါ်ဆိုကြသည်။ ဤသို့ သင်္ခတ တရား ဟု သိမှတ်ကြောင်း အမှတ်အသား လက္ခဏာကို လက္ခဏာရုပ်ဟု ခေါ်သည်။

၁။ ဥပစယရုပ် = ပဋိသန္ဓေတည်စဉ် ပထမရုပ်တို့၏ဖြစ်ခြင်း၊ ထို့နောက်တစ်ဘဝ အတွက် ရထိုက်သမျှရုပ်များ ပြည့်စုံသည်တိုင်အောင် တိုးတတ်၍ဖြစ်ခြင်း ။

၂။ သန္တတိရုပ် = တစ်ဘဝအတွက် ရထိုက်သမျှ ရုပ်များ ပြည့်စုံသည်က စ၍ အစဉ်မပြတ် ထပ်ကာထပ်ကာဖြစ်ခြင်း။

၃။ ဇရတာရုပ် = ရုပ်တို့၏ရင့်ရော်မှု (ရုပ်တို့၏ဌီ)

၄။ အနိစ္စတာရုံ = ရုပ်တို့၏ပျက်စီးမှု(ရုပ်တို့၏သဘင်)

ဥပစယရုပ်နှင့် သန္တတိရုပ်ကို ပေါင်း၍ ဇာတိရုပ်ဟုခေါ်သည်။

## ရုပ်သက်

ရုပ်၏သက်တမ်းသည် စိတ်၏သက်တမ်း (၁၇)ချက်ခန့် ကြာသည်ဟု ဆိုရာ၌ ရုပ်(၂၈)ပါးလုံးကို မဆိုလိုပါ။ ဝိညတ်ရုပ်(၂)ပါးနှင့် လက္ခဏာရုပ်(၄)ပါးကို ကြဉ်ရသည်။

ဝိညတ်ခွေးသည် စိတ်သို့အစဉ်လိုက်သော (စိတ္တာနုပရိဝတ္တိ) တရားမျိုး ဖြစ်၍ စိတ်တည်း ဟူသော နာမ်တရားနှင့် အသက်တူသောကြောင့် စိတ္တက္ခဏတစ်ချက် (ခဏငယ်သုံးချက်) အသက်ရှိသည်။ လက္ခဏာရုပ်(၄)ပါးတွင် ဥပစယရုပ်နှင့် သန္တတိရုပ်သည် ဥပါဒ်ခဏ၊ အနိစ္စတာသည် ဘင်ကဏအားဖြင့် ခဏငယ် တစ်ချက်သာ အသက်ရှိသည်။ ဇရကာရုပ်သည် ခဏငယ် (၄၉)ချက်အသက်ရှိသည်။

# ဓမ္မဒါန် အလှူတော်

ပဋ္ဌာန်း ပါဠိတော် ပစ္စယနိဒ္ဒေသနှင့် နိဿယ၊ ယင်းနိဿယ၏
အဖွင့်တို့ပါရှိသော ကျမ်းစာအုပ်ကို ဓမ္မဒါန အဖြစ်ဖြင့်

.................................................................

.................................................................

.................................................................

အား လှူဒါန်းပါသည်။